www.burmeseclassic.com

သီရိဆွေစာပေ

ဦးတင်ဦး (ကျူရှင်)

# သမိန်ဗရမ်းတစ္ဆေအကိုက်ခံရခြင်း
## နှင့်
## အခြားဆောင်းပါးများ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သီရိဆွေစာအုပ် ၁၀

BURMESE CLASSIC .com

# သမိန်ဗရမ်း တဏ္ဍအကိုက်ခံရခြင်း
# နှင့်
# အခြားဆောင်းပါးများ

## ဦးတင်ဦး [ကျူရှင်]

[ တန်ဖိုး - ၁၂၀၀ ကျပ် ]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုအမှတ်
၁၀၅၈/၂၀၀၃ (၁၁)
မျက်နှာဖုံးခွင့်ပြုအမှတ်
၁၄၆/၂၀၀၄ (၂)
ပုံနှိပ်ခြင်း
ပထမအကြိမ်
ထုတ်ဝေကာလ
မေလ၊ ၂၀၀၄ ခုနှစ်
အုပ်ရေ
၅၀၀
အဖုံးပန်းချီ
ကိုကိုနိုင်
စာစီ
Dream City
စာအုပ်ချုပ်
စွယ်တော်
အတွင်းဖလင်
မဟာမီဒီယာ
မျက်နှာဖုံးပုံနှိပ်
ဦးတင်အောင်ကျော်၊ စွယ်တော်ပုံနှိပ်တိုက်
အမှတ် - ၈၇၊ ၅၆-လမ်းတို၊ အမှတ်(၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်
ဦးကျော်ငွေမင်း၊ အောင်သိန်းသန်းပုံနှိပ်တိုက်
အမှတ် -၄၄၊ ဗိုလ်ချုပ်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ
ဦးချမ်းငြိမ်းမိုး၊ ငြိမ်းငြိမ်းချမ်းချမ်းစာပေ၊
အမှတ်-၁၁၊ ၆-လွှာ၊ ပုညဝန္တလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
စီစဉ်ထုတ်လုပ်မှု
ကိုသန်းထိုက်

# မာတိကာ


၁။ မေ့ခြင်း ၁

၂။ ညံ့ခြင်း–တော်ခြင်း ၁၃

၃။ ရိုးသားဖြောင့်မတ်ခြင်း ၂၃

၄။ ကြီးခြင်း–ငယ်ခြင်း ၃၃

၅။ အရက်သောက်ခြင်း ၄၇

၆။ တွေ့မြဲအမှန်၊ လောကဓံ ဆက်ဆံဘယ်သို့နည်း ၆၃

၇။ ထွန်းအိန္ဒြာဗိုနှင့် ကျွန်တော် ၇၅

၈။ ဆေးလိပ်ဖြတ်ခြင်း ၈၉

၉။ ကျူရှင်ဆရာမွဲကလေးတစ်ယောက်အကြောင်း ၁၀၁

၁၀။ အရေးရခက်သောစာတစ်ပုဒ် ၁၂၁

၁၁။ သမိန်ဗရမ်းတစ္ဆေအကိုက်ခံရခြင်း ၁၃၇

၁၂။ မမုန်းတရား ၁၄၇

၁၃။ ငယ်ဆရာလွမ်းချင်း ၁၅၇

၁၄။ လက်ဖက်ရည်တမ်းချင်း ၁၆၉

၁၅။ ငိုခြင်း ၁၈၁

၁၆။ ၅၉ မှ ၁၃ အလွန်မေတ္တာမိုးကြီး ဖြိုးဖြိုးသွန်း ၁၉၁

၁၇။ ပိုက်ဆံလေးနဲ့ ကျွန်တော် ၂၀၅

၁၈။ ရာဇဝင်ကိုခံစားခြင်း ၂၁၅

၁၉။ အစွဲ ၂၂၅


သီရိဆွေစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာစာ

အမှန်ဆိုလျှင် ကျွန်တော့်လို ကလောင်သစ်တစ်ချောင်း၏ ပထမဦးဆုံး စာအုပ်တွင် ဤနေရာ၌ ရေးသားအပ်သောစာသည် စာရေးဆရာကြီးတစ်ဦးဦး၏ မိတ်ဆက်အမှာစာမျိုးသာ ဖြစ်သင့်ပါ၏။ သို့ရာတွင် ထိုစာမျိုးကို ရေးသားချီးမြှင့်ပေးရန် အပူကပ်နိုင်လောက်အောင် ရင်းနှီးကျွမ်းဝင်သော စာရေးဆရာ၊ ဆရာမကြီးများ ကျွန်တော့်မှာ မရှိသည်လည်း တစ်ကြောင်း၊ မရ,အရ ကြိုးစားရှာယူဖို့ အချိန်မရှိသည်လည်း တစ်ကြောင်းမို့ တော်၏ မတော်၏ စဉ်းစားမနေသာတော့ဘဲ ကိုယ့်စာအုပ်မှာ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပေးသောစာကို ကိုယ့်ဘာသာပဲ ရေးလိုက်ရပါတော့သည်။

ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပေးရလျှင် ဦးတင်ဦး(ကျူရှင်) သည် ရှေးစကားပုံတစ်ခုထဲက တောထွက်ဦးဇင်းကြီးနှင့် တူလှသည်ဟု ဆိုရပါမည်။

* သက်တော်ခြောက်ဆယ်ပါ
  ဝါတော်က လခွဲ။

* တို့ဘုန်းမော် စာတော် 'ကိတ်' ရယ်နဲ့
  ဘိတ်ဆုံးကပဲ။

သို့နှယ် စာချိုးယူရသော ဦးဇင်းကြီးကို ကတုံး,တုံး၍ သင်္ကန်းပတ်ပေးခဲ့သူမှာ မြားနတ်မောင် မင်္ဂလာမဂ္ဂဇင်း၏ တာဝန်ခံအယ်ဒီတာ ဒေါက်တာလွဏ်းဆွေ ဖြစ်လေသည်။ ၁၉၉၇ ခုနှစ်က ကျွန်တော် လက်ဆော့ပြီး အယ်ဒီတာ့ထံ ရေးသည့် စာမူကို သူက 'ဦးတင်ဦး (ကျူရှင်)' ကလောင်အမည်တပ်ကာ



www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂဇင်းမှာ ပုံနှိပ်ဖော်ပြလိုက်သဖြင့် ကျွန်တော်သည် အသက် ၆၀ နားကပ်နေခါမှ ကလောင်တစ်ချောင်းကောက်ရကာ စာရေးဖြစ်သောဘဝသို့ ရောက် ခဲ့လေသည်။

ကျွန်တော်သည် ၁၉၉၈ ခုနှစ်မှ စ၍ မြားနတ်မောင်မဂ္ဂဇင်းတွင် (နောင်သော် အခြားသော စာစောင်မဂ္ဂဇင်းများတွင်ပါ) ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ ဘာသာပြန်များ ရေးဖြစ်ခဲ့၏။ စာရေးလာသောကာလကို တွက်လျှင် ၄ နှစ်ကျော်မျှသာ ရှိသေးသည်။ ထို့ကြောင့် 'ဝါတော်က လခွဲ' မျှသာ ရှိ သေးသော စာပေတောထွက်ဦးဇင်းကြီးဟု ဆိုနိုင်ပါသည်။

ကျွန်တော်သည် ၁၉၆၀ လွန်ကာလများက ပျဉ်းမနား မောင်သစ္စာဟူသော ကလောင်အမည်ဖြင့် ၁၀ နှစ်တာအတွင်း ကဗျာကလေး လေး၊ ငါး၊ ဆယ်ပုဒ်ရေးခဲ့ဖူးသော စာပေကိုရင်ကလေးဘဝ ရောက်ခဲ့ဖူးပါသေးသော်ငြားလည်း ရှင်လိင်ပြန်, လူဝတ်လဲပြီး အိမ်ထောင်သားမွေးပြု၍ နေရင်းဖြင့် စာပေနှင့် အဆက်ကင်းကာ မေ့သလောက်ကြီးဖြစ်လျက် သင်္ချိုင်းဘက်သို့ နီးခါမှ သံဝေဂဉာဏ်ထင်၍ သာသနာ့ဘောင်ရောက်ရသည် မဟုတ်ဘဲ ကတုံးတုံး, သင်္ကန်းပတ်ပေးလိုက်သဖြင့်သာ ဦးဇင်းကြီးဖြစ်လာရသူ၊ တောထွက်ခင်ကြီးတစ်ဦးဖြစ်လေရာ ဂန္ထဓုရကိုလည်း လေ့ကျင့်နေဖို့ အချိန်မရ (ဝါ) စာပေတောထွက်ကြီး ဦးတင်ဦး (ကျူရှင်) သည် စာရေးနည်း နိဿရည်းတို့ကို ရှာမှီးမနေသာသောကြောင့် တို့ဘုန်းမော်၏ ပရိယတ်အဆင့်အတန်းမှာလည်း 'ကကြီး လုံးတင်–တသတ် ကိတ်'မျှသာ ဖြစ်သည်ကို စာဖတ်သူများ သဘောပေါက်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

ယခု စာဖတ်သူတို့ လက်ဝယ်ရောက်နေသော ဆောင်းပါးများမှာ စာတော် 'ကိတ်'သာတတ်သည့် ခင်ကြီး ဦးတင်ဦး (ကျူရှင်) က သူတတ်သလို 'ရောက်မိရောက်ရာ'နည်းဖြင့် ရေးထားသော ဆောင်းပါးများ ဖြစ်ပါသည်။ စာရေးခြင်း၏ မူလဘူတသဘောမှာ 'ရေးချင်လို့ရေးတာ'သာ ဖြစ်တာများပါ၏။ သို့ရာတွင် ဤစာများကို ရေးချင်သောကြောင့် ရေးခဲ့ခြင်းပင် ဖြစ်ပါသော်လည်း ဖတ်သူဘက်သို့လည်း လှည့်ကြည့်,ထည့်တွေးကာ 'ဖတ်လို့ကောင်းပါစေ'ဟု ရည်စူးချက်ထား ရေးပါသည်။ 'ဖတ်လို့ကောင်းသည်'ဟူရာတွင် ဖတ်နေရင်း တစ်စုံတစ်ရာ နှစ်ခြိုက်မှု အရသာခံစားနေရလျှင်လည်း 'ကောင်း'ခြင်းတစ်မျိုး မည်လျက် ဖတ်ပြီးနောက် ဖတ်သူမှာ အကျိုးတစ်ခုခုရသွားလျှင်လည်း 'ကောင်း' ခြင်းတစ်မျိုးမည်ပါသည်။ နှစ်ကောင်းစလုံး စာဖတ်သူခံစားရလျှင် အကောင်းဆုံး ဖြစ်ပါသည်။

ဟင်းချက်သူသည် မိမိဟင်းကို ရှိသမျှ၊ ရတတ်သမျှသော ပစ္စည်းများဖြင့် အရသာအရှိဆုံးဖြစ်အောင် စီမံချက်ပြုတ်မြဲ ဖြစ်ပါသည်။ သို့ပင်ဖြစ်သော်ငြားလည်း တစ်ခါတစ်ရံပေါ့တာ၊ ငန်တာလေးများ ဖြစ်သွားတတ်ပါသည်။ အပေါ့–အငန်အတွက် ချက်သူမှာ တာဝန်ရှိသည် မှန်သော်လည်း စားသူက ကိုယ့်ဘာသာ ဆားလေးထပ်ခတ်ခြင်း၊ ရေနွေးစွက်တန်စွက်,ထမင်းနှင့် နယ်တန်နယ်ခြင်းတို့ဖြင့် စားလိုက်လျှင်လည်း ချက်သူနှင့်စားသူကြား အဆင်ပြေသွားတတ်ပါသည်။

အပေါ့–အငန်ကို တာဝန်မယူနိုင်ဘဲ ချက်ပြုတ်စီမံ ပေးလိုက်သော ဦးတင်ဦး (ကျူရှင်) ၏ လက်ရာကို စားသုံးမြည်းစမ်းကြည့်လိုသူများသည် ဘယ်ကဲ့သို့ စားသုံးသင့်သည်ကိုလည်း ဤမျှဆိုလျှင် ရိပ်စားမိလောက်ပြီ ထင်ပါသည်။ တစ်နည်းအားဖြင့် စာတော် 'ကိတ်' ကိုယ်တော်ကြီး ရွတ်ဖတ်သရဇ္ဈာယ်ပုံတို့သည် 'ဖွင့်–လွတ်၊ လေး–ပေါ့၊ တင်း–လျော့၊ ရှည်–တို၊ ဖြတ်–စပ်' ဟူသော ဗျဉ္ဇနဗုဒ္ဓိ (၁၀) ပါးအရှိကို ကောင်းစွာ မသိဘဲရော, ယောင်ရွတ်ရသည့်အားလျော်စွာ ဌာန်၊ ကရိုဏ်း၊ ပယတ် ကျနမှန်ကန်ချင်မှလည်း မှန်ကန်ပါလိမ့်မည်။

ဦးတင်ဦး (ကျူရှင်) နှင့် သူ၏စာကို ဤမျှသာ မိတ်ဆက်ပေးလိုပါသည်။

ကျွန်တော် ယခု စုစည်းပေးလိုက်သော စာအများစုမှာ မြားနတ်မောင် မဂ္ဂဇင်း၌ ရေးခဲ့သည့် စာများထဲက ဖြစ်ပါသည်။ စတိုင်သစ်နှင့် ချယ်ရီမဂ္ဂဇင်းတို့မှ စာများ အနည်းငယ်မျှသာ ပါပါလိမ့်မည်။ လေးနှစ်အတွင်း၌ မြန်မာတိုင်းမ်း၊ ပိတောက်မြေ စသော အခြားစာစောင်များတွင်ပါ ရေးခဲ့သော ဆောင်းပါး ၈၀ ကျော်ထဲက သင့်နိုးရာတို့ကို ရွေးချယ်၍ စာအုပ်နှစ်အုပ်ထုတ်ဖို့ ရွယ်စူးထားရာ ယခုစာအုပ်မှာ ပထမစာအုပ် ဖြစ်ပါသည်။ ဤသို့ အသက်အရွယ်ကြီးချိန်တွင် အဖော်ကောင်းအဖြစ် စာရေးခွင့် ဖြစ်ပေါ်လာသည် သာမက၊ ယခုလို စာအုပ်ထုတ်ဝေနိုင်သည့်အထိပါ အခွင့်အလမ်းပေါ်လာခြင်းအတွက် ပထမဦးဆုံး ကျေးဇူးတင်ရမည့်သူမှာ ဒေါက်တာလွဏ်းဆွေ ဖြစ်ပါသည်။ သူ့ကျေးဇူးကြောင့် ကျွန်တော် စာပေသင်္ဃာစင်ပေါ်သို့ 'ဘိတ်ဆုံး'မှ တက်လာနိုင်ခဲ့ခြင်းဖြစ်ပါသည်။


သီရိဆွေစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် သူ့ကျေးဇူးကို ဤနေရာမှ ဖော်ထုတ်တင်ပြရပါသည်။

သို့ရာတွင် ဒေါက်တာလွှကျားဆွေ ဘယ်လောက်တင်ပေးပေး၊ စာဖတ်သူများက အားပေးလက်ခံ မရှိနိုင်ပါလျှင် ဦးတင်ဦး (ကျူရှင်) ဟူ၍ ဖြစ်လာနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် ကျွန်တော့်အား ရေးအားရှိအောင် ပွင့်ပွင့်လင်းလင်း အခန်းမှ ဝိုင်းဝန်း မြှောက်ပင့်ပေးကြသော မြားနတ်မောင် ပရိသတ်ကြီးကိုလည်း ကျေးဇူးတင်ရပါသည်။

စာဖြင့် ရေး၍ ချီးမြှောက်ရုံမျှမက ဆုငွေများပါ ပေး၍ အားပေးကြသော တောင်ငူမြို့မှ စာပေဝါသနာရှင်များ (နှစ်ကြိမ်) မန္တလေးမှ စာရေးဆရာကျော်စွာထက်၊ ဘွားဘွား ဒေါ်တင်ညိုနှင့် စာရေးဆရာ သလင်း (ဘူမိ) တစ်ကြိမ်စီတို့အားလည်း အထူးကျေးဇူးတင်ပါသည်။

ထို့အပြင် ကျွန်တော့်စာများကို စာအုပ်အဖြစ် ထုတ်ဝေလိုကြောင်း ဒေါက်တာလွှကျားဆွေမှတစ်ဆင့် ဆက်သွယ်လာကာ ဤစာအုပ်ဖြစ်မြောက်အောင် ထုတ်ဝေပေးသော ငြိမ်းငြိမ်းချမ်းချမ်း စာပေတိုက်မှ ကိုချမ်းငြိမ်းမိုး၏ ကျေးဇူးတိုလည်း မှတ်တမ်းတင်ရပါသည်။

ဦးတင်ဦး (ကျူရှင်) သည် 'ဝါတော်လခွဲ'မျှသာ ရှိသူဖြစ်၏။ မဏ္ဍာပ်အတွင်းသို့ ဘိတ်ဆုံးမှ ဝင်လာခဲ့ပါပြီ။ သူ့မှာ အပိုအိတ်ပါလာသည် မဟုတ်၍ 'နောက်ဆုံးဘိတ်အိတ်နဲ့လွယ်' သွားဖို့ကား မရည်ရွယ်ပါ။ ကိုယ့်အိတ်ထဲ ပါလာတာလေးတွေကိုသာ ဖြန့်ဝေစွန့်ကြဲခဲ့လိုပါကြောင်း။

ဦးတင်ဦး (ကျူရှင်)
၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ (၁) ရက်။



# မေ့ခြင်း

## (၁)

မေ့ခြင်းသည် သတိမထား၊ ဂရုမစိုက်၊ နမော်နမဲ့ပြုတတ်သော အလေ့အကျင့်ကြောင့် ဖြစ်သလား၊ ဦးနှောက်ရှိ ဆိုင်ရာကလာပ်စည်းများ ချို့ယွင်းမှုကြောင့် ဖြစ်သလား၊ သို့မဟုတ် ထိုအကြောင်းနှစ်ခုစလုံး ဆက်စပ်ဖြစ်ပေါ်သလား။ ကျွန်တော် ကွဲကွဲပြားပြား မသိပါ။ ရှင်းလည်း ရှင်းမပြတတ်ပါ။ ကျွန်တော်ကတော့ ငယ်စဉ်ကတည်းက မေ့တတ်သည်။

ဘာပစ္စည်း၊ ဘာပစ္စည်း ဝယ်မည်ဟု စိတ်မှာ တေးမှတ်၍ ဈေးသို့သွားသည်။ ဈေးမှပြန်ရောက်သောအခါ ဝယ်မည် ရည်စူးထားခဲ့သော ပစ္စည်းတစ်ခု သို့မဟုတ် နှစ်ခု ပါမလာခဲ့တော့ချေ။ ဝယ်ဖို့ မေ့ခဲ့လေပြီ။ ထိုအဖြစ်မျိုး မကြာခဏ ကြုံဖူးသည်။

တစ်နေရာရာသို့ သွားသည်။ ထိုနေရာမှ ထပြန်အလာတွင် ပါသွားသော ပစ္စည်းတစ်ခုခု ကျန်ရစ်ခဲ့တာမျိုးကား မရေတွက်နိုင်တော့။ ထီးကျန်ခဲ့၊ ဦးထုပ်ကျန်ခဲ့၊ မီးခြစ်ကျန်ခဲ့၊ မျက်မှန်ကျန်ခဲ့ စသည်မျိုး ဖြစ်သည်။

တစ်ခါတစ်ရံ အချိန်မီ သတိရသဖြင့် ကျန်ရစ်သောပစ္စည်းကို ပြန်ယူဖြစ်လို့ သို့မဟုတ် နီးရာလူက ကောက်သိမ်းထားလို့ ပြန်ရတာမျိုးလည်း ရှိသည်။ ပြန်မရတာမျိုးလည်း ရှိသည်။ မီးရထားတို့၊ ဘတ်စကားတို့လို နေရာမျိုးမှာ ကျန်ရစ်ခဲ့သည့် ပစ္စည်းမျိုးအတွက်ကား 'နိဗ္ဗာန ပစ္စယော' သဘော



www.burmeseclassic.com

www.burmeseclassic.com



ထားရတော့သည်။

တစ်ခါတစ်ရံလည်း ကျန်ရစ်ပစ္စည်းကို အချိန်တော်တော်ကြာနှင့် သတိမရသေး။ ထိုပစ္စည်းကို အသုံးပြုစရာကိစ္စပေါ်မှ သတိရတာမျိုးလည်း ရှိသည်။ တစ်ခါက တိုက်ပုံအင်္ကျီဝတ်သွားရဖို့ ကိစ္စပေါ်လာ၍ တိုက်ပုံအင်္ကျီကို ရှာရာ မတွေ့။ ပြန်စဉ်းစားကြည့်မှ လွန်ခဲ့သော သုံးလလောက်က ၎င်းတိုက်ပုံအင်္ကျီကို နောက်ဆုံးအကြိမ် ဝတ်ခဲ့သည်မှာ ရသေ့တောင်ဘုရားသို့ သွားစဉ်က ဖြစ်ကြောင်း ပေါ်လာရာ မိမိအိပ်သည့် ခုတင်ကြီးပေါ်တွင် ထားရစ်ခဲ့သောအားဖြင့် ဥဒဟို ဝင်ထွက်သွားလာနေသော ဘုရားဖူးတို့အား ‘ပုံ့သကူ’ ပစ်ခဲ့မိကြောင်း သတိရတော့သည်။

ယခု ကျွန်တော့်မှာ နံနက်စောနှင့် ညနေပိုင်းတွင် တပည့်တချို့အား အင်္ဂလိပ်စာလေး သင်ပေးနေရသည့်အလုပ်သာ ရှိသည်။ လူမွဲတို့သည် အချိန်သူဌေးဖြစ်လေ့ရှိသည့်အတိုင်း၊ ကြွယ်ဝသမျှ အချိန်ကိုလည်း လက်ဖက်ရည်ဆိုင်မှာ ဖြုန်းပစ်လေ့ရှိသည့်အတိုင်း လက်ဖက်ရည်ဆိုင်တွေမှာ အထိုင်များပါသည်။ ဆိုင်ရှင်တပည့်ကလေးများသည် ရေနွေးကြမ်း တွင်တွင်ချပေးနေရုံမက ကျွန်တော် ကျန်ရစ်ခဲ့သည့် ပစ္စည်းတစ်မျိုးမျိုးကို သိမ်းထားပေးရသည့် အလုပ်ကိုလည်း ပိုက်ဆံမရဘဲ လုပ်ပေးနေရပါသည်။

အိမ်တွင် သားနှင့် သမီးတို့ စီးသည့် စက်ဘီးနှစ်စီး ရှိသည်။ တစ်ခါတစ်ရံ သူတို့စက်ဘီးတစ်စီးစီးကို စီး၍ ထွက်သွားမိသည့်အခါ စက်ဘီးပြန်ပါမလာသည်က များသည်။ အိပ်ရာဝင်ချိန်၊ တံခါးပိတ်၊ စက်ဘီးထားသည့် နေရာမှာ တစ်စီးလစ်ဟာနေတာမြင်၍ ‘အဖေ စက်ဘီးဘယ်မှာထားခဲ့တုန်း’ ဆိုမှ အခါမတော်မှ စက်ဘီးပြန်ရှာရသည်။ လက်ဖက်ရည်ဆိုင်မှာ၊ ဘုတာရုံပလက်ဖောင်းပေါ်မှာ၊ တစ်အိမ်အိမ်ရှေ့၊ ဈေးသွားလမ်းပေါ်မှာ၊ ဘောလုံးကွင်းထဲမှာ စသည်ဖြင့် သော့ခတ်ဖို့လည်း သတိမရ၊ သည်အတိုင်း ထားပစ်ခဲ့တာ ယခုနှစ်ထဲမှာ (၅) ခါ ရှိသွားပေပြီ။ တပင်တပန်း ဖောက်ထွင်းခိုးယူတတ်သော စက်ဘီးသူခိုးများ တွေ့မသွားတာကိုပဲ ဝမ်းသာရမလား၊ သည်လောက် အလွယ်နှင့် ရနိုင်သည့် စက်ဘီးကို သူတို့ မကြုံကြိုက်မိခြင်းအတွက်ပဲ သူတို့ကို သနားရမလား၊ ဝေခွဲမရတောင် ဖြစ်ပါသည်။

၎င်းသို့ မေ့တတ်ခြင်းကြောင့် တစ်ခါတစ်ရံ လက်ဖက်ရည်ဆိုင်မှအထ





သတိရသည့်အခါ မိမိထိုင်ရာစားပွဲမှာ သေသေချာချာကြည့်၊ ကိုယ့်ကိုယ်ကိုယ်လည်း ဟိုစမ်း ဒီစမ်း ပြုနေသော အမူအရာကိုမြင်သော ဆိုင်ရှင်တပည့်လေးများက ‘ဆရာ ဘာပြုလို့တုန်း၊ ဘာဖြစ်တာတုန်း’ဟု မေးတတ်သည်။ “အေးကွာ ဆရာပြန်တော့မလို့။ ‘ငါ’များ ကျန်ရစ်ခဲ့လေမလားဆိုပြီး ပြန်စမ်းကြည့်နေတာ”ဟု ပြန်ပြောသည့်အခါ တပည့်များက ပြုံးရယ်ကြသည်။

(၂)

တကယ်တော့ ကျွန်တော့်အဖြစ်ကို ကျွန်တော် မရယ်နိုင်ပါ။ ကျွန်တော်သည် မေ့တတ်ခြင်းမှသည် အမှတ်မရခြင်းသို့ပင် ကူးပြောင်းလာခဲ့လေပြီလား၊ စဉ်းစားလာရသည်။

ငယ်ရွယ်စဉ်ကမူ ကျွန်တော့်ငယ်ဆရာများကရော သူငယ်ချင်းအပေါင်းအသင်းများကပါ မှတ်ဉာဏ်ကောင်းသူအဖြစ် ချီးမွမ်းခံရဖူးပါသည်။ အရေးကြီးသော သင်ခန်းစာပါ အကြောင်းအရာများကို စာမျက်နှာ နံပါတ်နှင့်တကွ မှတ်မိဖူးသည်။ အရေးကြီးသော ရုံးစာတစ်စောင်ကို သုံးလေးနှစ်ပင် ကြာစေဦး၊ စာအမှတ်၊ နေ့စွဲနှင့်တကွ ဘယ်ဖိုင်တွဲ၊ ဘယ်နေရာမှာဟု ပြောပြနိုင်ဖူးသည်။ ကောလိပ်ကျောင်းသားဘဝတွင် ကျောင်းတူတူတန်တန်မတက်၊ မှတ်စုလည်း မရှိဘဲ စာမေးပွဲဝင်ဖြေတတ်ရာ စာမေးပွဲချိန်မတိုင်မီ ၁၅ မိနစ် နာရီဝက်အလိုလောက်မှ ကျောင်းတက်၊ စာတော်သူ သူငယ်ချင်းများအား သူတို့ကျက်ထားသော စာများကို ပြန်ပြောပြစေ၍ ခေါင်းထဲ မှတ်သားထားပြီး ပါဠိဘာသာကို ဝင်ဖြေရာ ပြောပြသူ စာတော်သူငယ်ချင်းများက အဆင့်မှတ် (၄) ဖြင့်သာ အောင်ပြီး ကျွန်တော်က အဆင့်မှတ် (၅) ဖြင့် (မမြင်ဖူး၊ မသင်ဖူးသော စာပိုဒ်ဘာသာပြန်သည့် မေးခွန်းတွင် ကျွန်တော်က သူတို့ထက် သာသွားသဖြင့်) လည်း အောင်မြင်ခဲ့ဖူးသည်။ တစ်ခါက ရုံးထဲမှာ အလုပ်လုပ်ရင်း လုပ်ဖော်သူငယ်ချင်းများအား ကိုယ်ဖတ်ထားသော စာများအပေါ် အခြေခံ၍ ၁၃၀၀ ပြည့် အရေးတော်ပုံအကြောင်း ပြောပြရာ စီးပွားရေးတက္ကသိုလ်တွင် ဒေါက်တာကိုလေး၏ ရှေ့တံဆိပ်ဆု ဆွတ်ခူးလာခဲ့သော သူငယ်ချင်းတစ်ဦးက ‘ကိုတင်ဦးတို့ ပြောလိုက်ပုံကတော့ အရေးတော်ပုံကြီးကို မနေ့တစ်နေ့ကမှ သခင်အုန်းမေကြီးတို့၊ သခင်ခတို့၊ သခင်ဖိုးလှကြီးတို့နဲ့အတူ လက်တွဲဆင်နွှဲလာရော့လား



www.burmeseclassic.com

www.burmeseclassic.com



အောက်မေ့ရတယ်’ဟု မှတ်ချက်ချဖူးပါသည်။ ၉ နှစ်၊ ၁၀ နှစ်သားအရွယ်က ဖတ်ဖူးခဲ့သော ‘ခွေးဂဏ္ဍီ’ ထဲမှ ‘ပဗ္ဗတ်ဘေ့ ဝနတွင်ဖြင့် သဒ္ဒမ္မဒေသနရယ်နဲ့ ကာလေနခုခါ’ ဆိုတဲ့ စာမျိုးကိုလည်း အသက်အတော်ရလာသည်အထိ မှတ်မိပါသေးသည်။

ဆိုလိုသည်မှာ ကျွန်တော်သည် မှတ်ဉာဏ်အရာတွင် ညံ့လှသူတစ်ယောက်မဟုတ်ဟူ၍ ဖြစ်ပါ၏။

သို့ရာတွင် မီးရထားဘူတာလို နေရာမျိုးတွင် နှစ်အတန်ကြာ ကွဲကွာနေခဲ့သော မိတ်ရင်းဆွေဟောင်းတစ်ဦးနှင့် တွေ့၍ သူက ဝမ်းသာအားရ နှုတ်ဆက်လိုက်စဉ် ‘ဟာ... ကိုဘသူကြီး၊ ဘယ်ဝါကြီး’ ဟူ၍ နာမည်နာမ တပ်ခေါ်ပြီး ကျွန်တော် ပြန်နှုတ်မဆက်နိုင်တာမျိုး ကြုံဖူးပြီ။ ‘ခင်ဗျားနာမည်မေ့နေလို့ဗျာ’ဟု ပြောဆိုဖို့ကိစ္စကလည်း အလွန် ‘အောက်’ သောကိစ္စဖြစ်သည်။

နေ့စဉ် အိမ်လာ စာသင်နေသော ကျောင်းသားတစ်ဦးကို ကျွန်တော် နာမည်မှန်အောင် မခေါ်နိုင်တာမျိုးလည်း ခဏခဏ။ အိမ်ခေါင်းရင်း လမ်းမပေါ်က လျှောက်သွားသော တပည့်တစ်ဦးကို တစ်ခုခုခိုင်းလို၍ နာမည်ခေါ်မည်ပြုစဉ် နှုတ်ထဲ သူ့နာမည်ရောက်မလာသေးခင် သူက ခရီးအတော်ဝေးဝေး လွန်သွားပြီမို့ ခိုင်းလိုတာ ခိုင်းခွင့်မရတာလည်း အကြိမ်ကြိမ်။ သာဝတ္ထိရောက်လာခိုက် ဆရာ့အား လာရောက်ကန်တော့ပါသည် ဆိုသည့် တစ်ရပ်တစ်နယ်နေ တပည့်ဟောင်းတစ်ဦးကို နာမည်အစရှာမရ၍ သူ့နာမည်နှင့်တကွ လိပ်စာရေးထားခဲ့လို့ ခိုင်းရသည့် အဖြစ်မျိုးလည်း ရံခါ ကြုံရသေးသည်။ တောင်ဘက်က မရီးအိမ်တွင် စာရင်းငှားလုပ်နေတာ ၂ နှစ်ပင် ကြာနေပြီဖြစ်သည့် အလုပ်သမားကလေးကို လှမ်းခေါ်ရာ မထူး။ ထပ်ခေါ် ဂရုမစိုက်။ နောက်တစ်ကြိမ် ခေါ်ပြန်လည်း မထိမ့်မြင်ဟန် တွေ့ရရာ စိတ်ဆိုးရသည်။ ဇနီးဖြစ်သူရှင်းပြမှ ကိုယ်ခေါ်မိတာက ‘သန်းနိုင်’ ဟိုက ‘သန်းထွန်း’။

သာဝတ္ထိနှင့် ရေနီကျောင်းတို့တွင် ဝိဇ္ဇာဘာသာရပ်အားလုံးကို ကျွန်တော် သင်ပြပေးဖူးသည်ဖြစ်ရာ ထိုဘာသာရပ်များဆိုင်ရာ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ထုတ် ‘ဂျာနယ်’များကိုလည်း နှစ်စဉ်ဆိုသလိုပင် တွေ့ဖူး၊ ဖတ်ဖူးသည် ဖြစ်ပါလျက် ကျွန်တော့်စာတွင် ‘မြန်မာစာ ဂျာနယ်’ဟု ပြောရမည်ကို ‘မြန်မာစာ မဂ္ဂဇင်း’ဟု ပြောမိရာ ဆရာရဲရင့်ဦးက ထောက်ပြဖူးသည်ကို စာဖတ်သူတို့





ဖတ်မိကြလိမ့်မည်။ ၉၈ ဖေဖော်ဝါရီထုတ် မြားနတ်မောင်တွင် ကျွန်တော့် ဆောင်းပါး ပါလာ၍ ပြန်ဖတ်ကြည့်သောအခါ ဆရာမောင်သာနိုး၏ ပြောစကားကို ဖော်ပြရာ၌ ‘ဘာ သဒ္ဒဗေဒ တတ်တာလဲ’ဟု ဖြစ်နေသည်ကို တွေ့ရသည်။

မူလ သူ့စာတွင် သူပြောခဲ့သည်မှာ ‘ဘာ ဘာသာဗေဒ တတ်တာလဲ’ ဟု ကျွန်တော် ထင်ရဲ့။ သဒ္ဒဗေဒနှင့် ဘာသာဗေဒသည် နီးနွယ်ဆက်စပ်နေကြသည် မှန်သော်လည်း ဤဘာသာပြန်ဝေါဟာရများသည် သီးခြားဖြစ်သော အင်္ဂလိပ်ဝေါဟာရများက လာကြသည်ဟု ကျွန်တော် နားလည်ပါသည်။ ‘သန်းထွန်း’ကို ‘သန်းနိုင်’ဟု ခေါ်လိုက်မိလေသလား ကိုယ့်ဆောင်းပါးကိုယ် ပြန်ဖတ်ရင်း စဉ်းစားကြည့်နေမိရသည်။

ကျွန်တော်သည် မေ့တတ်ခြင်း (Forgetfulness) မှ မှတ်ဉာဏ်လျော့ပါလာခြင်း (ဝါ) ချို့ယွင်းခြင်း (memory loss) သို့ ကူးနေပြီလား။ ဤသို့ ဖြစ်ခြင်းမှာ ဦးနှောက်၏ မှတ်ဉာဏ်ဆိုင်ရာ ကလာပ်စည်းများကို အတော်များများသောက်လာခဲ့သည့် အရက်က ဖျက်ဆီးပစ်လိုက်၍များလား။ အသက်ကလေး ရလာသောအခါ ယေဘုယျသဘော ဓမ္မတွေကိုသာ မှတ်ချင်လာပြီး အသေးစိတ်အချက်၊ အမည်ပညတ်တွေကို မှတ်ချင်စိတ်လျော့ပါးလာလို့လား။ ကိုယ်ကိုယ်တိုင် ဖြေနိုင်စွမ်းမရှိသည့် မေးခွန်းများကို ကိုယ့်ဘာသာ ပြန်မေးကြည့်နေမိရလေသည်။

(၃)

သို့နှယ် အမည်နာမတွေမေ့၊ တည့်အောင်မခေါ်ဖြစ်၊ မခေါ်နိုင်မှ မေ့မှားမှုတွေကို တွေ့နေရသော်လည်း ကျွန်တော် တက္ကသိုလ်ဝင်တန်းကျောင်းသားဘဝက ရေးစရာဖောင်တိန်မရှိလို့ ကျွန်တော့်ဆရာက သူ့‘ရှက်ဖား’ ဖောင်တိန်ပေးခဲ့ဖူးတာ၊ ပျဉ်းမနားသို့ စာမေးပွဲ သွားဖြေတော့ ဈေးအနောက်ဘက်နားမှာ ကျွန်တော့်ဆရာများက ငါးကျပ်၊ တစ်ဆယ် အသီးသီး ပေးခဲ့ကြတာ၊ အလုပ်ထဲတွင် ငွေတိုးတွေနဲ့ ကြွေးတွေတင်နေတော့ ကျွန်တော့်ဆရာရုံးအုပ်က သူ့မိန်းမ မသိအောင် အိုနာစာရန်ပုံငွေ ထုတ်သည့်အထဲက ရွှေသုံးကျပ်သားဖိုးမျှလောက်သော ငွေကြေးကို ထုတ်ပေးဖူးတာ မနက်ဖြန်စာ ဆန်တစ်စေ့မှ မရှိတော့ဘူးဆိုတော့ မြေနီကုန်း ‘တစ်ကောင်ဘွား’ဆိုင်ထဲမှာ ကျွန်တော့်သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းက သောက်မည့်အရက်ကို လျှော့၍ ဆန်ဖိုးငွေ ထုတ်ပေးခဲ့ဖူးတာ၊ သူငယ်ချင်းတစ်ယောက်အိမ်တက်နေစဉ် ရုံးသွားဖို့ ဘတ်စ်ကားစရိတ်မျှလည်း မရှိ၊ အရပ်ပြန်သွားရသည့် ဇနီးသားသမီးများကိုလည်း ကြောင့်ကြ၊ အလွမ်းဖြင့် လှမ်း၍ ပူရင်း ဂျိုးဖြူပိုက်လုံးကြီးပေါ်မှာ ထိုင်,ငိုင်နေတာ သိသွားသည့် သူငယ်ချင်း လင်မယား ကြည့်မြင်တိုင်ဈေးသွားကာ ချိတ်လုံချည်ကလေးရောင်းချ၍ ပိုက်ဆံထုတ်ပေးခဲ့တာ ထိုကဲ့သို့သော များစွာ များစွာသော ဆရာသမား၊ အပေါင်းအသင်းများ၏ မေတ္တာစေတနာလွှမ်းသည့် အပြုအမူများကို ကျတော့လည်း ကျွန်တော် မေ့သည်မရှိ။ ကောင်းစွာ မှတ်မိနေပြန်တော့သည်။

လူအချို့ မိမိအား ကျေးမွေးစောင့်ရှောက်ဖူးသူကိုပင် မေ့သည်။ လူအချို့ ရာဇသကြန် ကွမ်းသွေးပေ ဝတ်ရုံကြီး သိမ်းထားသလို မိမိ 'နှလုံးမပြေ' ရှိတာကို အံတကြိတ်ကြိတ်နှင့် စိတ်ထဲမှာ မှတ်မိနေတာ ရှိသည်။

မေ့ခြင်း၊ မှတ်မိခြင်းတို့သည် လျစ်လျူရှုထားခြင်း၊ အောက်မေ့မှားများခြင်း စသည့် စိတ်ပိုင်းဆိုင်ရာများနှင့်လည်း သက်ဆိုင်သလား။ သို့မဟုတ်ပါလျှင်လည်း ရုပ်ဖောက်ပြန်မှုကြောင့်ဖြစ်သော ရောဂါတစ်မျိုးမျိုးနှင့် သက်ဆိုင်သလား။ ကျွန်တော် အမျိုးမျိုး စဉ်းစားကြည့်နေမိသည်။

(၄)

မကြာမီလပိုင်းအတွင်းက သာဝတ္ထိကျောင်း၊ ကျောင်းအုပ်ဆရာကြီးလေဖြတ်သွားခဲ့သည်။ သူ့ကျောင်းက ဆရာ ဆရာမတွေ၏ နာမည်တွေ ရုတ်တရက် နှုတ်ဖျားမှာ ပေါ်မလာနိုင်ဘဲ မေ့နေတာ တွေ့ရသည်။ အစ်ကိုလိုရင်းသည့် ပင်စင်စား ဆရာတစ်ဦးလည်း လေဖြတ်ရာ မှတ်ဉာဏ်တွေ ဖရိုဖရဲဖြစ်နေတာ တွေ့ရသည်။ ကျွန်တော်ကား လေမဖြတ်သေး။ သို့သော် လေဖြတ်နိုင်သည့်လက္ခဏာ ရှိကောင်းရှိသည်။

၁၉၉၅ အတွင်းကထုတ်သည့် American Mosaic မဂ္ဂဇင်းတစ်စောင်တွင် Alzheimer ရောဂါနှင့် သွပ် (zinc) သတ္တုဓာတ်ကို ဆက်နွယ်နေကြောင်း ဟားဗတ်တက္ကသိုလ်က သုတေသနပညာရှင်များ ဆေးပညာဆိုင်ရာ တွေ့ရှိချက်အကြောင်း ဖော်ပြထားတာကို ဖတ်လိုက်ဖူးသည်။ ထိုစာကို ဖတ်မိသည့်အချိန်အထိ ဤရောဂါအမည် ခပ်ဆန်းဆန်းကို ကြားဖူးသည့် 'သုတ'





ကျွန်တော့်မှာ မရှိခဲ့သေးပါ။ နောင် ဆရာဝန်စာရေးဆရာတစ်ဦး၏ ဆောင်းပါးတစ်ပုဒ်တွင် ဤရောဂါကို ၁၉၀၆ တွင် ဂျာမန်ဆေးပညာရှင် Alois Alzheimer က တွေ့ရှိခဲ့သည်ဖြစ်၍ ထိုဆရာဝန်ကြီး၏ အမည်နှင့် ဤရောဂါကို ခေါ်ဆိုခြင်း ဖြစ်ကြောင်း ဖတ်ရသည်။

Alzheimer ရောဂါသည် ဦးနှောက်၏ ကလာပ်စည်းများအတွင်း ဆက်သွယ်ရေးစနစ် ပျက်ယွင်းလာသောအားဖြင့် မှတ်ဉာဏ်ချို့ယွင်းလာသော ရောဂါမျိုးဟု သိရပါသည်။ တိကျသော စမ်းသပ်နည်းနှင့် ကုသနိုင်သည့် ဆေးဝါးများလည်း မပေါ်သေးဟု ဆိုသည်။ ခန္ဓာကိုယ်က သွပ်ဓာတ်အသုံးများလျှင် ထိုရောဂါ ပိုဆိုးလာတတ်ကြောင်း ၁၉၈၄ က လေ့လာတွေ့ရှိချက်ကို ယခု ဟားဗတ်သုတေသီတို့၏ တွေ့ရှိချက်က ထောက်ခံအတည်ပြုလိုက်သလို ရှိသည်ဟုလည်း ဆိုပါသည်။ ယခုအခါ ကမ္ဘာပေါ်၌ Alzheimer ရောဂါဝေဒနာရှင်ပေါင်း ၁၅ သန်းလောက် ရှိသည်ဟု သိရပါသည်။ ကျွန်တော်၏ မေ့ပုံမေ့နည်းတို့သည် ဖော်ပြပါ Alzheimer's Disease မျိုးနှင့် ဆိုင်, မဆိုင် ကျွန်တော် မသိပါ။ ကျွန်တော်သည် မေ့တတ်ရုံမက မှတ်ဉာဏ်လည်း အငယ်ကလို မဟုတ်တော့ကြောင်း ထင်ရှားနေပါတော့ပြီ။

(၅)

ဟုတ်ပါသည်။ ကျွန်တော် မေ့တတ်ပုံ အမျိုးမျိုးနှင့် အဆင့်ဆင့်ကူးကာ မေ့လာပုံကို တွေးကြည့်ပြီး သည့်ထက်ဆိုးသည့် မေ့ခြင်းအဖြစ်သို့ ရောက်သွားမှာ ကျွန်တော် စိုးပါသည်။

ဘုရားရှင် ပရိနိဗ္ဗာန်မဝင်စံမီ နောက်ဆုံးမိန့်ကြားချက်စကားမှာ 'မမေ့ကြနဲ့၊ ချစ်သားရဟန်းတို့' ဟူ၍ ဖြစ်ပါ၏။

ဘုရားရှင်၏ တပည့်သားကောင်းကြီးတစ်ဦး ဖြစ်တော်မူသော လယ်တီဆရာတော်ဘုရားက တပည့် မောင်ဩဇာကို ဤသို့ ဆုံးမသတိပေးဖူးပါသည်။

"ငါးအားရုံ ဘင်အစု၊ ခင်မှုနှင့် နေ့ကုန်
နှင် ယခုမေ့ပုံလို၊ တွေ့မကြုံစခန်း
ပါယ်လေးဝ သောကဘုံမှာ၊ မောရရုံရှိတော့ခန်းမ"တဲ့။

မောင်ဩဇာမေ့ပုံမျိုးနှင့် မေ့ခြင်းရောဂါစွဲကပ်နေသူတို့ကား ၁၅ သန်း



www.burmeseclassic.com

www.burmeseclassic.com



မှု မကပါ။ ကမ္ဘာ့လူဦးရေ သန်း ၆၅၀၀ နီးပါးမျှပင် ရှိသည်ဟု ဆိုနိုင်လောက်သည်။ (ဤစာရေးချိန်က သန်း ၆၀၀၀ ပြည့်သေးသည် မထင်ပါ။ သန်း ၅၆၀၀ ဟု စိတ်မှ ရေးရာ လက်က ၆၅၀၀ ဖြစ်သွားခဲ့သည်။ မကြာခင် ၆၅၀၀ ကျော်သွားတော့မှာမို့ အတော်ပဲ ဖြစ်သွားပါလိမ့်မည်။) မက်စရာမဟုတ်သည်ကို မင်၍ ချစ်စရာမဟုတ်သည်ကို ခင်ကာ၊ နေ့ကုန်ရက်ကျွမ်း မဂ်စခန်းနှင့် ဝေးရာသို့သာ ပြေးကာလွှားကာနှင့် အမောရှာနေကြသူတွေက များလှပါဘိသည်။

'ငါးအာရုံဘင်အစု'ကို 'ခင်မှု'နှင့် လူတို့ လုံ့လပြုသမျှ သတ္တုချကြည့်သော် ကျော်စောကိတ္တိအတွက်သော် လည်းကောင်း၊ တန်ခိုးအာဏာအတွက်သော် လည်းကောင်း၊ ဥစ္စာခနေအတွက်သော် လည်းကောင်း တစ်ခုခုလိုချင်ကြ၍ နေ့မအား၊ ညမအား လုံ့လထားကာ တမင်မင် တငမ်းငမ်းနှင့် တပင်တပန်း ကြိုးပမ်းနေကြခြင်း ဖြစ်ကြောင်း တွေ့ရသည်။

မိမိတို့လိုချင်ရာတစ်ခုခုကို ရသွားသူတို့ထဲက အချို့မျှကိုပဲ ကွက်၍ ကြည့်လိုက်ပါဦး။

ကျော်စောမှု သရဖူဆောင်းသွားသော မွန်ရိုးသည် နေ့စဉ်လည်း ဟိုလူနှင့်ငြိ၊ သည်လူနှင့်ငြိ သေတော့ အဆိပ်သောက်၍ သေရရှာသည်။ ကျော်စောကိတ္တိ အရှိန်အဝါ မကုန်နိုင်သေးသည့် အဲလိဇဘက်တေလာသည် တစ်သက်တာလုံး လင်ဟောင်းမကောင်း၊ လင်သစ်ပြောင်းကာ အိမ်ထောင်ထည်လဲနေရင်း လင်သစ်မကောင်းပြန်တော့ လင်ဟောင်းနှင့်ပေါင်းခြင်းအလုပ်တွေနှင့် နေ့ရက်တွေ ကျွမ်းလာလိုက်သည်မှာ ယခု အသက် ၇၀ ဘက်သို့ လှမ်းနေသော်လည်း ငြိမ်းရာစခန်းမမြင်သေး။ အများက 'ဒိုင်ယာနာကို သတ်ပစ်တာ 'သတင်းမှုဆိုး'တွေပဲဟု ထင်ကြသည်။ အမှန်မှာမူ မင်းသမီးလေးခမျာ ကျော်စောခြင်းရောဂါနှင့် အသက်တိုသွားရခြင်း ဖြစ်ပါသည်။

'ပြည်စား သီဟသူ'သည် အာဏာလိုချင်ဇောနှင့် ဖခင်အား စားတော်မှာ ဆေးထည့်၍ သတ်ပြီးနောက် စိတ်မချရသည့် နောင်တော် ဥဇနာရှိရာ ပုသိမ်သို့သွားကာ အသည်းအသန် မကျန်းမာ၍ 'အသက်လှုပ်လှုပ်သာ' ရှိသော နောင်တော်ကို 'နပ်နပ်စင်း'၍ သတ်သည်။ ဒလတွင် စံနှင့်သည့် ညီတော်ကို သွားတိုက်ရင်း ပဲခူးစား 'ငပမွှန်'မြို့ထိပ်မှ နေ၍ မချေမငံ စကားဆိုသည်နှင့် လေးနှင့်ပစ်ရာ အငင်လွှန်၍ မိမိမြားပင် မိမိကိုယ် သင့်ကာ အသေဆိုးသေ





ခဲ့ရသည်။ ဥရောပတစ်တိုက်လုံး၏ တောင်မြင့်တွေ သူ့စစ်ဖိနပ်အောက်ရောက်စေအောင် ဘုန်းတောက်ခဲ့သော 'နပိုလီယန်'သည် အနှစ် ၃၀ လောက်သာ လူမသိသူမသိ နေခဲ့ရပြီး သေတော့လည်း မထင်မရှား သေရရှာသည်။ နဝရတ်ကိုးပါး စီခြယ်သည့် 'ဒေါင်းပလ္လင်'တွင် ဘုန်းရောင်နေလ ထွန်းထွန်းပခဲ့သော 'ချားလ်ဘုရင်'သည် ပြေးစရာမြေမရှိ ဘဝနှင့် အမိမြေမှာတောင် ခေါင်းချခွင့်မရ။ ၈၂ ယောက်မျှလောက်သော ပရိသတ်နှင့် အိဂျစ်မြေမှာ သင်္ဂြိုဟ်ခြင်း ခံခဲ့ရသည်။ တစ်ကမ္ဘာလုံး၏ ကံကြမ္မာကို သူ့လက်ထဲမှာ ဆီးဖြူသီးလုံးပမာ ဆုပ်ထားနိုင်ခဲ့ပြီး အတိုင်းအတိုင်း အပြည်ပြည်က အမင်းမင်းဆုံရာ ကုလသမဂ္ဂ ညီလာခံသဘင် ဗိုလ်ပုံအလယ်တွင် စကားပြောစင်ကို ဖိနပ်နှင့် ချွတ်ခေါက်ကာ 'တိတ်ကြ'ဟု အချက်ပြထောင်လွှားနိုင်လောက်အောင် ဘုန်းတန်ခိုးတွေ တောက်ခဲ့သည့် 'ကရုရှော့'ခမျာ သေသောအခါ လိုက်ပို့သူ ၉ ယောက်နှင့် တစပြင်သို့ သွားခဲ့ရရှာသည်။

ကျွန်တော်တို့ ဝင်ငွေမျိုးကို ဘဝဆက်တိုင်း အသက် (၁၀၀) နေကာ ရေမသောက် ထမင်းမစားဘဲ ဘဝပေါင်း ၁၅၀၀ တိုင်အောင် စု,ဖုထားပါသော်လည်း သူ့စည်းစိမ်ကို ဘယ်လိုမှ တုမီနိုင်မည်မဟုတ်သော သူဌေးကြီး 'ဟောဝပ်ဟျူးဂျက်စ်'သည် ချမ်းသာသောဆင်းရဲကို အနှစ် ၂၀ ကျော် ပင်ပန်းစွာ ခံစားရင်း သေသွားရကြောင်း ဖတ်ရတော့ စုပ်သပ်မိတော့သည်။

ကျော်စောမှုလည်း သိပ်မဟန်၊ တန်ခိုးအာဏာလည်း သိပ်မနိပ်၊ အချမ်းသာလွန်တော့လည်း ဆင်းရဲ။ မောင်ဩဇာမေ့ပုံမျိုးနှင့်တော့ မဖြစ်သေး။ သံဝေဂဉာဏ်ကလေးဝင်ကာ အထုံကလေးမှ ရစေတော့ သဘောနှင့် ၁၉၈၅ တုန်းက ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသအား ဥပဇ္ဈာယ်ထားကာ ကျွန်တော် ဒုလ္လဘရဟန်းပြုခဲ့ဖူးသေးသည်။ ဆရာကြီးရွှေဥဒေါင်း နာခေါင်းရှုံ့သည့် ဒုလ္လဘမျိုးဖြစ်ရာ (၁၇) ရက်အကြာမှာ သားတွေ သမီးတွေကြား ပျော်တပ်ဟားဟားပင်။

၁၉၉၂ တွင်ကတော့ 'ခွင့်သာတုန်း ရန်းတော့မည်' မှန်းပြီး သက်ဆုံးတိုင် ရဟန်းဘဝနှင့် နေပါတော့မည် ဆုံးဖြတ်ကာ သာသနာ့ဘောင်သို့ 'ခြေစုံပစ်' ဝင်လိုက်သည်။ သို့သော် 'ဝမ်းဗိုက်'က ဒုက္ခပေးသည်။ အစာအိမ်ရောဂါကြောင့် ဆွမ်းဘုဉ်းမပေးနိုင်။ သို့တိုင်လည်း သုံးလတိတိ ဆန်ပြုတ်ကလေးနှင့် အံခဲနေကြည့်ခဲ့သေးသည်။ နောက်ဆုံးမှာ အလံလှဲကာ တစ်နှစ်ပြည့်သောနေ့



www.burmeseclassic.com

www.burmeseclassic.com



ဋ္ဌ ဝတ်ကြောင်ပုဆိုးကို ပြန်လဲခဲ့ရလေသည်။

ဒုတိယအကြိမ် ရဟန်းဘဝမှာ တတ်နိုင်သမျှ 'အပ္ပမာဒ' တရားကလေးနှင့် နေကြည့်ခဲ့ဖူးသည်။ ကမ္မဋ္ဌာန်းဘာစနာလည်း စွမ်းသမျှ အားထုတ်ကြည့်ခဲ့သည်။ ဆရာတော်ဦးပဏ္ဍိနှင့် ကျောက်ပန်းတောင်း မြောက်ဂူကျောင်းသို့ လိုက်ပါဝါကပ်တော့ ပလိဗောဓ မများချင်သည်နှင့် စာအုပ်မပါ၊ စာရေးစက္ကူအပို ဆောင်ယူမသွားသည်မို့ စက္ကူခြွေတာရေးနှင့် ငယ်ဆရာ ဒကာကြီး ဆရာဦးပြုံးထံ ရေးပို့သည့် သံပေါက်ကဗျာကလေးများတွင် အောက်ပါစာကြောင်းကလေးများ ပါနေကြောင်း ယခု ပြန်တွေ့ရသည်။

"နှစ်ဆယ်အစိတ်၊ ထန်းတောရိပ်၊ သပိတ်ပိုက်ကာကြွ။
တောင်ဆုံးတဲမှာ၊ ထောင့်သုံးရာ၊ ရေပါ ခြေလှမ်းရ။
သို့စဉ်ပေလျက်၊ ဟိုသည်ဆက်၊ ဝင်ထွက်မနည်းလှ။
ငါးထောင်သုံးရာ၊ ခြေလှမ်းတာ၊ ရေပါ စ,ဆုံးရ။
အင်းသာ– သာဝတ္ထိ၊ ၆၀၄၀ ရှိ၊
ယှဉ်ကြည့် ဆုံး–အစ"

သီတင်းသုံးရာကျောင်းမှ တောင်ဆုံးရှိ အဝေးဆုံးထန်းတဲသို့ ခြေလှမ်း ၁၃၀၀ သွားရသည်။ ဟိုနားတစ်တဲ၊ သည်နားတစ်တဲ...အကွဲကွဲရှိသည့် ထန်းတဲတွေသို့ ဟိုဝင်သည်ထွက်ရသည့် အသွားအပြန် ဆွမ်းခံခရီးမှာ ခြေလှမ်း ၅၃၀၀ ရှိပါသည်။ သာဝတ္ထိနေစဉ်က ဆွမ်းခံခရီးသည် ခြေလှမ်း ၆၀၄၀ ရှိခဲ့ပါ၏။

ထိုစဉ် ရဟန်းဘဝက ဆွမ်းခံကြွလျှင် တစ်ခုခုသော ကမ္မဋ္ဌာန်းနှင့် ကြွပြီး၊ ကျန်သည့်အချိန်တွင်လည်း အကျိုးရှိအောင် နေခဲ့ခြင်းကြောင့် 'မေ့ခြင်း' က နည်းသည်။ ကျွန်တော် မမေ့ဘဲ အပ္ပမာဒတရား လက်ကိုင်ထားကာ သတိလေး ကပ်ပြီး ဒူးခေါင်း၊ ခြေသလုံး စသည့် သဏ္ဌာန်တွေ၊ ပညတ်တွေလည်း ပျောက်၍ 'လှုပ်လှုပ်' သဘောကလေးတွေ တဖြုတ်ဖြုတ် ကြွေပျက်နေပြီး တစ်ဆက်တည်း 'ဖြစ်–ချုပ်'နေသည့် သဘာဝလေးတွေကို ဉာဏ်တွင် ပေါ်လာအောင် စောင့်ကြည့်နေချင်ပါ၏။

ယခုသော် ကျွန်တော့်မှာ မေ့ခြင်းဝေဒနာတို့သာ သည်းလာရော့သလား ထင်ရသည်။

လယ်တီဆရာတော်ဘုရားကြီးက 'ခွင့်သာတုန်းမှ မရုန်းချင်လျှင် အရှုံး





နှင့်ပြင် ရှိသေးလေလိမ့်လား'တဲ့။ ကရုဏာထား၍ ဆုံးမသွားပါသည်။

သို့သော် ကျွန်တော့်မှာ ဆရာကြီးမင်းသုဝဏ် ညည်းတွားသလိုပင် "ခွင့်သာတုန်းမို့ ရုန်းမည်ကြံလည်း ရေးရန်သားရန် တင်ပြရန်ဟု ရန်ပေါင်းများစွာ ဆီးဆို့ကာ၍ ငါ့မှာ မရုန်းနိုင်တကား" ဖြစ်နေရသည်။ "ရုန်းခွာလေတိုင်း ကြိုးတွေဆိုင်း၍ မပိုင်းဖြတ်နိုင် စိတ်မခိုင်တည့်၊ ယိုင်ကာလဲပြန်တကား" နှင့် ကြုံနေရတော့သည်။

Alzheimer ရောဂါအတွက် ဆေးမပေါ်သေးတာ ထားပါတော့။ မမေ့စေကြောင်း နည်းကောင်းတွေကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက လွန်ခဲ့သော နှစ် ၂၅၀၀ ကျော်ကတည်းက ဖော်စပ်ပေးထားပြီး ရှိခဲ့ပါလျက် ကျွန်တော့်မှာ မေ့ပြီး ဒီစာမျိုးတွေ ရေးနေမိပြန်ပြီတည်း။ ။

*

www.burmeseclassic.com

www.burmeseclassic.com

၁၄

# ညံ့ခြင်း၊ တော်ခြင်း

‘ငထိုင်း, ငနု အိန်းစတိန်း’ဟူသော ဘာသာပြန်ဆောင်းပါးတစ်ပုဒ်ကို မကြာခင်က ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းထဲတွင် ဖတ်လိုက်ရသည်။ ထိုဆောင်းပါးတွင် နောင်သောအခါ၌ သင်္ချာပါမောက္ခကြီး ဖြစ်လာခဲ့သော၊ သူ၏ ‘ရီလေးတစ်ဗ်ီးတီသီဝရီ’ဖြင့် အထူးထင်ရှားလာခဲ့သော သိပ္ပံပညာရှင်ကြီး အိန်းစတိန်းသည် ငယ်စဉ်အခါတုန်းကမူ ဘတ်စ်ကားခ အကြွေပြန်အမ်းသည်ကိုတောင် မှန်ကန်အောင် တွက်ချက်တတ်သူ မဟုတ်ခဲ့ကြောင်း ဖော်ပြပါရှိသည်။ ကျွန်တော်သည် ထိုဆောင်းပါးကို ဖတ်လိုက်ရပြီးနောက် ‘ညံ့ခြင်း’၊ ‘တော်ခြင်း’တို့နှင့် စပ်ရာတွေကို တွေးမိနေဖြစ်ခဲ့လေသည်။

မြန်မာစကား ‘ညံ့’သည် အနက်နှစ်မျိုးရ ဝေါဟာရဖြစ်သည်။ တစ်မျိုးက ‘ညံ့ဖျင်း’သည်၌ အနက်ထင်၍ အခြားတစ်မျိုးက ‘နူးညံ့ခြင်း’၊ ‘ညံ့သက်ခြင်း’၊ ‘နု,ခြင်း’တို့သည် အထက်ဖော်ပြပါ အနက်နှစ်မျိုးတွင် ပထမအနက်၌ အကျုံးဝင်ပေလိမ့်မည်။ ပထမအနက်‘ညံ့ဖျင်း’ကို မြန်မာစာအဖွဲ့ထုတ် ‘မြန်မာ–အင်္ဂလိပ်အဘိဓာန်’တွင် inferior; pocr; not up to standard ဟု ပြပါသည်။ ‘စံ’ အရည်အသွေးမမီတာကိုပင် ‘ညံ့သည်’ ဟု အဓိပ္ပာယ်ယူရမည် ထင်ပါသည်။

၉ နှစ်၊ ၁၀ နှစ်တန်သည် အရွယ်ရောက်လာသော ကလေးတစ်ယောက်သည် ခုနစ်ကျပ်တန် ပစ္စည်းတစ်ခုကို ဝယ်ပြီး ဈေးသည်အား ဆယ်တန်တစ်ရွက် ပေးလိုက်သည် ဆိုပါစို့။ ဈေးသည်ထံမှ သူပြန်ရသင့်သော အမ်းငွေမှာ သုံးကျပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်းမျှလောက်ကိုတော့ ထိုကလေး သိရပေမည်။ ထိုအသိမျိုးသည် သူတို့အရွယ်ကလေးများ၌ ရှိအပ်သော 'စံ' အရည်အသွေးဟု ဆိုထိုက်သည်။ ထိုမျှလောက်မှ မသိဘူးဆိုလျှင် ထိုကလေး၏ အသိသည် 'စံ' အောက်ရောက် သွားပြီဖြစ်၍ 'ညံ့သည်'ဟု ဆိုရပေတော့မည်။ အိန်းစတိုင်းသည်လည်း ငယ်ငယ်က ထိုသို့ ညံ့သော ကလေးတစ်ယောက် ဖြစ်ခဲ့သဖြင့် ဆောင်းပါးရှင်က သူ့ဆောင်းပါးကို 'ငထိုင်း,ငနေ အိန်းစတိုင်း'ဟု ခေါင်းစဉ်တပ်လိုက်ပုံရပေသည်။

'ငထိုင်း, ငနေ အိန်းစတိုင်းသည် စကြဝဠာအတွင်းရှိ အရာရာသည် ရွေ့လျားနေကြသည်။ ရွေ့လျားမှုကို တိုင်းထွာရန်မှာ တိုင်းထွာသူသည် ဘယ်နေရာမှာ ရပ်တည်နေသည်ဟူသော အချက်ပေါ်၌ တည်မှီနေသည်။ အလင်း၏ အလျင်သည် တစ်သမတ်တည်း ဘယ်အခါမှ မပြောင်းလဲ။ အချိန်တို့၊ ဒြပ်ထုတို့၊ အလျားတို့သာလျှင် ပြောင်းလဲနိုင်သည်ဟု ဆိုခဲ့သည်။ သို့ဖြင့် သူ၏ ကျော်ကြားလှသည့် General Theory of Relativity ပေါ်လာခဲ့သည်။ မတ္တားကို စွမ်းအင်အဖြစ် ပြောင်းနိုင်ပြီး မတ္တားတွင်ရှိ စွမ်းအင်ပမာဏကို လည်း တိုင်းထွာလို့ရသည်ဆိုကာ $E = Mc^2$ ကို ဖော်ထုတ်ခဲ့ပြန်သဖြင့် အဏုမြူစွမ်းအင်ကို လူတို့ သိရှိနားလည်ဖို့ လမ်းစပေါ်ခဲ့သည်။ ၁၉၂၀ တွင် သူ ရူပဗေဒ နိုဘဲလ်ဆု ရခဲ့ခြင်းမှာ သူ၏ The Law of Photo-Electric Effect ကြောင့် ဖြစ်သည်။ ယင်းနိယာမကြောင့်ပင် ယနေ့ခေတ်တွင် အီလက်ထရောနစ်ဆိုတာတွေ၊ တယ်လီဗေးရှင်းဆိုတာတွေ ပေါ်လာခဲ့ခြင်း ဖြစ်သည်။

အိန်းစတိုင်းလိုပင် အယ်ဒီဆင် ငယ်ငယ်က အမေးအမြန်း အလွန်ထူသည်။ သူ့ဆရာ, ဆရာမများက မကြိုက်ကြ။ 'ငထိုင်း, ငနေ' ကလေးအဖြစ် အထင်ရောက်ကြသည်။ သိကြသည့်အတိုင်း အယ်ဒီဆင် တီထွင်ထားခဲ့တာတွေ ရာထောင်ရှိလေသည်။ လျှပ်စစ်မီးသီး တီထွင်မှုတစ်ခုတည်းနှင့်ပင် လူ့လောကအတွက် ကောင်းကျိုး ဘယ်လောက်ဖြစ်ခဲ့သည်ကို အလွယ်တကူ တွေးကြည့်နိုင်ကြသည်။

အိန်းစတိုင်းနှင့် အယ်ဒီဆင်တို့၏ ငယ်ဘဝ အတ္ထုပ္ပတ္တိကို လေ့လာကြည့်လျှင် သူတို့၏ 'ထုံထိုင်း' မှုများကို တွေ့ကြရမည် ဖြစ်သလို သူတို့၏ လုပ်ဆောင်ချက်များကို ကြည့်လျှင်လည်း သူတို့သည် သူမတူသော ဉာဏ်ကြီးရှင်များ ဖြစ်နေပြန်ကြောင်းကို တွေ့ကြရပေမည်။





သို့ဖြစ်လျှင် သူတို့ကို ငထိုင်း, ငနေ၊ လူညံ့များဟု ခေါ်ရမည်လော။ လူတော်များကို ဆိုရမည်လော။ ညံ့သည်ဆိုသည်မှာ အဘယ်နည်း။ တော်သည် ဆိုသည်မှာ အဘယ်နည်း။

အများအားဖြင့် ကျွန်တော်တို့သည် အညံ့၊ အတော်ကို စာပေသင်ယူလေ့လာရာတွင် နားလည်တတ်မြောက်မှု နှေးကွေးခြင်း၊ မြန်ဆန်ခြင်းတို့နှင့် တိုင်းတာလေ့ ရှိကြပေသည်။ ထိုသို့ တိုင်းတာခြင်းသည်လည်း အလုံးစုံပြီးမြောက် အောင် မှန်ကန်သော တိုင်းတာနည်း ဖြစ်ပါ၏လော။

ကျွန်တော်သည် အကြောင်းအားလျော်စွာ ကျောင်းဆရာအလုပ်ကို လုပ်နေရသူဖြစ်ရာ 'တော်သော' ကလေးတွေကိုလည်း တွေ့ဖူးပါသည်။ 'ညံ့သော' ကလေးတွေကိုလည်း တွေ့ဖူးပါသည်။ ၁၀ တန်းရောက်သည့်တိုင် 'b' နှင့် 'd' မကွဲသူ၊ 'L' နှင့် 'n' မကွဲသူများကိုလည်း တွေ့ဖူးပါသည်။

တစ်ခါတွင်တော့ တပည့်ကလေးတစ်ယောက်သည် (၈) တန်းရောက်ကာမှ အင်္ဂလိပ်စာသင်လိုသည်ဆိုကာ ကျွန်တော့်ထံ ရောက်လာသည်။ (၈) တန်းအဆင့်တွင် 'ဝေါဟာရ' တို့လည်း အတန်အသင့် သိအောင် လုပ်ကြရသည်။ ကြိယာတို့ကို 'ကာလ' အလိုက် မှန်မှန်ကန်ကန် သုံးတတ်အောင် လည်း လုပ်ရပါသည်။ ထိုတပည့်ကလေးမှာ farmer, worker, student ကဲ့သို့သော ဝေါဟာရမျှလောက်လည်း မသိ။ go-went-gone, see, saw-seen, take-took-taken တို့မျှလောက်လည်း မရ။ we နှင့် our လည်း အဓိပ္ပာယ်မကွဲ။ ကျွန်တော့်မှာ သူ့ကို သင်ရတာ အတော်ပင် အခက်အခဲ တွေ့ရလေ၏။ ရသင့်သောစာများကို သူကျက်ရန် ရေးပေးလိုက်ပြီး ရမှ လာခဲ့ဟု မှာရသည်။ ရပြီဆိုပြီး လာ၏။ မေးကြည့်သည်။ ရသလောက်ကား ရပါ၏။ ခုန ရသွားသောစာကို နောက်တစ်ကြိမ် ပြန်မေးသည့်အခါ မရ ဖြစ်ပြန်လေ၏။ နေ့စဉ်ပင် ကျွန်တော့်မှာ သူနှင့် မောနေရ၏။ နေ့တိုင်း ဤသို့ ကြုံနေရာ သူ့တစ်ယောက်တည်းလည်း မဟုတ်။ အခြား အခြား အတန်းတွေ၊ ကျောင်းသားတွေလည်း ရှိနေသဖြင့် စိတ်ပျက်လာသည်။ သို့သော် တစ်နေ့တွင်တော့ သူ ကျက်မှတ်ရသော ဗလာစာအုပ်နှင့် မျက်ခွက်ကို ပစ်ပေါက်ကာ 'မင်း မသာတော့နဲ့' ဟု နှင်လွှတ်လိုက်မိလေတော့သည်။ မျက်နှာငယ်ကလေးနှင့် ထွက်သွားသည့်အခါ ကျွန်တော် စိတ်မကောင်းဖြစ်၍ ကျန်ရစ်သည်။ ကလေးသားချော



www.burmeseclassic.com

www.burmeseclassic.com



သည် နောက်နေ့နံနက် ကျွန်တော် အိပ်ရာမှ မထမီကတည်းက ကျူရှင်ခန်းထဲသို့ ရောက်နှင့်လေတော့သည်။ ကျွန်တော် မနှင်ရက်တော့ပါ။

ထိုတပည့်ကလေးသည် အင်္ဂလိပ်စာညံ့၍ သင်္ချာလည်း တွက်တတ်သူ မဟုတ်ရာ သူ (၈) တန်းအောင်ဖို့ ကျွန်တော် မမျှော်လင့်ရဲပါ။ သို့သော် ကျွန်တော်'စာသင်' တာပဲ ကောင်း၍လား၊ 'စိတ်သင်'တာပဲ ကောင်း၍လား၊ ဘာကြောင့်ရယ်မသိ။ သူ (၈) တန်းအောင်သွားသည်။ ၁၀ တန်းရောက်လာခဲ့ပြီ။ သူသည် သင်္ချာကို အလွန်လန့်ပြီး 'အီကို'ကို အရမ်းကြောက်ပြန်လေသဖြင့် အင်္ဂလိပ်စာ (၂) ဘာသာတွဲနှင့် ၁၀ တန်းစာမေးပွဲ ဝင်နွှဲလိုက်မည်လုပ်ပြန်သည်။ ဒီကောင်သည် မျက်နှာလက်သီးနှင့် ထိုးလည်း ခံမည်။ ခွေးနှင့် ရှူး တိုက်လည်း ပြန်မည်မဟုတ်မှန်း သိနေပြီဖြစ်၍ သင်ပေးရပြန်သည်။ သူ ၁၀ တန်းအောင်သွားသည်ဆိုသောအခါ အလယ်တန်းတွင် သူ့အတန်းဆရာလုပ်လာသူ ဆရာများက အံ့သြကြသည်။ ယခုတော့ ထိုတပည့်သည် ကျောင်းဆရာအလုပ်ကလေးလည်းရ၊ ဘွဲ့လည်းရကာ ဆရာမလေးတစ်ယောက်ပင် ထမင်းချက်ဖို့ ရထားပေပြီ။

အချို့ကလေးများ စာညံ့ကြခြင်းမှာ ဗီဇဉာဏ်ကြောင့် မဟုတ်ပါ။ 'သင်ခြေမခိုင်' သောကြောင့်သာ ဖြစ်သည်။

မွေးကတည်းက ထိုင်းသူတို့လည်း ရှိပါသည်။

ကျွန်တော့်မှာ ကျွန်တော့်ထက် ၅ နှစ်။ ၆ နှစ်ကြီးသည့် အစ်ကိုဝမ်းကွဲတစ်ယောက်ရှိသည်။ မွေးကတည်းက ပါးမှာ ဗေဒါကွက်လို အမှတ်မည်းကြီးပါလာသဖြင့် 'မှတ်ကြီး'ဟု ခေါ်သည်။ အစ်ကိုမှတ်ကြီးကို ဆရာဘုန်းကြီးအရှေ့အနောက် သင်ရသည်မှာ အတော်ဒုက္ခရောက်သည်။ 'မှတ်ထားဟဲ့ငမှတ်ကြီးရဲ့၊ အရှေ့ဆိုတာ ဟောဟိုအုန်းပင်ရှိတဲ့ဘက်ကွ'ဟု ကျောင်းအရှေ့ဘက် စည်းရိုးစပ်က အုန်းပင်ကို ညွှန်ပြ၍ သင်ရသည်။ ကျောင်းပေါ်မှာရှိ စဉ်အရှေ့အရပ်ကို မေးလျှင် အစ်ကိုမှတ်ကြီး မှန်အောင်အုန်းပင်ရှိရာဘက် ညွှန်ပြ၍ ဖြေလျှောက်တတ်သည်။ သို့ရာတွင် ဘုန်းကြီးက ဆောင်းတွင်းမှာ ကျောင်းစည်းရိုး အရှေ့ဘက်ရှိ ထရေးပြင် (ထွန်ရေးပြင်) ထဲ၌ ကျောင်းသားကိုရင်တွေကို စာသင်ပေးရင်း နေစာလှုံတတ်သည်။ အဲဒီအခါမျိုးမှာများ အရှေ့ကို မမေးလေနှင့်။ သူကတော့ သူ့အနောက်ဘက်မှာရှိသည့် အုန်းပင်ကို





သာ လက်ညှိုးထိုးပြပေလိမ့်မည်။ ဆရာဘုန်းကြီး ဤသို့အားဖြင့် လက်လျှော့ရလေသူဖြစ်ရာ အစ်ကိုမှတ်ကြီးသည် သေစာ၊ ရှင်စာမျှပင် မဖတ်တတ်ဘဲ ကျောင်းထွက်ရပါသည်။ သာဝတ္ထိဈေးနေ့မို့ ဆံပင်ညှပ်သွားရမည်ဆိုလျှင် အစ်မ၊ မခင်ပု (သူ့နှမ) က အိတ်ကပ်နှစ်ဖက်ပါသည့် သူ့ကာကီရုပ်အင်္ကျီအိတ်ကပ်တစ်ဖက်ထဲ၌ ငါးမူးစေ့တစ်စေ့ကိုထည့်၊ ဒါက ဆံပင်ညှပ်ဖို့။ အခြားအိတ်တစ်ဖက်ထဲ၌ မတ်စေ့နှစ်စေ့ကို ထည့်၊ တစ်စေ့က သနပ်ဖက်ဆေးလိပ် ၆ လိပ်ဝယ်ဖို့။ နောက်တစ်စေ့က ဘူးသီးကြော်တစ်ပွဲ ဝယ်စားဖို့ ဟူ၍ သေသေချာချာ ခွဲခွဲခြားခြား မှာရသည်။

အစ်ကိုမှတ်ကြီးသည် မူး,ပဲကို ခွဲခြား၍ မသိနိုင်လောက်အောင် ညံ့သူဖြစ်လေရာ ဘာလိုချင်၍ ဘာကိုလိုချင်ရကောင်းမှန်းလည်း သိသူမဟုတ်သဖြင့် သူတစ်ပါးအပေါ် အကောက်ကြံရန်၊ ညစ်ပတ်ရန်လည်း သူ့မှာ အားထုတ်နေဖို့ မရှိပါ။ ထို့ကြောင့် သူသည် လူကောင်းအဖြစ်နှင့် အသက်လေးဆယ်ကျော်မှာ သေသွားခဲ့လေသည်။ သူလူကောင်းဖြစ်သွားခြင်းမှာ အသိပညာနှင့် စာရိတ္တတွေ ထိန်းသိမ်းစောင့်ရှောက်သွား၍ မဟုတ်ဘဲ မကောင်းတာကို ဘယ်လိုလုပ်ရမလဲဟုပင် ကြံစည်နိုင်လောက်သည့် ဉာဏ်နည်းလှခြင်းကြောင့်ဟု ဆိုရပေမည်။

အစ်ကိုမှတ်ကြီး ဘယ်မျှ ညံ့သည်ဆိုစေ၊ သူ့ပတ်ဝန်းကျင်ကို ထိခိုက်အောင် လုပ်မသွား၍ ဝမ်းသာရပေသေးသည်။

ကျွန်တော်တို့အရပ်မှာ "ဆရာ ကျွန်တော်က သုံးတန်း သုံးနှစ်ကျပေမို့သာ၊ လေးတန်းသာအောင်ခဲ့ရင်'ဟိုကောင်တွေ'ကို ကျွန်တော်က မကြောက်ဘူး"ဟု ကျွန်တော့်အား ပြောလေ့ရှိသည့် လူငယ်လေးတစ်ယောက် ရှိခဲ့ဖူးသည်။ ထိုလူငယ်လေးသည် ကွယ်ရာတွင် သူပြောလေ့ရှိသည့် "ဟိုကောင်တွေ"ဆိုသော ကျေးရွာအုပ်စုအတွင်းမှ လူကြီးတို့ကို ဟိုဟာပြော၊ ဒီဟာပြောနှင့် ကြံသကာကြိတ်ခွဲပြုပြီဟေ့ဆိုလျှင် သူ့ကြံအရင်ဆုံး ကြိတ်ခွင့်ရအောင်၊ မြေသြဇာတဲ့ဟေ့...ဆိုလျှင် သူများထက် ပိုရအောင်၊ စပါးချကြစို့ဟေ့...ဆိုလျှင် ချရမည့်စပါးခွဲတမ်း နည်းနည်းသာကျအောင် ဉာဏ်နီ,ဉာဏ်နက် အလွန်ထွက်သည့် လူငယ်လေး ဖြစ်သည်။

တစ်ခါတစ်ရံ လယ်သမားတို့သည် မိုးရေရတုန်း အချိန်လု၍ ကောက်စိုက်ကြရ၏။ သူစိုက်ချင် ငါစိုက်ချင် အချိန်တွင် ကောက်စိုက်သမ အခက်အခဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ကိုယ့်အုပ်စုကျော်၍ ဟိုး...ပျံချီဆိုသည့် ရွာဘက်က ကောက်စိုက်သမများကို ငှားစိုက်ရသည်။ ပျံချီက ကောက်စိုက်သမသည် သာဝတ္ထိကွင်းထဲက ဘယ်သူ့လယ် ဘယ်မှာရှိသည်ကို တိတိကျကျ မသိနိုင်။ ကြုံရာလူကို မေး၍ စိုက်ရမည့်လယ်ကို သွားကြရသည်။ ထိုအခြေအနေတွင် ကျွန်တော့် 'သုံးတန်း–သုံးနှစ်ကျ'သည် လယ်လူးပြီး၊ ပျိုးထုံးပစ်၍ အသင့်စိုက်နိုင်အောင် စီမံထားသည်။ ကောက်စိုက်သမများက သူ့လယ်ကန်သင်းရောက်သည့်အခါ ဦးဖိုးကြည်လယ် ဘယ်မှာလဲမေးသည်။ ဟောဒီလယ်ပါပဲဟု လက်ညှိုးထိုးကာ သူ့လယ်ကို အစိုက်ခိုင်းလိုက်တော့၏။ ဦးဖိုးကြည်ကတော့ ကောက်စိုက်သမများ လာခဲ့၊ လာခဲ့နှင့် တမော့်မော့။ ရေတာရှည်၊ ပျဉ်းမနား သကြားစက်များတွင် လက်ထောက်စက်ရုံမှူး အရာရှိများသည် ကျွန်တော့်သူငယ်ချင်းများ ဖြစ်ကြသည်။ သို့ရာတွင် ကျွန်တော် သကြားစက်ကြီးတင် ကန်ထရိုက် ရအောင်လုပ်ဖို့ မစဉ်းစားမိ။ ကျွန်တော့် 'သုံးတန်း–သုံးနှစ်ကျ'က အဲဒါမျိုးကို အရင်နှစ် ကန်ထရိုက်များကို ကျော်လွှားကာ ရအောင်လုပ်သည်။

သူ မသေမီက သူ့အိတ်ကပ်ထဲ၌ ဓာတ်ပုံဖလင်ပြားတစ်ခု မြင်၍ 'ဟော့ ကောင် ဘယ်ရည်းစားက ပေးထားတဲ့ပုံလဲကွ'ဟု ကျွန်တော်က နောက်မေးမေးသည်။ သူက အတည်ထုတ်ပြသည့်အခါ ခရိုင်အဆင့်ရှိ လူကြီးတစ်ဦး၏ မိသားစုနှင့် သူ စမတောင်မှာ တွဲ၍ ရိုက်ထားသော ဓာတ်ပုံဖြစ်နေသည်။ ကျွန်တော် အရာရောက်သည့် လူကြီးတွေ အတော်များများနှင့် ထိတွေ့ဆက်ဆံခဲ့ရဖူးပါ၏။ ကျွန်တော့်လူ 'သုံးတန်း–သုံးနှစ်ကျ'၏ စိတ်ကူးဉာဏ်ကောင်းမျိုး ကျွန်တော့်ခေါင်းထဲမှာ တစ်ရံတစ်ဆစ်မျှ မပေါ်ခဲ့ဖူးကြောင်း ဝန်ခံရပါမည်။

'သုံးတန်–သုံးနှစ်ကျ' သည် စာမှာ ညံ့သော်လည်း အခြားအရာတို့၌ မညံ့လှကြောင်း တွေ့နိုင်သည်။ အချို့ကိစ္စတို့တွင် ကျွန်တော်တို့ မလုပ်နိုင်၊ မလုပ်ရဲတာတွေ သူလုပ်သွားခဲ့တာများပင် ရှိသည်။ ထိုသို့ သူစွမ်းဆောင်နိုင်ခြင်းမှာ ကျွန်တော်တို့လို ဘုရားဟောတွေ၊ စာပေကျမ်းဂန်တွေ ကျင့်ဝတ်နီတိတွေနှင့် တိုက်ညှိစဉ်းစားနေလောက်အောင် အသိပညာအခြေခံ သူ့မှာ ရှိသည် မဟုတ်သည့်အလျောက် ကိုယ်လိုချင်တာရလျှင် ထိုသို့ရအောင် လုပ်သည့်နည်းလမ်းမှန်သမျှ မှန်ကန်သည်ဟု တစ်ကြောင်းတည်း သူ စွဲမှတ်ယုံကြည်လုပ်ကိုင်သွားခြင်းကြောင့်ပေလောဟု တစ်ခါတစ်ခါ ကျွန်တော် စဉ်းစားကြည့်နေမိ





ပါသည်။

ဘုရားရှင်လက်ထက်က 'အထိုင်း'၏ ထိပ်ခေါင်မှာ စူဠပန္ထကမထေရ်ဖြစ်သည်။ ဂါထာတစ်ပုဒ်မျှကို လေးလလုံးလုံး သင်ယူသော်လည်း မစွမ်းနိုင်သဖြင့် သူ့အစ်ကို မဟာပန္ထက,က ကျောင်းမှ နှင်ထုတ်ခဲ့၏။ စူဠပန္ထကသည် လူထွက်တော့အံ့ဟု နံနက်စောစောကပင် ကျောင်းမှ ထွက်လာခဲ့သည်။ မြတ်စွာဘုရားသခင်က သူထွက်ကြွလာရာလမ်း တံခါးမုခ်ဝက စင်္ကြံကြွ သီတင်းသုံးနေတော်မူနှင့်ပြီး ပုဆိုးပိုင်းကို ပေးလျက် 'ရဇောဟရဏ၊ ရဇောဟရဏ'ဟု သုံးသပ် ဆုပ်နယ်စေရာ ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်သွားခဲ့လေသည်။ အစ်ကိုဖြစ်သူ မဟာပန္ထကသည် ရဟန္တာမထေရ်ကြီးပင် ဖြစ်သော်လည်း သူ့ညီစူဠပန္ထက၏ အဇ္ဈာသယကို မသိ၍ ကျောင်းမှ နှင်ထုတ်မိခြင်း ဖြစ်သည်။ အာသယာနုသယဉာဏ်ရှင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကမူ စူဠပန္ထက၏ ကျွတ်တန်းဝင်ရာသောအကြောင်းကိုလည်း မြင်၍ သူနှင့် လျော်ရာ ကမ္မဋ္ဌာန်းကိုလည်း ပေးနိုင်ခဲ့လေသည်။

ညံ့သောတပည့်တို့သည် ဆရာကောင်း၏ ဥပနိဿယကို အမှီအထားရလျှင် သံသရာမှပင် ထွက်မြောက်သွားနိုင်ပေသည်။

တော်သောတပည့်တို့ကို ဆရာတို့သည် အားထားမျှော်လင့်လေ့ရှိတတ်ကြသည်။ ဂုဏ်ယူလေ့လည်း ရှိသည်။ သို့ရာတွင် တော်သောတပည့်များသည် ဆရာသမားများ မျှော်လင့်သလို ဖြစ်ချင်မှ ဖြစ်လာတတ်သည်။

တကယ်တော့ ညံ့ခြင်းနှင့် တော်ခြင်းတို့သည် တစ်ခုအတွင်း၌ပင် အခြားတစ်ခုသည်လည်း ကိန်းအောင်း ပျော်ဝင်နေတတ်သည်။

ကျွန်တော်သည် ငယ်ငယ်က စာတော်ခဲ့ဖူးပါသည်။ ဘုန်းကြီးကျောင်းသားဘဝ၌ သင်ပုန်းကြီး ၅ ခေါက်ကို ခဏကလေးနှင့် ပေါက်သည်။ ၁၀ နှစ်သားတွင် သဂြိုဟ် တစ်ခေါက်ပေါက်ပြီးလေပြီ။ ၁၁ နှစ်သားတွင် နောက်တစ်ခေါက် ထပ်တက်ပြီး သဒ္ဒါကို တက်နေခဲ့ပြီ။ ၁၂ နှစ်သားတွင် တန်းကျောင်းထွက်ချိန်အထိ ကျောင်းမှာစစ်သည့် အစမ်း၊ အစိမ် စာမေးပွဲဟူသမျှတွင် ပထမချည်း ရခဲ့သည်။ စစ်ပြီးခေတ်၌ သာဝတ္ထိကျောင်းက ၇ တန်း စကျော လားရှစ် မရဖူးခဲ့။ ကျွန်တော့်ကျမှသာ ၄ တန်းရော ၇ တန်းပါ စကော်လားရှစ်စာမေးပွဲများ ဆင့်ကာအောင်သည်။ ၁၀တန်းဖြေသည့်နှစ်တွင် ပျဉ်းမနား



www.burmeseclassic.com

www.burmeseclassic.com



စာဖြေဌာန ဖြေသူ ၁၇၀၀ လောက်ရှိမည်။ ၁၆ ယောက်သာ အောင်သည်။ ထို ၁၆ ယောက်ထဲမှာ ကျွန်တော် နှစ်ချင်းဖွဲ၍ အောင်သည်။

၁၀ တန်းအောင်သောအခါ ပျဉ်းမနားသကြားစက်တွင် အောက်တန်းစာရေး ဝင်လုပ်သည်။ တစ်ခါသော် အထက်တန်းစာရေးလစ်လပ်နေရာတွင် တိုးပေးဖို့ စာမေးပွဲစစ်သည်။ မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာဖြေရသည်။ အထက်တန်းစာရေးတစ်ဦးနှင့် ဌာနခွဲစာရေးကြီးတစ်ဦးတို့က အပြင်မှ ခိုးဖြေပေးသည်။ သူတို့၏ အဖြေကို ယူ၍ ကျွန်တော် ကူးဖြေလျှင်လည်း ဖြစ်သည်။ သို့သော် ခိုးဖြေပေးသည့်သူများနှင့် ယှဉ်ပြိုင်ဖြေလျှင်လည်း ပြိုင်ဖြေရဲသည်ဟု ကိုယ့်ကိုယ်ကိုယ် အထင်ရောက်သည့်အတိုင်း ကိုယ့်ဘာသာဖြေလေရာ မြန်မာစာနှင့် အင်္ဂလိပ်စာတွင်ကား ကျွန်တော်ပင် အမှတ်အများဆုံး ရပါသော်လည်း တွက်နည်းလည်းဘာမျှခက်လှသည်မဟုတ်သော သင်္ချာတွင် သာမန် အပေါင်း၊ အနှုတ် အမှားများကိုလည်း ကိုယ်က ပြုမိ၊ ကူးဖြေသူများကလည်း ၉၆/၁၀၀ စသည် ရကုန်ကြသဖြင့် စာသင်ခန်းအပြင်ဘက် လူ့လောကထဲ ရောက်ကာမှ ကျွန်တော် မရဖူးသော ဒုတိယရခဲ့ရလေသည်။ အမှန်ကတော့ ကျွန်တော်က ကိုယ့်အတွင်းကိုသာ ကြည့်နေခဲ့ပြီး ကိုယ်အပြင်ကို မကြည့်မိသောကြောင့် ဤသို့ ဖြစ်ရခြင်းပင်။

ထိုအတွေ့အကြုံက စာသင်ခန်းထဲမှာ တော်သည့် တော်ခြင်းမျိုးကို သံသယဖြစ်ဖို့ ကျွန်တော့်အား သင်ပေးလိုက်သလို ရှိပါသည်။ တကယ်တော့ လူ့လောကကို ပိုက်သဂေါ်ရပ်စ် သီဝရမ်၊ အာခေမီးဒီးစ် စည်းမျဉ်းမျှလောက်နှင့် ဖွဲ့ထားသည် မဟုတ်ပါ။ လူ့လောကထဲမှာ ရှယ်လီကဗျာ၊ ဦးပုည ဇာတ်ထပ်၊ တော်စတွိုင်း၏ဝတ္ထုမျှသာ ရှိသည်လည်း မဟုတ်ပါ။ လူ့လောကကို လူတော်တွေ မမြင်နိုင်သည့် ကြိုးတွေနှင့် ဆိုင်းထားတာ၊ ဝတ္ထုပစ္စည်းတွေနှင့် တည်ဆောက်ထားတာတွေ အများကြီးပင် ရှိနိုင်သည်။ တစ်ခါတစ်ရံ အလွန်ပြောင်မြောက်သည့် မော်ဒန်ကဗျာတစ်ပုဒ်ကို ဖွဲ့နိုင်စပ်နိုင်ပါသော်လည်း မီးရထားလက်မှတ်တစ်စောင်ရအောင် ဖန်တီးနိုင်စွမ်း မရှိတာမျိုးတွေလည်း တွေ့ရနိုင်ပါသည်။ လူတော်တွေသည် တစ်ခါတစ်ရံ တစ်ခုခုမှားနေတတ်သည်။ ထိုမှားသောတစ်ခုခုမှာ တည့်တည့်မတွေးဘဲ တော်ခဲ့တာတွေပဲ အောက်မေ့နေလုံးသွင်းနေပြီး ငါတော်သည်ဟု ဆက်လက်ထင်မိနေတတ်ခြင်း ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် တော်သည်ဟု အထင်ရောက်ခြင်းကို တရားကိုယ်ကောက်လျှင် မာနသာရပါမည်။





မာနသည် ကောင်းကျိုးမပေးကြောင်း ပညာဗဟုသုတရှိသူတိုင်း သိကြသည်။ သို့သော် ခက်သည်မှာ ပညာဗဟုသုတများလေလေ မာနထားတာများလေလေ ဖြစ်နေတတ်ခြင်းပင်။ 'ရာဇသင်္ကြန် ပညာလျှံ ပုဂံပြည်လုံးကဲ' ဟု ကဝိလက္ခဏာသတ်ပုံ၌ အစပ်ခံရသော ရာဇသင်္ကြန်သည် အကျီလက်ပေါ်ကွမ်းသွေးထွေးဖူးသော သီဟသူကို နှလုံးမပြေ ရှိသည်နှင့် မင်းခွေးချေးကို ဘုရင် တင်မိမှားသည်။ ဘုရင်က သူ့ကျေးဇူးမေ့သော် မခံချင်သည့် မာနနှင့် ကွမ်းကပ်ပွဲနှင့် အရွဲ့တိုက်လေသည်။ 'ပန်းပွတ်သည် မြေများကောင်းစားသောကြောင့်' ဟုလည်း ဆိုလေသည်။ ရာဇပလ္လင်ပေါ်က ဘုရင်က သူ့ထက်မာန်တက်နိုင်ပေရာ ရာဇသင်္ကြန် ဒလရောက်လေ၏။

အမှန်မှု လူတော်တွေသည် ကောင်းစွာ ကျင့်ကြသဖြင့် လူကောင်းတွေဖြစ်လာကာ လူ့အဖွဲ့အစည်း၌ လူတော်လူကောင်းတွေ များလာလေသော် 'ခမ္မ'၏ လွှမ်းမိုးရာနယ် ကျယ်ဝန်းနိုင်ပြီး 'အခမ္မ'တို့ ငုပ်လျှိုးသွားနိုင်ရာသည်။

သို့သော် ၂၃½ ဒီဂရီစောင်း၍ လည်နေသည်ဆိုသည့် ကမ္ဘာလုံးကြီးပေါ်တွင် အမြဲသဖြင့် အတည့်ဖြစ်နေရမည်ဟုလည်း မျှော်လင့်အပ်သည်ဟု မထင်ပါ။ မန္တလေးမှာနေစဉ်က အဖြစ်ကလေးတစ်ခုကို ပြောပြချင်သည်။

မဟာမြတ်မုနိ-ဝါဆိုပွဲဆိုတာ တစ်ပြည်လုံးမှ ခြင်းသမားတွေ လာရောက်အစွမ်းပြကြသည့် ခြင်းပွဲနှင့် ပူဇော်ကြသည့်အခါသမယတည်း။ အနယ်နယ်အရပ်ရပ်မှ ခြင်းအဖွဲ့ ၃၀ ကျော် ၄၀ နီးပါးလာသည်။ လာကြသည့် ခြင်းအဖွဲ့တွေထဲမှာ ခြင်းအကျော်အမော်တွေလည်း ပါကြသည်။ ထိုအထဲတွင် ထိုခေတ်က အမျိုးသားလက်ရွေးစင်ဖြစ်နေသည့် ကိုသန်းမောင်လေးတို့ ကျောင်းသားတိုင်းနှင့် ပြည်နယ်ပြိုင်ပွဲတွင် အကောင်းဆုံးခြင်းသမား ဆုရခဲ့သည့် ကိုစိုးတင့်တို့ပါ ပါသည်။ ကိုသန်းမောင်သည် ခက်ခဲသည့် လျှပ်စစ်မဟာ၊ လျှပ်စစ်နွယ်စသော ခေတ်ဆန်းခြင်းပေါက်များကို တစ်လုံးပြီးတစ်လုံး ဆင့်ကာ ခတ်ပြနိုင်သလို၊ ကိုစိုးတင့်တို့ကလည်း မဟာဒူးချည်း အလုံး ၄၀ လောက် ခတ်ပြနိုင်ကြပေရာ ခြင်းဝါသနာ ပရိသတ်အဖို့ ရှုမငြီး စရာချည်းပင်။ အသင်းတိုင်းက မိမိတို့၏ ခြင်းပညာကိုသာသည်ထက်သာအောင် ထုတ်ပြနေကြသည့်ကြားမှ "ဆွမ်းဆန်ထဲ ကြွက်ချေးရော"ဆိုသည့်နှယ် အလွန်ညံ့သော ခြင်းတစ်သင်းလည်း ဝင်၍ခတ်ပြ၏။ သူတို့ခမျာ လုံးချင်း 'စလွယ်' ကလေးလောက်၊ 'မဟာဒူး'



www.burmeseclassic.com

www.burmeseclassic.com



ကလေးမျှလောက်နှင့်တောင် တူတူတည့်တည့် မဖြစ်ဘဲ ကျပြီးရင်း ကျလို့သာ နေပါသည်။ ဝေဖန်ကြေညာသူကလည်း သူတို့အကျများတာကို 'နာ'သာအောင် ဖေးဖေးမမလေး ပြောဆိုဝေဖန်၍ ကြေညာပေးပါ၏။ သို့သော် ညံ့သူများသည့် ထိုအံသင်းသည် ခြင်းကို ငြိမ်အောင် မထိန်းနိုင်။ တစ်ကြိမ်သော် ယိုင်ထွက်သွားသောခြင်းကို တစ်ယောက်ကလိုက် 'ဆည်'ရာတွင် အားကုန်ခတ်မိလိုက်သည်ထင့်။ ၁၄ တောင် လောက်မြင့်သော၊ အမိုးမှာ မျက်နှာကျက်အဖြစ် ကပ်ထားသော နီးဖျာအပေါ်ကြားသို့ ခြင်းလုံးမြောက်တက်ဝင်သွားလေရာ ပြန်ကျမလာ တော့ပါပေ။

ထိုအခါ ဝေဖန်ကြေညာသူက "ဖြစ်တောင့်ဖြစ်ခဲပါပဲခင်ဗျ၊ ဒီခြင်းမျိုးကိုတော့ ဘယ်ခြင်းသမားမှလည်း ခတ်တတ်မယ် မထင်ဘူးခင်ဗျ"ဟု အတည်လိုလိုနှင့် အလိမ္မာသုံး၍ "အရွဲ့တိုက် ချီးမွမ်း"လိုက်လေရာ ပွဲကြည့်စင် အမြင့်ဆုံးတန်းမှ သူဌေးလို လူတစ်ယောက်က ဆင်းလာခဲ့ပြီး ရာတန်နှစ်ရွက်ကို တွယ်ချိတ်နှင့် ထိုး၍ ထိုခြင်းသမားအား ဆုချလိုက်ပါလေတော့၏။ ပရိသတ်များမှာ ထိုသူဌေး၏ အပြုအမူကို မရယ်ရဲဘဲ လက်ခုပ်သာ တီးပေးလိုက်ရပါတော့သည်။ (ကိုသန်းမောင်လေးတို့တောင် ၅၀ တန်လောက် ဆုချခံရသည့် အချိန်တုန်းကပါ။)

အစွမ်းကုန် ညံ့သူသည် တစ်ခါတစ်ရံ ဆုချခံရသည်မျိုးကို မြင်တွေ့ကြလျှင်လည်း ဒေါမနဿမပွား၊ မဈေးရမထားဘဲ သူ့ကုသိုလ်နှင့်သူ ဖြစ်တာပဲလေဟု ယောနိသောမနသိကာရ ထားသင့်ကြပါသည်။

ထုံထိုင်းသူတိုင်းလည်း မညံ့ပါ။ တော်သူတွေလည်း ချော်နေတာ ရှိတတ်ပါသည်။ တော်သူတွေကလည်း တည့်အောင်တွေး၊ ကောင်းအောင်ကျင့်၊ ဆုချနိုင်သူတွေက မညံ့လှဘဲ တော်သူတွေကို ရွေးတတ်ပါလျှင် လောကကြီးသည် နေပျော်ဖွယ် ရှိနေလိမ့်ဦးမည် ထင်ပါသည်။

[မြားနတ်မောင်၊ ဩဂုတ်၊ ၁၉၉၈]



## ရိုးသားဖြောင့်မတ်ခြင်း

မြန်မာစာအဖွဲ့ကထုတ်သော 'မြန်မာ–အင်္ဂလိပ်အဘိဓာန်' တွင် 'ရိုးသား' ကို **honest ; upright; straigh**ဟု အင်္ဂလိပ်လို အနက်ဖွင့်ပါသည်။ 'ဖြောင့်မတ်'ဟူ၍ တည်ပုဒ်သတ်သတ်ကား မပြ။ 'ဖြောင့်မှန်'ကိုသာ ပြရာတွင် **honest; faithful**ဟူ၍ တွေ့ရပါသည်။ သို့ဖြစ်ရာ 'ရိုးသားဖြောင့်မတ်ခြင်း' သည် အင်္ဂလိပ်စကား honest နှင့် အတူတူဟူ၍ နားလည်နိုင်ပါသည်။

Honesty is the best policy ဟူသော အင်္ဂလိပ်ဆိုရိုးစကားကို လူတိုင်း ကြားဖူးကြမည်။ 'ကောက်သော်မလောက်၊ ဖြောင့်သော် စားမကုန်'၊ 'ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ၊ မှန်မှန်ပြော' စသည့် ရိုးဖြောင့်ခြင်းနှင့် စပ်သည့် မြန်မာ့ဆိုရိုးစကားတို့ကိုလည်း ကြားဖူးကြမည်သာ ဖြစ်သည်။

တကယ်တော့ 'ရိုးသားဖြောင့်မတ်ခြင်း'ကို ကောင်းခြင်းဂုဏ်ရည်တစ်ခု အဖြစ် ဗုဒ္ဓမြတ်စွာလည်း ဟောကြားခဲ့သည်။ ခေတ်အဆက်ဆက် ရဟန်းပညာရှိ၊ လူပညာရှိ အသီးသီးတို့လည်း ဟောကြားဆုံးမခဲ့ကြသည်သာ ဖြစ်သည်။ သို့သော် ရိုးရိုးသားသား ဖြောင့်ဖြောင့်မတ်မတ် ကျင့်ကြံပြောဆို လုပ်ကိုင်ဖို့ကျတော့ လူတိုင်း လိုက်နာနိုင်ခဲ့ကြသည်။ မလိုက်နာနိုင်ရုံမျှမက 'ရိုး'ခြင်းကို 'အ'ခြင်းနှင့်ပင် အဓိပ္ပာယ် ထပ်တူ ကောက်ယူချင်ကြသေးသည်။

ရိုးသားဖြောင့်မတ်ခြင်းသည် သိက္ခာသုံးပါးစလုံး၌ အကျုံးဝင်သည်ဟုပင် ဆိုနိုင်ပါသည်။ သီလ, သမာဓိ, ပညာ ဟူ၍ သိက္ခာသုံးပါး ရှိလေရာ



www.burmeseclassic.com

www.burmeseclassic.com



ရိုးသားဖြောင့်မတ်ခြင်း မရှိသူတွင် သီလမတည်နိုင်။ သီလပျက်သူသည် သမာဓိ မရှိနိုင်ပေ။ သမာဓိမရှိသူသည် မှား–မှန်–ဆိုး–ကောင်း ခွဲခြားဝေဖန် နိုင်သည့် ယထာဘူတဉာဏ် မရနိုင်ပါ။ မှား–မှန်–ဆိုး–ကောင်းမှ ခွဲခြမ်းဝေဖန်နိုင်စွမ်း မရှိလျှင် စောင့်ထိန်းအပ်သော ကိုယ်ကျင့်သီလမြဲဖို့ ခက်ပါသည်။ ဤနေရာ တွင် သိက္ခာသုံးပါးကို ပြောရာ၌ လောကီနယ်ကိုသာ ရည်ရွယ်ပြောခြင်း ဖြစ် ပါသည်။

သိက္ခာတဲ့ဟု ကြားလိုက်လျှင် သိက္ခာကို မြေပဲတောင့်တစ်ပြည်၊ တစ်ခွက် လောက်မှ တန်ဖိုးမထားချင်သူတို့က နှုတ်ခမ်းတွန့်ချင် တွန့်ကြမည်။ မှန်ပါသည်။ သိက္ခာကို ဖုတ်စားလို့လည်းမရ၊ ပြုတ်စားလို့လည်း မရပါ။ ၅၀၀ တန် စက္ကူ တစ်ချပ်လို ဘယ်ကုန်ပစ္စည်းနှင့်မှလည်း တိုက်ရိုက်လဲလှယ်၍ ရသည်တော့ မဟုတ်ပါ။ သို့ရာတွင် ရိုးသားဖြောင့်မတ်သူသည် သိက္ခာသုံးပါးနှင့် ပြည့်စုံတန် သင့်လောက် ပြည့်စုံသွားသဖြင့် လောကီရေးရာတွင်လည်း အောင်မြင်နိုင်၍ လောကုတ္တရာအရေးအတွက်လည်း အခြေခံကောင်း ရသွားနိုင်သည်ကား အမှန် ဖြစ်လေသည်။

တစ်ခါက လူတစ်ယောက်၏ အတွေ့အကြုံကို ပြန်ရေးပြထားသော စာတစ်ပုဒ်ကို ဖတ်ဖူးလိုက်သည်။ ထိုပုဂ္ဂိုလ်သည် ဆရာကြီး ဦးဆုမြိုင်၏ တပည့်ဖြစ်ခဲ့ဖူးသည် ဆို၏။ ဦးဆုမြိုင်က သူ့တပည့်များကို ဆုံးမလေ့ရှိသော ဩဝါဒမှာ 'လောကမှာ ရိုးသားဖြောင့်မတ်ခြင်းသည် အဖိုးမဖြတ်နိုင်သော အရင်းအနှီးဖြစ်သည်'ဟူ၏။ ထိုပုဂ္ဂိုလ်သည် သူ့ဆရာ၏ အဆုံးအမအတိုင်း ငွေရင်းကြေးရင်း မရှိပါဘဲလျက် ရိုးသားဖြောင့်မတ်ခြင်းကို အရင်းအနှီးပြု၍ အားထုတ်ခဲ့ရာ လက်ချည်းဘဝမှ အိုးပိုင်၊ အိမ်ပိုင်၊ မြေပိုင်၊ သည် ဆီစက် တွေပါ ပိုင်သည့်အဆင့်သို့ ရောက်ခဲ့ပါသတဲ့။

ကမ္ဘာတွင် ပေါက်မြောက်ထူးချွန်ကြသူကြီးများ၏ ဘဝအတ္ထုပ္ပတ္တိတွေ ကို စိစစ်ထုတ်ကြည့်လျှင် ပညာတွေ သိပ်တတ်ကြလို့၊ ကိုယ့်မိဘက အမွေ တွေ အများကြီး ထားရစ်ခဲ့ကြလို့ ဆိုတာထက် မိမိတို့၏ ဝီရိယစွမ်း၊ ဉာဏ်စွမ်း ဖြင့် ရိုးသားဖြောင့်မတ်စွာ ကြိုးစားခဲ့ကြရင်းမှ ထိုအဆင့်သို့ ရောက်လာခဲ့ကြ သူက များကြောင်း တွေ့ကြရမည်။ မရိုးသား မဖြောင့်မတ်သူတို့သည် မတော် မတရားနည်း၊ အကောက်နည်းကိုသာ ကြံစည်နေတတ်ကြမြဲဖြစ်ရာ သမ္မာဝီရိယ





ထားဖို့ အားနည်းသွားတတ်ကြသည်။ သူတို့မှာ ဉာဏ်စွမ်းရှိသည်ဆိုလျှင်လည်း ညစ်ဉာဏ်သာဖြစ်ပေရာ ညစ်ဉာဏ်ကြောင့် စည်းစိမ်ဥစ္စာ တစ်စုံကစ်ရာ ရခဲ့ပြန် လျှင်အနှစ်မကျန်သည်က များလှပါသည်။ 'တောင်ချောင်းရေကြီး၊ ကောက်ရိုး မီးသို့'ဆိုသည့် ပမာစကားအတိုင်း ခဏကြာလျှင် ပျက်စီးတော့သည်။

ယခုအခါ 'ရိုးသားမှု'အကြောင်းပြောလျှင် 'လူရိုးသချိုင်းမှာသာ ရှိသည်' ဟု စွဲထားသူတို့လည်း အတန်များပုံရ၍ ထိုသူတို့ကမူ 'နားခါး' ချင်လည်း ခါးကြပေမည်။ ကျွန်တော်သည် စာသင်မှုအလုပ်ဖြင့် အသက်မွေးနေရသူမို့ ကျောင်းသားသူငယ်တို့နှင့် ဆက်ဆံနေရပါသည်။ ကျောင်းသားအရေအတွက် အတန်များများသည် စာမသင်လိုကြ။ စာမေးပွဲသာ အောင်လိုကြပါသည်။ ဘာမှမလုပ်ဘဲ တစ်ခုခုလိုချင်ကြသူများကို ကျွန်တော် ဘယ်လို ဆုံးမ လမ်း ညွှန်ရမည်မှန်းမသိ။ မျက်စိတောင်လည်ချင်တင် ဖြစ်ရသည်။ အလကား ရယူလိုသော ထိုကျောင်းသားတို့၏ မိဘများကလည်း ငွေထုပ်ကလေးပိုက်၍ မိဘဝတ်ကျေအောင် ပြုကြရှာပါပေသည်။ အံ့ဖွယ်သုတဟု ကျွန်တော် မဆို ရပါ။ အချို့ဝန်းကျင်၌ လက်ဖက်ရည်ကြိုက်သူ၊ အိပ်ရာထလျှင် လက်ဖက်ရည် ဆိုင်သို့ ရောက်သလိုမျိုးပင် ဖြစ်နေတော့ပြီ။ ၁၀ တန်းစာမေးပွဲဖြေလွှာတွေ မှာ ခုံနံပါပ်မပါစေဘဲ စာစစ်စေသည့်စနစ် ရှိနေပြီ သိရသဖြင့်သာ ကျွန်တော် ကျောင်းဆရာလုပ်ချင်သေးသည့် စိတ်ကလေး ကျန်နေသေးတော့သည်။

'ခွေးကိုက်လို့ပဲရရ၊ တုတ်ပစ်လို့ပဲရရ' ရဖို့သာ လိုရင်းဟူသော အယူအဆ သည် နေရာတကာ မှန်နိုင်မည်မထင်ပါ။ End justifies the means ဟူသော မက္ကီယာဗယ်ဗင်လီ၏ အဆိုအမိန့်သည် နိုင်ငံရေးနယ်ပယ်တွင် မလွဲသာ လို့ သုံးရသည့်အခါ မှန်သည်ဟု ပြောလို့ ရကောင်းရမည်။ ရချင်မှလည်း ရပါမည်။ ကိုယ်ကျင့်တရားနယ်ပယ်မှာတော့ မှန်နိုင်မည် မဟုတ်ပါ။ မရိုးသား မှုမှန်သမျှသည် ကိုယ်ကျင့်ပျက်ခြင်းသာ ဖြစ်သည်။

မရိုးသားသူသည် မိမိမှာရှိသော အပြစ်ကို ဖုံးကွယ်မည်။ မရှိသောဂုဏ် ကို ရှိဟန်ထင်အောင် ဟန်ဆောင်မည်။ လိမ်ပြောဖို့လည်း ဝန်မလေး။ ပေးခဲ့ ကတိပျက်ဖို့လည်း အပန်းမကြီး။ ကိုယ်လိုရာ ရမည်ဆိုလျှင် အကောက်ကြံ မည်။ ကြံသည့်အတိုင်းကား အောင်ချင်အောင်မည်။ နာမည်ကောင်းဖြင့်တော့ ကျော်စောမည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အာဠာဝကသုတ္တန်တွင် ဘီလူးအာဠာဝက၏ အမေးကို မြတ်စွာဘုရားက ဖြေပုံများ တွေ့ရသည်။ မေးခွန်းဂါတစ်ခုတွင် အာဠာဝက,က "ကိံသု ဟဝေ သာဓုတရံ ရသာနံ" (ရသာတကာ ဘယ်ရသာ လွန်စွာ ကောင်းမြတ်သနည်း) ဟု မေးရာ ဘုရားက "သစ္စံ ဟဝေ သာဓုတရံ ရသာနံ) (ရသာတကာ သစ္စာသာ လွန်စွာ ကောင်းမြတ်တည်း)" ဟု ဖြေပါသည်။ အခြားမေးခွန်းတစ်ခုတွင် "သတင်းကျော်စော ဘယ်သဘော ရောက်သောအကြောင်းနည်း" ဟု မေးသည်ကို ဘုရားက "မှန်သော ဖြောင့်သော စကားပြော ကျော်စောသတင်း ရောက်ကြောင်းတည်း" (သစ္စေန ကတ္တံ ပပ္ပေါတိ) ဟု ဖြေပါသည်။ ဖြောင့်မှန်မှ ကောင်းသတင်း ကျော်စောနိုင်ကြောင်း ထင်ရှားပါသည်။

သက္ကရာဇ် ၇၆၈ တွင် ရာဇာဓိရာဇ် ရခိုင်ကိုတိုက်၊ ဘုရင်မင်းခေါင်၏ သမက်တော် အနော်ရထာစောကိုသတ်၊ နရမိတ်လှကို နန်းတင်၊ သမီးတော် စောပြည့်ချမ်းသာကို ယူကာ မိဖုရားမြှောက်သဖြင့် ၇၆၉ ခုနှစ်တွင် မင်းခေါင် ရောဝတီကြောင်း၊ တောင်ငူကြောင်း စစ်နှစ်ကြောင်းနှင့် အလုံးအရင်းချီကာ စစ်ဆင်သည်။ ရာဇာဓိရာဇ်က ပထမရွှေကျင်က ဆီး,ခံ၊ မခံနိုင်၍ ပဲခူးမြောက်ဘက် ပန်းကျော်သို့ ဆုတ်,ခံသည်။ မင်းခေါင် အကြိတ်အနယ်တိုက်သော်လည်း မရ။ ရိက္ခာလည်းပြတ်သဖြင့် အရေးတောင်းကာ မွန်အမတ်တစ်ကျိပ်၊ မြန်မာအမတ်တစ်ကျိပ်တို့ သစ္စာပြုမည် စီမံကြရာတွင် မွန်တို့ အကောက်ကြံ၍ မြန်မာတို့ကို ဖမ်းသတ်ရန် ကြိုတင်စီစဉ်ထားသည်ကို လဂွန်းအိမ်က မြန်မာတပ်မှူး မိုးညှင်းသတိုးအား "ယခုပြုသည့် သစ္စာသည် ဖြောင့်မည်ထင်သလား။ စစ်ထိုးရာတွင် သစ္စာရှိဖူးသည်မရှိ" ဟု ပြောလိုက်၍ မြန်မာတို့ သက်ာမကင်းဖြစ်ပြီး ပြန်သွား ကြသည်။

ဤအကြောင်းကို ရာဇာဓိရာဇ် ကြား၍ မေးသည့်အခါ လဂွန်းအိမ်က 'အကောက်ကြံခြင်းသည် သူယုတ်တို့ အကြံမျှဖြစ်၍ နောင် သားတော်အစဉ် မြေးတော်အဆက် မတည်မကြည် မတော်မမှန်ဟု ဥဒါန်းမော်ကွန်း ဖြစ်ရစ်လိမ့်မည်ကို စိုး၍ ပြုလုပ်ကြောင်း' ဖြေဆို လျှောက်ထားလေသည်။

လဂွန်းအိမ်၏ သတ္တိကို သူ့စကားဖြင့် ချင့်ထောက်နိုင်လောက်ပေသည်။ သူသည် ရိုးသားဖြောင့်မတ်သူဖြစ်သည့်အတိုင်း အကောက်ကြံခြင်းကို လက်မခံနိုင် ဖြစ်ပုံရသည်။ ဖြောင့်မတ်သူတို့၌ သတ္တိရှိတတ်ကြောင်းလည်း မြင်နိုင်





ပါသည်။

ဆရာသော်တာဆွေ၏ ဝတ္ထုတစ်ပုဒ်ထဲက သူကြီးသည် ဖြောင့်ဖြောင့်မတ်မတ် ကျင့်နေစဉ်က တစ်နယ်လုံးက ဖိန့်ဖိန့်တုန်ရသော လူဆိုးဗိုလ်တွေကတောင် ကြောက်ရလောက်အောင် သတ္တိကောင်းခဲ့သည်။ မဖြောင့်မမတ်ကျင့်မိလာသောအခါ ဆင်းရဲနုံချာလှသည့်မုဆိုးမကြီး၏ အဆဲအဆိုကိုသော်မှ တုပ်တုပ်မျှ မလှုပ်ဝံ့ဘဲ ငြိမ်ခံနေရလေသည်။

ဗိုလ်ချုပ်အောင်ဆန်း အမျိုးသားခေါင်းဆောင်အဆင့်အထိ ရောက်သွားခြင်းမှာ သူနှင့် လုပ်ဖော်ကိုင်ဖက် အခြားလူငယ်တွေမှာ မျိုးချစ်စိတ် စသည့် အရည်အချင်းတွေ သူ့လိုမရှိသောကြောင့်မဟုတ်၊ သူ့မှာ အခြားသူတို့ လိုက်မမီနိုင်လောက်သည့် 'ရိုးသားဖြောင့်မတ်ခြင်း' အရည်အချင်း ရှိနေသောကြောင့်ပင်။ ထိုအရည်အချင်းကြောင့်ပင် ဂျင်နရယ်ဆလင်းလို ပုဂ္ဂိုလ်ကြီးကို ရဲရဲဝံ့ဝံ့ ပွင့်ပွင့်လင်းလင်း ပြောရဲခြင်း ဖြစ်၏။ အိတ်ကပ်ထဲမှ ဖောင်တိန်ကို ဆွဲလှ၍ သရုပ်ပြရဲခြင်း ဖြစ်သည်။ ဖြောင့်မတ်ခြင်းသည် သတ္တိကို ပေးနိုင်သည်။ မင်းတုန်းမင်းက သူ့ခမည်းတော် သာယာဝတီမင်းက ဦးဖိုးလှိုင်၏ ဖခင်ယောမင်းကြီးကို ထိုးသတ်ခဲ့သည့် လှံကို ပြ၍ ဦးဖိုးလှိုင်ကို ခြိမ်းခြောက်မေး မေးစဉ် ဦးဖိုးလှိုင်က 'ထိုးတော်မူပါဘုရား' ဟု ပြန်လျှောက်ဝံ့ခြင်းမှာလည်း ဖြောင့်မတ်ခြင်းက လာသော သတ္တိကြောင့်ပင် ဖြစ်ပါသည်။

ရိုးသားဖြောင့်မတ်သူတို့သည် အကောက်၊ အလိမ် ကင်းသဖြင့် သူတို့၏ လိပ်ပြာသည် အစဉ်ရှင်းသန့်နေသောကြောင့် ထိုသတ္တိမျိုး ရလာသည်ဟု ဆိုချင်သည်။ ထိုသတ္တိသည် ဉာဏ်နှင့် ဝီရိယသာ ကူလျှင် လိုရာကိုလည်း ရအောင် ဖန်တီးနိုင်စွမ်း ရှိသည်။ ကြုံရာအခက်အခဲကိုလည်း ကျော်လွှားနိုင်စွမ်း ရှိသည်။ ရှေးကံမလှ၍ဖြစ်စေ၊ ပစ္စုပ္ပန် ဝီရိယနည်း၍ ဖြစ်စေ၊ ဆင်းရဲသော ဘဝ ရောက်သော်တောင်မှ မကျပ်တည်းနိုင်။ အများသောလူတို့သည် ဆင်းရဲသော် တစ်ပါတည်း ကျပ်တည်းသွားတတ်ကြသည်။ ရိုးသားဖြောင့်မတ်သူကို လူအများက ယုံကြည်သည်ဖြစ်ရာ ယုံလျှင် အတန်အလျောက်တော့ ချေးငှား၍ ရသည်သာတည်း။

တကယ်တော့ ရိုးသားဖြောင့်မတ်သူတို့သည် သူဌေးကြီးမဖြစ်သေးဘဲ ထားဦး။ ချွတ်ခြုံကျ ဆင်းရဲခြင်းသို့ကား ရောက်ခဲလှပါသည်။ ရိုးသားဖြောင့်



www.burmeseclassic.com

www.burmeseclassic.com



မဲတ်ခြင်းသည် လောကီကိစ္စတို့ကို ချမ်းသာစွာ ပြီးစီးစေနိုင်ပြီး မဂ်စခန်း၊ ဖိုလ်စခန်းသို့ တက်လှမ်းမည်ဆိုလျှင်လည်း အခြေခံလှေကားတစ်ထစ်တော့ နင်းမိပြီးသား ဖြစ်ပါသည်။

အရိယာသံဃာတော်တို့ သံဃဂုဏ် ၉ ပါးထိုက်ကြခြင်းမှာ ဘုရားဟောဓမ္မ, ဝိနယကို ရိုသေစွာ နာခံမှတ်သား၍ ရိုးဖြောင့်စွာ ကျင့်ခြင်းကြောင့်သာ ဖြစ်သည်။ ဥဇုပ္ပဋိပန္နဂုဏ်မရှိက ဉာယပ္ပဋိပန္နဂုဏ်ရဖို့ ခက်ပါသည်။ မြင်းခြံကိုးဆောင် တိုက်ဆရာတော်ဘုရားကြီး၏ ပရိတ်ကြီး နိဿယ ဘာသာပြန်အတိုင်း ဖော်ပြလျှင်–

ဖိလာရှေ့နောက် ကွေ့ကောက်မျှောထုတ် သဘောဟုတ်သား ဂေါမုတ်သဖွယ် စ,လယ်,ဆုံးဖျား သုံးပါးသော ဒွါရတို့၌ ကောက်ခြင်း၊

စန္ဒ လေခ လရေးသဖွယ် အလယ်, အဖျား နှစ်ပါးသော ဒွါရတို့၌ ကောက်ခြင်း၊

နင်္ဂလ ကောဋိ၊ လောကီအသုံး ထယ်ထွန်တုံးကဲ့သို့ အဆုံးအဖျား တစ်ပါးသော ဒွါရ၌ ကောက်ခြင်း...ဟူသော အကောက်သုံးမျိုးစလုံးမှ လွတ်အောင် တစ်ဖြောင့်တည်း ကျင့်ပါမှသာလျှင် မဂ်ဉာဏ်သို့ ဆိုက်နိုင်၍ ဉာယပ္ပဋိပန္နဂုဏ်လည်း ထိုက်မည်။ အသက်ပင်သေသေ ဟူသော သာမီစိပ္ပဋိပန္နဂုဏ်လည်း အဓိပ္ပာယ်ရှိလာပါမည်။ သံဃ ဂုဏ် ၉ ပါးတွင် နောက်ဂုဏ် ၅ ပါးသည် ရှေ့ဂုဏ် ၄ ပါး၏ အကျိုးသာ ဖြစ်သည်။

မဂ်ဖိုလ်အလို့ငှာ တရားအားထုတ်ကြမည့် ပုဂ္ဂိုလ်တို့အတွက် အခြေခံရှိအပ်သော အင်္ဂါငါးပါး (ပဓာနိယင်္ဂတရားငါးပါး) ကို ဘုရားဟောထားတာလည်း ရှိပါသည်။ ထိုငါးပါးတွင် ရိုးသားဖြောင့်မတ်ခြင်းသည် တစ်ပါး အပါအဝင် ဖြစ်ပါသည်။ မေတ္တာသုတ်တွင်လည်း နိဗ္ဗာန်ချမ်းသာ လိုချင်သူတို့ ရှေးဦးရှိသင့်သော အချက်များကို ဘုရားက ညွှန်ကြားရာတွင် 'ဥဇုစ,သုဟုဇုစ' ဟူသော စကားဖြင့် ပုဒ်နှစ်ပုဒ်ဆင့်၍ အထူး အလေးအနက်ထား၍ ဟောပါသည်။ ရိုးသားဖြောင့်မတ်ခြင်းသည် လောကီကိစ္စမှာလည်း အရေးကြီး၍ လောကမှ ထွက်မြောက်ရေးကိစ္စမှာလည်း ပဓာနကျပါသည်။

ကျွန်တော်တို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်သည့်အလျောက် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုပင် မျှော်မှန်းအားထုတ်ကြရဦးမည်ဖြစ်ရာ ထိုကိစ္စတွင်လည်း





လက်ကိုင်ထားမှ ဖြစ်နိုင်သည့် ရိုးသားဖြောင့်မတ်မှု ကိုယ်ကျင့်တရားကို လောကီကိစ္စမှာလည်း ဘာကြောင့် မကျင့်သုံးအပ်ရှိမည်နည်း။

ယခုအခါ စာပေ၊ ရုပ်ရှင် စသည့် အနုပညာနယ်ပယ်တွင် မကြာမကြာ ဆိုသလို မရိုးသားသောလုပ်ရပ်များ ပေါ်လောပေါ်လာတတ်ကြတာတွေ တွေ့နေရသည်။ သူတစ်ပါးဝတ္ထု၊ ဆောင်းပါး၊ ကဗျာတို့ကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ခိုးချခြင်း၊ နိုင်ငံခြားဝတ္ထုကို (မှီးပါသည်ဟုလည်း ဝန်မခံဘဲ) ကိုယ့်ပင်ကိုလို ထင်အောင်ရေးခြင်း၊ ဝတ္ထုရေးဆရာ၊ သီချင်းရေးဆရာတို့၏ ဓာတ်လမ်း၊ သီချင်းတို့ကို ကာယကံရှင်ထံမှ ခွင့်ပြုချက်လည်း မတောင်း၊ အသိလည်း မပေး၊ လစ်သလို မိမိတို့ ရုပ်ရှင်၊ ဗွီဒီယိုဓာတ်ကားတို့တွင် ယူသုံးခြင်း စသည်တို့ ဖြစ်သည်။ ဖုံးမရ၍ စာမျက်နှာပေါ်မှာ ပေါ်လာသည့်အခါ သက်ဆိုင်သူတို့ ဘယ်လိုခံစားရမည်မသိ။ စာဖတ်သူများမှာ စိတ်မချမ်းသာလည်းဖြစ်ရ၊ အကုသိုလ်လည်း အဆစ်ပါကြရသည်။ ခိုးထုပ်နှင့် လူမိခံရသူလည်း မကောင်းသတင်း ကျော်စောရစ်တော့သည်။ ပြုသူမကောင်း၊ ဝန်းကျင်မချမ်းသာ ဖြစ်ရခြင်းမှာ မရိုးသား မဖြောင့်မတ်ခြင်းကြောင့်ပင် ဖြစ်ပါသည်။

ကျွန်တော်နှင့် နီးစပ်သူ ပုဂ္ဂိုလ်တစ်ယောက်သည် တစ်လျှောက်လုံး လူ့အများက လေးစား၊ ချစ်ခင်အောင် နေနိုင်ခဲ့ပါလျက် တစ်ခါသော် မရိုးဖြောင့်သောအမှုကို ပြုမိသဖြင့် ခင်မင်လေးစားရင်းရှိသူ မိတ်ဆွေများ၊ သူ့ဝန်းကျင်ကလူများ တဖြည်းဖြည်း ရှဲရှဲသွားကြရင်းက သူ့ဘဝသည် ကျဉ်းမြောင်း ကျဉ်းမြောင်းလာခဲ့ပြီး စီးပွားရေးလည်း ကျပ်တည်းလာကာ သေသည်အထိ ဆင်းရဲညှိုးငယ်စွာ နေသွားရလေသည်။ သူ့အဖြစ်ကို ကြည့်၍ ကျွန်တော် စိတ်မချမ်းသာ ဖြစ်ခဲ့ရသည်။

ရိုးသားဖြောင့်မတ်မှုနှင့် စပ်လျဉ်းရာတွေ တွေးရင်း ဆရာကြီး ဦးဘခင်အကြောင်း ခေါင်းထဲဝင်လာပါသည်။ ဦးဘခင်မှာ ကမ္ဘာအထိ ချဉ်းအောင်ထင်ရှားလှသူဖြစ်၍ ကျွန်တော် အကျယ်ချဲ့နေဖွယ် မရှိပါ။ ယခု သူ၏ ရိုးသားဖြောင့်မတ်ခြင်းကိုသာ ပြောလိုပါသည်။ ဆရာကြီးဦးဒွေးလှိုင် ရေးသော သူ့အတ္ထုပ္ပတ္တိထဲတွင် ဖတ်ရသည်မှာ ဒုတိယကမ္ဘာစစ်ကြီး မြန်မာသို့ပါ ကူးလာသောအခါ စစ်မှ လွတ်ရာ ပုန်းရှောင်ကြရသည်။ ဆာပေါ်ထွန်းအစိုးရအောင် ဆင်း



www.burmeseclassic.com

www.burmeseclassic.com



မလားရောက်လေပြီ။ ဆရာကြီး ဦးဘခင်သည် ထိုအချိန်က မန္တလေးဘူတာကြီးမှ သူတာဝန်ယူရသော ငွေကြေးများကို သက်ဆိုင်ရာသို့လည်း အပ်ဖို့ မဖြစ်သဖြင့် သူနှင့်အတူ ယူသွားရာ စစ်ပြီး၍ အင်္ဂလိပ်အစိုးရ ပြန်ဝင်လာသောအခါ မူး–ပဲမျှမတိမ်းဘဲ အတိအကျ ပြန်အပ်ခဲ့သည်ဟု ဆိုသည်။ သူ၏ ဖြောင့်မတ်ခြင်းသီလဂုဏ်ကား ကြည်ညိုဖွယ် ရှိလှပါသည်။

ဆရာကြီးနှင့် ခပ်ဆင်ဆင် သာဓကတစ်ခုကိုပါ တစ်ဆက်တည်း တင်ပြပါဦးမည်။ ကျွန်တော်တို့၏ ငယ်ဆရာတစ်ဦးဖြစ်သော ဆရာဦးပြုံးသည် လွန်ခဲ့သော အနှစ်နှစ်ဆယ်လောက်က သူအငြိမ်းစားယူသော် သူ့အတန်းခန်းထဲရှိ ဘီရိုထဲမှ ငါးပြားစေ့၊ ဆယ်ပြားစေ့မှသည် ကျပ်တန်၊ ငါးကျပ်တန်အထိ ငွေကြေးများကို စနစ်တကျ ရေတွက်၍ ကျောင်းသို့ အပ်နှံသွားခဲ့သည်။ ထိုငွေများသည် ကလေးတွေအား ကျောင်းသုံးစာအုပ်များ ရောင်းချိန်၌ အကြွေအခန့်မသင့်၍ ပြန်မအမ်းနိုင်သော တစ်မတ်၊ ငါးမူး...စသည့် ပိုငွေများကောက်ရသော ပိုက်ဆံကို ကလေးတွေက လာရောက်အပ်နှံ၍ လက်ခံထားခဲ့သောငွေများ ဖြစ်သည်။ သူပိုင်ငွေမဟုတ်ဆိုကာ အပ်ခဲ့ခြင်း ဖြစ်ပါသည်။ ငွေကျပ် ၃၀၀ နီးပါးဖြစ်သည်။ ထိုငွေကို ကျောင်းက ဆရာ,ဆရာမများက သူတို့၏ ငွေစုငွေချေးအသင်း မတည်ငွေရင်းထဲ ထည့်ထားရာ ပထမနှစ်အတိုးသည် နောက်နှစ်အတွက် အရင်းပြန်ဖြစ်၊ အတိုးရ၊ အရင်းပြန်ဖြစ်နှင့် တိုးပွားလာရာ ယခုအခါ သောင်းချီ၍ ရှိလာခဲ့သည်။ ထိုငွေထဲမှ အုတ်ရေကန်ကြီးတစ်လုံး တည်ဆောက်ပြီးပြီ။ သောင်းဂဏန်းလက်ကျန် ရှိနေသေးသည်။

ဆရာကြီး ဦးဘခင်ကိုသော် လည်းကောင်း၊ ဆရာဦးပြုံးကိုသော်လည်းကောင်း သူတို့ အပ်နှံခဲ့သည့် ငွေများကို မအပ်လျှင် ဘယ်သူကမျှ အရေးယူဖွယ်မရှိကြောင်း စာဖတ်သူများလည်း တွေးမိပါလိမ့်မည်။

ဆရာကြီးဦးဘခင်သည် ကမ္ဘာသိသော ဝိပဿနာနည်းပြဆရာကြီး ဖြစ်သည်။ ဆရာဦးပြုံးသည် စမတောင်တော်ဂေါပက၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သွားသူ ဖြစ်သည်။ ထိုဆရာကြီးနှစ်ဦးစလုံး ယခု မရှိကြတော့ပါပြီ။ သို့ရာတွင် သူတို့၏ ဖြောင့်မတ်သော လုပ်ရပ်ကို ကြားသိ၊ မြင်တွေ့ရသဖြင့် ကျွန်တော့်မှာ ဝမ်းမြောက်၊ ချမ်းသာ ဖြစ်ရသည်။ သာဓု အနုမောဒနာ ခေါ်ရ၍ ကုသိုလ်တိုးရသည်။ ပြုသူများလည်း အသက်ထက်ဆုံးသာမက နောင်





သံသရာအတွက်ပါ အကျိုးရသည်။ ပြုသူလည်းကောင်း၊ ဝန်းကျင်လည်း ချမ်းသာဖြစ်ရသည်မှာ သူတို့၏ ရိုးသားဖြောင့်မတ်မှုကြောင့် ဖြစ်ပါသည်။

ကျွန်တော်သည် မငယ်လှတော့ပြီ ဖြစ်၍ ထိုထို ဆိုး,ကောင်း သာဓကများကို တွေးမိကာ မိမိကိုယ်ကို မကြာမကြာ စစ်မေးမိပါသည်။ 'မင်းကော ရိုးသားဖြောင့်မတ်ရဲ့လား'။ ထိုအခါ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်တွေ့သည်မှာ အထိုက်အလျောက်တော့ 'ရိုးဖြောင့်'သူ ဖြစ်သည်ဟူသည့်အချက် ဖြစ်သည်။

ကျွန်တော် သူတစ်ပါးအပေါ် အကောက်ကြံခဲ့ဖူးခြင်းကို မမှတ်မိပါ။ ကျွန်တော့်ငွေစုစာရင်းထဲသို့ နာမည်တူပုဂ္ဂိုလ်က သူစာရင်းထဲသို့ ထည့်ဖို့ သွင်းသည့်ငွေကို ဘဏ်က စာရင်းမှားထည့်ထားသည် တွေ့ရသဖြင့် ဆိုင်ရာ ငွေစုဘဏ်မန်နေဂျာထံ သွားရောက်၍ အမှန်အတိုင်း 'ထည့်'ပေးရန် ပြောဖူးပါသည်။ လုပ်ဖော်ကိုင်ဖက်များကို ဖြစ်စေ၊ အထက်လူကြီးကိုဖြစ်စေ လိမ်လည်ဖုံးကွယ်ပြောဆိုခြင်း မရှိခဲ့။ အလုပ်ပြုတ်၊ ထောင်ကျနိုင်သည့်ကိစ္စများ တစ်ကြိမ်မက ပြုဖူးသော်လည်း မိမိအထက်လူကြီးများအား လိမ်လည်ဖုံးကွယ်ခြင်း မရှိ။ အမှန်အတိုင်းပင် ပြောဆိုခဲ့ဖူးသည်။ တစ်နည်းဆိုလျှင် ကျွန်တော်သည် 'ဖြောင့်' သင့်သလောက် 'ဖြောင့်'ခဲ့သဖြင့် ကျွန်တော် အလုပ်မပြုတ်၊ ထောင်မကျခဲ့သည့်ပြင် ကျွန်တော်နှင့် ဆက်ဆံသူ အတော်များများက အဆိုးထဲက အကောင်းကို ထုတ်၍မြင်ကာ ခင်မင်မေတ္တာမပျက် ဆက်ဆံခြင်းခံရသည့် အကျိုးများ ရခဲ့ပါသည်။ တစ်နည်းထပ်၍ ဆိုရလျှင် ကျွန်တော်သည် မဟုတ်တာတွေ လုပ်ခဲ့သော်လည်း မမှန်တာ မပြောသဖြင့် 'ဖြောင့်' သည်ဟု နားလည်ကာ ကျွန်တော်တည်းဟူသော 'ဒင်္ဂါးအ'ကလေးကို 'ပန်း'ဘက်( )သာ မကြည့်ကြဘဲ 'ခေါင်း' ဘက်ကပါ လှန်ကြည့်ကြ၍ ကျွန်တော် ယခုအခြေအထိ ရပ်တည်နိုင်ခဲ့ပါသည်။

ကျွန်တော်သည် 'ဖြောင့်' သင့်သလောက် ဖြောင့်ခဲ့ပြီး 'မတ်'သူကား မဟုတ်ခဲ့ကြောင်း ကျွန်တော့်ကိုယ် ကျွန်တော် ပြန်တွေ့ပါသည်။ အခက်အခဲကြုံလျှင် မယိုင်မရွေ့နှင့် ခိုင်ခိုင်မတ်မတ်ထားကာ ကောင်းမွန်မှန်ကန်သော နည်းဖြင့် ပြဿနာ၏ အဖြေကို မရှာဘဲ လောင်းကစားနည်းလိုဟာမျိုးဖြင့် အဖြေရှာချင်သဖြင့် 'အတ္တသမာပဏ်ိမိ' ပျက်ယွင်းခဲ့ရလေသည်။

ကိုယ်ကျင့်တရားကို မယိုင်မရွဲ့စေအောင် ထိန်းနိုင်သော အတ္တသမာ



www.burmeseclassic.com

www.burmeseclassic.com



ပဏ္ဍိမိ' မင်္ဂလာသည် လွန်စွာ လိုအပ်ပါသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း သမိုင်းတွင် ယခု သူရနေသောနေရာသို့ ရောက်ခဲ့ခြင်းမှာ သူ့ကဗျာတွေ၊ စာတွေကြောင့်ချည်းမဟုတ်။ သူ့မျိုးချစ်စိတ်ကြောင့်ချည်း မဟုတ်။ သူ့ထက် စာတတ်သည့် လယ်တီပဏ္ဍိတတို့ ရှိသေးသည်။ သူ့လို မျိုးချစ်စိတ်ရှိသူတွေ အများပင် ရှိသေးသည်။ သူ့စာတွေ ကဗျာတွေနှင့် သူ့မျိုးချစ်စိတ်ကို 'အတ္တသမာပဏိဓိ'က အထွတ်တင်ပေးလိုက်သောကြောင့် သူ့သမိုင်းတွင် လက်ရှိနေရာသို့ ရောက်နေခြင်း ဖြစ်သည်ဟု ကျွန်တော် တစ်ယစ်ချ ယုံပါသည်။

ထို့ကြောင့် 'ဖြောင့်'ရုံနှင့် မလုံလောက်သေး။ 'မတ်'ဖို့ပါလိုသည်ဟု ကျွန်တော့်ဘဝကိုယ်တွေ့အရ ကောက်ချက်ချလိုက်ချင်သည်။

အရာရာကို ရိုးရိုးတည့်တည့်ကလေး တွေးမြင်၊ ဖြောင့်ဖြောင့်ပင် ပြောဆိုလုပ်ကိုင်ကာ မိမိကိုယ်တိုင် မတ်မတ်ကလေး ထားနိုင်သည့် အခြေရောက်အောင် ကျွန်တော် ကြိုးစားရပါဦးမည်။ စာဖတ်သူ သင်လည်း စိတ်ပါတယ်ဆိုရင် အတူတူ အားထုတ်ကြည့်ကြပါစို့လား။ ။

အမှတ် (၉၀)
မြားနတ်မောင်မင်္ဂလာမဂ္ဂဇင်း၊
နိုဝင်ဘာလ၊ ၁၉၉၀



# ကြီးခြင်း၊ ငယ်ခြင်း

ကျွန်တော့်စာခေါင်းစဉ်ကို မြင်လိုက်တော့ အကြီး၊ အငယ်ကိစ္စတွေ ဘာများ ပြောဦးမည်နည်းဟု ထင်မိကောင်း ထင်မိကြမည်။ ဟုတ်ပါသည်။ ပြောမှာကတော့ အကြီးနှင့် အငယ် စပ်ရာတွေပါပဲ။ ယခုတလော ကျွန်တော့် ခေါင်းထဲမှာ အကြီးအငယ်ကိစ္စတွေ အတော်ကလေး ဝင်နေပါသည်။ အကြီးအငယ်ကိစ္စတွေဟု ဆိုလိုက်သဖြင့် အတွေးတစ်မျိုး မရောက်ကြစေချင်ပါ။ ကျွန်တော့်မှာ အကြီးဆိုလည်းသူ၊ အငယ်ဆိုလည်းသူ၊ မြေးနှစ်ယောက်တို့၏ အဘွား သူ့တစ်ယောက်တည်းသာ ရှိပါသည်။ အဲဒီအကြီးအငယ်ကိစ္စမျိုးကို မဆိုလိုပါ။

သားအကြီးက အောက်ပြည်အောက်ရွာ ရန်ကုန်မှာ။ သားအငယ်က ကမ္ဘောဇဒ္ဓာနီ ရှမ်းပြည်နယ်မှာ။ သမီးအကြီးက ဖတ်ဆိုး မြေးအကြီးကလေး တစ်ယောက်၊ အငယ်ကလေးတစ်ယောက်နှင့် အထက်အညာ မန္တလေးမှာ။ အဘွားက သူ့မြေးများ သွားထိန်းပေးနေရတော့ သမီးအငယ်သာ ကျွန်တော့်အနားမှာ။ သား–သမီးတွေ တစ်မြို့နယ်စီမှာ သင့်သလိုသာ နေနေကြရတော့ ကျွန်တော့်မှာ တစ်ခါတစ်ရံ ဟိုလှမ်းပူ ဒီလှမ်းပူဖြစ်ရ။ ပူချင်လို့သာ ပူရသော်ငြား သင်္ဘောစမ္မအမှန် အနေကတော့ သဗ္ဗေသတ္တာ ကမ္မသကာပါပဲ။ ဘာမှ မတတ်နိုင်။ တတ်နိုင်တာလေးကိုသာ သူတို့ဆီ ပို့ပို့ပေးနေရ၊ ကုသိုလ်ကတော့ ရပါသည်။ ကျွန်တော့်အဖေ မသေခင်က ပြောခဲ့ဖူးသည်။ "ငါ့သားတွေက ဟို



www.burmeseclassic.com

www.burmeseclassic.com



ရောက်၊ ဒီရောက်ဆိုတော့ အမေ့မှာ မေတ္တာကို တစ်ပြည်လုံး အနှံ့လိုက်ပို့နေတာနဲ့ ကုသိုလ်တော့ ရသပေ့”တဲ့။

အဲဒီလို သားကြီး၊ သားငယ် သမီးကြီး၊ သမီးငယ်, မြေးကြီး၊ မြေးငယ်တို့၏ နေရေးထိုင်ရေးအတွက် ခေါင်းထဲဝင်လာရင်း ကြီးခြင်း၊ ငယ်ခြင်းသဘောတွေ လျှောက်စဉ်းစားနေမိသည်။

အရင်မွေးသည့်သားက နောက်မွေးသည့်သားနှင့်စာလျှင် ကြီးပါသည်။ ကျွန်တော်နှင့် ယှဉ်လျှင်တော့ ငယ်မည်ပေါ့။ ထို့အတူ သမီးအကြီး၊ မြေးအကြီးတို့ ဆိုရာတွင်လည်း သူတို့အောက် သမီး၊ မြေးတို့နှင့်စာလျှင်သာ အကြီးအရာသို့ ရောက်ကြပါသည်။ အကယ်၍သာ ကျွန်တော့်မှာ သားလည်း တစ်ဦးတည်း သမီးလည်း တစ်ဦးတည်း၊ မြေးလည်း တစ်ဦးတည်းသာ ရှိပါမူ ယခုလို အကြီးအငယ် ခွဲပြောနေဖွယ်ရှိမည် မဟုတ်ပါ။ အိန်စတိန်းသည် သူ၏ နှိုင်းရ ဓမ္မလို့ အပြောများကြသည့် 'ရီလေး တီဗီတီးသီဝရီ'ကို ဘယ်အခြေခံပေါ် စိတ်ကူးရပြီး ပြောခဲ့သည်ကား မသိ။ တကယ်တော့ သမုတိနယ်အတွင်း၌ ဘယ်အရာမှ ဇကန်–ဧကေ မှန်လှပြီဟု မဆိုသာ။ တစ်ခုလောက် မသေးတာကို 'ကြီးသည်'ဟု ပညတ်ကြပြီး အဲဒီတစ်ခုခုလောက် မကြီးတာကို 'ငယ်သည်' ဟု သမုတ်ထားခြင်းမျှသာ ဖြစ်၏။ အိန်းစတိန်း၏ သီဝရီအရ 'အရှည်'မရှိလျှင် 'အတို' မရှိနိုင်သလို အတိုမရှိကလည်း အရှည်မရှိနိုင်ပါ။ သူ့တစ်ခုတည်း သက်သက်ကား 'ကြီးခြင်း'၊ 'ငယ်ခြင်း' ဟူသော ဂုဏ်ကိုသော် လည်းကောင်း၊ 'ရှည်ခြင်း'၊ 'တိုခြင်း'ဟူသော ဂုဏ်ကိုသော် လည်းကောင်း မဆောင်ယူနိုင်ကြပါချေ။

သို့ပင်ဖြစ်ပါသော်လည်း သမုတိနယ်အတွင်း၌ ပညတ်တွေကို ပစ်ပယ်ခြင်းငှာ အလျဉ်းမဖြစ်နိုင်လေသဖြင့် ကြီးခြင်း၊ ငယ်ခြင်း ဝေါဟာရစကားတွေကို လက်ခံထားကာ သုံးစွဲကြရပါသည်။ မြန်မာစကား 'ကြီး'နှင့် 'ငယ်'တို့သည် အရွယ်အစား၊ အသက်အရွယ်တို့သာမက နေရာသဘော၊ ဌာနသဘောတို့မှာလည်း အနက်အဓိပ္ပာယ် ဟောနိုင်သော ဝေါဟာရများ ဖြစ်သည်။ မြင်သာသော ရုပ်အခြေအနေကိုသာမက စိတ်အခြေအနေကိုလည်း ဖော်ပြနိုင်သော စကားများ ဖြစ်ကြပါသည်။ အနက်အတွေအပြား ဟောနိုင်သလိုပင် 'ကြီးခြင်း'မှ ကောင်းသောဂုဏ်ဆောင်၍ 'ငယ်ခြင်း'က ညံ့သော ဂုဏ်ဆောင်သည်





ဟုလည်း တစ်သမတ်တည်း ကောက်ယူ၍ မရသော စကားများလည်း ဖြစ်ပါ၏။ အချို့နေရာ၌ ကြီးခြင်းက ကောင်းနေပြီး အချို့နေရာ၌ 'ငယ်ခြင်း'ကသာ ကောင်းသည်လည်း ရှိပြန်၏။

ယခု ကျွန်တော် အိမ်ပြန်မဆောက်နိုင်၍ ဖြစ်သလိုကလေး နေနေရသည်။ အခန်းဟူ၍ပင် ဖွဲ့ထားတာမရှိသော ကျွန်တော့်အိမ်ကလေးသည် အမေရိကန် သမ္မတတို့ ရုံးထိုင်စံမြန်းသည့် အိမ်ဖြူတော်နှင့် နှိုင်းစရာပင် မလိုလောက်အောင် သေးငယ်လှပါပေသည်။ အိမ်ဖြူတော်က အခန်းပေါင်း (၁၃၀) ရှိသည်ဆို မဟုတ်လား။ ဘရူးနိုင်း ဘုရင်၏ နန်းတော်က အခန်းပေါင်း ၂၆၀ ကျော်သေးပြန်သည်ဆိုတော့ အိမ်ဖြူတော်ထက်ပင် ကြီးသည်ဟု ဆိုရမည်။ ထိုသို့သော သမ္မတများ၊ ဘုရင်များ၊ စော်ဘွားများ၊ ဝန်ကြီးချုပ်များ အစရှိသူတို့ ထိုကဲ့သို့ ကြီးကျယ်ခမ်းနားသော စံအိမ်၊ နန်းတော် စသည်တို့တွင် နေနိုင်ကြခြင်းမှာ သူတို့၏ ရှေးဘုန်း ရှေးကံများမှာ ကျွန်တော့်ထက် ကြီးကြပေသောကြောင့် ဖြစ်သည်။ ကျွန်တော် ဝန်တိုစရာ မလိုပါ။ ဘုရင်များ, သမ္မတများသည် သူတို့နိုင်ငံမှာ သူတို့အကြီးဆုံးပုဂ္ဂိုလ်တွေဟုသာ ဆိုရမည်။ အရာဝတ္ထုတို့သဘောတွင် 'ကြီး'လျှင် 'ကျယ်'ရွာ နေရာယူတတ်သကဲ့သို့ပင် လူတို့တွင်လည်း 'ကြီး'လျှင် 'ကျယ်'တတ်ပါသည်။ သူတို့၏ ကြီးကျယ်ခြင်းကို ကျွန်တော်က 'ရှင်ဘုရင်တစ်ခါထွက် ပဲကြီးတစ်လှေချက်'ဟု မေးငေါ့နှာခေါင်းရှုံ့ဖွယ် မရှိပါ။ သူ့ဘုန်း၊ သူ့ကံကို မုဒိတာပွားရုံမျှသာ ရှိ၏။ သို့ရာတွင် သူတို့၏ 'ကြီးကျယ်' ခြင်းကို ကြည့်ပြီး ကျွန်တော်က 'သိမ်ငယ်' နေစရာမလိုဟုလည်း ထင်ပါသည်။ ကျွန်တော်သည် ကျွန်တော့် 'အိမ်တော်'၊ 'နန်းတော်'ကို စောင့်ဖို့ လုံခြုံရေး၊ အစောင့်တွေ ခန့်ထားဖို့ အလုပ်မရှုပ်ရသည့်အပြင် မနက်စောစော ကလေးပေါက်စလေးတွေကို စာသင်ပြီးလျှင် တံခါးမရှိသော အိမ်ကလေးကို ပိတ်စရာမလိုဘဲ ပစ်ထားခဲ့ကာ လက်ဖက်ရည်ဆိုင်တွေမှာ ကြိုက်သလောက် သွားထိုင်နေနိုင်ပြီး ပြန်ချင်သည့်အချိန်မှ ပြန်လာလို့ရပါသည်။ ပညာရှိ သူခိုးတို့ကလည်း ဦးတင်ဦးအိမ်မှ ဘာမှ မက်လောက်စရာ မရနိုင်မှန်း သိကြလေသဖြင့် ခိုးယူဖို့ အားမထုတ်ကြသည့် အားလျော်စွာ ကျွန်တော့်အိမ်မှာ သူခိုးဖမ်းကိရိယာ 'ဒီတက်တာ'တွေ ဘာတွေလည်း တပ်ဆင်ထားဖို့ မလိုပါပေ။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမငြိသော လောကကြီးတွင် တစ်ချိန်က ကမ္ဘာမြေကြီး၏ ခြောက်ပုံတစ်ပုံ အကျယ်ကို နေရာယူ၍ ရေိယာအရ ကမ္ဘာ့အကြီးဆုံးနိုင်ငံ ဖြစ်ခဲ့သော ဆိုဗီယက်ယူနီယန်နိုင်ငံကြီးသည် အစိတ်စိတ် ကွဲသွားလေသဖြင့် ယခု နံပါတ်တစ်နေရာက လျှောကျသွားပြီ ထင်ပါ၏။ သို့သော် ‘ဆင်ပိန်ကျွဲလောက်’ ဆိုသကဲ့သို့ ရုရှားကျွဲကြီးသည် မိုနာကိုနိုင်ငံလေးထက်တော့ အဆရာထောင်ကြီးနေပါလိမ့်ဦးမည်။ ကြီးမားလှသည့် နိုင်ငံကြီးများသည် မိုနာကို နိုင်ငံကလေးလောက်မှ စိတ်အေးချမ်းသာ နေနိုင်ကြပါမလားဟု တစ်ခါတစ်ခါ စဉ်းစားမိသည်။

သို့ရာတွင် လူတို့၏ သဘာဝမှာ ကြီးသထက်ကြီးချင်ကြသည်သာ ဖြစ်သည်။ ဘုရင်မင်းခေါင်လက်ထက်က မဏိပူရ ကသည်းဘက်၌ မကြာခဏ ပင် နယ်ခြားပြဿနာဖြစ်တော့ မကြာခဏပင် သွား,သွားတိုက်ရသည်။ ဘုရင်က သတ်သတ်မှတ်မှတ် နယ်ခြားကျောက်တိုင် စိုက်ထားရလျှင် ကောင်းမလားဟု ဝန်ဇင်းမင်းရာဇာကို တိုင်ပင်သည်။ နောင် ဘုန်းလက်ရုံး ကြီးမားသော သား, မြေး, မြစ်တို့ ပေါ်ပေါက်ခဲ့သော် အပြစ်မြင်စရာ ဖြစ်မည်ဆိုကာ ကန့်ကွက်ခဲ့သည်။ ကိုယ့်နိုင်ငံ ကြီးခွင့် အခြေအနေကြုံက ကြီးခွင့်မရမှာစိုး၍ ကန့်ကွက်ခဲ့ခြင်းပေပင်။

ဒုတိယကမ္ဘာစစ်အပြီး၌ တက်လာကြသော အမေရိကန်သမ္မတ အဆက်ဆက်တို့သည် သူတို့၏ မဲဆွယ်ပွဲများ၌ စကားလုံးအမျိုးမျိုးကို ရွေးချယ်၍ သူတို့၏ ပေါ်လစီမိန့်ခွန်းများကို တစ်ဦးနှင့်တစ်ဦး မတူအောင် ဘယ်လိုပင် ဟောပြော၊ ချပြ စည်းရုံးမဲဆွယ်ကြသည်ဆိုစေ အနှစ်သာရအားဖြင့် အိုင်စင် ဟောင်ဝါးချခဲ့သည့် လမ်းစဉ်အတိုင်း အမေရိကန်သည် ကမ္ဘာ့ပေါ်တွင် တန်ခိုးအကြီးဆုံးနိုင်ငံဖြစ်ရေးဆိုတာ၌သာ အခြေစိုက်ထားကြသည်ချည်း ဖြစ်ပါ၏။ ‘ပါဝါ’နှင့် ပတ်သက်လာလျှင် ‘ဆူပါ’ ထက်လွန်၍ ‘ဟိုင်ပါ’ အထိပင် ဖြစ်ချင်ကြသည်။

ထိုသို့ လူတို့သဘာဝ ကြီးသထက် ကြီးချင်ကြသည့်အတိုင်း အင်အားကြီးအောင်၊ သူတစ်ပါးတို့ မယှဉ်သာသည့် လက်နက်ကြီးကြီးတွေ၊ ဖျက်ဆီးနိုင်စွမ်း ကြီးနိုင်သမျှ ကြီးအောင်လည်း အားထုတ်တတ်ကြပါသည်။ လက်နက်ကြီးကြီးတွေ ထုတ်ရတာက မေတ္တာကြီးကြီးထားရတာလောက် မလွယ်၍ ဖြစ်





ဟန်တူပါသည်။ လက်နက်ကို စက်ရုံတည်၍ ထုတ်လို့ရသော်လည်း မေတ္တာကို ဘယ်လိုစက်ရုံတည်ပြီးထုတ်မှ ဖြစ်မည်ဆိုတာလည်း သိနိုင်သည် မဟုတ်ပေကလား။ အဲဒီလို ‘ကြီး’ ချင်ကြသူများသည် ကမ္ဘာကြီးထဲမှာ နေရသည်မှာ ‘ငယ်’ ရတာတော့ မကောင်းလှဟုပင် ဆိုရပေမည်။

ငယ်ရတာမကောင်းသော်လည်း အချို့နိုင်ငံများ တဖြည်းဖြည်း ငယ်ငယ်လိုက်လာကြပါသည်။ အိမ်ဝိုင်းကျဉ်းကျဉ်းကလေးထဲမှာ အိုခွဲသားသမီးတွေ တစ်အိမ်စီ တစ်အိမ်စီ ပြွတ်သိပ်ဆောက်ထားရင်း အချင်းချင်းလည်း မသင့်သည့် အခြေအနေမျိုးလို ဆိုက်နေသည့် ယူဂိုဆလပ်ပြဿနာသည် အေးသေးသည် မထင်။ လူတို့၏ သဘာဝမှာ ငယ်ကာမှ ငယ်စေ ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ် ကိုယ့်လူမျိုး သဘာဝအတိုင်း နေချင်ကြပြန်သည်။ ဝီလဆင်တို့ ချမှတ်ခဲ့သည့် ကိုယ့်ကံကြမ္မာ ကိုယ့်ဘာသာ လွတ်လပ်စွာ ပြဋ္ဌာန်းပိုင်ခွင့်မူအရ လူမျိုးစုတွေ အများနှင့် ဖွဲ့စည်းထားသည့် နိုင်ငံများမှာ လူမျိုးတစ်မျိုး၊ တစ်နိုင်ငံ ဖွဲ့စည်းခွင့်တွေ ပြုရင်း နိုင်ငံငယ်လေးတွေ သိပ်များလာသော် ကမ္ဘာ့အဖွဲ့အစည်းကြီးက ကိုင်ရတွယ်ရတာ ခက်လာလေမလားဟု ဘူထရို့စ်ဂါလီတို့လို တွေးပူသူအချို့ကလည်း တွေးပူကြသည်။ ဤသို့သော ကြီးမလား၊ ငယ်မလား၊ စဉ်းစားရွေးချယ်ရမည့်ကိစ္စများကတော့ ကျွန်တော်နှင့် တိုက်ရိုက် သက်ဆိုင်လှသည့် ကိစ္စများ မဟုတ်ကြပါ။

ယခု ကျွန်တော်နှင့် ဆိုင်နေသည့်ကိစ္စက ကျွန်တော့်သားများ၊ မြေးများနှင့်စာလျှင် ကျွန်တော်သည် အတော်ပင် ကြီးနေသည့်ကိစ္စ ဖြစ်သည်။ ကျွန်တော့် ငယ်စဉ်က သာဝတ္ထိကျောင်းနှင့် မွေးဇာတိရွာကို တစ်နေ့သွား-ပြန်လေးမေါက် ခြေကျင်လျှောက်၍ ကျောင်းတက်ခဲ့သည်။ ဆောင်းနံနက်ပိုင်း ကျောင်းဆင်းချိန်မျိုးဆိုလျှင် နေ့ကျောင်းချိန်မမီမှာ စိုး၍ နှစ်မိုင်လောက်ခရီးကို တစ်ကြိုးတည်း ပြေး၍ ထမင်းစားပြန်ရသည့်အခါမျိုး ရှိခဲ့သည်။ မကြာမီက အဖော်ညီတွေထဲက တစ်ဦးတည်းသော လက်ကျန် ဘထွေးကလေး မမာဘူးဆို၍ သာဝတ္ထိမှ ရွာသို့ သွားရာ အပြန်မှာ မလှုပ်နိုင်။ ကိုယ်လက်တွေ နာနေသည်။ ကျွန်တော့်အရွယ်မှာ အလောင်းစည်သူ တူရှင်းတောင်ခြေမှာ မြင်းစိုင်း၍ ကောင်းတုန်း။ အသက်က မအိုသေးပေမဲ့ ခန္ဓာကိုယ်က အိုနေသည်။ သည်အခါ ‘ကြီး’ ရတာ မကောင်းဟု သဘောပေါက်မိသည်။ ဒုက္ခသစ္စာ၏ ဝိပရိဏာမသဘောတွေ



www.burmeseclassic.com

www.burmeseclassic.com



ထင်မြင်လှ၍ကားမဟုတ်။ မကျန်းမာတော့ဇရာသဘောကို စောကြောမိခြင်းမျှဖြစ်သည်။ ဇရာဆိုသည်မှာ အသက်ကြီးခြင်း သက်သက်ကို ဆိုသည်မဟုတ်။ ခန္ဓာကိုယ် ပျက်ပျက်လိုက်ခြင်းကို ဆိုသည်ထင်ပါ၏ သို့နှယ် တွေးဖြစ်သည်။ တစ်ရက်တည်း တစ်ချိန်တည်း ဝယ်သည့်ကားချင်းပင် တူလင့်ကစား ရှိရှိသေသေ ကိုင်တွယ်သုံးသော ကားက နှစ်ချင်းတူဦး သုံးလို့ ကောင်းဆဲ။ ပစ်စလက်ခတ် အသုံးခံရသည့်ကား ဇရာဖိစီးမှုများပြီး အပျက်များသလိုပင်ထင့်။

သို့နှယ်တွင် တွေးမိပြီး ကြီးလာအိုလာသော ကျွန်တော်သည် ၂၁ ရာစုနှစ်ထဲမှာ ကျွန်တော့်မြေးကလေးများနှင့် 'တော့ဖလာ'ဘယ်လို နပန်းချကြမလဲ၊ ကျွန်တော် ကောင်းကောင်းမြင်ရတော့မည် မထင်ပါ။ မြေးများက တော့ဖလာ့ လှိုင်းလုံးတွေပေါ် မြောက်တက်ကာ မိုးကို ဒူးနဲ့ တိုက်ပစ်မလား၊ တော့ဖလာ့ လှိုင်းလုံးတွေကြားမှာ မွန်းကျပ်၍ပဲနေမလား...ကျွန်တော် မခန့်မှန်းနိုင်ပါ။ ငယ်ချင်သေးသော်လည်း ကျွန်တော် ငယ်မရတော့ပါ။

အခုတော့ ငယ်မရတော့မှန်း သိနေသဖြင့် 'အသက်ကြီးတော့ တစ်နည်းသာ' ဆိုတာနှင့်ပင် မြေးများကို အထက်စီးယူရပေတော့မည်။ အသက်ငယ်သူထက်တော့ အသက်ကြီးသူက အတွေ့အကြုံများသဖြင့် တိုင်းထွာဆင်ခြင်ရာတွင် ငယ်သူထက်သာတာလေးတွေ ရှိပါသည်။ အမေရိကန်သမ္မတတွေထဲတွင် ကနေဒီသည် ငယ်ငယ်ရွယ်ရွယ်နှင့် သမ္မတဖြစ်ခဲ့ သူပင်။ သမ္မတဖြစ်ချိန်တွင် ၄၃ နှစ်သာ ရှိသေးသည်။ သူ့အောက်ငယ်သူဆို၍ သီအိုဒိုရုစဗဲ့ (၄၂ နှစ်) သာ ရှိခဲ့သည်။ ငယ်ပင်ငယ်သော်လည်း သမ္မတလေးဆယ်ကျော်တွင် တော်သူတွေကို တန်းစီပါက ကနေဒီသည် နံပါတ် ၁၀ အတွင်းလောက် ချိတ်နိုင်သူဖြစ်ပါသည်။ သို့ပင်ဖြစ်သော်လည်း ကျူးဘား ဒုံးပျံအရေးအခင်းတွင် အမေရိကန်နိုင်ငံဆိုင်ရာ ဗြိတိသျှ သံအမတ်ကြီး 'အွမ်ပွန်ဘီ' ၏ အကြံဉာဏ်သာ မရခဲ့ပါက ပြဿနာမှာ တစ်မျိုးဖြစ်သွားနိုင်သည်။ ကနေဒီက မြေပြင်၊ ဝေဟင်၊ ကြိုပ်တုတို့မှ ပေးပို့သော ဓာတ်ပုံတို့အရ ကရုရှက်၏ ဒုံးပျံတင်သင်္ဘောများ မြောက်ပင်လယ်ထဲသို့ ရောက်လာပြီဆိုသည်ကို အခိုင်အမာ သိထားပြီးဖြစ်၍ ထိုအချိန်ကတည်းက ရုရှားအား ရာဇသံပေးကာ ပြဿနာကို ကိုင်တွယ်ချင်ခဲ့သည်။ ထိုသို့ လုပ်လိုက်လျှင် ကရုရှက်က သူ့သင်္ဘောတွေကို အသာကလေး နောက်ပြန်ဆုတ်စေကာ ကနေဒီပြောသလို မဟုတ်ပါဘူး။ ဘာဘူး ညာဘူးဟု





ငြင်းလိုက်ပါက ကနေဒီစကားကို ကမ္ဘာက မယုံမကြည် ဖြစ်သွားနိုင်ကာ အမေရိကန် သိက္ခာကျသွားနိုင်သည်ဟု ထိုသံအမတ်ကြီးက ရှင်းပြကာ ကရုရှက် မငြင်းသာတော့သည့် အခြေအနေရောက်မှ ကမ္ဘာသိကြေညာပါ။ သူ့ကိုလည်း သိက္ခာရှိရှိ ဆုတ်သာအောင် ထွက်ပေါက်ပေးပါဟု အကြံပေးခဲ့လေသဖြင့် ကရုရှက်လည်း မငြင်းသာ၊ ထိပ်တိုက်ရင်ဆိုင်လည်း မတိုးရဲ အခြေအနေ၊ အတ္တလန်တိတ်သမုဒ္ဒရာကဲရောက်လာ၊ ကျူးဘားနားနီးလာမှ သူ့ရေတပ်နှင့်လည်း ပိတ်ဆို့ထား၊ ရာဇသံလည်း ပေးခဲ့ရာ ကရုရှက်လည်း ဆုတ်သွားရလေသည်။ ကျူးဘားက ဒုံးပျံစခန်းကိုလည်း ဖျက်ပေးဖို့ သဘောတူလိုက်ရသည်။ သို့သော် ကနေဒီက တူရကီက သူ့ဒုံးပျံ စခန်းတွေ ဖျက်ပေးလိုက်သဖြင့် ကရုရှက်မှာလည်း သူ့ဆိုရှယ်လစ်နောက်လိုက် နိုင်ငံတွေကို 'ငါဖျက်ရပေးရတာက နည်းနည်း၊ သူဖျက်ပေးရတာက ပိုများသေး' ဟု ကိုယ်ရည်သွေး ပြောခွင့်ရသွားလေသည်။

ဤအဖြစ်အပျက်၏ သင်ခန်းစာကို နောင် အနှစ် ၂၀ အကြာ (၁၉၈၂၊ အောက်တိုဘာ) တွင် ထိုအရေးအခင်းကာလက ကျူးဘားအရေး အကြံပေးကော်မတီဝင်များ ဖြစ်ခဲ့ကြသော ပုဂ္ဂိုလ် ၆ ဦး (ဒင်းရပ်၊ မက်နာမရား၊ ဂျော့ဘော၊ ရော့ဇွဲဂစ်လ်ပက်ထရစ်၊ ဆိုရင်ဆင့်နှင့် ဂျော့ဘန်ဒီ)တို့က ထုတ်ပြန်ကြေညာသော သင်ခန်းစာများအနက် သတ္တမသင်ခန်းစာအဖြစ် ဤသို့ကြေညာခဲ့ ကြရပါသည်။ 'အင်အားကြီးနိုင်ငံအချင်းချင်း ဆက်ဆံကြရာ၌ တစ်ဖက်က ကျန်တစ်ဖက်ကို စစ်နှင့် အရှုက်ရခြင်းမှလွဲ၍ အခြား ရွေးစရာ ထွက်ပေါက် မရှိအောင် ပစ်ပစ်ခါခါ ဆက်ဆံခြင်းသည် မှား၏'ဟူ၍ ဖြစ်ပါသည်။

ကြီးသူသည် ငယ်သူကို အကြံဉာဏ်ကောင်းများ ပေးနိုင်တတ်ကြောင်း သာဓကဟု ဆိုရပေမည်။ ပုဂံရာဇဝင်တွင် ကိုယ့်အောက်ငယ်သည့် ဘုရင်ကလေးတွေကို လင်လုပ်ကာ မင်းအဆက်ဆက် မိဖုရားကြီး ဖြစ်ခဲ့သော မိဖုရားဖွားစောမှာလည်း အသက်ကြီးလို့ တစ်နည်းသာခဲ့ပုံရပါသည်။

အသက်ကြီးသူတိုင်း ငယ်သူထက်သာသည်ဟု မဆိုလိုပါ။ ကြီးသူများက စဉ်းစားချင့်ချိန်တတ်ကြသည်။ ချင့်ချိန် စဉ်းစားနေရတာနှင့် လုပ်သင့်တာ မလုပ်မိဘဲလည်း ဖြစ်တတ်ပါသည်။ ဘာမှ စဉ်းစားမနေဘဲ အသက်တွေ သူ့အတိုင်းကလေး ကြီးလာသူတို့လည်း ရှိပါသည်။ အတွေ့အကြုံတစ်ခု ပြောရဦးမည်။ အဖေ့အစ်မ ဝမ်းကွဲတစ်ယောက်သည် သူ့ထက်အသက် အစိတ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ်လောက် ကြီးသောသူနှင့် အိမ်ထောင်ကျသည်။ ထိုအရီးကြီး၏ ခင်ပွန်းသည် အသက် ၉၀ လောက် လူ့ပြည်မှာ နေသွားခဲ့သည်။ ကျွန်တော်က ထိုဦးကြီးကို အနှစ်အစိတ်၊ သုံးဆယ်မျှ မီခဲ့ပါသေးသည်။ ထိုဦးကြီးသည် အဖေ့ထက် များစွာပင် ကြီးသော်လည်း အဖေ့အား ဘာအကြံဉာဏ်မျှ မပေးနိုင်ပါ။ အဖေသည် သခင်လှဖေ၏ 'ကမ္ဘာ့နိုင်ငံရေး ရာဇဝင်'စာအုပ်ထဲက ဥရောပမြေပုံကို မဖတ်တတ်သော်လည်း ဟစ်တလာ ဘာတွေ လုပ်နေပြီကို ရိပ်မိပါသေးသည်။ ထိုဦးကြီးသည် ကမ္ဘာကြီး လုံးသလား၊ ပြားသလားပင် မသိရုံမက အိမ်ခြေအစိတ်သာရှိသော ရွာထဲမှာ ဘာဖြစ်နေသည်ကိုလည်း နားမလည်ပါ။ ထို့ကြောင့် အဖေ့အား ဘာအကြံဉာဏ်မှလည်း မပေးနိုင်၊ ဘာဆုံးမစကားမှလည်း မဆိုတတ်။ ဘာစာကို ဖတ်တာမျှလည်း မြင်ရဖူးသည်မရှိ။ ဘာဂုဏ်တော်တွေ ပွားနေတာလည်း မတွေ့ဖူး။ ကုန်ကုန်ပြောရလျှင် ဘုန်းကြီးကျောင်းသို့မျှလည်း တစ်ခေါက်တစ်ခါ မရောက်။ သူ့ကြမ်းပြင်ကလေးပေါ်မှာ ဆန်ဆေးတောင်းရက်ခြင်းဖြင့်သာ အနှစ် ၉၀ ကုန်သွားစေခဲ့လေသည်။ သူတတ်သမျှမှာ ဤဆန်ဆေးတောင်းရက်ခြင်းမျှသာ ဖြစ်ပြီး သူရောက်ဖူးသမျှမှာလည်း သူ့ကို မွေးခဲ့သည့် ပြည်စုတ်ရွာနှင့် သူခေါင်းချသွားသော သူ့အိမ်ကြမ်းပြင်ကလေးသာ ဖြစ်ပုံရပါသည်။

သို့သော် ဘယ်လိုပဲ ဖြစ်ဖြစ် အဖေနှ ့ ကွ ကျွန်တော်တို့ အားလုံးကတော့ သူ့ကို 'ဂါရဝေါစ'နှင့်ပင် ဆက်ဆံခဲ့ကြပါသည်။ ဝယောဝုဒ္ဓိဂုဏ်ကို ထောက်ထားကြရသည်လေ။

အင်္ဂလန်ဘုရင်မကြီး အဲလိဇဘက်နှင့် သူ့ကြင်ဖော် မြို့စားကြီး ဖိလစ်တို့သည် ဘယ်သူက အသက်ပိုကြီးသလဲ။ ကျွန်တော် တိတိကျကျ မသိပါ။ သို့သော် တစ်ခါတစ်ရံ လွှတ်တော်တွင် ဘုရင်မကြီးပါ တက်ရသော မင်းခမ်းမင်းနားတို့တွင်တော့ ဘုရင်မကြီးတို့ ဇနီး–ခင်ပွန်းနှစ်ဖော်ကို အတူယှဉ်၍ ထိုင်စေသည့်အခါ ဘုရင်မကြီး၏ ကုလားထိုင်ကို သူ့ခင်ပွန်း၏ ကုလားထိုင်ထက် ပို၍ မြင့်ပေးထားကြကြောင်း ဖတ်ရဖူးသည်။ ဂုဏဝုဒ္ဓိကို ထောက်ထားကြခြင်းပင်။

ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနားဟူသော ဆက်ဆံရေး သဘောတရားသည် သိမ်မွေ့ပြီး ချစ်စရာကောင်းသော ယဉ်ကျေးမှု အစဉ်





အလာပင် ဖြစ်ပါသည်။ တစ်ခါတစ်ရံ ငယ်သူများ ကုလားတိုင်းပေါ် ရောက်သွားသောအခါ အရာအထူး၏ဂုဏ်မာန်ကလေး မောက်လာတတ်သည်။ ဟိုတက်တစ်ခေတ်က မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်း၏ အတွင်းရေးမှူး ရာထူးကလေးသို့ ရောက်သွားသော လူငယ်လေးတစ်ဦးသည် သူ့ထက် မငယ်လှသည့် ဆရာတစ်ဦးကို မြို့လယ်ကောင်က လမ်းမပေါ်တွင် 'ဟေ့ကျောင်း ဆရာ...ဟေ့ကျောင်းဆရာ'ဟု ဟစ်ခေါ်ကာ 'အမိန့်ပေးညွှန်ကြားတာ'မျိုး ကြုံဖူးသည်။ နောင် သူ့ဇာတာကံရှိန်လေး ကုန်အံ့သောအခါ၌ လူအုပ်ကြီးသည် သူ့အိမ်ကို ပျော်ပျော်အုန်းအုန်း ဝိုင်းဖျက်ပစ်လိုက်ကြကြောင်းလည်း နောင်အခါကြားရသည်။

ပညာရှိတိုင်း သူကောင်း အမြော်ကခံရသည် မဟုတ်သော်လည်း ပညာကြီးသူတို့ ထိုက်သင့်သော ရာထူးနေရာများသို့ ရောက်သွားသောအခါ မိမိတို့ ဘယ်အရာမှသာ 'ကြီး'၍ ဘယ်အရာမှာ 'ငယ်'ကြသည်ကို သိတတ်ကြပါသည်။ ကစ်ဆင်ဂျားသည် ၂၀ ရာစု ကမ္ဘာ့နိုင်ငံရေးလောကတွင် 'ကြီး' သူတစ်ယောက်ဟုပင် ဆိုရမည်။ သို့ရာတွင် သူ မော်စီတုန်းရှေ့ ရောက်သွားသည့်အခါ ကောလိပ်ရောက်စ ကျောင်းသားသစ်ကလေး ပါမောက္ခကြီး၏ ရှေ့မှောက်ရောက်သွားသကဲ့သို့ ခံစားရကြောင်း ဝန်ခံရေးသားဖူးသည်။ နစ်ဆင်ကလည်း ၁၉၇၈ တွင် ထုတ်သည့် သူ၏ 'မမေ့နိုင်ပေါင်' စာအုပ်တွင် သူက မော်စီတုန်းအား 'ဥက္ကဋ္ဌကြီးရဲ့ အရေးအသားတွေဟာ ကမ္ဘာကြီးတစ်ခုလုံးကို ပြောင်းလဲစေခဲ့ပါတယ်'ဟု ပြောသောအခါ မော်စီတုန်းက 'ကျုပ်အနေနဲ့ ကမ္ဘာကြီးတစ်ခုလုံးတော့ ပြောင်းလို့ မရသေးပါဘူး။ ကျုပ်ပြောင်းလို့ ရသေးတာက ပီကင်းတစ်ဝိုက်က အချို့နေရာလောက်သာ ရှိပါသေးတယ်'ဟုသာ ပြန်ပြောကြောင်း ရေးသားဖူးပါသည်။ 'ကြီး' သူများသည် ကိုယ့်ကိုယ်ကိုယ် 'ကြီးလှပြီ'ဟု ထင်တတ်ခဲကြပါသည်။

သတိပညာကြီးသူတို့ကမူ မိမိကြီးရမလား၊ ငယ်ရမလားလို့ ချင့်ချိန်တတ်ကြသည်။ ရွှေဥမင်ဆရာတော်နှင့် တောင်ဖီလာဆရာတော်တို့ တွေ့ကြရာတွင် နှစ်ပါးစလုံး ရှေ့က ကြွဖို့ တွန့်ဆုတ်ကြသည်။ ဘုရားသာသနာတော်အတွင်းရှိ ရဟန်းတို့ စည်းကမ်းအရမူ ဝါကြီးသော ရွှေဥမင် ဆရာတော်က ရှေ့က ကြွရမည်သာ ဖြစ်သည်။ ထို့ကြောင့် ဝါငယ်သည့် တောင်ဖီလာဆရာတော်က ရှေ့ကကြွလို့ မသင့်။ တစ်ဖန် တောင်ဖီလာဆရာတော်မှာ သာသနာ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆရာတော်ဖြစ်နေ၍ ရွှေဥမင်ဆရာတော်က လောကရေးကို ငဲ့ကာ ရှေ့က ကြွလို့ မသင့်ကြောင်း စဉ်းစားချင့်ချိန်မိခြင်း ဖြစ်သည်။ အရှင်နှစ်ပါးစလုံး၏ သဘောနှလုံးထားမှာ ကြည်ညိုဖွယ်ရာချည်း ဖြစ်ကြပေသည်။

ဘုရားရှင်က တပည့်ရဟန်းတို့၏ အကြီး,အငယ်ကို ဇာတာသက်နှင့် သတ်မှတ်တော်မမူဘဲ ရဟန်းအဖြစ်သို့ ရောက်သည့်ရက်နှင့်သာ သတ်မှတ်၍ ဝါကြီးသူကို ငယ်သူက အရိုအသေပေးရန် ဝိနယဓမ္မထားတော်မူခဲ့သည်။ လောကဓမ္မအရ ကြီးသူကို ငယ်သူက လေးစားရမည် ဖြစ်သော်လည်း လောကုတ္တရာ ရည်မှန်းချက် အရသော်ကား 'ကြီး' ရုံမျှနှင့် မပြီးသေး။ အဆုံးစွန် 'မြတ်'သောအဆင့်သို့ ရောက်မှသာလျှင် ရဟန်းကိစ္စ ပြီးလေသည်။ ဘုရားရှင် လက်ထက်တော်တွင် ခုနစ်သား ရှင်သာမဏေကလေးတို့ကလည်း ရဟန်းကိစ္စ ပြီးနေတာမျိုး ရှိကြောင်း ဓမ္မပဒဝတ္ထုသာဓကတို့အရ သိကြရပေသည်။ ထို့ကြောင့် ပုထုဇဉ် ရဟန်းတို့က မသိသည့်အလျောက် ရှင်သာမဏေကလေးတွေမျှပဲဟု မလေးမစား-မဆက်ဆံမိလေအောင် ရဟန္တာ ရှင်သာမဏေကလေးတို့အား အဘိညာဏ် တန်ခိုးအစွမ်းတွေ ပြစေခြင်းဖြင့် ပုထုဇဉ်ရဟန်းတို့ သိသွားအောင် ပြုပေးရသည့် သာဓကတို့လည်း ရှိပေသည်။ တကယ်ကြီးမြင့်သော ပညာသာမက အရာအထူးပါ ရ,ထားသည့် အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးတို့ကတော့ သာမဏေငယ်ကလေး၏ ပြုပြင်မှုကိုပင် ခံယူနိုင်စွမ်း ရှိလောက်အောင် သဘောနှလုံးထားလည်း ကြီးမြတ်ခဲ့ပါပေသည်။

လောကီနယ်တွင်ကား အရာအထူး ဘယ်မျှ ကြီးကြီး မသင့်တာတွေ လုပ်မိတတ်ကြတာလည်း ရှိတတ်ကြသည်။ ရှင်ဘုရင်ဆိုတာ လောကသမုတိ သဘောအရ အကြီးဆုံးသူပေပင်၊ သို့ရာတွင် ကိုယ့်မိဖုရားတွေကို လှေများနှင့် တင်ကာ တရုတ်ရန်မှ လွတ်အောင် ရေကြောင်းအတိုင်း စုန်ပြေးသည့်အခါ လှေမဆံ့တော့သဖြင့် မတင်နိုင်တော့သည့် မိဖုရားများကို အသက်ရှင်ကျန်ရစ်နေလျှင် သူများ ယူသွားမှာစိုး၍ ရေထဲကန်ချပစ်ခဲ့သည့် နရသီဟပတေ့လို ခပ်ငယ်ငယ်တွေလုပ်သည့် ဘုရင်မျိုးလည်း ရာဇဝင်မှာ တွေ့ရသည်။ ကိုယ့်မိဖုရား ယူပြေးသူကို အပြစ်မပြော၊ မိဖုရားကိုလည်း မနှမြောဘဲ သင်းလို သူရဲကောင်းကိုသာ ငါ နှမြောလေသည်ဟု ပြောသည့် ရာဇာဓိရာဇ်လို ဘုရင်လည်း ရာဇဝင်မှာ တွေ့ရပါသည်။





ကြီးမြတ်သော ရည်မှန်းချက်မျိုးရှိသူတို့ကတော့ ကြီးတာတွေကိုပဲ လုပ်တတ်ကြသည်။ ဘုရားအဖြစ်ကို ရည်မှန်းချက်ထားသော အလောင်းတော်တို့သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်သော ဖြစ်လေရာဘဝတို့၌ အများ တကာတို့ လုပ်နိုင်ခဲသော အလုပ်မျိုးတွေကိုသာ လုပ်ရင်းဖြင့် ကြီးသထက် ကြီးအောင်သာ လှေကျင့်ဆည်းပူးခဲ့ကြသည်။ ထို့ကြောင့် အလောင်းတော်တို့ ဘုရားအဖြစ်သို့ ရောက်သောအခါ အကြီးဆုံး၊ အမြတ်ဆုံးအဆင့်သို့ ရောက် ကာ ကြီးဆိုသမျှသော အဘယ်လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့မဆို ဘုရား သခင်တို့၏ ရှေ့မှောက်၌ ဝပ်စင်းကာ ငယ်သွားကြရသည်သာ ဖြစ်တော့သည်။ မရေတွက်နိုင်သောဘဝတို့၌ ကြီးတာတွေသာ လုပ်ခဲ့မိလေသဖြင့် ဘုရားအဖြစ် သို့ ရောက်သောအခါမှာ အဘယ်သို့သော အရာ၌မဆို အကြီးဆုံးသို့ ရောက် ရသည်သာ ဖြစ်တော့သည်။ ထို့ကြောင့် ဂေါတမဗုဒ္ဓမြတ်စွာ၏ နှိုင်းမရအောင် ကြီးလှသော မေတ္တာအောက်တွင် အရက်ကိုးမောင်းသောက်ထားကာ ဒေါသ ထွက် ပူပြင်းတောက်လောင်စွာ အဘယ်မျှပင် အမျက်တွေ ကြီးနေစေကာမူ နာဠာဂီရိဆင်၏ အမျက်ဒေါသမှာ ငယ်,ပျောက်ကာ သွားရခြင်း ဖြစ်ပါတော့ သည်။ ဘုရားမြတ်စွာ၏ နှိုင်းမရသော ကြီးမားမှုတွေထဲက မေတ္တာဓာတ်၏ ကြီးမားမှုတစ်ခုတည်းကိုပင် ကွက်၍ ကြည့်မိဦး အလွန့်အလွန် ကြည်ညိုသဒ္ဓါ ဖြစ်မိနိုင်ပါပေသည်။

စပ်မိ၍ ကိုယ်တွေ့တစ်ခုကို ညှပ်၍ ပြောလိုက်ချင်ပါသေးသည်။ ဝန်း သိုမြို့ ခန္တီးဆရာတော်ဘုရားကြီး ပျံတော်မမူမီ ခုနစ်လလောက်က မန္တလေး မြို့ ဇောမိရိပ်သာ၌ ဆေးဝါးကုသမှု ခံယူဖို့ ခေတ္တသီတင်းလာသုံးနေစဉ် တိုက် ဆိုင်ထူးခြားစွာ (ထူးခြားပုံ မရေးတော့ပြီ) နှစ်ရက်မှာ သုံးကြိမ် ဖူးမြော်ခွင့် ကြုံခဲ့ဖူးပါသည်။ တတိယအကြိမ်တွင် နှစ်ယောက်သား တစ်နေ့ခင်းလုံး ထိုင် သောက်နေကြသဖြင့် အရက်နှစ်ပုလင်းခွဲလောက် ကုန်ထားပြီးဖြစ်သည့် သူငယ် ချင်းနှစ်ဦးအား 'စေ့ကုတ်နတ်ပြည်တင်မည်' အကြံဖြင့် ဆရာတော်ကြီးကျောင်း သို့ ခေါ်ဆောင်သွားပြီး နာရီဝက်ခန့်ထိုင်၍ ဖူးမြော်ကြည်ညိုကြပြီးနောက် ပြန်ထွက်အလာ ကျောင်းပေါက်ဝရောက်သော် 'ဟ…ကျောင်းထဲ ဝင်လိုက် ကတည်းက ငါ့အရက်တွေ ဘယ်ရောက်ကုန်သလဲ မသိဘူးဟေ့'ဟု တွေးပင် ထားခြင်း မရှိဘဲ နှစ်ယောက်စလုံး ပြိုင်တူ ရွတ်ဆိုလိုက်သံကို အံ့သြစွာ ကြား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရဖူးသည်။ ခေါ်လာစဉ်က ဒယီးဒယိုင်၊ သူငယ်ချင်းများအပြန်တွင် ကိုယ်နှုတ်အမူအရာ အားလုံး တကယ့်ကို အရက်သမားအဖြစ်မှ ပျောက်၍ သူတော်ကောင်းကြီးတွေအဖြစ် ရောက်သွားကြပုံကို ကြုံရဖူးပါသည်။ ဘုရားသားတော် သူတော်ကောင်းတို့၏ မေတ္တာရှိန်စော်သည်ပင်လျှင် ထိုမျှ ကြီးသည်ဆိုပါက ဘုရားရှင်၏ မေတ္တာရှိန်စော်သည် လည်းကောင်း၊ အခြား အခြားသော ဘုန်းတော် ကံတော်, ဉာဏ်တော်, တန်ခိုးတော်တို့သည် လည်းကောင်း ဘယ်မျှကြီးမားနိုင်မည်ကိုကား အစိန္တေယျပင် ဖြစ်ပါတော့သည်ဟု ကြည်ညိုသဒ္ဓါတွေ တဖွားဖွားပေါ်ခဲ့ဖူးပါ၏။

ဘုရားရဟန္တာများကဲ့သို့ အကြီးကြီးတွေချည်း လုပ်ကာ အမြတ်ဆုံးတွေ အထိ မကျင့်ကြံနိုင်ကြစေကာမူ ကျွန်တော်တို့သည် လောကီမင်္ဂလာမျှလောက် ဖြစ်အောင်တော့ အသိပညာတွေ ကြီးအောင်၊ အမြော်အမြင်တွေ ကြီးအောင် သဘောထားတွေ ကြီးအောင် တတ်နိုင်စွမ်းသမျှ ပြုသင့်ကြသည် ထင်ပါ၏။ နည်းပညာသစ်တွေ ယနေ့နှင့် နက်ဖြန်ပင် မတူနိုင်လောက်အောင် မြန်မြန်ဆန်ဆန်ကြီး တိုးတက်ဖြစ်ထွန်းနေသည့် ယခုလိုကာလတွင် ကမ္ဘာကြီးသည် ကျဉ်းကျဉ်းလိုက်လာပြီ ဖြစ်ပါသည်။ မြေကြီးက ကျုံ့သွားလို့တော့မဟုတ်။ ဆက်သွယ်ရေးစနစ်တွေက သိပ်ကောင်းလာကြလို့ ဖြစ်ပါ၏။ ကျဉ်းလာသော ကမ္ဘာကြီးတွင် ကျွန်တော်တို့လို နိုင်ငံငယ်လေးတွေသည် နိုင်ငံကြီးတွေကို လိုက်မမီနိုင်သေးဘူးပဲထားဦး၊ သေးသေးမသွားအောင်တော့ အားထုတ်ကြရပေမည်။

ခက်တာက ပုထုဇဉ်အများသည် ကြီးအောင်တော့ ကြိုးစားကြပါ၏။ အိမ်ကြီးအောင်၊ ခြံကြီးအောင်၊ ကားကြီးအောင်၊ ဘာညာကြီးအောင်မျိုးက အများဖြစ်တတ်ကြသည်။ ထိုသို့ဖြစ်တတ်ကြခြင်းလည်း အဆိုးမဆိုသာပါ။ ကျွန်တော်တို့မှာက ကြီးတာတွေက မွေးကတည်းက ပါလာကြသကိုး။ လောဘကြီး၏။ ဒေါသကြီး၏။ မာနကြီး၏။ ဆိုသည့် အကြီးတွေက ပုထုဇဉ်တို့၏ ဖွားဘက်တော်တွေပေကိုး။ အဲဒီအကြီးတွေကို နည်းနည်းကလေး ပါးသွားအောင် ကျုံ့သွားအောင်၊ သိမ်သွားအောင်၊ ငယ်သွားအောင် ပြုဖို့ကား လောကအကျိုးဟူသော ရည်မှန်းချက်ကလေးပါ ထည့်ထည့်ပေးမှ ဖြစ်နိုင်မည် ထင်ပါသည်။

လွန်ခဲ့သော နှစ်အနည်းငယ်က သမ္မတဟောင်းကာတာ အာဖရိကမှ





အပြန် ဆောင်းပါးရေးတာ ဖတ်လိုက်ရသည်။ နှစ်ဆင်လောက် စာရေးကောင်းသည် မထင်ပါ။ ကနေဒီကား နှစ်ဆင့်ထက်ပင် စာရေးကောင်းသည်ဟု ကျွန်တော် ထင်ချင်ပါသည်။ သူရေးခဲ့သည့် **Profiles in Courage** ဟူသော စာအုပ်ထဲမှ ဝါကျတစ်ကြောင်းကို ကျွန်တော် မှတ်မိနေသေးသည်။ ဂျွန်ကွင်းဆီး အဒမ်အကြောင်း ရေးလိုက်သည့် စာကြောင်းကလေးလားတော့ မပြောတတ်။ အဲဒီစာကြောင်းလေးက He was a great man with small ambition တဲ့။ 'ကိုယ်ကျိုးရည်မှန်းချက်နည်းတဲ့ ကြီးမြင့်သူကြီးတစ်ယောက်ပေပင်'ဟု မှတ်ချက်ချသည့်သဘော ဖြစ်ပါသည်။

ကျွန်တော်က ကိုယ့်ကြီးပွားရေးအတွက် ဘာဖြစ်ချင်သည်၊ ညာဖြစ်ချင်သည် ဟူသော ambition မရှိလှတော့ပါ။ အဲဒီစိတ်တွေ 'ငယ်' သွားပြီ ဆိုပါစို့။ သို့သော် great man ဖြစ်အောင်ကော ဘာတွေလုပ်ခဲ့၊ ဘာတွေလုပ်နေသလဲဆိုလျှင်လည်း ဘာမျှ ဟုတ်တိပတ်တိ မလုပ်ခဲ့၊ လုပ်မနေပါ။ 'ဆန်ဆေးတောင်းရက်ရင်း'နှင့်ပင် အသက်ခြောက်ဆယ် ရောက်လာခဲ့သူ ဖြစ်ပါ၏။ ခြောက်ဆယ်အရွယ်သည် 'ငယ်'သေးသည် ဆိုနိုင်သော်လည်း ကျန်းမာရေးအရ 'ကြီး' နေပြီ (ဝါ) အိုနေပြီ ဖြစ်ပါ၏။

ထို့ကြောင့် ၂၁ ရာစုထဲမှာ အကြာကြီး နေနိုင်ကြလိမ့်ဦးမည်ဟု မှန်းနိုင်သည့် ကျွန်တော့်မြေးကလေးနှစ်ယောက်သည် ကိုယ်ကျိုး ambition တွေ နည်းနည်းနှင့် great man တွေဖြစ်အောင် ကြိုးစားနိုင်ကောင်းရဲ့ဟု သူတို့အတွက် တစ်ခါတစ်ရံ ဖြစ်မိသော ကြောင့်ကြစိတ်ကို ဖျောက်၍ မျှော်လင့်ချက်အားဆေးကလေးသောက်ကာ ကိုယ့်စိတ်ကလေး ချမ်းသာအောင် ကြံဖန်ဖွေး၍ အကောင်းဘက်က လှည့်တွေးနေရပါတော့သတည်း။

[မြားနတ်မောင်၊ ၁၁၊ ၂၀၀၀]



www.burmeseclassic.com

www.burmeseclassic.com

# အရက်သောက်ခြင်း

၂၀၀၁ နှစ်ဆန်းစတွင် မြေးများထံ သွားဖြစ်၍ မန္တလေးသို့ ရောက်ခိုက် ဆရာမကြီး လူထုဒေါ်အမာအား ၆-၁-၂၀၀၁ ရက်နေ့က သွားရောက်ကန်တော့ဖြစ်ခဲ့ပါသည်။ ကိုယ့်ကိုယ်ကိုယ်ပဲ မိတ်ဆက်ပေးကာ 'အမေမော့ကို ကန်တော့ခွင့်ပြုပါ'ဟု ခွင့်တောင်း၍ ကန်တော့ခဲ့ခြင်း ဖြစ်သည်။ ကန်တော့ပြီးနောက် ဒေါ်သာလာပသလ္လာပစကားများ မိနစ် နှစ်ဆယ်ကျော်ကျော်လောက်လည်း ပြောဖြစ်ခဲ့သေးရာ ထိုပြောဖြစ်သော စကားများတွင် ကျွန်တော်သည် လူထုဦးလှနှင့် လူထုဒေါ်အမာတို့၏ စာများကို အသက်နှစ်ဆယ်လောက်ရောက်မှ ဖတ်ဖြစ်ခဲ့သော်လည်း အမည်နာမများကိုမူ ငယ်စဉ်ကာလကတည်းက ရင်းနှီးကျွမ်းဝင်နေခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်အဖေသည် စာဖတ်သူဖြစ်သည့်အလျောက် သူနှင့် အရွယ် မတိမ်းမယိမ်း နိုင်ငံရေးသမားများ၊ စာရေးဆရာများ၏ မွေးသက္ကရာဇ်များကို သိသူဖြစ်၍ တက်ဘုန်းကြီး ကိုသိန်းဖေက အဖေ့ထက် ဘယ်နှစ်လကြီးသည်၊ လူထုမအမာက အဖေ့အောက် ဘယ်နှစ်လငယ်သည်၊ ကိုလှက ဘယ်နှစ်နှစ်ကြီးသည် စသည်ဖြင့် မိတ်ဆက်ပေးထားခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ အမေမာက ကျွန်တော့်အမေထက်မူ ၄/၅ နှစ်ကြီးကြောင်းတို့လည်း ပါ,ပါသည်။ ၂၀၀၀ ပြည့် နိုဝင်ဘာထုတ် ကလျာမဂ္ဂဇင်းထဲမှ ဆရာတော်ကိုပညာ (အမရပူရ) ၏ ဆောင်းပါးပါ မဟာဆွေ ၇၅ နှစ်မြောက် အထိမ်းအမှတ်ပွဲတွင် လူထုဦးလှ ဟောပြောခဲ့သော ဟောပြောချက်



www.burmeseclassic.com

www.burmeseclassic.com



ကို ဖတ်ရပြီးနောက် အရက်၏ ဆိုးကျိုးများနှင့် စပ်လျဉ်းသော ဆောင်းပါး တစ်ပုဒ်ရေးခဲ့ရာ ငယ်ငယ်ရွယ်ရွယ်နှင့်ပင် အိုနေသောကြောင့် လက်စမသတ်နိုင်ကြောင်းတို့လည်း ပါပါသည်။ ဆရာမကြီးက အရက်မကောင်းကြောင်း ရေးမည့် စာအကြောင်း ကြားရတော့ စိတ်ဝင်စားပုံရပါသည်။

ယခု ကျွန်တော် ရေးမည့်စာမှာ ထိုဆရာမကြီးအမေမော စိတ်ဝင်စားသည့် အရက်မကောင်းကြောင်းစာပင် ဖြစ်ပါသည်။ ထိုနေ့က အမေမော့ကို ပြောပြခဲ့သလိုပင် ကျွန်တော် ရေးမည့်စာကတော့ ကိုယ်တွေ့အပေါ်မှာပင် အခြေခံ၍ ရေးမှာဖြစ်ပါသည်။

လူထုဦးလှကို ကျွန်တော် တစ်ကြိမ်သာ မြင်ဖူးပါသည်။ သို့ရာတွင် သူ့အကြောင်းကိုတော့ သူ့စာတွေအရ၊ သူတစ်ပါးတို့က သူ့အကြောင်းရေးကြသည့် စာတွေအရ ကျွန်တော် သိရပါသည်။ သိရသလောက်ဆိုလျှင် လူထုဦးလှသည် အားကစားသမားတစ်ယောက် ဖြစ်သည်။ ကျန်းမာရေး အထူးဂရုစိုက်သည်။ ဆေးလိပ်မသောက်၊ အရက်မသောက်။ မသောက်ရုံမျှမက အရက်ဆန့်ကျင်ရေးကို စာတစ်စောင် ပေတစ်ဖွဲ့ပင် ရေးခဲ့သေးသည်။ အထက်ဖော်ပြပါ မဟာဆွေ၏ ၇၅ နှစ်မြောက် မွေးနေ့ပွဲတွင် လူထုဦးလှက အာဝဇ္ဇန်းရွှင်ရွှင်နှင့် ဟောပြောသွား၍ ဖတ်ရင်း ပြုံးနေရပါသည်။ သူပြောသွားသည့် ရယ်ရယ်မောမော သောလုံးကလေးတွေ နှောထားသည့် စကားထဲတွင် အလေးအနက်စကားလည်း ပါခဲ့ပေသည်။ ‘မဟာဆွေဟာ အသက်ငယ်ငယ်နှင့် ဆုံးပါးခဲ့ရတယ်။ ဒါဟာ မဟာဆွေရဲ့ အမှားဖြစ်တယ်။ မဟာဆွေဟာ အရက်အလွန်အကျွံသောက်ပြီး ကိုယ့်အသက်ကိုယ် တိုအောင်လုပ်သွားတယ်’ ဟူသော စကားဖြစ်သည်။ ဒီစကားကို လူထုဦးလှ တကယ်ပဲ သူ့ရင်ထဲ၊ နှလုံးထဲမှ ယူကျုံးမရဖြစ်ပြီး ပြောသွားခဲ့တာပဲဟု ကျွန်တော် တစ်ထစ်ချ ယုံပေသည်။

မဟာဆွေလို မောင်ဗမာလောက်နီးနီး တောင့်သည့် စာရေးဆရာကြီး တစ်ယောက် အရက်ကြောင့် အသက်တိုရတယ်ဆိုတာ အလွန်နှမြောစရာကောင်းလှပေသည်။ ထို့အတူ သူ့ခေတ်သူ့အခါများမှာ လျှမ်းလျှမ်းတောက် ဖြစ်ခဲ့ကြသည့် သန်းဆွေ၊ အောင်လင်း စသော ဆရာများ အသက်တိုသွားကြ သည်မှာလည်း နှမြောစရာကောင်းလှပါသည်။ ကျွန်တော်နှင့် ခင်မင်သူ မောင်လေးအောင် အသေစောတာလည်း နှမြောစရာပင်။





မည်သည့်ဘာသာရေးတွင်မှ အရက်သောက်ခြင်းကို ကောင်းသည့်အနေဖြင့် ဟောပြောသွားတာ မတွေ့ရဖူးပါ။ ဗုဒ္ဓဘာသာဆိုလျှင် လူတို့စောင့်ထိန်းရမည့် နိစ္စသီလတွင် အရက်သောက်ခြင်းကို ကြဉ်ရှောင်ဖို့ တစ်ချက်ပါဝင်ပေသည်။ အစ္စလာမ်ဘာသာ၌လည်း အရက်သောက်ခြင်းကို တားမြစ်သည်။ ဟိန္ဒူဘာသာ၌လည်း အလားတူပင်။ ဘာသာအသီးသီးက ရှုတ်ချသောအရက်ကို လူတို့သောက်လာကြသည်မှာကတော့ ဘယ်လောက်ရှေးကျပြီး ဖြစ်သည်ကို ဘယ်သူမှ မပြောနိုင်။ အရက်သောက်သူတို့ ရှေ့ကတည်းက ရှိလာကြရာ ယခုခေတ်သော် အရေအတွက် ပိုများလာသလားဟုပင် ထင်ရပါသည်။

အရက်သည် အခြားမူးယစ်စေသော အရာများလိုပင် စွဲတတ်သည့် သဘာဝရှိသည်။ အရက်စွဲလျှင် ဆေးလိပ်စွဲသလိုပင် ဖြတ်ရခက်သည်အထိလည်း ဖြစ်လာတတ်ပါသည်။

အရက်သောက်တာ အကောင်းဘက်က ရှာကြံပြောလျှင်တော့ ပြောစရာ အနည်းအကျဉ်း ရှိကောင်းရှိပါမည်။ ဥပမာအားဖြင့် အရက်ကို သင့်လျော်သောပမာဏဖြင့် နေ့စဉ်မှီဝဲပါက ခံတွင်းမြိန်ခြင်း၊ အစာကြေခြင်း၊ ရာသီဥတု ဒဏ်ခံနိုင်ခြင်း စသည်မျိုးတို့ ဖြစ်ပါသည်။ ထို့ပြင် အရက်သောက်ခြင်းဖြင့် ပေါင်းသင်းသက်ဆံရေးမှာ ပို၍ လွယ်ကူခရီးရောက်သည်ဟုလည်း ပြောမည်ဆိုက ပြောနိုင်စရာရှိပါသည်။

အရက်သည် ဆေးဝါးအဖြစ် အတန်အသင့် အထောက်အပံ့ဖြစ်နိုင်တာကို ငြင်းလို့ရနိုင်မည် မထင်ပါ။

ပေါင်းသင်းဆက်ဆံရေး လွယ်ကူ ခရီးပေါက်တယ်ဆိုတာလည်း ဟုတ်သလောက် ဟုတ်ပါသည်။ မကြာမီက ဆောင်းပါးတစ်ပုဒ်ထဲ၌ ထွေထွေရာရာ သုတများကို ရေးထားရာ အရက်၏ အာနိသင်တစ်ရပ်လည်း ထည့်ရေးထားတာ တွေ့ရသည်။ အရက်သောက်လိုက်သည့်အခါ လူ့ခန္ဓာကိုယ်မှာ ဆီရိုတိုနင် (Serotonin)ဓာတ် မြင့်တက်လာသည်ဟု ဆိုသည်။ ထိုဓာတ်က ခင်မင်စွဲငြိဖြစ်စေသည့်ပြင် အားရုံလွဲခံစားမှုကိုလည်း ဆောင်ရွက်စေသည်ဟု ဆိုပါသည်။ ဘာဓာတ်ကြောင့်ပဲဆိုဆို အရက်အတူတူသောက်ကြသူချင်း တစ်ဦးနှင့်တစ်ဦး ခင်မင်လွယ်စေတတ်၊ မှတ်မိစေတတ်သည်ကတော့ အမှန်ပါပင်။

သို့ပင် အရက်၏ ကောင်းတယ်လို့ ဆိုနိုင်သည့် သတ္တိလေးတွေ ရှိ



www.burmeseclassic.com

www.burmeseclassic.com



သည် မှန်သော်လည်း အရက်ကိုသောက်သုံးမိလျှင် 'ဆေးဖြစ်ဝါးဖြစ်' အဆင့် လောက်တွင် တန်နေသည်က နည်းလှပြီး တစ်ခွက်က နှစ်ခွက်၊ တစ်ပိုင်းက တစ်ပုလင်း၊ တစ်ပုလင်းက နှစ်ပုလင်း...စသည်ဖြင့် သောက်ရင်း သောက်ရင်း ရေချိန်မြင့်တက်လာသူတို့သာ များပါသည်။ ဦးသိန်းဖေမြင့်သည် တစ်နေ့ အရက် ၅ ကျပ်သားလောက် သောက်သည်ဟု ဆိုသည်။ ဆရာကြီး ရွှေဥဒေါင်း တစ်နေ့ ဘယ်ရွေ့ဘယ်မျှသောက်သည် မသိပါ။ တစ်သက်လုံးလောက်ပင် သောက်သွားသည်ဟု ယူဆရန် ရှိပါသည်။ ဆရာကြီးသည် အရက်သောက်ခြင်းဖြင့် အပါယ်မလားနိုင်၊ သောတာပန်တစ်ယောက်တောင် အရက်သောက်နိုင်သေးသည်ဟူသော အတွေးအခေါ်ကို ခြေကန်ပြောသွားသူလည်း ဖြစ်ပါသည်။ သို့သော် ထိုသို့သော ဆရာကြီးသည်ပင်လျှင် နောင်သောအခါ ဝိပဿနာတရား အားထုတ်ရာ၌ အရက်သောက်ပြီး အားထုတ်သည့်အခါ သမာဓိထူထောင်ရတာ ခက်ကြောင်း ဝန်ခံရေးသွားတာ ဖတ်ခဲ့ရပါသေးသည်။

အများသောသူတို့သည် ဦးသိန်းဖေမြင့်လို ၅ ကျပ်သားနှင့်လည်း မတင်းတိမ်နိုင်၊ ဆရာကြီးရွှေဥဒေါင်းလိုလည်း စိတ်ထိန်းနိုင်သူများ မဟုတ်ကြရာ အရက်သောက်သဖြင့် ဒုက္ခရောက်ရတာပင် များလေသည်။ လူထုဦးလှက 'အရက်သမား အမှားတစ်ထောင်' စာအုပ်ရေးဖူးရာ အရက်သမားများ၏ အမှားတစ်ထောင်ကို ဆောင်းပါးတစ်ပုဒ်တည်းနှင့် စုံအောင် ဖော်ပြလို့ မဖြစ်နိုင်သဖြင့် ဤစာတွင် မူးလာလျှင် သာမန်အချိန် ပြုမည်မဟုတ်သော အမှားများ ပြုမိတတ်ပုံနှင့် အသက်တိုတတ်ပုံတို့လောက်သာ တင်ပြမည် ရည်ရွယ်ပါသည်။ တင်ပြရာတွင်လည်း ကျွန်တော့်တွင် အားကိုးစရာ စာအုပ်ဘီရို မရှိသဖြင့် ဘီရိုထဲက စာအုပ်တွေထဲမှာ မတွေ့နိုင်သည့် ကျွန်တော့်ကိုယ်တွေ့များကိုသာ အားပြု တင်ပြပါရစေ။

ကျွန်တော်သည် ပင်ကိုအားဖြင့် ရန်လို, ရန်စခြင်း၊ တင်စီးအနိုင်ယူလိုခြင်း...စသည့် သဘာဝများမရှိသည့်အပြင် ယေဘုယျအားဖြင့်လည်း သည်းခံတတ်သူ၊ ပျော့ပျောင်းသူတစ်ဦးဟု ဆိုနိုင်ပါသည်။ သူငယ်ချင်းတစ်ယောက်၏ လက်သုံးစကားအတိုင်း 'ဒုစရိုက်ကက်တလောက်ထဲ ပါတဲ့ အကုန်လုပ်သည်' ဟု ဆိုနိုင်သော်လည်း လူမှန်းခံရလောက်အောင် မဟုတ်ပါ။ ထို့ကြောင့် အချို့ လူကြီးများက 'အေး–ပေ'ဟုတောင် ကင်ပွန်းတပ်ပါသည်။ ('အေး–ပေ'များသည်





ကိုယ်နှုတ်ပျော့ပျောင်းသဖြင့် 'ဆိုး'သည့်အသွင် မပေါ်ထင်။ လုပ်တာကသာ မဟုတ်တာများသူများဖြစ်၏။) ယခုပြောချင်သည်မှာ ထိုသို့သော 'အေး–ပေ'သည်ပင်လျှင် အရက်သောက်ထားသည့်အခါ 'မခံချင် စိတ်' များလာတတ်ပြီး သာမန်အချိန်၌ ပြုမည်မဟုတ်သော အပြုအမူများကို ပြုမိတတ်ပုံဖြစ်သည်။

တစ်ခါမှာ မြေနီကုန်း 'ဦးချမ်း' ဆိုင်မှာ ကျွန်တော်တို့ သောက်ကြသည်။ အထူးအရာရှိ ဗိုလ်ကြီးတစ်ယောက်၊ ငွေစာရင်းက အရာရှိတစ်ယောက်၊ သူငယ်ချင်းတစ်ယောက်နှင့် ကျွန်တော် ဖြစ်သည်။ ကျွန်တော်တို့သည် တစ်ရုံးတည်း၌ အတူလုပ်ကြသူများဖြစ်ပြီး အချင်းချင်းလည်း ခင်မင်ကြပါသည်။ အားလုံးသည် လူအေးများချည်းပင်။ သို့သော် အရက်ကလေးဝင်လာတော့ ထုံးစံအတိုင်း ပြောစရာစကားတွေက များလာကြသည်။ များသည့်အထဲမှာ အလယ်လူနှစ်ယောက် အချင်းချင်း 'ရှိ'ကြသည့် စကားတွေက ပိုပိုများလာသည်။ ဟိုဗိုလ်ကြီးနှင့် ကျွန်တော်က သည်းခံနားထောင်ရသည်။ နောက်တော့ ဗိုလ်ကြီးလည်း ဟိုနှစ်ယောက်ပါတီထဲ ပါသွားရာ ကျွန်တော်က သူတို့သုံးယောက် ငြင်းငြီ, ငြီနေကြတာကို ဖျန်ဖြေပေးနေရသည့် ငြိမ်းချမ်းရေးပွဲစား ဖြစ်ကျန်ရစ်တော့သည်။ ပညာတတ်တွေလည်း ဖြစ်နေကြတော့ နွားပွဲစား အရက်သမားများလို တော့ ဆူဆူ, ရိုင်းရိုင်း မဟုတ်ကြပါ။ သို့သော် ကြာလာတော့ အရက်သမားချင်းအတူတူ ကျွန်တော်က 'တင်မူနာ'သည်ဟု ခံစားလာမိလေသည်။ ရုံးဆင်းကတည်းက သောက်ခဲ့ကြတာမို့ နာရီထိုးပြီးလောက်ရှိတော့ လူစုခွဲကြဖို့ သဘောတူကာ လေးယောက်သား မြေနီကုန်းအဝိုင်းကြီးဘက် [ထိုအချိန် အဝိုင်းကြီးက ဖျက်ပြီးစမို့ မရှိတော့ပါ] သို့ လျှောက်လာကြပါသည်။ ထိုစဉ် ကျွန်တော်က ဘာမပြော, ညာမပြောနှင့် အဝိုင်းကြီးအလယ်နားရှိ ယာဉ်ကြောတားသည့် မျဉ်းကြောင်းထိပ်သို့ သွားပြီး ရပ်လိုက်ကာ အနီးရှိ ယာဉ်ထိန်းရဲများအား 'ဟေ့ကောင်တွေ၊ ငါသေးပေါက်မယ်၊ ကားတွေ အားလုံး မီးနီပြထား'ဟု အမိန့်ပေးကာ အပေါ့စွန့်နေလိုက်ပါသည်။ ဖြ နာရီခွဲပွဲပြီးလို့ ရုပ်ရှင်ရုံလေးရုံမှ ပွင့်အန်ကျလာသော လူပရိသတ်ကြီးကလည်း ပုရွက်ဆိတ်အုံကို တုတ်နှင့် ထိုးလွှတ်လိုက်သလို ရှိပါ၏။ ကျွန်တော့်ကို ဆွဲခေါ်ရန်အတွက် 'အတက်ချီကျေစ်'ကြီး တကားကား ယူနီဖောင်းကြီးနှင့် ကိုးရိုးကားယားဖြစ်နေသော ဗိုလ်ကြီးနှင့် အမြင်မလျော်လှသည့် ကျွန်တော်တို့သည် မကျူရိမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ထိန်ထိန်အောက်တွင် လူအများမြင်ကွင်း၌ ဘယ်လိုဖြစ်နေမည်ကို တွေးကြည့်ကြပါတော့။ ယခု ပြန်တွေးကြည့်တော့ ရှက်စဖွယ်ကြီးပါပေ။ သို့ရာတွင် ထိုစဉ်ကတော့ အရက်သမားမှာ ဘယ်မှာလျှင် ရှက်အားနိုင်ပါမည်နည်း။

တစ်ခါတွင်မူ ရန်ကုန်တက္ကသိုလ်တက်ဖို့ သူ့မိဘများက ရထားပေါ်တင်ပေးလိုက်သော တူမလေးကို ညနေ ၆ နာရီ ဆိုက်မည့် ရထား သွားကြိုဖို့ ကျွန်တော်နှင့် သူငယ်ချင်းတစ်ဦးတို့ နေ့လယ် ၁၂ နာရီကတည်းက ၃၈ လမ်း (အထက်) ထဲရှိ 'သင်းမာလာ' [ဘီယာဆိုင်] သို့ ရောက်နေခဲ့ကာ ဘယ်နှစ်လုံးမှန်းမသိ သောက်ပြီးနောက် ရထားနီးမှ ဘူတာသို့လာ၊ တူမလေးအား ရထားမှ ကြို၍ ဗိုလ်တထောင်သို့ ပြန်ရန် သုံးဘီးငှားသည့်အခါ ၅ ကျပ်တဲ့။ (တစ်မီတာ ဆယ်ပြားနှုန်းနှင့် လိုက်ရင် ၁ ကျပ်၊ ၁ ကျပ်ကျော်ကျော်မျှသာ ကျပါမည်။ (တောင်းသည့်အတိုင်းပေးမည် သဘောတူသောအခါ ခရီးကြိုတင်ပြီး မေတ္တာညွှန့်ဘက်က ပတ်မောင်းပါရစေ ဆိုလို့လည်း ခွင့်ပြုပါသေး၏။ ခရီးကြို လေးယောက်ရသည့်တိုင် မထွက်နိုင်သဖြင့် 'ပေါက်ကွဲ' သွားပြီး ပြဿနာတက်တော့ရာ ကံကောင်း၍(သို့မဟုတ် ဉာဏ်ကောင်း၍) သာ အသက်ကလေး အိမ်အထိ ပါလာခဲ့ပါပေသည်။ (ဉာဏ်ကောင်း၍'ဆိုသည်မှာ ဘူတာဘက် အဝင်နားက ပလက်ဖောင်းပေါ်မှာ ယာဉ်ထိန်းရဲအုပ်နှစ်ဦး [တစ်ဦးက အပြာခံ] ရပ်နေတာ မြင်ရသဖြင့် လှမ်း၍ ကော်ဆဲကာ 'ခရီးသည်တွေကို ဥပဒေမဲ့ ဗိုလ်ကျနေတဲ့ ဒီကောင်တွေကို အခုချက်ချင်း ဖမ်းချုပ်စမ်း'ဟု အော်ဟစ် 'အမိန့်ပေး'လိုက်ရာ ကျွန်တော့်အား ဝိုင်းပြီး 'သမ'ကြဖို့ တာစူနေကြသည့် သုံးဘီးသမားများ ခပ်ရှဲရှဲဖြစ်သွားခိုက် သူငယ်ချင်းက လက်ကုတ်ခေါ်ထုတ်သွားနိုင်ခဲ့ခြင်းကို ဆိုလိုပါသည်။)

ထိုစဉ်က သုံးဘီးသမားများ ကျွန်တော့်အား ဝိုင်းအုံထားပုံမှာ ဂျက်လန်ဒန်ဝတ္ထုထဲ၌ သရုပ်ဖော်သလို ဝင်ရိုးစွန်းဒေသ၌ သားကောင်ကို တွေ့သည့် ဝံပုလွေများနှယ်ပါတည်း။ အသက်နေနှင့် နီးလှပေမဲ့ ဗိုက်ထဲရောက်နေသည့် အရက်တွေက အဲဒီအခြေအနေမျိုးတွေကို မကြာမကြာ တွန်းပို့တတ်ပါသည်။

အသက်နေနှင့် နီးခဲ့သည့် ဖြစ်ရပ်တွေ အကုန်မပြောတော့ဘဲ စိတ်မကောင်းဖွယ် အတွေ့အကြုံတစ်ခုကိုပဲ ပြောပါတော့မည်။ မန္တလေးမှာ ဖြစ်၏။ တစ်ညတွင် (၉ နာရီအချိန်လောက်) 'အောင်တော်မူ'ရပ်သို့ ပြန်ရန်





'ကားတစ်' တိုက်အနီးက ဆိုက်ကားတစ်စီးကို သူငယ်ချင်းနှင့် နှစ်ဦးသား စီး၍ လာခဲ့ကြသည်။ (ထိုစဉ်က ရန်ကုန်မှ အတူတူပြောင်းလာစမို့ ထိုသူငယ်ချင်းအိမ် လိုက်၍ ကပ်နေရသည်။) မင်္ဂလာတံတားထိပ် ရောက်တော့ ဆိုက်ကားခမေးရာ ၄ ကျပ်တဲ့။ ဆိုက်ကား ရပ်ခိုင်း၊ နောက်ခုံမှာ ထိုင်လိုက်လာသည့် သူငယ်ချင်းအား ဆင်းခိုင်းကာ ကျွန်တော်လည်း ဆင်းလိုက်၏။ သူငယ်ချင်းက ဆိုက်ကားရပ်စေသည့် အကြောင်းကိုစ္စမေးသည်။ "ဘာကိစ္စ ကြောင့်မှ မဟုတ်ဘူး။ ဆိုက်ကားသမားကို လူချော ဆိုက်ကားပါ ကျူးထဲကန်ချမလို့'ဟု ပြန်ပြောရင်း တကယ်လုပ်မည်ကဲ့သို့ ဟန်ပြင်ရာ ဆိုက်ကားဆရာကြီးမှာ တုန်တုန်ယင်ယင်ဖြစ်သွားပြီး 'ပေးချင်သလောက်သာပေးပါ ဆရာရယ်'ဟု တောင်းပန်ရှာလေသည်။ (ထိုအချိန်က ဆိုက်ကားခနှုန်းထားမှာ နေ့ဘက်မှာဆို လူတစ်ယောက် တစ်မတ်သာ၊ ငါးမူးပေးက စီးချင်သလောက် အဝေးကြီးစီးရော့ပါ။) ဆိုက်ကားခတောင်းတာ များသည်ဟု တွေးမိပြီး ထိုသို့ပြုမိခြင်းပင်။ ထိုအချိန်က ကျွန်တော်တို့ အသက် ၃၀ ကျော်၊ ထိုဆိုက်ကားဆရာကြီးမှာ ၅၀ ကျော်အရွယ် ဖြစ်သည်။ ပြန်တွေးမိတိုင်း ယခုတိုင် စိတ်မကောင်းဖြစ်သည်။ သို့ရာတွင် မူးနေသောလူသည် ယခုစာရေးရင်း ကျွန်တော် တွေးသလို တွေးတာမျိုး မဟုတ်ပါချေ။

အထက်၌ ဖော်ပြခဲ့သော စာတစ်ပုဒ်တွင် အရက်သောက်လိုက်သောအခါ လူ့ဦးနှောက်၏ Cerebral Cortex အတွင်းရှိ နာဗ့်ကြောများ ဆက်သွယ်မှုမှာ နှေးသွားသည်ဆိုသည်။ Cortex သည် ကျိုးကြောင်းဆင်ခြင်မှုနှင့် သင့်,မသင့် ဆုံးဖြတ်ခြင်းတို့ကို ထိန်းချုပ်ပေးသည်ဟု ဆိုသည်။ Cortex သည် အရက်၏ နှောင့်ယှက်ဖျက်ဆီးမှု ခံလိုက်ရသည့်အတွက် သာမန်အချိန်၌ ပြုမည်မဟုတ်သော အလုပ်မျိုးတွေကို အရက်သောက်ထားချိန်၌ လုပ်မိသွားခြင်း ဖြစ်သည်ဟု ဆိုလေသည်။

ကျိုးကြောင်းဆင်ခြင်နိုင်စွမ်း မရှိသည့်အခါ မှန်ကန်စွာ ဆုံးဖြတ်ဖို့လည်း အားနည်းသွားမှာ သေချာသည်။ အမူးသမား ပြောချင်ရာပြော၊ လုပ်ချင်ရာလုပ်တာ ဤသဘောကြောင့် ဖြစ်သည်။ အချို့ကလည်း အမူးသမားမှာ သိလျက်နှင့် တမင် ဂိုကျခြင်းဟု ထင်တတ်ကြသည်။ ကျပ်ယောကျ်ားမူးလာတုန်း မစင်ကော်ကျွေးတာ တစ်ခါမှ မစားပါဘူးဟု ပြောဆိုအကြောင်းပြတတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အမှုသမား မစင်မှန်းသိသော်လည်း သင့်,မသင့် စဉ်းစားရာမှာ အမှန်ရောက်ခဲ့သည်။ ဘုရားဟောကျမ်းဂန်လာ အရက်၏ အပြစ်များတွင် နောင်ဘဝများတွင် သူရူးဘဝဖြစ်တတ်ခြင်းလည်း ပါသည်။ အရက်သမားသည် ယခုဘဝကတည်းက ရူးခြင်းနှင့် အထုံရသွားပြီဖြစ်ရာ ထိုအထုံသည် နောင်ဘဝသို့လည်း ပါနိုင်သဖြင့် ဘုရားဟောကို အမှန်ဟုပင် ယုံထိုက်ကြပါသည်။

ရူးကယ်ဆိုတာ တံတားကလေးရောက်မှ ရူးသည် မမည်ပါ။ 'စိတ်ပုံမှန်ဖြစ်မှု' လျော့နည်းသွားလျှင် ရူးသည်ဟု ဆိုထိုက်တော့သည်။

စိတ် ပုံမှန်အားနည်းသွား၍ မှားပုံသာဓကတစ်ခု တင်ပြပါဦးမည်။

မန္တလေးမှာပဲဖြစ်၏။ လုပ်ဖော်ကိုင်ဖက် စာရေးကြီးတစ်ဦးသည် တစ်ခါသော် လခထုတ်ရက်၌ မူးပြီး အိမ်ပြန်ရာ (ကျွန်တော့်ရက်လည်း မမူးတော့မဟုတ်ပါ) အိမ်သို့ မရောက်၊ နောက်နေ့မှာ ရုံးသို့လည်း ရောက်မလာ။ သူ့အိမ်က ရုံးလာစုံစမ်း၊ ရုံးက သူ့အိမ် သွားစုံစမ်းနှင့် ထိုစာရေးကြီးလမ်းမှာပင် ပျောက်သလို ဖြစ်နေသည်။ တိုင်းဦးစီးဗိုလ်မှူးနှင့် သူငယ်ချင်းအရာရှိတစ်ဦးဟိုစုံစမ်း၊ ဒီစုံစမ်း လိုက်ရှာရာ နောက်ဆုံး၌ စုံစမ်းလို့တော့ ရလာပါ၏။ သူ ထောင်တစ်လကျနေသည်တဲ့။ ဖြစ်ပုံမှာ သူ့အိမ်နှင့် ဘာမှ မပတ်သက်သည့် နန်းတွင်းသို့ သူ့ဘာသာလည်း ဘယ်သို့ရောက်မှန်း မသိဘဲ ရောက်သွားသည်။ ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများက စစ်မေးတော့လည်း ကျေနပ်ဖွယ် သူ မဖြေနိုင်။ ကံဆိုးချင်တော့ မနက်ဖြန်လား၊ သန်ဘက်ခါလားမှာ (ထိုစဉ်က) နိုင်ငံတော်အကြီးအကဲရောက်ဖို့ ရှိနေတော့ သူ့အား ရဲလက်သို့ အပ်ကာ တရားဥပဒေအရ အရေးယူစေလိုက်သဖြင့် ဤသို့ ထောင်ကျသွားခြင်းပင်။ မူးတာက မကောင်းသော်လည်း သနားတော့လည်း သနားရပေသေးသဖြင့် ထောင်က လွတ်လာသောအခါ တိုင်းဦးစီးက အလုပ်ပြန်ခန့်ဖို့ ကြိုးစားသေး၏။ ဥပဒေအရ ရုံးချုပ်က ခွင့်မပြုနိုင်သဖြင့် အလုပ်ပြုတ်ရရှာလေတော့သည်။

တစ်ဆက်တည်း လွန်ခဲ့သော ၂ နှစ်လောက်က အဖြစ်အပျက်တစ်ခုကိုပါ ပြောပါဦးမည်။ တစ်ညတွင် ကျွန်တော် ပရိတ်ရွတ်နေစဉ် အိမ်ရှေ့လမ်းပေါ်မှ အရက်မူးလာမှန်း သိသာသောအသံဖြင့် တပည့်တစ်ယောက် ဖြတ်လျှောက်သွားသံ ကြားလိုက်ရသည်။ ပရိတ်ရွတ်ပြီးသောအခါ ဇနီးဖြစ်သူအား ခုနကြားလိုက်ရတာ ဘယ်သူ့အသံပါ။ ဒီကောင် သင်္ကန်းဝတ်ကလေးနဲ့ နေနေတာ





အကောင်းသား။ အခုတော့ ပြန်သောက်နေပြန်ပေါ့။ ဒီပုံဆိုရင် အသက်တိုတော့မှာပဲဟု ပြောမိသေးသည်။ (ထို တပည့်လေး တစ်နှစ်ကျော် ရဟန်းဘောင်နေခဲ့သေး၏။) မနက်တွင် လက်ဖက်ရည်ဆိုင်ရောက်သောအခါ တုန်လှုပ်ဖွယ်သူ့သတင်းကို ကြားရတော့သည်။ ခြေလက်အင်္ဂါ အစိတ်အပိုင်းတွေ တစ်စစီကောက်ယူရသည်ဟု ဆိုသည်။ သူ့အသံ ကျွန်တော် ကြားပြီးနောက် ရှေ့သို့ဆက်သွားရာ သံလမ်းပေါ်အရောက်တွင် သံလမ်းကို ကူးကျော်ရာတွင် လွတ်လောက်၏၊ မလွတ်လောက်၏ သူ မစဉ်းစားနိုင်။ အရှိန်နှင့် ခုတ်မောင်းလာသော ရထားကို သူက ဝင်တိုးမိခဲ့ခြင်း ဖြစ်သည်ဟု ဆိုလေသည်။

အရက်ကြောင့် အသက်တိုကြသူတို့ သာဓကတွေကား များလှစွာ၏။ ကွယ်လွန်သွားကြကုန်သော လုပ်ဖော်ကိုင်ဖက်တွေပင် များလှလေပြီ။ များလှသူတွေထဲမှ အတူ 'နေ'၊ အတူ 'ပေ' သူငယ်ချင်းတွေကို အရက်က 'ခြွေ' လိုက်လို့ 'ကြွေ' သွားခဲ့ကြပုံကို အနည်းငယ်မျှ ထုတ်နုတ် ပြောပြလိုပါသေးသည်။

အထက်တွင် ပြောခဲ့သည့် မြေနီကုန်း ဝိုင်းတွင်းပါခဲ့သည့် သူငယ်ချင်းတစ်ဦးသည် အသက် ၄၀ လောက်နှင့်ပင် 'ကြွေ' ခဲ့ရလေသည်။ သူ ဂျပန်ပညာသင် သွားရမည်ဆိုပြီး အကြွေးယူ၍ ဝတ်စုံစရိတ်တွေ ဘာတွေအတွက် ကုန်ကျထားခဲ့တာတွေသည် သွားရခါနီးမှ အစီအစဉ်ပျက်သွားတော့ အကြွေးတင်ကျန်ရစ်သည်ကို ကျွန်တော့်အား ပိုက်ဆံရှာပေးပါဟု ပူဆာသဖြင့် 'တတ်သည့်ပညာ မနေသာ'နှင့် ကူညီရှာပေးလိုက်ရင်းမှ ဒီသူငယ်ချင်းနှင့် ကျွန်တော် အလွန်တွဲဖြစ်သွားခဲ့သည်။ ကျွန်တော် မန္တလေးပြောင်းရတော့လည်း ရုံးကိစ္စနှင့် ရန်ကုန်ရောက်တိုင်း သူ့ဆီသို့ အမြဲသွားသည်။ တွဲသောက်သည်။ တစ်ခေါက်အရောက်တွင်တော့ 'ရှင့်သူငယ်ချင်း အဖြစ်ဆိုးလှချေရဲ့ ကိုတင်ဦးရယ်' ဟု သူ့ဇနီးက ဆီးကြိုပြောပါလေသည်။ မနေ့ကမှ သူ့အား ဆေးရုံကြီးမှာ ပင်သင်္ဂြိုဟ်ပြီးသည်ဟု ဆိုပါသည်။ သူသည် ဆေးရုံပေါ် နှစ်ရက် နေသွားသေးသည်။ သို့သော် ဆေးရုံတင်စဉ်က မူလ အခြေအနေအတိုင်းပင် သတိလုံးဝပြန်မလည်လာတော့ဘဲ သေသွားခြင်း ဖြစ်ပါသတဲ့။ ဆေးရုံတင်ရမည့်နေ့ ညနေပိုင်းက တစ်လမ်းတည်းရှိ အခြားအခန်းတစ်ခန်းမှာ အခြားအပေါင်းတွေနှင့် အရက်သောက်သည် ဆိုသည်လောက်သာ သဲလွန်စရ၏။ အိပ်မ်းထဲက



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက် သူ့ကို ပလက်ဖောင်းဘေး လဲနေတာတွေ့ကြောင်း လာပြောလို့ လိုက်သွားတော့ သူသည် ပြောသည့်အတိုင်းပင် အုတ်ဆက်ကွဲ၍ သွေးအလူးလူးနှင့် သတိမေ့ကာ လဲနေသည်ဟု ဆိုပါသည်။ သူ့ကို ဘယ်သူက ဘာလက်နက်နဲ့ ဘယ်လိုလုပ်လိုက်သည်။ ဒီနေရာမှာ ဘယ်သို့ရောက်နေသည်ကို မသိရကြောင်း သူ့ဇနီးက ဝမ်းနည်းပက်လက် ပြောပြပါသည်။ ဒီသူငယ်ချင်းသည် လူကောင်းတစ်ယောက်ပင်။ မူးလျှင်တော့ 'ပူဆိုး'တော့ မဟုတ်။ 'အေးဆိုး'လေး ဆိုးတတ်၏။ အဲဒါကြောင့်လေမှားလား။ ဘာကြောင့်ပဲဖြစ်ဖြစ် ခင်မင်သော သူငယ်ချင်းတစ်ယောက် ဆုံးရှုံးခဲ့ခြင်းအတွက်မူ ကျွန်တော် တွေးမိတိုင်း နှလုံးမသာယာ ဖြစ်မိပါလေသည်။

ဘူတာပွဲ၌ပါခဲ့သော သူငယ်ချင်းကား အထက်က သူငယ်ချင်းထက် ပို၍ နေသွားရပါသေးသည်။ ၉၆ ခုနှစ်ကမှ သူ 'ကြွေ' ခဲ့သည်။ သူ့နာရေးသတင်းကို နှစ်လကျော်လွန်မှ သမီးထံ လာလည်သွားသော (အလျှင်က အိမ်နီးချင်းနေခဲ့သော) ဗိုလ်မှူးလင်မယား မေ့ကျန်သွားသည့် သတင်းစာကို ဆွဲဆုတ် ဆော့ကစားနေသည့် မြေးအငယ်လက်ထဲမှ ဆွဲယူကြည့်မိရာမှ ထိုသူငယ်ချင်း မရှိတော့ပါကလားဟု သိလိုက်ရခြင်း ဖြစ်ပါသည်။ သမီးနှင့် မြေးများ ရှေ့မှောက်မှာပင် ကျွန်တော် မဆည်နိုင်ဘဲ မျက်ရည်ကျမိပါသည်။ သမီးကလည်း ငယ်စဉ်ကလေးဘဝမှာ သူ့ကို သိခဲ့သည့်အပြင် ယခု နာရေးကြော်ငြာထဲမှာပါသည့် သူ့ညီ ဗျူဟာမှူးကြီးမှာ ပျဉ်းမနားမှာ သူတို့၏ 'ဂျီ–ဝမ်းကြီး' အဖြစ် နေသွားခဲ့သေးသည်။ ထိုနှစ်က ကျွန်တော်ကိုယ်တိုင် သေမလောက်ဖြစ်၍ တောင်ငူဆေးရုံကအဆင်း ရန်ကုန်သို့ ဆေးကုသွားသည့်အခါ ဒီသူငယ်ချင်း၏ အဖြစ်ဆိုးကိုပါ သိရပြန်ပါသည်။

မသေခင်တစ်ရက်ကျော်က သူ နံနက် ၉ နာရီ အိမ်ကထွက်၊ တစ်နေ့လုံး အပြင်မှာ သောက်နေခဲ့၊ ညနေ ၅ နာရီ အိမ်ပြန်လာ၊ ရုပ်အင်္ကျီချွတ်၍ လှဲအိပ်နေရာ အအေးမိ လေဖြတ်သွား၊ ဆေးမြီးတိုများနှင့် ကုစားကြည့်၊ မသက်သာ၊ နောက်နေ့မှာ သတိပါလစ်သွားသဖြင့် ဆေးရုံပို့ရာ အထက်က သူငယ်ချင်းနည်းတူ သတိလစ်လျက်နှင့်ပင် နှစ်ရက်နေပြီး ပြန်လည်မလာတော့ဘဲ သေသွားခဲ့ခြင်း ဖြစ်ပါသတဲ့။ သူ့ဇနီးက မျက်ရည်ယိုရွှဲနှင့် ပြောပြပါလေသည်။ ဒီသူငယ်ချင်းကား ဗန်းမော်သား။ သကြားစက်များက ပြောင်းလာကြ





သူအချင်းချင်း 'စိန်ဘရားသားတိုက်' ရုံးမှာ တစ်နေ့တစ်ရက်တည်း အတူတူရောက်ကာ ဆုံရင်း၊ လည်ပင်းဖက်လာကြသူများ ဖြစ်၏။ သူသည် ကျွန်တော့်ထက် ငယ်သေး၏။ သေချိန်၌ ၅၃ နှစ်။

အထက်နှစ်ယောက်နှင့်လောက်ကား အတွဲမများသော်လည်း သူတို့နှစ်ယောက်နှင့်လည်း ခင်မင်၊ ကျွန်တော်နှင့်လည်း မန္တလေးမှ ရန်ကုန်ရောက်သည့်အခါ သူ့စက်ရုံသို့ ဖုန်းဆက်ကာ ဘယ်နေရာလာခဲ့ပါဆိုလျှင် သူ့ကားလေးနှင့် ဒုန်းမောင်းပြေးလာလောက်အောင် သံယောဇဉ်တွယ်ရသည့် သူငယ်ချင်းတစ်ယောက်ကား ကျွန်တော့်အောက် (၇) နှစ်လောက်တောင် ငယ်ပါ၏။ သူသည် မဟာဝိဇ္ဇာ အရည်အချင်းစစ် အဆင့်မီဖြင့် အောင်ခဲ့သော်လည်း ဆက်မတက်တော့ဘဲ အလုပ်ဝင်သောအခါ အသက် ၂၁ နှစ်သာ ရှိသေး၏။ သူ့ကိုယ်သူ ဒေါက်တာကိုလေးရွှေတံဆိပ်ဆုရှင်ဟုလည်း ဂုဏ်ယူတတ်သည်။ တကယ်လည်း တော်ပါသည်။ ဘွဲ့လွန်ဒီပလိုမာတွေ ဟိုစာမေးပွဲဖြေ၊ ဒီစာမေးပွဲဖြေနှင့် အောင်ထားတာ သူ့ဆိုင်းဘုတ် အတန်ရှည်သူပင်။ ကျွန်တော် မန္တလေးရောက်ပြီး အတန်ကြာတော့ သူ အလုပ်ထွက်ကာ မုံရွာမှာ ရှေ့နေအလုပ်နှင့် အခြေချနေသည်ဟု ကြားရသည်။ မုံရွာသူ ဆရာမကလေးတစ်ယောက် သာဝတ္ထိက တပည့်ကလေးတစ်ယောက်နှင့် အဲကြောင်းဆက်မိကာ သာဝတ္ထိရောက်နေသဖြင့် သူမုံရွာအပြန်မှာ သူငယ်ချင်းအကြောင်းကို စုံစမ်းရတာ အမောပင်။ သိပ်သောက်သတဲ့။ သူ့ဇနီးဆရာမက သူ့ဆိုးဒဏ် အလွန်ခံရသတဲ့။ ပြန်ကြားရသည်။ သူ့ဇနီးသည် ဆွေကြီးမျိုးကြီးထဲကပင်။ နဂိုကတက္ကသိုလ်က ဆရာမ။ သူ့ကို ချစ်ရသည်နှင့်ပင် သျှောင်နောက်ဆံထုံးပါ သူ သွားရ ပါရပြီး သူမြို့သမျှ နရသည်။ ယခုသော် မုံရွာသူလေး မုံရွာပြန်လျှင် သူ့အကြောင်း မမေးနိုင်တော့ပါပြီ။ လွန်ခဲ့သော ၂ နှစ်လောက်က ဆရာမလေး မုံရွာ ပြန်ရောက်တော့ သူက တစ်လလောက် စော၍ သေနှင့်ပါပြီတဲ့။ သူသည် လူတော်ကလေးတစ်ယောက်ဖြစ်ရာ နှမြောတသဖြစ်မိရပါလေသည်။

ထိုမုံရွာက 'အရက်ကြယ်ပွင့်'ကလေးနှင့်အတူ သူတို့ လူပျိုဘဝမှာ သမိုင်း၊ ရဲရန်အောင်လမ်းထဲက အိမ်ကြီးတစ်အိမ်မှာ အတူတူနေခဲ့ကြ၊ စားခဲ့ကြ၊ သောက်ခဲ့ကြသော ဆားမှော်သကြားစက်မှ ရန်ကုန် ရောက်လာရင်း ဆုံခဲ့ကြသော သူငယ်ချင်းတစ်ယောက်မှာမူ မိန်းမ မယူသဖြင့် နှိပ်[illegible]စရာလှ



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာမရှိ၊ ရုံးရောက်မှ သူနှိပ်စက်တာ ကျွန်တော်တို့က ခံရသည်။ မန္တလေး ရုံးရောက်တော့ ကျွန်တော်က သူနှင့် အရင်းဆုံးလူဆိုတော့ ဘည်အရက်သမား ကို ဟိုလူမလိုချင်၊ သည်လူမလိုချင် ဆိုသောအခါ အရက်ဖိုး ထောက်ပံ့ရတာ ကလွဲလို့ အသုံးမတဲ့လှသော သည်သူငယ်ချင်းကို ကျွန်တော့်ဆီမှာပင် ထားရပါ သည်။ သဘောကောင်းသည့် တိုင်းဦးစီးမှာ ကျွန်တော့်ထက်ပင် သူ့ဒဏ်ခံရပါ သေး၏။ ယခုနှစ်ဦး မန္တလေးရောက်တုန်း တိုင်းဦးစီးမှူးဟောင်းအိမ်သွားတော့ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်တွေ ပြောရင်း ဒီသူငယ်ချင်း ဘဏ်နီဘဏ်နက် များပုံကအစ ဟိုရောက် ဒီရောက် ပြောမိကြပါသည်။ သူ့အကြောင်း မေ့မေ့ လျော့လျော့နေမိခဲ့ရာ အဲဒီစကားဝိုင်းကျမှပင် ဒီသူငယ်ချင်း 'ကြွေ'သွားခဲ့တာ ၁၀ နှစ်နီးပါးတောင် ရှိသွားပြီဆိုတာ သိခဲ့ရပါသည်။

ထိုသူငယ်ချင်းအကြောင်း ပြောရင်းမှ သတင်းတစ်ခု ထပ်တိုး ကြားရ ခဲ့ပြန်သည်မှာ မကွေးမှာတုန်းက အတူနေခဲ့ကြသည့် ညီလေးတစ်ယောက်ပမာ ရင်းနှီးခဲ့သည့် လူငယ်လေးတစ်ယောက် လာရှိုးမှာ ဆုံးသွားတာ လပိုင်းမျှ သာ ရှိသေးသည်ဟု ပါ၏။ နောက်ဆုံးတစ်ခေါက် တွေ့စဉ်က 'ငါ့ညီ၊ ဒီပုံ အတိုင်းဆိုရင် မင်း အသက်တိုမယ်နော်'ဟု သတိပေးမိခဲ့ပါသေးသည်။ ဖြစ်ရ လေနော်။ 'အစ်ကိုပြောတာ မှန်လိုက်တာဗျာ'ဟုတောင် သေရွာက ထ၍ မပြောနိုင်တော့ပါတကား။

ဝမ်းတွင်းမှာနေစဉ်က တစ်ညလုံး အတူတူထိုင်သောက်လာသည့် သူငယ် ချင်း သေသောအခါ ရင်ခွဲ၍ အလောင်းပြင်ရာ အထဲက အသည်းသည် ကျောက်သားပြင်လို မာနေသည်ဆို၏။ ရဲတင်းနှင့် ထုလိုက်မှ တစ်စစီ မွမွ ကြေထွက်ကုန်သည် ဆိုပါသည်။ အရက်သည် အသည်းကို ဖျက်ဆီးတယ် ဆိုတာ ဟုတ်လိမ့်မည်။ တခြားအရာ ဘာတွေ ဖျက်ဆီးနိုင်သေးသလဲ မသိပါ။ ကျွန်တော် ပြောပြခဲ့သည့် သူငယ်ချင်းတွေသည် ကျွန်တော် သိရသလောက် ကျွန်တော့်ထက် ကျန်းမာကြသူချည်း ဖြစ်ပြီး သူတို့မှာ ဘာ,ညာရောဂါတွေ ရှိသည်ဟုလည်း မကြားစဖူးပါ။ ကျွန်တော့်မှာသာ ဆေးရုံ အကြိမ်ကြိမ်တက် ခဲ့ရသည့် ကာလရှည်ကြာ စွဲကပ်လာသော အစာအိမ်ရောဂါ အထင်အရှား ရှိ သေးသည်။ ယခု သူတို့က ကျွန်တော့် အလျင် ဖုတ်ဖုတ်ကြွေသွားကြပုံ သတ္တု ချကြည့်ရရင် အရက်ကြောင့် အသက်တိုတာပဲဟုပင် ပြောရပေတော့မည်။





ကျွန်တော့်အဖေ မဆုံးမီက ကျွန်တော့်အား 'လူလေးရာ၊ မင့်ရောဂါနဲ့ လည်း မတည့်တဲ့ ဒီအရက်ကို သောက်မနေတော့ပါနဲ့။ မင်းဦးကြီး ကိုကုလား ကြီးလိုလူတောင် အသက်လေးဆယ်ကျော်နဲ့ သေရတာ အရက်ပဲကွ'ဟု နားချ ဖူးပါသည်။

ဦးကြီးကိုကုလားကြီးဆိုသူမှာ ကျွန်တော့်အမေ၏ အစ်ကိုအကြီးဆုံး ဖြစ်ပါသည်။ သူ အားကောင်းသန်မာပုံ ပြောစမှတ် သာမကတွေ ကျွန်တော့် မျက်တွေ့တွေ အများပင် ရှိပါသည်။ သူ လူပျိုရွယ်က အနောက်ဘက်ရွာမှ ဦးစံအေးဆိုသူနှင့် ရန်ဖြစ်ရာ ဦးစံအေးက လှည်းထမ်းပိုးတုံးက ထမ်းပိုးကျည်း နှစ်ချောင်းကို ပြေးချွတ်ကာ သိုင်းက၍ 'ဟေ့ ကုလားကြီး၊ တိုးရဲရင် တိုးခဲ့ စမ်း'ဟု စိန်ခေါ်သည့်အခါ ဦးကြီးက အနီးရှိ ဆီဆုံမှ ကျည်ပွေ့ကို ချွတ်ယူ ၍ လိုက်ရာ ဦးစံအေး ပြေးလိုက်တာ လုံးလို့တဲ့။ ပြောစမှတ်ရှိသည်။ စပါး တစ်စီးတင်လာသည့် လှည်းကို ချောင်းအတက်မှာ ပျောသည့်နွားက မရုန်း နိုင်ဘဲ လှည်းခံနေသည့်အခါ ဦးကြီးက ထိုနွားကို ထမ်းပိုးမှ ချွတ်၍ သူ ဝင် ရုန်းကာ လှည်းကို ချောင်းအတက်သို့ ဆွဲတင်နိုင်သူ ဖြစ်ပါသည်။ သူစိတ်ဆိုး လျှင် ထမ်းပိုးကျည်းလို လက်နက်နုပ်ကို မသုံး။ အနည်းဆုံး လှည်းထမ်းပိုး တုံး ကျိုးလောက်မှ သုံးပါသည်။ တစ်ခါက ထိုထမ်းပိုးတုံးမျိုးနှင့် ဟိုဘက် အိမ်က လူကို လှမ်းပစ်ရာ ဆတ်သွားဖူးပင် ပြတ်ကျသွားပါသည်။

ကျွန်တော့်အဖေ ရည်ညွှန်းသည်မှာ ဖော်ပြပါဦးကြီးကို ဖြစ်ပါ၏။ ဦးကြီးသည် အရီးလေးဆုံးသောအခါ အရက်သမားဖြစ်သွားပြီး အသက် ၄၅ နှစ် တွင် ကွယ်လွန်ခဲ့ပါသည်။

ယခု ကျွန်တော် အရက်မသောက်တာ အနှစ် ၂၀ နီးပါး ရှိပါပြီ။ အဖေ့ စကား နားထောင်၍ချည်းကား မဟုတ်ပါ။ အခြားအကြောင်းတွေလည်း များစွာရှိရာတွင် တပည့်တွေနှင့် စပ်သောအကြောင်းက ပို၍ အဓိကကျပါသည်။ ဘုရားစကားကိုလည်း ပို၍ယုံလာတတ်ပြီဖြစ်၍ ယခုသော် အရက်ကို မည်သို့ သောအကြောင်းကြောင့်မျှ ကျွန်တော် မသောက်တော့ပါ။ ဤသို့ဆိုသဖြင့် သာဓုခေါ်ကြဖို့ ရည်ရွယ်ပြီးရေးတာ မဟုတ်ပါ။ ယခု ဤစာရေးခြင်းမှာ အရက်ဖြတ်တော့မှ ကောင်းတော့မှာပါကလားဟု တွေးမိရင်း ချီတုံချတုံဖြစ် နေသူတွေ ဖြတ်ဖြစ်အောင် မဖြတ်နိုင်ကြသေးသည် ဆိုစေ ဤစာဖတ်မိရင်း



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားစရာကလေးများ၊ ရကောင်းရစေ ရည်ရွယ်၍သာ ရေးခြင်း ဖြစ်ပါသည်။

အရက်စွဲသည့်အဆင့်ရောက်လျှင် ရုပ်ပိုင်းတောင်းဆိုမှုအဆင့် ရောက်လာ၍ဟု ဆိုနိုင်သည်။ ရုပ်တောင်းဆိုမှုဟူသည် အချိန်တန်လျှင် သောက်ရမှ နေသာသွားတာကို ဆိုလိုသည်။ ကျွန်တော် အရက်စွဲစဉ်က ပထမသော် စွဲမှန်း မသိပါ။ ကျွန်တော့်လက်အောက်တွင် လုပ်ကြသော မိန်းကလေးဝန်ထမ်းအချို့ ညနေဘက်မှာ ကျွန်တော်နှင့် စေးရာသို့ ရှောင်နေကြကြောင်း အမှတ်တမဲ့ သွားတွေ့ရမှ စွဲနေမှန်း သိရသည်။ မသောက်ရတော့ စိတ်တို၊ ဆူ၊ ငေါက် လုပ်သကိုး။ အကြောင်းအားလျော်စွာ နေစောင်းချိန် သောက်ဖြစ်လိုက်မိသည့် အခါ စိတ်တို၊ ဆူ၊ ငေါက်တာတွေ မရှိဘဲ ဖြစ်နေတာ တွေ့ရတော့မှ ဒါ ရုပ်ကတောင်းနေတာပဲဟု နားလည်ရပါတော့သည်။

ဆေးဝါးနှင့် အရက်ဖြတ်တာသည် ရုပ်,ရုပ်ချင်း ဂိုက်၍ ဖြတ်ခြင်းဟု နားလည်ရသည်။ ဆေးရုံတက်ဖြတ်၊ ဆေးအာနိသင်ပြယ်ဟော့ သောက်ချင်ါ ဒီအခါ ထပ်သောက်ဖြစ်တတ်သည်။ ဖြတ်ပြီးမှ ထပ်သောကသူတို့၏ အသုဘ မှရသည့် ယပ်တောင်တွေ မနည်းလှပါ။ အရက်ပြတ်လိုသော် စိတ်အာရုံပါ ပြတ်ဖို့ လိုသည်။ လောကီမဂ်ရအောင် လုပ်သင့်သည်။ လောကီမဂ်ဆိုသည် မှာ အရက်သောက်တာ မကောင်းပါကလားလို့ တကယ်သိတဲ့ ပညာကို ဆိုလို ပါသည်။ ထိုအသိရအောင် အရက်၏ ဆိုးကျိုးတွေကို ထပ်တလဲလဲ ဘာဝနာ ပွား၍ နှလုံးသွင်းရပါမည်။ ထိုလောကီမဂ်ရလျှင် ရုပ်တောင်းသည့်ဒဏ်ကို အတန်အသင့်မျှ သည်းခံ၍ ပေခံလိုက်လျှင် နောင် မသောက်ဘဲ နေနိုင်သွားပါ လိမ့်မည်။ ဤနည်းသည် ဘုရားဟောနှင့် ညီသည်ဟု ဆိုနိုင်သည်။ အကြောင်း ငြိမ်းမှ အကျိုးငြိမ်းပါသည်။ သမုဒယပြတ်မှ ဒုက္ခငြိမ်းမည်။

အကယ်၍ တစ်ခုခုသော သမုဒယနှင့် အရက်အပေါ် ချစ်ကြိုးတငင်ငင် ဖြစ်နေသေးသည်ဆိုလျှင် နံနက်ပါသောက်သည့်အကျင့် မစွဲသင့်ပါ။ အရက် သမား မနက်ပါသောက်လျှင် ဂိတ်ဆုံးပြီဟု နားလည်အပ်ပါသည်။ ဂိတ်ဆုံး အလွန်တွင် မှတ်တိုင်မရှိတော့ပါ။ ရှိခြင်းရှိလျှင် 'ရေဝေး' မှတ်တိုင်ပဲ ရှိပေ လိမ့်မည်။

အရက်၏ ဆိုးကျိုးတွေပြောတော့ ကိုယ်တွေ့မဟုတ်သေးတော့ တချို့ က ယုံချင်မှ ယုံလိုပေလိမ့်မည်။ ခက်တာက ဤကိစ္စမျိုးမှာ တကယ် ကိုယ်





တွေ့ကြုံလိုက်ရပြန်တော့လည်း လားရှိုးမှာ ကြွေသွားသည့် ကျွန်တော့်တပည့် ကြယ်ပွင့်ကလေးလို 'အစ်ကိုပြောတာ မှန်ပေသည်'ဟု ပြောခွင့်မရတော့ခြင်း ပေတည်း။ အချို့လူလိမ္မာ စာတတ်များကျတော့လည်း စောဒကတက်စရာတွေ ရှိနေပြန်တတ်သည်။ သူတို့အစား ကျွန်တော်ကပဲ စောဒကတက်ပြလိုက်ပါ တော့မည်။

ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီ၏ ၈၀ ပြည့်လား၊ ၈၂ နှစ်ပြည့်လား မသိ။ ထိုမွေးနေ့ညစာခံပွဲတွင် စာနယ်ဇင်းသမားတစ်ဦးက ဤသို့မေးသည်။ "ဗိုလ်ချုပ် ကြီးခင်ဗျာ၊ ဒီအသက်အရွယ်အထိ ကျန်းမာအသက်ရှည်လာခဲ့တာ ဘာအလေ့ အကျင့်ကောင်းတွေ ရှိလို့ပါလဲ"တဲ့။ သည်အခါ ဗိုလ်ချုပ်ကြီးက "ကျွန်တော်က ဆေးလိပ်လည်းမသောက်၊ အရက်လည်းမသောက်ပါဘူး"ဟု ပြန်ဖြေပါသည်။ ထိုအချိန် ထိုညစာခံပွဲသို့ တက်ရောက်လာသော အသက် ၉၀ ရှိ နန်းရင်းဝန် ဟောင်း ချာချီကလည်း အနီး၌ ရှိနေသဖြင့် စာနယ်ဇင်းဆရာက အလားတူ မေးခွန်းများကိုပဲ ချာချီအား မေးပါသည်။ ချာချီ၏ အဖြေကား 'ကျွန်တော်က ဆေးလိပ်လည်းသောက်တယ်၊ သောက်သမှ စီးကရက်ထက် ပြင်းတဲ့ ဆေးပြင်း လိပ်မှ သောက်တယ်။ အရက်လည်း သောက်တယ်။ သောက်သမှ မိုးမလင်း ဘူး"ဟု ပါ၏။

ဆေးလိပ်ရော အရက်ပါ အသောက်ကျူးသည့် ချာချီအသက် ၉၃ နှစ် အထိလားမသိ၊ လူ့ပြည်၌ အကြာကြီးနေသွားပါသည်။ ချာချီများ မဟုတ်ကြ သော ကျွန်တော့်သူငယ်ချင်းများမှာမူ လူ့ပြည်၌ အကြာမနေ၊ စုတေ၍ တဖုတ်ဖုတ် ကြွေသွားလိုက်ကြတာ ဖတ်ခဲ့ရသည့်အတိုင်းပင် ဖြစ်ပါသည်။ ကျွန်တော့်အပို့မှာမူ သို့နှယ် သူတို့ အသေစောပြသွားကြခြင်းမှာ သူတို့လိုပင် ချာချီမဟုတ်သည့် ကျွန်တော့်အား "သူငယ်ချင်းရေ လူဟာ တစ်ချိန်ချိန်မှာ တစ်နည်းနည်းနဲ့ သေရမှာ ဖြစ်ပေမဲ့ 'အသက်ဉာဏ်စောင့်'တဲ့ကွနော်"ဟူ၍ ဩဝါဒ သတိပေးစကား ပြောချင်ကြလို့များလားဟု သူတို့ကို အောက်မေ့ သတိစိတ်နှင့် လွမ်းတွေးကလေးများ တွေးနေမိပါတော့သတည်း။

စာကြွင်း။ ။ ဆောင်းပါးထဲက ဓာတ်ကောင်အချို့အတွက် ဓာတ်ပေါင်းပေးပြီး

လစ်ဟာသွားခဲ့ပါသည်။ မြေနီကုန်း ဗိုလ်ကြီးသည် ဦးခေါင်းထဲ မှာ ရုံးထိုင်၊ ချက်လက်မှတ်ကို ကိန်းဂဏန်းမပါဘဲ အလွတ်လက်မှတ်ရေး



www.burmeseclassic.com

ထိုးပေး၊ အောက်ကလူတွေက [သူက စက်ရုံ (၁၁) ရုံ အုပ်ချုပ်ရသည်] လုပ်ချင်ရာလုပ်ကြ၊ ခုံအဖွဲ့တွေနဲ့ ခဏခဏ အစစ်ခံရ။ သူ ဘာမှမစားရမှန်း သိနေပြန်တော့လည်း လူကြီးတွေ အရေးယူရခက်၊ သူ့အတွက် စိတ်ပျက်ကြရဆဲ အသက် ၅၁ မှာ ဆုံးခဲ့တာ ယခုအခါ အနှစ် ၃၀ ရှိခဲ့ပါပြီ။ ငွေစာရင်းအရာရှိ အဆက်သွယ်မရ၍ သေ,ရှင် မသိ။ 'အောင်တော်မူ'က သူငယ်ချင်းသည် မကွေးပြောင်းကြရာမှာ အတူတူ၊ နောင် စစ်ကိုင်းမှာ ၄၀ ကျော်မှ ကံထ၊ လူပျိုကြီးဘဝ ကျွတ်၍ ဇနီးငယ်လေးရ။ ကြာကြာမပေါင်းလိုက်ရဘဲ သေသွားတာ ဘယ်နှစ်နှစ်ရှိပြီလဲတောင် မမှတ်မိတော့ပါ။]

[မြားနတ်မောင်၊ ၃/၂၀၀၀]



## တွေ့မြဲအမှန် လောကဓံ ဆက်ဆံဘယ်သို့နည်း

မန္တလေးတွင် ယခုခေတ်ဟိုတယ်တို့ထက် အရင်ကျသော မန္တလေးဟိုတယ်ထက်ပင် စော၍ ရှိနှင့်သော ဟိုတယ်တစ်ခုမှာ 'ထွန်းလှဟိုတယ်' ဖြစ်သည်။ ဟိုတယ်ပိုင်ရှင်မှာ 'လောကဓံဦးထွန်းလှ' ဖြစ်ကြောင်း သိရသည်။ ဦးထွန်းလှဟူသော အမည်ရှေ့တွင် လောကဓံဟူသော နာမဝိသေသနပုဒ်ရောက်ကာ ဦးထွန်းလှ ထိုအမည်ကို ရခဲ့ခြင်းမှာ သူရေးခဲ့သော စာအုပ်တစ်အုပ်ကို အစွဲပြု၍ ဖြစ်ကြောင်းလည်း မှတ်သားရဖူးပါသည်။ ဦးထွန်းလှ၏ စာအုပ်ကို ကျွန်တော် ဖတ်ဖူးသည် မထင်ပါ။ (ဖတ်ဖူးကလည်း မေ့ပါပြီ။) ထို့ကြောင့် သူ့စာအုပ်ထဲ၌ ဦးထွန်းလှ ဘာတွေရေးခဲ့သည် ကျွန်တော် မပြောတတ်ပါ။ အထက်ပါ ခေါင်းစီးနှင့် ဤစာကို ရေးမည်ပြုခါမှ သူ၏အမည် ရုတ်ခြည်း ပေါ်လာ၍ ကျွန်တော့်စာကို မဆီမဆိုင် ထွန်းလှဟိုတယ်နှင့် နိဒါန်းသွယ်လိုက်ရခြင်း ဖြစ်ပါသည်။

'လောကဓံ'ဆိုတာ 'လောက'နှင့် 'ဓမ္မ'ကို ပေါင်းစပ်ထားသော ဝေါဟာရဖြစ်ကြောင်း လူတိုင်းသိကြပါသည်။ ထို့ကြောင့် 'လောကဓံ' ဟူသည်မှာ 'လောကတရား'ဟု ဆိုလိုက်ပါသည်။ (ဝါ) လောက၌ ကြုံတွေ့ရတတ်သော သဘောအခြင်းအရာများဟု နားလည်အပ်ပါသည်။

သို့ဖြစ်လျှင် လောကဆိုတာ ဘာလဲဟု တစ်ဆင့်တက်၍ [illegible] ကောင်း မေးချင်ကြမည်။ မေး[illegible]ည်း မေးထိုက်ပါသည်။ ဘုရားရှင်[illegible]

www.burmeseclassic.com



ကလည်း ရဟန်းတို့က ဆိုအမေးဖြင့် ဘုရားရှင်အား မေးလျှောက်ဖူးပါသည်။ 'လောက, လောကလို့ ပြောနေကြပါတယ်ဘုရား–တဲ့။ 'လောကဆိုတာ ဘာလဲဘုရား'လို့ လျှောက်ကြသည်။ သည်အခါ ဘုရားရှင်က 'လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော ခေါ ဘိက္ခု လောကောတိ ဝုစ္စတိ' ဟု ပြန်ဖြေပါသတဲ့။ "ချစ်သားတို့၊ ပျက်စီးတတ်တယ်၊ ပျက်စီးတတ်တယ်ဆိုတဲ့ အကြောင်းကြောင့် လောကဟု ဆိုအပ်ပေ၏"ဟူ၍ အဓိပ္ပာယ်ရပါသည်။ ပျက်စီးတတ်လို့ လောကဟုခေါ်တယ်ဟု ဖြေလိုက်သည့် သဘောပါပဲ။

သို့ရာတွင် ကျွန်တော်တို့ ပုထုဇဉ်လူသားများအမြင်တွင်တော့ လောကဆိုတာ ပျက်စီးတတ်တဲ့သဘောပါကလားဟု ထင်နိုင်ခဲ၊ မြင်နိုင်ခဲကြပါသည်။ ကိုယ် မှီတွယ်ကျက်စားရာ ဩကာသလောကကြီးနှင့် စပ်၍သာ ကိုယ့်စိတ်ထဲမှာ ထင်မြင်ကြသည့်အတိုင်း ကိုယ့်လောကကို ကိုယ့်ဘာသာ ဖန်ဆင်းကြည့်မြင်ကြသည်ကသာ များပါသည်။ ထိုအခါ ကိုယ်ဖန်ဆင်းလိုက်သည့် လောကကြီးသည် သာယာဖွယ်လည်း ဖြစ်ချင်ဖြစ်မည်။ ပျင်းမုန်းဖွယ်လည်း ဖြစ်ချင်ဖြစ်မည်။ မည်သို့ပင် ဖန်ဆင်း, ဖန်ဆင်း လောကကိုတော့ နေ့စဉ် မျက်မှောက်မြှုနေရသည်ချည်း ဖြစ်ပါသည်။

လောကကြီးနှင့် မျက်မှောက် ပက်ပင်း ရင်ဆိုင်ရစဉ် မိမိတို့စိတ်မှာ ကျေနပ်လက်ခံချင်ဖွယ်တို့လည်း တွေ့ရမည်။ မကျေနပ်ဘဲလျက် ရှောင်ဖယ်မရ၍ ထွေးပိုက်လက်ခံလိုက်ရသည်များကိုလည်း ကြုံရမည်၊ လိုပြောတော့ ဣဋ္ဌာရုံနှင့် အနိဋ္ဌာရုံ။ လွယ်လွယ်ပြောတော့ အကောင်းနှင့် အဆိုး။ ကောင်း,ဆိုးနှစ်တန် လောကဓံကို လေးမျိုးခွဲခြားကာ လောကဓံရှစ်ပါး ရှိကြောင်းလည်း လူအများသိရှိနားလည်ထားပြီးလည်း ဖြစ်ပါသည်။

တကယ်တော့ လောကကြီးသည် ကိုယ်ချဲ့သလောက်ကျယ်သော သဘာဝဖြစ်ပေရာ ကျယ်လှစွာသော လောကကြီး၌ တွေ့ကြုံရသော ကောင်း,ဆိုးနှစ်တန် လောဓံတို့သည် မရေတွက်နိုင်အောင်ပင် ရှိနိုင်ပါသည်။ တူရာသဘောတွေကို ပေါင်းစည်းသိမ်းသွင်း၍ ..ကျဉ်းချုပ်ကာ စာရင်းလုပ် ပြောရသဖြင့်သာ လာဘော၊ အ,လာဘော စသော 'လောကဓံရှစ်ပါး'ဟု နားလည်နေကြခြင်း ဖြစ်ပါသည်။

'လောကဓံ'သည် အက္ခရာလေး သုံးလုံးသာပါ၏။ ဆိုရွတ်ကြည့်တော့





လည်း နားထဲမှာ ထော်လော်ကန့်လန့်ကြီး မဟုတ်ပါ။ ရွတ်လို့တောင် ကောင်းတောင်းတောင်းဆိုတော့ ကျွန်တော်တို့က သူ့ကို အလေးမထားချင်တတ်ကြပေ။ တစ်ခါတစ်ရံ သူရှိပါကလားဆိုတာတောင် သတိမရ ဖြစ်တတ်သည်။ မယုံလျှင် တော်တော်များများ ငွေကြေးကလေး သင်ဂျင်နိုင်ကြည့်။ သို့မဟုတ် ချဲပေါက်ကြည့်။ သို့တည်းမဟုတ် သိန်းသုံးရာဆုကြီး တိုးကြည့်။ ဒါမှမဟုတ် သေးရင်လည်း ရချင်သလိုနည်းနဲ့ ရလာကြည့်ပြီး ဟိုတယ်တစ်ခုမှာ 'ဘလူး'၊ 'ဘလက်' 'ဗွိုက်' ကြိုက်ရာ လေဘယ်နှင့် အရက်မျိုးတွေ ကြိုက်သလောက် ချလာစေ၊ ရသမျှ အစားအစာ ကြိုက်သလိုမှာစားကာ အနားမှာလည်း အရက်ငှဲ့ပေးသူကလေးတွေနဲ့ ကုန်ချင်သလောက် ကုန်ပါစေ အခြေအနေမျိုး သင်ရောက်ကြည့်ပါ။ လောကဓံဆိုတာ ချိုနှင့်လား၊ အတောင်နှင့်လား၊ ကုန်းသတ္တဝါလား၊ ရေသတ္တဝါလား စဉ်းစားနေအားမည်မဟုတ်။ 'တယ်ဟုတ်တဲ့ ငါပါတကား'၊ 'တယ်ဟုတ်တဲ့ ငါပါတကား'ဟု သင့်နှုတ်က ဂါထာရွတ်သလို ရွတ်မနေပေမဲ့ သင့်စိတ်ထဲမှာ ဖြစ်နေတာကို ဘာသာပြန်လိုက်လျှင် အဲဒီအတိုင်းပဲ အဓိပ္ပာယ်ထွက်ပေလိမ့်မည်။

ထိုအတူ သင်သည် ယခု ဆယ်အိမ်ခေါင်းတောင် မဟုတ်ဖူးဘဲထားပါ။ ဒါပေမဲ့ သင့်ကိုယ်သင် ကုလားထိုင်တစ်လုံးပေါ် စိတ်နှင့်တင်ကြည့်။ သင်အလိုရှိရာ 'ငါးခြောက်'လို့ ောက်ကြည့်။ 'ဖုတ်ပြီးပါပြီဆရာ'ဟု သင် ကြားလိုက်ရပြီဆိုပါက သင့်စိတ်မှာ ဖြစ်နေတာကို အီးစီဂျီရိုက်သလို ပုံဖော်ကြည့်ပြီး တွေ့တာကို စာနှင့် ချရေးကြည့်လျှင် အထက်ကအတိုင်းပဲ ဖြစ်နေကြောင်း အဖြေထွက်ပေလိမ့်မည်။

လောက၌ အဲဒီလို အခြေအနေတွေကို ကြုံတွေ့ကြရလျှင် တွေ့ကြုံသူတို့သည် တွေ့ရသည့် အာရုံက ကောင်းသဖြင့် ယစ်တတ် မူးတတ်ပါသည်။ မူးတတ်သဖြင့် မေ့လျော့တတ်ပါ၏။ ပျားရည်ထဲ၌ နစ်၍သေကာမှ သေစေဒီနေရာကတော့ ငါ မခွာနိုင်ဟူသော ယင်ကောင်၏ ပမာ ဣဋ္ဌာရုံ၌ သာယာတတ်ကြသည်မှာ ပုထုဇဉ်တို့၏ သဘာဝပင် ဖြစ်ပါသည်။ အပြစ်တင်စရာလည်း မဟုတ်။ မနာလိုဝန်တိုဖြစ်စရာလည်း မဟုတ်ပါ။

အာရုံကောင်းနှင့်ကြုံလျှင် ပုထုဇဉ်တို့သည် ထိုအာရုံကောင်း၌ သာယာတပ်မက်သော လောဘဖြစ်သည်။ သာယာအဆင်ပြေသော အခြေအနေကို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းခံ၍ ငါမှငါတကားဟု မာနဖြစ်သည်။ လောဘသည် လည်းကောင်း၊ မာနသည် လည်းကောင်း ကောင်းကျိုးပေးနိုင်သော ကုသိုလ်စိတ်များကား မဟုတ်ကြ။ မဟုတ်ကာမှ မဟုတ်စေတော့၊ အဝိဇ္ဇာက ကောင်း,ဆိုး ဝေခွဲနေဖို့ အခွင့်အရေးမပေးလေတော့ မိမိတို့စိတ်မှာ မကောင်းတာတွေ ဖြစ်နေတာကိုပင် သတိမပြုနိုင် ဖြစ်ကြတော့တာပါ။

လောကသဘာဝက ဘယ်အရာမှ အမြဲထာဝရ သူ့အတိုင်းလေး တည်နေရာမရှိ၊ အမြဲမပြတ် ပြောင်းလဲနေသည့်အတိုင်း အကြောင်းကြောင်းတို့ ပေါင်းဆုံသောအခါ အခြေအနေကောင်းတစ်ရပ်မှ အခြေအနေဆိုးတစ်ရပ်သို့ ပြောင်းလဲရောက်ရှိသွားသောအခါ ထိုလောဘ၊ မာနတို့ဖြင့် မေ့လျော့နေသူများသည် မျှော်လင့်ပြင်ဆင်ထားခြင်း မရှိဘဲ အခြေအနေဆိုးကို ရုတ်ခြည်း ပက်ပင်းတိုး လိုက်ရသဖြင့် ပျာပျာလောင်လောင်နှင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတတ်လေတော့သည်။

သည်အခါ သူတို့၏ စိတ်အခြေအနေက တစ်မျိုးသို့ လှည့်ပြောင်းသွားပြန်၏။ အကောင်းနှင့် တွေ့စဉ်က လောဘနှင့် မာန။ ယခု အဆိုးနှင့် တွေ့တော့ သောကနှင့် ဒေါမနဿ။ အဆိုးအပျက်နှင့် ဆက်၍ ကြုံရမှာကို စိုးရိမ်ပူပန်ဖြစ်သည်။ အာရုံဆိုးအပေါ်မှာ အလိုမကျ ဒေါသဖြစ်သည်။ ဒေါသဟုဆိုဆို၊ ဒေါမနဿဟု ပြောပြော တရားကိုယ်ႏ႐တော့ အတူတူပင်။ သောကရော ဒေါသပါ စိတ်ကောင်း၊ စိတ်ဖြူများ မဟု ႏ႐ကြ။ စိတ်ညစ်၊ စိတ်နွမ်းများသာ ဖြစ်သည်။

အကောင်းနှင့် ကြုံတော့လည်း လောဘနှင့် မာန။ အဆိုးနှင့် ကြုံတော့လည်း သောကနှင့် ဒေါသ။ ညစ်နွမ်းသောကိလေသာများသာ ဖြစ်နေပါတော့သည်။ ကိလေသာတော၌ ပျော်မောခဲ့ကြသော အထုံဝါသနာက အားကြီးကြလေတော့ ကျွန်တော်တို့သည် အဆိုးလောကဓံကိုသာ မကြုံချင်ကြပေမဲ့ ဟန်းချိန်းကြီး တပြောင်ပြောင် မိုဘိုင်းဖုန်းလေးတမမမျိုးကိုတော့ တောင့်တချင်တတ်ကြသည်ပဲ ဖြစ်ကြပါ၏

အသက်အရွယ် အဝ ႏအသင့်ရသူများ ဟိုတစ်ချိန်က ခေတ်စားခဲ့သော တွံတေးသိန်းတန်၏ ထွေးညိုပြဇာတ်ထဲမှ 'သာဒင်ကို ဘာထင်လဲ' ဟူသော ကြိမ်းဝါးသံကြီးကို မကြာခဏ ကြားဖူးခဲ့ကြပါလိမ့်မည်။ ကျွန်တော်သည်





အခြေအနေကောင်းမှ အခြေအနေဆိုးသို့ ရောက်သွားသဖြင့် အနိဋ္ဌလောကဓံကို ခံနေရသောသူများကို မြင်ရသည့်အခါ သူတို့အား ကရုဏာလည်းသက်မိ၊ တရားသံဝေဂလည်း ရမိပါသည်။ ထို့ပြင် 'သာဒင်ကို ဘာထင်လဲ' ဟူသော ကြိမ်းဝါးသံကြီးကို အစားထိုးကာ 'လောကဓံကို ဘာထင်လဲ' ဟူသော အသံကြီးကလည်း နားထဲသို့ ဝင်,ဝင်လာတတ်ပါသည်။

လောကဓံဆိုတာက ဘုရင်ပဲ၊ သမ္မတပဲ၊ သူဌေးပဲ ဟူ၍ ခြွင်းချက်မထား၊ သူသူငါငါ လူတကာ ကြုံတွေ့နေရသည့် တရားဖြစ်သည်။ အများစုသော လူတို့သည် လောကဓံဆိုးနှင့် ကြုံသော် ဖြိုချင် တုန်ချင် တတ်သည်ချည်းဖြစ်သည်။ နရသီဟပတေ့ဘုရင် စစ်ပြေးဘဝမှာ ဟင်းခွက်ကလေး ၁၅၀ လောက်သာ စားရတော့သည်ဆိုကာ မျက်ရည်လေး စမ်းတမ်းစမ်းတမ်းလုပ်လို့ မိဖုရားမွှားစောက တရားချရသည်။ မြန်မာရာဇဝင်ထဲမှာ ဖတ်ရ၏။ သမ္မတနစ်ဆင် ဝါးတားဂိတ်အရေးနှင့် သမ္မတအရာက ဆင်းပေးရတော့ ချုံးပွဲချ ငိုကြွေးသည်။ သမ္မတကာတာ ဒုတိယသက်တမ်းအတွက် ပြိုင်သော ရွေးကောက်ပွဲမှာ အရေးနိမ့်သည့်အခါ ကျုံကျုံပါအောင် ငိုသည်။ တိုင်းမဂ္ဂဇင်းတွေထဲမှာ ဖတ်ရ၏။ ဟိုဘက်တစ်ခေတ်က တိုင်းအဆင့်ရှိ ပါတီလူကြီးအချို့အား တာဝန်မှ ရပ်သိမ်းသည့် သတင်းပါပြီး တစ်လလောက်အကြာတွင် ထိုလူကြီးများထဲမှ တစ်ဦးသည် နှလုံးရောဂါနှင့် သေသွား၏။ သတင်းစာတွေထဲမှာ နာရေးကြော်ငြာဖတ်ခဲ့ရဖူးသည်။

အလားတူ ဖြစ်ရပ်မျိုးတွေသည် လောက၌ နေ့စဉ်နှင့်အမျှ ကိုယ်မကြုံသော်မှ သူကြုံနေသည်။ သူမကြုံသော်မှ သင်ကြုံနေသည်။ သို့နှယ် သူငါ ကြုံတွေ့နေရတာတွေ၊ မြင်ရ၊ ကြားရ၊ သိရသည့်အခါတိုင်း ကျွန်တော့်နားထဲသို့ 'သာဒင်ကို ဘာထင်လဲ'ဟူသော ကြုံးဝါးသံကြီးက စကားလုံးပြောင်းပြီး အလိုလိုရောက်ရောက်လာတတ်ပါသည်။

ဤစာရေးနေရင်းပင် သတိရလာပြန်သဖြင့် လွန်ခဲ့သော ၁၅ နှစ်ခန့်က ပျဉ်းမနားမှာ ဆေးရုံတက်စဉ် ခုတင်ချင်းကပ် လူမမာကြီးတစ်ဦး ပြောပြဖူးသော ကိုယ်တွေ့ပုံပြင်တစ်ခုကို တစ်ဆက်တည်း ဖောက်သည်ချလိုက်ချင်ပါသေးသည်။ မြေယာတွေ အများကြီး၊ ဆန်စက်၊ ဆီစက်၊ ရေခဲစက်တို့အပြင် တိုက်နှစ်လုံးပိုင်သည့် လူချမ်းသာတစ်ဦးသည် တစ်နေ့သော် ဦးကျော်ရှိ သူ့



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေအိမ်သို့ အသွား ထိုအိမ်တွင် ပုဏ္ဏားဗေဒင်ဆရာကလေး တစ်ဦးနှင့် တွေ့တော့ 'ငါ့လည်း ဟောစမ်း' ဆိုသည့်အခါ ပုဏ္ဏားကလေးက ကုန်းကောက်စရာမရှိအောင် မွဲလိမ့်မည်ဟု ဟောလိုက်ပါသတဲ့။ ထိုအခါ လူချမ်းသာကြီးက သူ ဘယ်မျှ ချမ်းသာသူဖြစ်ကြောင်း ပြောလည်းပြောကာ ပုဏ္ဏားလေးကို ထိုအိမ်ပေါ်မှာပင် လှိမ့်၍ လှိမ့်၍ ကန်ပါသတဲ့။ နှောင်နှစ်များစွာ မကြာမီမှာပင် ထိုပုဂ္ဂိုလ်ကြီးမှာ အရက်ဆိုင်တွေမှာ နှစ်ကျပ်၊ သုံးကျပ်မျှသော ငွေကြေးကိုသူဖုန်းစားပမာ လက်ဖြန့်ခံတောင်းကာ ခွက်ကပ်လောက်နှင့် မူးရသော အခြေမဲ့ အနေမဲ့ အရက်သမားကြီးတစ်ဦးအဖြစ်သို့ အမှန်ပင် ရောက်ရှိလို့သွားပါသတဲ့။

ဤသို့ မျှော်လင့်မထားသော အခြေအနေမျိုးတို့လည်း လောက၌ အချိန်မရွေး ကြုံတွေ့နိုင်ပါသည်။

ဤသို့ လောကဓံဆိုးများကို မမျှော်လင့်ဘဲ ရုတ်တရက် ကြုံလိုက်ရလျှင် ဘုရင်ဖြစ်ဖြစ်၊ သမ္မတဖြစ်ဖြစ်၊ သူဌေးဖြစ်ဖြစ် တုန်လှုပ်တတ်သည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် အခြေအနေကောင်းလေးနှင့် အကောင်းလောကဓံလေး ကြုံရသည့်အခါမျိုးကတည်းက လောဘ၊ မာနတို့ ခေတ္တကွာလိုက်ချိန်မျိုးမှာ သတိပေးဖြစ်ပြီး 'သာဒင်ကို ဘာထင်လဲ' ကို ရွတ်ဖွား၊ ရွတ်ဖွား လေ့ကျင့်ထားနိုင်က ဖော်ပြပါ မြေရှင်စက်သူဌေးလောက် အကျမနာဘဲများ ဖြစ်နိုင်မလားဟု ကျွန်တော် မကြာမကြာ စဉ်းစားမိပါသည်။

ကျွန်တော်နှင့် ခင်မင်သူတစ်ယောက်သည် သူ့မှာ တန်ခိုးအာဏာကလေး အနည်းအကျဉ်းရှိစဉ်က သူ့အိမ်သို့ ဝင်,ထွက်သွားလာ၊ သူ့အပါးမှာ ချဉ်းကပ်နေသူအချို့က သူ့အိမ်ရှေ့ လမ်းမပေါ်မှ ဖြတ်လျှောက်လို့သာ သွားကြ၊ သူ့အား နှုတ်ဆက်ဖို့ ပျက်ကွက်သွားကြတာ တွေ့တွေ့နေရတော့ တန်ခိုးရှိန်၊ အရှိန်ကျနေပြီ ဖြစ်သည့်သူက ကိုယ့်သိမ်ငယ်စိတ်နှင့်ကိုယ် ထိုသူများအပေါ် ဒေါမနဿသာ ဖြစ်လို့နေပါသည်။ ထိုအခါ ကျွန်တော်က "ဒါကို သူတို့အပေါ် အပြစ်မမြင်နဲ့။ ခင်ဗျားမှာ အရှိန်အဝါရှိစဉ် သူတို့သွားလာ ဝင်ထွက်နေစဉ်ကတည်းက ငါ့မှာ ဒီအရှိန်အဝါလေး ပျောက်တဲ့အခါ သင်းတို့ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်ကြမှာပဲလို့ ကိုယ်က ကြိုမြင်ထားရမှာ။ ခင်ဗျားက အဲဒီလို မတွေးမိ၊ မမြင်မိခဲ့တာကိုက ငါ့ညံ့တာပဲလို့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရမှာ"လို့ တရားဟောရပါသည်။





ဟောပင်ဟောရသော်လည်း ဟောရင်း ပျံတော်မူရမည့် ပုဂ္ဂိုလ်မျိုးတွေလည်း လောက၌ ဒုနှင့်ဒေးပင် ရှိတတ်ပါသေးသည်။ အချို့သည် မောင်ရင်လောင်းဖြစ်စဉ်က ဆောင်းခဲ့ဖူးသော ရွှေထီးကြီးကို တအောက့်မေ့မေ့ ရှိတတ်သည်။ မောင်ရင်လောင်းထီးကို လွမ်းတတ်သူများနှင့် တွေ့ရသည့်အခါ သူတို့၏ သမုဒယကို ကျွန်တော်ဖြင့် အံ့တော်ပင် အံ့ဩပါသည်။ သေသေချာချာ တွေးကြည့်လျှင် မောင်ရင်လောင်းထီးသည် လယ်ထဲချောင်းထဲသို့လည်း ဆောင်းသွားလို့မရ၊ ရပ်ထဲ ရွာထဲမှာ ဆောင်းနေဖို့လည်း ကောင်းသည့်ပစ္စည်းမျိုး မဟုတ်မှန်း အလွယ်တကူ တွေးလို့ရနိုင်လောက်ပါသည်။

အတိတ်ကို လွမ်းနေခြင်းထက် ပစ္စုပ္ပန်တည့်တည့်ကို အမှန်အတိုင်း ရှုမြင်တတ်လျှင် လောကဓံဒဏ် ခံရတာချင်းအတူတူမှာ ပို၍ သက်သာစရာ ရှိနိုင်ပါသည်။ ကိုယ်တွေ့နှင့် ယှဉ်ပြောရလျှင် ကျွန်တော် အစိုးရအလုပ်ထဲမှာ ရှိစဉ်က အများအားဖြင့် မွဲနေတတ်သည် ဖြစ်ပါသော်လည်း (တစ်ဖက်က 'မွေးမြူရေးလေး' ဘာလေးလည်း လုပ်လေသဖြင့်) တစ်ခါတစ်ရံမှာ လက်ထဲမှာ ငွေလေးကြေးလေးနှင့် ဆူဆူဖြိုးဖြိုး ဖြစ်တတ်ပါသည်။ ပိုက်ဆံလေး ကပ်လာလျှင် လက်ထဲရှိသည့် ငွေကလေး ကုန်သွားပါက မသုံးလိုက်ရဘဲ ဖြစ်မည်စိုးလှသဖြင့် ထိုငွေကလေးမကုန်မီ မြန်မြန်ဆန်ဆန် သုံးပစ်တတ်လေ့လည်း ရှိပါသည်။ သည်တော့ ငါးသုံးလုံးလေး ဝယ်သောက်၍ ဒန်းဟီးလ်လေးလည်း ခဲပါသည်။ တစ်ထိုင်တည်းနှင့် နွားတစ်ကောင်ဖိုးလောက်လည်း အဖော်များနှင့် စားသောက် ပျော်ပါး လုပ်ချင်လုပ်ပစ်တတ်ပါသည်။ တစ်ခါက ကိုယ်စီးသွားသော ရထားက ပျဉ်းမနားသို့ မိုးအတန်ချုပ်မှ ရောက်သဖြင့် သာမန်အားဖြင့် နှစ်ကျပ်ပဲပေးရသည့် လမ်းခရီးကို ကားစီးလုံးငှား၍ သာဝတ္ထိသို့ ပြန်လာခဲ့ပါသည်။ လယ်ကွင်းထဲရှိ အဖေ့တဲသို့ ညကြီးရောက်သွားသောအခါ ကျွန်တော် ဘယ်ပုံ သူ့ဆီ အချိန်မတော်ရောက်လာသည်ကို သိသွားသည့် အဖေက စုတ်သပ်ပါသည်။ ကျွန်တော် စီးလာသည့် ကားခက သူ့စပါးနှင့်တွက်လျှင် လှည်းတစ်စီးတိုက်နီးပါး ဖြစ်နေသည်ကိုး။

ထိုသို့သော ကျွန်တော်သည် ၁၉၈၀ တွင် အလုပ်ထဲမှ ထွက်[illegible] ပင်စင်လစာကလည်း မရသေး။ ဝင်ငွေရသည့် အလုပ်အကိုင်လည်း [illegible]မှ မရှိသေး။ မန္တလေးက အိမ်နှင့် မြေ ရောင်းလာသည့် ငွေလေးတစ်[illegible]င်းလောက်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သုံးလပြည့်အောင်မခံ။ နောက်ဆုံး၌ ဆေးပေါ့လိပ်ဝယ်သောက်ရန် ငွေတစ်မတ်မျှတောင် မကျန်တော့၍ အိပ်ရာဘေးက နံရံပေါင်တန်းပေါ်မှာ စွန့်ပစ်တင်ထားသည့် ဆေးလိပ်တိုဟောင်းတွေကို အာသာပြေ မီးရှို့ဖွာရပါတော့သည်။ ထိုအခြေအနေကို ရုံးမှာ ကျန်ခဲ့သည့် ပေဖက်၊ တေဖက် ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းထံ ရှင်ရှင်သောသောကလေးနှင့် စာရေးပါသည်။ ကျွန်တော့်အကြောင်း ကောင်းကောင်းသိသော သူငယ်ချင်းက ဖတ်ရင်းပြုံးမည်။ ပြီးလျှင် ကျန်တဲ့လူများကိုပါ ဖောက်သည်ချ၍ "ကိုတင်ဦးတို့ကတော့ ဆေးပေါ့လိပ် ဝယ်သောက်ဖို့ ငွေတစ်မတ် မကပ်တော့တာကိုတောင် မှိုကျင်းတွေ့လာသလို စာဖွဲ့ပါတယ်လို့ဆို"ဟု ပြောကာ ရယ်ပွဲဖွဲ့မည်ကို မြင်ယောင်ကာ ထိုစာရေးရတာ ကိုယ့်စိတ်ထဲမှာ ပျော်သလိုတောင် ရှိပါသည်။

တကယ်တော့ ပိုက်ဆံတစ်မတ် ငါးမူးမျှ မကပ်သည့်အဖြစ်သည် ပျော်စရာမဟုတ်ပါ။ သို့သော် ထိုင်ငိုနေ၍ရုံမျှနှင့်လည်း ထိုအဖြစ်က လွန်မြောက်သွားမည် မဟုတ်ပြန်၍ လက်တွေ့ဆောင်းလို့မရသည့် မောင်ရင်လောင်းထီးကို လွှမ်းမနေတော့ဘဲ ထိုသို့ ပြုံးရွှင်စရာစာမျိုးကို ရေးခြင်းဖြစ်ပါသည်။

ဆေးပေါ့လိပ်တောင် သောက်စရာမရှိမှတော့ ချက်စရာဆန်လည်း မရှိနိုင်တော့ပါ။ အဖေ့တဲသို့သွားသောအခါ အဖေက သူ့မှာရှိသည့် ဆန်တစ်ခွဲတည်းမှ ဆန်နှစ်ပြည်ကို ခွဲပေးလိုက်ရာ ထိုဆန်ကလေးကို အိတ်ကလေးနှင့်ဆွဲ၍ စာထဲမှာတွေ့ဖူးသော မရှက်အပ်သော တရားလေးပါးကို နှလုံးသွင်းကာ စိတ်ထဲမှာ ရှင်းရှင်းနှင့်ပင် အိမ်ပြန်လာခဲ့ပါသည်။

အချို့သူများ အခြေအနေကောင်းမှ အခြေအနေဆိုးသို့ ရောက်သွားသည့်အခါ ရှေးကလို မသုံးနိုင်၊ မစားနိုင်တော့ပြီဟု ပတ်ဝန်းကျင်က ထင်မြင်တော့မှာပဲ တွေးကာ ပစ္စုပ္ပန်အခြေအနေမှန်နှင့် ရင်ဆိုင်ရမှာကို ရှက်ပြီး အမှန်တရားကို ဉာဏ်ကစားကာ ဟန်များများနှင့် ဖုံးထားကွယ်ထားချင်တတ်ကြသည်။ ဖွပ်သထက်ညစ်တတ်ပါသည်။ လောကဓံကို လှည့်စားလို့ မရနိုင်။ 'သာဒင်ကို ဘာထင်လဲ'ဟူသော ကြူးဝါးသံကို နားထဲမှာ ကြားသင့်ကြပါသည်။

အမှန်တရားသည် စပ်ခါးခါး၊ စူးရှရှအရသာလို သဘောမျိုးရှိသော်လည်း တစ်ကြိမ်တစ်ခါ တင်းတင်းရင်းရင်းနှင့် ကြိတ်မှိတ် ဝါးမျို စားသူများက နောင်အခါ သူနှင့်တွေ့ရမှာ မကြောက်တော့ဘဲ ကြံလည်းအမှန်၊ ပြောလည်း





အမှန်၊ လုပ်လည်းအမှန်ဖြင့် တဖြည်းဖြည်း အမှန်လမ်းပေါ် ရောက်သွားပြီး ကံများ ကောင်းသွားတတ်ပါသည်။ အမှန်ကို မျက်မှောက်ပြုတတ်သူတို့၌ ဘာနှင့် ရင်ဆိုင်ရ ရင်ဆိုင်ရ ရင်ဆိုင်ရဲသည့် သတ္တိများလည်း အလျောက် ဘာသာရှိလာတတ်ပါသည်။ တကယ်တော့ ပစ္စုပ္ပန်တည့်တည့်ကို အမှန်အတိုင်း ရှုနိုင်ခြင်းသည် မဂ်ပညာ၊ ဖိုလ်ပညာတောင် ရနိုင်သောနည်းလမ်းကောင်း ဖြစ်ပါ၏။

မဂ်စခန်း၊ ဖိုစခန်း မဝင်နိုင်သေးမီမှာတော့ လောကီဘုံထဲမှာ တဝဲလည်လည်နှင့် လောကဓံတို့ကို ကြုံတွေ့ရင်ဆိုင်နေရဦးမည်သာ ဖြစ်ပါသည်။ ကြုံတွေ့ရင်ဆိုင်ရမည့် လောကသည် 'စိတ္တေန နိယတေ လောကော' ဟူသည်နှင့်အညီ ကျွန်တော်တို့ စိတ်တွေက အဆာကျယ်သလောက် ကျွန်တော်တို့၏ လောက,ကလည်း မိမိတို့စိတ်က ချဲ့ထွင်ထားသော လောက၏ အကျဉ်းအကျယ် အလိုက်ပင် အနည်းအများ ရှိနေကြပါလိမ့်မည်။ ကိုယ့်လောက,က များများ ကျယ်လျှင် ကိုယ်ကြုံရမည့် လောကဓံကလည်း များများပင် ဖြစ်လိမ့်မည်။ ကိုယ့်သား ယာဉ်တိုက်မှုဖြစ်လာခဲ့လို့ စိတ်ရှုပ်နေရသည်ဆိုလျှင် ထိုလောကဓံသည် ကိုယ် ကားဝယ်ထားမိခဲ့ခြင်းအပေါ် အကြောင်းခံနေသည်။ သင့်ကုမ္ပဏီအရှုံးပေါ်၍ စိတ်ညစ်နေပါသလား။ ကုမ္ပဏီထောင်မထားသူတို့ သင့်စိတ်ညစ်နည်းမျိုး မကြုံရပါ။ စိန်တွေ ရွှေတွေ ဖောက်ထွင်းခံရလိုက်သည့် ဒုက္ခမျိုးကို မီးရထားတွဲပျက်ကို အိမ်လုပ်၍ ပုဆိုးခြုံကွေးနေသူတို့ မကြုံတွေ့ရပါ။ နေစရာအိမ်မရှိသူ၏ ဒုက္ခမျိုးကို တိုက်ပေါ်ကလူ မခံရသလိုပင် အိုးမဲ့၊ အိမ်မဲ့များ မီးဘေးမသင့်ကြပေ။ ဘာရာထူးမှ မရှိသူများ ပြုတ်သွားပြီဟု မကြားရဖူးပါ။ လျှံကျသွားတာတွေကို နှမြောနေရသည်မှာ အပြည့်အမောက် ထည့်လိုက်မိခြင်းကြောင့်သာ ဖြစ်ပါသည်။

ဤသို့ဆိုလိုက်သဖြင့် လုပ်သမျှ ဒုက္ခပဲ ဘာမှမလုပ်ကြနဲ့ဟု ပြောလိုရင်း မဟုတ်ပါ။ လူဟူသော သတ္တဝါ၏ သဘာဝကိုက အခေါင်အဖျားသို့ တက်ပြချင်တတ်မှန်း ကျွန်တော်လည်း သဘောပေါက်ပါသည်။ သို့ရာတွင် အထွတ်အဖျားအပြင် တက်စရာမကျန်တော့လျှင် ပြန်ကျဖို့သာ ရှိတော့ကြောင်း ကြောင်းကျိုးနိယာမကို သတိမူစေလိုသောကြောင့်သာ ဤသို့ တင်ပြခြင်း ဖြစ်ပါသည်။ ကိုယ့်လောကကို ကျဉ်းစေမလား၊ ကျယ်စေမလားကိုတော့ ကိုယ့်ဘာသာ ရွေးချယ်ကြရမည်သာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘတ်စ်ကား တိုးမစီးချင်လျှင် ကားဝယ်စီးနိုင်အောင် ကြိုးစားပါ။ ဂျုံဖိုးကိုက်သော ဗွီဒီယိုရုံထဲမှာ မထိုင်ချင်လျှင် တီဗွီကို အောက်စက်ပါ တွဲဝယ်နိုင်အောင် အားထုတ်ပါ။ မိုးယိုအိမ်မနေလိုက တိုက်အိမ်ဆောက်နိုင်အောင် ကြိုးဆောင်ပါ။ နည်းကောင်းလမ်းမှန်မှာ ဝီရိယလည်းသန်၊ ဉာဏ်ကိုလည်းမြှင့်၊ ရှေးကံဟုန်ကပါ ပင့်ပေးလျှင် သင်မှန်းသည့်အတိုင်း ဖြစ်လာနိုင်ပါသည်။ သင် ဘာပဲဖြစ်လာဖြစ်လာ၊ လောကဓံကိုတော့ ရင်ဆိုင်ရမှာ မလွဲပါ။

လောကဓံဆိုးကို ဆိုင်းမဆင့် ဗုံမဆင့်ဘဲ ဖြုန်းစားကြီး တွေ့လိုက်ရလျှင် ချောက်ချားတုန်ယင်မဖြစ်ဖို့ အသင့်ပြင်ဆင်ထားသင့်သော အကောင်းဆုံးနည်းကတော့ ဘုရားဟောတာကို သဘောကျစွာ ယုံကြည်ထားလိုက်ခြင်းပင် ဖြစ်ပါသည်။ 'ပျက်တတ်သောကြောင့် လောကလို့ ဆိုသည်'ဟု ဘုရားဟောခဲ့သည် မဟုတ်လော။ သင့်စိတ်ထဲမှာ ဘာဖြစ်ချင်သည်ဟု မှန်း၍ ဘယ်တက်ကျမ်းကို ကိုင်စွဲကာ ဘယ်ငြမ်းတွေ အားကိုးနှင့် ဘယ်လိုလောကမျိုး တည်ဆောက်မည်ဟု မှန်း၍သွားသွား နောက်ဆုံးတော့ အပျက်ဘူတာသို့ ဆိုက်မှာပါကလား့ဟု နှလုံးသွင်းထားမိလျှင် အပျက်လောကဓံနှင့် တကယ်တမ်း ရင်ဆိုင်ရသည့်အခါ ရင်တုန်ပန်းတုန်ကြီး သိပ်ဖြစ်တော့မည် မဟုတ်ပါ။

အကယ်၍များ သံ့ညီထက် တစ်ဆင့်တိုး၍ ဘုရားဟောတာကို ယုံကာ သဒ္ဓါဟုန်၊ ဝီရိယဟုန်ကောင်းကောင်းနှင့် အာနာပါနကမ္မဋ္ဌာန်းလိုမျိုးများ အားထုတ်ကြည့်လိုက်လျှင် ရုပ်နာမ်ပရမတ်တို့ရဲ့ သဘောအမှန်က ဖြစ်ပြီးပျက်ဖြစ်ပြီး ပျက်သွားတဲ့ သဘောမျှပါကလားလို့ ဉာဏ်ထဲမှာ အလင်းပေါက်၊ ဥဒယဗ္ဗဉာဏ်ရသည့် အဆင့်တောင် ရောက်သွားနိုင်ပါသေးသည်။ ဘာကမှ ဘာမျှမဟုတ်မှန်း သိလာသည့်အခါ ဘာရယ်လို့ လိုချင်တာမရှိ၊ မလိုချင်တော့ ရအောင်မလုပ်၊ လုပ်မယူတော့ မရသည့်အခါ သင့်လောကဟာလည်း ကျဉ်းသွား၊ အလုပ်ပြုတ်၊ ထောင်ကျ၊ ကုမ္ပဏီ ဒေဝါလီခံ စသော ထွေလီကာလီ လောကဓံအများနှင့် ဆက်ဆံစရာမလိုဘဲလည်း ဖြစ်သွားနိုင်ပါသည်။

'တစ်ခါတစ်ရံ၊ လောကဓံ၊ ဆက်ဆံကိုလည်း သေးသေးတင်'ဟု ကဝိလက္ခဏာဆရာက သံပေါက်စပ်၍ ပြသည်မှာ အဲဒီ စကားလုံးသုံးလုံးကို သေးသေးတင်နဲ့ ရေးကြ၊ 'န'တွေ၊ 'မ'တွေ မသတ်နဲ့ဟုသာ ဆိုလိုခြင်း ဖြစ်သည်။ လောကဓံကို ကျွန်တော်တို့ တစ်ခါတစ်ရံသာ ဆက်ဆံရသည်ဟု





အဓိပ္ပာယ်မရပါ။ လောကဓံကို အမြဲမပြတ် ဆက်ဆံနေရမည်သာ ဖြစ်ပါသည်။ အမြဲဆက်ဆံနေရသည့် လောကဓံကို သင်က "တွေ့မြဲအမှန်၊ လောကဓံ၊ ဆက်ဆံ ဘယ်သို့နည်း"ဟု စာသံ ကဗျာသံနှင့် မေးချင်ကောင်း မေးချင်မည်။ 'ပျက်တတ်တကား၊ သူ့တရား၊ ပွားထားသင့်သတည်း'ဟု အကြံပေးလိုက်ရပါသည်။ 'အဆိုး လောကဓံ၊ တွေ့ရပြန်၊ အမှန်တည့်တည့်ကြည့်'ဟုလည်း ထပ်ဆင့် သတိပေးချင်ပါသည်။

စာရေးသူသည် သူတော်ကောင်း ပညာရှိတို့ ချီးမွမ်းအပ်သော လုံ့လဝီရိယမျိုးဖြင့် ကြီးပွားတိုးတက်အောင် အားမထုတ်နိုင်ခဲ့သည့်အပြင် ပျက်စီးကြောင်းတရားများကိုပင် တခံ့မင်မင် လိုက်စားမိခဲ့သူ ဖြစ်သည့်အလျောက် ယခင်ကလည်း ဆင်းရဲ၊ ယခုလည်း မွဲနေသဖြင့် လူမွဲစာရေးဆရာက သူ့စာဖတ်ပရိသတ်ထဲမှ ချမ်းသာကြီးပွားလိုသူများအား သူဌေးဖြစ်နည်း နိသျည်းတို့ကို မပေးနိုင်ခြင်းအတွက် နားလည်ခွင့်လွှတ်တော်မူကြပါ။ စာရေးသူ လူမွဲက ယခုပေးလိုက်သောနည်းကို ချမ်းသာစွာ ဆင်းရဲနည်းဟု ကင်ပွန်းတပ်လိုကလည်း တပ်ကြပါကုန်။ လူမွဲဖြစ်ဖြစ်၊ သူဌေးဖြစ်ဖြစ်၊ ဘုရင်,သမ္မတတွေပဲဖြစ်ဖြစ် တကယ်တော့ ချမ်းသာဖို့ အမှန်ပဲ့ပ်င် လိုအပ်လှပါကြောင်း။

[ကျော်ဆောင်းပါးအတွက် စာရေးဆရာကျော်ဇွာထက်က ဆုချီးမြှင့်ပါသည်။]

မြားနတ်မောင်၊ ၁/၂၀၀၀



www.burmeseclassic.com

www.burmeseclassic.com

# ထွန်းအိန္ဒြာဗိုနှင့် ကျွန်တော်

ကျွန်တော်သည် ပင်ကိုအားဖြင့် ရုပ်ရှင်၊ ဂီတတို့မှာ ဝါသနာအားနည်းလှပါသည်။ ငယ်စဉ်ကတောင် မိမိအလွန်ကြိုက်သော မင်းသမီး၊မင်းသားပါသည့်ကား၊ လူပြောသူပြောသူပြော အလွန်များနေသော ကားများလောက်ကိုသာ ရုပ်ရှင်ကြည့်ဖြစ်ပါသည်။ သီချင်းဂီတဘက်တွင်လည်း ထို့အတူပင်။ ဒေါက်တာလှကျော်းဆွေအခန်းထဲ၌ သူထုတ်ထားသော တေးစီးရီးခွေတွေ တွေ့ရသည်။ ကော်ပီတစ်ခွေစီလောက် တောင်းမည်ဆိုသော် ဆရာက အခမဲ့ပေးလိုက်ဖွယ် ရှိပါသည်။ တစ်သက်လုံး (ယခုအချိန်အထိ) အိမ်မှာ ကက်ဆက်ကလေးတစ်လုံးလောက်တောင် ထားခဲ့သည်မဟုတ်၍ ကျွန်တော် မတောင်းပါ။ စာပေမှာလည်း ထိုနည်းလည်းကောင်း။ ရုပ်ရှင်စာစောင်တွေလိုမျိုးကို ငယ်စဉ်ကတည်းကပင် တစ်ခုတ်တရ ဖတ်ခဲ့လှပါသည်။ ယခုလည်း 'ပေါ့' ဆောင်းပါးတွေ ဘာတွေကို အချိန်ပေးဖတ်လေ့ မရှိပါ။

သို့ရာတွင် မကြာမီက ၂၀၀၀ ပြည့်၊ နိုဝင်ဘာထုတ် ရွှေအမြုတေမဂ္ဂဇင်းတွေ့တော့ အဲဒီလိုဆောင်းပါးမျိုးတွေပါ ဖတ်ဖြစ်သွားပါသည်။

အဖြူရောင်ဝတ်စုံနှင့် ထွန်းအိန္ဒြာဗိုပုံပါသော မျက်နှာဖုံးကိုရော အတွင်းက သူနှင့် မေး၊ဖြေလုပ်ထားသည့် တွေ့-မေးဆောင်းပါး (ဗျူးဆောင်းပါး) ကိုပါ ဖတ်ဖြစ်လိုက်ပါသည်။ ထိုဆောင်းပါးတွင် ထွန်းအိန္ဒြာဗိုပြောသွားသော စကားများကို သူ့စကားအတိုင်း၊ ကျွန်တော် အတိအကျ ပြန်ရေးမပြတတ်တော့

www.burmeseclassic.com



သော်လည်း ကျွန်တော် သဘောပေါက်မိသလောက်ကား ဤအဓိပ္ပာယ်မျိုး ရပါလိမ့်မည်။ သူသည် အသက် ၃၅ နှစ်ရှိပြီ ဖြစ်၍ ဘဝထက်ဝက်ကျိုးပြီ (ဒါတောင် အသက် ၇၀ နေရဦးမှ) ဖြစ်ကြောင်း၊ တရားသာအားထုတ်လို့ ကြောင်း၊ တရားအားထုတ်လျှင် သံယောဇဉ်တွေ မများချင်၍ ယခု သားသမီး ယူဖို့တောင် စိတ်ကူးမရှိတော့ကြောင်း၊ ဘာကြွေလုပ်နေသလဲ မေးရင် ဘာဖြစ် အောင်သော် လည်းကောင်း၊ မဖြစ်အောင်သော် လည်းကောင်း၊ ကြောင့်ကြစိုက် လုပ်နေခြင်းမျိုး မရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဖြစ်ခြင်း၊ ပျက်ခြင်းကို ကိုယ်က အစိုးရသည် မဟုတ်၍ဖြစ်ကြောင်း စသည်ဖြင့် ပြောသွားပါသည်။ တစ်နည်းအားဖြင့် ထွန်းအိန္ဒြာဗိုသည် ဓမ္မသံဝေစကား ပြောသွားသည်ဟု ဆို ရပါမည်။

ထွန်းအိန္ဒြာဗိုကို ရုပ်ရှင်၊ ဗွီဒီယို၊ တေးဂီတ၊ ကြော်ငြာ စသော အနုပညာ လုပ်ငန်းများတွင် အောင်မြင်မှုရနေသော မင်းသမီးတစ်ယောက် ဖြစ်ကြောင်း လောက်သာ ကျွန်တော် သိပါသည်။ မည်သူမည်ဝါ၏ သမီးမှန်းလည်းမသိပါ။ သူ့စကားအရသော် ၁၉၆၅ ခုနှစ်ဖွား ဖြစ်ပေလိမ့်မည်။ ကျွန်တော့် သမီးနှင့် မတိမ်းမယိမ်းအရွယ်ကလေးပဲ ရှိပါဦးမည်။ ယခုအခါ မန္တလေးတက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် အလုပ်လုပ်နေသော ကျွန်တော့်သမီးသည် ထွန်းအိန္ဒြာဗို အရွယ်လောက်ပင် ဖြစ်သည်။ သူ့ကို မွေးသည့်နေ့က ကြေးမုံသတင်းစာ (ဦး) စိန်ခင်မောင်ရီတို့ မောင်နှံလည်း ရင်သွေးလေးတစ်ယောက် (သားကလေး ဆင်၏။) ရပါသည်။ ထိုကလေး၏ မီးဖွားသတင်းကို စိန်ခင် မောင်ရီက သတင်းစာမှာ '၇ လ၊ ၇ ရက်၊ ၇ နာရီ' ဟူသော ခေါင်းစဉ်ဖြင့် ကြော်ငြာ ထည့်ပါသည်။ အဲဒီကြော်ငြာခေါင်းစဉ်ကို သတင်းစာမှ ဖြတ်ယူကာ ကျွန်တော်က ဗိုလ်မှူးချစ်ကောင်းရေးသည့် နိုင်ငံရေး အဘိဓာန်စာအုပ် အတွင်းဘက်အဖုံးမှာ ကပ်ထားလိုက်ခြင်းဖြင့် သမီး၏ "ရက်ချုပ်" လုပ်ထားလိုက်ပါသည်။ သို့ရာတွင် သမီး၏ ရက်ချုပ်ကလေး မရှိတော့တာ ကြာပါပြီ။ တစ်အုပ် ငါးမူးလောက်နှင့် စာအုပ်တွေ ချ,ရောင်းစားပစ်ရသော ကပ်ဆိုးထဲတွင် အဲဒီစာအုပ်လည်း ပါသွား သောကြောင့် ဖြစ်ပါ၏။ သို့ရာတွင် ထိုနှစ်ကို ကျွန်တော် မမေ့။ သူတို့နှစ်ယောက် လူ့ပြည်ရောက်လို့ သတင်းနှစ်ပတ်လောက်ပဲ ကြာသေးချိန်မှာ ဆရာကြီး သခင် ကိုယ်တော်မှိုင်း ကွယ်လွန်သွားသောကြောင့်ပင်။ ထိုနှစ်ကား ၁၉၆၄။ ထို့ကြောင့်





ထွန်းအိန္ဒြာဗိုသည် ကျွန်တော့်သမီးထက်ပင် နည်းနည်းငယ်ချင်ငယ်ပါလိမ့်ဦးမည်။

ကျွန်တော့်သမီးလောက်တောင် အသက်မကြီးသေးသည့် ထွန်းအိန္ဒြာဗို ဟု ခေါ်သော အောင်မြင်မှုသရဖူလည်း ဆောင်းထားသော မင်းသမီးကလေး က သို့နှယ် ဓမ္မသံဝေစကားတွေ ပြောဆိုသွားတော့ ကျွန်တော် ကိုယ့်ခေါင်းကို ပြန်စမ်းမိပါသည်။ သူ့အရွယ်လောက်တုန်းက ကိုယ်က ဘယ်အဖြစ်မျိုး၊ ဘယ် အခြေအနေမျိုး ရောက်နေခဲ့သလဲ ဆိုတာတွေလည်း ပြန်ပြောင်းအောက်မေ့မိ၊ စဉ်းစားသုံးသပ်မိပါသည်။

ကျွန်တော့်မိဘများသည် ဗုဒ္ဓဘာသာ မြန်မာစစ်စစ်များ ဖြစ်ရုံမက ကျွန်တော်ကိုယ်တိုင်လည်း ဘုန်းတော်ကြီးကျောင်း၌ သဒ္ဒါ, သင်္ဂြိုဟ်စသော လောကုတ္တရာ အခြေခံစာတွေ သင်အံပြီးမှ 'တန်းကျောင်း' သို့ ပြောင်းလာ ခဲ့ရသူ ဖြစ်ပါသော်လည်း အသက်နှစ်ဆယ်ကျော်အရွယ်တွင် ကားလ်မက္ခစ်နှင့် တွေ့၊ ဦးဥက္ကဋ္ဌနှင့်ဆုံ၊ ဟိုစာ ဒီစာတွေ အစုံတိုးမိရာမှ အိမ်ထောင်ကျသော အခါ ကျွန်တော့်အိမ်မှာ ဘုရားစင်တောင်မရှိဘဲ ဖြစ်သွားပါလေ၏။ ၁၉၆၈ လောက်မှာ ထင်သည်။ ကျွန်တော်တို့ နေထိုင်ရာ ရန်ကင်း ၆ ရပ်ကွက် တိုက် ခန်း (ဆရာငွေဥဒေါင်းတို့တိုက်နှင့် မျက်နှာချင်းဆိုင်လောက်) သို့ ယောက္ခမ မိဘနှစ်ပါး အလည်ရောက်ကြမည်ဆိုတော့ ကျွန်တော့်ဇနီးမှာ ဒုက္ခရောက်ရှာ လေသည်။ အရေးပေါ် စီမံချက်နှင့် ဘုရားစင်ကလေးတစ်ခု ဖြစ်သလို သူ့ ဘာသာ စီမံရှာလေသည်။ သူ့မိဘများသည် ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ အုတ်တံတိုင်း စသည့် သာသနိက အဆောက်အအုံတွေ ဘာမှုမကျန် အောင် လှူဒါန်းလာခဲ့ကြ၊ ရဟန်းဒကာခံယူလာကြသူများ ဖြစ်ရုံမက နှစ်စဉ် နှစ်တိုင်းလည်း အလှူကြီး အတန်းကြီးများ ပေးနေကြသော ဗုဒ္ဓဘာသာဝင်ကြီး များ ဖြစ်ကြပေရာ ဘုရားစင်မဲ့ သား,သမီးတို့၏ အိမ်ခန်းကို မြင်တွေ့သွားပြီး ရင်ကျိုးသွားမှာစိုး၍ ထိုသို့ ဒုက္ခခံရခြင်း ဖြစ်ပါသည်။

၁၉၇၁ ခုနှစ်ထဲ ရောက်တော့ ကျွန်တော့်မှာ ရုပ်ဝတ္ထု စီးပွားရေးက လည်း အဆင်မပြေ၊ စိတ်ဝတ္ထု နှလုံးကလည်း မငြိမ်၊ လက်္ခဏာဆရာ ဗိုလ်ညွှန့် မောင် ဟောသည့်အတိုင်းပင် အဆိုးဆုံးအခြေအနေရောက်သည်။ (ထိုနှစ် နှန်လက ဗိုလ်ညွှန့်မောင်က အကြံကောင်းဉာဏ်ကောင်းများ ပေးပါသေး၏။ သိသည့်အတိုင်း ဘုရားစင်တောင် မထားသူက သူ့လက္ခဏာ အဟောလောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘယ်မှာ ယုံမည်နည်း။) စိတ်မငြိမ်ဆိုရင် ထိုင်နေရင်း ထသွားချင်သည်။ ထလျှောက်နေရာမှ အိပ်ရာပေါ်လှဲနေ၊ လျောင်းနေချင်ပြန် သည်။ လျောင်းနေရာမှ ပက်လက်ကုလားထိုင်ပေါ် ပြန်ထိုင်ချင်သည်။ ထိုင်၊ ထ၊ လျှောက်၊ လျောင်း ဘယ်ဣရိယာပုတ်တွင်မှ အကြာအရှည် တည်မနေနိုင်။ စိတ်တွေမငြိမ်ဖြစ်သည်။ ကျွန်တော်သည် ဘုရားပင်မရှိသော်လည်း ဆရာကြီးရွှေဥဒေါင်း၏ ဒိဋ္ဌေဒိဋ္ဌမတ္တံ ဖတ်၍ ရံခါ စိတ်ကို စောင့်ကြည့်သော အလေ့အကျင့်ကလေးမျိုးလည်း လုပ်ဖူး လေသဖြင့် ကိုယ့်စိတ်တွေ ဂဏှာမငြိမ်ဖြစ်နေမှန်း သိပါသည်။ ထို့ကြောင့် ငါတော့ ရူးတော့မှာပဲ၊ ဗိုလ်ညွှန့်မောင် အဟောမှန်တော့မှာပဲ (သုံးချက်ဟောရာ ရှေ့နှစ်ချက်မှန်ပြီးပါပြီ) ဟု အခြေအနေမှန်ကို တွေးမိပါသည်။ ထိုသို့တွေးမိသည့် အခါ ကြောက်သွားသည်။

ဘာသာရေးသည် ကြောက်ခြင်းမှ စပေါ်သည်။ ရေဖြတ်တော့ ရေကို ကြောက်၊ တောသွားတော့ တောကိုကြောက်၊ တောင်တက်တော့ တောင်ကို ကြောက်နှင့် ကမ္ဘာဦးလူတို့သည် သဘာဝပတ်ဝန်းကျင်ကို အနိုင်ရ၊ လွှမ်းမိုး နိုင်ခြင်းမရှိသေးမီအခါက ကြောက်စရာတွေက များလှသဖြင့် ရေနတ်၊ မီးနတ်၊ တောနတ်၊ တောင်နတ် စသည့် ထိုထိုဤဤ အလီလီသော ကိုးကွယ်ရာများ ပေါ်လာကြသည်ဟူသော လောကီပညာရှိတို့ ဟောပြောကြသော စာပေဗဟုသုတ များအရ ဘာသာရေးဟူသည် အကြောက်တရားကြောင့် အားကိုးရာခြင်းဖြစ် ယခုလည်း ငါ ရူးမှာကြောက်တယ်၊ စိတ်မငြိမ်ရင် ရူးတာပဲ။ စိတ်ကို ထိန်း နည်းတို့တွင် ယုံကြည်ကိုးကွယ်မှုသည် အကောင်းဆုံးပေပဲဟု အောက်မေ့ကာ ကျွန်တော် ဘုရားစင်ရှေ့မှာ အားကိုးရှာမိပါသည်။ သို့ရာတွင် ဘုရားကို ဘယ် လို အာရုံပြု၍ ရှိခိုးရမည် မသိဖြစ်ကာ ရှိခိုးလို့ မရခဲ့ပါပေ။

ထိုအခါတွင်မှ ရူးမှာကြောက်ရခြင်းထက် ပိုသော ထိတ်လန့်တုန်လှုပ်မှု နှင့် ကြုံတွေ့ခဲ့ရပါ၏။ နိဗ္ဗာန်ကိစ္စတွေ အသာထားဦးတော့။ ဘုရားကို ကိုးကွယ် ရာအဖြစ် ယုံကြည်ချက်ဖြင့် ဦးနှိမ်ချကန်တော့ပြီးသည့်နောက် စိတ်ကြည်နူးမှု ကလေး ရသွားတယ်ဆိုရင်ပဲ လက်ငင်းဆတ်ဆတ် အကျိုးရှိသွားနိုင်ပေသည်။ ယခုသော်ကား ငါ့မှာ ကိုးကွယ်ယုံကြည်ရာ ပျောက်ခဲ့လေသဖြင့် အားကိုးရာရှာ ခါမှ အားကိုးရာမရှိ၊ အားကိုးရာမရ ဖြစ်ပါပေါ့ကလားဟု တုန်လှုပ်အားငယ်သွား မိပါလေသည်။ ထိုအတွေ့အကြုံအရ ဘာသာရေးသည် လူတိုင်းအတွက် လိုအပ်





ကြောင်း သဘောပေါက်ခဲ့ပါသော်လည်း နောက်တစ်ခါ ဘုရားရှိခိုးဖို့ ကြိုးစားလျှင် ဤသို့ပင် ရှိခိုးလို့မရ ဖြစ်မှာကို ကြုံရမှာ ကြောက်လှသည်နှင့် ဒီအတိုင်းပဲ ဆက်၍နေလာခဲ့ရင်းမှ မန္တလေးရောက်၊ ဝမ်းတွင်းရောက်၊ မကွေးရောက်နှင့် မန္တလေးသို့ တစ်ကြော့ပင် ပြန်၍ ရောက်ခဲ့ပေပြီ။ ဘုရားရှိခိုးဖို့ မကြိုးစားရဲသေး ချေ။

၁၉၇၅ ခုနှစ်တွင် ထင်ပါ၏။ ထိုစဉ်က ကျွန်တော့်အသက်သည် ယခု ထွန်းအိန္ဒြာဗိုအသက်လောက်ရှိပါပြီ။ မိသားစုလည်း မခေါ်ဖြစ်သေးဘဲ မျက်ပါး ရပ်ထဲ၌ အိမ်ကလေးတစ်အိမ်မှာ တစ်ဦးတည်း ငှားနေလျက် ရှိသည်။ ထို အချိန်၌ တစ်ညနေတွင် ရန်ကုန် အထည်အလိပ်ရုံးချုပ်၌ အတူလုပ်လုပ်လာခဲ့ သော လုပ်ဖော်ကိုင်ဖက် ရောင်းရင်းမိတ်ဆွေကြီး ကိုစိန်မြင့် ကျွန်တော့်အိမ်သို့ ပေါက်ချလာသည်။ ပုလိပ်အထည်စက်မှ ရောက်လာခြင်းဖြစ်သည်။ သူ့အကြောင်း နည်းနည်းဖြတ်ပြောရဦးမည်။ ကိုစိန်မြင့်က မုံရွာဘက်က ဇာတိပါ။ တက္ကသိုလ် မှာ ဆရာဝန်ဖြစ်ဖို့ နှစ်အတော်ကြာနေခဲ့သော်လည်း ရိုးရိုးသိပ္ပံဘွဲ့နှင့် ကျောင်း ထွက်လာပြီး အလုပ်ဝင်လုပ်စဉ် ကျွန်တော်တို့ချင်း တွေ့ကြ၊ ခင်ကြခြင်း ဖြစ် သည်။ တစ်ခါတစ်ရံ ကျွန်တော်တို့ သွားရာနေရာများသို့ သူပါ လိုက်လိုက် လာတတ်သည်။ နန်းဆင်း၊ ဟိုင်းစွမ်၊ ဗာကျုံး စသည်များသို့ ဘယ်နေရာသွား သွား၊ ဘယ်လောက်ထိုင်ထိုင် သူပါလိုက်ထိုင်သည်။ ကျွန်တော့်မှာသာ ဘုရား စင်မရှိသော်လည်း ထိုအခါက သူသည် ဝေဘူဆရာတော်ထံ၌ ရဟန်းပြုဖူးပြီ။ ပုတီးတွေဘာတွေလည်း စိပ်တတ်နေပြီ။ ထို့ကြောင့် ကျွန်တော်တို့က တိုက် တွန်းသော်လည်း 'အရက်ဆိုတာ အလွန်ကောင်းတဲ့အမျိုးပဲ၊ ကောင်းလွန်းလို့ ကျွန်တော် မသောက်တော့တာပါ'ဟု ဆိုကာ သူက မသောက်။ လိမ္မော်ရည် တစ်လုံးနှင့်ပင် ပြီးသည်။ ပြန်ကြမည်ရှိသောအခါ သူ့အိတ်ထဲ၌ ပါသမျှထုတ် ကာ သူ့အိမ်သို့ ပြန်ရောက်လောက်သည့် ဘတ်စ်ကားခ ဖယ်ထားပြီး ကျန် တာ အားလုံးသွန်မှောက်၍ သူ့ငွေနှင့် အရက်ဖိုးရှင်းရ၏။ မလောက်တော့မှ ကျွန်တော်တို့ငွေကို ဖြည့်စွက်၍ ရှင်းကြရသည်။ အဲဒါ သူလိုက်ပါလာသည့် အခါတိုင်း သူကျင့်သုံးသည့်မူပင်။ တစ်နေ့သ၌ ကျွန်တော့်အိမ်မှာ ညစာချက် ရန် ဆန်မရှိ။ ရုံးမသွားမီ ဆန်ဝယ်ဖို့ပေးခဲ့ရန်လည်း ငွေမရှိဖြစ်ရာ ရုံးရောက် တော့ နေ့လယ်ဘက်တွင် သူရှိရာ (ကမာရွတ်က) မောင်ဗမာ ရှင်ကျယ်စက်



www.burmeseclassic.com

www.burmeseclassic.com



သို့ (ပြည်ထောင်စုရိပ်သာလမ်းက) ရုံးမှသွားရသည်။ သူ့မှာလည်း တစ်လလုံးစာ နှစ်ဆယ်တန် လေးနှစ်ရွက်သာ ရှိပါသတဲ့။ ဒါပေမဲ့ တစ်ရွက်ကို ကျွန်တော့်အား ပေးလိုက်ပါသည် (ဆန်ဆယ်ပြည်ဖိုးပါ)။ ကိုစိန်မြင့်သည် အဲဒီလိုလူမျိုး ဖြစ်ပါသည်။

သို့ရာတွင် သူ့မှာ အားနည်းချက်ကလေး ရှိသည် သူသည် လောကကြီးကို အတည့်အတိုင်း ဆက်ဆံချင်သူဖြစ်ပြီး၊ လောကကြီးက ကျယ်သည့်အလျောက် ပရိယာယ်, မာယာတွေများသဖြင့် သူ့ကို အလိုမလိုက်၊ မျက်နှာသာမပေးနိုင်။ ဒါကို သူ သည်းခံ သဘောမပေါက်တတ်။ မှန်တာချည်း ပြောမယ်၊ လုပ်မယ်သာ နှလုံးထဲ စွဲထားတော့ သူ့အမှန်တွေကပင် သူ့ကို ပြန်,ပြန်မှန်ကာ အဲဒီမှန်ချက်ဒဏ်ရာတွေ သယ်ပိုးကာ ပလိပ်အထည်စက်သို့ ဒုက္ခရောက်လုပါ ရောက်ရှိလို့လာခြင်း ဖြစ်ပါသည်။ (ရန်ကုန်ထဲမှာ သူ့ကို ပို့စရာစက်ရုံလည်း ကုန်သွားလို့ ထင်ပါ့။) ကျွန်တော့်ဆီ လာသည့်အချိန်၌လည်း ပလိပ်တွင် သူ့အထက်က အင်ဂျင်နီယာနှင့် သူ နပမ်းလုံးပြီးခဲ့လေပြီ။ (ဝက်ဝုတ္တိနှင့် ပြောခြင်းမဟုတ်၊ နှစ်ယောက်သား မြောင်းထဲတောင် ကျကြသတဲ့။) အမှန်တော့ ကိုစိန်မြင့်လို ရိုးရိုးသိပ္ပံဘွဲ့ရသမားက ယခုလို အင်ဂျင်နီယာနှင့် နပမ်းလုံးရသည့် အခြေအနေ ရောက်သွားခြင်းမှာ အစိုးရက အထည်အလိပ်ပညာသင်ရန် ပိုလန်သို့ စေလွှတ်သည့် ပညာသင်အစုထဲတွင် သူပါ ပါသွားမိသောကြောင့် ဖြစ်ပါ၏။

ဤဒုက္ခသည် ရောင်းရင်းကြီးကို ဆင်းရဲသား ကျွန်တော်က ကူညီနိုင်တာ လက်ထဲမှာ ဘာမှမရှိပါ။ ထမင်းကိုတောင် ငါးခြောက်ဖုတ်ကလေးနှင့် ဖြစ်သလိုကျွေးရပါသည်။ ရေနွေးကြမ်းလောက်သာ သောက်ရသော သူ့ကို ကျွန်တော်က အရက်သောက်ရင်း 'ပါးစပ်ဖြင့်'သာ ကူညီနိုင်ခဲ့ပါ၏။ (မရယ်ပါနှင့်ခင်ဗျာ။ တကယ်ဒုက္ခရောက်ချိန်တွင် သင့်ရင်ထဲက ပွင့်အန်လာသည့် ဒုက္ခဝေဒနာကို စာနာသော နှလုံးသားနှင့် နားထောင်နိုင်ပြီး ကြင်နာသော ပါးစပ်ကလေးနှင့် ပြောတတ်သောသူမျိုးကိုပင် တွေ့ရဖို့ ခဲယဉ်းတတ်ပါသည်။) ကျေးဇူးသိတတ်သော ကိုစိန်မြင့်သည် ကျွန်တော် 'ပါးစပ်'ဖြင့် ပေးသော အကူအညီအတွက် ထိုညနေမှာပင် 'နှုတ်ဖြင့်' ပြန်၍ ကျေးဇူးဆပ်သွားပါသည်။





ဆပ်သွားပုံမှာ ဤသို့ဖြစ်ပါ၏။

'ကိုတင်ဦး နှလုံးသားမှာ တရားရှိပြီးပဲ။ တရားရှိသူမှာ ဘုရားရှိပါတယ်ဗျာ။ ဘုရားကို ရှိခိုးကြည့်ပါ။ ရသွားပါလိမ့်မယ်'တဲ့။

သူ ထိုသို့ပြောသည်မှာ သူက ကျွန်တော့်အား ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ဖို့ တိုက်တွန်းသည်ကို ကျွန်တော်က ရန်ကုန်မှာတုန်းက ဘုရားရှိခိုးလို့ မရခဲ့ခြင်း အတွေ့အကြုံကို ပြန်ပြောပြသောကြောင့် ဖြစ်ပါသည်။ သူစေတနာနှင့် ပြောမှန်းသိ၍ ကျွန်တော်ကလည်း 'ကြိုးစားကြည့်ပါဦးမယ်'ဟု ကတိပေးလိုက်ပါသည်။ ထိုည အိမ်မှာအိပ်၊ နံနက်စော သူပြန်သွားပြီးနေ့ ရုံးသွားချိန်နီးတော့ (အိမ်ရှေ့က ပန်းတွေဘာတွေလည်း ထားသည့်) ဘုရားစင်ရှေ့မှာ (ကတိမဖျက်လို၍) မိနစ် ၂၀ နီးပါးထိုင်ကာ ဗုဒ်သမ္မ၊ မှတ်သမ္မ ပရိယတ် ဗဟုသုတဖြင့် မြတ်စွာဘုရားရှင်၏ ဖြည့်ကျင့်တော်မူခဲ့သည့် ပါရမီတော်၊ ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော် စသော ဂုဏ်တော်တွေကို ပွားများဆင်ခြင်လိုက်သည့်အခါ လောက၌ ကျွန်တော်တို့ အထင်အကြီးဆုံး ပုဂ္ဂိုလ်တွေသည် မြတ်စွာဘုရားရှင်နှင့် ဘယ်သို့မျှ မနှိုင်းသာ။ ပိတ်စချုပ်ထားတဲ့ နိုင်ငံအလံ၏ အရုပ်ပိတ်ကားပေါ်,ပေါ်လာတာတောင် ရုပ်ရှင်ရုံထဲမှာ မတ်တတ်ရပ် အလေးပြုရသေးသည်။ ဘယ်သူနှင့်မျှ မနှိုင်းသာသော ဗုဒ္ဓ၏ဆင်းတုတော်အား အကြိမ်ကြိမ် ရှိခိုးထိုက်ပေသည်ဟု နှလုံးဘဝင်ကျ တွေးမိလာ၊ သဒ္ဓါတွေ ယိုဖိတ်လာခါမှ ထိခြင်းကြီးငါးပါးဖြင့် ရိုကျိုးစွာ ဦးနှိမ်ချကာ ကန်တော့လို့ ရသွားပါသည်။ ယခုအခါ သိန်း ၃၀၀ ဆုကြီးပေါက်သည်ဆိုအံ့၊ ဝမ်းသာသည်ဆိုအံ့။ ထိုဝမ်းသာမှုသည် ထိုစဉ်က ကျွန်တော် ဝမ်းသာခဲ့ပုံကို မီနိုင်မည်မဟုတ်ပါ။ ထိုနေ့မှစ၍ ကိုစိန်မြင့် ကျေးဇူးဖြင့် ကျွန်တော်လည်း ဗုဒ္ဓဘာသာဝင်တစ်ဦးအဖြစ်သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

ကိုစိန်မြင့်ကျေးဇူးဖြင့် ရတနာသုံးပါးကို ပစ်ပယ်မထားဘဲ နေလာခဲ့ရာ သဒ္ဓါလည်း ပို၍ ထက်သန်လာသဖြင့် ၁၉၈၅ တွင် ဒုလ္လဘတစ်ကြိမ် ၁၉၉၂ တွင် (သာသနာ့ဘောင်တွင် ရာသက်ပန်မှန်း၍) တစ်ကြိမ်၊ နှစ်ကြိမ်တောင် ရဟန်းပြုဖူးခဲ့ပါသည်။ ကျန်းမာရေးကြောင့် တစ်နှစ်မျှနှင့် လူထွက်လာခဲ့ရသော်လည်း ဝိပဿနာကမ္မဋ္ဌာန်း အတန်အသင့် အားထုတ်ခဲ့သည်။ ထို့ကြောင့်ရုပ်နာမ်သဘာဝကို အတန်အသင့် ရိပ်မိပါသည်။ ရဟန်းဘဝတုန်းက တရား



www.burmeseclassic.com

www.burmeseclassic.com



အားထုတ်ချိန် နှစ်နာရီ သတ်မှတ်၍ အချိန်စေ့လျှင် ဖားစည်တီးပေးသည်။ သမာဓိဖြစ်လာပြီဆိုလျှင် နှစ်နာရီထိုင်ရသော်လည်း ဣရိယာပုတ်မပြင်ဘဲ ညောင်းညာကိုက်ခဲ စသည်လည်း မဖြစ်ဘဲ၊ ငြိမ်းအေးချမ်းသာလေး ဖြစ်နေလို့ မထချင်၊ မထဖြစ်။ ထလိုက်လျှင် ထိုချမ်းသာလေး ပျက်သွား ဆုံးသွားမှာ စိုးသည့် စိတ်များပင် ဖြစ်ပေါ်ပါသည်။ ထိုသို့ ကိုယ်,စိတ် ပေါ့ပါးနေသည့် အသေးစားချမ်းသာမျိုးထက် ဈာန်သမာဓိချမ်းသာက အဆ,ရာထောင်မည်။ ဈာန်သမာဓိ ချမ်းသာထက် နိဗ္ဗာန်ချမ်းသာက မနှိုင်းသာအောင် သာမည်ဆိုသည်ကို တွေးတောဆင်ခြင်ဉာဏ်နှင့် ယုံလို့ရပါသည်။ ဆင်ခြင်ဉာဏ်နှင့် မဟုတ်ဘဲ ထိုးထွင်းဉာဏ်၊ မဂ်ပညာဖြင့် နိဗ္ဗာန် အငြိမ်းဓာတ်ကို တစ်ကြိမ်တစ်ခါမျှ တွေ့သိမည်ဆိုလျှင်ကား ဘုရားအပေါ်၊ တရားအပေါ်၊ သံဃာအပေါ် ယုံကြည်သည့် သဒ္ဓါအားသည် အမြင့်ဆုံးအဆင့် ဖြစ်လာလိမ့်မည်ဟုလည်း ကျွန်တော် ယုံပါသည်။

ကျွန်တော်သည် ကျောင်းပညာအဖြစ် ဖီလော်ဆော်ဖီကို သင်ယူလာခဲ့ရ၍ ကမ္ဘာတွင် ပေါ်ထွန်းခဲ့သော တွေးခေါ်ရှင် အသီးသီးတို့ ဘယ်သူက ဘာတွေ ပြောသွားသည် ဆိုတာလောက်တော့ အကြမ်းအားဖြင့် သိပါသည်။ စာဖတ်လာခဲ့သူဖြစ်၍ အချို့သော ဉာဏ်ကြီးသည်ဟု ကျော်စောသော သိပ္ပံပညာရှင်များအကြောင်းလည်း အတိုက်အလျောက် ကြားဖူးနားဝရှိပါသည်။ ဘယ်လောက်တော်သည့် တွေးခေါ်ရှင်၊ ဘယ်မျှဉာဏ်ကြီးသော သိပ္ပံပညာရှင်ဖြစ်စေ ရုပ်ဓမ္မနာမ်ဓမ္မတို့၏ အမှန်သဘာဝကို ကြံဆ၍ပင် ပြောနိုင်ခဲ့ကြသည် မရှိပါ။ ရုပ်နာမ်တို့၏ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာကို ဂဃနဏ ပြောပြ၊ ဟောပြသွားနိုင်သူမှာ လောက၌ ဗုဒ္ဓမြတ်စွာတစ်ဆူသာ ရှိပါသည်။ ဂေါတမဗုဒ္ဓသည် ဘယ်နားနေမှန်း မသိသော ဘုရားမဟုတ်ပါ။ လွန်ခဲ့သော အနှစ် ၂၅၀၀ ကျော်က သာဝတ္ထိတို့၊ ရာဇဂြိုဟ်တို့လို မြို့များမှာ သင် လူဖြစ်ခဲ့ပါက ကိုယ်တိုင်မြင်တွေ့လို့ရသည့် ဘုရားဖြစ်သည်။ ဘယ်သူက စေလွှတ်လိုက်လို့မှ ဤလူ့လောကထဲသို့ ရောက်လာခဲ့ခြင်းလည်း မဟုတ်။ ငါ့တို့ရှိခိုးကြ၊ သင်တို့အတွက် ငါ အကုန်လုံး တာဝန်ယူသည်ဟု သူများကိစ္စကို သိမ်းကျုံးတာဝန်ယူသော ဘုရားလည်း မဟုတ်။ မကောင်းတာမလုပ်နှင့် မကောင်းတာဖြစ်မည်။ ကောင်းတာလုပ်၊ ကောင်းတာဖြစ်မည်ဟုပဲ ပြောသည်။





သို့သော် ကောင်းတဲ့အဖြစ် (သုဂတိ)ပဲ ရောက်ရောက်၊ မကောင်းတဲ့အဖြစ် (ဒုဂ္ဂတိ)ပဲ ရောက်ရောက်၊ ဆင်းရဲကတော့ ငြိမ်းမည်မဟုတ်။ ဘာမှမဖြစ်တော့မှသာ လုံးဝ ငြိမ်းမည်ဟု ဟောသောဘုရား ဖြစ်သည်။ သင်လုပ်ချင်တာ လုပ်ခဲ့တာကို တာဝန်မယူသော်လည်း သူဟောသည့်အတိုင်း မယုံက လက်တွေ့စမ်းကြည့်၊ ဒိဋ္ဌလက်ငင်း အကျိုးရှိကြောင်း တွေ့ရမည်ဟု ရဲရဲတင်းတင်း ကြေညာသောဘုရား ဖြစ်သည်။ ထိုဘုရားကို ကျွန်တော် ယုံသည်။ ဆရာသမားကောင်းကို ဆည်းကပ်၍ ထိုဘုရားဟောထားရစ်သောနည်းအတိုင်း အားထုတ်လျှင် အသေးစား၊ အလတ်စား ချမ်းသာများသာမက အမြတ်ဆုံး ချမ်းသာကိုပါ ရနိုင်သည်ကိုလည်း ယုံပါသည်။

ထိုသို့ယုံသဖြင့် မသေခင်မှာ တစ်ကြိမ်တစ်ခါမျှဖြစ်စေ အမြတ်စား ချမ်းသာ (ဝါ) နိဗ္ဗာန်ကို မျက်မှောက်ပြုသွားလိုလှပါ၏။ သို့ရာတွင် သဒ္ဓါနောက် ဝီရိယကမပါ။ 'ဝဋ်ဆင်းရဲ၌ အမြဲပျော်ရွှင် တမင်မင်ဖြင့် ကျင်လည်စေတတ်သော သံယောဇဉ်'ဟူသော သမုဒယတွေဖြင့် ထုံးနှောင်ကာ 'မရုန်းနိုင်' အောင်ဘဲ ဖြစ်နေတော့သည်။ ကိုယ်က ရုန်း,မထွက်နိုင်ခင်မှာပင် တဖြုန်းဖြုန်းနှင့် ကြွေကြွေသွားတာတွေ မနည်းလှပြီ။ ကိုယ်နှင့် သောက်ဖော်စားဖက်အတော်များများသည် မရှိကြတော့ပြီ။ အဲဒါတွေ ကြည့်ပြီး မရဏာနုဿတိကလေး မကြာမကြာ ဝင်၍ 'နေခြင်း–သေခြင်း'ဟူသော ဆောင်းပါးရေးပို့ခဲ့၏။ တိုက်သို့မရောက်တဲ့ ဒေါက်တာလွှဏ်းဆွေက လက်ခံရာပြီး ထပ်ကူးပို့ပေးဖို့ မှာပါသော်လည်း ရှာလည်းမရှာဖြစ်၊ ပို့လည်းမပို့ဖြစ်ခဲ့ဘဲ မကြာခင်က မသေခင် အိုဦးမည်ဟု တွေးကာ 'အိုခြင်း'ဟူသော ဆောင်းပါးကို ရေးခဲ့ပြန်၏။ သို့ပါသော်လည်း အိုခြင်း၏ ဝိပရိဏာမတွေက နှိပ်စက်ပြန်သဖြင့် လက်စမသတ်နိုင်တော့ပါ။

ကြာကြာထိုင်လျှင် အကြောတက်၊ ဇက်ထိုး၊ ခေါင်းကိုက်၊ ခေါင်းအုံဖြစ်သည်။ ဆောင်းပါးတစ်ပုဒ်ရေးပြီးလျှင် နဖူးနားထင်မှာ ပလာစတာတွေနှင့် ကျန်ရစ်တာ တစ်ပတ်လောက်ကြာသည်။ ငယ်စဉ်က စည်းမဲ့ကမ်းမဲ့ နေထိုင်ခြင်းဖြင့် ပျိုရွယ်ခြင်းကို ဖြိုဖျက်ခဲ့လေသဖြင့် ယခု အသက်ခြောက်ဆယ်နှင့် အိုလျက် ရှိနေပေပြီ။ ခြောက်ဆယ်အရွယ် အသက်သည် အရင်ဆောင်းပါးတစ်ပုဒ် ထဲမှာ ရေးခဲ့သလိုပင်) အလောင်းစည်သူဆိုလျှင် မြင်းရေ့ပြေး ကောင်းတုန်း



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ဖြစ်သည်။ အိုနာဆစ်ဆိုလျှင် မိန်းမယူလို့ ကောင်းတုန်းအရွယ် ဖြစ်သည်။ သူ ဂျက်ကလင်းကို ယူတော့ ကျွန်တော့်ထက်တောင် နည်းနည်းကြီးချင်ပါသေးသည်။ သို့ရာတွင် ကျွန်တော့်မှာ အစကတည်းက အသားမရှိခဲ့၍ အလောင်းစည်သူလို လက်ပျဉ်းမကျတာဘဲ ရှိသည်။ ကျွန်တာ ဘာမှ မဟာန်ပါ။ စာနယ်ဇင်းသမားတွေက အိုနာဆစ်၏ မနစည်းစိမ်ကိုသာ ရေးကြသဖြင့် သူ ဂျက်ကလင်းကို ယူချိန်၌ ကျွန်တော့်လို အံသွားနှစ်ချောင်းနှုတ်ထား၊ မနှုတ်ထား မကွဲပြားသော်လည်း ကျွန်တော်လောက် 'အို'မည် မထင်ပါ။ ကျွန်တော့်မှာ နှုတ်ထားသော သွားတွေ၏ အိမ်နီးချင်းများကလည်း နဲ့နေပါပြီ။ တစ်ချောင်းဆိုလျှင် နဲ့ရင်းနှင့် ပဲ့ပဲ့ကြွေတာ လေးပုံတစ်ပုံမျှ တစ်ခြမ်းပဲ့လေးသာ ကျန်တော့သည်။ ထို့ကြောင့် အိုနာဆစ်လောက် မိုက်ရဲသည့်သတ္တိ ကျွန်တော့်မှာ မရှိပါ။ ဟိုက သမုဒ္ဒရာလေးစင်းထဲ ပြေးနေတဲ့ သင်္ဘောတွေကို လက်ညှိုးထိုးလျှင် သူပိုင်နှင့် လွဲခဲ့သည်။ ခင်ဗျားက ကိုယ့်မြေးလေး ပူဆာသည့် လေတံခွန်လေးတစ်ခု ဝယ်ပေးဖို့တောင် အိတ်တကာ အနှံ့လိုက်စမ်းရသူပဲ။ ဘယ်မှာ သူ့လို ကာမဂုဏ်စည်းစိမ်ခံစားဖို့ ကြံစည်ရဲမလဲဟု အတွင်းသိတို့က ပြောကောင်း ပြောမည်။ အဲဒီလိုလည်း မဟုတ်ပါဘူး။ ဒုက္ခခံပြီး စည်းစိမ်ခံစားဖို့ထက် သူ့လို သိပ်ရှိနေမှာကိုတောင် ကြောက်ပါသည်။ လူပျင်းဟုပဲ ဆိုဆို၊ ရှိလာလျှင် သိမ်းဆည်းရမည် ဖြစ်၍ ထိုအလုပ်မျိုး မလုပ်ချင်ပါ။

တံခါးမရှိ၊ လှေကားမလိုသည့် မြေစိုက်တဲကလေးနှင့် နေနေသည်ကို မတော်ဘူးဆိုပြီး ညီတွေ၊ နှမတွေ အိမ်အမြင့် ဖွတ်ဆောက်ပေးသွားကြသဖြင့် ယခု လှေကားအဆင်းအတက်လုပ်တိုင်း ဒူးနာတာပါ၊ အဆစ်ရနေသည်။ အချိုစားတော့လည်း နာ၊ အမဲသားစားတော့လည်း နာ၊ ငါးပိရည်ကို ဖြတ်စာပေးထားရတာလည်း ကြာပြီဖြစ်သည့် သွားဒုက္ခအပြင် ဒူးဒုက္ခပါ တိုးလာတော့ အဘိုးကြီး ဘူတာဝင်ဖို့ အလံချိုးထားသည်နှင့် တူလှသကိုး။ တပည့်ဆတ္တာသည်ကလေးက ဆံပင်သွားညှပ်တိုင်း အကြံပေးလွှတ်တာက ရှိသေး။ ဆံပင် အနက်ကလေးတွေ နုတ်ခိုင်းပစ်လိုက်တဲ့။ နည်းနည်းပဲ နုတ်ပေးရုံနှင့် တစ်ခေါင်းလုံး တစ်ရောင်တည်းနှင့် ကြည့်လို့လှသွားမယ်တဲ့။ ကိုယ်က မဃဒေဝ မဟုတ်တော့ သူ ဘာပြောပြော တောမထွက်နိုင်ပါ။ ဆံပင်ဖြူကို တမင်ထမ်းထားရတာမှမဟုတ်ဘဲ ကိစ္စမရှိပါ။ ဒါပေမဲ့ ကျွတ်တာကတော့ ယားလှသည်။





နဖူးမပြောင်ဘဲ ဦးခေါင်းအလယ်မှာ ဆံပင် နည်းနည်းလာရင်းဖြင့် 'ကွက်ပြောင်'ကြီး ဖြစ်လုပြီ။ ဘော့စတွန် အမျိုးသမီးဆေးရုံမှ ဆေးပညာရှင်များ သုတေသနပြုချက်အရဆိုလျှင် အဲဒီလို ဆံကျွတ်သော 'ကွက်ပြောင်' သမားများသည် နှလုံးရောဂါရခွင့်ရလမ်း ၃၆%ရှိပါသတဲ့။ သေမှာသည် ရေရာလှသည့် ဘေးကြီးမှန်း သိတာတောင် မေ့မေ့လျော့လျော့နှင့် မပူဘဲ နေနိုင်ခဲ့သေးတာ၊ ဒီလောက် မရေရာလှသည့် ဖြစ်နိုင်ခြေဘေးကို တွေးပူမနေအားပါ။ ထို့ကြောင့် ဆံပင်ကိစ္စရှိစေတော့။ မျက်စိက အရင်တုန်းက အဝေးမမှုန်၊ ယခု မှောင်ရီ ဝိုးဝါးအချိန်မှာ ရှေ့တူရူကလာသည့် စက်ဘီးကို နားနှင့်သာ ရှောင်နိုင်တော့သည်။ ယခု ဤစာရေးရင်း ခါးကိုက်နေ ကုန်းဘောင်ခေတ် တေးထပ်တစ်ပုဒ်ထဲက 'မအိပ်တာလေး ညည့်အလင်း' ဟူသော စာကို ငယ်ငယ်က ဖရိုက်ရင်းရွတ်ရွတ်လာလို့ အစာအိမ်ရောဂါ သက်တမ်းရှည်လာတာ အူတွေတောင် ကျဉ်းနေပြီလားမသိ။ ဆန်နို့ဆီဗူးတစ်ဗူးချက်ကို သား အဖနှစ်ယောက်စားတာမကုန်။ ထမင်းစား နည်းနည်းလာခြင်းနှင့် သေရက်နီးနီးလာခြင်းတို့သည် တိုက်ရိုက်အချိုးနှင့် ဆက်သွယ်နေသလား၊ ပြောင်းပြန် အချိုးနှင့် ဆက်သွယ်နေသလား၊ တစ်နည်းနည်းနှင့်တော့ ဆက်သွယ်နေပေလိမ့်မည်။

ဤမျှ စိကာပတ်ကုံးနှင့် ဇာချဲ့ စာဖွဲ့လာခဲ့သမျှကို သံခိပ်ပြုလိုက်ရသော် ကျွန်တော် အသက်ငယ်ငယ်နှင့် အိုနေပြီဟု ဆိုလိုပါသည်။

အိုရင် အားနည်းလာပါသည်။ ဇရာထောင်းသည် ဆိုပါစို့။ ထိုအခြေအနေကို မာဂဓဘာသာဖြင့် 'ဇရာဒုဗ္ဗလ'ဟု သုံးသည်။ ထိုမဂဓဘာသာ (ပါဠိ) ဝေါဟာရကိုပင် ဘာသာပြန်၍ သုံးလာခဲ့ကြလေသလားမသိ။ မြန်မာစကား 'အိုမင်း မစွမ်း'ဆိုတာ ရှိသည်။ 'အိုမင်းမစွမ်း'ကို ဆရာကြီး သခင်ကိုယ်တော်မှိုင်း အဓိပ္ပာယ်ဖွင့်ပုံကတော့ သဘောကျဖို့ ကောင်းလှသည်။ 'အိုမှတော့ မင်း မစွမ်းတော့ဘူး'တဲ့။

ဆရာဦးဆန်းလွင်က သူ၏ 'ဘုံစဉ်စံ ဘဝလမ်းပြဒဿန' စာအုပ်တွင် အနည်းဆုံး စူဠသောတာပန်လောက် ဖြစ်အောင်လုပ်ဖို့ တိုက်တွန်းသည်။ သူသည် အသက်လေးဆယ်ကျော်မှ ဗုဒ္ဓဘာသာဝင်ဖြစ်၊ ငါးဆယ်ကျော်မှ တရားအားထုတ်ရလေသဖြင့် အရိယမဂ်စခန်းကို မှန်းမျှော်ကြည့်လိုက်တော့ ခရီးတာက လှမ်းလှသေး၊ ကိုယ့်ဘဝတာက တိုလာပြီဆိုတာ တွေ့လာရ၊ ကျွန်းမာခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စက ရှိသေးမို့ သို့နှယ် ဘုံစဉ်စံ စုဋ္ဌသောတာပန်လောက်ပဲ တိုက်တွန်းဖြစ်လေတော့သလားဟု ကျွန်တော် အတွေးရောက်မိသည်။ အရိယာစခန်းရောက်ဖို့ အခြေခံအင်္ဂါရပ်များအဖြစ် သဒ္ဓါကို အဦးအစထား၍ ဘုရားဟောပါသည်။ ထို့နောက် ဝီရိယ၊ ကျန်းမာခြင်း၊ ရိုးဖြောင့်သောစိတ်ရှိခြင်း၊ သင့်တင့်စွာ သဘောနှလုံး ထားတတ်ခြင်းတို့ကို ဟောပါသည်။ သဒ္ဓါမရှိလျှင် အားထုတ်ချင်စိတ်တောင် ဝင်လာဖို့ မလွယ်သဖြင့် သဒ္ဓါကို ရှေးဦးက ဟောရသည်မှန်သော်လည်း ကျန်တာတွေ ဘယ်လောက်ပဲ ပြည့်စုံပြည့်စုံ မကျန်းမာက တရားအားထုတ်ဖို့ မလွယ်ပါ။ ဂိလာနတစ်ယောက်အဖို့ မဂ်သမာဓိ၊ ဖိုလ်သမာဓိဆိုက်အောင် သမာဓိထူထောင်ဖို့မှာ အလွန်တရာ ခဲယဉ်းလှပါပေသည်။

ကျွန်တော်သည် အထက်တွင် တင်ပြခဲ့သလိုပင် တစ်ချိန်တစ်ခါက ဘုရားစင်မရှိခဲ့။ ဘုရားရှိခိုးလို့ရအောင် အတော်ကြိုးစားခဲ့ရသည်မှန်သော်လည်း ဘုရားကို ရှိခိုးလို့ရသွားပြီး နောက်ပိုင်းတွင်မှ လူတို့တွင် ကိုးကွယ်ရာ ဘာသာတရားတစ်ခုခုရှိဖို့ အမှန်ပင် လိုအပ်သည်ဆိုလျှင် အဲဒီကိုးကွယ်ရာ ဘာသာသည် ဗုဒ္ဓဘာသာ သာလျှင်ဖြစ်ထိုက်သည်ဟုလည်း ယုံခဲ့ပါ၏။ ထိုအဆုံးအမသာသနာကို ထားရစ်ခဲ့သော ဘုရားကိုလည်း ယုံ၊ ထိုဘုရားဟောသည့် အငြိမ်းဓာတ် (နိဗ္ဗာန်)သည် အမှန်ရှိသော တရားအဖြစ်လည်း ယုံ၊ နိဗ္ဗာန်ချမ်းသာအတွက် ဖြောင့်မှန်စွာ ကျင့်ကြသော သံဃာကိုလည်း ယုံသော သဒ္ဓါစိတ်လည်း တဖြည်းဖြည်း အားကောင်းလာခဲ့၍ နိဗ္ဗာန်ချမ်းသာကို ယခုမျက်မှောက်ဘဝ၌ပင်လျှင် မျက်မှောက်ပြုချင်လှပါ၏။ သို့ရာတွင် ထိုချမ်းသာ အမြိုက်တရားရရှိဖို့ အားထုတ်ရန်ကိစ္စကို ယခုမှ ကြံစည်၊ ရွယ်ရူးတုန်း ရှိသေးသည်။ ဇရာက ဘဝထဲသို့ ခြေလှမ်းကျဲကြီးနှင့် ဝင်လာနေတာကို မြင်နေမိတော့ ငါသည်သွားမရှိတော့သောအခါမှ ကြံစုတ်လိုသူနှင့် တူနေယောင်တကားဟု အားငယ်စိတ်ကလေးများ ဝင်မိပါသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းပြောသည့် 'မင်း ဘာမှမစွမ်း' တော့သည့် 'အို'ခြင်းမျိုး ရောက်သွားမှာကိုလည်း အကြောက်ကြီး ကြောက်နေမိပါ၏။ တစ်သက်တာလုံးမှာ ဖြုန်းခဲ့တာတွေ အများကြီးထဲတွင် 'အရွယ်'ပြုန်းသွားခြင်းသည် နှမြောဖွယ်အကောင်းဆုံး ဖြစ်ပါသည်။

ဖိတ်စဉ်ကျသွားသော နွားနို့အတွက် ငိုနေခြင်းသည် ဘာမျှ အကျိုးမရနိုင်မှန်း သိသော်လည်း ကျွန်တော်လောက် မအိုသေးသူများ လက်ဝယ်ရှိသော





နို့အိုးကလေး ကျကွဲမသွားစေလို၍ ဤစာကို ရေးမိရပါသည်။ ကျွန်တော်တို့သည် နေဖို့ကိစ္စများနှင့်သာ ဗျာများနေကြ၊ သေဖို့ကိစ္စကျတော့ 'သေခြင်း'ကို တစိမ်းပြင်ပြင် သဘောထားကာ လျစ်လျူရှုထားကြသည်။ 'စောစောသေလျှင် စောစောအိပ်ရသည်' ဟူသော စကားသည် ဓာတ်သမားအဖို့သာ မှန်သည်။ ဘဝကို ဟန်ဆောင် ပန်ဆောင် သရုပ်ဆောင်နေရသည် မဟုတ်သော ကျွန်တော်တို့အဖို့ မမှန်နိုင်ပါ။ အထူးသဖြင့် သံသရာကို ယုံသော ဗုဒ္ဓဘာသာဝင်များအဖို့ သေရုံနှင့် ကိစ္စမငြိမ်း။ မသေခြင်းကို တွေ့မှ အားလုံးငြိမ်းပါသည်။

ယခု သမီးအရွယ် ထွန်းအိန္ဒြာဗိုလေးက ဦးတင်ဦး (ကျူရှင်)တို့လို သွားတစ်ချောင်းမှ မကျန်သည်အထိ စောင့်မနေဘဲ သွားကောင်းစဉ်မှာပင် ကြံ၏ အရသာခံစားနိုင်အောင် ကြိုးစားချင်သည်ဆိုတော့ သာဓုခေါ်မိရပါသည်။ သူ့အရွယ်တုန်းက ဘုရားရှိခိုးလို့ရဖို့ပင် အတော်ကြီးကြိုးစားနေရသော ဦးတင်ဦး (ကျူရှင်)နှင့် ထွန်းအိန္ဒြာဗိုကား ကွာခြားလှပေတကား။

သြော်... ထွန်းအိန္ဒြာဗိုနှင့် ကျွန်တော်...။ ။

[မြားနတ်မောင်၊ ၂/၂၀၀၁]



www.burmeseclassic.com

www.burmeseclassic.com

# ဆေးလိပ်ဖြတ်ခြင်း

ကျွန်တော့်စာခေါင်းစဉ်ကို လွယ်သလို 'ဆေးလိပ်ဖြတ်ခြင်း'ဟူ၍ တပ်လိုက်ရသော်လည်း တကယ်ချရေးသည့်အခါတွင်မူ စပ်မိစပ်ရာတွေပါ ရေးဖြစ်သွားလိမ့်မည် ထင်ပါသည်။

**'ဆေးလိပ်ဖြတ်ခြင်း'**အကြောင်း ပြောမည်ဆိုလျှင် 'ဆေးလိပ်သောက်ခြင်း' အကြောင်းလည်း မုချပါထိုက်သည်ဖြစ်၍ ဆေးလိပ်သောက်ခြင်းအကြောင်းကို ပြောပါဦးမည်။ ကမ္ဘာပေါ်၌ ဆေးလိပ်သောက်ကြသည့် လူဦးရေ ဘယ်လောက်ရှိသလဲ၊ ရာနှုန်းဘယ်လောက်ရှိသလဲ ကျွန်တော် မသိပါ။ မျက်မြင်ဒိဋ္ဌသဘောနှင့် ခန့်မှန်းကြည့်ရသော်မူ ရာနှုန်းအတော်များမည် ထင်ပါသည်။ ကျွန်တော်တို့ဆီတွင် ဆေးလိပ်သောက်သူ အမျိုးသမီးဦးရေကား အတော်နည်းပါသည်။ အနောက်နိုင်ငံများတွင်မူ ဆေးလိပ်သောက် အမျိုးသမီးဦးရေသည် ကျွန်တော်တို့ဆီမှာထက် များလိမ့်မည်ဟု ခန့်မှန်းရပါသည်။ အမျိုးသားတွေအနေဖြင့်မူ သူတို့အနောက်နိုင်ငံတွေမှာရော ကျွန်တော်တို့ဆီမှာပါ အရေအတွက်ရာနှုန်းများပါလိမ့်မည်။

လူတွေ ဆေးလိပ်သောက်ကြတာ စိတ်ကမ္ဘသဘောအရ ဘယ်လိုရှိ၍သောက်ကြခြင်း ဖြစ်သည်၊ ဆေးလိပ်သည် ဘာကြောင့် စွဲလွယ်သည်၊ ဆေးရွက်ထဲတွင် ဘာဓာတ်တွေပါသည် စသည်တို့ကို သိပ္ပံနည်းကျ ကျွန်တော်ရှင်းမပြတတ်ပါ။ သို့ရာတွင် ဆေးလိပ်သောက်ခြင်းသည် ကျန်းမာခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်စေသည်ဆိုတာကတော့ လူတိုင်း လက်ခံကြမည့်ကိစ္စဖြစ်မည် ထင်ပါသည်။

ဆေးလိပ်ကြောင့် တီဘီရောဂါဖြစ်တတ်သည်ဆိုတာကိုလည်း ဆေးပညာရှင်များသာမက သာမာန်လူအများတို့လည်း သိရှိလက်ခံထားပြီး ကိစ္စဖြစ်ပါသည်။

Asthma ရောဂါသည် အဆုတ်သို့ လေသွားရာ လမ်းကြောင်းများ ကျဉ်းလာလို့ ဖြစ်တာဟု ဆိုသည်။ လေသွားလမ်းထဲရှိ တစ်သျှူးများ ပွလာ၊ ရောင်လာလို့ ထိုသို့ ကျဉ်းသွားခြင်းဖြစ်ရာ၊ ထိုသို့ကျဉ်းသွားစေသော အခြေအနေ ဖန်တီးပေးသောအရာများတွင် ဖုန်မှုန့်၊ ကြောင်မွေး၊ ခွေးမွေးတို့ ရှူမိခြင်းလည်း ပါသည်။ အခြားအရာများလည်း ပါသည့်အပြင် ဆေးလိပ်သောက်ခြင်းလည်း ပါ,ပါသတဲ့။ ၁၉၉၅ ခုလောက်က သုတေသနပြုချက်တစ်ခုတွင် ထိုရောဂါအတွက် လွန်ခဲ့သော ၁၅ နှစ်လောက်အထိ သုံးစွဲလာကြသော bronchodilator ဆေးမှာ အဆုတ်ထဲရှိ တစ်သျှူးတွေ ရောင်တာကို သက်သာအောင် မပြုနိုင်။ တစ်သျှူးတွေ မရောင်အောင်သာ လုပ်ရမည်ဟု ဆိုပါသည်။

ကုထုံးကို ပြောလိုရင်း မဟုတ်ပါ။ 'အက်စ်သမာ' ရောဂါ ဖြစ်စေသော အကြောင်းများတွင် ဆေးလိပ်သောက်တာလည်း ပါသည်ဟု ပြောလိုခြင်း ဖြစ်ပါသည်။

ဆေးလိပ်သောက်ခြင်းသည် ကင်ဆာရောဂါဖြစ်စေတတ်သည် ဆိုတာကို ဆေးလိပ်ကုမ္ပဏီတွေက သက်သေပြချက်မရှိဘူးဟူ၍ နှစ်ပေါင်းများစွာ ပြောလာခဲ့ကြသည်။ ၁၉၉၄-၉၅ လောက်ကမှ ဗျန်ဟော့ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ဦးခေါင်းနှင့် လည်ပင်းတို့၌ ကင်ဆာဖြစ်နေကြသော လူမမာ ၁၂၉ ဦးနှင့် စမ်းသပ်ပြလိုက်ကြ၏။ ထိုလူမမာများတွင် အရက်သောက်သူ၊ ဆေးလိပ်သောက်သူ၊ နှစ်မျိုးလုံးသောက်သူ၊ နှစ်မျိုးလုံးမသောက်သူ စသည်ဖြင့် ပါဝင်ပါသည်။ လူ ၁၂၀ တွင် ၄၄ သည် gene ပြောင်းလဲမှုရှိကြောင်း တွေ့ရသတဲ့။ ထိုလူမမာများ၏ တစ်သျှူးထဲရှိ DNA များကို စစ်ကြည့်ကြခြင်း ဖြစ်သည်။ ကင်ဆာရောဂါဆဲလ်များ ပွားလာမှုကို တားဆီးပေးသည့် ပရိုတိန်းများကို ဖန်တီးပေးသည့် gene များ ပြောင်းသွားခဲ့ခြင်း ဖြစ်ပါသည်။ ဆေးလိပ် အရက် နှစ်မျိုးလုံး မသောက်သူတို့ထက် နှစ်မျိုးလုံး သောက်သူတို့၏ gene ပြောင်းမှုက သုံးဆရှိပြီး အရက်မသောက်ဘဲ ဆေး





လိပ်သောက်သူတို့၏ ပြောင်းမှုက နှစ်မျိုးလုံးမသောက်သူ၏ နှစ်ဆရှိသတဲ့။ ကောက်ချက်မှာ ဆေးလိပ်သောက်သူများသည် နှုတ်ခမ်းနှင့် လည်မျိုကြားရှိ ဆဲလ်များထဲမှ gene များကို ဖျက်ဆီးပစ်တာ ပိုများကြောင်း တွေ့ရသတဲ့။ ထို့ကြောင့် ထိုပညာရှင်များ၏ ကောက်ချက်မှာ စီးကရက်သောက်ခြင်းသည် ကင်ဆာရောဂါရခြင်းနှင့် တိုက်ရိုက်ဆက်သွယ်မှုရှိသည် ဟူပါ၏။

နယူးယော့မြို့ရှိ ပရက်စ်ဘီတဲရီယန် ဆေးရုံနှင့် ကော်နဲဆေးပညာဗဟိုဌာနမှ ဒေါက်တာကလောဒီဗိုယာဟဲန်ချက်၏ သုတေသနပြုချက်အရ ဆေးလိပ်သောက်သူများကို CT scan (Computerized tomography) နည်းဖြင့် စစ်ဆေးကြည့်ရှုနိုင်လျှင် အဆုတ်ကင်ဆာကြောင့် သေဆုံးရမှုနှုန်း လျော့သွားမည်ဟု ဆိုသည်။ အိတ်စ်ရေးနည်းက အကျိတ်သေးလေးတွေကို မမြင်နိုင်။ 'စီတီစကင်'က ဆန်စေ့ထက်ငယ်သော အကျိတ်ကလေးတွေကိုလည်း မြင်နိုင်သည်ဟု ဆိုပါသည်။ စစ်ဆေးနည်းကို ပြောလိုရင်းမဟုတ်ပါ။ အဆုတ်ကင်ဆာဖြစ်ခြင်းမှာ ဆေးလိပ်သောက်ခြင်းက အဓိကအကြောင်း ဖြစ်သည်ကို ဆေးပညာရှင်များက လက်ခံထားကြကြောင်းကို ဖော်ပြလို၍ ဤအချက်ကို တင်ပြခြင်း ဖြစ်ပါသည်။

ကနေဒါနိုင်ငံ၊ ဝင်နီဖက်မြို့ မနီတိုဘာတက္ကသိုလ်မှ ဆေးလိပ်သောက်သူကျား,မ ၆၀၀၀ တို့ကို အုပ်စုသုံးစုခွဲ၍ ၅ နှစ်ကြာ လေ့လာသုတေသနပြုကြည့်သည့်အခါ ဆေးလိပ်ဖြတ်လိုက်သောအုပ်စုတွင် ဆေးလိပ်ဖြတ်လိုက်သည့် ပထမနှစ်တွင်ပင် အဆုတ်၏ အလုပ်လုပ်ပုံမှာ တိုးတက်ကောင်းမွန်ခဲ့ကြောင်း တွေ့ကြရသည်ဟု ဆိုသည်။ ဆေးလိပ်ဆက်သောက်နေသူတွေကမူ အဆုတ်မှ လေထုတ်ပေးမှုပမာဏ လျော့သည်ထက် လျော့ကျသွားကြောင်း တွေ့ရပါသတဲ့။

အထက်တွင် ဖော်ပြခဲ့သော အကြောင်းအရာတို့ကို ရေးပြလိုက်ခြင်းမှာ ကျွန်တော်က ဤသို့သော 'ဆေးပညာရပ်ဆိုင်ရာကိစ္စတွေကို နားလည်တတ်ကျွမ်း၍ကား မဟုတ်ပါ။ လွန်ခဲ့သော လေးငါးနှစ်အတွင်း၌ ဖတ်မိခဲ့သော စာများမှ သိရချက်များကို ပြန်လည်ဖောက်သည်ချလိုက်ခြင်းမျှသာ ဖြစ်ပါ၏။ ဆေးလိပ်ကြောင့် အခြား ဘာရောဂါတွေ ရသေးသလဲ၊ ကျွန်တော် မသိပါ။ သို့ရာတွင် သင်ဖြစ်စေ၊ ကျွန်တော်ဖြစ်စေ၊ ဆေးလိပ်ကို ကြိုက်၍နေကာမှ ကြိုက်စွဲနေပါစေ၊ ဆေးလိပ်သောက်တာ မကောင်းဘူးဆိုတာကိုတော့ ဝန်ခံကြ



www.burmeseclassic.com

www.burmeseclassic.com



ရလိမ့်မည် ထင်ပါသည်။

တကယ်တော့ ဆေးလိပ်သောက်ကြသူများသည် အဲဒီလို ဆေးလိပ်သောက်ခြင်း၏ အပြစ်တွေကို မသိခင်ကတည်းက သို့မဟုတ် ကောင်းစွာ ဆင်ခြင်မိခြင်း မရှိမီကတည်းက သောက်လာဖြစ်ကြခြင်း ဖြစ်ပါသည်။ ဆေးလိပ်သည် အရက်တို့လို ဘိန်းတို့လို သိသိသာသာကြီး ယစ်မူးစေသည်တော့ မဟုတ်။ သို့ရာတွင် အရက်တို့လို ဘိန်းတို့လိုပဲ သူ့မှာလည်း စွဲစေတတ်သော သတ္တိတော့ ရှိသည်ဆိုရပါမည်။ ဆေးလိပ်စွဲလျှင်လည်း ဖြတ်ရခက်တတ်ပါသည်။ ဆေးလိပ်သောက်က မကောင်းဟု သုတမယအားဖြင့် ဖြစ်စေ၊ ကိုယ်တွေ့ကြုံလို့ဖြစ်စေ၊ သိလာ၍ အင်း... ဆေးလိပ်တော့ ဖြတ်ဦးမှပဲဆိုပြီး ဖြတ်ဖို့ ကြိုးစားကြည့်သည့်အခါ သိပ်မလွယ်တတ်လှကြောင်း ဖြတ်ဖူးသူတို့ သိကြပါလိမ့်မည်။

ကျွန်တော် ဤစာရေးရင်း ဆေးလိပ်ကိုဘယ်အရွယ်လောက်က စ,သောက်မိဖူးပါသနည်းဟု ပြန်လည်စဉ်းစားကြည့်သောအခါ ကျွန်တော် ခြောက်တန်းကျောင်းသားအရွယ်ကတည်းက ဆေးလိပ်ကို စ၍သောက်မိဖူးကြောင်း ပြန်သတိရသည်။ ကျွန်တော်တို့ကျောင်း၏ တောင်ဘက် နယ်နမိတ်အစပ်တွင် ကြက်ဆူပင်လေးတွေ စီတန်းနေသော စည်းရိုးရှိ၏။ အိမ်သာများသည်လည်း ထိုစည်းရိုး၏ အခြေလောက်တွင် ရှိသည်။ ကြက်ဆူတန်း၏ တောင်ဘက်တွင်ကား ကြံစိုက်သောမြေကွက်ကြီးဖြစ်ပြီး စာသင်ချိန်အတွင်း အိမ်သာသွားလျှင် ထိုစည်းရိုးတန်းကလေးကား ဆေးလိပ်ခိုးသောက်သော ကျောင်းသားတို့အတွက် အလုပ်ဖြစ်လေသည်။ 'ညီကြိုင်' ဟု အမည်ရှိသော သူငယ်ချင်းတစ်ဦးသည် ထိုအချိန်က ဆေးလိပ်သောက်တတ်နေပြီဖြစ်၍ ကျောင်းလာလျှင် ဆေးပေါ့လိပ် ထည့်,ထည့်လာ၏။ ဆေးလိပ်သောက်လိုပြီဆိုလျှင် အိမ်သာသွားဖို့ အကြောင်းပြခွင့်တောင်းကာ စည်းရိုးကွယ်၍ ဆေးလိပ်ခိုးသောက်၏။ ကျွန်တော်သည် အပြင်ထွက်သည့်အခါ သူနှင့် ဆုံ,ဆုံနေတတ်ရင်းမှ (ထိုစဉ်က သူက ခုနစ်တန်း၊ နောက်နှစ်မှ သူစာမေးပွဲကျ၍ အတူတူဖြစ်သည်။) ကျွန်တော်ပါ ဆေးလိပ် စ,သောက်မိသောအဖြစ်သို့ ရောက်သွားပါသည်။ ဆေးလိပ်ကိစ္စတွင် ဤသူငယ်ချင်းကား ကျွန်တော်၏ 'ပုဗ္ဗာစရိယ'ပါတည်း။

ကျောင်းသားဘဝ၌ ကြံသလိုမျှသာ ဖွာဖြစ်ရသောအဆင့်ဟု ဆိုရပါမည်။ အိမ်ကလည်း ခွင့်မပြု၊ ကျောင်းကလည်း ခွင့်ပြုသည် မဟုတ်ရာ လွတ်လွတ်လပ်လပ်သောက်ရသည်က နည်း၍ မစွဲသေးဟုကား ဆိုနိုင်ပါ၏။ ၁၀ တန်းအောင်၍ အလုပ်ဝင်လုပ်သောအခါတွင်မူ တားမြစ်ပိတ်ပင်မည့်သူ မရှိတော့သဖြင့် လွတ်လွတ်လပ်လပ် အားရအောင် သောက်နိုင်သည့် အခြေအနေရောက်သွားရာ တစ်နေ့ ဆေးပေါ့လိပ် ၁၅ လိပ်မှ ၂၀ အတွင်း ကုန်သည်အထိဖြစ်သည်။ မီးခြစ်တောင် ဆောင်ဖို့မလို၊ တစ်လိပ်နှင့် တစ်လိပ် မီးကူးသွားရုံပဲဟုပင် ဆိုရမလောက်ဖြစ်သည်။ ဆေးပေါ့လိပ်သာမက ဆေးတံလည်း တစ်နှစ်မျှသောက်ကြည့်ဖြစ်ခဲ့သေးသည်။ ဆရာကြီးရွှေဥဒေါင်းလို အင်္ဂလန်မှ 'ဒန်းဟီးလ်'မှာ မသောက်နိုင်တော့ 'မိတ်အင်ယလွတ်'နှင့် 'ဘလူးစတား'ကိုပဲ သုံးရပါသည်။

စီးကရက်လည်း သောက်ကြည့်သေးသည်။ တွက်ခြေမကိုက်၍ နောင်တော့ ဆေးပေါ့လိပ်ကိုပဲ ပင်တိုင်ထား၍ သောက်ရပါသည်။ ဖဆပလခေတ်ထဲတွင် ပြည်တွင်းဖြစ် စီးကရက်တွေ တံဆိပ်အတန်များများ ရှိခဲ့သည်။ 'ဘလက်ကက်'က ဈေးလည်း အကြီးဆုံး အကောင်းဆုံးဟု ဆိုရပါမည်။ ၁၀ လိပ်ဝင်ကို ပြား ၉၀ ပေးရသည်။ 'ဘလက်ဟော့စ်'တို့ 'ရက်ဒ်ဟော့စ်'တို့ကတော့ ၁၀ လိပ်ဝင် ၄၅ ပြား၊ ပြား ၅၀ ဖြစ်ကြသည်။ အရည်အသွေးလည်း ညံ့သည်။ 'ကက်ပီတန်'က ၁၀ လိပ် ပြား ၇၀ ထင်သည်။ 'ဂိုးဖလိပ်'သည် ၂၀ ဝင်ကို ၁ ကျပ်၊ ဈေးနှုန်းလည်းသင့်တင့်၊ သောက်လို့လည်း ကောင်းပါသည်။ ၅၀ ဝင် သံဘူးတစ်ဘူး ၃ ကျပ်၊ ၁၀ ပြား၊ သံဘူးဝယ်သောက်ရာ နှစ်ရက်မလည်မီ ကုန်,ကုန်သွားတော့ တွက်ခြေမကိုက်။ တစ်မတ် ၅ လိပ်၊ 'ရွှေခြူး' ဆေးပေါ့လိပ်ပဲ သောက်ရတော့သည်။ (ယောက္ခမများက ဆေးလိပ်ခုံလည်းရှိသဖြင့် ၁၀၀ မှ ၂ ကျပ်နှင့် ရောင်းသော ဆေးပေါ့လိပ် ကြိုက်သလောက်ယူသောက်နိုင်ပါသော်လည်း မသောက်ပါ။)

သို့နှယ် ဆေးပေါ့လိပ်သောက်လာခဲ့သော ကျွန်တော့်မှာ (လူကလည်းနမော်နမဲ့နိုင်တော့)၊ အင်္ကျီ လုံချည် အကောင်းတစ်ထည်မှ မရှိပါ။ မီးပေါက်နှင့်ချည်း။ ရန်ကုန်ရောက်တော့ ကျောင်းပြန်တက်သည့်အခါ ဗိုလ်တထောင်လုပ်သားများကောလိပ်ကျောင်း ကော်ရစ်ဒါ၌ လုံချည်ဖင်ပေါက်နှင့် သွားတော့ အတန်းတူ မိန်းကလေးသူငယ်ချင်းများက အခြား 'မေဂျာ'မှ ကျောင်းသူများက ကြည့်ကြည့်သွားသည့်အခါ ရှက်ကြတယ်ထင်ပါ၏။ 'ကိုတင်ဦးရယ် ပုဆိုး






www.burmeseclassic.com

www.burmeseclassic.com



ကလေးများ လှည့်ဝတ်ပါဦး’ဟု ပြောကြသည်။ ‘ရှေ့ဘက်က ဒီထက်ဆိုးသေး’ ဟု ပြောကာ လှည့်မဝတ်ပါ။ (နောင် ကြီးတော့ မွဲမည့်သူများသည် ဝတ်စားဆင်ယင်မှုက စလို့ စုတ်ပြဲနုံချာထားနှင့်တတ်ကြောင်း သဘောပေါက်မိလာခဲ့ပါသည်။)

ဆေးလိပ်သည် ပိုက်ဆံအပိုကုန်၍ ရောဂါလည်းရ အဝတ်အစားလည်း ပျက်စီးသည်ဟု သိလာသည့်အခါ တစ်ခါတစ်ရံ ဆေးလိပ်ဖြတ်ချင်စိတ်ကလေးများ ဝင်လာသည့်အခါ ဖြတ်ကြည့်သည်။ မအောင်မြင်ပါ။ အမေရိကန် ဟာသစာရေးဆရာကြီး မတ်တွိန်းပြောသလိုပင် ဖြစ်ပါသည်။ ‘ဆေးလိပ်ဖြတ်တာ လွယ်ပါတယ်၊ ကျွန်တော်ဆိုရင် ဆေးလိပ်ဖြတ်တာ အခါတစ်ထောင်ထောင်ရှိပြီ’တဲ့။ ဗလရှင်နှင့် ဖြတ်တော့ ဗလရှင်ဖွဲကျန်၊ ကွမ်းနှင့် အစားထိုးတော့ ကွမ်းပါ ကြိုက်သွား။ နောက်တော့လည်း အို… မထူးပါဘူးဆိုပြီး ပြန်သောက်ဖြစ်ကာ သေသည်အထိ ဆေးလိပ်သောက်သွားကြသူတို့ မရေတွက်နိုင်လောက်ပါ။

သို့ရာတွင် ကျွန်တော်သည် ဗိုလ်မှူးမောင်ထူးကျေးဇူးနှင့် ဆေးလိပ်ပြတ်ဖူးသေး၏။ ဗိုလ်မှူးမောင်ထူးဆိုတာ စာရေးဆရာ တပ်ကြပ်မောင်ထူးပါ။ တပ်ကြပ်မောင်ထူး၏ စာများကို ကျွန်တော် သူနှင့် မတွေ့ဖူးခင်ကတည်းက ဖတ်ဖူးခဲ့ပါသည်။ သူနှင့် တွေ့သိပြီးနောက်တွင်ကား ပုဂ္ဂိုလ်ဖွဲ့လေးနှင့်ပါ သူ့စာတွေကို ကြုံလျှင် အလွတ်မပေးဘဲ ဖတ်ဖြစ်ခဲ့ပါသည်။ သူသည် တော်လှန်ရေးကောင်စီခေတ်ထဲ၌ ယဉ်ကျေးမှုနှင့် ကဇာတ်ဌာနတွင် အထူးအရာရှိ ဖြစ်သည်။ ၁၉၆၉ ခုနှစ်တွင် အလုပ်သမားကောင်စီအဆင့်ဆင့် (အစည်းအရုံးဟု မခေါ်သေး) ဖွဲ့စည်းရာ ဒဂုန်မြို့နယ်တွင် ရုံးဌာန ၁၄ ခုကို အခြေခံတစ်ခုအဖြစ် ဖွဲ့စည်းသည့်အခါ ကျွန်တော်တို့က အထည်အလိပ်လုပ်ငန်းရုံးချုပ် (ဌာနခွဲ) က၊ ဌာနခွဲကိုယ်စားလှယ်တွေ၊ သူက ထိုအခြေခံ၏ဥက္ကဋ္ဌ၊ ဤသို့အားဖြင့် သူနှင့် တွေ့သိဆက်ဆံခဲ့ရသည်။ သူသည် စာရေးကောင်းသလို စကားပြောလည်းကောင်း၏။ ပင်ကိုဟာသဓာတ်ခံရှိသည်။ တခြားဌာန အကြီးအကဲ အရာရှိကြီးတွေ၊ ကိုယ့်အောက်က ဝန်ထမ်းတွေက ကိုယ့်ကို မကြိုက်မှာ သိပ်စိုးရိမ်ရတာတဲ့။ (ဗျူရိုကရက်ကြီးပါဆိုရင် ပြီးရော) ကျုပ်ကျတော့ တစ်မျိုး၊ ကိုယ့်အောက်က လူတွေက ကြိုက်မှာပဲ ကြောက်နေရတယ်။ သူတို့ကြိုက်လိုက်မှဖြင့်





ကျုပ်ပြုတ်ရောပဲတဲ့။ (မင်းသမီးတွေကို အုပ်ချုပ်နေရသူကိုး) ဂျပန်ခေတ် မင်္ဂလာဒုံဗိုလ်သင်တန်းတက်ဖူးသူတိုင်း၊ တပ်ကြပ်မောင်ထူးကို ‘လန့်’ခဲ့ကြသော်လည်း ဗိုလ်မှူးမောင်ထူးသည် အလွန်လူဆန်သဘောကောင်းသူ ဖြစ်ပါသည်။

ထိုဗိုလ်မှူးမောင်ထူးက တစ်ခါသော် သူဆေးလိပ်ဖြတ်ပုံအကြောင်း စီကာပတ်ကုံး စာဖွဲ့ပါသည်။ သူ့မျက်လုံးကို နောက်တစ်လစေ့လျှင် ခွဲစိတ်ရမည်ဖြစ်ရာ ခွဲစိတ်လျှင် အရက်သောက်၊ ဆေးလိပ်သောက်လျှင် မဖြစ်၊ အဲဒါတွေ ဖြတ်ရမည့်အကြောင်း ဆေးရုံက သတိပေးလိုက်သည်။ စစ်သားဆိုတော့လည်း အရက်သောက်တာ အထူးပြောဖွယ်မရှိ။ ဆေးလိပ်ကိုမူ ဘယ်တုန်းကတည်းက သောက်လာခဲ့ပုံ၊ ဆေးတံသမားဌ မီးခြစ်ရှိရမည်ကို သိကြသော၊ ဆေးလိပ်သောက်ပါလျက် မီးခြစ်မဆောင်သူများက မီးခြစ်လာငှားသည်ကို ထုတ်ပေးရတာလည်း ဒုက္ခရောက်ပုံ၊ သူသည် ဆေးတံသာမက နံနက်စောအိမ်သာတက်လျှင် ဆေးပြင်းလိပ်လည်း သောက်လိုက်သေးပုံ၊ ကွမ်းဆိုတာကတော့ မပြောနှင့် သွားလေရာ ကွမ်းအစ်နှင့်။ အဲဒါတွေကို တစ်လအတွင်း ဖြတ်ဖို့ ဆရာဝန်က ညွှန်ကြားလိုက်ရာ အခက်ဆုံးကိစ္စမှာ ဆေးလိပ်ဖြစ်သိမ့်မည်။ ဆေးလိပ်ကို ဘယ်လိုဖြတ်ရပါ့ ဘယ်လိုဖြတ်ရပါ့နှင့် တွေးပူရင်း (ယခင်အခေါ်) လန်ကက်စတာလမ်းအတိုင်း လျှောက်လာလိုက်တာ ဗားဒံပင်ရိပ်ကလေးတစ်ခုရောက်တော့ ထိုင်နား၊ ဆေးတံထုတ်၊ ဆေးတစ်အိုးထည့်၊ ဆေးလိပ်ဖြတ်ရေးကိစ္စကို ဆေးတစ်ဆုံညှိသောက်ရင်း စဉ်းစားနေမိပုံများ ရေးထားတာ ဖတ်လို့ အလွန်ကောင်းပါသည်။

ဗိုလ်မှူးမောင်ထူး၏ စာကို အနှစ်ချုပ်လိုက်သော် သူ့ဆေးလိပ်ဖြတ်နည်းကား မသောက်ဘဲနေလိုက်ခြင်း ဖြစ်ပါသည်တဲ့။

ဟန်သဟေ့။ ဗိုလ်မှူးမောင်ထူးနည်း။ ဟုတ်တာပဲ။ ဆေးလိပ်ဖြတ်တာ မသောက်ဘဲနေလိုက်လျှင် ပြတ်ရမှာပေါ့။ ငါဖြတ်မယ်။

ကျွန်တော် မသောက်ဘဲနေကြည့်တာ ဗိုလ်မှူးမောင်ထူးရေးသလိုပါပဲ၊ ဖြတ်စတော့ နည်းနည်းခံတွင်းချဉ်သလိုလို၊ ယောင်ယောင်မှားမှား ထစမ်းမိသလို ဖြစ်ပေမဲ့ တစ်ပတ်လောက်ကြာသော် နေလို့ရသွား၏။ ကျွန်တော်သည် ထိုစာကို မဖတ်ရခင် ၁၉၈၂ ခုနှစ်ကပင် အရက်ကို မသောက်ဘဲနေခြင်းဖြင့် ပြတ်နေပြီဖြစ်ရာ ဗိုလ်မှူးမောင်ထူး၏ နည်းကို သဘောပေါက်ထောက်ခံပြီး



www.burmeseclassic.com

www.burmeseclassic.com



ထိုစာဖတ်ရသည့် ၁၉၈၅ အချိန်မှာပင် ဖြတ်လိုက်ရာ ပြတ်သွားပါ၏။

သို့သော်...

နောင် ၅ နှစ်အကြာတွင် ကျောက်တန်းနားက ပြည်သူ့ရဲတပ်ရင်း (၇) တွင် ရောက်နေသော ညီတစ်ယောက်ထံ အသွားတွင် အဖော်ရအောင် ဆိုပြီး ရန်ကုန်နေစဉ်က တစ်ရုံးတည်းမှာ အလုပ်လုပ်တာ အတူတူ၊ အရက်သောက် အတူတူ၊ ဂျင်ထိုးအတူတူ သူငယ်ချင်းတစ်ဦးအား ခေါ်သွားပါသည်။ သူငယ်ချင်းမှာ သူထွက်ပြေးလို့ လွတ်လာသည့်ဝိုင်းမှ မိသွားသူတွေကို ထောင်ခုနစ်နှစ် ချပစ်လိုက်လို့ (ထိုစဉ်က စစ်အုပ်ချုပ်ရေးကာလ) ကြောက်သွားပြီး ဂျင်ကိုတော့ မထိုးတော့ပါ။ ကျန်တာတွေ အကုန်လုပ်သေးသည်ဆိုတာနှင့် သီတာသဘော်ဆိပ်မှာ သူ့အတွက် စီးကရက်တစ်ဘူးဝယ်ကာ ပေးလိုက်ပါ၏။ သံလျင်ကမ်းသို့ သင်္ဘောဆိုက်ဆိုက်ချင်းမှာပင် ကမ်းပေါ်မှာ တွေ့ရသည့် စားဖျော်ဆိုင်၌ ထမင်းလည်းကျွေး၊ အရက်လည်း တိုက်ပြီး လိုင်းကားနှင့် ထွက်လာခဲ့ကြရာ ကားပေါ်မှာ သူက စီးကရက်တထောင်းထောင်း ဖွာနေတော့ ကျွန်တော်သည် စီးကရက်နံ့ရ၍ ရှုပ်သဘောအရ တောင့်တကာ သောက်ချင်စိတ်ဖြစ်လာလေသလား။ ဒီသူငယ်ချင်းနှင့် ငါသည် ရှေးရှေးကာလက သွားတူ၊ လာတူ၊ စားတူ၊ သောက်တူ နေလာခဲ့ကြ။ ယခုသော်ကား သူအရက်သောက်တော့လည်း ငါက မသောက်၊ သူဆေးလိပ်ဖွာတော့လည်း ငါက ကြည့်ရုံသာ ကြည့်နေ၊ ငါတို့ချင်း ဝေးကွာသွားကြလေပြီလားဟု သံယောဇဉ်တရားက ကျွန်တော့်မသိစိတ်ထဲ ဝင်ရောက်လှည့်မွှေသည့် စိတ်အခြေအနေကြောင့် သောက်ချင်စိတ် ဖြစ်လာလေသလား ဝေခွဲမရ။ 'ပေးဦးကွာ၊ ငါ့လည်း တစ်လိပ်'ဟု တောင်းသောက်လိုက်မိပါ၏။

ထို့အတူ ကျောက်တန်းမှ အပြန်ခရီးတွင်လည်း တစ်လိပ်တောင်းသောက်မိသေးသည်။ ရန်ကုန်ပြန်ရောက်တော့ လူချင်းခွဲကြ။ ညဘက်မှာ ကျွန်တော် စီးကရက်တစ်ဘူးဝယ် နောက်နေ့ကျတော့ ဘူးခွံပဲကျန်။ နောက်မနက် အိမ်အပြန်မှာ ရထားပေါ်၌ တစ်ဘူးကုန်။ သာဝတ္ထိရောက်တော့ အိမ်ပြန်ရောက်အောင် မဆိုင်းနိုင်။ လမ်းက တွေ့ရာဆိုင်မှာပင် ဆေးပေါ့လိပ်တစ်စည်းနှင့် စီးကရက်တစ်ဘူး တစ်ခါတည်း ဝယ်သွားမိပါလေ့၏။

၅ နှစ်ပြတ်လာသော ဆေးလိပ်သည် စီးကရက်နှစ်လိပ်နှင့် စလိုက်တာ





နောက်ထပ် ၁၀ နှစ် ဆက်၍ သောက်ဖြစ်သွား၏။ လောက၌ အစတွင် နည်းနည်းလေးပင် ဖြစ်သော်လည်း နောက်ပိုင်း၌ နောက်လိုက်ဒုက္ခတို့ကား အဆုံးမသတ်နိုင်။ မိန်းမလေးယူမိတာ (သို့မဟုတ် ယောကျ်ားလေးယူမိတာ) စီးကရက်သောက်မများ၊ တစ်ယောက်တည်းပင် ဖြစ်ပါသော်လည်း မွေးလာသည့် သားတွေဒုက္ခ၊ သမီးတွေဒုက္ခ လက်စမသိမ်းနိုင်။ အလုပ်တွေ ကိုယ်စီနှင့် အိုးအိမ်ထောင်တွေကျကုန်ပါသော်လည်း မန္တလေးက သမီးမုဆိုးမက သားနှစ်ယောက်နှင့် အလုပ်တစ်ဖက်၊ ကျောင်းတစ်ဖက် ဟိုပြေး သည်လွှား၊ ကလေးတွေ ဒီအတိုင်း ထားပစ်လို့ မဖြစ်တော့ အသွားက မြေးထိန်း။ ရန်ကုန်က ချွေးမက သားဦးလေး အဖတ်မတင်၊ မီးဖွားပြီး သွေးချိန်တက်နေတယ်ဆိုတော့ အဘိုးရေ ပြေးကြဦးစို့ရဲ့။ သမီး ရေဆင်းက မန္တလေးပြောင်းတာ ကားခ သောင်းကျော်ကုန်၏။ ယခု ကျောင်းတက်နေရင်း ဘန်းလန်းနှင့် ရေနံချောင်းပြောင်းဦးတဲ့။ ကားခ ဘယ်လောက်ယူမည်မသိ။ ပူရတာ။ သားသမုဒယ၊ သမီးသမုဒယက မြေးသမုဒယ။ သမုဒယကြောင့် ဒုက္ခဖြစ်။ အကြောင်းသမုဒယကို သိမ်းနိုင်မှ အကျိုးဒုက္ခငြိမ်းမည်။

စီးကရက်နှစ်လိပ်၏ သမုဒယသည် မနှစ်က ပြေ၊ မေတွင် မိုးတွေမပြတ်နိုင်ဘဲ ရွာတော့ ကောင်းကောင်းကြီး အစွမ်းပြလိုက်ရာ ဒုက္ခသစ္စာလှလှကြီးနှင့် တွေ့ရပါလေတော့၏။ နှာစေး၊ ချောင်းဆိုး၊ အပန်းထ၊ ဆေးထိုးသော်လည်း မရ။ ပက်လက်လှန်အိပ်လေ ဆိုးလေ။ ပက်လက်ကုလားထိုင်ပေါ် ထိုင်အိပ်ရသည်။ ခြင်က ကိုက်ပြန်တော့ ကုလားထိုင်ကို ခြင်ထောင်ထဲ သွင်း၍ အိပ်ရသည်။ အိပ်သည်ဆိုပေမဲ့ တကယ်ကား အိပ်လို့မရ၊ တစ်ညလုံး တဟွတ်ဟွတ်။ ညစဉ်၊ ညတိုင်း၊ အေးလေ၊ ကျပ်လေ။ အေးလေ 'ဟွတ်'လေ။ ကုပေးသည့် ဆရာဝန်ကတောင် တောင်ငူက ပါရဂူထံ သွားပါလား။ ညွှန်ကြားလာတော့သည်။ သမားတော်ဆီသွားဖို့ဟူသည် 'ဒေါက်တာမန်းနိုး'က ခွင့်ပြုမှ ဖြစ်သည်။ မိုးကလည်း မရပ်။ မပြတ်။ ဒုက္ခရောက်ချက်ကား မပြောချင်။ ဘုရားဟောနှလုံးသွင်း။ အင်း...ဒုက္ခကား သမုဒယအကြောင်းခံပဲ။ ဆေးလိပ်သမုဒယအကြောင်းခံပဲ။ ဆေးလိပ်သမုဒယ၊ ဆေးလိပ်သမုဒယ အဟွတ်... အဟွတ်။

အဖေ့မွေးချင်းတွေထဲက ရှားတောင့်၊ ပါးတောင့် ဘထွေးလက်ကျန်ဆို



www.burmeseclassic.com

www.burmeseclassic.com



လို့ အငယ်ဆုံးညီသာ ကျွန်တော့်ရာ သည်ဘထွေးသည် အပန်းရောဂါနှင့် အငြိမ်းစားနေရတာ ကြာပါပြီ။ သူ့မှာ မိုးအေးလေ၊ ဒုက္ခရောက်လေ။ ယခု ကိုယ့်ဒုက္ခကိုပါ သူ့ပြောပြတော့ 'အလေးတော့ ဒူးကလေးတုပ် လေးဘက် ကလေးဝပ်ပြီး အိပ်ရင် နည်းနည်းသက်သာတယ်ကွ' တဲ့။ 'ဆေးလိပ်ကျတော့ လည်း မဖြတ်နိုင်ဘူးကွာ' တဲ့။ ( အလေး' ဟူသော စကားသည် သူ့ကို ကျွန်တော်က ခေါ်သည့်အတိုင်း သူ့ကိုယ်သူ ပြန်ညွှန်းသည့် နာမ်စားဖြစ်သည်။ ကျွန်တော်က 'ပထွေးလေး' အထိ ရောက်အောင် မခေါ်တတ်သေးခင်က သူ့ကို ခေါ်လာသော အသုံးအနှုန်းဖြစ်သည်။ ယခုလည်း အဲဒီအတိုင်းခေါ်ကာ အငယ်ကလိုပဲ 'မင်း' နဲ့ 'ငါ' နဲ့ သူ့ကို ပြောပါသည်။)

ထို'အလေး' ဟူသော အခေါ်အဝေါ်ကို တစွဲစွဲနှင့် မပြောင်းဘဲ ယခု တိုင် သုံးစွဲနေလို့ ကျွန်တော့်မှာ ဘာမှ မထိခိုက်နိုင်၊ အကျိုးမပျက်နိုင်။ 'မင်း' 'ငါ' ဆိုတာလည်း ဘေးလူနားမှာ နားကြားမတော်သော်လည်း ကျွန်တော့် ဘထွေးက အင်္ဂလိပ်လိုတတ်၍ ကျွန်တော်က သူ့ကို အင်္ဂလိပ်လို ပြောမယ် ဆိုရင် You, I လို့သာ ပြောရမည်ဖြစ်ရာ အခြားသူတွေ သုံးနှုန်းသလိုမျိုးပဲ အတူတူပြန်ရောက်သွားမှာမို့ ကျွန်တော် လိပ်ပြာသန့်ပါသည်။ သို့ရာတွင် ချစ်လှစွာသော သူငယ်ချင်း ညီကြိုင် (ဒီကောင်က စစ်တပ်ထဲက ပြန်လာတော့ ထွန်းနွဲ့တဲ့။ ယခု မရှိတော့ပြီ) သင်ပေးခဲ့သည့် ဒီဆေးလိပ်သောက်ခြင်းအစွဲ ကိုတော့ ဖြုတ်မှ တော်ပေရော့မည်။ ဒီဆေးလိပ်အစွဲ သမုဒယ မခွဲနိုင်လျှင် အသက်ပါ ပါသွားနိုင်သည်။ ဒီအသက်ကလေးကို ဉာဏ်နှင့် စောင့်ရှောက် ဦးမှ သင့်တော့မည်။ သို့နှယ်တွေးမိကာ ဆေးလိပ်ကို ၂၀၀၀ ပြည့်နှစ်၊ ဧပြီ ၁၂ ရက်က ဖြတ်လိုက်တာ ယခု တစ်နှစ်တောင်ကျော်သွားပါပြီ။

"နန္ဒီရာဂ သဟဂတာ" ဓမ္မစကြာမှာ ဘုရားဟောသည်။ ထိုပါဠိကို နေမျိုးရာဇာ ဦးမောင်ကြီးက 'နှစ်သက်ခြင်း၊ စွဲလမ်းခြင်း၊ တပ်မက်ခြင်းတည်း ဟူသော ဥပါဒါန်စိတ်နှင့်တကွ ဖြစ်၏' ဟု သူ၏ 'ဓမ္မစကြာအဆီ' စာအုပ်တွင် ဘာသာပြန်ပါသည်။

ဒုက္ခဖြစ်တာ သမုဒယကြောင့်ပဲ။ သမုဒယဖြစ်တာ 'နန္ဒီရာဂ သဟဂတာ' ကြောင့် စိတ်ထဲမှာ ကောင်းတယ်လို့ မထင်၊ မလိုချင်တော့ရင် သမုဒယပြတ် တာပါပဲ။ သမုဒယကို သိမ်းနိုင်လျှင် ဒုက္ခငြိမ်းမည်။ ယခု မိုးအေးသော်





ရှေးရှေးက သောက်လာသော အကြောင်းခံကြောင့် မောချင်၊ ချောင်းဆိုးချင် လက္ခဏာလေးများ ပြသော်လည်း ပက်လက်ကုလားထိုင်ပေါ်၌ တစ်ညနေ တပျှတ်ပျှတ် ဒုက္ခမျိုးကား ငြိမ်းသွားပါသည်။

ဆေးလိပ်ပြတ်လိုသူများ မသောက်ဘဲနေလျှင် ပြတ်ပါ၏။ တပ်ကြပ် မောင်ထူး (ဝါ) မိုလ်မှူးမောင်ထူးနည်းသည် အားကြီးကောင်းသည်။ အေး... မသောက်ချင်စိတ်ဖြစ်အောင်တော့ မွေးယူရသည်ပေါ့။

[စတိုင်သစ်၊ /၂၀၀၀]



www.burmeseclassic.com

www.burmeseclassic.com

# ကျူရှင်ဆရာမွဲကလေးတစ်ယောက်အကြောင်း

'ကျူရှင်ဆရာမွဲ' နောက်က ကပ်ထားသည့် 'ကလေး'သည် 'လူကြီး မဟုတ်'ဟု အဓိပ္ပာယ်မရ။ 'ချစ်စနိုး' အဓိပ္ပာယ်, 'သနားစဖွယ်' အဓိပ္ပာယ် သက်ရောက်သောစကားမျှသာ ဖြစ်ပါသည်။ 'တစ်ယောက်'ဟူသော စကား ထည့်ထားခြင်းကား မွဲသောကျူရှင်ဆရာတို့သည် (အများကြီးမဟုတ်သော် ကောင်မှ) နှစ်ယောက်၊ သုံးယောက်၊ တစ်ဆယ်, ဆယ့်ငါးယောက် စသည် သည်း ရှိစကောင်းသေးသဖြင့် ထိုသို့သော အရေအတွက်တွင် တစ်စိတ်တစ်ပိုင်း အဖြစ် အကျုံးဝင်သောသူတစ်ယောက်ဟု အဓိပ္ပာယ်သက်ရောက်စေလိုသော ကြောင့် ဖြစ်ပါသည်။

အမှန်တော့ ဤစာခေါင်းစဉ်ကို 'ဘွားဘွားဒေါ်တင်ညို ဖတ်ဖို့' ဟု တပ်ရန် ပထမ စဉ်းစားသေးသည်။ ခေါင်းစဉ်နှယ်နိမိတ် ကျဉ်းသွားလေ လေား တွေးမိသည်နှင့် ယခုကဲ့သို့ ဦးတင်ဦး (ကျူရှင်)အား သနားရတော့ လိုလို ဘာလိုလို အထင်ရောက်စေသည့် ခေါင်းစဉ်ကို ပြောင်းတပ်ပေးလိုက် ရခြင်း ဖြစ်ပါသည်။

မြားနတ်မောင်စာဖတ်ပရိသတ်ထဲ၌ ဦးတင်ဦး(ကျူရှင်)၏ စာများကို ဖတ်သူများရှိကြောင်း သိရ၍ ဝမ်းသာပါသည်။ ထိုဖတ်သူများက ချီးကျူးခံ ရလျှင် ပို၍ ဝမ်းသာပါသည်။ သို့ရာတွင် ထိုသို့ ခဏတာလေး ဝမ်းသာရဖို့ အရေးအတွက် 'ပွင့်ပွင့်လင်းလင်း'အခန်းကို အရင်ကောက်လှန်ကာ ဖတ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရသည်သည်မှာ ရင်တထိတ်ထိတ် မောလျှဖွယ်ကောင်းလှပါသည်။ ထိုအခန်း၏ ပင်တိုင်ပွင့်လင်း စာရေးဆရာမကြီး ဘွားဘွားဒေါ်တင်ညိုသည် နှစ်လုံးပြူးထဲ စရိုက်ထည့်ပစ်သလို ထိချင်ရာထိ၊ မှန်ချင်ရာမှန် သဘောနှင့် အရမ်းပစ်ကြဲလိုက်သည် မဟုတ်ဘဲ တစ်လုံးထိုးရိုင်ဖယ်တွင် တစ်တောင့်ချင်းထိုးကာ ပစ်မှတ်တစ်ခုစီကို တည့်တည့်ချိန်ရွယ်ပစ်တတ်သည့် စာမှုဆိုးတစ်ဦး ဖြစ်သေသဖြင့် ကျွန်တော့်မှာ လစဉ်လတိုင်း ပွင့်ပွင့်လင်းလင်း ဘောအုပ်ထဲ၌ သူပစ်လိုက်သည့် သေနတ်သံကို သတိနှင့် နားစွင့်လို့နေရသည်။ ယခုနှစ် ဖေဖော်ဝါရီလတွင် ‘ဒိုင်း’ခနဲ အသံကြားလိုက်ပြီးနောက် ‘ဝှီး’ခနဲ နားနားက ပွတ်သီသွားသံကြောင့် လန့်ဖျပ်စွာ ကြည့်လိုက်မိရာ ထိုအသံသည် သူ့လက်ချက်ဖြစ်နေတာ တွေ့လိုက်ရပြန်သည်။

“ခုခေတ်က စစ်ဗိုလ်၊ ဆရာဝန်၊ သင်္ဘောသားတွေထက် ကျူရှင်ဆရာဝင်ငွေကောင်းတဲ့ခေတ်လို့ ပြောကြပါတယ်။ ဆရာက ဘာဖြစ်လို့ လူမွဲစာရေးဆရာလို့ ရေးပါသလဲ။ စာရေးဆရာ လူမွဲတော့ ဟုတ်ချင်ဟုတ်မည်။ ကျူရှင်ဆရာလူမွဲတော့ မဖြစ်နိုင်ပါ’တဲ့။

ဘွားဘွားက သို့နှယ် ပစ်ထည့်လိုက်လေတော့ ဦးတင်ဦး(ကျူရှင်)က ကိုယ့်ကိုယ်ကိုယ် ဖော်မသူတော်စာတစ်ပုဒ်တော့ ရေးရဦးတော့မည်။

ကျွန်တော် ၁၉၈၀၊ ဩဂုတ်လတွင် ပင်စင်ယူလာတော့ ကျွန်တော့်ငယ်ဆရာက ဘာလုပ်ကိုင်စားသောက်မယ် ရည်ရွယ်သလဲဟု မေးပါသည်။ ကျွန်တော်က ရန်ကုန်တွင် လွယ်အိတ်တစ်လုံးနှင့် ‘ရုံးစင်ကြယ်လည်’ကာ ငွေရှာလို့ရနိုင်သည့် အလုပ်တွေရှိကြောင်း (ပါမစ်ခေတ်က ရှိတုန်းလေ)၊ ကလေးတွေကို သူတို့ဘွားအေအိမ်မှာ ထားပြီး ရန်ကုန်ဆင်းကာ ငွေရှာမည်ဖြစ်ကြောင်း ဖြေပါသည်။ သည်အခါ ‘မင့်အဆက်အသွယ်၊ အပေါင်းအသင်း၊ မင့်အရည်အချင်းနဲ့ ရနိုင်မယ်ဆိုတာတော့ ဆရာ ယုံပါတယ်။ ဒါပေမဲ့ မင်းရှာရတဲ့ငွေ ‘မိကြည်’ (ကျွန်တော့်ဇနီး ဒေါ်ကြည်ညွန့်ကို ဆိုလိုသည်)နဲ့ မင့်ကလေးတွေ စားရမယ်လို့တော့ ဆရာ မယုံရဲဘူးကွာ’တဲ့။ ဆရာက သို့နှယ် ပြန်ပြောပါသည်။ ‘မင်းဘဝလည်း ဣန္ဒြေရရ အနည်ထိုင်သွားအောင်’ ဟူသော အကြောင်းပြချက်နှင့် ဆရာက သူလုပ်စေချင်သော အလုပ်နှစ်ခုကို ကျွန်တော့်အား ပြောပါသည်။





ပထမတစ်လုပ်က သာဝတ္ထိတွဲဖက်အထက်တန်းကျောင်းတွင် ဆရာဝင်လုပ်ဖို့ဖြစ်ပြီး နောက်တစ်လုပ်က စမတောင် ဂေါပကအဖွဲ့ အတွင်းရေးမှူးလုပ်ပေးဖို့ ဖြစ်ပါသည်။

ကမစ္ဆုတဒေါသ အသင့်ခံပြီးနောက် အလုပ်နှင့် စပ်ရာကို အရင်ရှင်းပြရသော် (အစဉ်အတိုင်း ရေးဖွဲ့တာကို ကမအလင်္ကာ။ အစဉ်ပျက်တာကို ကမစ္ဆုတဒေါသဟု အလင်္ကာကျမ်းတို့၌ ဆိုပါသည်။) ထိုစဉ်က အတွင်းရေးမှူးမှာ လက်ရှိအတွင်းရေးမှူး လုပ်နေသော ပုဂ္ဂိုလ်၏ ယောက္ခမဖခင်ကြီး ဖြစ်ပြီးတွဲဖက်အတွင်းရေးမှူးကား လွန်ခဲ့သောနှစ်က ဥက္ကဋ္ဌအဖြစ်နှင့် ကွယ်လွန်သွားသည့် ကျွန်တော်၏ ယောက်ဖ နောင်တော် တော်သည့် ဦးကြည်အေးဖြစ်သည်။ သူတို့နှစ်ဦးသည် တစ်ဦးက ပျဉ်းမနား၌၊ တစ်ဦးက အေလာ၌အသီးသီးနေကြသဖြင့် အလွယ်တကူ လက်လှမ်းတမိ ခိုင်းစေလို့ ရနိုင်သည့်တပည့်ရင်းဖြစ်သူအား အားတိုးသမှုနှင့် တစ်ကြောင်း၊ ကျွန်တော့်အား အမိုက်ဇာတ်ကလေး သိမ်းစေလိုဟန်တူသည်လည်း တစ်ကြောင်းဖြင့် ထိုသို့ တိုက်တွန်းခြင်းဖြစ်ပါသည်။ ကျွန်တော်က အိမ်မှာနေရင်း မှားရင် တစ်ပြစ်သာ ခံရမည်၊ ဘုရားပေါ်တက်မှားက နှစ်ပြစ်ရမည် တွေးပြီး ဆရာ့စကားကို ငြင်းပါသည်။ အခြားနည်းနှင့်ပဲ အလွတ်သဘောနှင့်သာ ကူညီပါရစေ ပြောသဖြင့် ဆရာကလည်း ဇွတ်မခိုင်းတော့ပါ။ (ဆရာ့အား အလွတ်သဘော ကူညီခဲ့တာတွေ ရှိပါ၏။)

ပထမအလုပ်နှင့် စပ်၍ကား ဆရာက သာမန်တိုက်တွန်းရုံမျှ မဟုတ်ဘဲ ‘စာချုပ်’ကလေးနှင့် ခိုင်းပါသည်။ ‘တို့တွဲဖက်က ဆရာတစ်ယောက် တစ်လ ၂၅၀ ကျပ်သာ ပေးနိုင်လေတော့ မင်း အရက်တစ်ခါသောက်ဖိုးတော့ မရှိဘူးပေါ့ကွာ။ ဒါပေမဲ့ ငါ့တပည့်က သာသနာပြုသလို သဘောထားပြီး ဝင်လုပ်လိုက်ပါကွာ’တဲ့။ (ထို ‘သာသနာပြုသလို’ဟူသော စကားသည် နောင်သော်ဆရာနှင့် ကျွန်တော့်အကြား၌ စက္ကူပေါ် စာရေးမထား၊ လက်မှတ်ရေးထိုးမထားသော ‘တာသွား’သည့် စာချုပ်စကား ဖြစ်လာခဲ့ကြောင်း ထင်ရှားလာပါလိမ့်မည်။) ကျွန်တော် ချက်ချင်း အဖြေမပေးသေးဘဲ အဖေ့တဲသို့ သွား၍ ပြန်ပြောပြပါသည်။ အဖေက သာဝတ္ထိပြန်ရောက်စကတည်းက ‘လူလေး မင့်ဖို့ဘာဖြစ်လောက်တာမှတ်လို့ကွာ၊ ကိုအေးမောင် ဝန်ကြီးလုပ်လာတဲ့ ဖို့တောင်ပေါက်တူးထမ်းပြီး လက်ကန်သင်းပေါ်လျှောက်နိုင်သေးတာပဲ၊ ကိုယ့်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



လယ်နဲ့ ယာနဲ့ပဲ၊ လယ်ထဲဆင်းလုပ်စားတာပေါ့’ဟု ပြောခဲ့သူဆိုတော့ ဆရာ့စကား ကြားလိုက်ရသည့်အခါ “ဆရာကိုပြုံးပြောတာ မှန်သကွ”ဟု ထောက်ခံလေသည်။ (ဟိုရောက် ဒီရောက် ရောက်နေကြသော သူ့သားတွေကို အရပ်လေးမျက်နှာလှည့်၍ မေတ္တာပို့နေရတာ တစ်မျက်နှာစာသက်သာသော် မနည်းလောဟု တွေးချင်လည်း တွေးပါလိမ့်မည်။) ထို့ကြောင့် နေ့လယ်တွင် ဆရာ့အား စကားပြန်လိုက်ရာ ညနေကျောင်းဆင်းတော့ ကျောင်းအုပ်ဆရာကြီးက သူ့ကျောင်းသို့ ဆင့်ခေါ်ပါလေသည်။ (ဤဆရာကြီးကား ကျွန်တော် ၁၀ တန်းတုန်းက ဆရာပေတည်း။) ရောက်သွားသောအခါ ‘မင့်ကို ခေါ်တဲ့ကိစ္စက မနက်ဖြန် ၁၀ တန်းမှာ ပထဝီဝင်သင်ကွာ။ အဲဒါပြောမလို့ ပြန်တော့’ဟု ဆိုသဖြင့် နောက်နေ့တွင် (လွန်ခဲ့သော အနှစ် ၂၀ က ကျွန်တော် ပျဉ်းမနားသကြားစက်တွင် အောက်တန်းစာရေးလုပ်နေစဉ် အထက်တန်းစာရေးလစာနှင့်ညီသော အလယ်တန်းပြဆရာ လာလုပ်ဖို့ ထိုစဉ်က ကျောင်းအုပ်လုပ်နေသည့် ကျွန်တော်၏ ၆ တန်းတုန်းက ဆရာက ခေါ်သည်ကို မလုပ်ချင်ပါဘူးဟု ငြင်းခဲ့သော) ကျောင်းဆရာအလုပ်ကို ကျွန်တော် လုပ်လိုက်ရလေသည်။

ဤကား ဦးတင်ဦး (ကျူးရှင်) မွဲခြင်း၏ နိဒါန်းအစပါတည်း။

ကျွန်တော် ဆရာဝင်လုပ်သည့်နှစ်တွင် ဤကျောင်း၏ တွဲဖက်သက်တမ်းသည် ၁၀ နှစ်ထဲသို့ ဝင်ရောက်ခဲ့ပါပြီ။ ထူးချွန်အောင်မြင်မှုတွေလည်း ရှိခဲ့ပါ၏။ လူရည်ချွန်တွေ ရသည်။ ဂုဏ်ထူးတွေ ရသည်။ ကျောင်းရုံးခန်းနံရံကို ဂုဏ်ထူးရ ကျောင်းသားတို့၏ ဓာတ်ပုံကြီးများဖြင့် တန်ဆာဆင်ထားသည်။ ၅ ဘာသာဂုဏ်ထူးရသူပါ ရှိခဲ့ဖူးသည်။ သို့ရာတွင် ကျွန်တော် သေချာစွာ လိုက်ကြည့်သောအခါ ထိုထိုဂုဏ်ထူးရ ကျောင်းသားတို့တွင် အင်္ဂလိပ်စာနှင့် သမိုင်းဂုဏ်ထူးသမား မပါသည်ကို ကျွန်တော် သတိထားမိလိုက်သည်။ ထို့ကြောင့် ဆရာ့အိမ်သို့ ရောက်စဉ် ထိုအချက်ကို ပြောပြကာ အဲဒီ မရဖူးသေးသော အောင်မြင်မှုကိုပါ ရအောင် ကျွန်တော် ကြိုးစားပါမည်ဟု ကတိလည်း ပေးလိုက်ပါသည်။

ကျွန်တော်သင်ရသည့် ပထဝီသည် ထိုအချိန်က ဘောဂဗေဒနှင့် ပေါင်းမှ တစ်ဘာသာဖြစ်ပါသည်။ အင်္ဂလိပ်စာနှင့် သမိုင်း သူ့ဆရာနှင့်သူ ရှိသည်။ ကျွန်တော့်ဆန္ဒအတိုင်း အကောင်အထည် ဖော်နိုင်ခွင့် အခြေအနေမရှိပါ။ သို့





ရာတွင် ကျွန်တော့်သမီးမှာ ဆယ်တန်းကျောင်းသူ ဖြစ်သဖြင့် သူ့ကို အင်္ဂလိပ်စာ သင်ပြပေးရလျှင် အင်္ဂလိပ်စာဂုဏ်ထူးအတွက် မျှော်လင့်စရာရှိနိုင်သည်။ ထို့ကြောင့် သမီးအား အင်္ဂလိပ်စာသင်ပေးမည်ပြောရာ သမီးက အင်းမလှုပ်၊ အဲမလှုပ်။ ကျွန်တော့်စိတ်ထဲ၌ အလွန်မကျေမနပ် ဖြစ်သည်။ ထိုမကျေနပ် ချက်ပေါက်ကွဲဖို့ ပထမအစမ်းစာမေးပွဲ ‘ရီပို့ကဒ်’ ရလာတော့မှပင် အခွင့်သာတော့သည်။ သမီးက သူပထမရကြောင်းပြောကာ အူယားဖားယားနှင့် ကျွန်တော့်အား ပြပါသည်။ ကျွန်တော် သူ့ရီပို့ကဒ်ကို ကြည့်လည်းမကြည့်။ လက်မှတ်လည်းမထိုး။ အမေ့သာ ထိုးခိုင်းသွားဟု ပြောသောအခါ သမီးမျက်နှာပျက်သွားသည်။ အင်္ဂလိပ်စာ အမှတ် မေးကြည့်တော့ ၇၆ မှတ်တဲ့။ အဲဒါ ကိုယ့်ဆရာမက သူမေးမှာကို သင်ထားပြီး မေးတာကို သမီးဖြေရလို့ ၇၆ မှတ်ရတာ တကယ့် စာမေးပွဲကြီးမှာ အဲဒီအမှတ် မရနိုင်။ သမီး ဂုဏ်ထူးမရနိုင်။ သမီးရတဲ့ ၇၆ မှတ်မှာ နံပါတ် ၁ မှာ အမှတ်ပြည့် ၁၀ မှတ်၊ သို့မဟုတ် ၉ မှတ်၊ ဘယ်နံပါတ်မှာ ဘယ်နှမှတ် အနည်းဆုံးရပြီး အများဆုံး ဘယ်နှမှတ်။ ‘အက်ဒေး’၊ ‘လက်တာ’ ဘယ်နှမှတ်ဟု ကျွန်တော်တွက်ပြလိုက်သည်။ အထူးသဖြင့် ‘ကြိယာသဏ္ဍာန်’ကို ဆန်းစစ်သည့် နံပါတ် ၄ နှင့် ၆ တို့မှာ သမီး အများဆုံး ၆ မှတ်သာရမည်။ အခု ကျောင်းပြန်။ သမီးဆရာမကို ပြော။ နံပါတ်စဉ်အလိုက် သမီးရတဲ့အမှတ်တွေ သိချင်ပါတယ်ပြော။ စည်းကမ်းထုံးစံတော့ မဟုတ်ဘူး။ ဒါပေမဲ့ ပြောကြည့်ပါဟု လွှတ်လိုက်ရာ သူ့ဆရာမကလည်း သူ့အား နံပါတ်စဉ်အလိုက်ရသော အမှတ်များကို ပြောလိုက်ပါသည်။ သည်အခါ သူရသည့် အမှတ်များသည် ကျွန်တော် ပြောလိုက်သည့်အတိုင်း ‘ကွက်တိ’နီးပါး ဖြစ်နေပြီး အထူးသဖြင့် ‘ကြိယာ’ ပိုင်းကို မေးသည့် နံပါတ် ၄ နှင့် ၆ မှာ အမှတ်အနည်းဆုံး ဖြစ်နေတာ တွေ့ရပါတော့သည်။

ကျွန်တော့်သမီးအား ဘာကြောင့် ဤသို့ပြောနိုင်ပါနည်း ဆိုသော် အင်္ဂလိပ်စာ၌ ကြိယာကို မှန်အောင်သုံးတတ်ဖို့သည် လွယ်ကူလှသည် မဟုတ်ပါ။ ဘွဲ့တွေရထားသည်ဆိုစေ၊ တကယ် နားလည်ချင်မှ နားလည်တာမျိုး ဖြစ်ပါသည်။ ကြိယာအသုံး သဘောတရားကို အင်္ဂလိပ်သဒ္ဒါ၌ Tense ဟု ခေါ်သည်။ Tense သဘောတရား ကောင်းစွာနားလည်မှ ကြိယာကို မှန်အောင် သုံးတတ်ပါသည်။ ဤခေါင်းပါးကို ရေးရင်း ရပ်ထားလိုက်၊ ‘နှစ် ၉၀ ပြည့်



www.burmeseclassic.com

www.burmeseclassic.com



လူထုဦးလှ' စာအုပ်ဖတ်လိုက်နှင့် ရေးနေသည်ဖြစ်ရာ ထိုစာအုပ်ထဲ၌ အင်္ဂလိပ်ကဗျာအချို့ပါသည်။ 'ကြိယာ' အသုံးများနေတာတွေ တွေ့ရသည်။ တစ်ခါက အင်တာနေရှင်နယ်မဂ္ဂဇင်းထဲ၌ ဂျော်ဒန်ဘုရင် နတ်ရွာစံပြီးနောက် နန်းမွေဆက်ခံမှုနှင့် ပတ်သက်သည့် သတင်းဆောင်းပါးကို ဘာသာပြန်ရာ၌ Had the old man lived long enough ကို 'ဘုရင်ကြီး ဆန္ဒရှိသလောက် အသက်ရှည်ခဲ့ရဲ့လားလို့ ထင်စရာပါပဲ'ဟု ဘာသာပြန်လေသည်။ ဘာသာပြန်သူသည် ဤ Conditional Tense အသုံး၏ သဘောအနက်ကို နားမလည်သောကြောင့် ထိုသို့ ဘာသာပြန်ခြင်းဖြစ်မည်ဟု တွေးကြည့်ရပေတော့သည်။ တကယ်က မူလဆောင်းပါးရှင်ပြောလိုသည်က 'အဘိုးကြီးများ (ဘုရင်ဟူစိန်များ) အသက်ရှည်နေဦးမည်ဆိုလျှင် (= ယခုလို ကံတော်ကုန်တာ မစောသွားရင်)' ဟူ၍ ဖြစ်ပါသည်။ ထိုသို့ အင်္ဂလိပ်စာတတ်ဟု ဆိုရသူများပင် နားတတ်သေးသော 'ကြိယာ' အသုံးအနှုန်းသဘောကို ကျွန်တော့်သမီး နားမလည်သေးကြောင်း သိ၍ ကျွန်တော်က အစောကတည်းက သူ့ကို စာသင်ပေးဖို့ ပြောခဲ့ခြင်း ဖြစ်၏။ ယခု သူ အမှတ်အနည်းဆုံး မေးခွန်းနံပါတ်တွေမှာ 'ကြိယာ' နှင့် စပ်သော မေးခွန်းတွေ ဖြစ်နေကြောင်း ဒီဠတွေ့မြင် သိရှိသွားရပေပြီ။

ကျွန်တော် လိုမှဆူ၏။ သမီး ထမင်းမစားနိုင်။ ကျောင်းရောက်တော့လည်း သူငိုထားတာက ဖုံးကွယ်မရ။ ၁၀ တန်းအားလုံး၌ ပထမရသော တပည့်၊ အင်္ဂလိပ်စာ၌ ၇၆ မှတ်ရသော တပည့်ကို သူ့အဖေက ဆူလို့ ထမင်းမစားနိုင်ဆိုတော့ သူ့ကို အလွန်ချစ်သည့် ဆရာ၊ (ကျွန်တော့်ကိုလည်း ချစ်ခင်လေးစားသူ ဆရာ) တစ်ဦးက ညနေကျောင်းဆင်းတော့ တပည့်ဘက်က ရှေ့နေလိုက်ကာ လေပြည်လာသွေးပါသေးသည်။ ဒေါသမုန်တိုင်းဖြင့် တိုက်လွှင့်လိုက်ရာ ထိုဆရာ ထပြေးရလေသည်။

သမီးက စာသင်ပါတော့မယ် ပဋိညာဉ်ပေးမှ ကျွန်တော် တစ်နေ့နာရီဝက်ခန့် တစ်လကြာမျှ သင်ပေးပါ၏။ (ကျနတာတွေ ကျောင်းက သူ့ဆရာမက သင်ထားပြီး ဖြစ်ပါ၏။ ထိုဆရာမလေးလည်း တော်ပါသည်။) အင်္ဂလိပ်စာဖြေပြီး ပြန်လာသည့် နေ့လယ်တွင် ကျွန်တော် ချက်ချင်း စစ်ကြည့်သည်။ စိတ်ကျေနပ်၍ ကျောင်းအုပ်ဆရာကြီးအား ထိုညနေမှာ 'ဆရာ့ကျောင်းက အင်္ဂလိပ်စာ ဂုဏ်ထူးထွက်သွားပါပြီ'ဟု သွားပြောပါသည်။ သမီးသည်





သာဝတ္ထိတွဲဖက်၏ ပထမဦးဆုံးသော ဂုဏ်ထူးရှင် ဖြစ်ပါ၏။

အဖေနှင့် သမီး မျက်ရည်နှင့် ရင်း၍ ဂုဏ်ထူးတစ်ခုရအောင် လုပ်ခဲ့ရခြင်းမှာ ကျွန်တော့်ဆရာအား ပေးလိုက်မိသော ကတိစကားကြောင့် ဖြစ်ပါသည်။

နောင်နှစ်တွင် ကျွန်တော် ပထဝီအပြင် သမိုင်းကိုပါ သင်ရသည်။ မေးခွန်းဟောင်းတွေ လေ့လာ၍ စာမေးပွဲကြီးမှာ မေးနိုင်သော မေးခွန်းများကို အစမ်းစာမေးပွဲမှာ ချမေးပါသည်။ ဖြေလွှာများကို ကျောင်းရုံးခန်း၌ပင် အားချိန်၌ စစ်ရာ ကျေနပ်ဖွယ် အဖြေလွှာတစ်ခုကို တွေ့သဖြင့် အနီးရှိ အလယ်တန်းဆရာများအား ထိုဖြေလွှာကို ထောင်ပြကာ 'ဒီလက်ရေးဟာ ဘယ်သူ့လက်ရေးလဲကွ'ဟု မေးသည့်အခါ ဘယ်သူ့လက်ရေးဖြစ်ကြောင်း ဖြေကြသည်။ 'ဘာ့ကြောင့်တုံး'ဟု ပြန်မေးသည့်အခါ 'ဒီတပည့်မျိုး ငါဂုဏ်ထူးမှန်းလို့ ရသကွ' ဟု ဝမ်းသာအားရ ပြောမိသည်။ ထိုနှစ်က ထိုတပည့် အခြားဘာသာများအပြင် သမိုင်းတွင် ဂုဏ်ထူးရသည်။ ဆရာဝန်ဖြစ်၊ အစိုးရအလုပ်ကထွက်၊ ယခုကိုယ်ပိုင်ဆေးခန်းဖွင့်ထားသော ဒေါက်တာသန်းဇော်ဝင်းသည် သာဝတ္ထိ တွဲဖက်ကျောင်း၏ ပထမဆုံး သမိုင်းဂုဏ်ထူးရှင် ဖြစ်သည်။

သမိုင်းသင်ရခြင်းနှင့်စပ်သော ဇာတ်လမ်းအချို့ ပြောလိုသေးသည်။ နောင်နှစ်တွင်လည်း စာကြိုးစားသူတပည့်များ ဂုဏ်ထူးရစေချင်သည်။ ယခုအခါ ပခုက္ကူက တပ်မ၌ ဗိုလ်မှူးဖြစ်နေသော တူကလေးသည် စာအတော်ဆုံးဖြစ်သည်။ (ထိုနှစ်က လူရည်ချွန် သုံးထပ်ကွမ်းလည်း ရပါသည်။) ပထမအစမ်းစစ်လိုက်သောအခါ နှစ်ပုဒ်ခွဲသာ ဖြေနိုင်သည်။ ထိုစဉ်က မေးခွန်းပုံစံမှာ စာစီစာကုံးပုံဖြင့် ဖြေရသဖြင့် ကန့်သတ်ချိန်အတွင်း လေးပုဒ်စလုံး ပြည့်စုံစွာရေးဖို့လိုသည်။ သူသည် လက်ရေးကို ဂရုစိုက်ရေးနေသဖြင့် ထိုသို့ နှစ်ပုဒ်ခွဲသာ ဖြေနိုင်ခြင်း ဖြစ်သည်။ စာမရ၍ မဟုတ်ချေ။ စာတော်သူ လူအေးကလေးမို့ ဘယ်ဆရာ၊ ဆရာမ၏ ရိုက်နှက်ခြင်းကိုမျှ သူမခံရဖူးပါ။ သို့ရာတွင် ကျွန်တော်ကမူ သည်တူတပည့်ကို အတန်းရှေ့ထုတ်၍ ရိုက်ပါသည်။ သူ့ကြောင့်ဖြစ်သော ကရုဏာဒေါသသည် အခြားအတန်းများသို့ပါ 'တုတ်ဆက်' သွားစေပါသည်။ ပုဒ်စေ့မဖြေနိုင်သော လက်ရေးလှသူများ အရိုက်ခံကြရသည်။ ကျောင်းဆရာဖြစ်နေကြသည့် အချို့တပည့်များ ယနေ့တိုင်စပ်မိသော် (ကျွန်တော့်ကျောင်း၌) 'တို့ဆရာကတော့ တို့ကို လက်ရေးလှလို့ ရိုက်ခဲ့တာကွ' ဟူ၏။ ရိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်လွန်းလို့မဟုတ်။ ကျောင်းရုံးခန်းနံရံ၌ သူတို့၏ဓာတ်ပုံများပါ ချိတ်ထားချင်လို့ဟူသည်ကိုကား သည်တပည့်များ ထိုအချိန် အခါက သိခဲ့ကြမည် မထင်ပါလေ။

တစ်ခါသော် တိုင်းပညာရေးမှူး (စစ်ဆေးရေး) နှင့် အဖွဲ့ ကျောင်းလာစစ်သည်။ အဖွဲ့ခေါင်းဆောင် ဆရာမကြီးသည် ကျွန်တော် သင်နေသည့်အခန်းကို ဝင်စစ်ပါသည်။ ဘာမျှမမေးဘဲ သူပါ ကျောင်းသားတွေနှင့် ရောထိုင်ကာ ကျွန်တော် သင်ပြတာကို ကြည့်ရှုအကဲခတ်ပါသည်။ အကဲခတ်ရင်း သူပါ ကျောင်းသားတွေနှင့် ရောပါကာ လိုက်၍ ရယ်စရာကို ရယ်ပါသည်။ စာသင်ချိန် ပြီးသည်အထိ ထိုင်သွားပြီးနောက် ကျောင်းဆင်းချိန်၌ ဆရာ ဆရာမအားလုံး ခန်းမထဲ၌ စုရုံးစေကာ သူစစ်ဆေးတွေ့ရှိသမျှကို ဝေဖန် ဆွေးနွေးခြင်း ပြုပါသည်။ ဆရာများ နေ့စဉ်မှတ်တမ်း ဘယ်သို့ရေးရမည်၊ သင်ခန်းစာ ဘယ်သို့ ပြင်ရမည်။ သင်နည်းမှတ်စု ဘယ်သို့ရေးရမည်၊ သင်ထောက်ကူပစ္စည်း ဘယ်ပုံ အကျိုးရှိစွာ သုံးတတ်ရမည်တို့ကို ပညာရေး သီဝရီတွေနှင့် ရှင်းလင်း ပြောဆို ဆွေးနွေးပါသည်။ သင်ခန်းစာတစ်ခု သင်ပြပုံနှင့် စပ်၍ ဘယ်ပုံသင်အပ်ကြောင်းကို ကျွန်တော် တတိယ မြန်မာနိုင်ငံ မထူထောင်မီ အင်းဝ၏ အခြေအနေ ဘယ်ပုံဘယ်နည်း သင်ပြသွားသည်ဆိုကာ နမူနာထုတ်ဆောင်၍ ဆွေးနွေးပါသည်။ ကျွန်တော့် နာမည်ကို သူမသိ၍ 'ဦးသမိုင်းကြီး' ဟုပင် ခေါ်ဝေါ်ကာ ဦးသမိုင်းကြီးက သင်ထောက်ကူပစ္စည်းကို ဘယ်ပုံအသုံးချကာ သင်ခန်းစာ၏ ရည်ရွယ်ချက်ကိုရောက်အောင် ကလေးတွေ၏ အာရုံကို ဘယ်ပုံဖမ်းစား၍ သင်သွားသည်ဟု ပြောနေလေတော့ရာ ကျွန်တော် အနေရကျပ်သလိုပင် ဖြစ်သဖြင့် ကျွန်တော်က သူပြောတဲ့စာသင်နည်းတွေ သိပြီးသင်တာမဟုတ်၊ ကျွန်တော့်စိတ်ထဲ၌ 'တော်မလိုထင်တဲ့နည်း'နဲ့ သင်ခြင်းသာ ဖြစ်ကြောင်း ပြောရတော့သည်။ သည်တော့မှ ကျွန်တော်သည် ဆရာဖြစ်လက်မှတ်လည်း မရှိ၊ ဘီအီးဒီဘွဲ့ရလည်း မဟုတ်၊ ဘာမှမဟုတ်တဲ့ တွဲဖက်ဆရာတစ်ယောက် ဖြစ်ကြောင်း သိသွားလေတော့သည်။

တကယ်တော့ ထိုဆရာမကြီး သဘောကျသွားသည့် 'တော်မလို ထင်တဲ့နည်း' ရဖို့က ဆရာဖြစ်သင်တန်း တက်ရသည်ထက် အရင်းစိုက်ရပါသည်။ ကိုယ့်တပည့်တွေ တတ်စေချင်သည့် စေတနာ အမြဲတမ်း ရင်းထားရပါသည်။ အိပ်ချိန်တိုင်လို့ အိပ်ရာထဲ ရောက်သည်အထိ ဘယ်သင်ခန်းစာ ဘယ်လိုသင်





ရပါ့ဟု တွေးကြံရပါသည်။ အရင်နေ့က ဟိုနည်းနဲ့သင်တာ ချက်မတည့်ဘူးထင်ရင် ဒီကနေ့ ဒီနည်းနဲ့သင်ရင် ကောင်းမလား စဉ်းစားရပါသည်။ တပည့်တွေကို အမြဲတမ်း ဆရာတင်ထားရပါသည်။ သို့မဟုတ်က ထို 'တော်မလိုထင်တဲ့နည်း' ရလာနိုင်သည် မဟုတ်ပါ။

ကျွန်တော့်ဆရာက ကျွန်တော် အလုပ်စဝင်ပြီး တစ်ပတ်လောက်အကြာမှာ သူ့အိမ်ရောက်တော့ 'အေးပေါ့ကွာ–ဟိုဒင်းလို 'ဒယ်–ဒဲ့' ဆရာတော့ မဖြစ်စေနဲ့ပေါ့'ဟု သတိပေးပါသည်။ ကျွန်တော်တို့ ကျောင်းသားဘဝက သချာသာပြသည့်ဆရာကို ဆရာ မလုံလောက်၍ သမိုင်းအသင်ခိုင်းတော့ ဦးဝင်းစိန် (ဘီအေ၊ ဘီအယ်) ရေးသည့် ကမ္ဘာ့သမိုင်းစာအုပ်ထဲမှ သင်ခန်းစာများကို တစ်ပိုဒ်ချင်း ဖတ်ဖတ်သွားပြီး အပိုဒ်အဆုံးသို့ ရောက်ခါမှ ဝါကျအဆုံးသတ် 'သည်' ကို 'ဒယ်'ဟု အသံပြောင်းထွက်လိုက်ပြီး၊ နောက်က 'ဒဲ့' (=တဲ့) ဟူသော အသံလေးကပ်ထည့်ကာ သင်သည့်နည်းကို ရည်ညွှန်းပြောဆိုခြင်း ဖြစ်ပါသည်။ ကျွန်တော်က 'ဒယ်–ဒဲ့' ဆရာ အဖြစ်မခံနိုင်၍ သင်ခန်းစာတစ်ခု သင်တော့မည်ဆိုလျှင် ကလေးတွေကို ထုတ်သင် မသင်က တစ်ကိစ္စ။ ကိုယ်က အဲဒီသင်ခန်းစာနှင့် စပ်ရာတွေတော့ သိထားမှ ပိုကောင်းမည်ဟု အပိုလေးဆောင်းကာ ဖတ်မှတ်ထားလေသဖြင့် ထိုကဲ့သို့သော 'တော်မလိုထင်တဲ့နည်းကို တွေ့မိခြင်းလည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။

ဆရာဖြစ်လက်မှတ် မရှိဘဲ ကိုယ်ထင်သလိုတော်မည့်နည်းနှင့် သင်သူဖြစ်လေတော့ ကျောင်းသားကို ကိုင်တွယ်ရာမှာလည်း ကျွန်တော့်မှာ ကိုင်တွယ်နည်း ပညာရေးသီဝရီ မရှိပါ။ စက်ရုံတစ်ရုံကို အကြီးအကဲပြု၍ တာဝန်ခံကြီးကြပ် အုပ်ချုပ်ရဖူးသည်။ အထက်လူကြီးတွေနှင့် ဝန်ထမ်းငယ်တွေကြား၌ စကောစကရာထူးဖြင့် အလုပ်လုပ်ဖူးသော အတွေ့အကြုံအရ မိမိအလုပ်အောင်မြင်ချင်လျှင် မိမိအောက်ကလူတွေ မိမိစကားကို လိုက်နာ နားထောင်အောင် လုပ်ရပါသည်။ ပျော့ညံ့သောလူကြီး၏ အမိန့်ကို ဘယ်ငယ်သားမှ ကောင်းစွာ မလိုက်နာချင်ကြပါ။ နှစ်ဆင်သမ္မတရာထူး စွန့်ရပြီးနောက် စာအုပ်တစ်အုပ်ရေးရာတွင် ထိုစာအုပ်ထဲ၌ 'အုပ်ချုပ်ရေးအဖွဲ့အစည်း (အိုးရုံအဖွဲ့)တစ်ရပ်သည် လူချစ်ဖို့မလို၊ ကြောက်ဖို့လိုသည်'ဟု ရေးဖူးသည်။ အမေရိကန်ကို အခြားနိုင်ငံများက လေးစားခန့်ညားနေဖို့ ရည်ညွှန်းပြောချင်ဟန်



www.burmeseclassic.com

www.burmeseclassic.com



တုသော်လည်း ထိုစကား၌ သဘောခံမှုတစ်ခုပါသည်။ လူတိုင်းကြိုက်အောင် လုပ်နေသူသည် (လတ်တလော) ကိုယ်ကျိုးလေးရှိချင်ရှိမည် ဖြစ်သော်လည်း အလုပ်ကောင်းတစ်ခုကို အကောင်အထည်ဖော်နိုင်ဖို့ ခက်လိမ့်မည်။ ကျောင်းသားသည် စာရမှသာ စာမေးပွဲအောင်မြင်နိုင်ရာ စာမကျက်ချင်လည်း ကျက်လာအောင် လုပ်နိုင်ဖို့မှာ ဆရာ့ကို ကျောင်းသားက ခံညားဖို့လိုသည်။ ထို့ကြောင့် ဗျတ်ဝိ–ဗျတ္တာတို့လို ဆရာမရှိတုန်း အတန်းမှောက်နေသူတွေ၊ ဆရာရှိလျက် နောက်ဆုံးတန်း ပစ္စန္တရာဇ်အရပ်မှာ သူပုန်ထနေသူတွေထဲက ခေါင်းဆောင်ဖြစ်လောက်သူကို 'နားရင်းအုပ်' လိုက်ခြင်းသည် ဩဝါဒခြွေမနေရတော့သဖြင့် အချိန်ကုန်လည်း သက်သာ၊ မနက်ဖြန်မနက် စားပွဲပေါ်မှာ အိမ်စာလေ့ကျင့်ခန်းစာအုပ် ဘယ်နှအုပ်မြင်ချင်သည် ဆိုလျှင်လည်း ဘယ်သူမှ မပျက်ကွက်ဝံ့လေသဖြင့် ကောင်းသည်ဟု မဆိုနိုင်သော်လည်း အတန်အသင့်တော့ ထိရောက်မှုရှိကြောင်း တွေ့ရသည်။

'ကြိမ်လုံးစနစ်' ကို ကောင်းလှသည်ဟု ကျွန်တော် ယုံသည်မဟုတ်၊ အခြားနည်းမသုံးတတ်၍ သို့မဟုတ် သုံးရန် အချိန်မရှိ၍ ထိုသို့ နားရင်းအုပ်စနစ်ကို သုံးရခြင်းပင်။ ထိုစနစ်ကို ကြောက်စိတ်သွင်းပေးသည့် အနေကား မသုံးပါ။ အေးဆေးသောအချိန်မှာ 'ဖြေဆေး' ကို သုံးပါသည်။ တစ်ဦးချင်းချဉ်းကပ်မှုဖြင့် ရင်းနှီးအောင်လုပ်ခြင်း၊ သူတို့ မမျှော်လင့်ထားသော အလိုလိုက်မှုကို ပြခြင်းတို့အပြင် ဆရာ့ကို ကြောက်ဖို့မလိုသည့်အပြင် ဘယ်သူ့ကိုမှလည်း ကြောက်ဖို့မလိုကြောင်း မကြောက်ဘဲ နေရဲအောင် မှန်တာကို ပြောဆိုလုပ်ကိုင်ရမည်၊ ဆရာ့ကို မကြောက်ပေမဲ့ လေးစားဖို့လိုသည်။ ကျောင်းသားသည် ဆရာ့ကို လေးစားခြင်းမှာ မိမိအလုပ်ကို လေးစားခြင်း ဖြစ်သည်။ မိမိကိုယ်ကို လေးစားတန်ဖိုးထားမှ တန်ဖိုးရှိသော လူတစ်ယောက်ဖြစ်နိုင်သည် စသည်တို့ကို စပ်လျဉ်းသလို ဟောပြောဆုံးမဖြေဆေးပေးရပါသည်။

သို့သော် ကျောင်းသားသည် ဆရာပြောသည့်အတိုင်း အားလုံး နားလည်နိုင်သူမျိုးမဟုတ်ရာ အကြောက်လွန်ရာမှ ကျွန်တော့်မှာပါ အဖိုးတန်လှသော ပညာရသွားသည့် အဖြစ်တစ်ခု ကြုံရပုံကို ပြောပြပါဦးမည်။

ထိုနေ့က ကမ္ဘာ့သမိုင်းသင်ခန်းစာမှ 'အရှေ့တောင်အာရှ' ဆိုတာ ဘယ်နိုင်ငံတွေ၊ 'တောင်အာရှ' ဆိုတာ ဘယ်နိုင်ငံတွေ၊ ဒါကို မကွဲလျှင် စာမေးပွဲမှာ





မေးခွန်းတစ်ပုဒ်လုံး လွဲဖြေမိပြီး ထိုအပိုဒ်အတွက် တစ်မှတ်မှမရဖြစ်နိုင်သည်ကို အထပ်ထပ် ရှင်းပြပြီးမှ စစ်မေးကြည့်ရာ မဖြေနိုင်။ မဖြေနိုင်သူသည် နှစ်ကျသမားဖြစ်နေ၍ ပို၍ စိတ်တိုကာ သူ့ရှေ့က ကော်ပေတံနှင့် ရိုက်လိုက်ရာ ပေတံကျိုးသွားလေသည်။ ဘယ်ဖြေနိုင်မည်နည်း။ စောစောက ကျွန်တော်ရှင်းပြစဉ် ဒီကောင်စကားများနေသကိုး။ စိတ်တိုလက်စနှင့် အလားတူ စကားပြောနေသူထဲမှ တစ်ယောက်ကို မေးလိုက်ရာ ထင်သည့်အတိုင်း မဖြေနိုင်။ ဒီကျောင်းသားကို ရိုက်ဖို့က ဟိုကျောင်းသားလောက်မလွယ်၊ လေးယောက်ခုံရှည်တန်းတွင် သူတို့က ပြတင်းပေါက်နားနံရံ၌ ကပ်ထိုင်ကြသဖြင့် အတွင်းဘက်က ကျောင်းသားနှစ်ယောက်ကို ကုန်းကျော်၍ ရိုက်မှဖြစ်မည်။ ထို့ကြောင့် ထိုကျောင်းသားကို ရိုက်ဖို့ ဟန်ပြင်လိုက်ရာ အတွင်းဘက်အစွန်ဆုံးထိုင်သည့် ကျောင်းသားက ဖြုန်းခနဲ ထရပ်ကာ ဟိုးလီးဖီးဝင်အလာကို ညာနှင့် ထောက်၍ ဘယ်ဝိုက်ကာ 'နော့ကောက်' လုပ်ဖို့ အသင့်ပြင်စောင့်နေသော မိုက်တိုင်စန်၏ ပုံသွင်ဖြင့် လက်သီးနှစ်လုံးကို ရှေ့နောက်ဆင့်ကာ အသင့်ပြင်လိုက်ပါသည်။ သတိဦးနှင့်၍ ကျွန်တော်အသာအယာ နောက်သို့ ဆုတ်လှမ်းပေးနိုင်လိုက်လေသည်။

ဒေါသ ဒိုင်းခနဲ ဆောင့်ထွက်သွားပြီး 'အံမာ..., မင်းက ငါ့ကိုများ ဘာပညာတွေပြမလို့လဲကွ...ဟင်' ဟူသော မာနသံပါသည့် စကားများလည်း မာကျောစွာ ထွက်သွားတော့သည်။ 'ဆရာက ကျွန်တော့်ကို ဘယ်လောက်ထိုးမယ်မှန်းမှ မသိတာ' ဟု ထိုတပည့်ကလည်း ခပ်မာမာပင် ပြန်ဖြေပါသည်။ 'စကားထဲက ဓာတ်ပြ' ဟူဘိသို့ သူ့စကားထဲမှာ အဖြေပါလာသည်။ သည်တပည့် သူ့ကို ရိုက်မည်ထင်ပြီး အစိုးရိမ်လွန်ခြင်းသာ ဖြစ်ပေသည်တကား။ လောဘ၊ ဒေါသ၊ မာနဆိုတာတွေသည် အကြောင်းမှန် မသိသော အဝိဇ္ဇာကြောင့်သာ ဖြစ်လာကြတာမျိုးတွေတည်း။ အကြောင်းမှန်သိသော ပညာသည် ထိုစိတ်ဆိုးမျိုးတွေကို ဖယ်ရှားပစ်နိုင်တတ်သည့်အတိုင်း ကျွန်တော့်ဒေါသနှင့်မာနတို့သည် ပျောက်ပြယ်ကာ တပည့်၏ ကောင်းကျိုးကို ရှေးရှုသောမေတ္တာစိတ်သို့ ပြောင်းလဲရောက်ရှိသွားပါတော့သည်။

ကျွန်တော် အတန်းရှေ့စားပွဲသို့ ပြန်လာ၏။ အလွန်ညက်ညောပြေပြစ်သောအသံဖြင့် အလွန်အေးဆေးတည်ငြိမ်စွာပင် ဆရာဟူသည် တပည့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကောင်းရာသို့ပင် ပို့လိုက်ကြောင်း၊ ဆရာ အပို့မတော်သဖြင့် အဟိံသကသည် လူသတ်သမား အင်္ဂုလိမာလအဖြစ်သို့ ရောက်ရကြောင်း၊ အင်္ဂုလိမာလသည် ပစ္ဆိမဘဝိက နိယတ ဗျာဒိတ်ရထားသူဖြစ်၍ ဘုရားနှင့် တွေ့ကာ ရဟန္တာဖြစ်သွားကြောင်း၊ ဆရာ့တပည့်က သူ့အဆင့်မျိုး မရှိကြောင်း၊ ထို့ကြောင့် ဆရာက ကောင်းရာသို့ပင် ပို့လိုကြောင်း၊ ဆရာသည် နိုင်ငံရေးသမား လူစုံတွေများသော အလုပ်သမားထောင်ချီသော စက်ရုံကြီးတွေမှာ လုပ်ခဲ့၊ ဖြတ်သန်းခဲ့၊ လူကောင်း လူဆိုး လူညစ် အစုံတွေ့ခဲ့၍ တပည့်တွေကို ချောက်ထဲပို့ချင်လျှင် ပို့နိုင်လောက်သည့် အတွေ့အကြုံတွေ ရှိကြောင်း၊ သို့ရာတွင် ဘာရဒွါဇပုဏ္ဏားကို ဘုရားအမိန့်ရှိသလိုပင် ပြောပြလိုကြောင်း၊ ပုဏ္ဏားက ကြမ်းတမ်းသော စကားတို့ဖြင့် ဘုရားအား ပုတ်ခတ်သည့်အခါ သင်ပုဏ္ဏား သင်ပေးသည့် လက်ဆောင်ပစ္စည်းကို သင်ပေးပို့လိုက်သူက လက်မခံလျှင် သင့်ထံသို့ ထိုပစ္စည်း ပြန်ရောက်လာသကဲ့သို့ပင် ယခု ငါဘုရား သင်ပေးတာကို မယူဟု မိန့်ကြောင်း၊ ယခုလည်း ဆရာ့တပည့်ပေးတာကို ဆရာက မယူလျှင် တပည့်ထံ ပြန်ရောက်လိမ့်မည်။ ရောက်မည့် 'အရှိန်'မှာ လေတင်းသောဘောလုံးနှင့် အုတ်နံရံ ပစ်မှုပေါက်သောအခါ ပစ်ပေါက်သည့်အရှိန်အတိုင်း ဘောလုံးကန်ထွက်မည် ဖြစ်ကြောင်း ပြောပြပါသည်။ ထို့နောက် ကျွန်တော် ဆရာဝင်လုပ်စဉ်ကတည်းက ဘာပဋိညာဉ်နှင့် ဝင်လုပ်ခဲ့ကြောင်း၊ ယခု စာမေးပွဲနီးကပ်နေပြီဖြစ်၍ တပည့်များ စာနှင့်မကွာ ဖြစ်စေလို၍ စာဝင်သင်နေကြောင်း၊ အစာအိမ်ရောဂါကြောင့် ထမင်းမစားနိုင်ရာက ဆန်ပြုတ်မျှပင် ကောင်းကောင်းလက်မခံလေသဖြင့် နွားနို့ပဲ သောက်နေရသည်မှာ ခုနစ်ရက်ရှိပြီဖြစ်ကြောင်း ပြောပြပါသည်။ ထိုသို့ ပြောပြသည့်အခါ လက်သီးတပည့်သည် ရပ်လျက်သားနှင့် မျက်ရည်တွေတွေကျနေပါသည်။ ကျွန်တော်က ကုလားထိုင်၌ ချိတ်ထားသော လွယ်အိတ်ထဲမှ နွားနို့ပုလင်းရော စားနေရသည့် ဆေးပြားတွေပါ ထုတ်၍ စားပွဲပေါ်သို့ တင်လိုက်သည့်အခါ ကျောင်းသူလေးများ အားလုံးငိုကြလေသည်။ ကျောင်းသားတို့ မျက်ရည်ဝဲသူဝဲ၊ ကျသူကျ ဖြစ်ကြရာ ထိုတပည့်သည် ကြေကွဲဆို့နစ်သောအသံဖြင့် 'ဆရာ၊ ကျွန်တော် မှားသွားပြီ ဆရာ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ'ဟု ဆိုပါလေသည်။ ကျွန်တော်က နဂိုကပင် တပည့်အား ဆရာအပြစ်မမြင်ပါကြောင်း ပြောပြကာ သာဓုခေါ်လိုက်ပါသည်။





ဤတပည့်ကပေးသော ပညာသည် ကျွန်တော့်ဆရာများက ပေးခဲ့သော ပညာထက် ယုတ်လျော့သည်မထင်ပါ။ 'ဆရာသည် ဆ–ရာ၏' ဟူသော အတွေးကို ဤတပည့်က ပေးလိုက်ပါသည်။ အကယ်၍များ ကျွန်တော်က 'မချိန်ဆ'ဘဲ ငါ့ကို လက်သီးနှင့် ရွယ်လေသကောဟု နားရင်းအုပ်ဖို့ ကြိုးစားပါက ကျွန်တော်လည်း ကြမ်းပြင်ပေါ်မှောက်၊ ဤတပည့်လည်း ကျောင်းထုတ်ခံရသည်အထိ ဒုက္ခရောက်သွားနိုင်လေသည်။ ဆရာသည် ဘယ်အခြေအနေရောက်ရောက် တပည့်အပေါ် မေတ္တာထားအပ်ကြောင်းလည်း သဘောပေါက်သွားစေပါသည်။

တွဲဖက်ကျောင်းသည် နောင်နှစ်တွင် အစိုးရအထက်တန်းကျောင်း ဖြစ်သွားပါသည်။ ဆရာအင်အား မလုံလောက်သဖြင့် နောက်ထပ်ငါးနှစ်ဆက်၍ ကျွန်တော် တွဲဖက်ဆရာ လုပ်ပါသေးသည်။ တစ်ပတ်စာသင်ချိန် ၃၅ ချိန်ရှိသည့်အနက် ၂၈ ချိန်အထိလည်း ယူ၍ သင်ပြခဲ့ရပါသည်။ ဗိဇ္ဇာဘာသာရပ်အားလုံး လိုအပ်ရာကို ပြပေးခဲ့ရသည်။ ၁၀ တန်းသာမက လိုအပ်ရာ အလယ်တန်းတွေမှာလည်း ပြပေးခဲ့ပါသည်။ ကျွန်တော်ရောက်ချိန်၌ မိဘဆရာအသင်း မရှိတော့တာ (၇)နှစ်ရှိပြီ ဖြစ်ကြောင်း၊ ထိုအတွက် စိတ်မကောင်းကြောင်း ဆရာက ပြောသဖြင့် တိုင်ပင်သင့်ရာ ပုဂ္ဂိုလ်များနှင့် တိုင်ပင်ကာ မိဘဆရာအသင်း ပြန်ဖွဲ့၊ ကိုယ်တိုင်လည်း ရဟန်းဝတ်သွားသည့်အချိန်အထိ (၁၂ နှစ်မျှ) ကျောင်းကိစ္စအဝဝကို တတ်စွမ်းသလို ဆောင်ရွက်ခဲ့ပါသည်။

ကျောင်းမှာ တွဲဖက်ဆရာလုပ်ရင်း အိမ်မှာလည်း အင်္ဂလိပ်စာ ကျူရှင်သင်ပါသည်။ အင်္ဂလိပ်စာကျူရှင်သင်ခြင်းမှာ ကိုယ့်စီးပွားရေးသဘောဆောင်သော်လည်း ကျွန်တော့်ဆရာနှင့် စာမရေး လက်မှတ်မထိုးဘဲ ချုပ်ဆိုခဲ့သော စာချုပ်သည်လည်း အဓိကအကြောင်းတစ်ရပ်အဖြစ် ပါဝင်ပါသည်။ ကျောင်းသားတွေ စာမေးပွဲအကျများသော ဘာသာကို သင်ပေးသောအားဖြင့် ၁၀ တန်းအောင်သူ ပိုတိုးလာကာ ကိုယ့်ရပ်ကိုယ့်ဒေသ၌ ဘွဲ့ရပညာတတ်များလာစေနိုင်ပါသည်။ ကိုယ်တိုင် ဆင်းရဲစွာ ပညာသင်ခဲ့ရ၍ ဆင်းရဲနွမ်းပါးသူလည်း သင်ခွင့်ရအောင် သင်စက ကျူရှင်လခကို ၁၀ တန်းကိုသာ တစ်လ ၁၀ ကျပ်ယူပြီး ကျန်အတန်းများ ၅ ကျပ်သာယူပါသည်။ ဆန်တစ်ပြည် ၅၀ ကျပ်ဖြစ်မည့်နှစ်တွင်မှ ၃၀ ကျပ် ယူပါသည်။ ဆန်တစ်ပြည်ဖိုးလောက်နှင့် ယှ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရာ ဆန်တစ်ပြည် ၂၀၀ ကျပ်ဈေးအရောက်တွင် ကျူရှင်လခလေည်း ၂၀၀ ကျပ် ရောက်လာရာ ယခု ၁၀ တန်း ၃၀၀ ကျပ်၊ အောက်တန်းများ ၂၀၀ ကျပ်သာ ယူပါသည်။ ကျွန်တော့်ဆရာ ဦးအောင်သိန်းက ကျွန်တော်တို့ကို သင်ပေးစဉ်က ပျဉ်းမနားဒွိ ၅ ကျပ်၊ တစ်ဆယ်ယူသည်ကို သူက ၃ ကျပ်သာ ယူပါသည်။ ကျွန်တော်သည် လျှော့ဈေးပေါ့ဈေး ကျွန်တော့်ဆရာလောက်တောင် ကြေးမယူသဖြင့် အပေါစားဆရာပဲဟု ထင်လျှင် ထင်သူ၌ အပြစ်မရှိပါ။ လောက၌ နှစ်သိန်းတန် ဘော်ဒါက အင်္ဂလိပ်စာ ၄၄ မှတ်နှင့် အောင်လာလျှင် ထိုပညာသည် များများပေးရ၍ အဖိုးတန်တတ်ပြီး ဦးတင်ဦး(ကျူရှင်) ဆန် တစ်ပြည် ကျောင်းက ၇၃ မှတ်နှင့် အောင်လျှင် ကြေးနည်းသဖြင့် အဖိုးမတန် ဖြစ်တတ်သော သဘာဝလည်း ရှိတတ်လို့ ဖြစ်ပါသည်။ ကျွန်တော်သည် ဘုရားဆုမပန်သော်လည်း အလောင်းတော်တို့၏ထုံးကို နှလုံးမူသဖြင့် ဤသို့သော သဘောတွေကို 'နော'ကာ သည်းခံကျင့် ရှိပါသည်။

ဤသို့သော ဆရာ၏ 'သာသနာပြုသလို သဘောထားပြီး' ဟူသော စကား နှလုံးသွင်း၍ ရင်းနှီးသူများထဲမှ ဆင်းရဲသော မိသားစုများထံ သွား၊ နွမ်းပါးသူ သူငယ်ချင်းများထံ သွား၍ ကျွန်တော်က သူတို့သားသမီးများကို အခမဲ့ သင်ပေးခွင့်ပြုပါမည့်အကြောင်း တောင်းပန်ရပါသည်။ သူငယ်ချင်းသား ၁၀ တန်းအောင်တော့ စစ်တက္ကသိုလ်လျှောက်ကွာ၊ ဘာတွေမေးတတ်တယ် ငါမသိ။ ကက–ထူးမှာလုပ်တဲ့ ဗိုလ်ကြီးလုပ်သူ ဘယ်မှာနေသည်၊ အဲဒီသွား၊ ဘယ်လိုဟာတွေ လေ့ကျင့်ဆည်းပူးထားရမှာလဲ အကြံဉာဏ်တောင်း၊ သူတို့ အကြံဉာဏ်ပေးနိုင်လိမ့်မည်ဟု လမ်းညွှန်ရသည်။ ဘာမှ ကုန်စရာမရှိ။ သူ ဘာမှ မကုန်လိုက်ဘဲ DSA ပါသွား၊ ယခု မိတ္ထီလာမှာ ဗိုလ်မှူးဖြစ်နေပြီ။ (အလားတူ တပည့်တစ်ယောက် ၁၄–၂–၂၀၀၁ တွင် တပခမှာ သတင်းပို့၍ ပြင်ဦးလွင်မြို့သွားရတော့ပါမည်။ 'အလားတူ' ဆိုသည်မှာ ကျူရှင်လခမပေးဟု ပြောခြင်းမဟုတ်ပါ။ 'ဘယ်သူနဲ့ပိုင်တယ်'ဆိုတာ မယုံနဲ့ဟု အကြံပေးခြင်း၊ ကိုယ့်ဘက်က လေ့ကျင့်ဆင်းပူးထားအပ်သည်ကို ပြည့်စုံအောင် လုပ်ထားစေခြင်းကို ဆိုလိုပါသည်။) သို့နှယ် သင်ပေးလာခဲ့သော တပည့်မလေးတစ်ယောက်အား ရေတာရှည်သကြားစက်က သူငယ်ချင်းဆီ ခေါ်သွားကာ အလုပ်ခန့်ခိုင်းတော့ 'သမီးလား'ဟု မေးပါသည်။ ၁၀ တန်းအောင်ထားသောသမီး အိမ်မှာ





ရှိကြောင်း၊ ဤကလေးမမှာ တပည့်ဖြစ်ကြောင်း ပြောသည့်အခါ ငယ်ငယ်က အတူတူ အလုပ်လုပ်လာခဲ့သော သူငယ်ချင်းက အဓိပ္ပာယ်ပါသော အပြုံးဖြင့် ပြုံးကာ သမီးကိုလည်း အလုပ်ထဲသွင်းပေးထားလိုက်ပါဆိုသည်နှင့် တပည့်အတွက် အလုပ်တောင်းရာ သမီးပါ အလုပ်အဆစ်ရပါသည်။ (သူငယ်ချင်းများကို ကျေးဇူးတင်ရပါသည်။) သည်လို တပည့်တွေအတွက် စက်ရုံက သူငယ်ချင်းများသာမက ကြံရုံးချုပ်က သူငယ်ချင်းလည်း ဦးတင်ဦးပေးသည့် ဒုက္ခခံရပါသည်။

ဤသို့ စာသင်ပေးရုံမက အလုပ်ရှာပေးသော ကျူရှင်ဆရာထံ၌ အရိပ်ကောင်း သစ်ပင်ကြီး၌ ငှက်ပေါင်းသောင်းသောင်းညံနေဘိသို့ တပည့်တွေ တရုန်းရုန်းဖြစ်မနေဘူးလားဟု မေးချင်ကြလိမ့်မည်။ ၈ တန်း အစိုးရစစ် ရှိနေစဉ်က စာမေးပွဲအောင်လို၍ အောင်ရင် အမှတ်ကောင်းနှင့် သိပ္ပံတွဲက အောင်လို၍…စသော အကြောင်းများဖြင့် လာခဲ့ကြဖူးပါ၏။ နွေဘက်ဆိုလျှင် ၁၀၀–၁၅၀ သော ဘုစုခရုတွေကို ပုဂံခေတ် သူရဲကောင်းများ ထွန်း‚ထွန်းကြ၊ ထန်းတက်ကြသလို တစ်တန်းမှ တစ်တန်းကူးကာ တစ်ပြိုင်နက် နှစ်တန်း၊ သုံးတန်း သင်လို့ရအောင် စီစဉ်ထားရပါသည်။ (ကျွန်တော့်ကျူရှင်က လာသမျှ အတန်းလက်ခံ၏။) လယ်ဝေးတစ်မြို့နယ်လုံးမှာ ၈ တန်း အင်္ဂလိပ်စာဂုဏ်ထူး ၂၂ ဦး ထွက်သည်တွင် ကျွန်တော့် တပည့် ၂၄ ယောက်အနက် ၈ ဦး ဂုဏ်ထူးပါဖူးပါသည်။ ၁၀ တန်း ဂုဏ်ထူးတွေလည်း ထွက်ခဲ့ပါ၏။ အမှတ် ၇၀ ကျော်သမားကား အများကြီးပင် ရှိပါသည်။ ပင်စင်ယူသွားပြီဖြစ်သော မြို့နယ်ပညာရေးမှူးကြီးတစ်ဦးက ဆိုလျှင် သူနှင့် ယောက်ဖတော်သူ ကျောင်းအုပ်ကြီးကို 'တင်မောင်နော် မင့်ကျောင်း ခုလိုအောင်ချက်ကလေးဖြစ်နေတာ တင်ဦးတို့၊ ခင်မောင်တို့ကို ကျေးဇူးတင်'ဟုပင် ပြောဖူးပါ၏။ သို့ရာတွင် ၈ တန်းအစိုးရစစ်စနစ်ကို ပယ်ဖျက်လိုက်သည့်အခါ ကြားလယ်မှာ ခု‚နေကာ မရှိတော့ဘဲ ကျောင်းသားတွေက ၁၀ တန်းသို့ အလွယ်နှင့် ရောက်သွားနိုင်တော့ပြီဖြစ်၍ ယခု ဦးတင်ဦး(ကျူရှင်) တည်းဟူသော 'ရွက်လည်းစိပ်စိပ်၊ ရိပ်လည်းမြိုင်မြိုင်' သစ်ပင်ကြီးမှာ တစ်ခါတစ်ရံတွင်မှာမှ လေးတွဲ့တွဲ့မြည်ကြွေးနေသော ဥဩဖိုမလေးတစ်ကောင် နှစ်ကောင်၏ အသံသာ ကြားနိုင်ပါတော့သည်။

တပည့်တွေ မလာတော့ဘူးဟု မဆိုလိုပါ။ အချိန်သည် ဦးတင်ဦး



www.burmeseclassic.com

www.burmeseclassic.com



(ကျူရှင်) အား အားကိုးတကြီးနှင့် လာကြပါ၏။ ၁၀ တန်းရောက်မှ ဝမ်းနာ၍ ဦးတင်ဦး (ကျူရှင်) အိမ်သာကို ပြေးလာကြခြင်း ဖြစ်ပါသည်။ ကျွန်တော့်မှာ ဆေးတောင်ဇေးမရှိသဖြင့် သူတို့လေးတွေ အခြေခံလေးရပါမှ တတ်သင့်ရာတတ် မယ်ဆိုပြီး လုပ်သင့်ရာ လေ့ကျင့်ခန်းလေးများ လုပ်နိုင်းလိုက်ပါလျှင် တွန့်၍ တွန့်၍ သွားကြပါ၏။ သူတို့သည် ကိုယ့်ဘာသာ လှမ်းယူမစားချင်၊ ဖွန်းလေး နှင့် အခွံ့ခံချင်၏။ ဒါတောင်မှ ညက်ညက်ဝါးပြီး ဖွန်းထဲထည့်ကာ အာခေါင် အရောက် ပို့ပေးမှ မျိုချင်ကြသည်။ ဦးတင်ဦးက အဘိုးကြီးဖြစ်လေသဖြင့် သူတို့စားချင်သည့်အဆင့်အထိ ညက်အောင်ဝါး၍ မခွံ့နိုင်သည့်အခါ ဖွန်းကို ပုတ်ချ၍ ပြေးလေတော့သည်။

ဤမှာဘက်ကလေးများသည် တတ်သင့်ရာ တတ်ထားလျှင် စာမေးပွဲ သည် ဘယ်အချိန်တွင် ကောက်ဖြေရ၊ ဖြေရ အောင်တာမျိုး ဖြစ်သည်ကို ယုံကြည်ရန် ခက်ကုန်ကြပြီ ထင်ရပါသည်။ သူတို့သည် တတ်ဖို့လာခြင်း မဟုတ်၊ အောင်ဖို့လာခြင်းဖြစ်ရာ ဘာမှမလုပ်ဘဲ အောင်နိုင်သည်ဆိုတာကို ရှိသော်တောင်မှ ကျွန်တော်က လက်ခံယုံကြည်နိုင်သည်မဟုတ်၍ ဆရာနှင့် တပည့်အကြား သဟဇာတပစ္စယောက အကြောပြတ်သွားတော့သည်။ သူတို့သည် ဆရာနှင့် ဆက်ဆံကျင့်နည်းလာပြီး ဈေးသည်နှင့် ဆက်ဆံကျင့်သာ များလာခဲ့ ဟန် တူပြန်သဖြင့် သူတို့လိုချင်တာ မရသည့် ဦးတင်ဦးဆိုင်မှ ထွက်ထွက်သွား တတ်ကြပါသည်။

ကျွန်တော့်ဆီမှာ ကျောင်းသားနည်းနည်းလာခြင်းသည် ဆရာတိုင်း ကျူရှင်ဆရာ ဖြစ်နေနိုင်သည့် အခြေအနေကလည်း အကြောင်းတစ်ရပ် ဖြစ် ပါလိမ့်မည်။ ပြောင်းလဲလာသော ခေတ်သဘောကလည်း အကြောင်းတစ်ရပ် ဖြစ်မည်။

ကျွန်တော်တို့နိုင်ငံ၏ ပညာရေးသည် ကျူရှင်လခ တစ်ပြားမှ မပေးရ ဘဲ တိပိဋကဓရ ဖြစ်ချင်လည်းရ၊ အမတ်စစ်သူကြီး ဖြစ်ချင်လည်း ရသော ဘုန်းတော်ကြီးကျောင်း ပညာရေးမှ အခြေခံခဲ့သည်။ ထိုပညာရေးစနစ်၌ ဆရာ သည် 'မကောင်းမြစ်ထာ' အစချီသော သိင်္ဂါလောဝါဒသုတ်လာ ဆရာ့ဝတ် ညီဖို့လောက်ပဲ အာရုံထားကြလေသည်။ ဦးတင်ဦး (ကျူရှင်) က ဟိုစာဖတ်– ဒီစာဖတ်သမားဖြစ်တော့ အဲဒီဝတ်ငါးပါးကိုသာမက ငြိကာတို့၌ လာသော





'ပိယောဂရုဘာဝနီယော၊ ဝတ္တာစ ဝစနက္ခမော' အစချီသော ဂါထာလာ ဆရာ ကောင်းတို့၏ ဂုဏ်(၇)ပါးကိုပါ သွားပြီး ဗဟုသုတ ကြွယ်နေဖြစ်ပြန်သေးသည်။ (၁) သီလနှင့် ပြည့်စုံ၍ ချစ်အပ်သောဂုဏ်၊ (၂) သမာဓိနှင့် ပြည့်စုံ၍ လေးစား အပ်သောဂုဏ် (၃) ပညာနှင့် ပြည့်စုံ၍ ချီးမွမ်းအပ်သောဂုဏ်၊ (၄) မတော်တာ မြင်လျှင် ဆုံးမတတ်သောဂုဏ်၊ (၅) သူတစ်ပါး ပြစ်တင်ပြောဆိုတာ သည်းခံ နိုင်သောဂုဏ်၊ (၆) နက်နဲသော တရားစကား ဟောကြားတတ်သောဂုဏ်နှင့် (၇) မသင့်တော်တာကို လုပ်ဖို့ မတိုက်တွန်းတတ်သောဂုဏ်တို့ ဖြစ်သည်။ ထိုဂုဏ်တို့ မရှိသေးသော် ဖြည့်ဆည်းအပ်သည်ဟုတောင် နှလုံးသွင်းနေချင်ပြန် သေးသည်။

ယခုခေတ်သည် ပုဂံခေတ်လည်းမဟုတ်၊ ကုန်းဘောင်ခေတ်လည်း မဟုတ်။ ၂၁ ရာစုခေတ်ဖြစ်သည်။ ၂၁ ရာစုခေတ်ထဲတွင် ဦးတင်ဦး (ကျူရှင်) က ဦးသိန်းဖေမြင့်သည် ရင်းငြိမ်က သူ့သူငယ်ချင်း 'ကိုကျော်ငြိမ်း'ကို 'အိမ် ဟောင်းကြီးပေါ်က လူဟောင်းကြီး'ဟု ကမ္ပည်းတင်သွားခဲ့သလို ကိုယ့်ကိုယ် ကို 'လူဟောင်းကြီး'ဟု ကမ္ပည်းတင်ရလေမလားဟု တစ်ခါတစ်ရံတော့လည်း စဉ်းစားမိပါသည်။ ၂၁ ရာစု ကျောင်းသားများသည် စာသင်တာ အောင်လက်မှတ် ရဖို့ဖြစ်ရာ ထိုအောင်မှတ်ကို ရမည်ဆိုလျှင် သူတို့လိုက်နိုင်သောကြေးနှင့် ဝယ် ဖို့ အသင့်ရှိနေကြပေသည်။ ဤအခြေအနေကို အမှန်အတိုင်းသိသူတို့က သူ တို့လိုချင်တာကို ငါ ဘယ်လောက်နှင့် ရောင်းလျှင် သူတို့ ဝယ်နိုင်လောက်မေ သည်ဟု တွက်ဆကာ ကြေးတင်၍ ရောင်းလေသည်။ အရောင်းနှင့် အဝယ် 'ကြေးတည့်'၍ အလုပ်ဖြစ်သွားကြတာကို လူ့ကျင့်ဝတ် ဖောက်ဖျက်သည်ဟု လည်း ပြောမဖြစ်။ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားခြင်း မဟုတ်သဖြင့် လည်း မိစ္ဆာဇီဝဟု ဆိုရန် ခက်သည်။ သူ့အကျိုး၊ ကိုယ့်အကျိုး အချိုးညီဖြစ် နေတာ ဝမ်းသာရုံသာ ရှိပါသည်။ ပိုက်ဆံလည်း ရအောင်ယူ၊ တပည့်လည်း စာတွေတော်အောင်လုပ်ပေးသော ဆရာတို့ကိုကား ပြောဖွယ်မရှိ။ ချီးမွမ်းဖို့ပဲ ရှိပါတော့သည်။

ပြီးတော့ အရောင်းအဝယ်သဘော ဆိုတာတွေက အမျိုးမျိုး ရှိပြန်သည်။ တော်လှန်ရေးကောင်စီခေတ်အတွင်းက ဂျပန်ပြည် အိုဆကာ ကုန်စည်ပြပွဲသို့ ယွန်းထည်ပစ္စည်း၊ ဓီးကွက်ရုပ် . . . စသည့် ပစ္စည်းများ ယူဆောင်ကာ ဗိုလ်မှူး



www.burmeseclassic.com

www.burmeseclassic.com



ကြီးမြသောင်းတို့ သွားကြသည်။ မြန်မာ့ယွန်းထည် ဘယ်မျှ ခိုင်ခံ့ကြောင်း ကြမ်းပြင်မှာ ပေါက်ခွဲပြသည်။ ဂျပန်ကုန်သည်တို့က ပြုံး၍ ခေါင်းခါကြ၏။ တစ်ခါဝယ်ထားလျှင် ၁၀–၁၅ နှစ်အတွင်း နောက်တစ်ကြိမ် ထပ်ဝယ်ဖို့ အကြောင်းမမြင်သည့် အရောင်းမတွင်ပစ္စည်းမို့ ဂျပန်များက ငြင်းကြခြင်း ဖြစ်ပါသတဲ့၊ သူတို့ပြန်လာတော့ ကြားဖူးခဲ့၏။ ဦးတင်ဦး (ကျူရှင်) သည် ရေကို ခုချက်ချင်းခပ်သောက်ပြီး မလိုလျှင် လွှင့်ပစ်လို့လည်းရသည့် ပလတ်စတစ်ခွက်ကိုတော့ တွင်အောင်မရောင်း၊ နှီးဖျာဦး၊ ရက်ဦး၊ သစ်စေးသုတ်ဦး… စသည့် ဒုက္ခသုက္ခတွေခံပြီးမှ အကြာကြီး ဆေးခြယ်သုတ်နေရသည့် ယွန်းခွက်၊ ယွန်းဖလားကို ရောင်းသလို ဖြစ်နေရော့သလားဟုလည်း တစ်ခါတစ်ခါ စဉ်းစားမိပါသည်။

ငယ်ငယ်က ဦးနု၏ မိတ္တဗလင်္ဂီကာကို ကျောင်းမှာ သင်ရသည်။ ကြီးတော့ ဒေးကာနက်ဂျီ၏ မူရင်းကို ဖတ်ဖူးသည်။ ငါးကို ကိုယ်ကြိုက်သည့် ပန်းသီးနှင့် မျှား၍ မရနိုင်ကြောင်းလည်း သိတန်သမျှ သိပါသည်။ သို့ရာတွင် ငါးမျှားသည်ဆိုကတည်းက 'ချိတ်' ၌ အစာတော့ တပ်ရပေသေးရာ ငါးလိုချင်သော်လည်း 'ချိတ်ကောက်'ကို မသုံးချင်တာနှင့် ငါးမရဘဲ ဖြစ်နေပါတော့သည်။ ချိတ်ကို မသုံးနိုင်၍ ရွံ့လူးခံကာ ရေထဲ၌ ဆင်းစမ်း၍ မိခဲ့သော ငါးလေးများကိုလည်း ချက်မစားရက်လို့ ကန်ထဲမှာပဲ ဆေးမဲ့လွှတ်ထားခဲ့ပါလေပြီ။

ကျွန်တော် သူတို့လေးတွေ တော်အောင်ဟဲ့ဆိုပြီး လုပ်ရင်းနှင့် ကိုယ့်ဘာသာ တော်တော်လာခဲ့ပါသည်။ သူတို့အောင်ပါစေဟဲ့ဟု ကြိုးစားရင်း ကိုယ့်ကိုယ်ကို အောင် အောင်လာခဲ့ပါပြီ။ သူတို့ လိမ္မာဖို့အရေး ငါ ဆရာလိုနေမှ ကောင်းမှာဟု နှလုံးသွင်းကျင့်ကြံရင်း လိမ္မာလာခဲ့ပါပြီ။ သူတို့ကြောင့် တစုံမက်မက် အရက်လည်း ပြတ်ခဲ့ပါပြီ။ သည်တပည့်လေးတွေသည် ၉၀ တန်လေးတစ်ရွက်သာ လက်ထဲရှိချိန်၌ အသက်ရှူမရလို့ ဆေးရုံသွားဖို့ ဆရာဝန်က ညွှန်ကြားတာကို လမ်းမှာ သေမည့်အတူတူ သက်သာစွာပဲ အိမ်ပြန်သေမည်ဟု စိတ်ပိုင်း၍ ဆေးခန်းမှ အိမ်ပြန်လာခဲ့စဉ်က တို့ဆရာ အသေမခံဟု တောင်ငူဆေးရုံ၊ ထိုမှတစ်ဆင့် ရန်ကုန်သို့ ပို့ကာ ဆေးကုပေးခဲ့လေသဖြင့် အသက်မသေသေးဘဲ ယခုလို စာတွေလည်း ရေးခွင့်ရနေခဲ့ရပါပြီ။ ထိုထို ကျေးဇူးရှင် တပည့်ကလေးတွေ၏ မျက်နှာ၊ ကျွန်တော့်ဆရာနှင့် ထားခဲ့ကြသော





နှုတ်ကတိစကား၊ ကျွန်တော့်ဖခင် လိုလားအပ်သော ဆန္ဒတို့ကို ထောက်ထား၍ နောက်လာမည့် တပည့်တွေအပေါ်က ငွေအများကြီးယူပြီး ချမ်းသာသော ကျူရှင်ဆရာလည်း မဖြစ်လိုတော့ပါပြီ။

ကျွန်တော် ကံကောင်းမှ အသက် ၇၀ လောက်နေရပါမည်။ ပိုက်ဆံမရှိဘဲ နေလာခဲ့တာ အနှစ် ၆၀ ရှိပါပြီ။ ဦးတင်ဦး (ကျူရှင်) သည် ကျူရှင်ဆရာမွဲလေးပါဟု ပြောလျှင် ယုံလိုက်ကြပါ။ သို့ရာတွင် သူ့အကြောင်းနှင့်သူ မွဲတာကို သနားဖို့လည်း စိတ်ကူးထည့်မနေကြပါနှင့်တော့။ ဆက်မွဲနေသေးလျှင်လည်း ဆယ်နှစ်ထက် မပိုလောက်တော့ပါ။

မွဲပြီးသေရမှာထက် မလုပ်ချင်ရာကို လုပ်ရသဖြင့် ဆင်းရဲနေရမှာကို ကြောက်လှပါကြောင်း။

[ဤဆောင်းပေါင်းအတွက် ဘွားဘွားဒေါ်တင်ညိုနှင့် သလင်း (ဘုမိ)တို့က ဆုချီးမြှင့်ဖူးသည်။ (စီစဉ်သူ)]

[မြားနတ်မောင်၊ ၈–၉/၂၀၀၁]



www.burmeseclassic.com

www.burmeseclassic.com

## အရေးရခက်သော စာတစ်ပုဒ်

ကျွန်တော်သည် စာဖတ်သူအဆင့်မှ စာရေးသူအဖြစ်သို့ အကြောင်းအား လျော်စွာ ရောက်လာခဲ့ပြီး ကြုံသလို စာရေးဖြစ်လာခဲ့သည်မှာ ယခုဆိုလျှင် သုံးနှစ်ကျော်လောက်တောင် ရှိသွားပါပြီ။ ထိုကာလအတွင်း ရေးခဲ့တာ စာပုဒ် ရေလည်း ပနည်းလှတော့ပါ။ ယေဘုယျအားဖြင့် စာရေးတယ်ဆိုတာ ခက်တယ် ဟု ဝန်ခံရမည်ပင် ဖြစ်ပါသော်လည်း ကျွန်တော့်အဖို့ ပြီးခဲ့သမျှသောစာတို့ ကို ရေးခဲ့ရာ အလွန်ကြီး ခက်ခဲသည်ဟူ၍ကား မရှိခဲ့ပါ။ စာဖတ်ထားသောအခံ၊ နှလုံးသား၌ ကိုယ်သတိမပြုမိဘဲ တစ်သက်တာ ကာလအတွင်း စိမ့်ဝင်နေခဲ့သော စာရေးဆရာကြီးတွေ၏ ရေးနည်း၊ ရေးဟန်တို့၏အကြောင်း အထောက်အပံ့ဖြင့် ထိုသို့ များစွာ အခက်အခဲမတွေ့ရဘဲ ရေးသားနိုင်ခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

ယခု ကျွန်တော် စာတစ်ပုဒ်ကို ပြေလကုန်လောက်ကတည်းက ရေးနေ ခဲ့တာ၊ ဤစာရေးချိန် ဇွန်လလယ်တိုင်အောင် နှစ်လခန့် ရှိလေပြီ။ စာချော တစ်ပုဒ်ဟူ၍ ထွက်မလာ။ ရေးကြည့်လိုက်၊ ရှည်သွားလိုက်။ ပြန်ချုံ့ကြည့်လိုက်၊ ဘာလေးတော့ ထည့်ဦးမှပဲဆိုပြီး နည်းနည်း ထပ်ဆန့်ကြည့်လိုက်နှင့် မူကြမ်း တွေသာ အထပ်ထပ်ဖြစ်သွားသည်။ စိတ်ကြိုက်စာတစ်ပုဒ်အဖြစ်သို့ကား ရောက် မလာ။ အပြီးမသတ်နိုင်ဘဲသာ ဖြစ်လို့နေပါ၏။

ဘာအကြောင်းအရာမို့ ဒီလောက်ခက်နေတာလဲဟု စာဖတ်သူများက သိလိုကြမည်။ ကျွန်တော့်အဖို့ တစ်သက်လုံးနီးပါးမျှ သုပ်လာသောအရာမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ ခက်လောက်စရာမရှိသော အကြောင်းအရာပင် ဖြစ်ပါသည်။ ထမင်းစား ရေသောက်ကိစ္စဟုတောင် ပြောလို့ရနိုင်လောက်ပါ၏။

သို့သော် ထိုထမင်းစား ရေသောက်ကိစ္စကိုပင် သင် စာဖွဲ့ကြည့်ပါ။ အလွန်ရိုးတာလှသောကိစ္စဖြစ်နေ၍လားမသိ၊ စာဖွဲ့ရတာခက်ကြောင်း တွေ့ရပေလိမ့်မည်။ ကျွန်တော့်မှာလည်း အလားတူသဘောမျိုးကြောင့်များ အရေးရခက်နေရော့လားဟု ပထမ စဉ်းစားကြည့်မိသေး၏။ အဲဒီလိုကြောင့်လည်း ဟုတ်ဟန်မတူပါ။ ထမင်းစားရေသောက်ကိစ္စမှာ အထူးတလည် စိတ်ဝင်စားစရာ ကိစ္စပါရှိဖို့ မမြင်ပါ။ ထမင်းစားရင်း အရိုးနင်သွားရာမှ ဆေးရုံရောက်၊ ဒုက္ခသုတ်ခရောက် စသည်တို့ကို လျှောက်ရေးလျှင်သာ ထူးခြားဖွယ် ဖြစ်ကောင်း ဖြစ်မည်။ ကျွန်တော်သည် ထမင်းစားပြီးတိုင်း ရေသောက်ပါသည် ဆိုရုံမျှနှင့်တော့ ဘာမှ ဖတ်ချင့်စဖွယ် ဖြစ်လာမည် မဟုတ်ပါ။ သို့ရာတွင် ကျွန်တော့်ထမင်းစား ရေသောက်ကိစ္စကား လူတိုင်းကြုံဖူးမည် မဟုတ်သော အတွေ့အကြုံတွေ၊ ရတ်ခြည်း ဝမ်းသာပျာကယာဝမ်းနည်းတွေ၊ စိတ်လှုပ်ရှားဖွယ်ရာတွေ၊ ကြေကွဲ ဆို့နင့်ဖွယ်တွေနှင့် ပြည့်နေသဖြင့် ရေးမယ်ဆိုရင် ခက်စဖွယ်လည်း မရှိဘဲ ဖတ်ချင်စရာကောင်းသည့် စာတစ်ပုဒ်မျိုးလည်း ဖြစ်လာလောက်သည့်ကိစ္စ ဖြစ်ပါ၏။ သို့ပါသော်လည်း နှစ်လလောက်သာ ကြားလာခဲ့ရော စာတစ်ပုဒ်ကား ဖြစ်မလာ၊ တစ်ဆို့၍သာ နေပါတော့၏။

အခက်တွေ့နေရသော အကြောင်းအရာကား 'လောင်းကစားခြင်း' ဖြစ်ပါ၏။

ယခုနှစ် (၁၃၆၃ ခု) မြန်မာနှစ်ဆန်းရက်များအတွင်းက ရန်ကုန်သို့ ရောက်စဉ် ဒေါက်တာလွှဏ်းဆွေက 'အရက်သောက်ခြင်း' ပြီးတော့ 'လောင်းကစားခြင်း' လုပ်ပါဦးလားဆရာဟု ပြောလိုက်ပါသည်။ လောင်းကစားခြင်းသည် ကျွန်တော် ကလေးဘဝကတည်းက ယဉ်ပါးလာခဲ့သောကိစ္စ ဖြစ်ပါ၏။ ယခု ဂျင်သမားဖြစ်နေသူတွေတောင် အနီထောင်အုပ်ကို မြင်ဖူးချင်မှ မြင်ဖူးမည်။ ကျွန်တော်က ပဝတ္တိကောင်း အမှီရတော့ ၅ တန်းကျောင်းသား အရွယ်ကတည်းက လေးကောင်ဂျင်ကိုသာမက အနီထောင်ကိုတောင် (အနီထောင်က 'တဆို'တွေ များ၏။ ဂျင်လို 'ကြိုး' 'ရန်' 'အော'ဆိုတာလောက် သိရုံမျှနှင့် မပြီးသေးပါ။ စတိုင်သစ်မဂ္ဂဇင်း ပို့ထားတဲ့အထဲမှာ အဲဒါတွေ ထည့်ရေးထား





ပါ၏။) ထိုးတတ်နေခဲ့ပြီ ဖြစ်ပါ၏။ သို့နှယ့် ငယ်စဉ်ကတည်းက ဖြတ်သန်းလာခဲ့သော အတွေ့အကြုံတွေ အများကြီးရှိ၍ ပြောမယ်ဆိုရင် ပြောစရာတွေ အများပင် ရှိပါသည်။

သို့ပင်ဖြစ်သော်လည်း 'အရက်သောက်ခြင်း' ဆောင်းပါးကိုတောင် ချီတုံ, ချတုံနှင့် ရေးဖြစ်သွားခဲ့ရခြင်း ဖြစ်ပါသည်။ သမ္မပ္ပဓာန် တရားလေးပါးတွင် 'ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်း'၊ 'မဖြစ်သေးသော အကုသိုလ်ကံတို့ကို တစ်ဖန် အသစ်မဖြစ်စေခြင်း'ဟု ဘုရားဟောပါသည်။ အကုသိုလ်သည် 'ပယ်ရမည့်တရား' ဖြစ်သည်။ 'ပွား'ရမည့်တရားမဟုတ်။ အရက်သောက်၊ လောင်းကစား... စသည်များ ယခင်က လုပ်ခဲ့တာ မှန်၏။ ယခု ဒါတွေကို ပြန်ပြောနေခြင်းဖြင့် 'ပွား' ရာများကျနေမလားဟု တွေးမိသောကြောင့် ချီတုံ,ချတုံဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုအရက်သောက်ခြင်း ဆောင်းပါး၌ ဖော်ပြထားသော ရန်ကုန်ဘူတာကြီးက အဖြစ်အပျက်တွင်ပါသည့် တူမကလေးသည် ယခုနှစ် သင်္ကြန်တွင်းက မိဘရပ်ထံ ပြန်လာပါသည်။ ထိုသို့လာစဉ် ရန်ကုန် သူတို့လမ်းထဲရှိ (သူတို့က သမိုင်းမှာနေပါသည်။) သူ့ခင်ပွန်းနှင့် လမ်းလျှောက်ဖက် မိတ်ဆွေတစ်ယောက်က ကျွန်တော့်စာတွေကို ဖတ်သတဲ့။ အချို့ဆောင်းပါးတွေ ကူးထားသတဲ့။ အရက်သောက်ခြင်းဆောင်းပါးကို သူ ကူးရုံမက စာအုပ်ကလေးပင် ချုပ်၍ သူ့ခင်ပွန်းကိုရော (ကျွန်တော့်တူ,တူမများရယ်လို့ မသိဘဲ) အချို့သောက်ဖော်စားဖက်များကိုပါ ဓမ္မလက်ဆောင် ဝေငှပါသတဲ့။ သူကိုယ်တိုင်လည်း အရက်ပြတ်သွားပါပြီတဲ့။ ထိုသို့ ပြောပြပါသည်။ တူမထံမှ ဤသို့သော သတင်းစကားလေး ကြားသိရသဖြင့် စနောင့်စနင်း ဖြစ်နေမှုလေးတော့ ပြေလျော့သွားပါသည်။

ယခု လောင်းကစားကိစ္စကျတော့ 'အရက်သောက်ခြင်း'လို အလွယ်နှင့် ရေးမရ ဖြစ်နေလေတော့သည်။ အဘယ်ကြောင့် မလွယ်သနည်းဆိုသော် 'နယ်ပယ်အဝှမ်း' ကန့်သတ်ဖို့ ခက်နေ၏။ ပထမအချက်က ဘယ်လောက်အထိ အမှန်တွေ ပြောမလဲ။ ဒါကိုလည်း စဉ်းစားရ၏။

ကျွန်တော်သည် မကောင်းတာတွေကို လုပ်ပင်လုပ်ခဲ့သော်လည်း ပင်ကိုအားဖြင့် အမှန်ကို လိုလားသူဖြစ်သည့်အလျောက် အမှန်ကို ပြောဖို့ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်ကပင် တွန့်ဆုတ်ခဲ့သည် မဟုတ်ရာ ယခုလိုအရွယ်တွင် သာ၍ပင် ပြောဝံ့ပါသေး၏။ သို့ရာတွင် ကျွန်တော် မှန်တာတွေ ပြောသမျှကို ကျွန်တော့် သားသမီးများက ကြိုက်ချင်မှ ကြိုက်ကြပေမည်။ သူတို့သည် ငယ်ရွယ်ကြသေး သူတွေဖြစ်၏။ ဆရာဇဝန သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိထဲမှာ ပြောခဲ့သလိုပင် ကိုယ်က ပြောဝံ့သည်ထား၊ ကိုယ်နှင့် စပ်ရာပုဂ္ဂိုလ်တွေက အကြောင်းဆိုက်လျှင် ပါလာရမည် ဖြစ်လေရာ ထိုသူတို့ သို့မဟုတ်လည်း သူတို့သား၊ မြေးဆက်တို့ က ကြိုက်ပါ့မလား ချင့်ချိန်ရသေးသည်။ ဆရာကြီးရွှေဥဒေါင်းသည် သူ့တစ်သက်တာမှတ်တမ်းတွင် ရဲရဲဝံ့ဝံ့ ပွင့်ပွင့်လင်းလင်း ရေးသွားသည် ဆိုရစေကာမူ ပထမဇနီးနှင့် ကွဲရပုံတွေကို အသေးစိတ် ရေးမသွားခဲ့ပါ။ ဆရာသော်တာဆွေကမူ ဒီမိန်းမက ဟင်းပြန်နွှေးတာကို ရေလေးနည်းနည်းထည့်နွှေးရတာမျိုး ဆိုတာ လည်းမသိ၊ ဘာညာနှင့် သူနှင့် ကွဲခဲ့ရသည့် မိန်းမအကြောင်း အနည်းငယ် လောက် ရေးလေသေးသည်။ ဆရာကြီး ထိုကိစ္စ အသေးစိတ်မရေးခဲ့သည်မှာ ထောက်စရာ အခြားကြောင်းတွေ ရှိပေလိမ့်မည်။ ထို့ကြောင့် မှန်တာတွေ ဘယ်လောက်အထိ ပြောမလဲ ဟူသည့် နယ်ပယ်အဝှမ်း သတ်မှတ်ရန် အခက် တွေ့သည်။

တစ်ဖန် အဖြစ်အပျက်အကြောင်းအရာပိုင်း၏ နယ်ပယ်အဝှမ်း သတ်မှတ်ဖို့ကိစ္စဖြစ်၏။ ပြောစရာ အဖြစ်အပျက်တွေကများတော့ ဘယ်လိုအဖြစ် အပျက်တွေ ပြောမလဲ။ တရားကိုယ်ထုတ်ပြီး သင်ခန်းစာအချက်အလက်မျှ လောက် ရေးမယ်ဆိုရင်တော့ ဟုတ်လေသည်။ ဒါတွေ စဉ်းစားနေဖို့ အကြောင်း မရှိပါ။ သို့ရာတွင် ကျွန်တော်က စာဖတ်သူအဖြစ်က ယခု စာရေးဆရာယောင် ယောင် ဖြစ်လာသူဆိုတော့ စာရေးသည့်အခါ ကိုယ်ချင်းစာစိတ်ထားနှင့် ရေး ပါသည်။ 'ကိုယ်ချင်းစာ'ဟု သုံးခြင်းမှာ ကျွန်တော် စာဖတ်တာသည် စာဖတ် ရင်းမှ အလိမ္မာတိုးလာစေကာမူ တိုးစေတော့ (အလိမ္မာမတိုးဟု မဆိုပါ၊ မုချ တိုးလည်း တိုးပါ၏။) ရည်ရွယ်ချက်ကတော့ အလိမ္မာတိုးဖို့ မဟုတ်ပါ။ စာဖတ်လိုလို့ အရသာခံချင်လို့သာ ဖြစ်ပါ၏။ ထို့ကြောင့် ဆုံးမစာတွေ၊ သုတတွေကို အခြားဖတ်စရာမရှိတော့မှသာ ဖတ်ပါ၏။ ဩစတြေးလျက လူ့ဝကြီး ဘယ်နှစ်ပေါင်လေး၍ ကြက်ဘယ်နှစ်ကောင် ကုန်တယ်ဆိုတဲ့ သုတ မျိုး ကျွန်တော် မလိုချင်။ ရသခံစားရင်းသာ ကိုယ့်ဘာသာ တွေးချင်သည်။





ထို့ကြောင့် ကျွန်တော့်စာကို ဖတ်သူများလည်း ဟုတ်သော်ရှိ မဟုတ်သော်ရှိ နှစ်ခြိုက်မှုလေးတော့ ဖြစ်စေချင်သည်။ နှစ်ခြိုက်မှုလေးဖြစ်အောင် စီကာပတ်ကုံး ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောတန်လျှင် ပြောရပါသည်။ ထိုသို့ ဖွဲ့ပြန်လျှင် ရတနာပုံခေတ်၌ စိန်စားခြင်း သတင်းအရေးကောင်း၍ စိန်စားသူတွေ ပေါ်လာခဲ့ကြဖူးသလို ကျွန်တော်တို့ မမွေးမီ သို့မဟုတ် လူမှန်းသူမှန်း မသိကြသေးစဉ်က 'ရေထဲခုန် ချခြင်း' သတင်းအရေးကောင်းလို့ သာကေတတံတားပေါ်မှ ခုန်ချကြတာတွေ ဟောတစ်ယောက်...ဟောတစ်ယောက် ပေါ်လာခဲ့ကြဖူးသလို ကျွန်တော့်စာဖတ် ပြီးမှပဲ ဂျင်တိုးချင်စိတ်တွေ ပေါက်သွားမှာလည်း စိုးရပါသေးသည်။ ဒါပေမဲ့လည်း လောင်းကစားခြင်းကား မကောင်း၊ မွဲတတ်၏။ လိမ္မာရစ်ကြလော့ဟူသော ဆုံးမစာမျိုးလည်း မရေးလိုပါ။ ဆုံးမစာဖတ်လိုလျှင် ကျွန်တော့်ထက် ပညာကြီး သည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ ရေးထားတာတွေ အများပင် ရှိ၏။ အဲဒါ တွေကိုသာ ရှာဖတ်ကြဖို့ ရှိပါတော့သည်။

ထို့ကြောင့် ဘယ်လိုရေးခြယ်ဖွဲ့နွဲ့တင်ပြမည်နည်းဆိုတာကလည်း အခက် ရှိပြန်သည်။ သို့နှယ် အခက်တွေကြားမှ ဆောင်းပါးရေးစမ်းကြည့်ရာ ဆောင်းပါး မဟုတ်ဘဲ ဝတ္ထုလိုဖြစ်သွားခြင်း၊ ဝတ္ထုလိုရေးကြည့်တော့ အတ္ထုပ္ပတ္တိလိုဖြစ်သွား ခြင်း စသည်တို့ဖြင့် လုံးချာလည်၍နေပါသည်။ ဒါနဲ့ပဲ ကျွန်တော့်စာမှာ မြင် ကွင်းကျယ်ကြီး ဖြစ်သွားလိုက်၊ တစ်နေရာကိုပဲ 'စပေါ့လိုက်'ကလေး ထိုးလိုက် တော့ ကျန်တာတွေက မှိန်ပျောက်သွားကုန်လိုက်နှင့် အလင်းအမှိန် အရောင်မမျှ ဖြစ်ကာ အဆင်မပြေခြင်းနှင့်သာ ကြုံတွေ့လို့ နေပါ၏။ ဆွဲအိတ်ကလေးတစ်လုံး ထဲသို့ ဆောင်းဝတ်၊ နွေဝတ်ရှိသမျှ အဝတ်အစားတွေ စုပြုံထိုးသွတ်ကာ ခရီး ထွက်ဟန်ပြင်နေသည့်သူနှင့် ခပ်ဆင်ဆင်ပင်။ 'ပြောသင့်လောက်' အတိုင်း အတာနှင့် 'ပြောစရာတွေ' မမျှဘဲ အချိုးမကျပြီးရင်း မကျလို့သာနေပါတော့သည်။

'လူကလေးရေ...ကိုယ့်ဘာသာ တလင်းထဲက စပါးကျုံးပြီး စက်မှာ ရောင်းသွားပေတော့'ဟု အဖေကပြောလို့ စပါးတစ်ဆယ် လှည်းပေါ်တင်လာ ကာ ဆန်စက်မှာချရောင်း၊ အိမ်ပြန်လှည့်ဖြုတ်ထားခဲ့ပြီး ပျဉ်းမနားသို့ ၁၀ တန်း စာမေးပွဲသွားဖြေဖို့ ထွက်လာတာ နေ့ ၁ နာရီ ရထားနှင့် လိုက်ရမှာ ကို ၁၂ နာရီခွဲထိ ဈေးထဲမှာ ဆင်၊ ကြက်၊ ကျား၊ ပုစွန်၊ ငါး၊ လိပ်...ဆိုရုပ် တွေပါသည့် ကတ်များ စာအိတ်ထဲထည့်ထားတာကို ထိုးကစားရသေး၊ စာအိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲ’ ကစားဝိုင်းမှာ စပါးဖိုး ငွေ ၃၀ ကျပ်နဲ့ ကစားနေမိခဲ့တဲ့အကြောင်းက စရေးလိုက်မလား…။

သကြားစက်မှာ အလုပ်ကလေးရတော့ တစ်လ,တစ်လ အဖေ့ကို ငွေ ၆၀ ကျပ် ပြန်ပေး။ အဖေက သူ့တန်းလျားမှာ လာထိုင်ကြသည့် လူငယ်တွေကို ဟာကောင်…အောင်လှ၊ နွားလွှတ်တော့လေ။ ဟိုကောင် ငချွေး…နင် ကြံခုတ်ရဦးမှာမဟုတ်လား၊ သွား…သွား နင်က အဲဒီကြံလေးခုတ်ရမှ တစ်ကျပ် ခွဲရမှာ…။ ငါ့ တုမနှောက်နဲ့။ ငါက ဒီတန်းလျားပေါ်မှာ စုန့်သာမြိုင် ရင့်ကျူး ရင်းနဲ့ ဘာမှ မလုပ်ဘဲလည်း တစ်နေ့ ၂ ကျပ် ဝင်နေတာဟဟ သားအတွက် ဂုဏ်လုပ်,အသားယူတဲ့အဖေ။ နောင်ရှစ်လလောက်ကြာတော့ သားဆီက တစ်ပြား မှ မလာ၊ ၂ နှစ်နေတော့ သားသူရဲကောင်းက တစ်နှစ်လုံး သူ့လုပ်စာကို ရေသောက်ပြီး စုထားတောင် ၁၅၀၀ ကျပ် မပြည့်။ သူ့အကြွေးက ၁၆၀၀ ရှိနေလျက်နဲ့ မိန်းမယူမယ်ဆိုတော့ တောင်းပေးရ။ နောင်…သိပ်မကြာပါဘူး… ယောက္ခမမိဘက သူ့သမီးကို ဆင်ပေးလိုက်တဲ့ လက်ဝတ်လက်စားတွေ ပေါင်နှံကစားတယ်ကြားရတော့ ရွာထဲမှာ တစ်အိမ်တက်ဆင်း ချွတ်စမ်း နင့် လက်စွပ်၊ ပေးဟာ နင့်ကလေးနားဆွဲ၊ ဖြုတ်ဦးဟာ နင့်ဆွဲကြိုးနဲ့ တူမတွေ ခယ်မတွေအပေါ် အနိုင်ကျင့်ကာ သားကို ရော့ရော့ ငါ့သား မင်းက မဆင်ပေး နိုင်ကာမှနေရော့၊ သူ့ပါလာတာကိုတော့ မလုပ်ကောင်းဘူး ဆိုပြီး အပေါင် ဆိုင်ကရလာသည့် ဒေါင်းတံဆိပ် ရာတန်လေးတွေကို ချေးမပစ္စည်းတွေ ပြန် ရွေးဖို့ ပေးလိုက်တာကို ညတွင်းချင်း ကုန်အောင်လုပ်ပစ်တော့ အဖေ့မှာ ‘ရှာပုံ တော်’ ‘မကြူး’နိုင်တော့ပုံများက စ,ဖွဲ့လိုက်မလား…။ (ဦးကြော့၏ ရှာပုံတော် သီချင်းသည် လင်ပျောက်ရှာသည့် အလွမ်းသီချင်းပင် ဖြစ်သော်လည်း အဖော အခြားသီချင်းလည်း ဘာမှရသူ မဟုတ်၍ သူစိတ်ပျော်လျှင် စုန့်သာမြိုင်ကို ‘သီကြူး’တတ်ပါသည်။)

တော်လှန်ရေးကောင်စီက ဘုတ်၊ ကော်ပိုရေးရှင်း ဝန်ထမ်းတွေကို ပြင်စင်ပေးဖို့ ဥပဒေပြဋ္ဌာန်းလိုက်တော့ အိုင်–ဒီ–စီက ဝန်ထမ်းတွေကို စုထား တဲ့ အိုနာစာ ရန်ပုံငွေတွေ ပြန်ထုတ်ပေးသည့်အခါ ရုံးအုပ်ဆရာ ဦးညွန့်မောင် က မင်းအကြွေးနွံမှာ နစ်ပြီဆိုရင် ဘဝပါ နစ်မွန်းသွားနိုင်တယ် ဆိုပြီး သူ့ မိန်းမ မသိအောင် အကြွေးတွေ ဆပ်ဖို့ ငွေ ၈၀၀ ကျပ် (ထိုစဉ်က ရွှေရောင်





၂၂၅ ကျပ်လောက် ရှိသည်။) ထုတ်ပေးခဲ့သည်ကို နောက်မနက် ရုံးတက်တော့ ဆပ်ပြီး,မပြီး မေးသည့်အခါ ညက ကစားဝိုင်းနဲ့ တိုးသွားမိတာနဲ့ ကုန်သွား ပြီဆရာရေ့ဆိုတော့ ‘အမယ်လေး…ငါ့တပည့်ရာ’ဟု မြည်ကြွေးရင်း သူ့ရင်ဘတ် ကို ထုလိုက်ပုံကလေးပါ ထည့်ပြောလိုက်ဦးမလား…။

ရန်ကုန် ဖိုးစိန်လမ်းထဲက ဒိုင်ကြီးတစ်ဒိုင်နှင့် သူ့တိုက်ပေါ်မှာ တစ် ယောက်ချင်း စီးချင်းထိုးကြရာ နောက်ဆုံးအလှည့် (ဒီဖဲပေါ်ရင် သူပြုတ် တော့မည်အလှည့်) မှာ ‘ကဲကွာ,…ဖား’ ဟူ၍ မျက်နှာကို လွှဲကာ‘အုပ်’ကို ဖွင့် လိုက်သည့်အခါ သူ မကြည့်ရဲသည့် ဖားပေါ်သွား၍ အဲဒီဒိုင်ကြီး ပြုတ်သွားရုံမက ငွေ (၇၀၀) ကျပ်တောင် အကြွေးကျန်ခဲ့ပုံ စွန့်စားခန်းဇာတ်လမ်းများကိုပဲ စာဖွဲ့ လိုက်ရမလား။

သင်္ကေတဝိုင်းလန့်၍ အိမ်ပေါ်မှ ရေအိုင်ကြီးထဲသို့ ခုန်ချ ဆင်းပြေး ကြရာ ခြေဖဝါးလည်း ဟက်တက်ကွဲ၊ တစ်ကိုယ်လုံးလည်း ရွှံ့စို, ပေညစ်၊ ဖိနပ် လည်း မပါ၊ ဘတ်စ်ကားပေါ်မှာ လူတွေက ဝိုင်းကြည့်၊ ဘတ်စ်ကားခ ပေး စရာ တစ်မတ်မျှလည်း အိတ်ထဲမှာ မကျန်၊ မျက်နှာလေးငုံ့၍ အိမ်ပြန်ရပုံ တွေ၊ မန္တလေး မြတောင်ကျောင်းအနောက်ဘက် ရွှေတစ်ချောင်းဘေးက ဝိုင်း လန့်လို့ ပြေးတဲ့အခါ နိုင်ငံကျော်ဆိုင်းဆရာကြီးတစ်ယောက် ရွှေတစ်ချောင်း မြောင်းထဲမှာ ဝပ်လျားထိုးလဲနေသည့်အခါ သုမေဓာရှင်ရသေ့ပမာ သူ့ကိုယ်ပေါ် က နင်းလျှောက်သွားတာကို မကြည့်အား၊ မပြေးနိုင်တာနဲ့ပဲ ကဲကွာ…အပင်ပန်း တော့ မခံတော့ဘူး၊ လာဖမ်းတော့မှပဲ လျှောက်လျှားပေါ့…ဆေးလိပ်သောက်လိုက် ဦးမယ် ဆုံးဖြတ်ပြီး အိမ်အောက်တန်းလျားမှာ လာဖမ်းမည့် ရဲအလာကို စောင့် နေပုံတွေကို ထည့်ရေးလိုက်ဦးမလား…။

လင့်ပါရမီ ကူညီဖြည့်ရတဲ့ ဒီဇနီး၊ လက်ဝတ်လက်စားတွေ မစုံတော့ မိဘအိမ်ပြန်ဖို့ခက်၊ မိဘရပ်ထံ တစ်ခေါက်တစ်ခါမှ မပြန်နိုင်တော့လည်း မိဘတွေက စိတ်ပူမှာစိုး၊ ဟုတ်တိုင်းမှန်ရာ ထုတ်ဖော်ပြောဖို့ဆိုတာကလည်း ကိုယ့်ယောကျ်ားကို မိဘဆွေမျိုးတွေက အပြစ်မမြင်စေချင်၊ လင်နှင့်မိဘကြား မှာ အပူပွားရသော မယားလေးကို သနားတော့ မျက်ရည်မဆည်နိုင်။ ကိုယ့် လင် မျက်ရည်ကျတာကိုလည်း မမြင်ရက်နှင့် လင်ကို ချစ်တဲ့စိတ်ကလေး တစ်ခုတည်းနှင့် အစစအရာရာ အလိုလိုက်လို့ သည်းခံရှာရ။ တစ်ခါမှာမူ



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာပင် 'ချပ်မှောက်' ကစားကြ၊ ကိုယ့်လင်လခ တစ်ပြားမှ မကျန်၊ သူ့သူငယ်ချင်းတစ်ယောက်ကလည်း လခ ပြောင်၊ သည်လခလေးမှ အိမ်ပြန်မပါသော် သူ့မိန်းမနှင့် ပြဿနာတက်ရချေရဲ့ဆိုတော့ လင်လုပ်သူက 'မင့်ဆွဲကြိုးလေး ပေးလိုက်ပါကွာ'ဆိုတာနဲ့ လခပြုတ်သူအချင်းချင်းမှာ ကိုယ်က ဆွဲကြိုးတစ်ကုံးတောင် အဆစ်ပါလို့ အနစ်နာခံပေးရလေသည့် သည် 'တော်ငါးဝလေး' (အခုတော့လည်း မြေးတို့ရဲ့ အဘွားကြီးပေါ့ခင်ဗျာ) လင်ယူမှားခဲ့ပုံတွေပဲ ထည့်ရေးလိုက်ရမလား။

အိမ်ကရှိတာ အကုန်ပြောင်တော့ သူငယ်ချင်းအိမ်က ဖိလစ် ရေဒီယိုကြီး သွားမရာ သူငယ်ချင်းက သူကိုယ်တိုင်ပဲ သယ်လို့ ကံဘဲ့အပေါင်ဆိုင်လိုက်လာ၊ ပိတ်နေတော့ တောင်ဥက္ကလာသွား၊ အဲဒီဆိုင်ကလည်း မဖွင့်၊ တနင်္ဂနွေနေ့ဖွင့်တာ မအူကုန်း အပေါင်ဆိုင်ရှိတယ်ဆိုတော့ ဆိုင်မပိတ်ခင်မီအောင် လူကျပ်ခဲနေသည့် အရှိန်ရစ ဘတ်စ်ကားမှာ ရေဒီယိုကြီးတစ်ဖက်နှင့် အတင်းပြေး ဆွဲဘက်ကြတာ ကံကောင်းလို့ မသေ။ မအူကုန်းဆိုင်ရောက်တော့လည်း ဆိုင်က ပိတ်သွားပြီဖြစ်သဖြင့် နောက်ဆုံးတော့ သာကေတ ဏစားဝိုင်းမှာပဲ ပေါင်၍ ထိုးလိုက်ရာ ကုန်လေသတည်း ဆိုပေမဲ့ ယခုတိုင် ထိုရေဒီယိုကို ရွေးလည်းမပေးနိုင်၊ အစားလည်း ဝယ်မပေးရ၊ သည့်နှယ်ခင်မင်ရာ သူငယ်ချင်းတွေက ကိုယ့်ဒုက္ခကို ကူမျှ၍ ခံကြရပုံပွေ ထည့်ရေးဦးမလား။ ,သို့မဟုတ်ပါကလည်း ကိုယ်နှင့် တွဲမိရာမှ အလုပ်ပြုတ်သူပြုတ်၊ ထောင်ကျသူကျ၊ အလုပ်မပြုတ်၊ ထောင်မကျပါလည်း ရှိသမျှလေး ကုန်ပုံတွေ ရေးလိုက်ရမလား။

ဘယ်ဟာတွေ ထည့်ရေးလို့ ဘယ်ဟာတွေ ဖယ်ထုတ်ထားခဲ့ရမည် ဝေခွဲမရ၊ ရေးစရာတွေက ရေးမယ်ဆိုလျှင် အများပင် ရှိနေပါသည်။ ထို့ကြောင့် ဟိုဟာကလေးထည့်ပြော၊ ဒီဟာကလေးထည့်ဖွဲ့ဆိုရင်ပဲ စာက အတော်ရှည်သွားတော့သည်။ လောင်းကစား၏ အဖြေကို စစ်တမ်းထုတ်ကြည့်လျှင် အချုပ်ကတော့ မွဲတာပဲ အဖြေရပါသည်။ မွဲတာမှာ ရုပ်ဝတ္ထုမွဲသွားတာကတော့ ထင်ရှားလှပါ၏။

ကျွန်တော် အိမ်ထောင်ကျစက လခ ၁၃၄ ကျပ် ၂၅ ပြားရပါသည်။ ရွှေဈေးက ၂၂၅ ကျပ်ပဲ ရှိပါသည်။ စပါးတစ်ရာ ၂၅၀ ကျပ်ဈေး ရှိပါသည်။





ယောက္ခမများက (ဆန်စက်ရော၊ ဆီစက်ပါရှိ၍) ဆန်အိတ်လိုက်၊ ဆီပုံးလိုက် ပို့ပေးထားပါသည်။ အိမ်မှာ ဆေးလိပ်ခုံလည်းထောင်၊ ဈေးလည်းရောင်းသေးရာ ငါးရက်တစ်ကြိမ်၊ ခုနစ်ရက်တစ်ကြိမ်လောက် ပျဉ်းမနားသို့ ဈေးကုန်လာဝယ်ရသည်။ ထိုသို့လာတိုင်း ငါးခြောက်ငါးခြမ်း၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ခရမ်းချဉ်သီး...စသော မီးဖိုဆောင်သုံးပစ္စည်းများကို ခြင်းကြီးနှင့်တစ်လုံး ဝယ်ဝယ်ပေးထားခဲ့ရာ စားသောက်စရိတ်လည်း အထူးတလည် ကုန်စရာမရှိလှပါ။ သကြားစက်ထဲမှာနေတော့ အိမ်-မီး-ရေ အခမဲ့ ဖြစ်ပါသည်။ မြို့နေမြို့စားနေလိုက ဟောလစ်၊ မိုင်လို တစ်ဘူး ၆ ကျပ်လောက်၊ နို့ဆီတစ်ဘူး 'ဆပ္ပလိုင်း'က (အကြွေးရသေး) ပြား ၇၀၊ စက်ရုံက စက်ရုံထွက်ဈေးမှာ သက်သာရန်ပုံငွေအတွက် ၅ ပြားဆောင်း၍ သကြား တစ်ပိဿာလျှင် ၁ ကျပ်ပြား ၆၀ နှင့် တစ်လ ၂ ပိဿာ ရောင်းပေးပါသည်။ ဦးတင်ဦး (ကျူရှင်)သည် တောသားမို့ တောသားလို နေထိုင်ကာ ရွှေချစ်-ငွေချစ်စိတ်ကလေးများ ကိန်းအောင်းခဲ့ပါလျှင် တစ်လမှာ ရွှေဖါးမူးသားတောင် စုလို့ရနိုင်လောက်ပါသေး၏။ ဆရာကတော်သည် လင့်မျက်နှာ တစ်ရွာထင်၍ သျှောင်နောက် ဆံထုံးပါလာချိန်၌ ဆံထုံးမှာ စိုက်ဘီးနှင့်။ နားကပ်၊ ဆွဲကြိုး၊ လည်ဆွဲဘယက်၊ လက်ကောက်၊ လက်စွပ် (မန်းသူမဟုတ်၍ ခြေကျင်းမပါတာပဲ ရှိ၏။) နာရီ မကြည့်တတ်ချင်သာ မကြည့်တတ် ရှိချင်ရှိမည်၊ သူ့နာရီက ရွှေကြိုးနှင့် ဖြုတ်ရိုက်လျှင် သေလောက်မလား မပြောတတ်၊ အထူကြီး ဖြစ်ပါ၏။ လက်ကောက်တွေက ချွင်ချွင်နှင့် သူ့ကိုယ်ပေါ်မှာ အဲဒီလိုဟာတွေနှင့် လေးပင်နေတာကို ကြည့်ပြီး ကျွန်တော့်မှာ သူ့အား သနားလို့တောင် နေရပါသေး၏။

ယခုသော်ကား တစ်လ ငါးမူးသားထား၍ ငါးပြားသော်မှ မစုနိုင်၊ အသက်ခြောက်ဆယ်တိုင်နေလာခဲ့တာ တစ်သက်လုံးမှာ ကြွေးကင်းစွာနေရတာ ဖိုးစိန်လမ်း ဒိုင်ကြီးထံမှ ရွှေလေးဆယ်သားဖိုးလောက် နိုင်ပြီးစ (၃) လသာ နေခဲ့ရဖူးပါ၏။ ခင်ဗျား စာရေးရင်း အညောင်းမိလို့ ခေါင်းမူးလျှင် ပရုတ်ဆီမရှူနှင့်။ ရွှေကိုရှူမှ ခေါင်းမူးပျောက်မည်ဟု သမားတော်က ညွှန်ကြားပါလျှင် ကျွန်တော် ခေါင်းမူးလျက်ပင် သေရဖို့ ရှိပါသည်။

ဒါတွေ လျှောက်ရေးပြရတော့ 'ဆရာဦးအေးမောင်'ကိုပဲ သတိရမိတော့သည်။ 'ဆရာဦးအေးမောင်'ဆိုတာ တကယ်ကတော့ ဦးအေးမောင်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူက လက်မှတ်ထိုးတာတောင် 'ဆရာ'ကို ထည့်ထိုးသူမို့ ထိုသို့ ရေးရခြင်း ဖြစ်ပါသည်။ သူ့ကို ကျွန်တော်က 'အန်ကယ်'ဟုပဲ ခေါ်ပါသည်။ 'အန်ကယ်' ကြီးက လယ်ဝေးဇာတိပါ။ လယ်ဝေးကျဉ်းတယ် ဆိုပြီး ပျဉ်းမနားတက် အထည်ဆိုင်ဖွင့်ရင်း မြူနီစပါယ်ရွေးကောက်ပွဲဝင်ရာ ပျဉ်းမနား မြူလူကြီး ဖြစ်သည်။ ရန်ကုန်တက်သော် ရန်ကုန်မြူလူကြီး ဖြစ်နိုင်သည် ဆိုပြီး ၃၇ ခုနှစ်မှာ (ခရစ်နှစ်ပါ) ၃၇ ကျပ်နှင့် ရန်ကုန်တက်လာပါသတဲ့။ ဟိုက်ယားဂရိတ်လေး အောင်ထားတော့ ပုဇွန်တောင် မြူနီစပါယ်ကျောင်းမှာ ဆရာလုပ်သည်။ မြူရွေးကောက်ပွဲဝင်တော့ ရန်ကုန်မြူလူကြီးဖြစ်၊ ဖြစ်တဲ့အခါ ပညာရေးဘုတ်ချယ်ယာမင်' ဖြစ်အောင်လုပ်တော့ ဖြစ်လာ။ ဒီအခါ သူ ဆရာဘဝတုန်းက မြူနီစပါယ်ပညာဝန်က သူ့ရုံးသို့ ခေါ်သည့်အခါ ထိုင်ခွင့်မရဘဲ မတ်တတ်ရပ် စကားပြောခဲ့ရသည်ကို မမေ့နိုင်ဘဲ တစ်နေ့သော် (သူ့လက်အောက်ရောက်လာပြီဖြစ်သော) ထိုပညာဝန်ကို သူ့ရုံးခန်းသို့ ဆင့်ခေါ်၊ ပညာဝန်မရောက်မီကတည်းက ရုံးခန်းထဲက ကုလားထိုင်တွေ ဖယ်ရှားထားနှင့်သောအားဖြင့် ဟိုပညာဝန် ထိုင်စရာနေရာမရဘဲ (သူ့တုန်းက အချိန်ပမာဏလောက်ပဲ) မတ်တတ်ရပ် စကားပြောရအောင် လုပ်ခဲ့သဖြင့် ပညာဝန် ရှက်ရှက်နှင့် အလုပ်ထွက်သွားစေခဲ့သူဦးအေးမောင်။ ထိုဦးအေးမောင်သည် ဖဆပလခေတ် လိုင်စင်တွေရတော့ မာဃ စာောင်စက်ပိုင်ရှင် ဖြစ်လာ၏။ သန့်ရှင်း-တည်မြဲ ဖဆပလအကွဲမှာ သူက တည်မြဲ။ ရွေးကောက်ပွဲကျတော့ 'ဘူကောင်'နှင့်တော့ ပြိုင်ပြီး အရှုံးမခံနိုင်၊ ဝန်ကြီးချုပ်နှင့်ပဲ ပြိုင်မည်ဟု ဦးကျော်ငြိမ်းတို့ကို ပြောကာ လမ်းတော်မဲဆန္ဒနယ်မှ ဦးနုနှင့် ယှဉ်ပြိုင်ပြီး ရှုံးခဲ့သည့် ဦးအေးမောင်။ အဲဒီ 'အန်ကယ်' ဦးအေးမောင်ကို ကျွန်တော် နောက်ဆုံးမြင်တွေ့ရသည်မှာ ပင်စင်ယူပြီးစ ၁၉၈၀ ကျော်စနှစ်များလောက်က ပျဉ်းမနားမှ ကိုရောင်လွင်တို့ သာဝတ္ထိကျောင်းသို့ လာရောင်းသွားသည့် ပျဉ်းမနားမဂ္ဂဇင်းထဲမှာ ဖြစ်ပါ၏။ နာယကကြီးအဖြစ် ပြုံးပြုံးခန့်ခန့်ကြီးနှင့် ဓာတ်ပုံထဲမှာ နောက်ဆုံးမြင်တွေ့ခဲ့ရသည်။

စတွေ့ရတာက ပြည်ထောင်စုရိပ်သာလမ်း အထည်အလိပ် ရုံးချုပ်မှာ ဖြစ်သည်။ သူ့စက်ရုံကို ပြည်သူပိုင် မသိမ်းမီကပင် အစိုးရက ဝင်ရောက်ကြီးကြပ်နေခဲ့ပြီးဖြစ်ရာ (ပြည်သူပိုင်သိမ်းတာ ၁၉၆၈၊ ဒီဇင်ဘာမှာပါ။) သူ့ကို သူ့စက်ရုံမှာထားလျှင် ဟိုအလုပ်သမားမြှောက်ပေး၊ ဒီအလုပ်သမားကို





မြှောက် ပေးနှင့် ပြဿနာမီးမွှေးသည်၊ တိုင်စာတွေ ဟိုပို့-ဒီပို့လုပ်သည်ဆိုကာ (တကယ်တော့ ဦးအေးမောင်က တော်လှန်ရေးကောင်စီဥက္ကဋ္ဌထံသို့သာ လိပ်မူ တိုင်ပြီး ဝန်ကြီးလောက်ကို မိတ္တူမျှသာ ပို့ပါသည်။) ဗိုလ်မှူးကြီးမြသောင်းက မျက်စိအောက် ခေါ်ထားမှဖြစ်မည် တွေးပြီး ရုံးချုပ်သို့ ခေါ်ထားခဲ့၍ ကျွန်တော်နှင့် ရေစက်ဆုံခြင်း ဖြစ်ပါ၏။ ကျွန်တော်က သာဝတ္ထိသားဆိုတော့ လယ်ဝေး တစ်နယ်သားချင်းပဲဟူသည့် သံယောဇဉ်ဖြင့် ကိုတင်ဦး ကျုပ်ကို ခင်ဗျားတို့ ဆိုရှယ်လစ်ပါတီထဲ ဝင်ခိုင်းတာနဲ့ ကျိုက္ကဆံကွင်း ချီတက်ခိုင်းတာသာ မလုပ်နဲ့၊ ကျန်တဲ့ကိစ္စတွေ ခင်ဗျားနဲ့ ပေါင်းလို့ရတယ် (ထိုစဉ်က ရုံးပါတီစိတ် ကော်မတီမှာ ကျွန်တော်က အဖွဲ့ဝင်) ဟု ဆိုကာ ကျွန်တော့်အား ငွေလိုက ကျပ် ၅၀၀ အထိ အချိန်မရွေး ထုတ်ပေးမည်ဟုလည်း ကတိပေးထားပါသည်။ ထိုစဉ်က ရွှေဈေး ၃၈၀/-ပါ။) သူ့မှာအရ အလကားတော့ကား မပေး။ ဘယ် အချိန်မှ ပြန်ဆပ်ဆပ်၊ ပြန်ဆပ်ဖို့တော့ ကတိပေးရသည်။ ကျွန်တော်လိုလို့ တောင်းတိုင်းလည်း သူ့ကတိအတိုင်း ထုတ်ပေးပါသည်။ [illegible]န်တော် လောင်းကစားလုပ်တတ်မှန်း သိလျက်နှင့် ထုတ်ပေးခြင်း ဖြစ်ပါသည်။

တစ်နေ့သော် ကျွန်တော်တောင်းသည့် ပိုက်ဆ[illegible]ထုတ်ပေးရင် ကိုတင်ဦး အခု ခေါက်ဆွဲတစ်ပွဲ ဘယ်လောက်လဲတဲ့။ (သူ ကျွန်တော့်အဖေထက် အသက်အတန်ကြီးပေမဲ့ မင်းနဲ့ငါနဲ့ သုံးနှုန်းမပြောပါ။) ၆ ကျပ်ပါ။ ခင်ဗျား သုံးပွဲကုန်သလား။ ဟာ...အန်ကယ်ကလည်း ဘယ်ကုန်မှာလည်း။ ကုန်လိုက်ဗျာ။ စားပစ်လိုက်စမ်းပါ။ ခင်ဗျား ၁၈ ကျပ်ပဲ အလွန်ဆုံးကုန်မယ်တဲ့။

ရမ်တစ်ပုလင်းရော အခု ဘယ်လောက်လဲဗျ။ အရင်ကတော့ ၁၆ ကျပ်ပဲ။ အခု ၃၀ ကျပ် ဖြစ်သွားပြီ။ ခင်ဗျ[illegible] သုံးပုလင်းကုန်သလား။ ဟာ...အန်ကယ်ကလည်း ဗိုလ်မှူးကြီးသောင်း[illegible]ဟာင် မကုန်ဘူး။ သောက်ပစ်စမ်းပါဗျာ သုံးပုလင်း၊ ခင်ဗျား ငွေ ၉၀ ပဲ ကုန်မယ်။ အမြည်းလေးစားလိုက်ဦး တစ်ရာပေါ့။

ကဲ...အခု ကျုပ် ခင်ဗျားကို ငွေ ၁၀၀၀/-ပေးမယ်။ (တကယ်တော့ မဟုတ်ဘူးနော်။ တကယ်ပေးမှာက ၅၀၀/-ပဲ။ စိတ်ကူးနဲ့ ပေးကြည့်တာ[illegible]ဗျာ။) ခင်ဗျား ဂျင်သွားထိုးချေ။ မတိုက်ရင် ဘယ့်နှယ်နေမလဲ။ မတိုက်[illegible]တော့ ကုန်မှာပေါ့ အန်ကယ်ရာ။ ကဲဗျာ...အဲဒီလိုဆို တစ်သောင်[illegible]သွားဦး၊



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ကောင် ချအောဗျာ၊ ဘယ်နှယ်နေမလဲ။ ချအောတာ နှစ်ချက်ဆင့်တိုက်ရင် တစ်သိန်းကျော်၊ လေးချက်ဆိုရင် ဆယ်သိန်း ဘယ်ကမလဲ။ မတိုက်ဘူးဆိုပါတော့ဗျာ။ အဲဒီတစ်သောင်း ဘယ်လောက်ကြာခံမလဲ။ ဒါတော့ အန်ကယ်ရယ်ဂျင်တစ်ခါလှည့် ၅ မိနစ်၊ ၁၀ မိနစ်ပေါ့။

အေးဗျ။ ငွေတစ်သောင်းရဖို့ အကြာကြီး ရှာဖွေစုဆောင်းလာရပေမဲ့ ကုန်ချင်ရင် ခဏလေးပဲ။ ဒါပေမဲ့ အားမလျှော့ပါနဲ့ဦး။ ရော့ တစ်သိန်း။ သွားထိုးလိုက်ပါဦး။ မတိုက်ခဲ့ဘူး အယ်ကယ်ရေ။ ကမာရွတ်က ကိုစိန်အေးက ကျွန်တော့်ထိုးပေါက်သိနေတော့ အထပ်တွေချည်း လှည့်သွားတာ ကြွေကလည်း အသံမဝင်ဆိုတော့ ကုန်ခဲ့ပြီ။

အေးဗျာ...ကျုပ်လည်း ခင်ဗျားကို ထပ်မပေးနိုင်တော့ဘူး။ ကျုပ်စက်ရုံကိုလည်း သူတို့ပြည်သူပိုင်သိမ်းလိုက်ကြပြီ။ မသိမ်းသေးလို့ စက်ရုံရော မြေကြီးပါ ခင်ဗျားကို ချွတ်ပေးလိုက်ရင်လည်း မတိုက်ရင် ကုန်မှာပဲ။ လေးကောင်ဂျင်ဟာ အလွန်မွဲလွယ်တယ်။ အစားကျူးသူ 'စု' ဖြစ်ခဲတယ်။ သို့သော် အသောက်ကျူးလောက် မဆိုးဘူး။ အသောက်ကျူးသူဟာ အစားကျူးသူထက် ငွေကုန်ကြေးကျများတဲ့အဖြင့် ဝီရိယနှင့် စီးပွားရှာဖို့လည်း လစ်ဟင်းသွားလို့ စီးပွားမဖြစ်နိုင်တော့ဘူး။ အေး...လောင်းကစားကျူးသူကတော့ အချိန်တိုအတွင်း ကုန်းကောက်စရာမရှိအောင်လည်း မွဲနိုင်တယ်။ ခင်ဗျားက သောက်လည်းသောက်၊ ကစားလည်း ကစားဆိုတော့ စီးပွားမဖြစ်ဖို့ စာချုပ်ပြီးသား ဖြစ်သွားပြီ။ ဒါ ညီအစ်ကိုလိုစိတ်နဲ့ ခင်ဗျားကို ပြောတာ။ ခင်ဗျားလိုရင် ကျုပ် ကတိအတိုင်း ငါးရာအထိတော့ ကျုပ်က ပေးနေဦးမှာပဲနော်။ အဲဒီအတွက် တွန့်တိုလို့ပြောတာမဟုတ်ဘူး။ ခင်ဗျားက ကိုယ့်ကိုယ်ကို ဖျက်နေလို့သာ၊ ပြင်နိုင်ရင် လူကောင်းဖြစ်နိုင်တဲ့ အခြေခံတွေ ခင်ဗျားမှာ ရှိနေသေးတယ်။

ဤကား လွန်လေပြီးသော အနှစ်သုံးဆယ်ကျော်က ဦးအေးမောင်၏ စကား။ ယခု သူကား မရှိတော့ပြီ။ ကျွန်တော်ကတော့ သူ့ထက် အများကြီး ငယ်လေတော့ အသက်နှင့်ကိုယ် မြဲနေပါသေး၏။ ဦးအေးမောင် ပြောခဲ့ဖူးတဲ့ စာချုပ်နှင့်လူဆိုတော့ (စတိုင်သစ်ရေးပို့လိုက်တဲ့ စာထဲက စကားအတိုင်း) စီးပွားရေးကား အခြား ကုန်းကောက်စရာမရှိတော့၍ မနက်မနက် ကလေးတွေ စာသင်ပြီး ပြန်ထွက်သွားကြသည့်အခါ ကျကျန်ရစ်ခဲ့ကြသည့် ခဲတံလေးတွေ၊





ဘောပင်လေးတွေလောက်သာ ကုန်းကုန်းကောက်နေရသည့် ဘဝ ဖြစ်ပါ၏။

ဒါက လောင်းကစားလို့ ရုပ်ဝတ္ထုမွဲပုံ ဖြစ်သည်။

လောင်းကစားကျူးသူများ အဲဒီထက် ဆိုးသည့် စိတ်ဝတ္ထုလည်း မွဲတတ်ပါသည်။ ကစားတာရှုံးတော့ ကြွေးတင်သည်။ ကြွေးသည် ဝန်နှင့်အားမမျှအောင်လည်း ဖြစ်လာတတ်သည်။ ကြွေးတင်ရင် (ယခုအခါ ရှင်ဘုရင်လည်း ရှိတော့သည်မဟုတ်၍) ဘယ်ရှင်ဘုရင်ကမှ ဆပ်မပေးပါ။ 'ကြွေးထူတော့မပူ၊ သန်းထူတော့ မယား' ဟူသော စကား ဟုတ်သယောင်ယောင် ထင်ရသော်လည်း တကယ်က ကြွေးထူလာလျှင် သောကပူပန်မှုတွေဖြင့် အမျိုးမျိုးတွေး၍ ထွက်ပေါက်အဖြေရှာကြည့်သည့်အခါ ဘာမှမတွေ့နိုင်လောက်အောင် ဖြစ်သွားတော့ ပုရတာလမ်းဆုံးသကဲ့သို့ ဖြစ်သွားခြင်းပင်။ အပူလွန်၍ ဦးနှောက်မှာ 'အဲနာဂျီ' ကုန်ခမ်းသွားကာ ဘာမှမတွေးတတ်အောင် ဖြစ်သွားခြင်းပင်။ ထိုအခါ သေမထူး နေမထူး စိတ်မျိုးတွေအထိ ပေါက်သွားတတ်ပါသည်။ တပည့်ကလေးတစ်ယောက်သည် လွန်ခဲ့သော တစ်နှစ် နှစ်နှစ်က ကစားဝိုင်းမှာ ငွေနှစ်သိန်းလောက် ရှုံးပစ်ခဲ့တော့ (နွားလေးတစ်ရှဉ်းလောက်နှင့် မြေကလေး နှစ်ဧကသုံးဧကလောက်မှာ ကြက်ယက်သလို ရှာစားရသူများအဖို့ နည်းလှသော ပမာဏမဟုတ်သဖြင့်) စိတ်ဝတ္ထုပါ မွဲသွားကာ ကိုယ့်ဘာသာ အဆုံးစီရင်မိသည်အထိ ဖြစ်သွားခဲ့ပါသည်။

လောင်းကစားကျူးသူများ ကောင်းသော ကျော်စောသတင်း နည်းပြီး မကောင်းသတင်းနှင့်သာ ထင်ရှားတတ်လေသည်။ မန္တလေးမှ ကစားဒိုင်ကြီးတစ်ဦးသည် အရပ်ထဲကဘုရားမှာ အလှူငွေထည့်၊ မြသပိတ်ပိုက်ပြီး ဘုရားကိစ္စတွေလုပ်တာကို လူတွေက မသိကြ၊ သူ့ကစားဝိုင်းကိုသာ အသိများလေသည်။

လောင်းကစားမှု ပြုသူများတွင် ပထမသော် ဝါသနာအရ စီးပွားရေးအရဟူ၍ အခြေခံချင်း ကွဲနေတတ်သည်။ ကြာသော် ဝါသနာနှင့် စီးပွားရေး ရောထွေးသွားတတ်ပါသည်။ အချို့သူများ စီးပွားရေးကျပ်တည်းလို့ ကစားခြင်းမဟုတ်ဘဲ ဝါသနာအရ ကစားတာ ဖြစ်သော်လည်း အရှုံးများသော် စီးပွားရေးကျပ်တည်းသွားကာ လေ့မျော လေ့နှင့်လိုက်၊ ငွေမျော ငွေနှင့်လိုက် ဖြစ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကစားသမားများ လက်ကြောတင်းအောင် မလုပ်ချင်ကြ။ ကျွန်တော် အထက်တန်းစာရေးဘဝက တစ်နေ့ရှစ်ကျပ်သာရ၏။ ကစားဝိုင်းသွားသော် ငွေတစ်ဆယ် အလွယ်နှင့်ရ၏။ ကစားသမားက အဲသလိုယှဉ်တွေးကာ ချွေးနှင့် သန်နှင့် အလုပ်ကို အိပ်မက်ထဲ မမက်ပါ။ ကိုယ့်လက်ထဲ၌ပင် ငွေမရှိသော်လည်း ဖျာပေါ်၌ ငွေတွေ မြင်နေတော့ ငွေကို အလွယ်ရနိုင်သည်ထင်ကာ ပိုက်ဆံကို မရှိမသေပြုတတ်ကြ၏။ ပိုက်ဆံသရဏံဂစ္ဆာမိ လုပ်နေဖို့ပင် မဟုတ်သော်လည်း သူ့ကို နည်းနည်းပါးပါးတော့ လေးစားမှ သင့်ပါသည်။ သူခင်မှ ကိုယ်ကြင်ဟူဘိသို့ ပိုက်ဆံက သူ့ကို မခင် မရှိသေသူထံ၌ မနေလိုချင်။ ကိုယ့်ကို မကြင်မှန်း၍ သူ့ကို ခင်သူများထံသို့သာ ပြေးရောင်ပုန်းသွားတတ်ပါသည်။

ထို့ကြောင့် လောင်းကစားကျူးသူ မွဲတတ်တယ်ဆိုတာ စိတ်ချလက်ချ ယုံသင့်ပါသည်။ ခင်ဗျားက ထိုးသားကိုး၊ မွဲမှာပေါ့။ ဒိုင်လုပ်ပါလားဟု ပြန်ပြီး အကြံမပေးချင်ပါနှင့်။ အဲဒါလည်း စိတ်မချရ။ မုံရွာက ဂျင်ဒိုင်တစ်ဒိုင် ကျောက်သပိတ်သို့ ၂ နှစ်ခွဲ ၃ နှစ်လောက် လာကစားရာ (၁၉၈၀ မတိုင်ခင်က ငွေကြေးနဲ့) သိန်း ၆၀ လောက် ကုန်သွားကြောင်း ကြားသိရဖူးသည်။ ရန်ကုန် ဖိုးစိန်လမ်းမှာ ကျွန်တော်နှင့် 'ဆင်ဂယ်ဖိုက်' လုပ်ခဲ့သည့် ဒိုင်ကြီး မှာ သူ့တပည့်အလုပ်သမား အစိတ်သုံးဆယ်နှင့် တစ်နေ့လျှင် အနည်းဆုံး ၁၂ ဒိုင်မျှ ရန်ကုန်တစ်မြို့လုံး ဖြန့်လွှတ်ကာ ကစားနေသော ဒိုင်ဇရာမကြီးတစ်ဦးပင်။ သူ ဖိုးစိန်လမ်းထဲက တိုက်နှင့် ခြံကို ရောင်းပစ်ပြီး တောဆင်းသွားရကြောင်း ကြားထားမိခဲ့တာ ၁၀နှစ်မကတော့ပြီ။

လောင်းကစားကျူးခြင်းသည် ဘဝအောင်မြင်မှုတွင် ကြီးမားသော အတားအဆီးဖြစ်သည်။ ကျွန်တော်သာ လောင်းကစား ဝါသနာကို ထိန်းချုပ်နိုင်က စာရေးဆရာဖြစ်လိုသော် လွန်ခဲ့သော အနှစ်သုံးဆယ်ကတည်းက ဖြစ်နေခဲ့လောက်သည်။ စာရေးဆရာဆိုတာ မွဲတာမျိုး ဆိုပြီး မဖြစ်ချင်ကလည်း ယခုထက်တော့ အခြေတင့်တင့် အနေမြင့်မြင့် ရှိနေမှာ မုချဖြစ်သည်။ ကစားဝိုင်းမှာ တွေ့ကြရင်း ရင်းနှီးသွားမိရာမှ ကျွန်တော့်အား သူ့ဇာတ်ကြောင်းကို ပြန်ပြောပြဖူးသော တပ်မတော်အရာရှိဟောင်းတစ်ဦးမှာ တစ်ချိန်တုန်းက စစ်ပြန် စစ်မှုထမ်းဟောင်းညီလာခံမှာ နိုင်ငံအကြီးအကဲဖြစ်သူက တပ်မတော်





ထူထောင်ခဲ့ရပုံတွေ ပြန်ပြောင်း ပြောပြသည့် အထဲတွင် နာမည်တပ်၍တောင် ဂုဏ်တင်အပြောခံရသူတစ်ဦး ဖြစ်သည်။ ဘာမဟုတ်တဲ့ လောင်းကစားကိစ္စလေးနှင့် အလုပ်ထိခိုက်ခဲ့ရလေသည်။ ထိုပုဂ္ဂိုလ်သာ လောင်းကစား၌ ဝါသနာ မထုံမိခဲ့လေက စောစောကာလကပင် တပ်မတော် (ရေ) ၌ အကြီးဆုံးရာထူး အထိ ရောက်နိုင်ခဲ့လောက်ပေသည်။

နပိုလီယန်ဟီးလ်၏ 'တွေးကြံ၍၊ ကြီးပွားချမ်းသာပါ'ဟူသော စာအုပ်တွင် ဘဝမအောင်မြင်မှု၏ အခြေခံအကြောင်းများကို အချက် (၃၀) ရေတွက်ပြထားသည်။ ၁၂ ချက်မြောက်သည် လောင်းကစားစိတ်ရှိခြင်း ဖြစ်သည်။ တန်ရာတန်ကြေးမပေးချင်ဘဲ အလကားလိုချင်ခြင်းသည် ကြီးပွားမည့်သူတို့၏ လက္ခဏာမဟုတ်ပါ။

လူတစ်ဦး၏ ကြီးပွားအောင်မြင်မှုမှာ လောင်းကစားစိတ်က ပိတ်ဆို့တတ်သည်ဆိုလျှင် လူမျိုးနှင့် ချီ၍ စဉ်းစားလျှင်လည်း အလားတူ အဖြေပင် ရသင့်လေသည်။

ကျွန်တော်နှင့် ထိတွေ့ဆက်ဆံမိကြသူတို့တွင် ကျွန်တော်၏ အခြားကောင်းတဲ့အရာလေးတွေကို အသိအမှတ်ထားတတ်သူများလည်း အတန်အသင့်ရှိကြပါသော်လည်း (ဒါပေမဲ့)ဟူသော ခြွင်းချက်စကားလေးနှင့် ဖြစ်ပါသည်။ ထိုစကားမျိုး ကြားရသည့်အခါ ကြွေ့ခြောင်ကာ ဟန်လုပ်၍ ပြုံးပြလိုက်ရပါသော်လည်း ကျွန်တော့်အတွင်းစိတ်မှာတော့ မလုံမလဲနှင့် သိမ်ငယ်မိသလိုလည်း ဖြစ်,ဖြစ်သွားရပါသည်။

သို့ရာတွင် ယခုအခါတွင်မူ လက်ဖက်ရည်ဆိုင်မှာ ဟိုနေရာ ဒီနေရာမှာ ကျွန်တော်ကပင် 'အဘ' ခေါ်ကာ ထိုင်ရှိခိုးရမည့်သူမျိုးတွေပဲ တွေ့တွေ့နေရတာများတော့ ငါ သိမ်ငယ်ဖို့ မလိုတော့ဘူးကွလို့ လက်ခမောင်းပဲ ထ,ခတ်ရတော့မလိုလို၊ ကျွန်တော် ကြွေးပူတွေကြောင့် ရန်ကုန်မှ ထွက်ကာ နယ်သို့ ပြန်၍ ငွေလိုက်ရှာပြီး ပြန်အရောက်မှာ လူမှန်းမသိတသိ အရွယ်မျှသာ ရှိသေးသည့် သမီးဦးလေးက 'အဖေ၊ အဖေ မရှိတုန်း၊ သမီးတို့ ဆန်ပြုတ်ချည်း ပြုတ်သောက်နေခဲ့တာ'ဟု ပြောရင်း ဖအေကို ဝမ်းသာအားရ ပြေးလာဖက်သော သမီးကလေးကို ကြည့်ပြီး ကျွန်တော် ဆို့နင့်သွားခဲ့မိတာကို ပြန်ပြောင်းစားမိပြီး မျက်ရည်ပဲကျရုံတော့မလိုလိုနှင့် ဘယ်လိုစာဖွဲ့ရမှန်းတောင် မသိတော့ပါ



www.burmeseclassic.com

www.burmeseclassic.com



လေ။

လက်ဖက်ရည်ဆိုင်မှာ ဒေါက်တာလွှမ်းဆွေပြောလိုက်သော စကားမှာ သူ့အဖို့တော့ ပေါ့ပေါ့ပါးပါးပါပဲ။ ဒါပေမဲ့ ဒီထမင်းစား,ရေသောက်ကိစ္စကျတော့မှ ကျွန်တော့်မှာ အရေးရခက်လို့နေပါဘိတော့တကား။

[မြားနတ်မောင်၊ ၁၀/၂၀၀၀]



# သမိန့်ဗရမ်း တစ္ဆေအကိုက်ခံရခြင်း

ကျွန်တော် ငယ်စဉ် ခြောက်တန်းကျောင်းသားအရွယ်တုန်းက ည,ညသာဝတ္ထိသို့ အင်္ဂလိပ်စာသင်ဖို့ ကိုယ့်ရွာက လာလာပြီး ညအိပ်ရပေရာ တစ်နေ့မှာ တမင်ပင် မိုးချုပ်မှောင်အောင် စောင့်၍ လာရိုးလမ်းအတိုင်းမလာဘဲ လူဆက်လည်းဝေးသော နေရာမှာရှိသည့် သင်္ချိုင်းကုန်းတစ်ခုထဲက ဖြတ်၍ လာခဲ့ဖူးပါ၏။ ရည်ရွယ်ချက်မှာ သရဲ,တစ္ဆေအမှန်ရှိက သရဲ,တစ္ဆေကို တွေ့ရဖို့များသည့်နေရာမှာ တွေ့ခွင့်ရအောင် ဖြစ်ပါ၏။ သို့ရာတွင် ကံဆိုးချင်လို့လား မသိပါ။ ဘယ်သရဲ ဘယ်တစ္ဆေနှင့်မှ မတွေ့ခဲ့ရဖူးပါ။ တမင်ပင် မဟုတ်သော်လည်း ကြောက်တတ်သူတို့ ကြောက်လောက်သည့် တောထဲမှာ ရှိသည့် သင်္ချိုင်းကုန်းနားကပ်၍ သွားရသည့် လမ်းခရီးမျိုးကိုလည်း လမိုက်ညမျိုးမှာ ဓာတ်မီးတို့ ဘာတို့လည်း မပါဘဲ တစ်ကြိမ်မျှမက ညဉ့်နက်သန်းခေါင်လို ကာလမျိုးမှာ ဖြတ်သွားဖြတ်လာလည်း ပြုဖူးပါ၏။ သရဲ,တစ္ဆေကို မတွေ့ဖူးပါ။

သို့ရာတွင် ထူးခြားသော အနံ့အသက်တို့ (အမွှေးနံ့ရော, အပုပ်နံ့ပါ) အကြိမ်ကြိမ် အံ့သြဖွယ်ရဖူးခြင်း၊ မာကျူရီမီးလုံး အကြီးစားများ ကောင်းကင်မှာ ချိတ်ဆွဲထားပြီး လှုပ်ယမ်းပေးနေသကဲ့သို့ မီးလုံးများ ထက် အောင်၊ သေးတိုက်ရွေ့လျား ကစားနေတာကို မြင်ဖူးခြင်း၊ လူသူပြတ်သည့် ဘုရားမှာ ၇ နာရီလောက်မှ မိုးလင်းတတ်သည့် ဇန်နဝါရီလကုန် ရက်ပိုင်းမျိုး၌

www.burmeseclassic.com



နှင်းတွေပိတ်နေသော နံနက်စောစော ၅ နာရီ အချိန်လောက်တွင် ကျွန်တော် ပုတီးစိပ်နေစဉ် အသက် ၁၉/၂၀ အရွယ် မိန်းမပျိုလေးတစ်ဦး၊ အဖော်မပါဘဲ ပန်းဆီမီးလာ၍ ကပ်လှူနေတာကို ထူးဆန်းစွာ မြင်ဖူးခြင်း စသော သဘာဝ ယုတ္တိလွန် အခြင်းအရာများကိုကား ကြုံဖူးပါ၏။

ဆေးပညာဆိုတာ သိပ္ပံပညာကို အခြေခံသော ပညာရပ်တစ်ခုဖြစ်သည်။ သိပ္ပံပညာသမားဟု ဆိုထိုက်သော ဒေါက်တာအုန်းမောင်သည် မဂ္ဂဇင်းတစ်ခုထဲ၌ (ကလျာတွင် ထင်သည်) သရဲ၊တစ္ဆေဆိုင်ရာ သူ့ကိုယ်တွေ့တွေကို ရေးပြနေတာ ဖတ်ရသည်။

ယခုရေးမည့်စာသည် တစ္ဆေ့ရှိမရှိ ငြင်းဖို့ရေးမည့်စာ မဟုတ်၊ တစ္ဆေသည် လက်သီးဆုပ်လောက်ရှိ၏။ သရဲသည် လျှာကြီးက ငှက်ပျောရွက်လောက်၊ နားရွက်ကြီးက ဖျာလောက်...စသည်ဖြင့် စာဖတ်သူများ မျက်စိထဲ မြင်လာအောင် သရုပ်နှင့်တကွ ရေးပြဖို့ကား (ကျွန်တော်ကိုယ်တိုင်လည်း မမြင်ဖူးသဖြင့်) အခက်အခဲရှိပါသည်။ အကယ်၍ နိဗ္ဗာန်ဝည်းဟူသော အငြိမ်းဓာတ်ကို ဉာဏ်ဖြင့် မြင်၍ မျက်မှောက်ပြုဖို့သာ အာရုံရှိပါမူ သရဲ၊တစ္ဆေတွေထားလို့၊ နတ်၊ ဗြဟ္မာတွေကိစ္စ စဉ်းစားနေတာတောင် အချိန်ကုန်ပါသေးသည်။ ဖြစ်နိုင်လျှင် ရုပ်ဓမ္မ၊နာမ်ဓမ္မတို့၏ သဘောအမှန်ကို သိအောင်သတိနှင့် စောင့်ကြည့်နေခြင်းသာလျှင် အချိန်ကို အကျိုးရှိစွာ ကုန်လွန်စေခြင်း မည်ပေလိမ့်မည်။

ယခုသော် ကျွန်တော်က သို့နှယ် သတိလေးနှင့် ကိုယ့်ခန္ဓာကို စောင့်ကြည့်နေဖို့ကိစ္စမှာ သဒ္ဓါနှင့် အပျင်း လွန်ဆွဲရာ အပျင်းကနိုင်သဖြင့် ပျင်းပျင်းနှင့် ဒေါက်တာနိုင်ပန်းလှစာအုပ်ဖတ်ရင်းမှ သမိန်ဗရမ်း တစ္ဆေ (ဝါ) သရဲအကိုက်ခံရသည့်အကြောင်း တွေ့လိုက်ရလို့ ဤစာကို ရေးဖြစ်သွားရပါသည်။

သမိန်ဗရမ်းကိုတော့ လူတိုင်းနီးပါ သိကြမည်မလွဲပါ။ သမိန်ဗရမ်းဆိုတာ ရာဇာဓိရာဇ် အားကိုးရလှသော သူရဲကောင်းတစ်ဦး မဟုတ်ပါလား။ ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းလာ သူ့အကြောင်းကို လိုသလောက် ထုတ်နုတ်၍ ချုပ်ပြောရသော် သက္ကရာဇ် ၇၇၃ (သို့မဟုတ် ၇၇၄) မှာ မင်းရဲကျော်စွာ သိန္နီသို့သွား၍ တိုက်နေသည်ကြားတော့ ရာဇာဓိရာဇ်က ပြည်ကို [illegible]ဟိုက်သည်။ ပြည်စား လဏ္ဍာပျံချီ မြို့တွင်းက အခိုင်နေ၍ လုပ်ကြံမရ။ သူ့သားတော် ဗညား ပုသိမ်မြို့ပြင်ကသာ ရံထားရသည်။ သည်အခါ အင်းဝက ဘုရာမင်း





ခေါင် ဆင် ၃၀၀၊ မြင်း ၆၀၀၀၊ ဗိုလ်ပါ ၇ သောင်းနှင့် ချီလာ။ မွန်ဘက်က ဥပါကောင်းတို့ကလည်း တပ်တည်, ဆီးခံ၍ သား မင်းရဲကျော်စွာကိုသာ စောင့်နေရသည်။ မင်းရဲကျော်စွာ အင်အား ၁ သိန်း ၂ သောင်းကျော် ရှိသည့် ရေတပ်ကြီး ဖွဲ့စည်းပြီး ဆင်းလာတော့ မွန်တို့ ကြံ့ကြံ့ခံဖို့ မလွယ်။ သမိန်ဗြာဇ္ဖလည်း နာမကျန်း၍သေ၊ လဂွန်းအိမ်လည်း လေချင်း စီးချင်းထိုးရာမှာ ကျဆုံးမို့ ရာဇာဓိရာဇ်သည် ယက်ရိုးတွေ ပြုတ်ကုန်သဖြင့် ကြည်းကြောင်းက ပြေးဟန်ဖြင့် ရေကြောင်းက စုန်ပြေးသည်ကို မင်းရဲကျော်စွာက ကြည်းကြောင်းကလိုက်ရာ ဗညားကျန်းနှင့် သမိန်ဗရမ်းတို့၏ တပ်များနှင့် ရင်ဆိုင်တိုးသည်။ နှစ်ဖက်တပ်များ အသေအလဲတိုက်ကြရင်း သမိန်ဗရမ်းစီးသောဆင် ဆဒ္ဒန် (ဗကမတ်) တွင်းနက်ထဲသို့ ကျသည်နှင့် အင်းဝသို့ သုံ့ပန်းအဖြစ် ပါသွားရလေသည်။

ကာမဏိနှင့် စီးချင်းထိုးကြသော ရာဇဝင်ကိုကား စာဖတ်သူတို့ သိပြီးဖြစ်ကြပါသည်။

ဒေါက်တာနိုင်ပန်းလှ၏ စာအုပ်အရ သမိန်ဗရမ်းသည် ကာမဏိကို အနိုင်ထိုးနိုင်သဖြင့် ဘုရင်မင်းခေါင်က သမီးတော် ရာဇဓိတာနှင့် စုံဖက်ကာ အိမ်ရှေ့အရာပေးသဖြင့် အင်းဝမှာ အိမ်ရှေ့အရာနှင့် နေရသေးသည်။ သားတစ်ယောက်ပင် ရသေးသည်။ တကယ်တော့ သမိန်ဗရမ်းက အိမ်ရှေ့အရာကို ယူချင်သည်မဟုတ်။ အမျိုးမျိုးစဉ်းစားပြီး သည်ဟာကို လက်ခံသည်ကမှ ဟံသာဝတီသို့ ရောက်ခွင့်ရောက်လမ်း ရှိသေးသည် တွေးကာ လက်ခံခဲ့ခြင်း ဖြစ်၏။ သို့ရာတွင် ချွင်းချက်နှင့် လက်ခံခဲ့ခြင်း ဖြစ်၏။ ချွင်းချက်ကား (၁) သူ့ကို ဘယ်အခါမှ ကျွန်ဟု မခေါ်ရနှင့် (၂) အင်းဝသို့ ရာဇာဓိရာဇ် စစ်ချီလာလျှင် ဘယ်သူ့ကိုမှ စစ်မပြုလို၊ ကြားနေခွင့်ပေးရန် ဟူ၍ ဖြစ်ပါသည်။ ဘုရင်မင်းခေါင်ကလည်း သဘောတူပါ၏။ သို့[illegible]တွင် တစ်ခါတွင်မူ ဘိုးတော်ဘုရင်[illegible]ခေါင်၏ ဆံပင်ကို မြေးကလေး (သမိန်ဗရမ်းသား) က ဆွဲသည်ကို နာသွား[illegible]သည်နှင့် 'သည် ကျွန့်သားကတော့ ကြာလျှင် မင်းရဲကျော်စွာနေရာကို ယူချေဦးမည်'ဟု အမှတ်မဲ့ ဆိုမိလေသဖြင့် သမိန်ဗရမ်း က မင်းခေါင်သစ္စာ[illegible]ပြီ မနေထိုက်တော့ဟု တွေးပြီး တစ်ညမှာ ကာမဏိနှင့် စီးချင်းထိုး[illegible] မြင်းမကိုပင် စီးလျက် ဟံသာဝတီသို့ ထွက်ပြေးခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာဇာဓိရာဇ်လည်း ဝမ်းသာကာ ဒုန်ဝန်းကို စားစေ၏။

နောင် ရာဇာဓိရာဇ် နတ်ရွာစံသော် သားတော် ဗညားကျန်းသည် သုဒေါဓမ္မရာဇာဓိရာဇ် (မြန်မာရာဇဝင်၌ ဓမ္မရာဇာ) ဘွဲ့ခံ၍ နန်းတက်သည်။

ဒုန်ဝန်းစား သမိန်ဗရမ်းသည် ဟံသာဝတီတွင် စံသည့် သုဒေါဓမ္မရာဇာဓိရာဇ်ထံသို့ နေ့စဉ်မှန်မှန် အခစားရောက်သည်။ ဒုန်ဝန်းမှ နံနက် မိုးသောက်ထွက်လာပြီးလျှင် ညချမ်းအချိန်တွင် ဟံသာဝတီမှ မြင်းဒုန်းစိုင်း၍ ဒုန်ဝန်းသို့ ပြန်မြဲဖြစ်၏။

တစ်နေ့သ၌ ဣဿာယဂါမရွာသို့ ဓားပြဝင်တိုက်ရာ ဓားပြဗိုလ်ကို ရွာသားတို့ ဖမ်းမိပြီး ရင်ကိုခွဲကာ အလောင်းကောင်ကို ရွာပြင် တောလမ်းခရီး၌ လူသူအများမြင်စေရန် တံကျင်ဖြင့် သီ၍ ချိတ်ဆွဲထားကြသည်။

သမိန်ဗရမ်း ဟံသာဝတီမှ ပြန်လာရာ နေဝင်ရီတရောအချိန်၌ ဣဿာယဂါမရွာသို့ ဆိုက်ရောက်သည်။ တောလမ်းကို ဖြတ်သန်းသွားစဉ်'ဟယ်... သမိန်ဗရမ်း နင့်မြင်းကို ငါလည်းစီးချင်လို့ ငါ့ကိုလည်း တင်သွားပါ'ဟူသော အလွန်ထူးဆန်းသော အံ့သြဖွယ်စကားသံကို ကြားရလျှင် ကြက်သီးမွေးညင်း ဖျန်းဖျန်းထသွားသည်။ 'သည်တောထဲတွင် ငါ့နာမည်ကို တပ်ပြီး ဘယ်သူတစ်ဦးတစ်ယောက်က မထီလေးစား ခေါ်လိုက်ပါသနည်း' ဟု စိတ်တွင် ဇဝေဇဝါဖြစ်ပြီး မြင်းဇက်ကြိုးကို တုံ့လျက် ကြည့်လိုက်သည့်အခါ တံကျင်ဖြင့် သီထားသော အလောင်းကောင်ကိုမြင်မှ တစ္ဆေခြောက်ကြောင်း သိရသည်။

ဒေါသလည်းထွက်ကာ 'ဟယ်...ဓားပြဆိုး၊ နင့်ရင်ကို သူတို့ခွဲလိုက်လို့ နင်သေနေပြီ၊ ဘာကြောင့် နင် မသွားသေးဘဲ ငါ့ကို ခြောက်လှန့်ရသနည်း' ဟု အော်ငေါက်ရင်း ဓားရှည်ဆွဲ၍ ဓားပြခေါင်းကို ဖြတ်၊ ခေါင်းမြေသို့ မကျမီ ဆံရှည်ကို ဆွဲ၍ မြင်းဇက်နံဘေးမှာ ချိတ်၍ မြင်းကို ဒုန်းစိုင်းလာခဲ့သည်။ ထိုစဉ် ခေါင်းပြတ်သည် ရှေ့နောက် လူးလာလှုပ်ရှားပြီး မကြာမီ သမိန်ဗရမ်း၏ ဒူးခေါင်းကို မြဲမြဲစွာ ကိုက်လျက်သား ဖြစ်သွားတော့သည်။

သမိန်ဗရမ်း အမျိုးမျိုး ဆွဲဖြုတ်၏၊ မရ။ ကိုက်မြဲ ကိုက်ထားသည်။ စိတ်မရှည်နိုင်တော့၍ ဓားနောင့်ဖြင့် ရိုက်ချလိုက်မှ ခေါင်းပြတ် မြေသို့ကျ၏။ သို့ရာတွင် ဒူးခေါင်းတွင် သွားသုံးချောင်း စူးဝင်နေ၏။ ဒုန်ဝန်းသို့ ရောက်လျှင် ချက်ချင်း သမားတော်များကို ခေါ်၍ ကုစေသော်လည်း မရ။ အနာအဆိပ်





အတောက် ဖြစ်သဖြင့် ကုမရဘဲ သုံးရက်မြောက်တွင် သမိန်ဗရမ်း အနိစ္စ ရောက်ရလေ၏။

သမိန်ဗရမ်း တစ္ဆေကိုက်ခံရခြင်းကို ဆရာကြီးသခင်ကိုယ်တော်မှိုင်း စာတစ်ပုဒ်တွင် ဖတ်ဖူး,မဖတ်ဖူး မမှတ်မိတော့ပါ။ ယခု ဒေါက်တာနိုင်ပန်းလှ၏ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းကို ဖတ်ရမှ သမိန်ဗရမ်း အဖြစ်ဆိုးနှင့် သေရရှာကြောင်း သိရလေသည်။ (ထိုစာအုပ်-စာ-၄၂၅-၄၂၆)

တစ်နှစ်မှာ ညနေဘက် သံလမ်းအတိုင်း ရသေ့တောင်ဘုရားဘက်သို့ လမ်းလျှောက်ထွက်ရာ လမ်းလျှောက်စဉ် ပရိမိတ္တဇာလသုတ်၊ ပဋ္ဌာန်းနိဒ္ဒေသ စသည် ဘုရားစာများ ရွတ်ရွတ်သွားရာ နှစ်ကြိမ်လောက် မိုးချုပ်အပြန်မှာ အမွှေးနံ့များ ထူးဆန်းစွာရကြောင်း မိတ်ဆွေတစ်ယောက်အား ပြောပြသည့် အခါ 'ခင်ဗျားရတဲ့ အနံ့ဟာ ဥစ္စာစောင့်တွေရဲ့ အနံ့ဖြစ်နိုင်တယ်။ ခင်ဗျားက ဘုရားဂုဏ်တော်တွေ ရွတ်ပွားသရဇ္ဈာယ်နေတော့ အဲဒီကုသိုလ်ရဲ့ အကျိုးကို သူတို့အား အမျှဝေစေချင်တဲ့သဘောပဲ။ အမျှဝေလိုက်ရတယ်'ဟု ပြောပါသည်။ ကျွန်တော်က အမွှေးနံ့ရတာမို့ ကြောက်စဖွယ်မရှိ နှာခေါင်းအရသာတောင် ရှိသေး။ ယခု သမိန်ဗရမ်းတွေ့ရတာက လူသေကောင် တစ္ဆေကြီး။ (ဝါ) စကားပြောသော တစ္ဆေကြီး။ အမျှဝေရင် သူ့ကို မခြောက်ဘဲနေမလား။ ဓားပြဆိုတော့ သာဓုခေါ်လိုစိတ်လည်း ရှိချင်မှ ရှိမည်။

သမိန်ဗရမ်း ကြက်သီးဖျန်းဖျန်းထသွားသည်ဟု ဆိုသည်။ မဇ္ဈိမဂ္ဂသုတ်မှာ ဘုရားက "ဆောကြားထား"တာ ရှိသည်။ ငါဘုရားဆိုတာက လောဘ(ရာဂ) လည်း မရှိ၊ ဒေါသလည်းမရှိ၊ မောဟလည်း မရှိ၊ ကြောက်တတ်သူလည်း မဟုတ်။ ကြက်သီးမွေးညင်းထတာမျိုးလည်း မရှိ၊ ထွက်လည်း ပြေးတတ်သူလည်းမဟုတ်။ ဒါကြောင့် အဲဒီလိုကြောက်တာ၊ ကြက်သီးမွေးညင်းထတာမျိုး ရှိခဲ့ရင် ငါ့ဂုဏ်တော်ကိုသာ အောက်မေ့လိုက်၊ ပျောက်သွားလိမ့်မည်တဲ့။ သမိန်ဗရမ်း ဘုရားဂုဏ်တော်တွေ အောက်မေ့ဆင်ခြင်ခြင်း မပြုဖြစ်ရှာလား။

ကျွန်တော် စာဖတ်ရင်း စဉ်းစားကြည့်နေမိ၏။ သို့ရာတွင် သမိန်ဗရမ်းက ကျွန်တော် ယခုစဉ်းစားသလိုလည်း စဉ်းစားနေမည် မဟုတ်ပါ။ ဒေါသထွက်ကာ ဓားပြကောင်ခေါင်းကို တန်းဖြတ်လိုက်ပုံပဲ ရပါသည်။ ဖြတ်တာတောင် ကာမဏီခေါင်း ဖြတ်သလိုပါပဲ။ ကာမဏီတုန်းက ခေါင်းပြတ်မြေ



www.burmeseclassic.com

www.burmeseclassic.com



မကျမီ ချွန်းနှင့် ချိတ်၍ ခြင်းထဲထည့်ကာ ဘုရင်မင်းခေါင်းဆီ မြင်းစိုင်းနှင်ကာသွား၍ ဆက်ခဲ့၏။ ယခု ချွန်းပါလာဟန် မတူ၍ ဆံပင်ကို ဆွဲပြီး မြင်းဇက်မှာ ချိတ်လိုက်ခြင်း ဖြစ်သည်။

သင်ဖြစ်စေ၊ ကျွန်ုပ်ဖြစ်စေ သမိန်ဗရမ်းအဖြစ်မျိုးနှင့်ကြုံသော် ဣတိပိသောရင်လည်း ရွတ်မည်။ သို့မဟုတ် ကြောက်ကြောက်နှင့် မြင်းကို ဇက်ကုန်ဖွင့်ကာ အိမ်အရောက်အပြေးနှင်၍ အိမ်ရောက်မှ 'ဟူး...မိန်းမရေ...ပေးပါဟရေ တစ်ခွက်' ဟု လုပ်ချင်လည်း လုပ်မည်။ သို့ရာတွင် ယခုတွင်မူ သမိန်ဗရမ်းသည် သင်သော်လည်းကောင်း၊ ကျွန်ုပ်သော်လည်းကောင်း၊ မဟုတ်လေသဖြင့် (ဝါ) သမိန်ဗရမ်းဖြစ်လေသဖြင့် ဘဝင်အကိုက်ခံရလေတော့သည်။

ကျွန်တော်တို့ငယ်စဉ်အခါက အနောက်ဘက်ရွာက ကိုလှဖေ ရေနစ်သေတာ ကြုံဖူးသည်။ သူတို့ရွာ၊ ကျွန်တော်တို့ရွာ မြောက်ဘက်မှ ကပ်၍ စီးသော ချောင်းကလေးသည် ဟိုစဉ်အခါကတော့ ချောင်းဖျားမှာ မိုးသည်းလျှင် ကမ်းပြည့်၊ ကမ်းလျှံ ရေတစ်ဟုန်ထိုးကျလာတတ်သည်။ ထိုအခါမျိုးတွင် သစ်လုံးတွေလည်း မျောပါလာတတ်၏။ ရေကူးတတ်သူများ ဤအခါမျိုးတွင် ထင်းဆယ် သစ်ဆယ် လုပ်တာမျိုးတော့လည်း ရှိပါ၏။ ကိုလှဖေကား ထင်းဆယ် သစ်ဆယ်ဖို့ထက် သူ ရေဘယ်လောက်ကျွမ်းကြောင်း ပြလို၍ သစ်လုံးတွေပေါ် အပျော်သစ်လိုက်စီး၏။ သစ်တစ်လုံးမှတစ်လုံးသို့ ဟိုခုန်သည်ကူးလုပ်ကာ အမျိုးမျိုးလုပ်ပြ၊ ကူးပြ၏။ တစ်ခါတွင်တော့ ထိုသို့ ကိုလှဖေသစ်လိုက်စီးရင်း ဘယ်နေရာမှာ နစ်သွားသည်မသိ။ ရွာသူရွာသား ဆွေမျိုးဉာတိတွေ ချောင်းမှာ ခေါင်းအုံးမျှော၍ မြစ်သို့တိုင် လိုက်ရှာပါသော်လည်း အလောင်းရှာမရ။ ရေကျွမ်းသူ ကိုလှဖေ ရေထဲ၌ သေလေရာ ယနေ့တိုင် ရွာပြန်မရောက်တော့ပါပေ။

ကျွန်တော့်အသက် ခြောက်ဆယ်ကျော်အတွင်း ကိုလှဖေတွေကို အတော်များများ တွေ့ဖူးသည်။ ပိုက်ဆံရှိသူတွေ ပိုက်ဆံအားကိုးနှင့် လုပ်ကြရာ တရားရုံးတွေမှာ လူမစည်တန်ရာဘဲလျက် စည်နေကြ၊ ထိုပိုက်ဆံကြောင့်ပင် ဒုက္ခရောက်ကြတာတွေ အများကြီးတွေ့ရသည်။ မိဘတွေ ပိုက်ဆံအားကိုးနှင့် သားရေးသမီးရေးကိစ္စတွေမှာလည်း ဝင်ရောက်စီစဉ်ဆုံးဖြတ်ကြ၍ မတော်တာတွေဖြစ်ကြ၊ ဒုက္ခတွေနှင့် ရင်ဆိုင်ကြရတာတွေ တပုံတပင် တွေ့ရသည်။





ပညာမာန်တက်သူတို့ ထိုပညာဖြင့်ပင် ဒုက္ခရောက်ကြ၏။ ကျွန်တော်တို့ ကလေးဘဝကပင်လျှင် အသက် ၄၀ အတွင်းလောက် ရောက်နေခဲ့သော ဆေးဆရာတစ်ဦးသည် ဗိန္ဓောတတ်၏။ အင်းတတ်၏။ ဂါထာမန္တရားတတ်၏။ ဗန်တိုဗန်ရှည် သိုင်းပညာလည်း တတ်၏။ အောက်လမ်းပညာလည်း တတ်၏ဟု အများကပင် ယုံကြည်ကြသည်။ ကျွန်တော်တို့ရွာတွင် ဗိန္ဓောလေး၊ ဗေဒင်လေး ဘာလေးတတ်သည့် ဘုန်းကြီးလူထွက်တစ်ဦးရှိရာ ထိုဆရာသည် ဘုန်းကြီးထွက်ကြီးနှင့် ရွာမှာတွေ့လျှင် စိတ်မထင်က ဘုန်းကြီးထွက်ကြီးအား ခင်ဗျား ကျုပ်ငှဲ့ပေးတဲ့ ရေနွေးကြမ်းသောက်ဝံ့သလားဟု စိန်ခေါ်တတ်၏။ ဘုန်းကြီးထွက်ကြီးကမူ ပြုံး၍သာနေပါသည်။ သူနှင့် မပြိုင်ပါ။ ကျွန်တော် အငြိမ်းစားယူပြီး ကိုယ့်အရပ်ပြန်ရောက်လာတော့ တစ်ခါမှာ ထိုစိန်ခေါ်တတ်သည့် (မန္တတာ ချဲလင်း) ဆရာကို သတိတရရှိသည်နှင့် မိတ်ဆွေတစ်ယောက်အား မေးမိရာ သေသွားပါပြီတဲ့။ တိုက်တိုက်ဆိုင်ဆိုင် ထိုအမေးခံရသည့် မိတ်ဆွေက ပြောပြသည်မှာ 'မန္တတာချဲလင်း'နှင့် အခြား သူ့လို ဆရာ တစ်ယောက်တို့ သူ့အိမ်မှာ တွေ့ကြ၊ စကားပြောရင်း ကတောက်ကဆဖြစ်ကြ၊ နောက်ဆုံး ထိုဆရာက 'ချဲလင်း' လုပ်သည်ကို တစ်ဖက်က ဟိုဆရာကလည်း လက်ခံသဖြင့် မိတ်ဆွေ၏ အိမ်မှာပင် ပွဲတွေ ဘာတွေ ထိုးပြီး ပညာချင်း ပြိုင်ကြပါသတဲ့။ လက်မှတ်တွေ ဘာတွေကို မပြိုင်ခင် ထိုးကြသေးတာတဲ့။ (မိတ်ဆွေက ထိုစဉ်က မြို့နယ်အဆင့် လူကြီးဖြစ်၏။)

"အဲဒီလိုပြိုင်ကြပြီး ဘာမှမကြာလှဘူး ဟော့၊ မင်းမေးတဲ့ ဆရာချဲလင်း၊ တစ်နေရာမှာ သွားသေတာပဲ။ ငါ့စိတ်ထင်တော့ ဟိုဆရာက နိုင်သွားတယ် ထင်တယ်"

ကျွန်တော့်မိတ်ဆွေ ပြောပြချက် ဖြစ်ပါ၏။

ပညာရှိသူက ပညာမာန်တက်သလိုပင် အလှရှိသူက အလှနှင့် မာန်တက်၏။ သမင်တို့သည် မိမိတို့ ဦးချိုအလှကို ဟန်ရေးတပြပြ၊ မာန်ကလေးကြွရင်း ဟိုချုံနှင့်ငြိ၊ ဒီချုံနှင့်ငြိကာ ဒုက္ခရောက်ကြရ၏။ ကျမ်းဂန်စာပေတို့၌ မာန်တက်သူလေးမျိုး ပြသည်။ ဥစ္စာရှိသူ၊ ရုပ်ဆင်းလှသူ၊ ပညာရှိသူနှင့် အာဏာရှိသူတို့ ဖြစ်သည်။ ဆင်ဖြူရှင်သည် ယိုးဒယားကို နိုင်အောင်တိုက်ခဲ့သူဖြစ်သည့်အလျောက် မင်းမာန်အတော်မြင့်သူဟု ဆိုရမည်။ ဗန်ကြီးမဟာ



www.burmeseclassic.com

www.burmeseclassic.com



သီဟာသူရ အရှည်ကို ကြည့်၍ တရုတ်နှင့် စစ်ပြေငြိမ်းခဲ့သည်ကို သူ့ကို လွှန်၍ လုပ်သည် ယူဆပြီး မကျေချမ်းနိုင်အောင် ဖြစ်သည်။ သူ စိတ်ကျေပါမည့်အရေး အနောက်ဘက်တစ်လွှားက သူပုန်တွေကို နှိမ်နင်းပေးခဲ့တာလည်း မကျေနပ်၊ တရုတ်တို့ကပေးသော လက်ဆောင်ပစ္စည်းတွေ ဆက်ခိုင်းတော့လည်း မဟာသီဟသူရ ဆွေမျိုးတွေကို ခေါင်းမှာ ရွက်စေကာ နေပူလှန်းခိုင်းထားသေး၏။ သူပုန်တွေနှိမ်ပြီး ပြန်လာတော့လည်း သည်လိုလူနှင့် ရေမြေတစ်စပ်တည်း မနေနိုင်ဆိုကာ ရာထူးချ၍ ရေခြားမြေခြား မြစ်ငယ်တစ်ဖက်ကမ်း ပို့ထားသေးသတဲ့။

မာန်တက်စရာ အကြောင်းရှိသောကြောင့် တက်သည့်မာန်ကို ကြံဖန်ခွင့်လွှတ်လျှင် ခွင့်လွှတ်သာပါသေး၏။ အချို့သူတို့ကား အမှန်စင်စစ် မိမိမှာ အဲဒီလောက် အရည်အချင်းမရှိဘဲလျက် မာန်တက်တတ်သေး၏။ ဖားက ဆောင့်ကြောင့်ထိုင်တတ်ရုံမျှနှင့် ခြင်္သေ့မာန်ဝင်တာမျိုး ဖြစ်သည်။ ထိုသို့သော မာန်တက်ခြင်းမျိုးကား ရယ်ဖွယ်တောင် ကောင်းပါသေးသည်။

တကယ်တော့ ကိုယ့်မှာ တကယ်ရှိလို့ တက်သောမာန်ဖြစ်ဖြစ်၊ 'ဟန်ခတ်ခုတ်'ပြီး မာန်လုပ်ကြတာပဲ ဖြစ်ဖြစ် ကောင်းသည်ကတော့ မဟုတ်ပါပေ။

လူတို့ ဒုက္ခတွေ့ တွေ့နေကြသည်မှာ 'ငါက'...'ငါက'ဟူသော အတွေးလေးကြောင့် ဖြစ်သည်။ လူတစ်ယောက်သည် 'ငါကျိုး သမား' (egoist) မဟုတ်သော်မှရှိစေ၊ 'ငါကြောင်းသမား' (egotist) တော့ ဖြစ်လို့နေနိုင်ပါ၏။ 'ငါကြောင်းသမားတို့သည် 'ဘယ်တုန်းကပေါ့ ငါလေ...'ဟု (ဝါ-ကျွန်တော်သည်-ဟု) တွေးတတ်ကြသည်။ ထိုသို့တွေးတိုင်း ကိုယ်တော်တာ,ကောင်းတာလေးတွေကိုပဲ အစပေါ်ပေါ်လာသည်။ လောက၌ ကိုယ်တော်ကြောင်း ပြန်ပြန်တွေးရတာလောက် အရသာရှိတာလည်း အခြား အဘယ်အရာမှ မရှိဘူး ထင်ပါရဲ့။ (အခြားမှာ မကြည့်ပါနှင့်။ ကျွန်တော့်စာတွေ ဖတ်ကြည့်လျှင် 'ကျွန်တော်' 'ကျွန်တော်'တွေ ဘယ်လောက်များများပါသည်ကို တွေ့ရလိမ့်မည်။) ထိုသို့ ကိုယ်တော်တာ၊ ကောင်းတာ၊ ကိုယ့်မှာ ဘယ်သူနှင့် ယှဉ်ရင် ကိုယ်က စည်းစိမ်၊ ပညာ၊ အာဏာ၊ ဘာဘာညာညာ ဘယ်လောက်သာတာကို တွေးတွေးနေမိခြင်းတို့ကား တကယ်တော့ မာနပင်ကလေးကို တယုတယ ရေလောင်းပေးနေသည့်ပမာသာ ဖြစ်ပါ၏။





ဟော...သမိန်ဗရမ်းကို ကြည့်။

သူသည် ဆောင့်ကြောင့်ထိုင်တတ်ရုံနှင့် ခြင်္သေ့မာန်တက်သူတော့ မဟုတ်။ တကယ်ပင်လျှင် ကေသရာဇာခြင်္သေ့မင်း၏ ရဲရင့်ခြင်းမျိုး ရှိသူမို့ ကိုယ့်ရှိသည့် အရည်အချင်းကို ကိုယ်ယုံကြည်သူဖြစ်သည်။ လူချင်းသာဖြစ်ပစေ ငါ့ကို နိုင်နိုင်သူမရှိဟု ယုံသူဖြစ်သည်။ မတွေ့ရသေးသော တစ်နိုင်ငံသား သူရဲကောင်းကို သူတွေး၍ မဖြို၊ ကိုယ့်ကိုယ်ကို ယုံစွာပင် ကာမဏိ၏ ခေါင်းကို ထည့်ရမည့် 'ခြင်း'ကိုပါ စီးချင်းထိုးမည့်နေရာသို့ တစ်ပါတည်း ယူသွားခဲ့သူ ဖြစ်၏။'ယင်းသို့သော သမိန်ဗရမ်းကို 'ဟယ်...သမိန်ဗရမ်း၊ နင့်မြင်းကို ငါလည်းစီးချင်လို့'ဟူသော အသံမျိုးဖြင့် ခေါ်သံကြားလိုက်တော့ သမိန်ဗရမ်း ဒေါသထွက်သွားသည်။ ထိုဒေါသ ဘယ်ကလာသနည်းဆိုသော် ဘုရင်နှစ်ပါးကတောင် သူတို့ရဲ့ သမီးတွေပေး၍ မြှောက်စားရသည့် ငါ့ကဲ့သို့သော သူရဲကောင်းကို ဘယ်လိုလူက မထီလေးစား အမည်တပ်၍ ခေါ်ဝံ့လေသနည်းဟူသော အတွေးက လာ၏။ ထိုအတွေးကား မာနတွေးပင်။ မာနက ပေါက်ဖွားလာသော ဒေါသက အမှန်အတိုင်း မသိမြင်အောင် ဖုံးလိုက်သည်။ ဖုံးလွှမ်းသွားသော ထိုအရာကား မောဟပင်။ ထိုမောဟဖြင့် သမိန်ဗရမ်း ခံပြကောင်းအလောင်းက ခေါင်းကို ဖြတ်ယူလာခဲ့မိခြင်း ဖြစ်ပေသည်။

အကယ်တန္တု ထိုအချိန် ထိုအခိုက်က သမိန်ဗရမ်း၌ ပညာအလင်းကလေးသာ ပြုခဲ့ပါမူ ဤတဆွေခေါင်းကြီးကို မြင်းမှာ ချိတ်ယူလာဖွယ်အကြောင်း မမြင်ပါ။ ဒုန်ဝန်းရောက်တော့ကော သည်တဆွေခေါင်းကို သူ ဘာလုပ်စရာရှိမည်နည်း။ အကျိုးထူး တစ်စုံတစ်ရာ ဘာများရနိုင်စရာရှိလေသနည်း။ လောက၌ ဘာမဟုတ်သည့် ကျွန်တော်တို့လို လူတွေထဲမှာတောင် တဆွေ၊ သရဲမကြောက်သူများ ရှိကြသေးရာ သူလို သူရဲကောင်းက တဆွေတောင် ငါမကြောက်ဖူး၊ ခေါင်းဖြတ်လာခဲ့တာ ကြည့်ဟု ကြွားနေစရာလည်း အကြောင်း မမြင်ပါ။

ယခုသော်ကား ဘုရင်နှစ်ပါး အားထားခဲ့ရသော သူရဲကောင်း သမိန်ဗရမ်းဘာမဟုတ်သည့် တဆွေအကိုက်ခံရတာနှင့် သေဆုံးရသည်ဆိုသည်မှာ တကယ့်ဆုံးရှုံးမှုကြီးပင် ဖြစ်ပေသည်။ နိုင်ငံပန်းလှစာအုပ်ဖတ်ရင်း ထိုဆုံးရှုံးမှုကြီးအတွက် ကျွန်တော့်မှာ ဒူးတုန်၍ နုံးသွားသော ခရီးသွားကဲ့သို့ ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



နွမ်းလျှ၍ ကျန်ရစ်ခဲ့ပါ၏။

သမိန်ဗရမ်းသေရတာ နှမြောစရာကောင်းလှပါ၏။ သမိန်ဗရမ်းကိုကား ရာဇဝင်မှာ အစားပြန်မရနိုင်တော့ပေ။ စာဖတ်သူများကိုသာ သတိပေး မေတ္တာရပ်ခံရန် ရှိပါတော့၏။ တစ္ဆေကိုက်ခံပြီးတော့ဖြင့်ကား မသေချင်ကြပါနှင့်ဟူ၍။

[မြားနတ်မောင်၊ ၄/၂၀၀၂]



## မမှန်းတရား

မြားနတ်မောင် ဝိုင်းတော်သားတို့ ဝီရိယကောင်းကောင်းနှင့် ကြိုးစားထားလိုက်ကြတာ ကျွန်တော် ရန်ကုန်ရောက်သော ဩဂုတ် ၅ ရက်တွင်ပင် နောက်လ စက်တင်ဘာအတွက် ပြီးနေကြလေပြီ။ 'ဆရာ့စာကို ကြည့်,ကြည့်ပါဦး'ဆို၍ ကျွန်တော် ပြန်ဖတ်ကြည့်သောအခါ 'နှစ်နေရာ၌သာ အမှားတွေ့ပါသည်။ ထိုအမှားများမှာလည်း သိပ်သိသာလှသော အမှားများ မဟုတ်ကြပါ။ စာဖတ်သူ ပြင်ဖတ်၍ ရနိုင်လောက်စရာ အမှားများ ဖြစ်ပါ၏။

ကျွန်တော့် 'လက်ဖက်ရည်တမ်းချင်း' ဆောင်းပါး၌ သမီးလေး ဆုံးသွားသောအခါ ကျွန်တော်တို့ လင်မယား ကျန်းမာရေး ချွတ်ယွင်းသွားပုံကို 'အရင်က အမြဲကျန်းမာနေခဲ့သည့် ဇနီးလည်း အိပ်ရာထက်၌လဲ၊ အမြဲတမ်းချူချာနေသည့် ကျွန်တော့်မှာလည်း ဘာဖြစ်' … စသည်မျိုး ထည့်ရေးထားရာ 'ချူချာနေသည့်'ဟူသော အောက်မြစ်ပါသေ၊ နာမဝိသေသနပုဒ်သည် အောက်မြစ်ပြုတ်ကာ ပုဒ်မ ရောက်နေသဖြင့် ချူချူချာချာမှာ ကျွန်တော် မဟုတ်တော့ဘဲ ကျွန်တော့်ဇနီး ဖြစ်သွားလေသည်။ သို့ရာတွင် စေ့စေ့စပ်စပ် ဖတ်တတ်သူများအဖို့ကား ကျွန်တော့်ဝါကျသည် ဆန့်ကျင်ဖော်ပြ (contrast) ဝါကျမျိုးဖြစ်မှန်းသိ၍ ချူချာသူသည် ကျွန်တော့်ဇနီးမဟုတ်မှန်း ကောင်းစွာသိနိုင်လောက်ပါသည်။ နောက်တွေ့ရသည့်အမှားက 'ကာ'နှင့် 'က' လွဲနေခြင်းတည်း။ ထိုအမှားလည်း အလားတူပါပင်။ ဤနေရာ၌ 'က' ဖြစ်မှ မှန်နိုင်မည်ဟူသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ဝါရင့်စာဖတ်သမားများ သိနိုင်သောကိစ္စ ဖြစ်ပါ ပေသည်။

ကျွန်တော်တို့သုံးယောက် ဆုံမိချိန်၌ သူတို့နှစ်ဦး အချို့နေရာ၌ လိုအပ်သည့် ပြင်ဆင်ချက်များ ပြုနိုင်ဖို့ ပြန်လည်စိစစ်ကြရင်း ဒေါက်တာလွဏ်းဆွေက ဆရာဝင်းသူရဘက်သို့ လှည့်ကာ ပြုံးပြုံးရယ်ရယ်နှင့်ပင် 'ဆရာရေ...'ဆရာဝင်းသူရ ပြောတာတော့ --ကျမ်းကြီးတောင် အမှားမကင်းဘူးတဲ့'ဟူ၍ ကျွန်တော့်အား ပြောပါသည်။ ထိုအခါ ဆရာဝင်းသူရကလည်း ပို၍ တိကျစွာ ရှင်းပြပါ၏။ --ကျမ်းကို လူ ၅၅ ယောက်နှင့် တစ်နှစ်ခွဲလောက်ကြာ တိုက် ဆိုင်စိစစ် လုပ်ပေမဲ့ ထွက်လာချိန်မှာ အမှား ပြင်ဆင်ချက် ထည့်ရပါသေး သတဲ့။

ကျွန်တော် ထိုဆရာနှစ်ပါး ပြုံးပြုံးရယ်ရယ်နှင့် အလုပ်လုပ်ကြပုံကို ကြည့်ကာ ပီတိလည်းဖြစ်၏။ ပြုံးလည်း ပြုံးမိ၏။ ကျွန်တော့်အပြုံးမှာ ပီတိပြုံး ချည်းကား မဟုတ်။ 'ဂျင်နရယ်ပြုံး' ဆိုပါတော့။ ထိုဝေါဟာရအဓိပ္ပာယ်နှင့် မဟပ်သေးဘူးဆိုက 'သဗ္ဗတ္ထနာမ်ပေါင်းအပြုံး' (ဝါ) ထွေထွေရာရာ တောင်တွေး မြောက်တွေး အရှည်ကြီးတွေးကာ ပြုံးမိသောအပြုံး ဖြစ်ပါသည်။

ဒေါက်တာလွဏ်းဆွေသည် ကျွန်တော့်သား အငယ်နှင့်မှ တစ်ရွယ်တည်း လောက်သာရှိမှာ ဖြစ်သော်လည်း ဆရာကို ရိုသေတတ်သော ကျွန်တော့် သဘာဝအတိုင်း ကျွန်တော် သူ့ကို လေးစားစွာပင် ဆက်ဆံပါသည်။ ကျွန်တော် တောင်ရေး မြောက်ရေး ရေးခွင့်ရနေသည်မှာ သူ အယ်ဒီတာဆရာတစ်ယောက် အနေဖြင့် ကျွန်တော့်အား မြှောက်တင်လိုက်ခြင်းကြောင့်သာ ဖြစ်ပေရာ သူ သည် ကျွန်တော့်မြေးထက် နည်းနည်းသာကြီးသူပါဆိုလျှင်လည်း ဆရာအဖြစ်က လျော့သွားစရာမရှိပါ။ ထိုသို့ ဆရာအဖြစ် လေးစားရသူအပြင် ဤကဲ့သို့ တိတ်တခိုး လေးစားရမည့် အမူအရာလေးများလည်း သူ့မှာ ရှိပါသည်။ သူ့ အပြုံးနှင့် ဆရာဝင်းသူရကို ကြည့်၍ ပြောလိုက်ပုံမှာ တကယ်တော့ တိုက်ရိုက် ဘာသာပြန်လျှင် 'ဆရာတို့ ပရဖတ်တာ၊ အခု ဆရာ့စာမှာ နှစ်လုံးလွဲနေပြီ တဲ့။ ဆရာ ကျမ်းကိုးကျမ်းကားနဲ့ ကိုယ့်ချွတ်ယွင်းချက်ကို ခုခံကာကွယ်ဦး မှာလား'အထိ အဓိပ္ပာယ်ရောက်လို့ ရပါသည်။ သို့ရာတွင် ဆရာသည် ထို အဓိပ္ပာယ်အထိ သိသာထင်ရှားစွာ ဆိုက်ရောက်သွားအောင် ကိုယ်အမူအရာ ရော နှုတ်အမူအရာမှာပါ မပြပါ။ ထိုသို့ သူ မပြခြင်းမှာ သူ၏ စိတ်အမူအရာက ပြဋ္ဌာန်းသောကြောင့် ဖြစ်လေသည်။





လူတို့၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ကို စိတ်က ပို့ဆောင်ပေး ခြင်းဖြစ်ရာ စိတ်ကြမ်းလျှင် နှုတ်ကြမ်း ဖြစ်တတ်လေသည်။ ယခု သူ့အပြော နှင့် သူ့အမူအရာကို ကြည့်၍ ကျွန်တော်က သူ့စိတ်ကို အနက်ဖော်ကြည့်သည့် အခါ သူသည် အမှားကို မလိုလား၊ အမှန်သာ လိုချင်လေသည်။ သို့ရာတွင် ပုထုဇဉ်လောကကြီးတွင် ကိုယ်ကိုယ်တိုင်လည်း အမှန်တွေချည်း ပြုနေနိုင်သည် မဟုတ်ရာ အခြားသူတို့လည်း အမှားနှင့် မကင်းနိုင်ကြပုံကို သူ တွေးမိလို့သာ ပစ်ပစ်ခါခါ ပြောဆိုပြစ်တင် မလုပ်ဖြစ်ခြင်း ဖြစ်ပေလိမ့်မည်။

တကယ်တော့ ကျွန်တော်သည် ယခုအခါ မဂ္ဂဇင်းတိုက်သို့ အဝင် အထွက် အကြိမ်များခဲ့မိပြီဖြစ်၍ သူတို့ စာစီရိုက်ကြတာ၊ ပရဖတ်ကြတာတွေ ဂရုတစိုက် ရှိကြကြောင်းလည်း ကိုယ်တိုင်သိနေပြီးသား ဖြစ်သည်။ မှားကြ ရာ၌ အခြေအနေအမျိုးမျိုးရှိရာ အချို့အမှားများမှာ စာရေးသူ ကျွန်တော့်ဘက် မှ ချွတ်ယွင်းမှုတွေကြောင့်လည်း ဖြစ်တတ်၏။ တစ်ခါတစ်ရံ ကျွန်တော့် 'အောက်မြစ်'က ပုဒ်မကလေးလို ဖြစ်ချင်လည်း ဖြစ်နေတတ်သည်။ တစ်ခါ တစ်ရံ ကျွန်တော့် 'မ'က ဝတ်ဆံသေးတော့ ပျောက်သလိုပင် ဖြစ်သွားကာ 'ပစောက်' ဖြစ်ချင် ဖြစ်နေတတ်၏။ တစ်ခါက 'ရေ'ဟူ၍ ရကောက်နှင့် ရေးသည့် ကျွန်တော့်လက်ရေးက ရုတ်တရက်ဖတ်လျှင် 'ကု' ဟူ၍ ဖြစ်နေတော့ ရာ ပုံနှိပ်မှာ အဲဒီအလွဲအတိုင်းပင် ပါလာတော့သည်။ အချို့ကိစ္စကျတော့လည်း ယခုကာလ လိုင်စင်ဆွဲမှားသည့် စလုံး ဆလိမ့်အလွဲ။ အချို့နေရာကျတော့ စာစီသူကလေးများ မြန်မာစကားမကျွမ်းလို့ စသဖြင့် အမျိုးမျိုး ရှိပါပေသည်။ တစ်ခါက (ယခင်) စတိုင်သစ်ထဲမှာ 'ဓမ္မ ဝိနယ'ကို 'တရားသဖြင့် ဆုံးမခြင်း' ဟူ၍ ဘာသာပြန်သူမှာ လူမသိသူမသိ မထင်မရှား အနုညာတပုဂ္ဂိုလ်မဟုတ်၊ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်သော ဆရာတော်ကြီး ဖြစ်သည်'ဟူသော အဓိပ္ပာယ် နှင့် 'အနုညာတ' ဟူသော စကားလုံး ထည့်ရေးလိုက်ရာ ကျွန်တော် ဘာသာ မပြန်တတ်သော မြန်မာဝေါဟာရ စာလုံးပေါင်းနှင့် ထွက်လာခဲ့၍ နောက်မှ ပြင်ဆင်ချက်တွေနှင့် ထည့်ရလေသည်။

မြားနတ်မောင်မှာလည်း ကျွန်တော်က (ဆိုပါစို့) 'လူတို့သည် မိမိတို့ အမှားကိုကား မြင်နိုင်ခဲကြသည်'ဟု ရေးလိုက်လျှင် စာစီကလေးမလေးက 'ခဲ'မှာ အောက်မြစ်ထည့်၍ စီရိုက်သည်ကို ဆရာဝင်းသူရတို့ကလည်း အမှတ်



www.burmeseclassic.com

www.burmeseclassic.com



တမဲ့နှင့်ပင် 'ခဲ့'အဖြစ်နှင့်ပင် လွှတ်လိုက်လေသည်။ 'မြင်နိုင်ခဲ့' ဟူသည် 'မြင်ကို မြင်ပြီးသွားပြီ' ဖြစ်နေတော့ရာ ကျွန်တော်ရေးသည့် 'မြင်နိုင်ဖို့ ခဲယဉ်းသည်'ဟူသော အဓိပ္ပာယ်နှင့် တခြားစီ ဖြစ်သွားလေတော့သည်။

တကယ်တော့ မဂ္ဂဇင်းသမားမို့ စာစီတာ ဘာညာမှာ လွဲကြ မှားကြခြင်း ဖြစ်သည်။ ကားပြင်ဆရာဖြစ်လျှင်လည်း ဝက်အူမှားတပ်မိချင် တပ်မိတတ်သေးသည်။ ဓာတ်စင်ပေါ်က ကားဆွဲလည်း 'နန်းကား' ချရမည့်ကို 'တောကား' ချမိချင် ချမိမည်။ အိမ်ရှင်မလည်း ဆားနှစ်ခါခတ်မိချင် ခတ်မိမည်။ ဂိုးပေါက်နှင့်လည်းနီး၊ တစ်ယောက်တည်းလည်း အလွတ်ကန်ရပါလျက် ရီဗယ်ဒိုလည်း ဘောချော်ကန်မိချင် ကန်မိမည်။ လောက၌ သူသူငါငါ မှားနိုင်တာတွေ အများကြီးပင် ရှိပါလေသည်။

ကျွန်တော်သည် အမှန်ကိုလိုလားသူဟု ကိုယ့်ဘာသာကိုယ် ယခုအထိပင် ယုံလျက် ရှိပါသည်။ ထိုစကားသည် ငယ်စဉ်ကပင် မမှန်တာကို မလိုလားဟု အဓိပ္ပာယ်ရောက်ပြီး ဖြစ်ပါသည်။ ထို့ကြောင့် မတရားဘူးဟု အထင်ရောက်သည့်ကိစ္စကို ကျွန်တော် စက်ဆုပ်ပါသည်။ စပ်ဆုပ်သည့် အလျောက်လည်း မှုဟုတ်ဘူးထင်သည့်ဘက်၌ မနေ၊ မရပ်။ ကိုယ်တတ်အားသမျှနည်းနှင့် မမှန်တာကို ဆန့်ကျင်ပါသည်။ ထိုသဘာဝလေးပေါ်အောင် သာဓကတစ်ခုနှင့် ဆောင်ပြလိုပါသည်။ သို့ရာတွင် တင်ပြမည့်ဖြစ်ရပ်သာဓကမှာ မြန်မာ့သမိုင်း ပုံရိပ်တစ်စိတ်တစ်ဒေသလည်း ဖြစ်နေ၍ ဆိုင်ရာ သမိုင်းထဲပါသည့် ပုဂ္ဂိုလ်များ၏ အမည်များကိုလည်း ဖော်ပြမှ ထင်ရှားမည်ဖြစ်၍ ဆိုင်ရာ နာမည်များ ပါသွားပါလိမ့်မည်။

ကျွန်တော်ငယ်စဉ်က ကျွန်တော်တို့နယ်၏ နိုင်ငံရေးခေါင်းဆောင်မှာ သခင်ကြည်ရှိန် ဖြစ်သည်။ သူ့အောက် ဗိုလ်သိန်းမောင် ရှိသည်။ သူတို့နှစ်ယောက်စလုံး ကျွန်တော့်အကျိုးစီးပွားကို တိုက်ရိုက်ဖျက်ဆီးခဲ့တာမရှိ။ သူတို့က လူကြီး၊ ကျွန်တော်က ကလေး။ နိုင်ငံရေးပြိုင်ဘက်လည်း မဟုတ်၍ ကျွန်တော်နှင့် အနေသာကြီး ဖြစ်သည်။ သို့ရာတွင် ကျွန်တော် သူတို့လုပ်ရပ်ကို မကြိုက်။ အမှန်ဆိုရသော် မုန်းသည်။ သခင်ကြည်ရှိန်၏ ၁၉၅၂ (ထင်၏) ရွေးကောက်ပွဲတွင်ရော ၁၉၅၆ ရွေးကောက်ပွဲမှာပါ ပြိုင်ဘက်မရှိ လွှတ်တော်အမတ် ဖြစ်သည်။ သို့ရာတွင် ဖဆပလ အထက်လွှတ်တော်အမတ်လောင်း ဒေါ်စောရွှေ





က ၁၉၅၆ ရွေးကောက်ပွဲမှာ ပမညတမှ ဦးအုန်းမောင်နှင့် ပြိုင်ရသည်။ ထိုစဉ်က ကျွန်တော် (၇)တန်းကျောင်းသား၊ ကျွန်တော့်အစ်ကိုရင်းလိုနေသည့် ကျွန်တော့်ဆရာ၏ သားမှာ သခင်ကြည်ရှိန်တို့၊ ဗိုလ်သိန်းမောင်တို့လူ ဖြစ်လေသဖြင့် ရွေးကောက်ပွဲနီးတော့ ကျွန်တော့်အား ဖဆပလ ပိုစတာကပ်ခိုင်းသည်။ ရွာထိပ် လူမြင်ကွင်းလောက်မှာ တစ်ရွက်နှစ်ရွက် ကပ်ပြီး ကျန်တာတွေ အားလုံး စာအုပ်ဖုံးပစ်၏။ မနက်ဖြန် မဲပေးရမည်ဆိုတော့ ညမှာ ကျွန်တော့်အား ပြော၏။ (ကျွန်တော်က ဆရာ့အိမ်မှာ အိပ်၍ အင်္ဂလိပ်စာ သင်တာကိုး) စိတ်ချရသူ စုကွာတဲ့။ မနက် ငါ မျက်ရိပ်ပြရင် မဲရုံထဲဝင်ခဲ့တဲ့။ စည်းဝါးရိုက်၏။ လူလည်းစုထားပါ၏။ သူခိုင်းသည့်အလုပ်မှာ မဲခိုးထည့်ရန်တည်း။ ဘယ်လိုခိုးထည့်မည်နည်း။ အရှေ့ဘက်မြစ်ရိုးနားကလူတွေ မဲလာမထည့်အောင် သူတို့က ခြိမ်းခြောက်ထားသည်။ (ဟိုလူတွေကလည်း တောထဲက ခြိမ်းခြောက်သည့် အတိုင်း ပမညတထဲ ထည့်ကြဖို့များ၏။) ထို့ကြောင့် သူတို့မလာရ၍ ပျက်ကွက် သည့်မဲတွေကို ကျွန်တော့်အား မဲပြားထုတ်ပေးကာ ဖဆပလပုံးထဲ ထည့်ခိုင်းမှာ ဖြစ်ပါ၏။ (သူက မဲရုံမှူးလုပ်မှာကိုး။)

မနက်ကျတော့ သူအချက်ပြလျှင် ကျွန်တော် ဝင်သွား မဲပြားတွေ တစ်ဆုပ်ကြီးပေး၊ အလားတူ ကျွန်တော် စုထားသည့် သူငယ်ချင်း သုံးလေးယောက်ကလည်း အချက်ပြတိုင်း ဝင်သွား၊ မဲပြားတွေ တစ်ဆုပ်ကြီးထည့်ပေး၊ မဲပုံးရှိရာ အခန်းထဲဝင်သွား၊ ဖဆပလပုံးထဲ ထည့်ကြဖို့ ဖြစ်ပါ၏။ မဲရုံကလည်း အပေါက်ကလေး ဖောက်ထားသေးရာ စိတ်မချရဘူး ထင်က ခြောက်လုံးပြူးခါးထိုးသည့် ဗိုလ်သိန်းမောင်က ချောင်းချောင်းကြည့်သေးသည်။ ကျွန်တော်တို့ ဝင်သွားလျှင်ကား ချောင်းကြည့်ဖို့ မလိုတော့ပါ။ 'ကိုယ့်လူ'တွေကိုး။ မဲရေတွက်သောအခါ ထိုမဲရုံတွင် ဒေါ်စောရွှေပဲ မဲတွေ အများစု ရသွားပါ၏။ ဦးအုန်းမောင် မဲအနည်းငယ်မျှသာ ရလေသည်။ ရသမျှ အရေအတွက်ကလေးမှာလည်း ကျွန်တော်နှင့် ကျွန်တော် စည်းရုံးထားသော သူငယ်ချင်းတို့ (ဒေါ်စောရွှေပုံးထဲ မထည့်ဘဲ) ထည့်ပေးလိုက်သော မဲကလေးများသာ ဖြစ်ပါ၏။

ဒါဆိုရင် ကျွန်တော့်ကို ကျွေးမွေးစာသင်ပေးသော ကျွန်တော့်ဆရာသား၊ ကျွန်တော့်နောင်တော်ကြီး၏ သစ္စာကို မစောင့်သိဘဲ ဘယ်သစ္စာကို စောင့်သိပစ်လိုက်တယ်ဆိုတာကို မြင်လောက်ပါပြီ။ ပမညတသစ္စာကို စောင့်ခြင်းကား



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။ မဟုတ်မတရားဘူး ထင်တာကို ဆန့်ကျင်လိုက်ခြင်းသာ ဖြစ်သည်။

အဲဒီ စိတ်အခြေခံနှင့်ပင် ငယ်ငယ်ကတည်းက (စာပိုးလေးလည်း ရှိခဲ့ဖူးသဖြင့်) ငါကြီးလာလျှင် သခင်ကြည်ရှိန်တို့ မဟုတ်တာတွေ ရုပ်လုံးပေါ်မည့် နောက်ခံနှင့် ဝတ္ထုကြီးတစ်ပုဒ် ရေးဦးမည်ဟုတောင် စိတ်ထဲရောက်ဖူးပါ၏။ ငါ့ဝတ္ထုသည် ဆရာရွှေဝတ္ထုထက် ပိုပြင်စေရမည်ဟုလည်း အာရုံပြုဖူးသည်။ ဆရာရွှေဝံတစ်ပုဒ် ရေးဖူးတာ ရှိပါသည်။)

ဒီမျှဆိုလျှင် သခင်ကြည်ရှိန်တို့အပေါ် ကျွန်တော် မေတ္တာထား၊ မထားလည်း စာဖတ်သူများ သိလောက်ပါပြီ။

သို့ရာတွင် မမြဲကြသည့်အထဲတွင် စိတ်လည်းပါလေရာ အဲဒီစိတ်တို့သည် ကျွန်တော် အသက် ၄၀ နားချဉ်းလာသောအခါ တစ်မျိုးပြောင်းသွားပါသည်။ လူတွေကို ကိုဖြူ-ကိုမဲ ဆိုတာထက် လူလိုပဲ ကျွန်တော် ကြည်ချင်မိလာပါသည်။ မြန်မာ့သမိုင်း၌ ဖြစ်စေ၊ ကမ္ဘာ့သမိုင်း၌ ဖြစ်စေ ကောင်းကြဆိုးကြသည့် သမိုင်းဝင်လူတို့ကို တွေ့ကြရသည်။ သူတို့သည် အကြောင်းအားလျော်စွာ ကောင်းခန်း ဆိုးခန်းမှာ ကျသလို သရုပ်ဆောင်သွားကြသည့် သမိုင်း၏ ဇာတ်ရုပ်များအဖြစ်လောက်သာ ကျွန်တော် မြင်ချင်ပါတော့သည်။ လူသည် မှားတတ်၏။ မှားခြင်း၏အကြောင်းခံသည် လောဘ၊ ဒေါသ၊ မောဟ၊ မာန… စသော အရင်းခံ ကိလေသာတရားတို့ကြောင့်သာလျှင် ဖြစ်ကြသည်။ ကိလေသာ ထူပြောစရာ အခြေအနေ၊ ကိလေသာထူပြောနိုင်သည့် အရွယ်၌ ပို၍ မှားခွင့်မှားလမ်းများကြသည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန…စသည် ကိလေသာတို့ မစင်နိုင်သည်ဆိုစေ၊ ပါးလျားအောင် သတိနှင့် စောင့်ရှောက်သိမ်းဆည်းနိုင်သူတို့သည်သာ အမှားနည်းကြ၏။ ပုထုဇဉ်ဟူက မှားကြမည်သာ ဖြစ်လေသည်။ နည်း-များ, ထူ-ပါးသာ ကွာပေလိမ့်မည်။ ထိုသို့ တွေးလာမိကာ သခင်ကြည်ရှိန်တို့ လုပ်ချင်ရာ လုပ်ခွင့်ရနေချိန်က အသက် ၃၀ ကျော်ကျော်လေး ရှိကြသေးသည်။ ကိလေသာ ထူပြောသူတို့အဖို့ အသက် ၃၀ မက ၅၀-၆၀ ရောက်လည်း ကိုယ့်လောဘ၊ မာနနှင့် ဆိုင်လာလျှင် လူသတ်ခွင့်ရက သတ်မည်။ သတ်မလို့ လက်သီးနှင့် ထိုးခွင့်ရက ထိုးမည်၊ လက်သီးနှင့် ထိုးခွင့်မရက မောက်မာခက်ထန်စွာ ရင့်သီးသောစကားနှင့် ဆိုမည်မှာ ဓမ္မတာပေ တကား။ သူတို့မျှသာမဟုတ် အခြားသူတို့ မှားကြတာကိုလည်း ကြားသိခဲ့ဖူး၊ တွေ့ခဲ့ဖူးလေပြီ





ဖြစ်လေရာ သခင်ကြည်ရှိန်တို့၊ ဗိုလ်သိန်းမောင်တို့ကို မုန်းဖို့ထက် အမုန်းစိတ်တွေ ခွာနိုင်ပါမှ ပို၍ ချမ်းသာနိုင်မှာပါတကား။ သူများမမှန် တာတွေ ခါးတောင်းကျိုက် ဆန့်ကျင်နေခြင်းထက် ငါ့ကိုယ်ငါ အမှန်ရောက် အောင် ကြိုးစားသင့်ပါတကားဟု ကျွန်တော့်စိတ်တွေ ပြောင်းလာခဲ့ပါသည်။

ကိုယ့်ကိုယ်ကို အမှန်ရောက်အောင် အားထုတ်ခြင်းသည် မမှန်တာ၊ မတရားတာကို အလိုအလျောက် ကျောခိုင်းစွန့်ခွာလာပြီးသား ဖြစ်နေပြီဖြစ်သဖြင့်၊ မမှန်သူနှင့်လည်း စည်းခြားပြီးသား ဖြစ်သွားလိမ့်မည်ဟု ကျွန်တော် တွေးပါသည်။ ကြာသည် ရွှံ့နွံ့ထဲက တက်လာသော်လည်း ကြာပွင့်၌ ရွှံ့မလူး၊ ရေမစွတ်သကဲ့သို့ ဘုရားသခင်သည် လောကအလယ်၌ လောကီမလေ့မှ လွတ်အောင်နေသွားနိုင်ခဲ့သည်ဟု ဆိုသည်။ မှားတတ်သော သဘာဝကြောင့် မှားသူများကြား၌ မှန်အောင် အားထုတ်ရင်းနေလို့ရော မရနိုင်ပါသလောဟုလည်း တွေးပါသည်။

ထိုအတွေး၊ ထိုအသိကြောင့်ပင် ဗိုလ်သိန်းမောင် သေခါနီး နာရီပိုင်းတွင် (စကားမပြောနိုင်တော့သော်လည်း) ကျွန်တော်လာမှန်း သိသွားကာ သူ့သားသမီးတို့က 'ဆရာဦးတင်ဦးလေ၊ သိသလား' ဆိုတော့ သူကျေးဇူးတင်သည့် လက္ခဏာနှင့် ခေါင်းညိတ်ပြသွားခဲ့ပါသေးသည်။

စတိုင်သစ်မဂ္ဂဇင်းထဲမှာ လောင်းကစားနှင့် စပ်ရာ ဆောင်းပါးရေးတော့ သမိုင်းချို၍ သခင်ကြည်ရှိန်တို့ ကစားဝိုင်းထောင်ကြပုံအကြောင်း ကျွန်တော် အတန်အသင့် ထည့်ရေးသည်။ ကျွန်တော် ငယ်စဉ်က ကိန်းဖူးသော အမုန်းစိတ်နှင့် မရေး။ ... အတိုင်းလေးပဲ ရေးပါသည်။ သခင်ကြည်ရှိန် သူ့စီးပွားရေးကိစ္စနှင့် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ဘက်သို့ ရောက်ရာ အဲဒီမှာ ကျောင်းဆရာအလုပ်နှင့် အိမ်ထောင်ကျနေသည့် ကျွန်တော့်ညီအငယ်ဆုံးနှင့်တွေ့၊ စကားစပ်မိ၊ ကျွန်တော့်ညီမှန်း သိသွားသည့်အခါ ကျွန်တော့်စာ သူဖတ်ရကြောင်း၊ အချိန်ရရင် မင်းအစ်ကိုကြီးနှင့်တောင် သာဝတ္ထိသွားပြီး တွေ့လိုက်ချင်သေးကြောင်း ပြောပါသတဲ့။ မကြာခင်က ထိုညီငယ် သာဝတ္ထိပြန်လာရာ သခင်ကြည်ရှိန် မသေခင် တစ်ပတ်လောက်က သစ်ပုတ်ပင် ရောက်လာသေး၍ သူနှင့်တွေ့သေးကြောင်း ကျွန်တော်နှင့် တွေ့ချင်သည့် ဆန္ဒကို ပြောသွားသေးကြောင်း သိရပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သခင်ကြည်ရှိန်နှင့် ကျွန်တော် အရွယ်ချင်းလည်းခြား၊ အခြားနည်းနှင့်လည်း စပ်တာမရှိ၊ သိကြကျွမ်းကြသူများလည်း မဟုတ်ပါ။ သို့ရာတွင် သူ ကျွန်တော့်ညီနှင့် တွေ့စဉ် ပြောဆိုသွားသော ညီလုပ်သူ ပြောပြချက်စကားများအရ ကျွန်တော့်အပေါ် တစ်စုံတစ်ရာ ညွှတ်ကိုင်းမှုရှိသွားကြောင်း သိရပါသည်။ တစ်နည်းအားဖြင့် ကျွန်တော်ငယ်စဉ်က မုန်းခဲ့သော ထိုလူနှစ်ယောက်သည် သူတို့မသေခင်ကာလကလေးမှာ ကျွန်တော့်မေတ္တာကို ခံယူရရှိသွားကြသည်ဟု နားလည်လိုက်ရပါသည်။

တကယ်တော့ တစ်ချိန်က နာမည်ထွားလှသော သခင်ကြည်ရှိန်ဟူသော အမည်သည်လည်း အချိန်တိုက်စားရာပါသွား၊ ကွယ်ပျောက်သွားပါလိမ့်မည်။ ဦးတင်ဦး (ကျူရှင်) ဆိုတာနှင့်တကွ သူ့စာများလည်း အချိန်၏ ဝါးမျိုရခြင်းကို ခံရကာ တစ်ချိန်မှာ ကွယ်ပျောက်သွားပါလိမ့်မည်။

သို့ရာတွင် လောဘ၊ ဒေါသ၊ မောဟ၊ မာနတို့ကား ပုထုဇဉ်တို့၏ သန္တာန်၌ မင်္ဂရေနှင့် ဆေးကြောမချနိုင်သမျှ အမှေးထူ အမှေးပါးသာကွာမည်၊ စေးကပ်နေတာကတော့ စေးကပ်နေကြပေလိမ့်မည်။ ထိုလော–ဒေါ–မော အကြောင်းခံဖြင့်ပင် လိုချင်ကြ၊ ရအောင်အားထုတ်ကြ၊ လိုရာမရ မကျေနပ်ဖြစ်ကာ အမှားကြီး၊အမှားလေးတွေကို ကျူးလွန်နေကြပေလိမ့်ဦးမည်။

လူသည် မှားတတ်သည်ကို အသိအမှတ် ထားကြရပေလိမ့်မည်။

မှားတတ်သော သဘာဝရှိသဖြင့် မှားတာကို လိုင်စင်ရသဖွယ် အမှားတွေကို လုပ်နေခြင်းကား မကောင်း။ ထိုအပြုအမူမျိုးကိုကား စွမ်းရာနည်းဖြင့် တားဆီးကြရပေမည်။ အမှားကို တားဆီးရာ၌ မမှန်သောနည်းနှင့် တားဆီးခြင်းသည်လည်း အမှန်သို့ မရောက်နိုင်တတ်ကြောင်း သုံးသပ်မိကြရမည်။

လူတို့၏ မှားတတ်သည့်သဘာဝကို အသိအမှတ်ပြုမိလျှင် အမုန်းတရားအား လျော့သွား၏။ မေတ္တာတရား ဖွံ့ဖြိုးလာနိုင်ပါသည်။ မေတ္တာတရားသည် ပိုက်ဆံမကုန်ဘဲ ထားလို့ရနိုင်သဖြင့် အချို့က အလေးမထားချင်တတ်ကြပေ။ လောကသဘာဝမှာ စစ်ပွဲတစ်ခုအောင်နိုင်အောင် တိုက်နိုင်သူသာ သူရဲကောင်းဘွဲ့ ရတတ်ကြပြီး စစ်မဖြစ်အောင် နေနိုင်သူတို့မှာ မထင်ရှားဘဲ ဖြစ်နေသကဲ့သို့ပင်တည်း။

ကျွန်တော့်စာမှာ 'အောက်မြစ်'ကျ၍ 'ရေးချ' ပိုသွားခြင်းအမှားကို





အပြုံးနှင့်ပင် အမုန်ရောက်စေလိုသော နှုတ်အမူအရာပြသည့် ဒေါက်တာလွှဏ်းဆွေကို ကြည့်ပြီး ကျွန်တော် တွေးမိတွေးရာ တွေးဖြစ်သွားပါသည်။ သူ့အပြုံးများသည် ကျွန်တော်၏ မမုန်းတရားကို အားပေးလိုက်သလိုလေး ရှိသွားပါလေသည်။

[မြားနတ်မောင်၊ ၁၀/၂၀၀၂]



www.burmeseclassic.com

www.burmeseclassic.com

## ငယ်ဆရာလွမ်းချင်း

'လက်ဖက်ရည်တစ်ချင်း' ဖတ်ပြီးတာမှ မကြာသေး။ 'လွမ်းချင်း' လာပြန်ပြီလားဟု ပရိတ်သတ်က ငြီးငြင်ချင်ရင်လည်း မတတ်နိုင်ပြီ။ ယခု ကျွန်တော် လွမ်းနေသည်။

ရေနွေးသောက်များတာလည်းပါမည်။ အသက်ငယ်ငယ်နှင့် အဘိုးကြီးဖြစ်လာလို့ ဆီးကို ထိန်းညှစ်ပေးထားနိုင်သည့် ကြွက်သားများ လျော့လျော့လိုက်လာတာလည်း ပါကောင်းပါမည်။ ည,ညမှာ အနည်းဆုံး သုံးခါလောက်တော့ ထ,ရသည်။ ဆီးသွားချင်၍ နိုးထပြီး ပြန်အိပ်သော် တစ်ခါတစ်ရံ ချက်ချင်း အိပ်မပျော်၊ ဟိုတွေး သည်တွေး တွေးမိသွားရင်းမှ အဖေ့ကို သတိရ၊ အမေ့ကို သတိရ၊ သမီးလေး မျက်စိထဲမှာပေါ်။ ကနေ့ညကျတော့ ဆရာ့ကို လွမ်းစိတ်ကလေး ပေါ်လာတာနှင့် ပြန်အိပ်မရ ကဲဟာ...ဆိုပြီး ဒီစာကိုရေးမိတာနှင့် ကျွန်တော့်စာသည် ခေါင်းစဉ်ပါအတိုင်း ဖြစ်သွားရပါသည်။

ကျွန်တော့်ဆရာကို ၁၉၅၂ တွင် စတွေ့ခဲ့ပါသည်။ 'စာဖတ်ခြင်း' ဆောင်းပါးမှာ ရေးဖူးသလိုပင် ထိုနှစ်- စက်တင်ဘာ ၂၂ ရက်တွင် ထင်ပါရဲ့ အမေ့အစ်ကို၏ ဖနီး ကျွန်တော်ကြီးတော်က ကျွန်တော့်ကို ကုလားမခြင်းတောင်းနှီးဆီတစ်ဘူးနှင့် သာဝတ္ထိကျောင်းသို့ လိုက်အပ်ပေး၏။ ပထမ အစမ်းစာမေးပွဲဖြေနေသော တတိယတန်းအခန်းတွင် ဝင်ထိုင်ရလေသည်။ တန်းကျောင်းမှာ ကျောင်းလာအပ်တာ 'ကုလားမခြင်းတောင်း'ကို ဆွဲလာရခြင်းမှာ စာသင်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



က ဘုန်းကြီးကျောင်းမှာဖြစ်၍ ကျောင်းထိုင်ဘုန်းကြီးကိုလှူဖို့ ဖြစ်ပါ၏။ ဝင်, ဝင်ချင်း တတိယတန်းမှာ နေရခြင်းမှာ ကျွန်တော်က အရပ်ကလေး အတော်မြင့်နေပြီဖြစ်လို့ ဖြစ်ပါ၏။ ကျွန်တော့်ထက် နည်းနည်းကြီးသူ သူငယ်ချင်းစိန်မောင် ကျွန်တော် လေးတန်းရောက်တော့ မိန်းမရ၊ ကျွန်တော့်ထက် နည်းနည်းငယ်သေးသော ဖိုးချုပ် ကျွန်တော်ငါးတန်းရောက်စဉ် အိမ်ထောင်ကျကြသည်ကိုထောက်၍ အရပ်က ကုလားဆရာကြီးဟု ကွယ်ရာမှာခေါ်ပြော နားလည်ကြသော ကျောင်းအုပ်ဆရာကြီး ဦးဘစိန်းက ကျွန်တော့်အား သုံးတန်းမှစ, ထားပေးခြင်းကို စာဖတ်သူများ သဘောပေါက်ကြလိမ့်မည် ထင်ပါသည်။

ထိုသုံးတန်းဆရာ၏အမည်မှာ ဦးအောင်သိန်း။ ယခု ကျွန်တော်ရေးမည်မှာ ကျွန်တော့်ဆရာတွေ အများထဲမှ ယခုညမှာ ထွင်၍ လွမ်းနေရသော ထိုဆရာဦးအောင်သိန်းနှင့် စပ်ရာတို့ ဖြစ်ပါ၏။ ကျောင်းရောက်ပြီး ၃-၄ ရက်ကြာတော့ အဖေက ဆရာဦးအောင်သိန်းထံ ကျွန်တော့်အား အပ်ပေးပါသည်။ ဆရာက ညနေ ၃ နာရီခွဲ ကျောင်းဆင်းလျှင် ကျောင်းကအပြန် သူ့အိမ်မှာ အင်္ဂလိပ်စာသင်ပါသည်။ ကျွန်တော်က ကျောင်းအဆင်းမှာ ဆရာနှင့်တစ်ပါတည်းလိုက်သွားပြီး သူ့ဆီက အင်္ဂလိပ်စာသင်ပြီးမှ ရွာသို့ပြန်ရပါသည်။

ဆရာဦးအောင်သိန်း စာသင်ပုံမှာ ကျွန်တော်၏ ကန့်ကူလက်လှည့်ဆရာ၊ ဆရာတော် ဦးပညာသင်ပုံနှင့် တယ်မထူးလှပါ။ ဦးပညာကျောင်းတွင် ကျောင်းသား ကိုရင်တွေက သူ့အတန်းနှင့်သူ။ သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင့်၊ နမက္ကာရ၊ လောကနီတိ၊ ပရိတ်ကြီး၊ ဓမ္မစကြာ၊ သဒ္ဒါ၊ သင်္ဂြိုဟ်...စသည်ဖြင့် ကိုယ်ရောက်ရာစာသည် ကိုယ့်အတန်း ဖြစ်၏။ ကိုယ်နှင့် စာတူသူ နှစ်ယောက် သုံးယောက်ရှိက ထိုနှစ်ယောက် သုံးယောက်သည် တစ်တန်းဖြစ်လေ၏။ များသောအားဖြင့် လူတစ်ကိုယ် တစ်တန်းကျနီးပါးပေပင်။ စာအံကြ၊ စာအံကြ။ လက်ပံပင် ဆက်ရက်များလို နားတောက်အောင်အော်။ ဗုန်း-ဗုန်း၊ ကြိမ်းကိုပုတ်လျှင် စာအံရပ်၊ ခေါင်းလောင်းထိုးသည့် မည်ပေ၏။ အံနိုင်းသည့်စာရလျှင် ဘုန်းကြီးရှေ့ဆောင့်ကြောင့်ထိုင်၊ လက်အုပ်ချီ၊ စာပြန်၊ ထစ်ငေါ့က ပြန်ကျက်ဦး၊ ထစ်ငေါ့ရုံမက အကြိမ်ကြိမ်လွဲ၍ အကြိမ်ကြိမ်ပြင်ပေးသော်လည်း အမှားပဲထပ်ဆိုက ခေါက်-ခေါက်၊ ဖြင်းဖြင်းခေါက်မည်၊ ရိုက်မည်။ သည်သို့နှင့်ပင် ရဟန်းအကျော်





အမော်ဖြစ်သွားသူတို့လည်း ရှိကြ၊ ပရိတ်ကြီးနှင့် ထွက်ပြီး ငါးရှဉ့်ထောင်သူလည်း ထောင်ကြ။

ကျွန်တော့်ဆရာဆီမှာလည်း အရင်ရောက်နှင့်သူက စာရှေ့ရောက်။ အသစ်ဝင်လာသူက အေဘီစီဒီ။ အေဘီစီဒီ လေးမျိုး အပီရွတ်တတ်၊ ရေးတတ်အောင် သင်လေသည်။ (အေဘီစီဒီ လေးမျိုးကို ယခုခေတ်ကျောင်းသားများမြင်ဖူးသည်ရှိအောင် ရေးပြလိုပါသော်လည်း ကွန်ပျူတာမှာလည်း ကျွန်တော်တို့ ရေးခဲ့ရသည့် လက်ရေးစာလုံး အကြီး,အသေးမျိုး ရှိမည်၊ ပါမည်မထင်၍ ရေးမပြတော့ပါ။) အေဘီစီဒီ-အက္ခရာ ၂၆ လုံးကြေလျှင် 'ဝမ်းအေ'ကို တက်ရ၏။ 'ဝမ်းအေ' ဆိုသည်မှာ 'နည်းသစ်ဖတ်စာ'ဟု အဓိပ္ပာယ်ရသော New Method Reader များကို ဝမ်း, တူး, သရီး...စသဖြင့် အဆင့်ဆင့် မြင့်တက်သွားသော အုပ်တွဲများ ခွဲထားရာတွင် 'ရီးဒါဝမ်း' ကို နှစ်အုပ်ခွဲထား၏။ ပထမအုပ်က 1 (A)၊ ဒုတိယအုပ်က 1 (B) ဖြစ်ပါသည်။ ကျွန်တော်က သုံးတန်းမို့ သုံးတန်းအင်္ဂလိပ်စာဟူ၍ သင်စရာမရှိပါ။ ၅ တန်းကျမှ အေဘီစီဒီ စသင်တာဖြစ်၍ ယခု သုံးတန်းနှင့် ဆရာ့ဆီ အင်္ဂလိပ်စာသင်ခြင်းမှာ ကျောင်းစာမေးပွဲအတွက် မဟုတ်။ အခြေခံ ရချင်၍ အပိုသင်ယူခြင်းပင်။ 'ကျူရှင်' တက်သည့်ဆိုပါစို့။

ယခုခေတ် နားနှင့်ဝင်အောင် 'ကျူရှင်' ဟု ပြောရခြင်းဖြစ်သော်လည်း ကျွန်တော်တို့ ကျောင်းသားဘဝက ကျူရှင်ဟူသောစကား မကြားဖူးသေးပါ။ မင်းက အင်္ဂလိပ်စာ 'ပရိုက်ဗိတ်' တက်သလားဟု မေးလျှင် 'ဟုတ်ကဲ့' ဟုသာ ဖြေလိုက်ရသော်လည်း 'ပရိုက်ဗိတ်' ဆိုသောစကား၏ စာအရှိ အနက်အတိုင်းလည်း သိသေးသည် မဟုတ်ပါ။ အတန်ကြီးလာမှ 'ပရိုက်ဗိတ်စကူး'ဆိုတာ 'ကိုယ်ပိုင်ကျောင်း'ကို ပြောမှန်း သိရပါသည်။

ကျောင်းရောက်စ တစ်လလောက်အထိ ညနေအင်္ဂလိပ်စာသင်ပြီးမှ ရွာပြန်၊ မနက်မှာ ထမင်းထုပ်နှင့် ကျောင်းလာလုပ်နေခဲ့သေး၏။ နောင်တစ်လကျော် နှစ်လအတွင်းရောက်သော် ဆရာဦးအောင်သိန်း၏ 'ကိုယ်ပိုင်ကျောင်း' ကို တကယ်ရောက်ပါတော့သည်။ အဖေက လူလေးရာ...ညကျောင်းတက်တော့ပေါ့-တဲ့။ ဒါနှင့်ပင် ညနေ ၃ နာရီခွဲကျောင်းဆင်းသော် ရွာပြန်၊ ရွာက ညစာစားပြီး ပြန်လာ၊ ဆရာ့အိမ်မှာ ညအိပ်စာသင်၊ မနက် ၇ နာရီခွဲ ကျောင်းတက်အမီ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကိုသွား၊ ၉ နာရီခွဲ ကျောင်းဆင်းတော့ ရွာပြန်၊ နံနက်စာစားပြီး ၁၂ နာရီမထိုးမီ ကျောင်းရောက်အောင် ပြန်လာ။ ဤသို့အားဖြင့် ကျွန်တော့်လို ရွာဝေးက ကျောင်းနေသူများ ဆရာ့ 'ပရိက်ဗိတ်' မတက်လျှင် ရွာနှင့် ကျောင်းကို ညမနက် သွား-ပြန် နှစ်ခေါက်သာလျှောက်ရသော်လည်း ကျွန်တော်က လေးခေါက်လျှောက် (ဝါ)တစ်ခါတစ်ရံ ပြေးရ၏။ (ကျောင်းချိန်မီအောင်)

ဆရာက သူ့ကိုယ်ပိုင်အိမ်ကလေးကို ကျောင်းပြုထားသဖြင့် 'ကိုယ်ပိုင်ကျောင်း' ဝေါဟာရနှင့် လိုက်ဖက်ပါ၏။ ညအိပ်ကျောင်းသားများ ၄၀-၅၀ အထိ ရှိဖူးသည်။ အပျိုကြီး၊ လူပျိုကြီးတွေလည်းပါ၏။ ကျွန်တော့်လို ၃ တန်းကျောင်းသားများမှသည် ၁၀ တန်းကျောင်းသားများအထိ ရှိသည်။ ယခုတစ်ခါ တစ်ရံ အချို့သူများက 'မောင်တင်ဦးက အဖေ့သူငယ်ချင်းလေ' ဟု လည်းကောင်း 'ဆရာကိုတင်ဦးက အမေ့တို့ သူငယ်ချင်းပေါ့' ဟု လည်းကောင်း၊ မိမိတို့သားသမီးများ ဖြစ်စေ၊ ကျွန်တော့်တို့၏ ငယ်ဘဝကို မသိကြသော မိဘ်ဆွေများကို ဖြစ်စေ ပြောလေ့ ရှိပါ၏။ ဟုတ်တော့ဟုတ်ပါ၏။ ကျွန်တော့် သူငယ်ချင်းများတွင် ကျွန်တော် သုံးတန်း၊ သူက ခြောက်တန်း၊ ဒါပေမဲ့ သူ့အသက်က ၂၀။ အသက် ၂၀ မှာ ခြောက်တန်းမလွန်ဘူးလားဟု မမေးပါနှင့်။ မလွန်ပါဘူး၊ ထိုသူငယ်ချင်းက ဘုန်းကြီးကျောင်းမှာ လောကနီတိလောက်သာ ရောက်ဖူးပြီး အကြောင်းကြောင်း ကြောင့် ကျောင်းထွက်နေခဲ့ပြီး ယခု ပြည်တော်သာခေတ်ထဲကျမှ အလယ်တန်းကျောင်းပွင့်လာလို့ တန်းကျောင်းလာ နေချင်တာကို ဆရာကြီးကလည်း ဒီအတန်းထက်လွန်၍ ပေးဖို့မတော်လှတော့ပါ။ နောက်တစ်နှစ်နေတော့ ခုနစ်တန်းအောင်သွားပြီး ပြည်တော်သာဆရာ ဖြစ်ကုန်ကြသူတို့ အများပင် ရှိပါ၏။

ထိုသို့သော နှစ်တန်း သုံးတန်းမှသည် ၁၀ တန်းအထိ ရှိကုန်သော အရွယ်လည်း အမျိုးမျိုးသော တပည့်များကို ဆရာ စာသင်ပုံကား အေဘီစီဒီ သမားဆိုလျှင်လည်း အဲဒီလူ သို့မဟုတ် အဲဒီအသုတ်ကို လာကြ လာကြ။ သူက ကုလားထိုင်ပေါ်က ကျောင်းသားက ဆရာတော်ဦးပညာကျောင်းမှာလိုပင် ကြမ်းပေါ်ကနေ၍ သင်ရပါ၏။ 'ပမ်းအေ' သမားအလှည့်ဆိုလျှင်လည်း ထို့အတူ 'ဝမ်းဘီ' သမားအသုတ်ကလည်း 'ဝမ်းဘီ' သမားအသုတ်အလျှောက် တစ်သုတ်ပြီးတစ်သုတ် တဟွတ်ဟွတ်နှင့် သင်ပါသည်။ ကိုယ့်အသုတ် ကိုယ့်အတန်း စာသင်ပြီးလျှင် ကိုယ့်နေရာမှာကိုယ် စာဖတ်ကြ ကျက်ကြ။ 'ဝမ့်





သဲယား ဝပ် အေ ဝိဇတ်။ ဟီ လစ် အင် အက်ဖရိက။ ဟီ ဝင့် တူချိုင်းနား တူဂက် အေ လမ့်။ ကုန်းအော်သူကအော်။ ကျွန်တော်သည်လည်း ဘုန်းကြီးကျောင်းကတည်းက အော်ကျင့်ရထားပြီးသူ ဖြစ်ရာ 'အေ ဆဲန်တဲန့်စ် အဇ်ဇ အေ ဂရုပေါက်ဝပ်ဒ်စ် သဃက်မိတ်က်စ် ကွန်ပလီ ဆဲန့်စ်' ကို သံကုန်ဟစ်သည်။ 'ဟော့ကောင်ရေ တိုးတိုးလုပ်ပါကွ' ဟု အနားက 'ယုန်ကလေးနှာစေးသမား' ကျောင်းသားကြီးက ဟန့်သည်။

ဘာတွေရေးနေပါလဲလို့ဟု စိတ်မပျက်ကြပါနှင့်။ ပထမစာက Once There was a wizard အစချီသော 'အာလာဒင်နှင့် မီးခွက် ဆန်း' ထဲက စာဖြစ်ပါ၏။ ဒုတိယစာက A sentence is a group of words အစချီသောစာဖြစ်ပါ၏။ Simple English Grammar ထဲတွင် ပါသည်။ 'ယုန်ကလေး နှာစေး' ဆိုတာက ဒေါက်တာထင်အောင်၏ Thirty Burmese Tales ထဲက ပုံပြင်တစ်ပုဒ်ကို ဆိုလိုပါသည်။ ၁၀ တန်းစာဖြစ်သည်။

ဆရာက အဲဒီလို စာအမျိုးမျိုးတက်ရသော ကျောင်းသားများကို တစ်သုတ်ပြီးတစ်သုတ် ညစဉ် သင်ရသည်မှာ အလွန်ပင် ပန်းလောက်ပါသည်။ စာသင်တာ ပါးစပ်ကလေးနှင့် ပြောရတာ၊ ဆန်အိတ်ထမ်းတာလောက် မပင်ပန်းပါဘူးဟု မထင်သင့်။ ငယ်ငယ်က ဆရာ့နေရာက ခံစားနားလည်လို့ မရခဲ့နိုင်သေးပေမဲ့ အကြောင်းအားလျော်စွာ ကျောင်းဆရာလုပ်ရပြီး အချိန်တွေ တစ်ဆက်တည်း 'တကယ်' သင်ပေးရသည့်အခါ အဟုတ်ပင်ပန်းကြောင်း လက်တွေ့သိလာရပါသည်။

ဆရာကစာသင်နေ စာမတက်ရသူတွေက ဆူသူဆူ၊ ဆော့သူဆော့၊ ငိုက်သူငိုက်၊ စကားများသူများဆိုပေမဲ့ ဆရာဘုန်းကြီးကဲ့သို့ ဖြင်းဖြင်းနှင့် ထ,တီးလေ့လည်း မရှိပါ။ ဘယ်ရိုက်ပါ့မလဲ။ ကိုယ့်ကို ပိုက်ဆံပေးပြီး လာသင်နေသူတွေကို ရိုက်လို့ ဘယ်တော်မှာလဲဟု တွေးစရာ ရှိပေမဲ့ အဲဒါကြောင့် မရိုက်သည် မဟုတ်ပါ။ ကျောင်းမှာလည်း ရိုက်လေ့မရှိပါ။ ထို့ကြောင့် ကျွန်တော်သည် ဆရာ့ကိုချစ်တာ လေးစားတာသာရှိ၍ မကြောက်ပါ။ သူကလည်း ကြောက်ရွံ့လေးခန့်အောင် ဆိုပြီး တမင်ကြိုးစားမနေပါ။ ဆော့သူကို 'ဟော့ကောင်တွေ၊ မဆူကြနဲ့ကွာ၊ မဆော့ကြပါနဲ့၊ စာကျက်ကြပါကွ' စာအုပ်ကိုင်ပြီး ထိုင်လျက် အိပ်သူကို အဲအဲ...တင်ထွန်းတို့ကတော့ ငိုက်ပြီ' ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



မလာသူကို 'အင်း...ငါတပည့်က ပိဋကတ်အိုးကွဲသွားပြီ' စသည်ဖြင့်လောက်သာ ပြောသည်။ တစ်နည်းဆိုရလျှင် ပျော့ပျောင်းသည်ဟု ဆိုရမည်။ ရှုတ်ချပြစ်တင်လေသံနှင့် ပြောလိုလျှင်တော့ 'မင်းတို့ဆရာက လူပျော့ပဲ'ဟု ပြောချင်ပြောနိုင်မည်။ ကျွန်တော့်ကို တွဲဖက်ဆရာလုပ်ခိုင်းသော ဆရာဦးပြုံးသည် သူ၏ ပျော့တော့တော့သဘာဝကို ကြိုက်ဟန်မတူ။ 'ကိုအောင်သိန်း...ခင်ဗျား ဘာညာ'နှင့် ခပ်နှိမ်နှိမ်သဘောမျိုးပေမဲ့လို့ ပြောချင်ပြောတတ်သည်။ ဆရာက ဘာမှ သိပ်ပြန်ပြောလေ့မရှိ။ ညကျတော့ စာသင်ချိန် မစ,သေးခင် အေးအေးလူလူ စကားပြောခွင့် ရချိန်၌ 'နေ့လယ်ကကွာ ဆရာ့ကို မောင်ပြုံးက ဘယ်လိုပြောလိုက်တာ' ဟု အစချီကာ သူ ခံပြင်းတာလေးကို ပြောပြပြီး 'ဒါပေမဲ့ ဆရာက ဘာမှ ပြန်မပြောလိုက်ပါဘူး'ဟု အဆုံးသတ်လေ့ ရှိ၏။ အဲဒီစကားမျိုး ဒေါ်ဒေါ်သင်က ကြားလျှင် (ဆရာကတော်က ဒေါ်ဖွားသင်ဟု ခေါ်ပြီး ဆရာ့ထက် နှစ်,နှစ်လောက်ကြီးသည်။ စိတ်ထက်သည်။ ကျွန်တော်တို့က 'ဒေါ်ဒေါ်' ဟု ခေါ်သည်။) 'ဟဲ့...ကိုသိန်း...နင် အဲဒီတုန်းကတည်းက ဘယ်လိုပြန်ပြောလိုက်ပါလား၊ အခု အိမ်ကျမှ ဘာလေး ညာလေး လုပ်နေတယ်' စသဖြင့် မာန်လိုက်လျှင် ဆရာငြိမ်ကုပ်သွားကာ ကျွန်တော်တို့ကိုလည်း ဒေါ်ဒေါ် မမြင်အောင် ပြုံးစစအမူအရာကလေးနှင့် ပြ၏။ သူ့အမူအရာကို ကျွန်တော် စာနှင့် ရေး၍ ပေါ်အောင် မဖော်ပြတတ်။ အဓိပ္ပာယ်ကတော့ ငါ့ တပည့်တို့ရေ ဒီစကား ဒီမှာတိတ်မှ တော်မယ်။ ဆရာကလည်း သူ့ကို ကြောက်ရတယ် မဟုတ်လားကွ။ တော်ကြာ ထပ်အော်နေရင် ခက်ဦးမယ် ဟူ၍ ရပါသည်။

ကျူရှင်လခမျက်နှာထောက်လို့ မရိုက်တာ၊ ခက်ထန်မာကျော မဟုတ်တာဖြစ်ကြောင်း ပေါ်ပေါက်ပါပြီ။ တကယ်တော့ သူသတ်မှတ်ထားသည့် တစ်လ သုံးကျပ်ကိုလည်း ၁၀ ယောက်မှာ ၈ ယောက်က တိတိကျကျ မပေးနိုင်တာ၊ မပေးကြတာ များပါ၏။ သို့သော် ဆရာက နှုတ်က မြွက်၍ တောင်းခဲပါသည်။ ဒေါ်ဒေါ်ကသာ လကျော်၊ လကျူးများလှသူမျိုးကိုမှ တစ်ခါတစ်ရံ မောင်ဘယ်သူတို့ ကျောင်းလခလေး ယူခဲ့ဦးလေကွယ်ဟု ပြောတတ်ပါသည်။

ဆရာ့အိမ်မှာ စာကျက်ရတာကို လယ်ပြင်ထဲကိုသာ ရွှေ့ကြည့်လိုက်လျှင် အလွန်ပျော်စရာကောင်းမည်။ ဟိုနားက မီးလေးရဲရဲ၊ ဒီနားက ရဲရဲနှင့် ဖားရိုက်ထွက်နေကြသကိုးဟု နားလည်ကြမည်။ သို့သော် ဆရာ့အိမ်က လယ်





ပြင်လောက်မကျယ်တော့ ဟိုနားမှာလည်း ရေနံ့ဆီမီးခွက်လေး ဒီနားမှာလည်း ရေနံဆီမီးခွက်၊ မီးခွက်ချင်းစပ်နေပါ၏။ မြန်မာပြည်မှာ လျှပ်စစ်မီးပေါ်လာသော်လည်း သာဝတ္ထိ၌ မပေါ်သေးသဖြင့် ကိုယ့်မီးခွက်နှင့်ကိုယ် စာကျက်ကြရ၏။ ဆရာ့ကျောင်းထွက်တွေ ဖားရသူလည်းရ၊ မရသူလည်း မရ ရှိကြပါ၏။ (အိတ်ပေါက်သူကလည်း ပေါက်သကိုး)

မီးဆင်းရဲနှင့် စာသင်ရတာထက် ရေဒုက္ခက ပိုဆိုးပါသည်။ တရားခံကား ဆရာ့ ရေတံလျှောက် ဖြစ်၏။ ဖြောင်းဖြောင်းရှာချလိုက်သော် သူက ဖျော့ဖျော့ကျ၏။ မလုံ။ သူ့အောက်တည့်တည့်သာမက ဘေးသို့ပါ ရေတွေစဉ်လေရာ ရေတံလျှောက်အောက် ဝန်းကျင်၌ အိပ်လို့မဖြစ်တော့။ ဒီအခါ နေရာလုကြ။ ကျွန်တော့်နေရာပျောက်ပြီ။ အိပ်စရာနေရာမရှိတော့။ မီးဖိုခန်း ကျဉ်းကျဉ်းထဲအိပ်မည် စိတ်ကူးသော်လည်း အဲဒီမှာက မိုးမလုံ။ မိုးနည်းနည်းလုံသည့်နေရာက လှေကားဦး၊ ဖိနပ်ချွတ်ထိပ်နားကလေးက နေရာကျဉ်းကလေးသာ ဖြစ်၏။ 'ငါ့တပည့်က ဖြစ်ပါတယ်ကွာ။ ကွာ ဒီနေ့မှ မိုးကလည်း ကောင်းလိုက်တာ'ဟု အံကြိတ်ကာ သိကြားမင်းနှင့် ကျွန်တော့်ကို ရန်တိုက်ပေးသလိုလိုနှင့် ဆရာပြောသည့်အဓိပ္ပာယ်ကို ကျွန်တော် နားလည်ပါသည်။ အခြားကျောင်းသားများကို အဲဒီမှာ အိပ်ပါကွာဆိုလျှင် စောဒကတက်ချင်တက်မည်။ ကျွန်တော်က ထိုသို့တက်မည့်သူ မဟုတ်လောက်၍ ဖော်ပြပါအတိုင်း အကူအညီတောင်းသည့်အနေဖြင့် ပြောခြင်း ဖြစ်ပါသည်။ ကိုယ့်တပည့်ကို ဘယ်ဆရာမှ ဖိနပ်ချွတ်နားမှာ အိပ်စေချင်ရိုးမရှိပါ။ သို့သော် ဆရာဆင်းရဲ၍ တပည့်ပါ ဒုက္ခရောက်သည်ကတော့ ကံတရားပါပဲခင်ဗျာ။

ဒီလိုဟာလေးတွေ ထောက်လို့ပဲထင်ရဲ့။ ဆရာက မနက်ကျလျှင် တစ်ခါတစ်ရံ 'ငါ့တပည့် လာကွာ၊ ဆရာနဲ့ မျှစားတာပေါ့'ဟု ဆိုကာ ဒေါ်ဒေါ် စီမံပေးသည့် ထမင်းကြော်လေးကို မျှကျွေးတတ်၏။ ကျွန်တော့် မိဘကလည်း မုန့်ဖိုးတစ်ပဲ၊ တစ်မူး (နောင် ငါးပြား၊ ဆယ်ပြား) ကို တစ်လလုံးမှ သုံးရက်လောက်ပြည့်အောင် ပေးနိုင်ခဲ့သည်ဖြစ်ရာ ကျွန်တော့်မှာ တကျိုကျိုနှင့် နံနက်ပိုင်း ကျောင်းတက်ရ၏။ ၉ နာရီခွဲ ကျောင်းဆင်း၊ ရွာပြန်အိမ်ရောက်လို့ ၁၁ နာရီခွဲလောက်မှ ဗိုက်နှင့် ထမင်းပြန်တွေ့သည်။ ဆောင်းတွင်း လိုကာလမျိုးဆိုလျှင် အနွေးထည်မရှိလို့ ချမ်းမှာ ကြောက်တာနဲ့ ဘောလုံးကွင်းထဲမှာ ဘောလုံး



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးနှင့် ချွေးထွက်အောင် ပြေးပတ်ဆော့နေရပြန်လို့ ဗိုက်က ကွိကွိမြည်မကဂွီဂွီအထိ မြည်လေတော့သည်။ ဒါကိုလည်း သိ၍ ဆရာက သူစားရသမျှထဲမှ ရုံခါမျှ ကျွေးခြင်း ဖြစ်ပါ၏။ (အမြဲတမ်းလည်း မကျွေးနိုင်ဘူးပေါ့ခင်ဗျာ)။

ဆရာ့မှာ မြေးတွေရှိရာ အငယ်ဆုံးကလေး ဖိုးထောင်နှင့် ခင်မမတို့ဆိုလျှင် အညစ်အကြေးသုတ်သင်၊ ရေမိုးသန့်စင်ပေးခြင်းများကိုပင် ကျွန်တော်ကလည်း လုပ်ကိုင်ပေးသဖြင့် ကျွန်တော့်ကို သနားခြင်းအပြင် ဆရာက တပည့်လိမ္မာလေးအဖြစ်ပါ ချစ်လေသည်။ သူ့မြေးတွေအနက် ဖိုးထောင်ကလေးကို ဆရာက အချစ်ဆုံးဖြစ်ပါ၏။ ဒီမြေးကလေးကို မောင်မြင့်သန်းဟု နာမည်လှပေးထားသော်လည်း ဆရာခေါ်စေချင်သလို ဘယ်သူမှ မခေါ်သဖြင့် ယခုလည်း ဦးဖိုးထောင်ကြီး ဖြစ်နေသော မောင်မြင့်သန်းကလည်း ကျွန်တော့်ကို ယခုတိုင် ချစ်လျက်ပင် ရှိပါသည်။

ဆရာ ကျွန်တော့်ကို ထိုသို့ချစ်သဖြင့် သူ့တပည့်ဖြစ်ပြီး တစ်နှစ်လောက်ရှိတော့ ကျွန်တော့်အား ပျဉ်းမနား ခေါ်သွား၏။ ကျွန်တော်သည် ကလေးငယ်ဘဝက အဖေနှင့်အမေတို့ မြောက်ခွင် ဆန်ရောင်းသွားစဉ်တုန်းကသာ ပျဉ်းမနားမြို့ထဲကို လှည်းနှင့် ဖြတ်ဖူးခဲ့တာပဲ ရှိ၏။ လှည်းပေါင်းမိုးထဲကမို့ ကားလမ်းပေါ် ဖြတ်မောင်းသည့် ဂျောင်းဂျောင်းသံပဲ ကြားရသည်။ ပျဉ်းမနားမြို့ ကြီးသလား၊ ငယ်သလား မသိခဲ့ရ။ ဆရာခေါ်သွားမှ ရှမ်းကန်ပဲ၊ ဈေးပဲဆိုတာ သိရလေသည်။ သူ့ဆရာ ဆရာကြီး ဦးဘချစ်ကို သွားကန်တော့စဉ် ခေါ်သွားတာဖြစ်၍ သူကန်တော့တော့ ကျွန်တော်ပါ ဦးချရသည်ဖြစ်ရာ ဆရာ့ကျေးဇူးနှင့် ကုသိုလ်လည်းတိုး၊ ပျဉ်းမနားမြို့လည်း ရောက်ဖူးရ၊ လက်ဝါးလောက်ခါးပတ်ကြီး ပတ်ထားသည့် သူ့သူငယ်ချင်းဆိုသည့် ဈေးထဲက ကုလားကြီး၏ နန်းကြီးကောင်းကောင်းကိုလည်း စားရပါလေသည်။

ဆရာက ကျွန်တော့်ကို ချစ်ရုံမက ကျွန်တော်နှင့် ကြွားရတာကိုလည်း သူ ခံတွင်းတွေ့ပုံရလေသည်။ တစ်ခါသော် သူ့မိတ်ဆွေရင်းထံ ဆွေမျိုးရင်းချာမို့ လာလည်သော ရန်ကုန် စိန့်ပေါ်ကျောင်းမှာနေသည့် ကျောင်းသားတစ်ယောက် တစ်ညမှာ ဆရာ့အိမ်ရောက်လာ၏။ ကျွန်တော့်လို ခြောက်တန်းကျောင်းသားပင်။ စိန့်ပေါ်ကျောင်းသားနှင့် စကားပြောစမ်းကွာဆိုပြီး ကျွန်တော့်အား မြှောက်ပေး၏။ ဟိုညီ့ကျောင်းသားက ကျွန်တော့်အမည် ဘယ်လိုခေါ်





သနည်း။ ဘယ်ရွာကလဲ။ မင်းမိဘ ဘာတုံး စသည်များ မေး၏။ ကျွန်တော်က ပြန်ဖြေကာ သူ့ကိုလည်း မင်း ဘယ်အတန်းလဲ၊ ဘယ်မှာနေသလဲ...စသည်ဖြင့် ပြန်မေး၏။ ညီ့သည်ကျောင်းသား ပြန်သွားတော့ စိန့်ပေါ်ကျောင်းသားလောက်တော့ ငါ့တပည့်က ဘယ်ကြောက်မှာလဲနှင့် ကြုံသလို ကြွားလေသည်။

တိုင်းပညာဝန် ဦးဟုတ်ထိန်သည် ထိုခြောက်တန်းနှစ်၌ပင်လျှင် ကျောင်းစစ်ရောက်လာသည်။ Eပုံကျောင်း၏ အပေါ်လက်တံတွင် ၅ တန်း နှစ်တန်းကို ထား၏။ အလယ်လက်တံတွင် ၆ တန်း (ခ)နှင့် ၇ တန်းကို ထားပြီး အောက်ခြေလက်တံတွင် ကျွန်တော်ထိုင်ရသည့် ၆ တန်း (က)ကို ထားရာ ပညာဝန်က အပေါ်လက်တံ အတန်းများမှ စ,စစ်လာသဖြင့် ကျွန်တော်တို့အတန်းကို နောက်ဆုံးမှ ရောက်သည်။ အေဘီစီဒီကို ၅ တန်းရောက်မှ သင်ကြရသည်ဖြစ်၍ ပညာဝန်လာချိန်၌ အချို့ကျောင်းသားများ အက္ခရာ ၂၆ လုံးကိုတောင် ကွဲအောင် ရေးတတ်သေးသည် မဟုတ်ရာ ပညာဝန်မေးတာ မဖြေနိုင်။ ဦးဟုတ်ထိန် မကျေနပ်၊ ဆရာကြီး ဦးဘစိန်းကို အပြစ်တင်သည်။ ၆ တန်း (ခ)၌လည်း အလားတူ မြည်တွန်၏။ ၇ တန်းရောက်သော် အသံထွက်တွေကလည်း မမှန်၊ မကောင်းဟု မိန့်ရုံမက 'ဆရာကြီး ခင်ဗျား ကျောင်းသားတွေ အသံထွက်က ကုလားသံပေါက်နေပါလား'ဟု ဟောက်သည်။ ဦးဘစိန်းသည် သခင်ကြည်ရှိန်ကိုတောင် ကြောက်သူမဟုတ်ရာ တိုင်းပညာဝန်ပြောတာကို ငြိမ်မခံ၊ 'ဝန်မင်း...ဝန်မင်း ဆင်းသင်ရင်လည်း တရုတ်သံပေါက်မှာပဲ' ဟု လှန်ခွပ်၏။ ဦးဟုတ်ထိန် အတော်ဒေါပွသည်။

နောက်ဆုံး ကျွန်တော်တို့ အတန်းရောက်တော့ 'ဆရာ အင်္ဂလိပ်လို မေးမယ်၊ သိတဲ့သူ လက်ညှိုးထောင်ပြပါ'ဆိုပြီး အင်္ဂလိပ်လို မေး၏။ ကျွန်တော် လက်ညှိုးထောင်တော့ ထခိုင်းပြီး အဲဒီမေးခွန်းဖြေပါ ဆို၍ ဖြေလိုက်သည်။ နောက်တစ်ကြိမ် အလားတူမေးသည်။ မေးသမျှ လက်ညှိုးထောင်၍ ဖြေပြရာ သူ သဘောကျသွားသည်။ လေးခါလောက် ထောင်,ဖြေ လုပ်ပြီးသောအခါ မင်းမပါ ကျုန်သူထောင်ပါဟု ပြောကာ နောက်ထပ် အနည်းငယ်–ထပ်မေးသေးပြီးနောက် ကျောင်းအုပ်ဆရာကြီး ရုံးခန်းထဲသို့ ပြန်ဝင်သွားသည်။ 'ဆရာကြီး တပည့်လေးက ဒါတွေ–ဒါတွေ မေးတာ အားလုံး ဖြေနိုင်တယ်'ဟု ချီးကျူးသည့်အခါ 'ဝန်မင်းက သူ့ကို ဒီလောက်ကလေးပဲ မေးတာကိုး၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်မေးလည်း သူက ဖြေနိုင်တယ်။ ပြီးတော့ ကျွန်တော့်ကျောင်းမှာ မောင်တင်ဦးလို ကျောင်းသားတွေ ကျန်အတန်းတွေမှာလည်း ရှိတာပဲ။ ဝန်မင်းက သေသေချာချာမစစ်လို့ပါ'ဟု သူက တစ်ဖန် အထက်စီးပြန်ယူ၍ ပြောပစ်လိုက်ကြောင်းကို ညကျတော့ ဆရာကြီးက ဆရာ့အား ပြန်ပြော၏။ (ဆရာကြီးက ဆရာ့အိမ်မှာပဲ အဓိဆွဲချ၍ နေပါသည်) ဆရာကြီးက ကျွန်တော်နှင့် ပညာဝန်အကြောင်း ပြန်ပြောပြနေတာကို ကြားရတော့ ကျွန်တော့်ဆရာသည် နောက်နေ့မှာတောင် ထမင်းမစားတော့ဘဲ ပီတိတွေပဲ စားနေတော့မလားဟု ထင်ရသောက်ပါပေသည်။

ဆရာကြီးနှင့်စပ်မိတာလေး ပြောပါဦးမည်။ ဦးဘစိန်းသည် အိန္ဒိယနိုင်ငံ အာလာဟာဘတ်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသူဟု သိရပါသည်။ အင်္ဂလိပ်စာ တော်သည်ဟုပဲ ကျွန်တော် ထင်ပါသည်။ သူသည် သာဝတ္ထိ အလယ်တန်းကျောင်း၏ ပထမဆုံးကျောင်းအုပ် ဖြစ်သည်။ စည်းကမ်းကြီး၏။ သာဝတ္ထိကျောင်းအုပ် တစ်ဒါဇင်ကျော်အနက် သူ့လို အင်္ဂလိပ်၊ မြန်မာ လက်ရေးနှစ်မျိုးစလုံး ညီညာလှပသူ မတွေ့ဖူးသေး။ အလုပ်ကို တိကျရှိသေပြီး သူ့အားနည်းချက်မှာ အထက်ကို ပြန်ပြောခြင်း ဖြစ်သည်။ နောင် ပညာမင်းကြီး ဖြစ်သွားသည့် ဦးချိန်ကို ဘယ်နေ့ဘယ်ရက်က ဘယ်ဆရာ၊ ဆရာမ၏ နှစ်တိုး၊ ဘယ်နေ့ဘယ်ရက်က ကျွန်တော်၏ စကောလားရှစ်ပညာသင် ထောက်ပံ့ကြေးတို့အတွက် တင်ပြထားခဲ့တာ ဘယ်နှစ်လကြာပြီ၊ ဝန်မင်း အလုပ်များက ဝန်မင်း၏ ၃ နှစ်စာအလုပ်ကျွေးကို ကျွန်တော် ၃ လနှင့် လုပ်ပါမည်။ လက်ရှိလစာအတိုင်းပဲ နေရာလဲလုပ်ကြည့်စမ်းပါဟုလည်း ပြောဖူးသည်။ ကျွန်တော့်ဆရာ၏ အသံထွက်အချို့ကို သူက မှားသည်ဆိုကာ ပြင်၍ ကျွန်တော်တို့ သူ့အသံထွက်အတိုင်း ပြောင်းထွက်ရ၏။ ဥပမာ **Adjective** ကို ကျွန်တော့်ဆရာက 'အဲဂျီးတစ်ဗ်'ဟု ထွက်၏။ သူက 'အက်ဂျိုက်တစ်ဗ်'ဟု ထွက်ခိုင်း၏။ either...or, neither...nor ကို ကျွန်တော့်ဆရာက 'အီးသား-အော်' 'နီးသား-နော်'ဟု ထွက်၏။ သူက 'အိုင်းသား-အော်'၊ 'နိုင်းသား-နော်'ဟု ထွက်ခိုင်းသည်။ ကျွန်တော်ကြီးလာတော့ အဘိဓာန်တွေထဲ ရှာဖွေကြည့်,ကြည့်ရာ **Adjective** ကို ကျွန်တော့်ဆရာ ထွက်သလိုပဲပြမြီး၊ either...or, neither...nor ကိုကား ဆရာထွက်သလိုရော၊ ဆရာကြီးထွက်သလိုပါ နှစ်မျိုးပြကြောင်း တွေ့ရပါသည်။





ကျွန်တော့်ဆရာသည် ပျဉ်းမနား **KEM**ခေါ် အင်္ဂလိပ်ကျောင်းထွက်ဖြစ်ပြီး ၁၀ တန်းဖြေဆဲရက်အတွင်း သာဝတ္ထိသို့ ကျောင်းပြေးလာကာ ဒေါ်ဒေါ်နှင့် အိမ်ထောင်ကျသည်ဟု သိရပါသည်။ ဆရာသည် ငယ်စဉ်က ပေပေတေတေလေး နေဖူးရာ အင်္ဂလိပ်ခေတ်တွင် စာတိုက်မိုလ်အဖြစ်မှ အလုပ်ဖြုတ်ခံရပြီး ကျရာအလုပ် လုပ်ကိုင်စားရရာမှ လွတ်လပ်ရေးခေတ်တွင်မှ မူလတန်းဆရာအလုပ်ကလေး လုပ်ခွင့်ရသည်။ အချိန်အားသည့်အခါမျိုးတွင် သူ့လိုမဖြစ်အောင်စီကာပတ်ကုံးနှင့် စိတ်ရှည်လက်ရှည် ပြောပြဆုံးမတတ်၏။

ဆရာကြွားတာလေးတစ်ခု ထပ်ပြောရပါဦးမည်။ ကျွန်တော်က ၁၀ တန်းအောင် အလုပ်ရတော့ နှစ်စဉ်နှစ်တိုင်း ငါးမတ်တန် ပြက္ခဒိန်တစ်ခု၊ နှစ်ကျပ်တန် ဒိုင်ယာရီတစ်အုပ် (ဆရာက နေ့စဉ်မှတ်တမ်းကို အင်္ဂလိပ်လို နေ့တိုင်းမပျက် ရေးသည်) ဝယ်ဝယ်ကန်တော့သည်။ (ကျွန်တော်ကလည်း လခထုတ်ပြီးလျှင် သတ္တဝါလေးကောင်က အရင်အကန်တော့ခံ,ခံသွားကြသဖြင့် အဖေ၊ အမေနှင့် ဆရာ့ကို မကန်တော့နိုင်သည်ကပင် များပါ၏။)

ဆရာသည် ထိုနှစ်စဉ်မပျက် ကျွန်တော် ဝယ်ကန်တော့သည့် ၃ကျပ်တစ်မတ်ဖိုးကို 'ဒါ တင်ဦး ဝယ်ကန်တော့တဲ့ ပြက္ခဒိန်ပေါ့'ဟုလည်းကောင်း၊ 'တို့ကတော့ ဒိုင်ယာရီစာအုပ် မဝယ်ရဘူး၊ ငါ့တပည့်က အမြဲဝယ်ကန်တော့တယ်'ဟုလည်းကောင်း ကြွားသလို တစ်နှစ်လုံးကြွားပါသည်။ ကျွန်တော်ကလည်း ရုံးပိတ်ရက် ပြန်ပြန်လာတိုင်း ဆရာတို့၊ ဒေါ်ဒေါ်တို့ ကျွေးသည့်ထမင်းကို ရောက်တိုင်းစားပါသည်။

ဆရာ အသက် ၆၀ မပြည့်ခင်ပင် ဆုံး၏။ ချောင်းဆိုးရင်း အန်သည့်အခါ သွေးပါသည်ဟု ပြောသည်။ တီဘီပဲ ထင်ပါရဲ့။

ဆရာဆုံးတော့ သာဝတ္ထိပြန်လာကာ သဂြိုဟ်ခွင့်ရသေး၏။ အသုဘစောင့်ရင်း ပါလာသည့် ငွေသုံးကျပ်နှင့် 'တွမ်တီးဝမ်း' ဒိုင်ကိုင်ရာ ငွေ ၃ဝိ/–ကျော် ၄ဝိ/–လောက် ရ၏။ သာမန်မိတ်ဆွေချင်း ၁ ကျပ်၊ ၂ ကျပ်လောက်သာ အသုဘကူငွေ ထည့်ကြသေးသည့် ခေတ်ကာလတွင် ကျွန်တော် ၁၀ ကျပ်ကူနိုင်၏။ ကျွန်တော်တို့နောင်ကြီး ဆရာ့တစ်ဦးတည်းသား၊ ဆရာဦးအောင်ကြည်က ပြောသည်။

'အဖေတို့ကတော့ဟော့၊ တင်ဦးကို သေတဲ့အထိ လုပ်ကျွေးသွားသေး



www.burmeseclassic.com

www.burmeseclassic.com



တာ'တဲ့။

မှန်ပါသည်။ ကျွန်တော့်အရင် စကောလားရှစ်စာမေးပွဲ ဖြေသူများ လေးတန်းဖြင့်သာ ရဖူး၏။ ၇ တန်း စကောလားရှစ် ဘယ်သူမှမရဖူးခဲ့ ကျွန်တော့် နှစ်ရောက်မှ ကျွန်တော်သည် ၄ တန်းဖြင့်သာမက ၇ တန်း စကောလားရှစ်ပါ ရသည်မှာ ဆရာ့ကျေးဇူးကြောင့်ပင် ဖြစ်သည်။ အင်္ဂလိပ်စာ၊ သင်္ချာနှင့်ပဲ တဖုန်းဖုန်းကျနေသော မက်ထရစ်စာမေးပွဲတွင် မနက်စာမေးပွဲ ဖြေရမည်ကို ညမှာ သေမလောက်ဖြစ်သဖြင့် ဆေးကုသနေရတာနှင့် မအိပ်ရ၊ စာတစ်လုံးမှ မကြည့်နိုင်၊ အင်္ဂလိပ်စာ ဒီအတိုင်းဝင်ဖြေရခဲ့ခြင်းပင် ဖြစ်ပါသော်လည်း ကျွန်တော် နှစ်ချင်းပေါက်အောင်ခဲ့သေးတာ။ လုပ်သားကောလိပ်မှာ ကျောင်းမတက်ဘဲ စာမေးပွဲဝင်ဖြေတာ ဖြစ်သော်လည်း အင်္ဂလိပ်စာမှာ Grade 4 ရတာ။ သာမန် ပင်စင်စားအရာရှိ အင်္ဂလိပ်ကျူရှင်ပေးပါဆိုရင် ရတ်ခနဲ မလွယ်တတ်။ ကျွန်တော် ကလေးတွေ အောင်အောင်၊ ကြိုးစားသူ ဂုဏ်ထူးရအောင် သင်ပေးလို့ရတာတွေ အားလုံး ဆရာ့ကျေးဇူးပင်။ ကျွန်တော် မဟုတ်တာတွေ လုပ်ခဲ့သလောက်အတိုင်းသား မြုပ်သွားရမည်ဆိုသော် ခေါင်းပြူလာဖွယ်မရှိ။ ယခု ငါမသေဘူး ရေကူးတတ်သည် ဖြစ်နေသည်မှာ ဆရာ၏ကိုယ်ဘဝကို နမူနာထား၍ ဆုံးမပဲ့ပြင်ခဲ့သော စကားတို့ကို သတိရ ထိန်းသိမ်းနိုင်၍ ဖြစ်ပေရာ ကျွန်တော့် နောင်ကြီး စကားကို ပြင်တောင်ပြောလိုက်ချင်ပါသေး၏။

ကျွန်တော့်ဆရာက သူသေသည်အထိသာမဟုတ်ပါ၊ ကျွန်တော်သေသည်အထိပါ လုပ်ကျွေးသွားဦးမှာ ဖြစ်ပါလေသည်။

သုံးကျပ်တစ်မတ်ဖိုးနှင့် တစ်နှစ်လုံးပေါက် ကြွားကြွားနေတတ်သည့် ကျွန်တော့်ဆရာကို ကျွန်တော် ယနေ့ည တစ်ရေးနိုးမှာ ထ၍ လွမ်းနေမိပါတော့ချေတကား။ ။

မြားနတ်မောင်၊ ၁၁/၂၀၀၂



## လက်ဖက်ရည်တမ်းချင်း

ကံဆိုးရှာသော သမီးကလေးသည် ဆေးမရှိသော ရောဂါ၏ အနှိပ်အစက်ကို ကြံ့ကြံ့ခံ အန်တု၍ လူ့ပြည်၌ နေခွင့်လေး ရနိုင်သရွေ့ ရသေးဖို့ အားတင်း ကြိုးစားရှာပါသေးသော်လည်း သေမင်းကို မဖက်ပြိုင်နိုင်၊ ၂၀၀၂ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် သေမင်းခေါ်ရာ လိုက်ပါသွားရသည့်အခါ မိဘနှစ်ပါးဖြစ်သော ကျွန်တော်တို့လင်မယားမှာ စိတ်ရောကိုပါ နွမ်းလျက်သာ ကျန်ရစ်ခဲ့ကြပါ၏။ လေး–ငါး–ခြောက်လ အအိပ်ပျက် အစားပျက်ဒဏ်ကြောင့် ရှေးယခင်က အလွန်လျှင် မာချာလှသော သူ့အမေပင်လျှင် အိပ်ရာထက်လဲ၊ အမြဲလို ချူချာနေသည့် ကျွန်တော်မှာမူ ရောဂါဟောင်း အစာအိမ်ဝေဒနာက နှိပ်စက်၊ ဆီး၊ ဝမ်းတွေလည်း မမှန်တော့ဘဲ အပူတွေ အောင်း၊ ခဲကာ မခိုင်ချင်တော့ပြီ ဖြစ်သည့် သွားတွေကပါ ကိုက်လာ၊ သွားကိုက် သွားနာဆိုတာကလည်း (အခြားရောဂါကမှ ခံတွင်းမပျက်သေးသော် သင့်ရာကို ရွေး၍ စားလို့ရနိုင်သေး) အဆင်မသင့်လျှင် ရေသောက်တာတောင် နာချင်နာတာမျိုးမို့ ဘာမျှ မခံနိုင်၊ မစားနိုင်၊ သောက်လို့လည်းမရ၊ ဒုက္ခလှလှကြီးတွေ့နေရလေတော့သည်။

သမီးလေးရှိစဉ်ကလည်း သူ့အနားက ခွာမရ၍ လက်ဖက်ရည်ဆိုင် မသွားနိုင်၊ ယခု သူမရှိတော့သော်လည်း သူ့အမေကို ပစ်ထားခဲ့၍ မရပြန်၊ 'သွားဝယ်စမ်းကွာ၊ တစ်ခွက်လောက်'ဟု နိုင်းရအောင်ကလည်း ပြေးဒိသွားနာကြောင့် မဖြစ်ပြန်ပါ၊ ပါးစောင်တစ်ဖက်ပါ ရောင်နေတာကို လက်နှင့် အုပ်



www.burmeseclassic.com

www.burmeseclassic.com



၍သာ သွားကိုက်ဝေဒနာအပြင် လက်ဖက်ရည်သောက်ချင်သည့် ရောဂါကိုပါ ကြိတ်မှိတ်၍ ခံနေရလေတော့သည်။ မန်လည်ဆရာတော်ကြီးကတော့ ဆုံးမပါ၏။

လက်ဖက်ရည် မပြတ်သမျှ *မရတတ်မှန်သည် လာဘ်ရဖို့ မကြံစည်၊
ကံနှစ်လီချွတ်ယွင်း ကျိုးမရချိန်ပုပ်ကာ၊ အိမ်လုပ်မှာ တိုးလို့လစ်ဟင်း။
ဝိုင်းဖွဲ့၍ရှိ (ရယ်)စရာ၊ ဝစီမှာ သိမ်ဖျင်း မကြည်စရာ အိမ်တွင်းက
ကျိန်ဆဲရင်း နားပူ။

* အရှင်ဉာဏာဒီစွ၏ "တိမ်မြုပ်နေကြသော အဖိုးတန် မန်လည်ကဗျာများ"စာအုပ် [၁၉၆၁–ထုတ်] တွင် 'လက်ဖက်ရည်' မပြတ်သမျှ မရွည်တတ်မှန်သည်'ဟု ပါရှိ၏။ မသင့်နိုးထင်၍ စာရေးသူက 'မရတတ်မှန်သည်' ဟု ညသတ်ဖြတ်၍ ရေးခဲ့ခြင်း ဖြစ်သည်။ ဆရာကျော်စောမင်းက စတိုင်သစ်မဂ္ဂဇင်းထဲမှာရေးသော ဆောင်းပါးတစ်ပုဒ်၌'တက်မရ မှန်သည်'ဟု ပြင်ပြဖူးသည်။

သုံးစရာ ပိုက်ဆံပါးပြန်တော့၊ မယားက တိုးလို့သာဆူ။
မိုက်ဉာဏ်များတဲ့ အလကားလူရယ်
အခြားသူပြောဆိုကြသည့်
လောကနှင့် သံသရာ၊ ကျိုးမရှိပါ။
ကရားတစ်လုံးနှင့် မခြားသုံးပါလျှင်
မယားမုန်းကာ ကွာတတ်ချည်ရဲ့လေး။...တဲ့။

သို့ပါသော်လည်း လက်ဖက်ရည်ကို မဖြတ်နိုင်၍ သူ့အဆုံးအမကို မနာယူနိုင်ပါ။ ကျွန်တော့်မှာ မယားကမုန်းကာ ကွာမှာလည်း မကြောက်ရပါ။ 'အိမ်တွင်းက ကျိန်ဆဲရင်းနားပူ' မလုပ်သည့်ပြင် 'သင်း–အိမ်မှာရှိနေလျှင် ငါ့ကို ဟိုဟာယူပေးပါဦး၊ ဒီဟာလေး ကမ်းလိုက်ပါဦးနဲ့ အေးအေးမနေရ၊ ဘယ်အချိန်မှ ပြန်လာလာ၊ မြန်မြန်ကြွတာ အေးသေး' ဟုတောင် ဆရာကတော်က တွေးပါသေးသည်။ 'ဝိုင်းဖွဲ့၍ ရယ်စရာ၊ ဝစီမှာ သိမ်ဖျင်း'တာလေးများ ပါသင့်သလောက် ပါသော်လည်း 'အင်ဖော်မေးရှင်း အိတ်'ကြီးထဲမှာ လက်ဖက်ဆိုင်မှာမှ 'နေ့ာလိတ်' တွေက အစုံရနိုင်တာ မဟုတ်ပါလားခင်ဗျာ။

သို့ရာတွင် ဆိုခဲ့သည့်အတိုင်း လက်ဖက်ရည်မသောက်ရတာက တစ်မျိုး၊ သွားနာတာက တစ်ဖုံ အလိုမကျခြင်းနှစ်မျိုး ဆုံမိသဖြင့် ဤလက်ဖက်ရည် ယဉ်ကျေးမှုကြီးကို အဘယ်လူမျိုးတို့က စတင်ထူထောင်ခဲ့ပါသနည်းဟု ဒေါမနဿ





စိတ်နှင့် တရားခံလိုက်ရှာကြည့်ပြန်တော့လည်း ကျွန်တော် ပညာရှိမှာ စွယ်စုံကျမ်းတွေ ဘာတွေထဲ ရှာကြည့်မှ ပြောတတ်နိုင်မည့် ပဏ္ဍိတ်မျိုး ဖြစ်သဖြင့် အစတရားခံကို တပ်အပ်သေချာ မရှာနိုင်။ အင်း...စိနတိုင်းသား တရုတ်ဆိုတဲ့ လူမျိုးများပဲ ဖြစ်ပေအံ့ ဟူ၍သာ နီးရာကို ရမ်းသန်းစွပ်စွဲလိုက်ရတော့သည်။

ဘယ်သူကပဲစစ၊ တစ်ကမ္ဘာလုံးလောက် လက်ဖက်ရည်သောက်နေကြသည် ဆိုတာကိုတော့ တွေးလို့ရပါသည်။ မြန်မာမှာတော့ ရှမ်းပြည်နယ်က ရသည့် လက်ဖက်ရွက်ခြောက်ကို ကျိုက်ကျိုက်ဆူရေထဲသို့ ထည့်လိုက်သဖြင့် ဖြစ်လာသောရေကို လက်ဖက်ရေ (ဝါ) လက်ဖက်ရည်ဟု ခေါ်သပေါ့။ အချို့နိုင်ငံတွေမှာတော့ ရှမ်းပြည်နယ်က အရွက်မျိုး ဟုတ်ချင်မှ ဟုတ်မည်။ မဟုတ်သော်မှလည်း သူတို့ဆိုင်ရာ ဘာသာစကားနှင့် ထိုအရွက်ရည်ဟု ခေါ်ကြလိမ့်မည်ပင်။ အင်္ဂလိပ်လိုကတော့ tea ဟူ၍ပဲ ရောချလိုက်ရုံ ရှိပါသည်။

ထို tea ယဉ်ကျေးမှုသည် အနိုင်ငံငံတို့၌ သူ့နည်းသူ့ဟန်နှင့် ရှိကြပါ၏။ မြန်မာ၌လည်း ရှိ၏။ မင်းတုန်းမင်းကြီးသည် ဦးပုညကို လက်ဖက်ရည်တော်ရာထူး၌ ချီးမြှင့်ထားသည်ဟု ဆိုပေရာ ဦးပုညက သာသနာ့ဒါယကာကြီးကို ဆက်ရသော လက်ဖက်ရည်သည် အဖန်လား၊ အချိုလား (သို့မဟုတ်) နှစ်မျိုးစလုံးလား၊ ကျွန်တော် မြန်မာဖြစ်သော်ငြား ကိုယ့်ယဉ်ကျေးမှုကို ကွဲကွဲပြားပြား မသိပါ။ အဖန်ချည့်ဆိုလျှင်ကား ဆူပွက်ပြီး ရေနွေးကို ရွှေခရား (သို့မဟုတ်လည်း ငွေကရား) ၌ ထည့်၍ ရွှေဖီမိုးလွတ် လက်ဖက်ခြောက်အကောင်းစားခတ်ထည့်ထားပေးလိုက်လျှင် အလွယ်နှင့် ပြီးမည်။ အချိုပါ, ပါလျှင်မူ လက်ဖက်ခြောက်ကို ဘယ်သို့နှပ်သည်၊ 'လစ်ပ်တန်'လို အင်္ဂလန်ဖြစ် အချိုခြောက်ကိုပဲ မှာသုံးသလား၊ သကြားဘယ်ရွေ့၊ နို့ဘယ်မျှ အချိုးအဆနှင့် ဖျော်သနည်းလည်း မသိရ။ ဦးပုညကလည်း လက်ဖက်ရည်ဖျော်နည်း တေးထပ်ကလေးမျှ မထားခဲ့လေတော့ မပြောတတ်အောင် ဖြစ်သည်။

လက်ဖက်ရည်ဖျော်နည်းတို့သည် နိုင်ငံအလိုက်၊ ဒေသအလိုက်၊ အနည်းနည်း အထွေထွေ ကွဲပြားကြလေမည်ပင်။ ထိုထိုဖျော်နည်းမျိုးပေါင်း များစွာထဲက အိန္ဒိယနိုင်ငံ ဂူဂျရတ်နယ်သား 'ဒီလစ်ဘတ်' ရေးပြသည့် သူတို့နယ်က အရသာရှိ ဖျော်နည်းတစ်ခုမှာ လက်ဖက်ခြောက်ကို ရေနွေးဖြင့် မနှပ်ခင်၊ 'တီး–မဆလာ'ဆိုတာ အရင်ကြိတ်ရသေးတာတဲ့ခင်ဗျာ။ သစ်ကြိုး၊ ကရဝေး၊



www.burmeseclassic.com

www.burmeseclassic.com



လေးညှင်း၊ ဖာလာဆိုတဲ့ အမွှေးအကြိုင်တွေကို အမှုန့်ပြုခြင်းပေါ့။ တီးမဆလာ ပြီးတော့ ပူစီနံ (ပူဒီနှာ)၊ ပင်စိမ်း၊ ရှောက်စသော အရွက်စိမ်းတွေ ၄-၅-၆ ရွက်စီ ရောကြိတ်ပြီး 'မဆလာစိမ်း' လည်း လုပ်ရပြန်သတဲ့။ အဲဒါတွေပြီးမှ ရေနှင့် လက်ဖက်ခြောက်ကိုကျို၊ သကြားထည့်မွှေ၊ နို့ထည့်၊ မဆလာ ထည့်ပြီး လက်ဖက်ရည်ကို စစ်ချ၊ ထိုအခါကျမှ အသင့်သောက်လို့ရသည့် လက်ဖက်ရည် ဖြစ်လာသတဲ့ခင်ဗျာ။ မြန်မာပြည်မှ 'ဘာဘူကြီးဆိုင်'များမှာ ဂူဂျရတ်နည်းနှင့် ဖျော်,မဖျော် ကျွန်တော် မစုံစမ်းဖူးပါ။

အယ်ဂျီရီးယား ဖျော်နည်းကားမှာ ဤသို့ ဟူ၏။ ကရားကြီးနှင့် ရေနွေးကျို၊ ဖျော်အိုးနှစ်လုံးထား၊ ပထမတစ်လုံးမှာ (တရုတ်ပြည်ထွက်) လက်ဖက်ခြောက်ထည့်၊ ရေနွေးထည့်၍ လက်ဖက်ခြောက်ကို စင်အောင်ဆေးကာ ရေကိုသွန်ပစ်။ ရေနွေးထပ်ထည့်၊ မီးကျီးရဲရဲမှာတင်နှပ်ထား။ ဒုတိယဖျော်အိုးမှာ ပူစီနံရွက် ထည့်ထား။ ပထမအိုးထဲမှ ကျိုပြီး လက်ဖက်ရည်ကို ဒုတိယ အိုးထဲသို့ လောင်းထည့်။ ပြီးလျှင် သကြားထည့်ထားသော ဖန်ခွက်ကြီးထဲသို့ လောင်းထည့်။ သောက်လို့ရပြီ။ အဲဒါ ပထမတစ်ခွက်။ ထိုနည်း အစဉ်အတိုင်း လက်ဖက်ရည်ကို 'သုံးရေ' လဲ၍ သုံးခွက်သောက်နိုင်သည် ဆိုပါသည်။

စပိန်မှာကျတော့ ကော်ဖီကိုသာ အမျိုးမျိုး ဖျော်တတ်ကြပေမဲ့ ဘားတွေမှာ လက်ဖက်ရည်သွားမမှာလေနှင့်။ လက်ဖက်ရည်ကောင်းသောက်ရမှာ မဟုတ်ဟု ဆိုသည်။ ကော်ဖီကိုပဲ သောက်ကြသည်ကိုး။ လက်ဖက်ရည်ဟူသည်ကား နာမကျန်းဖြစ်သည့်အခါမျိုးလောက်မှ ဆေးဖြစ်ဝါးဖြစ် သောက်ကြတာတဲ့။

ပိုလန်မှာ ဆိုရှယ်လစ်ခေတ်ကာလတုန်းကတော့ ဘယ်နိုင်ငံက လာသည်ဟုပင် မသိရသော 'ပိုလန်မှာ ထုပ်ပိုးသည်'ဟုသာ ပိုလစ်စာနှင့် ရေးထားသော လက်ဖက်ခြောက်အညံ့စားတွေကို ဆိုင်တွေမှာ ရှိနေခိုက်နှင့် ကြုံလျှင် 'ကံကောင်းက သင်ရမည်' ဟူသော အခြေအနေမျိုးမှ ယခု ၁၉၈၉ နောက်ပိုင်းမှာတော့ အရင်ကလိုမဟုတ်တော့ဘဲ အာရှနိုင်ငံများထွက် လက်ဖက်ခြောက်တံဆိပ်အမျိုးမျိုးတို့ကို အင်္ဂလိပ်လိုလည်း ရေးထားကြပြီ။ အလွယ်ဝယ်လို့လည်း ရပြီ။ ဈေးကြီးပေမဲ့ ဈေးကြီးလက်ဖက်ရည်ဖြင့် ဧည့်ဝတ်ပြုနိုင်ခြင်းကပင်လျှင် လူမှုရေးအဆင့် ဂုဏ်ဒြပ်တစ်ခု ဖြစ်ပေသဖြင့် ဝယ်ယူသုံးစွဲနေကြသည်





ဟု ဆိုလေသည်။ လက်ဖက်ရည်ယဉ်ကျေးမှု ပိုလန်လူမျိုးတို့၏ ဧည့်ခန်းသို့ ရောက်နေခဲ့တာလည်း ရာစုနှစ်ပေါင်း အတော်ကြာခဲ့ပြီဟု ဆိုပါသည်။

ကာဂျစ္စတန်က လူများကလည်း 'ဆိုဗီယက်ခေတ်'ထဲ၌ လက်ဖက်ခြောက်ရှားတာ၊ ဂျော်ဂျီယာ၊ သီရိလင်္ကာ၊ အိန္ဒိယ စသည်တို့မှလာသော လက်ဖက်ခြောက် တစ်သေတ္တာရဖို့ နာရီများစွာ တန်းစီစောင့်၍ ဈေးကြီးပေးခဲ့ရတာကို ညည်းပြကြသည်။ အာရှအလယ်ပိုင်းနိုင်ငံတွေမှာက လက်ဖက်ရည်ဆိုတာ ဧည့်ဝတ်ကျေမှု၏ သင်္ကေတတစ်ခု ဖြစ်သည်မို့ သူတို့ လက်ဖက်ရည်ကိစ္စကို ဤသို့ အရေးထားပြောကြခြင်းပေပင်။

သူတို့နိုင်ငံမှာ လက်ဖက်ရည်ကို Chai ဟု ခေါ်၏။ **Chaik-hanas** ဟုခေါ်သည့် လက်ဖက်ရည်ခန်းတွေသည် လူမှုရေးအရ၊ စီးပွားရေးအရ လူအများတွေ့ဆုံရာ နေရာဌာနများ ဖြစ်ကြပေသည်။

ဥဇဘက်ကစ္စတန်မှာလည်း အလားတူပင်။ လက်ဖက်ရည်ကို **Chai** ဟု ခေါ်၏။ ထမင်းမစားမီနှင့် စားပြီးချိန်များမှာ သောက်ကြသည်။ လက်ဖက်ရည်အိုးကို တမြတ်တနိုး တန်ဖိုးထားကာ ဝါပင်ပုံများဖြင့် လှပစွာ ပုံဖော်၍ ခြယ်သထားလေ့ ရှိသည်။ တစ်ဦးက တစ်ဦးထံ သွားလာဝင်ထွက် လည်ပတ်ခြင်းကား လူမှုရေး ထုံးစံဓလေ့တစ်ခုပင်။ ဧည့်သည်လာလျှင် အိမ်ရှင်က လက်ဖက်ရည်ဖြင့် ဧည့်ခံရသည်။ မုန့်ပဲသရေစာ အမြည်းများလည်း ပါကြလေ့ ရှိသည်။ ဧည့်ခံပုံမှာ အိမ်ရှင်က ဧည့်စားပွဲသို့ လက်ဖက်ရည်အိုး ယူလာကာ **piala** ခေါ် စဉ့်နှင့်လုပ်ထားသော ခွက်ထဲသို့ ငှဲ့ပေးရ၏။ ထိုပထမခွက်ထဲမှ လက်ဖက်ရည်ကို လက်ဖက်ရည်အိုးထဲ ပြန်လောင်းထည့်၊ ဒုတိယအကြိမ် ခွက်ထဲငှဲ့ထည့်။ ဒုတိယခွက်ထဲမှ လက်ဖက်ရည်ကို အလားတူ တစ်ဖန် ပြန်လောင်းထည့်...စသည်ဖြင့် သုံးကြိမ်သုံးခါ လုပ်ရသတဲ့။ ပထမခွက်က ရွှံ့တဲ့။ ဒုတိယခွက်က ထောပတ်တဲ့။ တတိယခွက်ကျမှ လက်ဖက်ရည်တဲ့ဗျာ။ ထိုတတိယခွက်က လက်ဖက်ရည်ကိုမှ ဧည့်သည်ထံမှ အသက်အကြီးဆုံးပုဂ္ဂိုလ်ကို အဦးဆုံးထား၍ အိမ်ရှင်က ညာလက်ဖြင့် ကမ်းပေးရ၏။ ထိုသို့ပြုစဉ် ညာလက်၏ တံတောင်ဆစ်ကို ဘယ်လက်ဖြင့်လည်း ထောက်ပင့်၍ ပေးထားရသေးသည်။ ခွက်ထဲသို့ အပြည့်အလျှံလည်း ထည့်မပေးရ။ ထိုသို့ထည့်ပေးခဲ့သော် ဧည့်သည်ကို နှင်သည့်သဘော ဖြစ်သည်တဲ့။ ဧည့်သည်ကလည်း တစ်ခွက်ပေး



www.burmeseclassic.com

www.burmeseclassic.com



ပါဦးဟု ထပ်မတောင်းရ။ အိမ်ရှင်ကသာလျှင် 'နောက်တစ်ခွက် သောက်လိုက်ပါဦးရှင့်/ခင်ဗျ'ဟု ပြောရသည်ဟု ဆိုပါသည်။

ဖိလစ်ပိုင်လက်ဖက်ရည်ကို ချင်းရည်ဟု ပြောနိုင်မည် ထင်သည်။ သူတို့စကားနှင့် **Salabat** ဟု ခေါ်သည်။ ကရားတစ်ခုထဲမှာ ရေထည့်၊ ချင်းတက်ကလေးထည့်၊ သကြားညိုနှင့် ရော၍ ကျို၊ (သကြားနီခဲက ပိုကောင်းသတဲ့) **panda leaves** ဟု ခေါ်သည့် အမွှေးနံ့ပါသော အရွက်ကလေးများထည့်၍ သောက်သော် အအေးညကို အနွေးနှင့် ဖျောက်နိုင်ပြီး အဆိုတော်များ အသံမပျက်စေနိုင်၊ စကားများများပြောမည့် ကိုလေရှည်များ Salabat သောက်၊ အာခြောက်သက်သာ။ သူတို့လက်ဖက်ရည်ကလည်း တစ်မျိုးတစ်ဘာသာဟု ဆိုရပါမည်။

တောင်အာဖရိက လက်ဖက်ရည်က အနီရောင်။ **rooibos** ဟု ခေါ်သည်။ အာဖရိကန်စကားအရ **rooibos** ဟူသည် **red bush** (ချုံနီ) ဟု အဓိပ္ပာယ်ရသည်။ ချုံနီပင်များသည် 'အနောက် ကိပ်' ဒေသရှိ 'ဆီဒါဘတ်' တောင်တန်းများ၏ တောင်စောင်းများ တစ်လျှောက်မှာ ပေါက်ကြသည်။ ထိုချုံနီရွက်နှင့် ဖန်တီးထားသော လက်ဖက်ရည်ကို နွားနို့၊ သကြားတို့ဖြင့်ဖြစ်စေ၊ ရှောက်ရည်ဖြင့် ဖြစ်စေ ရောကျို၍ သောက်နိုင်သည်။ ဆေးဖြစ်ငါးဖြစ်လည်း သောက်လို့ရ၏။ ကာဖိန်း (Caffeine) ဓာတ် မပါ။ ကလေးများနှင့်လည်း သင့်သည်။ နစ်ကြောများတင်းတာ၊ အရေပြားပူလောင်တာများကို ပျောက်ကင်းစေ၏။ **Bushmen** ဟု ခေါ်လေ့ရှိသော **Khoisan** လူမျိုးများ စတင်သုံးစွဲခဲ့သည်ကို စွဲ၍ 'ခိုအိစန်လက်ဖက်ရည်'ဟုလည်း ခေါ်ကြပါသေးသတဲ့။

ဂရိတွေကျတော့ သူတို့လက်ဖက်ရည်ကို 'တောင်ပေါ်ခြောက်' (**mountain tea**) နှင့် ဖျော်ကြသည်။ တောင်လက်ဖက်ပင်တို့မှာ ကျောက်တောင်မြင့်ကြီးများမှာ ပေါက်ကြသဖြင့် လက်ဖက်ခူးရသည်ကိုကပင် ခက်ခဲသော အလုပ်ကြီးတစ်ခု ဖြစ်သည်။ ဆောင်းပါပေါက်အောင် လက်ဖက်ရွက်ကို အခြောက်ပြုထားရ၏။ ဂရိတို့သည် လက်ဖက်ရည်ကို နံနက်စောစောစားချိန်၌ဖြစ်စေ၊ အိပ်ရာမဝင်မီ စားသော အစာစားချိန်၌ ဖြစ်စေ သုံးဆောင်လေ့ရှိသည်။ နာမကျန်းသူများသောက်လျှင် လန်းရွှင်ပေါ့ပါးအားအင်တိုးစေသည်ဟု





ဆိုသည်။

လက်တင်အမေရိကဘက်သို့ လှည့်၍ သူတို့လက်ဖက်ရည်ကို မြည်းကြည့်ကြဦးစို့။

ဘရာဇီး၊ အဲလ်ဆာလ်ဗေဒါး ဥရုဂွေး၊ ပါရာဂွေး၊ အာဂျင်တီးနား... စသည့်နိုင်ငံများ၏ လက်ဖက်ရည်ကို **Yerba mate** ဟု ခေါ်ကြသည်။ **yerba mate** သည် **gaucho** တို့၏ အစဉ်အလာ ယဉ်ကျေးမှုတစ်ခုပင်။ ဘရာဇီးနိုင်ငံ တောင်ဘက်အစွန်းဆုံးပြည်နယ်ကို **Rio Grande do Sul** ဟု ခေါ်သည်။ ထိုနယ်၌ မွေးဖွားကြီးပြင်းလာကြသော ဇာတိနွယ် (natives) များကို **gaucho** ဟု ခေါ်ကြ၏။ အဓိပ္ပာယ်မှာ 'နွားကျောင်းသား' (ဝါ) 'ဂေါပါလ' ဖြစ်၏။ 'ဂေါပါလ'တို့၏ ချမ်းတုန်ညများအတွက် အဖော်မွန်ကား **Yerba mate** ဖြစ်သည်။ **Yerba** ဟူသည် ဒေသထွက် လက်ဖက်ရွက်ဖြင့်ပြုထားသော လက်ဖက်ရည်ဖြစ်၍ **mate** ကား လက်ဖက်ရည်ထည့်သော ဘူးသီးခြောက် ဖြစ်၏။ လက်ဖက်ရည်ကို ဘူးခြောက်မှာ ထည့်၍ စုပ်တံ (**Straw**) ဖြင့် စုပ်သောက်ရ၏။ သူတို့၏ စုပ်တံကား ကျွန်တော်တို့ အအေးရည်သောက်သည့်အခါ စုပ်သောက်ရသော **straw** မျိုးမဟုတ်။ သတ္တုနှင့်လုပ်ထားသော စုပ်တံတည်း။ **bombilla** ဟု ခေါ်ပါသတဲ့။

ဤဂေါပလ (**Gaucho**) တို့ ထူထောင်ခဲ့သော လက်ဖက်ရည် ယဉ်ကျေးမှုတွင် အဲလ်ဆာလ်ဗေဒါ၌ လက်ဖက်ရည် တည်ခင်းဧည့်ခံခြင်းနှင့် ဆိုင်ရာ သင်္ကေတ ဘာသာစကားများ ရှိသေး၏။ အိမ်ရှင်က မိန်းကလေး၊ သင်က ယောကျ်ားကလေးဟု ဆိုပါစို့။ ဘူးခြောက်ကို လိမ္မော်သီးခွံကလေးနှင့် တွဲဖက်ဧည့်ခံကာ 'ကြိုဆိုပါသည်'ဆိုတဲ့သဘော။ လက်ဖက်ရည်ထဲမှာ ပူစီနံရွက်ကလေးများပါလာခဲ့ပြီဆိုလျှင်တော့ သင့်အား ချစ်သူရည်းစားအဖြစ် လက်ခံမှာတဲ့။ ဘာနံ့မှ မရတော့သော **lavado** လက်ဖက်ရည်မျိုးဖြင့် ဧည့်ခံပြီဆိုလျှင်ကား 'ကြွပေဦးတော့ မောင်ကြီးရေ၊ တခြားနေရာကိုလေ'ပဲတဲ့ခင်ဗျာ။

ဘရာဇီးက ဟာသပုံပြင်လည်း ရှိသေး၏။ တောသား 'ဂေါပါလ' သည် အကျအနဝတ်စား၍ မြို့တော် 'ရီ်ုင်အိုဒီဂျနေးရိုး'သို့ တက်ကာ လည်ပတ်မည်အကြံဖြင့် လေယာဉ်ကြီး စီးလာမည်ဆိုသော သတင်း ကြားနှင့်သည့် ရွှေမြို့တော်ကြီးသား လူနောက်များက လာမည့်ရက်တွင် လေဆိပ်မှာစောင့်လင့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး 'ပူနွေးသောကြိုဆိုမှု' ပြုကြသတဲ့။ ပြုပုံမှာ ကျိုက်ကျိုက်ဆူ လက်ဖက်ရည်ကို ဘူးခြောက်တွင် ထည့်ကာ Yerba mate ဖြင့် ဧည့်ခံလေရာ လက်ဖက်ရည်ကြိုက် ဂေါပါလက အားပါးတရ စုပ်၍ ကျိုက်ချလိုက်သည့်အခါ တစ်မျက်နှာလုံး ရဲတက်လာပြီး မျက်ရည်တွေ ပေါက်ပေါက်ကျလာပါသတဲ့။ သူ့အဖြစ်ကို မြင်ရလို့ သဘောတွေ့နေကြသည့် မြို့ကြီးသားတို့က 'ကိုယ့်လူ၊ တော်တော်ပူသွားထင်တယ်'ဆိုတော့ ဂေါပါလက အည့်မခံဘဲ ဖြေလိုက်ပုံက 'ပူလို့ဟုတ်ပေါင်...မောင်တို့ရာ...အိမ်ကို လွမ်းလို့ပါ' ဟူသတည်း။

အီကွေဒေါတွင် လက်ဖက်ရည်ကို guayusa ဟု ခေါ်သတဲ့။ ၁၀ မီတာလောက် အမြင့်အထိ ရှိတတ်သည့်အပင်က ရသည့်အရွက်ဖြင့် လုပ်သည့် လက်ဖက်ရည်ဖြစ်သည်။ လက်ဖက်ရွက်များကို တစ်တွဲလျှင် အရွက် ၂၀၀ လောက်စီ (လည်ဆွဲလို့) ကုံးသီ၍ ကြိုးတန်းမှာ လချိ၍ နေလှန်းထားကာ အခြောက်ပြုပြီးမှ ပွက်ဆူပြီးသော ရေတစ်လီတာမှာ ရွက်ခြောက် ၂ ရွက်မှ ၄ရွက်လောက် ထည့်၍ သကြားနှင့် ရှောက်ရည်တို့နှင့် ရောမွှေသောက်ရသတဲ့။ ဖျားနာခြင်း ပျောက်ကင်း၍ အိပ်မက် ကယောင်ချောက်ချားများကိုလည်း ပယ်ဖျောက်နိုင်သည်ဟု ဆိုသည်။

ဘိုလီဗီးယားမှာတော့ Crusader tea နှင့် လက်ဖက်ရည်ဖျော်သတဲ့။ လက်ဖက်ခြောက် လက်ဖက်စားဇွန်းနှင့် ၄ ဇွန်းထည့်၊ သစ်ကြပိုးနည်းနည်းထည့် ရှောက်ရည်လည်းညှစ်ထည့်၊ မီးဖိုမှာတင်ထား၊ အနံ့ကလေးသင်းလာ အရည်စစ်ထည့်၊ ရေနွေးဖြင့် သကြားရော,ဖျော်သောက်ရသတဲ့။

ဟေတီနိုင်ငံမှာကျတော့ လက်ဖက်ရည်သောက်ခြင်း၏ အဓိက ရည်ရွယ်ချက်က ရောဂါကာကွယ်ဖို့နှင့် ကုသပျောက်ကင်းစေဖို့ ဖြစ်ပါသတဲ့။ ဆေးဖက်ဝင်အရွက်တွေက ပေါသလောက် လက်ဖက်ခြောက် အမယ်(အမည်)တွေကလည်းများ၊ လက်ဖက်ရည်တစ်မျိုးက ရောဂါတစ်မျိုးပျောက်၊ နောက်တစ်မျိုးက နောက်ရောဂါတစ်မျိုးပျောက်၊ လက်ဖက်ရည်ဟူသည် ဆေးရည်တစ်မျိုးပင် ဖြစ်တော့သည်တကား။

ဘင်္ဂလားဒက်ရှ် လက်ဖက်ရည်၊ အင်ဒိုနီးရှား လက်ဖက်ရည်၊ တိဗက် လက်ဖက်ရည် ...စသည့် ကိုယ့်ဝန်းကျင်က လက်ဖက်ရည်တွေအကြောင်း ပြောစရာတွေ ရှိသေးသော်လည်း ပြောမနေတော့ပြီ။ ဂျပန်တစ်ယောက်၏





နယူးဇီလန်က လက်ဖက်ရည်နှင့် ကလနားသတ်ပါတော့မည်။

'တတေဘယားရှိ' အမည်ရှိသော ဂျပန်သည် ယဉ်ကျေးမှု လဲလှယ်ရေးအစီအစဉ်အရ နယူးဇီလန်တွင် ကျောင်းဆရာသွားလုပ်နေစဉ် တစ်နေ့တွင် အိမ်နီးချင်း မစ္စတာဘရောင်းဆိုသူက နေ့ ၁ နာရီတွင် လက်ဖက်ရည်သောက်ကြရန် ဖိတ်သတဲ့။ ဂျပန်သောက်သည့် လက်ဖက်ရည်ချိန်က နံနက်ဆိုလျှင် ၁၀ နာရီခွဲလောက် နေ့လယ်ဆိုလျှင် ၂ နာရီခွဲလောက်၊ ယခု ဖိတ်တာက စကောစက၊ နေ့ ၁ နာရီ။ ဤအကြောင်းကို လုပ်ဖော်ဆရာတစ်ယောက်ကို ပြောပြတော့ 'နယူးဇီလန်မှာ လက်ဖက်ရည်ဟာလည်း ထမင်းတစ်နပ်သဘောပဲ'ဟု ပြောလေသဖြင့် 'အို...ဒီလိုဆိုတော့လည်း မစ္စတာဘရောင်းက တို့ကို ထမင်းကောင်းတစ်နပ် ကျွေးချင်လို့ပေပဲကိုး'ဟု သူ့ဘာသာ ဂျပန်လို တွေး၍ လင်မယားနှစ်ယောက်သည် နေ့လယ်စာ အချိန်ရောက်သော်လည်း ဆာလျက်နှင့်ပင် အငတ်ခံ၍ နေ့ ၁ နာရီကိုသာ စောင့်၍ မစ္စတာဘရောင်းအိမ်သို့ သွားကြသတဲ့။ တစ်နာရီကြာမျှ စကားစမြည်တွေ ပြောရင်းသာ အချိန်ကုန်ခဲ့၊ လက်ဖက်ရည်ကလွဲလို့ ဘာမှလည်း ပေါ်မလာ။ နောက်ဆုံးတော့ နှုတ်ဆက်ကာသာ အိမ်ပြန်လာ၍ ကိုယ့်ထမင်းကိုယ် ချက်စားကြရလေသတဲ့။

ဆရာဂျပန်သည် ထိုအခါကျမှသာလျှင် 'သြော်...လက်ဖက်ရည်ဆိုတာ နယူးဇီလန်မှာလည်း လက်ဖက်ရည်မျှသာပေတကား'ဟု သဘောပေါက်သွားလေတော့သတဲ့။

ဟုတ်ပါပေ၏။ လက်ဖက်ရည်ဆိုတာ လူမျိုးတစ်မျိုးနှင့် တစ်မျိုး သောက်ချိန်ကွဲ၊ ဖျော်စပ်ပုံကွဲ၊ လက်ဖက်ခြောက် လုပ်ရသည့်အရွက်တွေကွဲ၊ ဓလေ့စရိုက်တွေကွဲ၊ ဘယ်လိုပဲ မတူကွဲတာတွေ ရှိကြပေမဲ့ သောက်မိရင် စွဲတတ်တာ၊ လက်ဖက်ရည်သောက်ရသဖြင့် ကောင်းကျိုးလေးတွေ ရှိကြသည့် အရာများမှာတော့ အခြေခံသဘာဝအားဖြင့် တူကြလိမ့်မည် ထင်ပါ၏။ လက်ဖက်ရည်ကြိုက်သူတို့လည်း လယ်တီဆရာတော်ဘုရားကြီး၏ အဆုံးအမနှံ့ တည်ချင်ကြလိမ့်မည် ထင်ပါ၏။ ဆရာတော်ဘုရားကြီးက –

လက်ဖက်ရည် အမြဲသောက်၊ ချွဲပျောက်လို့ ဆီးရွှင် ရင်းနှောက် အကျိုးမြင်သည်၊ သူခိုးပင် ရန်ကင်း၊ ဤကဲ့သို့ ရန်မသီလျှင်၊ ကြံ အစည်တိုးလိမ့်မယွင်း။



www.burmeseclassic.com

www.burmeseclassic.com



တရားနှင့် ကျိုးများရှာလျှင် နိုးကြားစွာ ကြံခြင်း၊ တစ်မျိုးအား ဉာဏ်လင်း၍၊ မမွခန်ရင်း၊ ဖွေရှာ၊ ကျမ်းမှော တင်ကာပြ၊ သခါရအောက်မေ့ရပါ၊ ထင်စွာပြ အကြောင်းရှာလျှင် ကောင်းရာကို စိတ်စွဲ၍ မအိပ်ဘဲ အသက်ရှေ (ရှည်) လင်းလုအောင်နေ။ သို့မို့ကြောင့် ရတက်ပြေအောင် လက်ဖက်ရည်သောက်ကြကွဲ့ လေး...တဲ့။

ကျွန်တော့်မှာကား ရတက်ပြေအောင် လက်ဖက်ရည်လိုက်သောက်ချင်ပါလည်း သတက် (သွားတက်) အကြွကလေးနားမှ သွားအရင်းက တအားအပြင်းကိုက်နေလေတော့ ကြိုက်ပေမဲ့လည်း သောက်မယ်လို့ မကြံရဲတာနှင့်ပင် အန်ခဲကာ ကမ္ဘာပဝင်ပြီး ဆာတော်တာကို စာဖတ်၍သာ အာသာဖြေနေရပါတော့သည်။

စိတ်ဆာပြေ ရေးရသည့် ကျွန်တော့်မြန်မာစကားပြေကို ခံတွင်းမတွေ့နိုင်ကြသေးသော စာဖတ်သူတို့သည် အောက်မှာလာမည့် အင်္ဂလိပ်ကဗျာကို ဖတ်၍သာ ကျေနပ်ကြပါကုန်လော့။

Drink your tea and think of me
The heat of the china on your hands
Will be like mine in thee
The steam coming from the scented hollow
Bringing memories
Put some honey in it, and stir slowly
Be conscious of thr bell-like sound
Of the tiny spoon
May be the saucer where you place it
Will carry thoughts to the moon
Think of me; I will be there, too
The color of the water, like a flowing river
Will tell you how wide can my love be
The flavor that comes to your nostrils
Will make your tongue Whisper "We"
And when you finally decide to swallow
Sip by sip





The glowing liquid
Without knowing it
You will be carrying me
Inside you
Very deep

'မင်းလက်ပေါ်က ကြွေပန်းကန်အပူဟာ ကိုယ့်ရင်ထဲမှာ ဆူနေပုံနဲ့ တူမှာပဲလို့ လက်ဖက်ရည်သောက်တိုင်း တွေးသတိရစမ်းစေချင်တာ'လို့ ဦးတင်ဦး (ကျူရှင်) ကတော့ သူ့ချစ်သူထံ 'လက်ဖက်ရည်ငွေ့စေရတု' တွေတောင် အင်္ဂလိပ်လို ရေးနေပါရော့လားလို့ အထင်မမှားစေလိုပါ။ အဲဒီကဗျာကို စပ်သူက ဘရာဇီးက ANA DEISTER ပါ။ ကျွန်တော်က ကူးထည့်ပေးလိုက်သူသာ ဖြစ်ပါကြောင်း။

**မှတ်ချက်။** ။ ၂၀၀၂ ဧပြီလထုတ် FORUM မဂ္ဂဇင်းမှ အချက်အလက်များကို အခြေခံယူ၍ ရေးပါသည်။

[မြားနတ်မောင်၊ ၉/၂၀၀၂]



www.burmeseclassic.com

www.burmeseclassic.com

# ငိုခြင်း

ယေဘုယျအားဖြင့် မျက်လုံးအိမ်ထဲမှ မျက်ရည်ကျတာကို ငိုသည်ဟု ပြောကြသည်။ သို့ဖြစ်လျှင် မျက်ရည်ကျတိုင်း ငိုတာလား။ မျက်ရည် ဘာကြောင့်ကျသနည်း။ မျက်ရည် ဘယ်ပုံကျလာသနည်း။ မျက်ရည်မကျဘဲ ငိုခြင်းမျိုးရော မရှိနိုင်ဘူးလား။

ထိုမေးခွန်းများကို ကျွန်တော် ကောင်းစွာမဖြေတတ်ပါ။

လူ့ခန္ဓာကိုယ်သည် အပမှ သွင်းပေးသော ထမင်း၊ ရေ၊ သစ်သီး သစ်ရွက်၊ သား၊ ငါး စသည်တို့ကို စားသုံး ချေ၊ ချက်ပြီး ကိုယ်အင်္ဂါတို့အတွက် လိုအပ်တာကို လက်ခံပြီး မလိုအပ်တာကို စွန့်ထုတ်၏။ ကျင်ကြီး၊ ကျင်ငယ် စသော စွန့်ထုတ် အညစ်အကြေးပစ္စည်းများကို 'မလ' ဟု ခေါ်ကြသည်။ မျက်ရည်သည် မျက်ချေးကဲ့သို့ပင် မလတစ်မျိုးလော။ မျက်ရည်ဆိုသောအရာသည် မျက်လုံးအိမ်၏။ တစ်နေရာရာတွင် အိတ်နှင့် ရှိနေပြီး ကျဖို့အကြောင်းရှိလာသောအခါ ထိုအိတ်မှ ပွင့်ကျလာခြင်းလော။ သို့မဟုတ် မျက်ရည်ဟူ၍ နဂိုက မရှိနှင့်သေး။ သွားချင်သည်ဟု စိတ်က ဆန္ဒဖြစ်လိုက်က စိတ်ကြောင့်ဖြစ်သော စိတ္တဇဝါယောက တွန်းကန်လှုပ်ရှားသည်ကို သွားခြင်း မည်ကဲ့သို့ ငိုချင်စိတ်ဖြစ်မှ စိတ္တဇဖြင့် မျက်ရည် ဟူ၍ ဖြစ်လာကာ မျက်ဝန်းအိမ်မှ စီးကျလာခြင်းလော၊ ထိုသို့ မျက်ရည်စီးကျလာတာကိုပင် ငိုသည်ဟု ပြောကြခြင်းပေလော။

ဆေးပညာရှင်တို့ သူတို့နည်းနှင့်သူတို့ အဖြေ ပေးကောင်းပေးနိုင်လိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည်။ ကျွန်တော်ကတော့ ထင်ရာမြင်ရာ တွေးကြံကြည့်ခြင်းပင် ဖြစ်ပါသည်။

မျက်ရည်ဘယ်လိုဖြစ်လာပြီး ဘယ်ပုံပဲကျလာကြသည်ဆိုစေ လူတိုင်း မျက်ရည်ကျဖူးကြသည်ချည်း ဖြစ်ပါသည်။ ဘဝတစ်ခုလုံး၌ ကျဖူးခဲ့သော မျက်ရည်စက်တို့ကို မည်သူမှ ရေတွက်နိုင်မည်မဟုတ်။ တစ်သံသရာလုံး၌ ကျလာခဲ့သည်တို့ကို ပေါင်းစုသော်မူ သမုဒ္ဒရာကြီးတစ်စင်းမျှလောက်လည်း ဖြစ်ချင်ဖြစ်မည်။ ပိုချင်လည်း ပိုပါမည်။ ကျွန်တော်ကျဖူးသော မျက်ရည်စက်တို့ကို ရေတွက်ခြင်းငှာ မတတ်နိုင်သလိုပင် ငိုဖူးသောအကြိမ် တို့ကိုလည်း မှတ်မိနိုင်ဖွယ် မရှိပါ။ သို့ရာတွင် တစ်ကြိမ်သောငိုရခြင်းကိုမူ ကျွန်တော် ဘယ်သောအခါမှ မေ့နိုင်မည်မဟုတ်ပါ။

၁၉၆၆ ခု၊ ဧပြီလတွင် ကျွန်တော် မန္တလေးပြည်သူ့ဆေးရုံကြီးမှာ အစာအိမ်ရောဂါဖြင့် ဆေးရုံတက်နေရသည်။ သင်္ကြန်မတိုင်မီ သီတင်းပတ်ထဲက တစ်ရက်တွင် ည၌ အိပ်မက်,မက်၏။ အိပ်မက်ကောင်းမဟုတ်ဟု ကျွန်တော် အယူရှိပြီး အိပ်မက်အဓိပ္ပာယ်ကောက်ကြည့်တော့လည်း အမေတစ်ခုခုဖြစ်ပြီဟု ကျွန်တော် ယုံသည်။ အကျိုးအကြောင်း အဖေ့ထံ စာရေးသည်။ အဖေက စာကားမပြန်ပါ။ မေလဆန်း ဆေးရုံကဆင်းလို့ အမေ့ထံ အမြန်သွားတော့ အဖေက ဆီးကြိုပြော၏။ ‘ငါ့သားစာထဲက အတိုင်းပါပဲ၊ မင့်အမေ စ,ဖြစ်တာ သင်္ကြန်မတိုင်ခင် လေးရက်လောက်က အခု အိပ်ရာထဲမှာ’ဆို၍ အမေ့ အပါး သွားကြည့်တော့ ဆေးဝါးနှင့် ကြပ်မတ်ကုမှဖြစ်မည့် အခြေအနေ။ ထို့ကြောင့် ပျဉ်းမနားသကြားစက်သို့ ခေါ်လာခဲ့သည်။ ခေတ်ခွဲခန်း၌ စက်ဆေးစရာကိစ္စများကို ပျဉ်းမနားဆေးရုံကြီးမှာ သွားရောက်ဆောင်ရွက်ပြီး ကုတာကိုတော့ သကြားစက်က ဆရာဝန်နှင့်ပင် အိမ်မှာပဲကုပေးသည်။ ဒေါက်တာဦးစိုးလှအောင်က လည်း တော်ပါပေသည်။ ငွေကြေးမျှသာမဟုတ်၊ စားသောက်ဖွယ် လက်ဆောင် ပစ္စည်းမျိုးကိုပင် လက်မခံ၊ ဘာအဖိုးအခမှ မယူဘဲ ည ၂ နာရီ သွားနှိုးလည်း လိုက်လာကာ ဂရုတစိုက် ကုသပေးပါ၏။ ရောဂါက တစ်မျိုးတည်းမဟုတ်သဖြင့် အမေ လူမမာလည်း ဆင်းရဲပင်ပန်းလှရှာပါသည်။ ကျွန်တော်တို့ညီအစ်ကို လည်း အလှည့်ကျ အိပ်ဖန်စောင့်ကာ တစ်လခွဲကြာမျှ အအိပ်အစားပျက်ခံကာ ပြုစုစောင့်ရှောက်ပါ၏။ ရောဂါစုံက အမေ့ကို ‘ဖိ’ပြီး ‘စီး’ သွားတော့ရာ နောက်ဆုံး၌ ဆရာဝန်လက်လျှော့ကာ ‘ကိုတင်ဦးရေ၊ စိတ်သာ ခိုင်ခိုင်ထား





တော့၊ ခင်ဗျားအမေ မနေရတော့ဘူး’ဟု ဖွင့်ပြောပါလေတော့သည်။

မနေရတော့ဘူးဆိုမှတော့ အဖေ သူ့ဇနီးကို သူကိုယ်တိုင် သင်္ဂြိုဟ်ချိုင် ပေလိမ့်မည် အောက်မေ့ပြီး ကျွန်တော် အမေ့ကို သာဝတ္ထိသို့ ပြန်ခေါ်ဖို့ စီစဉ် သည်။ သူငယ်ချင်းတစ်ဦးက သူ့ဂျစ်ကားနှင့် ကိုယ်တိုင်မောင်း၍ လိုက်ပို့ပါ သည်။ ဆရာဝန်က နောက်ထပ် ၂၄ နာရီလောက်ခံအောင် ဆေးထိုးပေးလိုက်၏။ လာကြိုသူဝမ်းကွဲအစ်မနှင့် သူ့မတ်တော်သူ ကျွန်တော့်ယောက်ဖတစ်ဦးနှင့် ကျွန်တော့်ညီတို့လည်း ကားပေါ်မှာ လိုက်ပါလာကြပါသည်။ ကျွန်တော့်ကို လူ့လောကအလယ်သို့ ရောက်အောင် ရင်ဝယ်ပိုက် မွေးလာခဲ့ရသော အမေသည် ယခု လူ့လောကမှ ထွက်ခွာနီးချိန်၌ ကျွန်တော်က ရင်ဝယ်ပိုက်ထားတာကို ခံယူနေရပါပြီ။ ကျွန်တော်ကလည်း တစ်ဖက်က ကူရှင်ပေါ် ထိုင်ပါလာကြသည့် အစ်မနှင့် ယောက်ဖတို့၏ အဖေး,အမကိုတောင် မရယူပဲ အမေ့ကို ရင်ခွင်ထဲ ထည့်ပွေ့၍ အိမ်မှထွက်လာခဲ့ရာ ကားသည် လမ်းအချိုးတစ်ခုကို ချိုးကွေ့ လိုက်ပြီး သကြားစက်ဝင်း၏ ဂိတ်,တံခါးဝဆီသို့ ရွေ့ရှုသွားသော လမ်းပေါ်သို့ ရောက်လာသည့်အခါ ငါ့အမေသည် ၂၄ နာရီအတွင်း ငါတို့ကို စွန့်ထားခဲ့ကာ ဤလူ့ပြည်မှ ထွက်ခွာသွားတော့မှာပါကလား၊ဟူသော အတွေးက ဖြုန်းခနဲ ဝင်လာလိုက်သဖြင့် မျက်ရည်ပေါက်တွေ ကျ,ယိုပြိုဆင်းလာလိုက်ပုံမှာ ကျောင်း တုန်းက သင်ခဲ့ရသည့် ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်ဇာတ်ပေါင်းခန်းပျို့ထဲက ဥပမာအလင်္ကာတို့နှင့်တောင် လုံလောက်အောင် ဖော်ပြနိုင်မည်မထင်ပါ။ မျက်ရည် ပေါက်ဟု သုံးပင်သုံးလိုက်ရသော်လည်း တကယ်တော့ ကျစအချိန်၌သာ မျက် ရည်ပေါက်ဟု ပြောနိုင်၍ နောက်ပိုင်းကျလာသည်တို့ကား ရေလျှောင်တမံကြီး ကျိုးပေါက်သွားသောအခါ စီးသွန်ထိုးကျလာသော ရေများပမာ ဖြစ်ပါလေတော့ သည်။ အနှစ် ၆၀ ကျော်အတွင်း ကျခဲ့သမျှ မျက်ရည်တို့တွင် အပူလောင်ဆုံး နှင့် ပမာဏအများဆုံးလည်း ဖြစ်ပါလေသည်။

ဆရာဝန်က ၂၄ နာရီလောက် ခန့်မှန်းလိုက်သော အမေသည် ရွာ ရောက်၍ အဖေနှင့် ခွဲထားခဲ့ရသော သူ့သမီး နို့စို့အရွယ်ကလေးနှင့် ပြန်တွေ့ သွားသည့်အခါ ခုနစ်ရက်ကြာနေပြီးမှ သေပါသည်။ အမေသေပြီဟူသော သတင်း ကျွန်တော်ထံသို့ (ကျွန်တော်က သာဝတ္ထိမြို့ပေါ်နေ၍ အဖေအမေ တို့က ဇာတိရွာမှာ နေကြသည်။) ရောက်လာသည့်အခါ ရွာသို့ ချက်ချင်းထ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားသည်။ အမေသည် အဖေ့တင်းကုပ်ထဲမှာ ဖူးရောင်သောကိုယ်ဖြင့် ငြိမ်သက်စွာ လဲလျောင်းနေသည်။ အလောင်းနားသို့ ကျွန်တော်သွားကာ အသာကလေး ထိုင်ချ၍ အမေ့ကို အားရအောင် ကြည့်နေမိပါသည်။ အံ့ဖွယ် ကောင်းစွ။ ကျွန်တော် မျက်ရည်မကျပါ။ ကျွန်တော် ငိုလို့မရတော့ပါ။

ဪ...အမေက သကြားစက်၊ ကျွန်တော့်အိမ်က ထွက်ကတည်းက သေသွားခဲ့ပြီးသားပေကိုး။ အမေ့ကို ကျွန်တော် လွမ်းခဲ့သော (၇) ရက်ကတည်းက ဆုံးရှုံးခဲ့ပြီး ဖြစ်ပါ၏။

မြတ်နိုးသောအရာ ဆုံးရှုံးစွန့်လွှတ်ရမှာကို စိုးရိမ်ပူပန်သော စိတ်ကြောင့် မျက်ရည်ဆိုတာ ဖြစ်လာသလား။ ဘယ်လောက်ပဲ တွယ်တာမြတ်နိုး,မြတ်နိုး၊ တစ်နေ့နေ့ တစ်ချိန်ချိန်တော့လည်း စွန့်လွှတ်ကြရမှာသည် မလွှဲသာသော ဓမ္မတာသဘောပေတကားဟု အောက်မေ့ဆင်ခြင်နိုင်သော် မျက်ရည်ဆည်လို့ ရနိုင်ပါသလား။

ကျွန်တော့်အဖေသည် ဘာကြောင့်ရယ်မသိ မျက်ရည်ခိုင်သူဟု ဆိုနိုင်သည်။ ကျွန်တော်သည် သူ့မွေးချင်းတွေထဲတွင် ဒုတိယအကြီးဆုံးဖြစ်သော အဖေက မွေးခဲ့သော သားဦးဖြစ်၍ နှစ်ဖက် အဘိုးအဘွား လေးဦးစလုံးကို မီခဲ့သည့်အားလျော်စွာ အဖေ့ဖခင်နှင့် မိခင်တို့ ဆုံးကြစဉ်က အဖေ ဘယ်လို ရှိခဲ့သည်ကိုလည်း သိမီခဲ့ပါသည်။ အမေ့အောက် ဘထွေးများနှင့် ကျွန်တော် ပါ အဘိုးအဘွားတို့ ဆုံးကြသည်ကို ယူကျုံးမရ ငိုခဲ့ကြပါသည်။ သို့ရာတွင် ကျွန်တော့်အဖေ မျက်ရည်မကျပါ။ ကျွန်တော့်မွေးချင်း (ကျွန်တော်ပါ) တစ်ဒါဇင် ရှိသည့်အနက် တစ်ဝက်မှာ ငယ်စဉ်ကပင် ဆုံးပါးကြ၏။ ထို့ကြောင့် အဖေ သည် သားငါးယောက်နှင့် သမီးတစ်ယောက်တို့၏ ပျက်စီးဆုံးရှုံးမှုကို ရင်ဆိုင် ခဲ့ဖူးသည်။ သို့ရာတွင် ထိုညီများနှင့် ညီမလေးတို့ဆုံးစဉ်ကလည်း အဖေ မျက်ရည်ကျတာကို ကျွန်တော် မမြင်ဖူးခဲ့ပါ။

ကျွန်တော် အိမ်ထောင်ပြုမည်ရှိသောအခါ ယောက္ခမမိဘများဘက်မှ လူလွှတ်၍ ဘယ်နေ့ဘယ်ရက် လာရောက်ကြောင်းလမ်းကြရန် အဖေ့အစ်ကို (ကျွန်တော်က အဖေကြီးဟုခေါ်သူ) ထံ ပြောခိုင်း၏။ အဖေကြီးနှင့် အဖေသည် တစ်ရွာစီနေသဖြင့် အဖေကြီးက အဖေ့အား သူ့အိမ်ကို ဆင့်ခေါ်သည်။ မင်္ဂလာ ဆောင်ကိစ္စ အဖေကြီးနှင့် ဟိုကလာပြောသူတို့ အကြမ်းဖျင်း ဆွေးနွေးပြောဆို





ကြသည်။ အဖေက ဘာမျှဝင်မပြော နားထောင်၍သာနေသည်။ အတန်ကြာ သော် စကားဝိုင်းမှ အဖေထ,သွား၏။ ကျွန်တော် အဖေ့မျက်နှာကို အကဲခတ် လိုက်ရာ မျက်ဝန်းအိမ်မှ မျက်ရည်ကြည်လေးတွေ ဥနေတာ တွေ့ရသည်။ အဖေသည် အဖေကြီး အိမ်နိမ့်ကလေး၏ နောက်ဖေးဘက်သို့ ဆင်းရာ လှေကား အနီးတွင် သွားထိုင်၍ သူ့မျက်ရည်များကို သိမ်းဆည်းနေလေသည်။ မျက်ရည် ပေါက်ကျတာကို မမြင်ရသော်လည်း အဖေငိုနေသည်ဟု ဆိုနိုင်လေသည်။

အဖေသည် 'ကျွန်တော်ဘုံဝါဒသမား'၊ 'ခေနှင့်လောက'စသော စာအုပ် များနှင့်ကြီးကာ ပုဒ်မ ၅ နှင့် အဖမ်းခံခဲ့ရသော လက်မှဲ့လူဆင်းရဲတစ်ယောက် ဖြစ်သည်။ ကျွန်တော် တော်ရမည့် ယောက္ခမများသည် ဆန်စက်၊ ဆီစက်တွေ နှင့် လယ်မြေတွေ အတော်များများနှင့်။ အခြားစီးပွားရေးလုပ်ငန်းတွေနှင့်။ တောသူဌေးဟု ဆိုနိုင်သူများဖြစ်သည်။ အဖေသည် ဘယ်သူ့မှ မကျို့,မရို့ဘဲ မာနနှင့်၊ ဆင်းရဲနေသူဖြစ်ရာ အရင် သားငါးယောက် ပျက်စီးဆုံးပါးစဉ်က တစ်ကြိမ်သာ ဆုံးရှုံးခဲ့၏။ ယခု ကျွန်တော့်ကို ဆုံးရှုံးသည်မှာ ခမက်အိမ်၌ ခမက်နှင့် စကားပြောရတိုင်း အကြိမ်ကြိမ်ဆုံးရှုံးမည်ကို တွေးပြီး ကြို၍ငိုထားနှင့် လေသလော မပြောတတ်ပါ။

အဖေ ဘာကြောင့်ငိုမှန်း ပြောမထားရစ်ခဲ့လို့ ကျွန်တော် မသိနိုင်သော် လည်း ငိုခြင်း၏ နောက်ကွယ်တွင် အဓိပ္ပာယ်တွေ အမျိုးမျိုးရှိနိုင်ပါကလား ဆိုသည်ကိုမူ ကျွန်တော် တွေးမိခဲ့ပါသည်။

ကျွန်တော့်မြေးလေးများ ရောက်လာကြလျှင် သူတို့ကို ခဏခဏ ကျွန်တော် ချော့ရ၏။ သူတို့သည် ငိုကြ၏။ လိုတာမရလျှင်လည်း ငို၏။ လိုချင် တာလေး ရပြီးနောက် ပျောက်ဆုံး,ပျက်စီးပြန်လျှင်လည်း ငို၏။ ကလေးတွေ ဆိုတော့ ကိုယ့်အလိုနှင့် ဆန့်ကျင်တိုင်း ငိုလိုက်ကြသည်သာဖြစ်သည်။ 'ကလေး သူငယ်တို့၏ ခွန်အားသည် ငိုခြင်းတည်း' ဟူသော လောကနီတိစကားနှင့် အညီတိုင်းပင်။ ကလေးများက ခံစားချက်ကို ထိန်းချုပ်ထားနိုင်သည်မဟုတ်ရာ ကျင်ကြီး,ကျင်ငယ်စွန့်မည်ဟု စိတ်ဖြစ်လျှင် ဆိုင်းမနေ၊ ထွက်ယိုကျ၏။ လူကြီး များက စွန့်စရာတွေ့သည့်တိုင် ထိန်းချုပ်ထားနိုင်သည်။ သို့ရာတွင်လည်း လူ ကြီးများသည်ပင်လျှင် ရုပ်တရားက အားကြီးလွမ်းမိုးလာလျှင် ထိန်းမရဘဲ ဖြစ် သည့်အခါလည်း ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဘုရင်,သမ္မတဆိုသူများသည် သာမန်လူတို့ထက် ခံစားချက်ကို ဖုံးကွယ်နိုင်စွမ်းရှိသူများ ဖြစ်သည်။ ထို့ကြောင့် ရာဇက္ကန္ဒြေဆည်ကြရသည်။ ရှေးက ဓာတ်သဘင်တို့၌ ရှင်ဘုရင်ရုပ် က,သူသည် 'အမယ်လေး'တ,၍ အပူငို မငိုရ။ ရွှေမန်းတင်မောင် ဗုဒ္ဓဝင်ကတော့ ရှင်ဘုရင်က အပူငို, ငိုသည်ဆိုကာ ဝေဖန်သူတို့ ဝေဖန်ကြဖူးသည်။ ရာဇက္ကန္ဒြေမပျက်ကောင်းဟူသော သဘောပင်။

သို့ရာတွင် ရှင်ဘုရင်တို့၊ သမ္မတတို့သည်လည်း ပူတတ်သည့်လူများပင် ဖြစ်ရာ နရသီဟပတေ့ ဟင်းခွက်တစ်ရာ့ငါးဆယ်မျှသာ စားရတော့သဖြင့် ငိုခဲ့ဖူးပုံ၊ နစ်ဆင်နှင့် ကာတာတို့ သမ္မတရားထူးမှ စွန့်လွှတ်ရမည်ရှိသည့်အခါနှင့် ဒုတိယအကြိမ်ရွေးကောက်ပွဲ၌ ရှုံးသည့်အခါ အသီးသီး ငိုခဲ့ဖူးကြပုံတို့ကို တစ်ခါက ကျွန်တော်၏ 'လောကဓံ' ဆောင်းပါးထဲမှာ ထည့်ရေးခဲ့ဖူးသည် ထင်သည်။

ဖီးလ်ဒင်းဟောသည် သူ့ဝတ္ထုတစ်ပုဒ်ထဲ၌ စုဖုရားလက်မိဖုရား ငိုပုံကို ဖွဲ့ထားတာ ဖတ်ဖူးသည်။ နန်းတော်ကြီးသို့ ရောက်လာကြသော ကြေးနန်းများကတော့ မိမိတို့တပ်များက အင်္ဂလိပ်တို့ကို အနိုင်ရနေသော သတင်းများပါပဲ။ ဒါပေမဲ့ တစ်နေ့မှာ စုဖုရားလတ် ဘုတ်တလုတ်ကန်းနားရောက်လာသည့်အခါ ကစားနေကြသော ကလေးအချင်းချင်း ပြောနေကြသော စကားသံများကို ကြားသွားသည်။ စိတ်ဝင်စားသဖြင့် အသက်ကြီးဆုံးဖြစ်ပုံရသော ကလေးမကလေးကို ခေါ်၍ ချော့မော့မေးသည့်အခါ သူ့တို့မိဘများ (ဝန်ကြီးမိသားစုများ) စစ်ပြေးဖို့၊ အတွင်းပစ္စည်းများ ထုပ်ပိုးသိမ်းဆည်နေကြကြောင်းကို လည်းကောင်း၊ အင်္ဂလိပ်တပ်တွေ မြင်းခြံရောက်နေပြီဖြစ်၍ မကြာခင် မန္တလေးသို့ ဆိုက်ရောက်လာတော့မည် ဖြစ်ကြောင်းကို လည်းကောင်း သိသွားလေသည်။ ကလေးမကလေးအား လက်ကောက်တစ်ဖက်ချွတ်၍ ဆုချခဲ့ပြီး မြေနန်းပြာသာဒ်အနီးရောက်တော့ မြေမှာ လှဲ၍ မချိတင်ကဲ ငိုတော့သည်။

မျှော်လင့်မထားသော သတင်းဆိုး၊ အဖြစ်ဆိုးတို့နှင့် ကြားလိုက်၊ ကြုံလိုက်ကြရသည့်အခါ ရှင်ဘုရင် သမ္မတတွေပင်ဖြစ်စေ ထိန်းချုပ်နိုင်ခဲ့ကြသည်။ ငိုမိကြ၏။

ကနေဒီ လုပ်ကြံခံရတော့ ဆေးရုံသို့ အမြန်ခေါ်လာကာ ကုသကြ၏။ မရတော့ပါပေ။ ဆေးရုံမှာပင် ဆုံး၏။ ဂျက်ကလင်းကနေဒီသည် ထိုအဖြစ်ဆိုး





ကို မျက်ရည်မကျဘဲ အားတင်း, ရင်ဆိုင်ခဲ့သည်ဟု စာတွေထဲမှာ ဖတ်ဖူးသည်။ မျက်ရည်ထိန်း, ဆည်ထားသော်လည်း ငိုတော့ငိုနေမှာပဲဟု ကျွန်တော် တွေးမိပါသည်။

တစ်ခါတစ်ရံ ရင်တွင်းကအပူကို မျက်ရည်နှင့် သွန်ထုတ်ရုံနှင့် မပြေပျောက်။ စကားလုံးနှင့် အန်ထုတ်လိုက်ရမှ သက်သာမှာပဲဟု ထင်မိတာမျိုးလည်း ရှိတတ်သည်။

ကျွန်တော်သည် ဘဝ၏ အမွန်းကျပ်ဆုံးအချိန်ကာလတစ်ခုကို ဖြတ်သန်းရချိန်၌ ဘတ်စ်ကားခ တစ်မတ်မျှလောက်တောင် မရှိ၍ ရုံးမသွားနိုင်အဖြစ်မျိုးအထိ ကြုံဖူးသည်။ ကျွန်တော့်အဖြစ်ကို သိသွားသည့် သူငယ်ချင်းလင်းမယားကသူတို့မှာလည်း ထုတ်ပေးစရာ ပိုက်ဆံမရှိသည်နှင့် ကျွန်တော်မသိအောင် မယားဖြစ်သူ ဝတ်ကောင်းစားလှအဖြစ် ထားဝတ်သော ချိတ်လုံချည်ကလေးများကို ထိုစဉ်က 'သူခိုးဈေး'ဟု အလွယ်ခေါ်ကြသည့် ကြည့်မြင်တိုင်ညဈေးသို့ သွားရောက်ကာ ကျွန်တော် အားမငယ်ရအောင် ပိုက်ဆံကလေးများ ထုတ်ပေးဖူးပါ၏။ သူတို့ပေးသော ပိုက်ဆံနှင့် ရုံးတက်လို့ရနိုင်ပြီ ဖြစ်ပါလည်း ကျွန်တော့်ရင်ထဲက မွန်းကျပ်မှုက ရှိနေဆဲပင်။ သူငယ်ချင်းသည် ရှိတာကို ရောင်းချပေးဖို့ လောက် သာတတ်၏။ ကျွန်တော့်ရင်ထဲက ဝေဒနာကို ထုတ်အန်ဖော်ပြမည့် ဘာသာစကားကို နားမလည်နိုင်ဟု ကျွန်တော်ထင်သည်။ ငိုပစ်လိုက်လို့ သက်သာစတမ်းဆိုလျှင် ဂျုံဖြူပိုက်လုံးကြီးပေါ်မှာ လူမသိ, သူမသိ ကျွန်တော် တစ်ညလုံး ငိုနိုင်ခွင့်ရှိပါ၏။ သို့သော်လည်း အဲဒီနည်းနှင့်လည်း ပြေနိုင်မည်မထင်သဖြင့် ညကြီးမင်းကြီးမှာ မြောက်ဥက္ကလာရှိ သူငယ်ချင်းတစ်ဦးထံ ကျွန်တော် သွားရပါသည်။ ထိုသူငယ်ချင်းသည် ကျွန်တော့်ရင်ထဲက ထွက်အန်ကျသည့် ဘာသာစကားကို နားလည်းခဲ့လေသဖြင့် အထက်က သူငယ်ချင်းလင်မယားလိုပင် သူ့ကျေးဇူးကိုလည်း ကျွန်တော် တစ်သက်လုံး မမေ့နိုင်ဘဲဖြစ်ရပါသည်။

ဤလိုအဖြစ်မျိုးတွေ့ လူတိုင်း ကြုံဖူးချင်မှ ကြုံဖူးမည်။ ဒါပေမဲ့ ကြုံဖူးသူတို့ လူ့သမိုင်းမှာ ရှိကြပါသည်။

အမေရိကန်သမ္မတမက္ကင်းလေးသည် စစ်တိုက်ချင်သူ မဟုတ်ပါ။ စက်မှုလက်မှုတွေ ထွန်းကားလာပြီး ဈေးကွက်နည်းနေခဲ့သည့် သူ့တိုင်းက စစ်တိုက်



www.burmeseclassic.com

www.burmeseclassic.com



စေချင်ပါသည်။ သတင်းစာတွေကရော၊ ကွန်ဂရက်နှင့် ဆီးနိတ်ကပါ သူ့အား စစ်တိုက်ဖို့သာ တောက်လျှောက် ဖိအားပေးနေသည်။ ၁၈၉၈ ဖေဖော်ဝါရီ ၁၅ တွင် 'မိန်း' သင်္ဘော ဟားဗားနားဆိပ်ကမ်းတွင် ဗုံးအခွဲခံလိုက်ရသည့်အခါ ဘယ်သူဘယ်ဝါဟု လက်သည်အတိအကျသိရသည် မဟုတ်ဘဲ စပိန်တို့ လက်ချက်ပဲဟု စွပ်စွဲကာ စပိန်ကို စစ်ကြေညာဖို့ တစ်နိုင်ငံလုံးက တောင်းဆိုကြလေတော့သည်။ ထိုအချိန်၌ ဇနီးသည် သမ္မတကတော်၏ ကျန်းမာရေးကလည်း အတော်ပင် ချူချာချာဖြစ်နေ၏။ ကိုယ်ဆန္ဒက တစ်ဖက်၊ အများစုက တစ်ဖက်၊ သမ္မတမက္ကင်းလေးမှာ အတော်ပင် အကျပ်တွေ့နေလေသည်။

တစ်နေ့တွင် ချီကာဂို TIMES-HERALD သတင်းစာထုတ်ဝေသူ Kohlsaat သည် ဝန်ကြီး Cortelyou ရိုက်လိုက်သော 'သမ္မတက တွေ့လိုကြောင်း' ကြေးနန်းစာရ၍ ဝါရှင်တန်သို့ သွားရာ ရထားနောက်ကျနေ၍ ညစာစားပွဲသို့ အတန်နောက်ကျမှ ရောက်သည်။ ဧည့်ခန်းထဲ၌ ဧည့်သည် ၁၈ ယောက်လောက် ရှိနေ၏။ သမ္မတက သူ့ကို မြင်တော့ သူ့ အနားလာထိုင်ဖို့ အမူအရာဖြင့် ပြသည်။ ကပ်ထိုင်မိတော့ 'ခန်းဆောင်နီထဲကို သွားနှင့်ပါ၊ ခဏနေလိုက်လာခဲ့မယ်'ဟု တိုးတိုးပြောသဖြင့် ခန်းဆောင်နီထဲမှာ သွားစောင့်နေရ၏။ မကြာခင် မက္ကင်းလေးရောက်လာပြီး ကုလားထိုင်တစ်လုံးပေါ်မှာ လက်နှစ်ဖက် ဒူးပေါ်တင်၍ ထိုင်၏။ မျက်နှာကို လက်ဝါးနှစ်ဖက်ကြား အုပ်ဝှက်ကာ 'လူမမာဇနီးကြောင့် မအိပ်ရတာလည်း နှစ်ပတ်ကျော် ကြာခဲ့ပြီဗျာ။ သူတို့က ကျုပ်ကို စစ်ထဲကိုသာ အတင်းတွန်းပို့နေတယ်။ ကျုပ်တို့ ရေတပ်မှာက သင်္ဘောကမ်းကပ်ရင် ဂုဏ်ပြုအမြောက်ပစ်ဖောက်ဖို့လောက်တောင် လက်နက်ခဲယမ်းရှိတာမဟုတ်ဘူး' ဟု ကလေးငယ်တစ်ယောက်ပမာ ငိုလေသည်။ အားရအောင် ငိုပြီးတော့ ဧည့်ခန်းသို့ပြန်သွားရဦးမှာမို့ 'ကျုပ်မျက်လုံးတွေ ရဲနေသလားဟင် ငိုထားတဲ့ ပုံများ ပေါက်နေသေးလား'ဟု 'ခိုးလ်ဆတ်' အား မေးရှာသေးလေသည်။

သမ္မတမက္ကင်းလေးသည် သူငိုပြရမည့်သူကို ချီကာဂိုမှ လှမ်းမှာယူရဖူးသည်။ ငိုချင်ပါသော်လည်း ငိုချင်တိုင်း ငိုလို့ရချင်မှ ရတတ်ပါသည်။ ရပြန်သော်ငြား မျက်ရည်များ၏ ဘာသာစကားကို နားလည်ဦးမှ ငိုခြင်းကိစ္စပြီးနိုင်ပါသည်။





ရွှေမန်းတင်မောင် ဇာတ်ပွဲကြည့်ရင်း မျက်ရည်သုတ်မနိုင်တာမျိုးလည်း ကြုံဖူးပါ၏။ နှစ်ပါးခွင်မှာ သူ့လူရွှင်တော်တွေ ပြက်လုံးထုတ်ကြပုံက ဗိုက်နှိပ်နေရ, သိပ်ရယ်ရလို့ ဖြစ်သည်။ အကယ်ဒမီဆုယူရင်း ငိုကြွေးကြသည့် ရုပ်ရှင်မင်းသမီးများကိုလည်း တွေ့ဖူးကြပါမည်။

မျက်ရည်မှာ magic power ရှိသလား စဉ်းစားစရာ ဖြစ်ပါသည်။

ကျွန်တော် ဒီစာကိုရေးတာ ရန်ကုန်ဆေးရုံကြီးမှာ ဖြစ်ပါ၏။ ဆေးပညာရှင်တွေက ပျောက်အောင်ကုလို့ရသည့်ဆေး မတွေ့သေးဘူးဟု ကျွန်တော်တို့ သိထားကြသည့် ကင်ဆာရောဂါတစ်မျိုးနှင့် ဆေးရုံတင်ထားရသော သမီးကလေးကို စောင့်ရင်း ရေးတာဖြစ်ပါ၏။ ရန်ကုန်သွားမှ သင့်မည်ဆိုတော့ သမီးနှင့် မြေးကလေးနှစ်ဦး၏ ပင်စင်နှင့် ကျွန်တော့်ပင်စင် (၉)လစာစီ ထုတ်ယူကာ ငွေသုံးသောင်းနီးပါးနှင့် ရောက်လာခြင်း ဖြစ်သည်။ ဆေးရုံမတက်ခင် ဆေးခန်းမှာ ဆေးစစ်တာနှင့်ပင် ငွေနှစ်သောင်းကျော် ကုန်ခဲ့ပါပြီ။ ဤစာရေးချိန် (၃၀-၁-၂၀၀၂) ၌ သိန်းဂဏန်းကျော်သွားပေပြီ။ ကြားကြားချင်း သူငယ်ချင်းတစ်ဦး တည်းခိုအိမ် ရောက်လာကာ ငွေတစ်သောင်းပေး၏။ သူက ငါးထောင်၊ သူ့အိမ်ရောက်လာ၍ သိသွားသည့် တပည့် ရဲအရာရှိကလေးတစ်ဦးက ငါးထောင်ပါတဲ့။ မြန်မာတိုင်းမ်က ဦးလှမိုး၊ မြားနတ်မောင်က ဒေါက်တာလွဏ်းဆွေ၊ ဘွားဘွားဒေါ်တင်ညိုတို့ကလည်း တတ်နိုင်သလို ကူညီကြတာ နှစ်သောင်းနီးပါးရှိ၏။ ကျွန်တော်၏ စာဖတ်ပရိသတ်ဟုသိရသော ဒေါက်တာလွဏ်းဆွေ၏ သူငယ်ချင်း ဒေါက်တာလွင်ဟန်တစ်ဦးတည်းကလည်း ငါးသောင်း ကူညီ၏။ လက်မခံလိုသော်လည်း ကျွန်တော့်မှာက မရှိ။ သူတို့က စေတနာအပြည့်မို့ မရှက်အပ်တရားလေးပါးထဲသွင်းကာ ယူခဲ့ရပါသည်။

၁၉၆၆ ခုနှစ်က ကျွန်တော် သေမလောက်ဖြစ်၍ တောင်ငူဆေးရုံတက်ရသည်။ တပည့်တွေက တောင်ငူက ဆင်းနိုင်သော် ရန်ကုန်အထိပို့၍ ကုပေးကြမည်ဟု ကြံရွယ်နေကြကြောင်း ကျွန်တော်ရိပ်မိသဖြင့် ကျွန်တော် ရေဆင်း တိ-မွေး-က တက္ကသိုလ်သို့ သွား၍ပုန်းနေခဲ့ဖူးပါသည်။ ယခုလည်း ရန်ကုန်၌ ကျွန်တော့်တပည့်တွေသိသော် သူတို့ မနေသာ၊ ဝန်တက်ကြရှာ လိမ့်မည်မို့ ဘယ်တပည့်ကိုမှ အသိမပေးခဲ့ပါ။

သို့ရာတွင် တစ်ရက်တွင် ကုမ္ပဏီတစ်ခု၌ အလုပ်လုပ်နေသော တပည့်



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ဦး သတင်းကြားနှင့် ဆေးရုံသို့ရောက်လာကာ အဖိုးတန် မုန့်ခဲ သရေစာများနှင့်တကွ ငွေတစ်သောင်းကို ကျွန်တော့်လက်ထဲထည့်ကာ ဆေးရုံ ကြမ်းပြင်မှာ ဦးနှိမ်ချ၍ ကန်တော့ပါသည်။ ကျွန်တော် ဆုကို တိုတိုပေး ပီး ဆေးရုံပေါ်မှာ ဟိုလျှောက်သည်လျှောက် လုပ်နေရပါသည်။ မျက်ရည်ကျမိမှာ စိုး၍ ဖြစ်ပါသည်။

မျက်ရည်ကျမိပါသော် ကျွန်တော်၏ ငိုခြင်းသည် အထက်က ငိုခြင်း မျိုးတွင် ဘယ်ငိုခြင်းမျိုးနှင့် တူလေမည်နည်း။ ထိုငိုခြင်း အားလုံးတို့ပင် ကျွန်တော်၏ ငိုခြင်း၌ ပျော်ဝင်ကိန်းအောင်းလေမည်လော။ သို့မဟုတ် အဘယ် သို့သော ငိုခြင်းမျိုးဖြစ်လေမည်နည်းဟူသည်ကို မပြောတတ်အောင် ဖြစ်ပါလေ တော့သည်။

❰ မြားနတ်မောင်၊ ၃/၂၀၀၂❱



## ၅၉ မှ ၁၃ သို့အလွန် မေတ္တာမိုးကြီး ဖြိုးဖြိုးသွန်

၂၀၀၂ နိုဝင်ဘာ မြားနတ်မောင်မှာ မောင်ကိုကို (အမရပူရ) က သူ့ ရင်ဘတ်ကို ဖွင့်ပြလိုက်တာ ကျွန်တော့် မျက်စိထဲမှာ ပျာသွားပြီး မိုက်ခနဲ ဖြစ် သွားပါသည်။ ကျွန်တော့်ရင်တွင်းမှ ပူလောင်သော လှမ်းငွေ့တွေ လှိုက်တက် လာပြီး မျက်ဝန်းအိမ်မှာ လှမ်းစိုးတွေ ရိုက်သွားသောကြောင့်ပင်။

"သမီးလေး ဆုံးပြီးစမှာ ညအိပ်မရဘဲ ထထပြီး ရေးထားတာ စာ နှစ်ပုဒ် ရှိပါသည်။ အတတ်ပညာနှင့် ရေးခြင်းမဟုတ်ဘဲ စိတ်ပြေ ပြီးရေးသဘော ရေးထားသည်မို့ ဆောင်းပါးလည်း မခေါ်နိုင်၊ ဝတ္ထုလည်း မပြောသာ၊ တစ် လစာ ဆောင်းပါးတစ်နေရာစာလောက် အရှည်လည်းမက၊ နှစ်လထည့်ဖို့လည်း မကောင်းသော စာများဖြစ်ပါသည်။ မဂ္ဂဇင်းသို့ပို့ဖို့ မရည်ရွယ်သည့် အားလျော်စွာ ထိုစာများ သာဝတ္ထိနေအိမ်မှာပင် ကျန်ရစ်ခဲ့ပါသည်။

သမီးလေးနှင့်စပ်သော စာကို မရေးလည်း မရေးလို၊ ရေးလည်းရေး ချင်၊ ရင်ထဲမှာ ဝိရောဓိဖြစ်နေခဲ့ပါသည်။ မရေးလိုသည်က ပုဂ္ဂလိက ခံစားချက် တွေ အလေးပေးဖော်ပြရသလို မဖြစ်ချင်တာတစ်ကြောင်း၊ ပရိဒေဝမီး ပြန် မွှေးခြင်းမျိုးလည်း မလုပ်လိုတာ တစ်ကြောင်းကြောင့် ဖြစ်ပါသည်။

ရေးချင်ခြင်းအကြောင်းမှာ ဤရောဂါမျိုးနှင့်စပ်ရာသုတကို စာဖတ်သူ များအား ပေးလိုခြင်းနှင့် သမီးလေးအတွက် ကရုဏာသက်ကာ တတ်နိုင်သလို ကူညီကြကုန်သော စေတနာရှင် စာဖတ်ပရိသတ်၊ မိတ်ဆွေ စသည့် ပုဂ္ဂိုလ်တို့၏ စေတနာကို တုံ့ပြန်သည့်အနေဖြင့် ရေးပြလိုခြင်းတို့ကြောင့် ဖြစ်ပါသည်။ သို့ပင်



www.burmeseclassic.com

www.burmeseclassic.com



ရေးလိုပါသော်လည်း ပူလောင်ဆဲအခါ ရေးသောစာသည် စင်ကြယ်ကောင်းမွန်နိုင်မည် မထင်သဖြင့် အေးသောအခါ ကြုံကြိုက်လာတော့မှသာ ရေးပါတော့မည်ဟု စိတ်ထဲမှာ တေးထားမိခဲ့ပါသည်။

ယခု မောင်ကိုကိုက ရန်ကုန်မြို့ထဲမှာ သဘော်မှောက်သွား၍ ခြေကျင်လျှောက်ရသတဲ့။ ခုံတင်နံပါတ် ၅၉ ဝတ္ထု ရေးနေမိပါသတဲ့။ (ရင်ထဲမှာ မအေးသေးပေမဲ့ ရေးချင်လာပြန်ပါသည်။)

ဟုတ်ပါသည်။ သမီးခုတင်နံပါတ်ကို ၁၉ လပ်းထဲမှာ သူနှင့်တွေ့စဉ်ကျွန်တော် ပြောခဲ့ပါသည်။ သူ ဘီယာတစ်ခွက်သောက်နေသည်။ ကျွန်တော်က သေရည်ကို မမက်တော့သဖြင့် အချိုရည် အအေးတစ်ပုလင်းကို သူမှာတိုက်ပါသည်။ သူ ပိုက်ဆံရှင်းတာ ကျွန်တော် မြင်သည်။ သူ့အိတ်ကပ်ခပ်ချပ်ချပ်ဟု ကျွန်တော့် ခေါင်းပျူတာထဲမှာ ယာယီ တေးမှတ်ထားလိုက်၏။ နောက်နေ့သူပေါ်မလာ။ အပူနှင့်လူမို့ စကားလေးနည်းနည်းပြော ရင်ဖွင့်ရလျှင်ပင် အတန်အေးရာရသလိုရှိတတ်ရာ ကျွန်တော် နောက်ရက်မျှော်ပါသေး၏။ ပေါ်မလာတော့မှ ဟိုနေ့က ယာယီမှတ်တေးထားတာကို အတည်ပြုလိုက်ရပါတော့သည်။

ကျွန်တော် သူ့ထက် အသက်အတန်ပင်ကြီးသဖြင့် လူ့ပြည်လူ့ရွာအကြောင်း ပိုနားလည်ပါသည်။ ၁၉၉၆ တွင် တောင်ငူဆေးရုံကအဆင်း ကျွန်တော့်တပည့်တွေက ရန်ကုန်အထိ ပို့မှာစိုး၍ ရှေ့ဆင်သွားပုန်းနေတာမရ၊ လိုက်ခေါ်တာနှင့် ကျွန်တော် ရန်ကုန်ဆေးကုလာရသည်။ ကျွန်တော့်ကို အထွေထွေစစ်ဆေးမှုသာလုပ်ရပြီး အထူးတလည်ကြီး ဘာမျှမကုရပါ။ စားဆေးပေးရုံမျှနှင့် ကျွန်တော်လည်း ကျန်းမာသွားပါသည်။ သို့ရာတွင် ဆေးကုဖို့လာသော ကျွန်တော်က ဘာမျှအထူးတလည် အကုမခံရ၊ ကျွန်တော်နှင့်လိုက်လာသည့် သမီးလေးက တစ်ပတ်အတွင်း နှစ်ကြိမ်ခွဲစိတ်မှုခံရသည်။ ပထမအကြိမ်က ညာခြေဖမိုးပေါ်ရှိနေသည့် အကျိတ်ကို ခွဲလိုက်ခြင်း ဖြစ်ပြီး ဒုတိယအကြိမ် ခွဲရခြင်းက ပထမအကြိမ် ခွဲလိုက်စဉ် မျှော်လင့်မထားသော အမည်းရောင်အသားစများ တွေ့ရသဖြင့် ရောဂါ ဗေဒပါရဂူထံ အသားစပို့၍ ခုတ်ခွဲ စစ်ဆေးစေသည့်အခါ **Malignant Mela-noma** ဟု ရောဂါအမည် တပ်ပေးလိုက်သည်။ ကျွန်တော်ကသာ ဘာမှန်းမသိသော ထိုရောဂါအမည်ကို ထိုအချိန်မှ ကြားဖူးသည်ဖြစ်သော်လည်း ခွဲစိတ်သည့်ဆရာဝန်က ဘာဆိုတာ





သိသဖြင့် ကင်ဆာရောဂါ ပါမောက္ခဒေါ်သန်းသန်းဦးဆီ စေလွှတ်၍ ဒေါ်သန်းသန်းဦးထံမှ အကြံဉာဏ်တောင်းပါသည်။

ဒေါ်သန်းသန်းဦးနှင့် ကျွန်တော် နှစ်ကိုယ်ကြား မေးမြန်းဆွေးနွေးစဉ်က 'ဖြတ်ပစ်မှကောင်းမှာပဲ' ဟု ပြောသော်လည်း သူ့ အကြံပေးချက်စာတွင်ကား 'လူနာသည် အမြန်ခွဲစိတ်မှုခံယူမှ ကောင်းမည်' ဟူသာ အင်္ဂလိပ်လို ရေးပေးလိုက်တာ တွေ့ရပါသည်။ ထို့ကြောင့် မူလဆရာဝန်က ဒုတိယအကြိမ်ထပ်ခွဲကာ အကျိတ်ဝန်းကျင်၌တွေ့ရသော အမည်းရောင်အသားစများကို လှီးထုတ်၍ ပေးလိုက်ပါ၏။ အနာကျက်သွားလျှင် ကင်ဆာဆဲလ်များကို ဖယ်ထုတ်ပေးလိုက်ပြီး ဖြစ်၍ ကောင်းသွားမည်ဟုလည်း ပြောလိုက်သည်။

ဟုတ်ပါ၏။ ထို ၉၆ ခုနှစ်က မောင်ကိုကိုသည် သူ့ဝတ္ထုတစ်ပုဒ်ထဲမှာပါသည့် တည်းခိုခန်းမှ ပြောင်း၍ ကြည့်မြင်တိုင်ဘက် တစ်နေရာမှာ နေနေရာက ကျွန်တော်တို့သားအဖ ပြန်မည့်ရက်မှာ စားစရာတွေ၊ မုန့်ထုပ်တွေနှင့် ရောက်ချလာကာ ရထားထွက်မှ ပြန်ပါ၏။ ကြည့်မြင်တိုင် အဝေးကြီးအရပ်မှ ကွမ်းခြံဘူတာသို့ သူရောက်လာနိုင်သော်လည်း ယခု ၃၁ လမ်းကနေပြီး ရန်ကုန်ဆေးရုံကြီး နီးနီးအရပ်သို့ ရောက်မလာနိုင်ရှာ။ ကျွန်တော့်ညီငယ်မှာ သဘော်ပျက်နေပါကော။ လူ့ပြည်မှာ အဲဒီလိုဟာမျိုးလေးတွေ့ တတ်မှန်း ကျွန်တော် သိပါသည်။

မင်း ရက်ဆိုင်းပြီးမှ ရောက်လာလျှင်လည်း မင်း အမရပူရထွက် လုံချည်လေး လက်ဆောင်ပေးလိုသည့် မင်းတူမလေးကို ခုတင် ၅၉ မှာ တွေ့တော့မှာ မဟုတ်တော့ဘူး မောင်ကိုကိုရာ။ ခုတင် ၁၃ ရောက်နေပြီလို့ ကျွန်တော် ယခု အော်ပြောလိုစိတ် ဖြစ်၏။

၂၀၀၁ ဒီဇင်ဘာလကုန် ရန်ကုန်ရောက်၊ ၇-၁-၂၀၀၂ ဆေးရုံတက်။ ၉၆ ကတွက်ရင် ၆ နှစ်။ မခွဲမီ အကျိတ် တဖြည်းဖြည်းတည်လာခဲ့တာ ၂နှစ်ပဲထားဦး။ အနည်းဆုံး ရောဂါသက် ၈ နှစ်ရနေပြီဖြစ်သည့် ဆေးမရှိသည့်ရောဂါသည် လူမမာကို အာရှတော်ဝင်မှာ စစ်ကြည့်ပြီးကတည်းက သမားတော်ကြီး ဦးစိုးအောင်က 'ရောဂါကတော့ ရင့်နေပြီ' ဟု ဆုံးဖြတ်ပြီး ဖြစ်ပါ၏။ ပထမအကြိမ် **Chemotherapy** ပေး (ဆေးသွင်း)လိုက်တော့ နောက်မှဖြစ်လာသည့် ဖြစ်စအကျိတ်တွေ ချပ်သွားတာ မြင်သောအခါ ဦးစိုးအောင် အား



www.burmeseclassic.com

www.burmeseclassic.com



တက်ကာ လူမွဲမှန်းသိသွားသူ ကျွန်တော့်ကို 'ဦးတင်ဦးရေ...ဒုတိယအကြိမ် အတွက် ကြိုးစားလိုက်ပါဦး' ဆို၍ အားထုတ်ကုသရှာပါသည်။ အရပ်အခေါ် ဓာတ်ကင်တာတွေနှင့်ပါ တွဲ၍ ဖိကုပါ၏။ သို့ရာတွင် ၂၂-၃-၂၀၀၂ ရောက်သော် မရနိုင်တော့ပြီဟု ကျွန်တော် ဆုံးဖြတ်ကာ ဦးစိုးအောင်အခန်းထဲသို့ ဝင်တွေ့ပြီး အိမ်ပြန်ခေါ်ဖို့ တင်ပြကြည့်သေး၏။ သမားတော်ကြီးကလည်း တား၊ သမီး ကလည်း 'အဖေရယ်...ဟိုရောက်တော့လည်း အခုလို တစ်ညလုံးအိပ်မရ၊ ကိုက်နေရင် ဘယ်နှယ့်လုပ်မလည်း' ဟု ဆိုသဖြင့် ရန်ကုန်နေ တူ, တူမများ အား ဆက်သွယ် ခေါ်ယူ တိုင်ပင်ကာ နောက်ဆုံး ရန်ကုန်မှာပင် သင်္ဂြိုဟ်ခံ တော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

ထိုညနေက ၃ နာရီလောက် ဦးစိုးအောင် 'ရောင်း' လှည့်လာတော့ သမီး ခုတင်က အနောက်ဘက်ခြမ်းမှာမို့ နေရှိန်လေး ရှိနေသည်။ 'ဝေဝေစိုး ပူနေမှာပေါ့၊ ဆရာမရယ် အောက်ထပ်တစ်နေရာ ရွှေ့ပေးလိုက်ပါ' ဟု သူနာပြုဆရာမကြီးအား ညွှန်ကြားခဲ့၏။ အောက်ထပ်အခန်း၌ အခြားခုတင် လွတ် အနည်းငယ်ရှိသေးသော်လည်း နေရာချပေးလိုက်သော ခုတင်မှာ '၁၃' ဖြစ်နေ၏။

ကျွန်တော် ပြုံးရမည့်အချိန် မဟုတ်သော်လည်း တွေးပြီး စိတ်ထဲမှာ ပြုံးမိသည်။ သမီးအသက်ကတော့ ၁၃ မဟုတ်ဘဲ ၃၁ ကျရင်လည်း နေရဖွယ် မရှိတော့ပြီ။ ဆုံးပါးခဲ့သော် အတိတ်မကောင်းသော နံပါတ် '၁၃' ကို ယိုးမယ် ဖွဲ့စရာ ဖြစ်မည်ဟု တွေးပြုံးခြင်း ဖြစ်ပါ၏။

သမားတော်ကြီး ဦးစိုးအောင်သည် နောက်နေ့ စနေ့မှာလည်း ဆေးရုံ ရောက်လာကာ သမီးအား လာကြည့်ပါသည်။ နောက်ရက် တနင်္ဂနွေနေ့တွင် တူမကလေးကလည်း သူ့ညီမလေးအတွက် သောကရောက်ကာ ဘုန်းကြီး တစ်ပါးထံ ဗေဒင်ကြည့်လာ၏။ မေ ၂၈ အထိ ဆေးကုရမည်ဟောသတဲ့။ အခုအချိန်ကတော့ စနေဂြိုဟ် အဆိုးပိုင်းထဲ ရောက်နေသည် ကာလပဲတဲ့။ ယတြာချေရန် ညွှန်ကြားသဖြင့် သူဝယ်လာသော ငါးကို ကန်တော်ကြီးမှာ ၁၀ နာရီမထိုးခင် သွားလွှတ်မည်ဆို၍ ကျွန်တော်ကားမှတ်တိုင်သို့ လိုက်ပို့ရာ ဆေးရုံဝင်းမှ လဟာပြင်ဈေးဘက်အထွက် လမ်းဝနားအရောက်တွင် ကားတစ်စီး ထိုးရပ်လိုက်၍ ခြေလှမ်းတုံ့သွားမိသည်။ ပြတင်းမှ ခေါင်းထွက်လာမှ





ဦးစိုးအောင်မှန်း သိရသည်။ 'ညက ဝေဝေစိုး ဘယ်နှယ့်နေသေးလည်းတင်' သူ့ ဂရုဏာနှင့် မေးသော်လည်း ရင်ထဲကတော့ အလောတကြီး သိနေချင်ပုံ လက္ခဏာ။

ဤမှုအလုပ်တွေများသည့် ဆရာဝန်ကြီးသည် ဦးတင်ဦး (ကျူရှင်) ထံမှ လိမ္မော်သီးတစ်လုံးမှ မစားရပဲလျက် တနင်္ဂနွေနေ့တောင် မနားနိုင်အားဘဲ သည်လူမမာတစ်ဦးတည်းကို လာကြည့်လေသည်မှာ နည်းတဲ့ကုသိုလ်မဟုတ်ဘူး ငါ့သမီးရယ်လို့ ကျွန်တော် ဝမ်းသာပါသော်လည်း သမီးလေးမှာ လှဲအိပ်လို့ မရသဖြင့် ခုတင်ပေါ်ခွချထားရသည့် တစ်ဝက်စားပွဲကလေးမှာ မျက်နှာကလေး အပ်ကာ အိပ်ရ၏။ အိပ်ချိန်မို့ 'အိပ်ရ' ဟု သုံးရသော်လည်း ဘယ်အိပ်ပျော် မည်နည်း။ ဆီးလုံးဝမသွား၊ ရေငတ်နေ၊ သွေးစစ်တော့ Haemoglobin ၅ ဒသမ ၈ တဲ့။ ပုံမှန် ၁၁-၁၂ အနည်းဆုံး ရှိရပေရာ သွေးသွင်းမှဖြစ်မည်။ သွင်း။ အလှူယ်တကူ အသင့်မရှိတော့ မရှာအရရှာ။ 'မတ်တရိ'သွင်း။ 'ဘီဆက်' သွင်း။ 'ဘီဆက်' လိုသလောက်မရတော့ အလားတူဆေး 'ဆက်ဖ်ထရွန်' သွင်း။ တစ်နေ့တည်း သောင်းခုနစ်ထောင် ကုန်၏။ ဆီးသွားလာသည်။ ဝမ်း မသွားပြန်။ လေလည်းမလှည့်။ ရေသောက်လျှင် ဆီးခုံတင်းမှာ စိုး၍ မသောက် ရဲ။ ဆန်ပြုတ်မှုတောင် မဝင်။ အိုဗာတင်းလေးတစ်ဇွန်းမှုလောက် နည်းနည်း သာ သောက်နိုင်၏။ ပထမ ခြေထောက်ကြီးရောင်ခဲ်နေရာမှ ကျသွားတော့ ယခုဆီးမသွား။ ဆီးခုံကတင်း။ နေမရပြန်။

အောက်ထပ်မှာ လူနာတွေ ကျပ်လာသဖြင့် ခါတိုင်းလို လွတ်ရာခုတင်မှာ အိပ်ခွင့်မရတော့၍ ကျွန်တော်တို့လင်မယား သမံတလင်းပေါ် အိပ်ကြရ။ သူ့ အမေ ဖျား၍ လဲပြီ၊ လူမမာစောင့်ဖျားတာကို 'ဝဒ်' ထဲက ဆရာက ကုရန် တာဝန်မရှိ။ အရေးပေါ်သွားပြ၍ ကုသမှုခံ၊ ဆေးရုံတက်ခိုင်းလျှင်သာ အတွင်း လူနာဖြစ်လာမှ 'ဝဒ်'ထဲက ဆရာဝန် ကုနိုင်မှာ။ သူ့ အမေ့က သမီးကိုပစ်ထား ခဲ့ပြီး အရေးပေါ်ဌာန သွားပြမနေနိုင်။ ခွေ၍သာနေရသည်။

ကိုယ်တိုင်းလည်း အရည်မှုပင် ကောင်းစွာမဝင်။ မပျော်ဘဲ ငုတ်တုတ် အိပ်ရ။ နာ၊ ကိုက်၊ မနေနိုင်လျှင် ထိုးခိုင်းဖို့ အိပ်ဆေးပါသည့်ထိုးဆေးကို လက်ထောက်ဆရာဝန်က ကျွန်တော်အား ပေးထား၏။ သင်ပုန်းပေါ်လည်း ခုတင် ၁၃ ကို လိုလျှင် ဘာဆေးထိုးဟု စာရေးညွှန်ကြားထား၏။



www.burmeseclassic.com

www.burmeseclassic.com



(သူနာပြုများ ဆရာဝန်ညွှန်ကြားချက်မရှိဘဲ ထိုးပေးခွင့်မရှိ၍။)

၁ထမသော် ထိုဆေးမျိုးထိုးပေးသော် အိပ်ရသေး၏။ ယခု ထိုဆေးမျိုးပင် နေ၍ မသက်သာချင်ပြီ။ အမေလဲနေပြီ။ အဖေပါ လဲပြန်မှဖြင့်...။ သမီးလေး သူ့ဘာသာ တွေးနေဟန်တူပါသည်။ စဉ်းစားရင်း မျက်ရည်လေးတွေ ကျလာသည်။ 'သမီးကို ဆီးတည်ဦးနော်'တဲ့။ အိပ်ဆေးကြောင့် အိပ်ပျော်နေသော် ဆီးသွားခွင့်မရမှာစိုး၍ သတိပေး၏။ ဆီးသွားမှ ငါသက်သာမှာဟု သမီးလေးရောဂါကို ဉာဏ်နှင့်ပြုပြင်ခုခံနေသည့် သဘောပင်။ ဆီးသွားလျှင် ဆီးခံ့တင်းနေ၍ နေလို့မရ၊ မသက်သာ။

ခုတင် ၁၃ မှာ အရောင်လျော့တော့ ဆီးဝမ်းမသွား။ ဆီးသွားတော့ ရောင်လာပြန်။ ယခုဆီးလည်းမသွား။ အကျိတ်ရှိသည့်ညာခြေထောက် ပေါင်းရင်းထိ ရောင်ခဲနေပြီ။ အနားမှာကလည်း ဆေးရုံဖြစ်သည့်အလျောက် ကိုယ်လိုပဲ သူ့နည်းသူ့ဟန်နှင့် ဆိုးနေသည့် ရောဂါသည်များက ညည်းညူငိုရှိုက်။ သမီးလေး စိတ်ညစ်သွားပြီ ထင်ပါ၏။ 'အဖေရယ် အိမ်ပြန်ကြပါစို့' ကျွန်တော့်ရင်ခွင်မှာ မှေးမှီလျက်က မျက်ရည်များ စီးယိုကျရင်း ပြောသည်။ သူ့ကို နောက်က ဖက်ထားရသည်ဖြစ်၍ ကျွန်တော်ကျသည့် မျက်ရည်ကိုကား သမီးလေး မမြင်ပါ။

သူ့ကို သူ့အမေ လှမမာနှင့် ထားခဲ့ပြီး ကျွန်တော် ဦးစိုးအောင်ဆီသွား၏။ ကြာကြာပြောနေရသော် ကျွန်တော် မျက်ရည်ကျမိမည်စိုး၍ အတိုဆုံးချုပ်ကာ 'ဆရာကြီးရယ်၊ သမီးကလေး မျက်ရည်ကျနေတာကို မကြည့်ရက်နေမချိတော့ဘူး၊ ပြန်ခွင့်ပြုပါတော့"

ဦးစိုးအောင်လည်း မျက်လုံး၌ မျက်ရည်တက်မလာသေးသော်လည်း ရင်ထဲမှာ မျက်ရည်တွေ ကျနေပါ၏။ 'သူ့ကို ပြန်နိုင်ပါပြီလို့ ပြောလိုက်ရင် ငါ့ကို လက်လျှော့လိုက်ပြီလို့ တွေးသွားမှာကိုပဲ' သူစကား မဆုံးတစ်ဆုံးနှင့်ပင် နားလည်စွာ ခွင့်ပြုလိုက်လေျာပါသည်။ စတုတ္ထ 'ကီမို'တော့ သွင်းပေးလိုက်ဦးမည်။ ဆေးက အလုပ်လုပ်လည်း လုပ်သလောက် အမြတ်ပေါ့။ မလုပ်လည်း အရင်းပေါ့ဟုဆိုကာ ဆေးသွင်းပါသေး၏။ ပြန်မည့်နေ့ နံနက်ပိုင်းက သူ့အခန်းသို့လာရန် မှာသဖြင့် သွားရာ၊ စာအိတ်နှင့် အသင့်ထည့်ထားသော ငွေကို 'ကျွန်တော်တတ်နိုင်သလောက်ပေါ့ဗျာ'ဟု ပြောရင်းပေးသည်။ (နှစ်သောင်း





ပါ။) ညနေ ပြန်ဖို့လုပ်တော့ နှုတ်ဆက်ဖို့သွားရာ ၃လကျော် ၄ လအတွင်း ဆေးရုံလာပါလျက် လှမမာ 'ရောင်းလှည့်' မကြည့်ဘဲ တစ်ကြိမ်မှ မပြန်ဖူးသော ဦးစိုးအောင်ကို မတွေ့ရတော့ပြီ။ တစ်ကြိမ်မှ ဤအချိန်မျိုးပြန်တာ မတွေ့ဖူး။ ယခု ပြန်သွားပြီးတဲ့။ သြော်...လှမမာ့အပူ ဆရာဝန်ကိုတောင် ဟပ်သွားလေရော့သလား။ သူ့သမီးကို မတွေ့ရက်တော့ပြီထင်ပါရဲ့။

၄-၄-၂၀၀၂ တွင် ည ၆ နာရီ ဆေးရုံမှ အငှားကားနှင့် ပြန်လာကြရာ နေအိမ်သို့ ၅-၄-၂၀၀၂ နံနက် ၃ နာရီ ရောက်ကြသည်။

အိမ်ရောက်တော့ သမီးလေး ထမင်းလည်းစား။ ရွှင်ရွှင်ပျပျ။ လာတဲ့လူတိုင်းကို ပြုံးရယ် ရှင်းပြ။ ၇-၄-၂၀၀၂ ညနေ ကျွန်တော် အိမ်နောက်ဖေးဘက် ထွက်လာရာ သူ့ဝမ်းကွဲအစ်မများ (တူမများ)နှင့် သူ့အမေ၊ သူ့အဒေါ်တို့ ငိုယိုနေကြ။ ဘာဖြစ်ကြတာလည်း စုံစမ်းတော့ သမီးက သူ့ကို ရန်ကုန်အထိလိုက်ကာ တစ်ပတ်ကြာ ပြုစုသွားသည့် သူ့ငယ်ချင်းမလေးကို ပြောသတဲ့။ 'ငါက လှမမာမေးသူတွေ စိတ်မချမ်းသာဖြစ်မှာ စိုးလို့ ဟန်လုပ် ပြုံးရယ် ပြောနေရသော်လည်း ငါ့ဘာသာ ငါသိတယ်။

ငါ မနေရတော့ဘူး။ ဘုန်းကြီး ငါးပါးလောက် ပင့်ပြီး ဆွမ်းကျွေးချင်တယ်ဟယ်။ အဖေ့မှာ ပိုက်ဆံ ရှိ,မရှိလည်း မသိရ'ဟု ပြောလို့ပါတဲ့။

နောက်နေ့က ဈေးနေ့မို့ ဒေသမလေ့အရ အဲဒီနေ့မျိုးလုပ်ဖို့ အဆင်မပြေသဖြင့် ကျွန်တော် ၉ ရက်နေ့မှာ သံဃာ ၅ ပါးပင့်၊ ဆွမ်းပါမက သင်္ကန်းပါ ကပ်လှူပေးပါ၏။ ဆွေမျိုးများနှင့် တရားနာကြ၏။

ဆွေမျိုးညာတိတွေ၊ ကျွန်တော့်တပည့်တွေ၊ မိတ်ဆွေတွေ၊ မြို့မှသကြားစက်တို့မှ သူ့လုပ်ဖော်ကိုင်ဖက်တွေ တစ်သုတ်ပြီး တစ်သုတ် လာ၍ လှမမာ မေးကြ၏။ သူ ဘယ်သောအခါမှ ညည်းညူခြင်းမရှိဘဲ လှကောင်းတစ်ယောက် သူကြည့်လာခဲ့သော ရုပ်ရှင်ဇာတ်လမ်းတစ်ခု ပြန်ပြောနေသည့်ပမာသာ သူ ဆီးကြိုဧည့်ခံပေသည်။

ဧပြီ ၁၉ ရက်နေ့ကျတော့ သမီးလေး ဆီးမသွား၊ ဝမ်းမသွား၊ ထမင်းလည်း မစားနိုင်တော့ပါပြီ။ ရောင်တာကလည်း ညာခြေထောက်တစ်ခုလုံးသည် အိတ်ထောင်ထဲ ဘိလပ်မြေဖျော်ထည့်၊ အေးခဲသွားသော် တောင့်နေသည့်အကဲ့သို့ ဖြစ်နေပါပြီ။ သူ့ဘာသာ ထိုခြေထောက်ကို ရွေ့မရ။ (လေးလည်း အလေးကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ။) ပြုစုသူများက သစ်တုံးမသလို လက်နှင့် လိုရာအနေအထား မှ,ပေးရ၏။ 'အိပ်ရာပေါ်လှဲခဲ့ရတာကြာတော့ တင်ပါးတစ်ခြမ်းတစ်နေရာမှာ အနာဖြစ်နေ၍ ထိုနေရာနှင့် ထိအိပ်လှဲမရ။ ဘယ်စောင်းအိပ်လျှင် ညာခြေအလေးကြီးက အထက်ကပိနေမှာမို့ ညာဘက်တစ်ဖက်သာ စောင်းနေရသည်။ ရန်ကုန်က ပြန်ရောက်သည့် ညကတည်းက တစ်ညဉ့်မှမပျက် လာရောက် ကြည့်ရှုကာ လိုအပ်သော ထိုးဆေး၊ စားဆေးနှင့် လိုသလို ကုသစောင့်ရှောက် ပေးနေသည့် တပည့်ဆရာဝန်ကလေးက 'ဆရာရယ် စားချင်တာရှိရင် ကြိုက်ရာကျွေးလိုက်ပါတော့၊ နှလုံးက အလုပ်မလုပ်တော့ဘူး' ဟု ထိုညမှာ ကျွန်တော့်အား ပြော၏။

ထိုနေ့ကပင် လူမမာလာမေးသူတစ်ဦးက ပျဉ်းမနားက ဆရာမော်ကို ညွှန်သဖြင့် မရီးအကြီးကို ညမှာ သူ့အိမ်သို့ သွား၍ ကျွန်တော်ပြောသည်။ 'အစ်မရေ မနက်ဖြန် ကျွန်တော် ပျဉ်းမနားသွားမယ်။ အဲဒီ ဆရာဆီသွားမယ်။ ဒါပေမဲ့ သမီးရောဂါက လူဝိဇ္ဇာလောက်နဲ့တောင် ရလောက်မယ် မထင်။ နတ်ဝိဇ္ဇာဆေးဆိုရင်တော့ မပြောတတ်ဘူး။ သို့သော် ဘယ်လိုပဲဖြစ်ဖြစ်၊ သမီးလေး စိတ်ချမ်းသာအောင် ကျွန်တော် သွားပေးလိုက်မယ်' ဟု ပြောကာ တကယ်လည်း သွားပါ၏။ ဆရာမော်သည် နတ်ဝိဇ္ဇာမဟုတ်၍ သမီးလေးအသက် မကယ်နိုင်သော်လည်း၊ သူ့ဆေးစားပြီးနောက် ဆီးတွေ၊ ဝမ်းတွေ မှန်လာပြန်ကာ ထမင်းတွေ ပြန်စားလိုက်တာ လူကောင်းဘဝတုန်းက စားနည်းမျိုးနှင့်တောင် ခံတွင်းတွေ့တွေ့နှင့် စားနေပါသေး၏။ (ကျွန်တော့်အထင် သူ့ ဆေးမစားဖြစ်ခဲ့သော် သမီးလေး ဧပြီ ၂၄-၂၅ လောက်ကတည်းက ဆုံးဖွယ်ရှိပါသည်။)

ဆရာမော့်ဆေးတန်ခိုးနှင့် အသက်ကလေး တိုး၍ရှည်နေသေးပါသော်လည်း ကင်ဆာဆဲလ်တွေ အတော်ပွားကာ ရင်ခေါင်းအထိ တက်လာပြီထင်ပါသည်။ ရင်ဝနားအထိ အတော်မာလာသည်။ လက်မောင်းကလေးပြောင်းဖူးဖက်ဆေးလိပ်တစ်လိပ် အရွယ်မျှသာရှိသော ခန္ဓာကိုယ်ကို ဆီးဝမ်း တည်ပေးဖို့ အရင်က မ,လိုက်လျှင် အလွယ်နှင့်ရ၏။ ယခု အရိုးအရေတင်လေးမျှကိုယ်ကို အလွယ်နှင့်မ,မရ။ ကျွန်တော်ကိုယ်ကို မတ်မတ်ရပ်၍ မယူရသည်။ ခဲနေပြီကိုး။

၂၀၀၁ အတွက် ဆေးပညာနိုဗဲဆုပေးရာ အင်္ဂလန်မှ ပေါလ်နတ်စ်နှင့် တင်မသီဟန့်၊ အမေရိကမှ လဲလန်ဟတ်တ်ဝဲလ်တို့ ရကြသည်။ သူတို့ကို





နိုဗဲဆု ပူးတွဲပေးခြင်းမှာ 'ဆဲလ်လှည့်လည်စနစ်' ကို လေ့လာနိုင်ခဲ့ကြသောကြောင့် ဖြစ်သည်။ ဆဲလ်တွေ ခန္ဓာကိုယ်ထဲ၌ ပြန့်ပုံမှာ ဆဲလ်တွေသည် မိမိတို့၏ ပုံတူ ခရိုမိုဆုမ်းတွေ (exact copies of their chromosomes) တွေ ဖြစ်အောင်လုပ်ပြီးမှ ပြန့်လို့ရတာတဲ့။ အဲဒီဖြစ်စဉ်ကို cell cycle ဟု ခေါ်သည်။ ထိုဆေးပညာရှင်သုံးဦးသည် cell cycle ကို ကိုယ့်နည်း ကိုယ့်ဟန်နှင့် လေ့လာခဲ့ကြတာ နှစ် ၃၀ လောက်ရှိပြီ။ ၁၉၇၀ လောက်ကတည်းက ဟတ်ဝဲလ်က ယီစ်တွေ၏ ဆဲလ်များကို လေ့လာခဲ့တာတဲ့။ ဆဲလ်တစ်ခုတည်းမှာပါသည့် ဗီဇဓာတ် (genetic material) ပျက်သွားလျှင် ဆဲလ် ပြန့်ပွားတဲ့ စနစ်ရပ်သွားကြောင်း သူက ပြနိုင်ခဲ့သည်ဆို၏။ ပေါလ်နတ်စ်က ယီစ်ထဲမှာပါသည့် မျိုးဗီဇ (gene) များ လူ့ဆဲလ်မှာလည်း ရှိကြောင်း တွေ့သတဲ့။ အဲဒါကို CD လို့ အမည်ပေးထားပြီး CD cell cycle ၏ အမျိုးမျိုးသော အစိတ်အပိုင်းများကို ထိန်းချုပ်နိုင်သတဲ့။ ထိုတွေ့ရှိချက်သည် ထိန်းချုပ်မရသေးသည့် ကင်ဆာဆဲလ်ပြန့်ပုံကို လေ့လာရာမှာ အတော်အသုံးဝင်သည် ဆိုသည်။ ဟန့်ကတော့ cyclin ခေါ် ပရိုတိန်းကို တွေ့ခဲ့သတဲ့။ ဆဲလ်တွေ ဘယ်လိုပြန့်ပြီး ဘယ်အခြေအနေမှာ ဆဲလ်ပြန့်ခြင်း ရပ်သွားတယ်လို့ သိလာသောအားဖြင့် လူ့အသက်ကို အန္တရာယ်ပေးသည့် ကင်ဆာဆဲလ်များ ပြန့်ခြင်းဖြစ်စဉ်ကို ဘယ်လိုရပ်ပစ်ရမယ်ဆိုတာကို သိလာမည်။ အဲဒီကင်ဆာ ဆဲလ်ကိုပဲ ဦးတည်တိုက်ခိုက်ဖျက်ဆီးပစ်နိုင်မည့် ဆေးဝါးများ ဖော်စပ်လို့ ရမည်။ သည်အခါ ကင်ဆာဆဲလ်များ ကိုယ်တွင်းရောက်လာသော်လည်း သူတို့ကို မပြန့်အောင် လုပ်လို့ရကာ သူတို့ကို ဖျက်ဆီးမည့်ဆေးဝါးများ ခန္ဓာကိုယ်ထဲ သွင်းပေးလိုက်နိုင်မည်။ သည်အခါ ကျွန်တော့်သမီးလေးလို အသက်ဆုံးရှုံးဖွယ်မရှိပြီ။ ထို့ကြောင့် ထိုဆေးပညာရှင်သုံးဦး၏ စွမ်းဆောင်ချက်သည် ကင်ဆာရောဂါကု ဆေးဝါးများ ပေါ်လာဖို့ အကျိုးပြုနိုင်သဖြင့် နိုဗဲဆုပေးလိုက် ခြင်း ဖြစ်သည်ဟု ဆိုပါသည်။

အခုတော့ ဆေးက မပေါ်သေးတော့ ကျွန်တော့်သမီးလေး မေ ၂[illegible] ရက်က သူ့သူငယ်ချင်းဝယ်လာသော ဖက်ထုပ်ရည်လေးကို သူငယ်ချင်း စိတ်ချမ်းသာအောင် 'ကောင်းတယ်' ပြော၍ သောက်သေး၏။ နောက်နေ့ ဘာမှမဝင်။ 'အမေ့ ဆေးတိုက်ချိန်ရောက်ပြီလေ' ဟု ပြုစုသူကို လူမမာက ပြန်



www.burmeseclassic.com

www.burmeseclassic.com



သတိပေးနေခဲ့သော သမီးကလေးသည် ဘဝတဏှာဖြင့် မသေသေးလိုသဖြင့် ဆေးသောက်ချင်ပါသော်လည်း ဆေးမျိုနိုင်လောက်အောင် လည်ချောင်းကြွက်သားများ အလုပ်မလုပ်နိုင်တော့ပါ။ စတီးဇွန်းလေးနှင့် ကျွန်တော် ရေတိုက်တော့ အားမရသည်နှင့် သူ့လက်ဖြင့် ကိုင်ရာ ဇွန်းကို မ,မနိုင်တော့။ နောက်နေ့ လက်ဖက်ရည်စားဇွန်းနှင့် တိုက်ရ၏။ နောက်နေ့ ဂွမ်းစကလေး ရေဆွတ်၍သာ ညှစ်ချပေးရတော့သည်။ စကားလည်း မပြောနိုင်တော့ပြီ။ မေ ၂၄ မှာ သမီးကြီး ရောက်လာတော့ 'မမ' ဟု ဝမ်းသာအားရ အားယူ၍ တစ်ခွန်းပြောကာ နှုတ်ဆက်နိုင်သေး၏။ မေ ၂၇ သားကြီးရောက်လာတော့ မျက်လုံးကလယ်ကလယ်သာ ကြည့်နိုင်ရှာတော့ပြီ။ 'သမီးအစ်ကို ထွန်းထွန်းလေ ညီမလေးအစ်ကို ရောက်လာပြီလေ၊ သိလားဟင်'ဟု ဝိုင်းဝန်းမေးကြသော်လည်း သူ လက်ဟန်မျှပင် မပြနိုင်ရှာတော့ပါ။ စိတ်ကမူ သိကောင်းသိမည်။ ခန္ဓာကိုယ်၏ ကြွက်သားတွေ အလုပ်မလုပ်နိုင်တော့ဟန် တူပါသည်။

သမီးလေးသည် ဤမျှဆိုးဝါးသောရောဂါကို ကြံ့ကြံ့ခံပုံမှာ အံ့လောက်ပါသည်။ ဆေးရုံမှာ နှစ်ခါသာ မျက်ရည်ကျ၏။ သေမည့်ရက်များဘက် ချဉ်းကပ်လာတော့မှ တမ်းကြိမ်သာ ညည်းညူပြောဆို၏။ 'အဖေရယ် ဒီလောက်ဒုက္ခရောက်လှတဲ့ ခြေထောက်ကြီးကို သေရင် မီးသာရှို့ပေးပါ'ဟု သူ့ခြေထောက်ကို စိတ်ဆိုးသံလေးနှင့် ပြောဖူးသည်။ ရောဂါမသက်သာတော့ ဗေလီယမ်-၅ တိုက်၊ အိပ်။ နောက် မအိပ်တော့ပါ။ ၁၀ တိုက်။ အဲဒါနှင့်ပါ မရတော့ ဓာတ်ရှင်သုတ် အကြိမ်ကြိမ်ရွတ်၍ သိပ်ရသည်။ တရားလည်းဟော၍ သမာဓိဖြစ်အောင် ဘယ်လိုစူးစိုက်ထားရမည် ပြောပြ၊ နားထောင်ရှာသည်။ 'အဖေရယ်၊ ဝင်လေ ထွက်လေ မှတ်တာပဲ၊ မရချင်တော့ဘူး' ဟုတ်မည်။ ကရားအားထုတ်မည့်သူများ ကျန်းမာဖို့ လိုအပ်ချက်အင်္ဂါတစ်ခုအဖြစ် ဘုရားဟောသည်။ ဓာတ်ရှင်သုတ်နှင့်တွင် မရတော့။ 'ကျွန်ုပ်သည် သူတစ်ပါးသားမယား ပြစ်မှားမည်ဆိုက အလွယ်တကူပြစ်မှားလို့ရသည့် အခြေအနေမျိုး ကြုံဖူးပါသော်လည်း သတိဉာဏ်နှင့် ထိန်းနိုင်ခဲ့ဖူးပါ၏။ ဤသစ္စာစကားကြောင့် ကျွန်ုပ် သမီးလေးခံစားရသည့် ဝေဒနာမှ ဆက်သာ၍ ချမ်းသာစွာ အိပ်ပျော်ပါစေ' ဟု သစ္စာဝါတွဲဖက်ဆိုရ၏။ ထိုအခါ စောစောပိုင်း၌ လုပ်လို့ရသေး၊ အိပ်ပျော်သေး၏။ နောက်ပိုင်းတော့ အားကြီးရာက နိုင်သည့်သဘောပင်။ အိပ်မရနိုင်ပြီ။ မအိပ်နိုင်





မနေနိုင် အခြေအနေကြားကပင် အမေ အိပ်-အိပ်၊ သူ့အမေ အိပ်ရေးတွေ သိပ်ပျက်ပြီး ထပ်လဲမှာစိုး၍ ကျိတ်မှိတ်ခံကာ အိပ်ခိုင်းရှာခဲ့သည့် သမီး၊ ဆခုအဲဒီလိုလည်း မပြောနိုင်တော့ပြီ။

သည်လိုနှင့်ပင် သူ့အစ်ကိုလာသော ၂၇ ရက်တွင် အမှတ်လက္ခဏာမျှပင် မပြနိုင်တော့ပြီ။

မေ ၂၉ ရက်နေ့လယ်မှာ သားက ပါလာသည့် ပိုက်ဆံလေးထုတ်ပေး၏။ ပေးမနေနဲ့ အဖေဖြစ်တယ်။ သားပြန်မယ့်ကိစ္စ ပြန်ဟုပြောရ၏။ သူက ဖောင်ကြီးသင်တန်းတက်နေတာ။ မနက်ဖြန်ညနေ ၅နာရီတန်းစီလျှင် ပြန်သတင်းပို့ရမည်။ နောက်မနက် စာမေးပွဲဖြေရမည်။ ဒါပေမဲ့ အဖေခန့်မှန်းထားသလိုဆိုရင် မင်းနှမကနေ့ည ဆုံးလိမ့်မယ်။ အဖေ့စိတ်ထင်တော့ သန်းခေါင်မကျော်လောက်ဘူး။

ကျွန်တော့်စကားကြောင့် ပျဉ်းမနားသို့ လူလွှတ်၍ ကားလက်မှတ်ဝယ်ခိုင်းထားသူ ဝယ်လာလည်း မသွားတော့ဘူးဟု သူဆုံးဖြတ်သတဲ့။ နောက်မှ သိရသည်။ (သို့ရာတွင် ကားလက်မှတ်လည်း ဝယ်မရခဲ့ပါ။)

ည ၁၀ နာရီခွဲမှာ သမီးခြေရင်းဘက်ရှိ တန်းလျားပေါ်၌ မှေးလျောင်းနေသော ကျွန်တော့်အား သမီးခုတင်ပေါ်၌ အလှည့်ကျစောင့်နေသူ နှမထွေးလေးက ထိတ်ထိတ်ပျာပျာဖြင့် ငိုယိုကာ 'အစ်ကိုကြီး ထပါဦး ဝေဝေစိုး အသက်မရှိတော့ဘူး' ဆို၍ ကျွန်တော် ထ၊ သူ့အမေခုတင်ပေါ်မှ သူ့သူငယ်ချင်းတပည့်ကလေးများနှင့် သူ့အမေပါ ငိုဟစ်သံနှင့် ထလာကြကုန်သည်။ မှန်၏။ ငြိမ်ကျသွားပြီ။ ကျွန်တော် အပါးကပ်ထိုင်ကာ နှာဝသို့ပါးအပ် နားထောင်ကြည့်၏။ 'မသေသေးပါဘူးကွယ်' ရှူနိုင်အား မရှိတော့၍ အသက်ရှူရပ်သွားပြီထင်ခြင်း ဖြစ်၏။ လေကလေး မျှဉ်းမျှဉ်းဝင်ထွက်နေသေးသည်။ သားနှင့် မြောက်ဘက်အိမ်မှ တူတို့လည်း ထလာကြ၏။

ဓာတ်ရှင်သုတ်တစ်ခေါက် ကျီးသဲလေးထပ်ဆရာတော်ကြီး၏ အစိမ့်ဓမ္မယျကြီး သုံးပိုဒ်ဆုံးမှ ဓိဝိနိလုံးလုံးချုပ်၏။ ဘုရားစာရွက်ရင်း စောင့်ကြည့်နေရာ သေအံ့သော လူမမာ သုံးခါ မေးထိုးသည်ဆိုသောစကား ဟုတ်၏။ နှစ်ကြိမ်မေးလှုပ်ရုံမျှ ထိုး၏။ တတိယအကြိမ်မှာမူ မေးတောင် လှုပ်နိုင်စွမ်း မရှိတော့ပါ။ ညာဘက်လည်ကြောင်ကလေး လှုပ်သည်ဆိုရုံမျှလေးသာ လှုပ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ် မေးထိုးစဉ်ကပင်လျှင် ကျွန်တော့်အသံတွေ မကွဲတော့ပါ။ လုံးဝအသက်ထွက်သွားပြီးနောက်အထိ ဆက်ရှက်နေမိသေး၏။ အသံတွေ တိမ်တိမ်သွားပြီး မျက်ရည်တို့သာ ယိုယိုကျလာတော့မှ ရပ်လိုက်ပါသည်။

ဤမျှ ဆိုးဆိုးဝါးဝါး ခံစားရသော ရောဂါဝေဒနာကို အန်တုခုခံသွားဆဲကာလတွင် နှစ်ခါမှအပ မျက်ရည်ကျမသွားသော သမီးလေး အသက်ထွက်သွားတော့ ကျွန်တော်တို့အားလုံး ငိုကျွန်ရစ်ခဲ့ကြပါသည်။ သမီးလေး သူ့အတွက် တစ်ပါးသူတို့ ဒုက္ခမရောက်ရေးသာ အမြဲတွေး၍ သေခြင်းကို ရဲရင့်စွာ ရင်ဆိုင်သွားခဲ့ရုံမျှမက သူချစ်ခင် အားကိုးလှသော သူ့အဖေကိုလည်း ကုသိုလ်တွေ တစ်ပုံကြီး ပေးသွားပေးထားရစ်ခဲ့ပါပေသည်။

သူ့အတွက် ကျွန်တော်နှင့် သိကျွမ်းရင်းနှီးသူရော မမြင်ဖူးသူတို့ပါ ကရုဏာနှင့် ထောက်ပံ့ကြတာ ငွေနှစ်သိန်းခွဲလောက် ရှိ၏။ ဒေါက်တာလွှဏ်းဆွေ၊ ဗိုလ်မှူးကြီးလှမိုး (ငြိမ်း)၊ ဘွားဘွားဒေါ်တင်ညို၊ ဆရာရဲဘုန်းခေါင်၊ ဒေါက်တာလွင်ဟန်၊ တောင်ငူမှ ကိုအောင်ကိုသွင်နှင့် ဒေါက်တာစန္ဒာဝင်း၊ မိမိလေး (ယင်းမာပင်)၊ သူငယ်ချင်း ဦးစိန်မြင့်နှင့် ဦးမြိုင်၊ တပည့် ဒုရဲအုပ်မောင်ဇော်မိုး၊ ဒုရဲအုပ်မောင်စောနိုင်၊ မောင်ဝင်းထိုက်မင်း၊ ဒေါက်တာသန့်ဇော်ဝင်းနှင့် သေချိန်အထိ ညအိပ်လာစောင့်၍ ပြုစုကြသူတပည့်ကလေးများ၊ ဆွေမျိုးဉာတိများနှင့် သကြားစက်နှစ်စက်မှ သူ့လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများ၊ အမည်မဖော်စေလိုသူ အချို့ပုဂ္ဂိုလ်များ ကုသပေးသော ဆရာဝန်၊ ဆေးဆရာ၊ ဆရာမ၊ ဆေးဝန်ထမ်းများ။ များလှစွာသော ပုဂ္ဂိုလ်တို့အား ကျွန်တော် နေစဉ်မေတ္တာပို့ အမျှဝေနေရသဖြင့် နေ့စဉ်ကုသိုလ်တွေ တိုး၍ ပါရမီမျိုးစေ့တွေ ပျိုးနေနိုင်ပါ၏။ ထိုမေတ္တာကမ္မဋ္ဌာန်း ဘာဝနာတန်ခိုးအရှိန်ကြောင့်ပင် အချို့သူတို့အတွက် ခက်နိုင်လောက်သည့် ကိစ္စမျိုး၊ ကြိုးပမ်းသော်လည်း မဖြစ်သောကိစ္စမျိုးတို့ကို ကျွန်တော့်မှာ များစွာအားမထုတ်ရဘဲလျက် လွယ်ကူစွာ ပြီးမြောက်နေရသည်ဟု ယုံပါသည်။

သမီးလေးအသက်သည် ခုတင် ၅၉ မှာဖြစ်ဖြစ်၊ ၁၃ မှာဖြစ်ဖြစ် ချမ်းသာရဖွယ် မမြင်ပါ။ သမီးလေးပေးသော ကုသိုလ်သည် ချမ်းသာမှုကို ဆေးနိုင်သော ကုသိုလ်မျိုးဖြစ်၍ ချစ်လှစွာသော သမီးလေး ဆုံးရှုံးလိုက်ရသည့် အရှုံးထဲမှအမြတ်ဟုပင် သဘောထားရပါတော့မည်။ (မောင်ကိုကိုရေ သမီး





အတွက်ကျခဲ့ရသော မျက်ရည်တို့ကို ပုံကျမိုးလောက်နှင့် အားမရနိုင်၍ မေတ္တာမိုးကြီးအဖြစ် ပြောင်းလဲသွန်ချနေရတယ်ကွာ။)

[မြားနတ်မောင်၊ ၁၂/၂၀၀၂]



www.burmeseclassic.com

www.burmeseclassic.com

# ပိုက်ဆံလေးနှင့် ကျွန်တော်

'ပိုက်ဆံလေး'ဟု 'ပိုက်ဆံ' နောက်တွင် 'ကလေး' ဟူသော သေးငယ်သော အနက်ကိုဆောင်သည့် 'လေး'ကို ထည့်ထားတာ ကြည့်ပြီး ပိုက်ဆံကိုများ သေးသေးမွှားမွှားအရာထား၍ ပြောရက်ပလေသည်ဟု စာဖတ်သူက ထင်မိပေမည်။ ဟုတ်တော့လည်း ဟုတ်ပါပေ၏။ လူတွေကို (ခပ်ရိုင်းရိုင်း၊ ဂါမ္ဘဒေါသ အသင့်ခံ၍ နှိုင်းရသော်) ထမ်းပိုးမှ ချွတ်ခွင့်မရသည့် နွားပမာ နေ့ညမအား မရပ်နားရအောင် ဖင်တစ်တို့တို့နှင့် ရံခါလည်း တဖျန်းဖျန်းနှင့်တို့ကာ ရိုက်ကာ မောင်းနှင်ပေးနေသော ဤပိုက်ဆံသခင့်ကို အဘယ်မှာလျှင် အလေးမမူချင်သလို ပမာမခန့်ပြောကြားဖို့ တော်ပေမည်နည်း။ အများသူငှာ သဘောပေါက်ကြသလို ကျွန်တော်လည်း သဘောတော့ပေါက်ပါ၏။

ဒါပေမဲ့ ကျွန်တော့်အဖို့ကား ဤပိုက်ဆံသည် ရံခါ၌ သူ့ကို ထိပ်မှာတင်ထား၊ အလေးထားနေလောက်စရာ ပစ္စည်းမထင်၍ 'ပိုက်ဆံကလေး' ဖြစ်သည်။ ရံခါလည်း ဤပိုက်ဆံမရှိခြင်းကြောင့် ကျွန်တော့်မှာ အိမ်ထောင့်တာဝန်ကို ထမ်းရာတွင် 'လေးပင်'သလိုရှိ၍ 'ပိုက်ဆံလေး'ဖြစ်သည်။ သေးလည်းသေးမွှား၊ လေးလည်း လေးပင်သည့် ဤအသပြာဟူသော ပိုက်ဆံကို ဟိုအဓိပ္ပာယ်လည်းရ၊ သည် အဓိပ္ပာယ်လည်းပေါက်နိုင်သော စကားဖြင့် 'ပိုက်ဆံလေး'ဟု ခေါ်လိုက်ရခြင်း ဖြစ်ပါသည်။

မြောက်ဒဂုံမှာ ကျွန်တော့်သူငယ်ချင်း မောင်မြိုင်ဆိုသူတစ်ယောက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



(ယခုတော့ သူ့ဌာနက လ/ထညွှန်မှူးနှင့် အငြိမ်းစားယူထားသည့် 'ဦးမြိုင် ပေါ့ခင်ဗျာ။) မကြာခင်က သူ့အိမ်သို့ အလည်ရောက်တော့ ဘာစကားစပ်မှမရှိဘဲ သူ့စိတ်ထဲမှာ ဖျတ်ခနဲပေါ်လာတာကို'ကောက်ပြောလိုက်သည်။ "ကိုတင်ဦး နယ်ဗျာ၊ ကိုအောင်မြတို့ အိမ်ပေါ်မှာ ရာတန်လေးတွေ တစ်ချက်တည်း ချအော်ပစ်လိုက်တာ မျက်စိထဲမြင်နေသေးတယ်'တဲ့။

သူပြောသည့်'ရာတန်လေး'ဆိုသည် ဖဆပလခေတ်က ဒေါင်းတံဆိပ် ရာတန်ကို ပြောတာ။ သူရည်ညွှန်းပြောသောအချိန်က ရာတန်တစ်ရွက်လျှင် ရွှေငါးမူးသားတန်နေသေး၏။ မောင်မြိုင်သည် ကျွန်တော်တို့ ဂျင်ကစားနေသည့် အောင်မြအိမ်၏ အရှေ့ဘက်က အိမ်တွင်နေရာ ကျွန်တော်က ဂျင်ရှုံးတော့ ဆက်ကစားချင်သေးတာနှင့် သူ့အိမ်သွားကာ နှိုပ်စက်၏။ ကျွန်တော့်ကို ခင်မင်ရင်းစွဲလည်းရှိသဖြင့် မလွန်ဆန်သာဘဲ နှမြောလျက်ကပင် သူ့သံသေတ္တာလေးထဲ၌ အဝတ်အစားတွေအောက်မှာ သတင်းစာရွက်ဟောင်းများ အထပ်ထပ်ခံလျက် ထိုအထပ်ထပ်အောက်တွင်မှ ထိုးဝှက်ကာ ထားသော သူ မစားမသောက် စုဆောင်းထားသည့် ရာတန်ကလေးများကို ထုတ်ပေး၏။ (ဒီကောင် လခ ၁၂၆ ကျပ်တည်းက သူ့ အိမ်ကို ၆၀ လောက်ပေး၊ သူ့ထမင်းလခ ၂၅/–မှ ကျန်တာကို လက်ဖက်ရည်တွေဘာတွေ မသောက်ဘဲ ခြစ်ခြစ်ခြုတ်ခြုတ် စုတာတ်ပါ၏။) ထိုငွေကို သူထုတ်ပေးပြီး သူပါ နောက်ကလိုက်လာပြီး ကြည့်သဖြင့် ကျွန်တော် လုပ်ရက်ပုံကို မြင်တွေ့သွားတာကို မမေ့နိုင်ဘဲ စွဲနေ၍ ယခု ဘာစကားမှ မစပ်ဘဲလျက် သူ့ခေါင်းထဲ၌ ပြန်ပေါ်, ပြန်သတိရတာကို ပြောလိုက်ခြင်း ဖြစ်သည်။

ကျွန်တော်သည် ရွှေတစ်ကျပ်သား၊ နှစ်ကျပ်သားဖိုးလောက်ကို တစ်မိနစ်၊ နှစ်မိနစ်အတွင်း ဖြုန်းပစ်ပြီး အဲဒါကိုလည်း လက်ဖက်ရည်ခွက်ထဲ ယင်ကောင်ကျသွား၍ သွန်ပစ်ရတာလောက် သဘောထား၊ နှမြောနေတတ်သူ မဟုတ်ကြောင်း ဤသူငယ်ချင်းက သိပါသည်။ ထို့ကြောင့် ပိုက်ဆံသည် ရံခါ၌ ကျွန်တော့်မှာ ပိုက်ဆံကလေးသာ ဖြစ်ပါသည်။

လွန်ခဲ့သောလက စာဖတ်သူတို့ ဖတ်ခဲ့ရသော သမီးလေးနှင့် စပ်ရာ စာသည် အမှန်မှာ အဲဒီစာကို စာဖတ်သူတို့ ဖတ်ရဖို့ မဟုတ်ပါ။ သူ့အရင် ရေးထားသောစာကို ထည့်မနေစေတော့ဘဲ မောင်ကိုကို (အမရပူရ) စာတွေ့ရသဖြင့်





ချက်ချင်းကောက်ရေး အစားထိုးပေးလိုက်သောစာသာဖြစ်သည်။ သူ့နေရာမှာ ထည့်ဖို့ စီစဉ်ထားသည့်စာက ကျွန်တော်သည် အချို့လူတို့ လိုချင်တပ်မက်ဖြစ်လောက်သော ကိစ္စတွေကို မိုက်မိုက်မဲမဲ ဘယ်လိုစွန့်ပစ်တတ်ပုံများကို ရေးထားတာဖြစ်ပါ၏။

ပိုက်ဆံကို ဂရုမထားသူ ပိုက်ဆံမရှိတာ အဆန်းမဟုတ်ပါ။ မွဲလျှင်လည်း သနားစရာ မဟုတ်ပါဘူးကွာဟု ပြောလည်း ကြည်ကြည်ဖြူဖြူသာ ခံယူသင့်သော ကိစ္စ ဖြစ်ပါသည်။ထိုမထည့်ဖြစ်သောစာတွင် ၁၉၆၄ ခုလောက်က ပျဉ်းမနား ပါတီယူနစ်စည်းရုံးရေးမှူးက ကျွန်တော့်ဇနီးအား ပြည်သူ့ပိုင်သိမ်းဆိုင်တစ်ဆိုင်မှာ ဆိုင်တာဝန်ခံပေးပြီး ကျွန်တော်နေဖို့လည်း ပြည်သူ့ပိုင်သိမ်းထားသည့်အထဲမှ အခန်းတစ်ခန်းကို နေစရာဖန်တီးပေးဖို့ စိတ်ကူးကြောင်း ကျွန်တော့်ကို ပြောပါဟု လွှတ်လိုက်သဖြင့် လာပြောသော ကျွန်တော့် (အလုပ်ထဲက) ဆရာကို ရင့်ရင့်သီးသီး ပြန်ပြောခဲ့ပုံ။ ၁၉၆၈ ဒီဇင်ဘာတွင် စက်ရုံများကို ပြည်သူ့ပိုင် သိမ်းတော့ ကျွန်တော်က အင်းယားလိတ်ဟိုတယ်ဝင်ပေါက်နှင့် မျက်နှာချင်းဆိုင်မှ စက်ရုံကို သိမ်းပြီး လမ်း ၃၀ ထဲက စက်ရုံပိုင်အခန်းကိုလည်း သိမ်းခဲ့ရပေရာ ကျွန်တော့်ဥက္ကဋ္ဌက အဲဒီအခန်းသော့ကို ရုံးချုပ်သို့ အပ်မနေနှင့်၊ မင်းတက်နေဟု ပြောသော်လည်း 'မြို့ထဲမှာ ဆူတယ်ဗျာ၊ မနေချင်ပါဘူး' ဆိုကာ မယူခဲ့ပုံ။ ကျွန်တော်သည် ၁၉၇၀ ကျော်လာတော့ ကမ္ဘာ့ဆိုရှယ်လစ်စနစ်ဆိုတာကြီးမှာ တောင် ချွတ်ယွင်းအားနည်းချက်တစ်ခုခုရှိနေလေပြီဟု သံသယဖြစ်သဖြင့် မြန်မာမှာလည်း အောင်မြင်ဖို့ မယုံသည်နှင့် ရန်ကုန်မှ ပြောင်းသွားသောအခါ ပါတီနှင့် အဆက်ဖြတ်ခဲ့သည်ကို ဝမ်းတွင်းမြို့နယ် ရောက်တော့ ကျွန်တော့် သူငယ်ချင်းက ရန်ကုန်ဒဂုံဒါတီယူနစ်မှ ပါတီဝင်အင်အားပြန်တမ်းကို သူတို့ ဘာသာတောင်းယူ သူတို့ဘာသာသူတို့ ဝမ်းတွင်းမြို့နယ် အင်အားထဲ၌ သွင်းကာ ပထမကြိမ် ရွေးချယ်ပွဲနီးကပ်လာတော့ ကျွန်တော်အား မြို့နယ်ကောင်စီမှာ အရွေးဝင်ခံ၊ မြို့နယ်အမှုဆောင်မှာ ဝင်လုပ်စေဖို့ သူ့အစီအစဉ်ပြောပြတိုက်တွန်း၊ ကျွန်တော်က ငြင်း၍ သူ့လူတွေနှင့် ဝိုင်းဝန်း၍ တိုက်တွန်းနားချပြန်သော်လည်း လက်မခံခဲ့သည့်ပြင် ကျွန်တော့်သူငယ်ချင်းက လျှပ်စစ်မီးလာ စက်ဘီး...စသည့်အပြင် အခြားကြိုက်ရာကို (လိုချင်လျှင်) ပေးပါသော်လည်း ဘာမျှမယူခဲ့။ ထမင်းမစားနိုင်၍ နွားနို့သောက်နေရကြောင်း အသိသွားလို့



www.burmeseclassic.com

www.burmeseclassic.com



မြို့နယ်သမမှ သူ့တပည့်အား အိမ်သို့လာရောက်၍ သကြား ၂ ပိဿာ ပို့ခိုင်းလိုက်လိုသာ ငြင်းဖို့မသင့်လို့ ယူခဲ့ကြောင်းများအပြင် အခြားအလားတူ အကြောင်းအရာများလည်း ထိုမထည့်ဖြစ်သော ဆောင်းပါးတွင် ပါ,ပါသေးသည်။

ကျွန်တော်က ကျွန်တော်၏ စိတ်သဘာဝသည် အချို့နေရာမျိုး၌ ယေဘုယျ အများလူတို့နှင့် တူချင်မှတူတတ်သည်ကိုသာ ပြောလို၍ ရေးတာဖြစ်သော်လည်း အချို့သူတို့က တစ်မျိုးအဓိပ္ပာယ်ပေါက်ဖွယ် ရှိနိုင်သဖြင့် ထည့်မနေပါနှင့်တော့ဟု ဒေါက်တာလွင်ဆွေအား ပြောခဲ့ပြီး စာဖတ်သူတို့ ဖတ်ပြီး ဖြစ်သော သမီးလေးနှင့် စပ်ရာ ဆောင်းပါးကို အစားထိုးရေးပေးခဲ့ခြင်း ဖြစ်ပါသည်။

ပြောလိုသည်မှာ ပိုက်ဆံသည် အချို့လူတွေအဖို့ ဧရာမကိစ္စကြီး ဖြစ်သော်လည်း ကျွန်တော့်အဖို့ ပိုက်ဆံ 'ကလေး'သာ ဖြစ်ပါသည်။

သို့ရာတွင် ပိုက်ဆံကြောင့် 'လေး'ပင်ရတာလည်း သဘာဝအတိုင်း ရှိပါသည်။ ကျွန်တော့်အဖို့ အလေးကြီး မဟုတ်လှသော်လည်း ကျွန်တော့် မိသားစုမှာ ပိုက်ဆံကြောင့် 'လေး'ပြီး ပင်ပန်းကြရရှာသည်။

ကျွန်တော်သည် ကျွန်တော့်သမီး တက္ကသိုလ်ကျောင်းပို့သွားမှာကို အိတ်ကပ်ထဲမှာ ငွေတစ်ကျပ်နှင့် အိမ်မှ ထွက်လာခဲ့ပြီး ကားဂိတ်ရောက်မှ 'သမီး ခဏနေဦး' ဆိုပြီး ကားဂိတ်မှာထားခဲ့ကာ အနီးနားက စက်ဘီးငှား၍ ချေးလို့ရနိုင်လောက်ရာလူဆီ ပိုက်ဆံသွားချေးပြီး မိတ္ထီလာကောလိပ်ကို သွားပို့ပေးသူဖြစ်၍ ပိုက်ဆံမရှိသော်လည်း ခေါင်းထဲ၌ သိပ်'လေး'နေသူကား မဟုတ်။ ဒါပေမဲ့ ကျန်လူတွေက 'လေး'ကြရသည်။

၁၉၉၆ က သေမည်ဖြစ်ရာ ဆေးရုံသွားလျှင် လမ်းတွင် သေရမည့် အခြေအနေမို့ သေမည့်ကိစ္စကို တဝေးတလံ အပင်းပန်းခံ သွားမသေနိုင်၊ အိမ်ပြန်သေမည်ဆိုပြီး ဆေးခန်းမှ အိမ်ပြန်တာ အခြေမလှဖြစ်နေသည့် ဆရာ့ကိုမြင်၍ တပည့်တွေ မနေသာဘဲ တောင်ငူဆေးရုံပို့၊ နောက် ရန်ကုန်လာကာ ကုပေးထားသဖြင့် ယခုလိုစာများ ရေးနေရသေးသည်။

သမီးလေးအတွက် ငွေ ၅ သိန်းနီးပါး ကုန်သည်။ ကျွန်တော့်မှာ ၅၀၀ဝိ/ပင် မရှိပါ။ ဖြစ်တော့ဖြစ်သွားသည်။ သို့သော် မိသားစုမှာ 'လေး'ကြရသည်။ စားစရာမရှိသော် ထမင်းနှစ်နပ်ကို တစ်နပ်လျှော့စား၍ ဖြစ်သည်။





သေမည်ဖြစ်သော် သေမင်းထက် ဆေးဖိုးက ပို၍ကြောက်စရာကောင်းသည်။ ပိုက်ဆံမရှိသော် 'လေး'မည်။

ထို့ကြောင့် ကျွန်တော် 'ပိုက်ဆံကလေး'က 'ပိုက်ဆံလေး'ဖြစ်လာသော် ကျွန်တော့်မိသားစု ပင်ပန်းဆင်းရဲမည်။ သူတို့ စိတ်မချမ်းသာပြန်လျှင် ကျွန်တော်လည်း စိတ်အေးအေးချမ်းချမ်းထားလို့ ရချင်မှရမည်။ ယခု ကျွန်တော့်သားသမီးများ သူ့အိုးသူ့အိမ်များနှင့် အရွယ်ရောက်နေပြီမို့ ဥပေက္ခာရှုထားလိုက ရှုထားနိုင်သော်လည်း ဖတဆိုးမြေးကလေးများကိုကား လျစ်လျူရှုထားလို့ မဖြစ်နိုင်ပြန်။

သမီးကြီးမှာလည်း ကံဆိုးရှာသည်ဟု ဆိုရမည်။ သူ့ယောကျ်ားလေးသည် မဲသဝေါ၊ မဲနပလော စသည့် စစ်ဆင်ရေးကြီးများတွင် စွန့်စွန့်စားစား တိုက်ခဲ့၏။ တစ်ကြိမ်မှာ သူ့တပ်စုက သိမ်းထားသော တောင်ကုန်းကို ရန်သူက လူအင်အားရော၊ လက်နက်အင်းအားပါ အသာဖြင့် လာတိုက်သည်။ သူ့မှာ သူပါမှ လူ ၂၈ ဦးသာရှိသည်။ ရန်သူက တစ်ရာ့လေးငါးခြောက်ဆယ်ဖြင့် ဝင်လာတိုက်သည်ကို သူစွန့်စွန့်စားစား ခံတိုက်သဖြင့် ရန်သူများ အကျအဆုံးဖြင့် ပြန်ဆုတ်သွားရသည်။ ထိုတောင်ကုန်းအမှတ် ဘယ်လောက်ဘယ်ရွေ့ကို နမ္မာထား၍ မိမိရထားသောစခန်းကို ခုခံကာကွယ်ရမည်ဖြစ်ကြောင်း အထက်က အမိန့်တွေဘာတွေ လုတ်ကြောင်း ကြားသိရဖူးသည်။ တစ်ခါက ယခု ဝန်ကြီးဖြစ်နေသော ဗိုလ်ချုပ်အုန်းမြင့်ကို ဆက်ခံသည့် သူတို့တပ်ရင်းမှူးကတော်က ဗိုလ်ချုပ်အေးကျော် ဆေးရုံတက်နေသည်ကြား၍ သွားမေးရန် ရန်ကုန်သို့ သမီးအား အဖော်ခေါ်သွားစဉ် (ထိုစဉ်က) ဗျူဟာမှူး ဗိုလ်မှူးကြီးအုန်းမြင့်ဆီလည်း ရောက်သွားသေးတော့ 'ဗိုလ်ကြီးစန်းလှိုင်ကတော့ ရှေ့တန်းမှာ နာမည်ကောင်းလေး ရနေပါတယ်…ဟ' ဟု ပြောဆိုအားပေးရှာပါသတဲ့။ ကျွန်တော့်သမက်သည် မြေးအကြီးလေး လအတန်ရမှ သူ့သားကို မြင်ရသည်။ သူသည် ကျည်ဆန်အွေကြား၌ မသေ၊ နောက်တန်းပြန်ရောက်မှ ရှေ့တန်းကပါလာသော ရောဂါနှင့် အရက်၏ဒဏ်ပါ ပေါင်း၍ခံရကာ ငယ်ငယ်နှင့် သေရလေသည်။ အငယ်မြေးကလေးက သူဆုံးပြီး တစ်လလည်မှ မွေးသဖြင့် သားအဖချင်း မမြင်ဖူးလိုက်ကြချေ။

သမီးအတွက်လည်း ပူပေမင့် မြေးကလေးတွေအပေါ်လောက်သောကမရောက်ပါ။ ရင်အုပ်မကွာနေရအောင်ဆိုလျှင် သမီးကို အထက်တန်းပြ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လုပ်နိုင်းပြီး သာဝတ္ထိခေါ်ထားမှ ဖြစ်မည်။ ထိုစဉ် စစ်ဦးစီး (ပ) ဗိုလ်မှူးကြီးရဲမြင့်ကတော့ 'ဦးလေး အဲဒီလိုစီစဉ်ချင်လည်း ကျွန်တော့် ပြောပါ။ ကျွန်တော်ကိုဘိုဝင်း ပြောပေးပါမယ်'ဟု ပြောရှာပါသည်။ (ထိုစဉ်က အခြေခံပညာ ညွှန်ချုပ်ကို ဆိုလိုခြင်းပါ) သို့ရာတွင် သူတို့ကိုလည်း အလုပ်ထွက်ခိုင်းပြီး တင်မကျွေးထားနိုင်၊ ဝန်ထမ်းဘဝ တက်သင့်သလောက် ရာထူးလေးတက်အောင် နေမည်ဆိုလျှင် တက္ကသိုလ်မှာပဲနေ၊ မဟာဝိဇ္ဇာပြီးအောင် ဆက်လုပ်မှဖြစ်မှာမို့ SATမလုပ်ခိုင်းချင်ပြန်ပါ။ ကဲ...အဲဒါထားဦး၊ ဗိုက်ထဲကမြေးလေး ကိစ္စရှိသေး၊ အမျိုးမျိုးတွေးပူရသည်။ ယခုတောင်ပိုင်းတိုင်း၊ တိုင်းမှူးကတော် ဒေါက်တာဒေါ်ဝေဝေသာကို ကျေးဇူးတင်လို့မဆုံးနိုင်ပါ။ ည,ညဥ့်မှာ ကိုယ်ဝန်ကို လာစစ်ဆေးကြည့် 'အရေးရှိက မမကို အခေါ်လွှတ်နော်' ဟု ပြောရှာ၏။ ဆေးရုံတက်မွေးမှ ကောင်းမှာဆိုပြီး သားဖွားမီးယပ်ပါရဂူထံ ကိုယ်တိုင်အပ်ပေး၏။ မြေးကလေးမွေးတော့ အနီးပိတ်၊ စောင်...စသည်တို့ပါ လိုလေသေးမရှိ ကူညီပါပေသည်။

ရေဆင်းသွားနေမှပဲ သင့်တော့မှာမို့ တပ်ထဲက ရွှေ့တော့မည်ဆိုတော့ ကိုယ့်အကြီးအကဲ (ယခု ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို)အား နှုတ်ဆက်ကန်တော့သည့်အခါ အချို့အရာရှိကတော်များ ရဲဘော်လေးတွေနှင့် ပြန်ညားကြသည့် အတွေ့အကြုံ သာဓကများကိုပါ ပြောပြကာ နာယကဂုဏ်နှင့်ညီစွာ ဆုံးမသတိပေးခြင်း ပြုပါပေသည်။ မပြောင်းခင်မှာလည်း ကိုယ့်ယောက်ျားရှိစဉ်က အခွင့်အရေးမျိုးပဲ အပြည့်ပေးစေခဲ့ပါလေသည်။ ရေဆင်းပြောင်းတော့ ဗိုလ်မှူးကြီးရဲမြင့်က ဆန်ခြောက်အိတ်လည်း ပေးလိုက်သည့်အပြင် နောက်တန်းမှူး ဗိုလ်မှူးကိုယ်တိုင် ရဲဘော်များနှင့် လိုက်လာကာ အိမ်သစ်မှာ နေရာတကျဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးကြပါပေသည်။ ထိုကျေးဇူးများကို မြေးကလေးတွေအတွက် ကြောင့်ကြနေရသော အဘိုးတစ်ယောက်အနေဖြင့် ဘယ်သို့မျှ မမေ့နိုင်ပါ။

သမီးနှင့် တစ်ရက်တည်း အလုပ်ဝင်သူ သူငယ်ချင်းအချို့ ကထိကဖြစ်တာတောင် ကြာပြီ။ ရေဆင်းမှာသာ နေနေရလျှင် ကျူတာဘဝက မတက်နိုင်၊ သမီး မန္တလေးပြောင်း M.Phil,တက်၊ ဆိုပြီး ပြောင်း၏။ ငွေတွေဘာတွေ သွင်းပြီးမှ M.Phil,ကို မပေးတော့ဘူးဖြစ်၍ M.A.ကို အရည်းအချင်းစစ်က ပြန်တက်ရသည်။ M.A. ဘွဲ့သည် M. Phil. လို စာတမ်းငယ်များ အပိုင်း





လိုက် တင်ရုံမျှနှင့် ရနိုင်သည်မဟုတ်။ ကျောင်းသားလို ပြန်တက်ရ၏။ ပြန်တက်ပေါ့ သမီးရယ်။ ကျောင်းတက်လိုက်၊ စာသင်ပေးလိုက်၊ ယော့" F (I) ရောက်မှ မန္တလေးရောက်တာ ၃ နှစ်ပြည့်ပြီးပြီမို့ ရေနံချောင်းပြောင်းတဲ့ အရင်ကတော့ ကျောင်းတက်နေသူမပြောင်းရင်း။ ယခုတော့ သူ့မှုနှင့်သူမို့ ဖြစ်မည်။ ပြောင်းရသည်။

ရေနံချောင်းကို ကလေးတွေခေါ်သွားလျှင် ကောလိပ်နှင့် ကလေးတွေကျောင်းကမနီး၊ သွားလာမှုခက်မည်ဆိုတော့ မန္တလေးမှာ ထားခဲ့ရသည်။ တက္ကသိုလ်ထဲကအိမ် နေခွင့်မရှိတော့သဖြင့် မြေးများ၏အဘိုးတော်သူ ဘုန်းကြီးအိုကြီးက သူ့ကျောင်းမှာ ခေါ်ထားရ၏။ သမီးက ကလေးကို သူ့အမေနှင့်ထားခဲ့ပြီး ရေနံချောင်းသွား၊ ကားခ ၁၂၀၀/-တစ်လ (၈) ခေါက်၊ သူ့လခနှင့် ကားခမလောက်။ ယောက်ျားပင်စင်ကိုလည်း လယ်ဝေးလာထုတ်ရမည်မို့ လတိုင်းမထုတ်နိုင်။ စနေ၊ တနင်္ဂနွေမှ သင်ပေးရသည့် ကျူရှင်လခကလည်း သင်ရသည့်အချိန်ကလေးနည်းသဖြင့် များများမရနိုင်။ သမီးမှာ မလောက်ငပါချေ။

"သမီးရယ်...မဟုတ်လည်း အဖေ အလုပ်ကလေး ဝင်လုပ်ပါ့မယ်။ တစ်သိန်းမျိုး ကိုးသောင်းမျိုးလောက် ရနိုင်ပါတယ်" ဟု အားပေးထားရလေသည်။

ကျွန်တော့်အား ကျွန်တော့်စာတွေဖတ်ပြီး မေတ္တာကရုဏာသက်ဝင်ကာ ကျွန်တော့် မတောက်တခေါက် အင်္ဂလိပ်စာကလေးကိုလည်း သူက အတန်အသင့် လောက်တော့ အလုပ်လုပ်လို့ရနိုင်မည်ဟု ထင်ပုံ၊ တွက်ပုံရသော အငြိမ်းစား စစ်ဘက်အရာရှိကြီးတစ်ဦးက သမီးကလေးမဆုံးမီကပင် လူချင်း မမြင်မတွေ့ဖူးဘဲလျက် သူ့ဘာသာ မိတ်ဆက်စာရေး၍ သူ လုပ်နေသော ကုမ္ပဏီတစ်ခုတွင် လုပ်လိုက အနည်းဆုံး ဤရွေ့ဤမျှတော့ ရနိုင်သည်။ သူ့ဆီ အကြောင်းပြန်ပါ၊ လုပ်လိုလျှင် တာဝန်ရှိသောပုဂ္ဂိုလ်များအား သူပြောဆိုပေးပါမည်ဟု စာရေးဖူး၏။ ကျွန်တော်သည် ရောဂါသည်သမီးကလေးနှင့် သားအဖနှစ်ယောက်တည်း နေရသူဖြစ်၍ ကျေးဇူးတင်ကြောင်း လခ နည်းနည်း,များများ မလုပ်နိုင်ကြောင်း စာပြန်ခဲ့ရပါသည်။

ယခု သမီးလေးလည်း ဆုံးသွား၊ ကျွန်တော်လည်း သာဝတ္ထိမှာ တစ်ယောက်တည်း နေနေသည်မို့ ခန့်မည့်သူဘက်က အဆင်ပြေလျှင် ကျွန်တော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းမာမည်ဆိုက လုပ်နိုင်မည်ထင်ကြောင်း ဩဂုတ်လအတွင်း ရန်ကုန်လာစဉ်က ပြောခဲ့ရာ ခန့်မည့်အလုပ်ရှင်ကလည်း လိုလိုလားလား ရှိပေသဖြင့် ကျွန်တော့်အား စက်တင်ဘာလ နောက်ဆုံးပတ်က ကြေးနန်းစာ ပို့၍ ခေါ်လေသည်။ အလုပ်ရှင်လည်း ကျွန်တော်နှင့် ၂ မိနစ်လောက်တွေ့ပြီး ကျွန်တော့်ကို ခန့်လိုက်ပါသည်။

ယခု ကျွန်တော် အောက်တိုဘာ ၁ ရက်နေ့မှစ၍ ပိုက်ဆံ 'ကလေး' အတွက် အလုပ်လုပ်နေပါလေသည်။ ကျွန်တော့် ပိုက်ဆံကလေးသည် မြေးလေးတွေအတွက် ကြောင့်ကြမှုဝင်သည့်အခါ ပိုက်ဆံလေး ဖြစ်ဖြစ်သွားသည်။

ဖော်ပြပါ ကျွန်တော့်အပေါ် ခင်မင်စိတ်လည်းထား၊ ကျေးဇူးလည်း ရှိသော အငြိမ်းစားအရာရှိကြီးကတော့ သမီးကလေးမှာ သူ့ယောက်ျားအတွက် ပင်စင်လေးမှအပ အခြား ဘာအခွင့်အရေးမှမရ၊ ကိုယ့်မှာ နေစရာ ထိုင်စရာမရှိ၊ ဆင်းရဲနေတာကို ကိုယ့်ယောက်ျား၏ အထက်လူကြီးများထံ စာရေး၍ အကူအညီတောင်းကြည့်ပါလားဟု အကြံပေးပါ၏။ သူတို့မှာ နိုင်ငံအတွက် နေ့မအား ညမအား သွားလာဆောင်ရွက်နေကြရသူများဖြစ်သဖြင့် ကိုယ့်ကိုယ်ရေးကိုယ်တာကိစ္စကလေးနှင့် အနှောင့်အယှက်မပေးလို၍ ထိုအကြံကို မလိုက်နာဖြစ်ပါ။

'ပိုက်ဆံဆိုသောအရာကို ဘယ်သူထွင်ခဲ့သည်မသိ။ ဤအရာသည် မရှိလည်း မဖြစ်။ သူ့ကို ရှိအောင် ရှိအောင် ဆိုပြီး အတောမသတ် လိုက်လုပ်နေရပြန်တော့လည်း မောဖတ်လို့သာနေမည်။ တကယ်တော့လည်း ချမ်းသာမှုကို အပြည့်အဝ မပေးနိုင်ပြန်။ မရှိတော့လည်း ဒုက္ခရောက်၏။ ဆက်ဆံရအတော်ခက်သော အရာပင်။

ပိုက်ဆံကြောင့် 'လေး' ပင်မနေရအောင် ပိုက်ဆံကလေး ရနိုင်သည့် အလုပ်ကလေးကို လုပ်မည်ကြံခါမှ ကျွန်တော့်ကို ခန့်ဖို့လည်း သဘောတူပြီးခါမှ ကျွန်တော့်မှာ စာရေးခွင့်မရတော့မည့် အခြေအနေမျိုးနှင့် တိုးလိုက်ရသေးသည်။ တိုးပုံမှာ ကျွန်တော့်ကို ရည်စူး၍ ပေါ်ပေါက်လာသော အခြေအနေမျိုးမဟုတ်ပါသော်လည်း ကျွန်တော်နှင့်ပါပတ်သက်နေပါသည်။

စာကလေးရေးနေရခြင်းသည် အဖော်နည်းတတ်သူ အသက်အရွယ်ကြီးသူအဖို့ အဖော်တစ်မျိုး ဖြစ်ပါသည်။ ကျွန်တော် အဘိုးကြီးပင် မဟုတ်သေးသော်





လည်း အဖော်နည်းချင်နေပါပြီ။ ထို့ပြင်လည်းစာရေးခြင်းသည် အနုဝဇ္ဇအလုပ်ဖြစ်သည်။ ကျွန်တော် စာရေးခြင်းဖြင့် တိုင်းပြည်လည်း အကျိုးယုတ်နိုင်သည်မဟုတ်ဟု ယုံထားသည်ဖြစ်ရာ အခွင့်သာလျှင် မသေခင် စာလေးရေးနေချင်ပါ၏။

ထို့ကြောင့် အလုပ်တိုက်မှ တာဝန်ခံ ပုဂ္ဂိုလ်အား ကျွန်တော် စာရေးခွင့်မရပါသော် ခန့်ထားသည့် အလုပ်ကို လက်ခံထိုက်၊ လက်မခံထိုက် စဉ်းစားရဦးမည် ဖြစ်ပါကြောင်း တင်ပြရပါသည်။ ကျွန်တော်သည် ရအံ့သော အိမ်ရှေ့မင်းစည်းစိမ်ကို လိုလားပါသော်လည်း မြို့ရိုးကြားထဲ၌ ဝှက်ထားသော ပဲဝက်အသပြာကိုလည်း မစွန့်လွှတ်နိုင်အောင် ဖြစ်နေပါ၏။ ထို့ကြောင့် ကျွန်တော် တစ်လ,တစ်လ ရကောင်းရလတ္တံ့သော ပိုက်ဆံတစ်သိန်းနှစ်သိန်းကို ဆောင်းပါးတစ်ပုဒ်မှ တစ်ထောင်သာရသည့် အလုပ်ကို စွန့်၍ မယူနိုင်အောင် ဖြစ်နေပါ၏။ ကျွန်တော်သည် မြို့ရိုးကြားမှ ပဲဝက်အသပြာကို ပြန်ယူခွင့်မရပါသော် ရှေ့ဆက်ထမ်းနေမည့်သူဖြစ်မှန်းလည်း တာဝန်ခံပုဂ္ဂိုလ်က ယုံကြည်နားလည်သွားသည့်အခါ သည်းခံလိုက်လျှော့ရှာပါပေသည်။

ကျွန်တော့်အား ရေသည်ဆက်မလုပ်ခိုင်း ရက်လောက်အောင် နားလည်သဘောထားကြီးသူမျိုးနှင့် တွေ့ရခြင်းသည်ပင်လျှင် ကံကောင်းခြင်းတစ်မျိုးဟု ဝမ်းမြောက်ရသည့်အပြင် ထိုပုဂ္ဂိုလ်ကိုလည်း ကျေးဇူးတင်ပါပေသည်။

ယခု ကျွန်တော် ပိုက်ဆံကို ပိုက်ဆံ 'ကလေး ဟု သဘောထားနေပါက မြေးလေးတွေမှာ 'လေး' နေမှာစိုးရသဖြင့် 'ပိုက်ဆံလေး' အတွက် အလုပ်လုပ်နေရပါသည်။ ပိုက်ဆံလေးသည် ပိုက်ဆံလေးလောက်သာ ဖြစ်မှ သင့်မည်ဟုတော့ ယုံနေဆဲပင်။ ပိုက်ဆံလေးက ပိုက်ဆံလေးကြီး ဖြစ်လာမည်ကိုတော့ ကျွန်တော် ကြောက်ချင်တင်တင် ဖြစ်သည်။

'အလေးကြီး' ကို ကျွန်တော် မထမ်းနိုင်ပါ။ 'အလေးကြီး' ဖြင့် ကျွန်တော် အပိမခံနိုင်ပါ။ သူတစ်ပါး ဖိထားတာကို တွန်းလှန်ရန်းထ၍ ရုန်းယှဉ်ရှိသေး၏။ ကိုယ့်ဘာသာပိအောင်လုပ်ခြင်းကား ကိုယ်တိုင် ပြန်ထူထဖို့ ခက်တတ်လေသည်။

[မြားနတ်မောင် ၁/၂၀၀၃]



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကိုခံစားခြင်း

'ရာဇ' = မင်းတို့၏ 'ဝံသ = နွယ်ရိုးကို အခြေခံ၍ ရေးသားအပ်သော အကြောင်းအရာကို 'ရာဇဝင်' ဟု ခေါ်ကြသည်။ ရာဇဝင်ထဲမှာ လူတွေပါသည်။ ရာဇဝင်ထဲမှာ ဖြစ်ရပ်တွေပါသည်။ လူတွေထဲမှာ မင်းလည်းပါ၏။ မှူးမတ်လည်းပါ၏။ ကျေးကျွန်မှုထမ်းလည်းပါသည်။ ရာဇဝင်ထဲက အတိတ်ဖြစ်ရပ်တို့သည် မင်း၊ မှူးမတ်၊ ကျေးကျွန်မှုထမ်းတို့နှင့် စပ်ရာတို့သာ များသည်။

ရာဇဝင်ဟူသော စကားကို နယ်ကျဉ်းသည်ဟု ယူဆကြကာ အတိတ်ဖြစ်ရပ်တို့ကို မှတ်တမ်းတင်ထားသောစာကို နောင်သော် သမိုင်းဟု ခေါ်လာကြသည်။ အတိတ်က အမှားမျိုးကို ထပ်မကျော့မိစေရန်အတွက် ရာဇဝင်ကို သမိုင်းကို လေ့လာကြရ၏။ မအ,အောင်၊ မညံ့အောင် သမိုင်းကို သင်ရသည် ဟူသော သြဝါဒမျိုးကိုလည်း ကြားဖူးပါ၏။

ကျွန်တော် မှန်နန်း၊ ဦးကုလား၊ ကုန်းဘောင်ဆက်၊ တွင်းသင်း၊ နယ်လှည့်ရာဇဝင် စသော ရာဇဝင်ကျမ်းများကို ဖတ်ဖူးခဲ့သည်။ သမိုင်း၊ သမိုင်းနောက်ခံ ဝတ္ထု စသည့် စာအုပ်စာပေတို့ကိုလည်း ဖတ်ဖူးခဲ့ပါသည်။ ထိုထိုစာအုပ်တွေကို ဖတ်ခဲ့ရင်း ကျွန်တော်သင်ခန်းစာတွေ ထုတ်ယူမိခဲ့သလား၊ ကျွန်တော် မအဘဲ၊ မညံ့ဘဲ တော်လာခဲ့သလား၊ ကိုယ့်ဘာသာ ပြန်လည်စိစစ်ကြည့်ဖူးခြင်းမျိုး မရှိခဲ့ပါ။ သို့ရာတွင် ထိုရာဇဝင်ကျမ်း၊ သမိုင်းစာအုပ်တို့၌ ရာဇဝင်–သမိုင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်တွေနှင့် စပ်နေသော လူတွေက ပါနေလေရာ ထိုလူတွေအကြောင်း ဖတ်ရတာ စိတ်ဝင်စားစရာကောင်းတာကတော့ အမှန်ပင် ဖြစ်ပါသည်။

မကြာမီက ရာဇဝင်ကျမ်းတစ်ခုကို ဖတ်ဖြစ်ခဲ့ပါသည်။ 'ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း'ဟု အမည်တပ်ထားသော ဒေါက်တာနိုင်ပန်းလှ၏ ရာဇဝင်ကျမ်း ဖြစ်ပါသည်။ သူ့အရင်က ဘာသာပြန်ထားနှင့်ဖူးသော ဝန်ကြီးဗညားဒလ ပေးခဲ့သည့် အမည်အတိုင်းပင် သူ့စာအုပ်ကို အမည်တပ်ထားသော်လည်း မူရင်း မွန်ဘာသာတွင်တော့ အဲဒီအမည်နှင့်ရှိနေတာမဟုတ်ကြောင်း ဆရာကြီး၏ ကျမ်းဦးစကားမှာ ရှင်းပြထားချက်အရ သိရပါသည်။ အမည်ကိစ္စကို ထားလိုက်ပါစို့။ ဤကျမ်းကို ပထမအကြိမ်အဖြစ် ၁၉၉၈ ခုနှစ်ကတည်းက ထုတ်ဝေခဲ့သည် ဖြစ်သော်လည်း ကျွန်တော်က ၁၉၉၇၈ တွင် မြဝတီစာပေ တိုက်က ထုတ်သည့် သတ္တမအကြိမ်ရိုက် စာအုပ်ကို မကြာသေးခင်ကမှ မိတ်ဆွေ တစ်ယောက်က ပေးငှားလေသဖြင့် ဖတ်ခွင့်ကြုံရပါသည်။ သူ့ဘာသာ ဘယ်နှစ်ခုနှစ်ကရိုက်ရိုက် ကိုယ်မဖတ်ဖူးသေးမှတော့ ကျွန်တော့်အဖို့ စာအုပ်သစ်ပါပဲ။

ထိုရာဇဝင်ကျမ်းစာအုပ်အသစ်ကို ဖတ်ရသည်မှာ ဇာတ်ကောင်တွေ အများကြီးနှင့် ဖွဲ့စည်းဇာတ်အိမ်တည်ထားသော ဝတ္ထုကြီးတစ်ပုဒ်ကို ဖတ်ရသည်နှင့် တူလှပါ၏။ ရာဇဝင်ဇာတ်ကောင်တွေက စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ ထိုဇာတ်ကောင်များတွင် ဆိုခဲ့သည့်အတိုင်း မင်းလည်းပါ မှူးမတ်လည်းပါ၊ ကျေးကျွန်လည်းပါသည်။ မင်းဖြစ်ဖြစ်၊ အမတ်ဖြစ်ဖြစ်၊ ကျေးကျွန်ဖြစ်ဖြစ်၊ သူတို့သည် လူတွေသာဖြစ်ကြရာ လူတွေလိုပဲ ကျင့်ကြပါသည်။ သူတို့နှင့် စပ်နေသော ဖြစ်ရပ်တို့တွင် လောဘရိပ်၊ ဒေါသရိပ်၊ မောဟရိပ်၊ မာန်မာနရိပ်တို့သည် ထင်နေကြပါသည်။ လောဘ၊ ဒေါသ၊ မောဟ မာန်မာနတို့သည် ကောင်းသည်ဟု ဆိုရမည့်တရားများပင် မဟုတ်ကြသော်လည်း ထိုတရားတို့နှင့် မကင်းခြင်းကပင်လျှင် လူဆန်နေသည်ဟု ဆိုနိုင်ပါသည်။ ဘုရားအစရှိသော ပညာရှိတို့၏ မျက်စိတွင် 'ပုထုဇ္ဇနော ဥမ္မတ္တကော' ဟု မြင်ကြမည်ဖြစ်သော်လည်း ပုထုဇဉ်သာ၊ လူအများတို့အဖို့ကတော့ 'ဥမ္မတ္တက' ဖြစ်ရခြင်း (ဝါ) ရူးရခြင်းကိုပင်လျှင် အကောင်းထင်ကြတာမျိုး ဖြစ်ပါသည်။

ရာဇဝင်ထဲမှာ မင်းတို့ပါကြောင်းဆိုခဲ့ပြီ။ မင်းတို့ဥမ္မတ္တက ဖြစ်ကြရာတွင် ဆင်ဖြူရှင်ဖြစ်ချင်ခြင်း ရောဂါသည် သူ့ခေတ်အခါအလျောက် အသော်





တက်ခဲ့ကြဟန်တူသည်။ မြန်မာရာဇဝင်တွင် ဆင်ဖြူတော့ကယ်ရ၍ 'ဆင်ဖြူရှင်' တကယ်ဖြစ်ကြသော မင်းတွေလည်းရှိသည်။ ဆင်ဖြူမရတော့ ရရာဆင်နှင့် ဘွဲ့ခံရသည့် ဘုရင်လည်း ရှိသည်။ အချို့အရှင်မရတော့ မြစ်ထဲမျောလာသော ဆင်သေနှင့် ဘွဲ့ခံသောမင်းကိုလည်း တွေ့ရသည်။ ဆင်ဖမ်းထွက်ရင်း ဒုက္ခတွေ့တာတွေလည်း ရှိ၏။ တကယ်တော့ ဆင်သည် ရှေးပဒေသရာဇ်ကာလ၏ 'တင့်ကား'ကြီးများဖြစ်ကြရာ ဆင်မည်းထက် အစွမ်း,ဝါန်ခိုးပိုသော ဆင်ဖြူကို ရယူပိုင်ဆိုင်လိုခြင်းအတွက် အပြစ်တော့ မဆိုသာပါပေ။

ဒေါက်တာနိုင်ပန်းလှ၏ စာအုပ်ကို ဝါရီရူးမင်းဆက်ကို တည်ထောင်သူ မဂဒူအကြောင်းမှ စတင်ထားရာ မဂဒူသည် တိတ်, နိမိတ်ထူးကို မင်းမဖြစ်မီကတည်းက ရပုံ၊ သောက္ကတဲသို့ရောက်ပုံ၊ မင်းဖြစ်ပုံတို့ကိုကား မြန်မာရာဇဝင်တို့တွင် ရှေးယခင်ကတည်းက ဖတ်ခဲ့ရဖူးသည် ထင်ပါ၏။ သို့ရာတွင် မဂဒူ ဆင်ဖြူရှင် ဖြစ်ပုံအကြောင်း မြန်မာရာဇဝင်တို့၌ ပါ,မပါ မသေချာပါ။ ပါခဲ့သော် အဲဒီအချက်ကို ကျွန်တော် မမှတ်မိပါ။ ယခု ဤစာအုပ်ကို ဖတ်ရမှ ဝါရီရူးဘွဲ့ခံ မဂဒူသည် ဆင်ဖြူရှင်ပါပေတကားဟု သိရပါလေသည်။

ဝါရီရူးမင်း (မဂဒူ) ဆင်ဖြူရှင်ဖြစ်လာပုံကလည်း စိတ်ဝင်စားစရာပင်။ ဘုန်းကံအလျောက် ဆင်ဖြူတော် ဆိုက်ရောက်လာရသည်ဟုဆိုလျှင်တောင် ရလောက်သည်။ တစ်ညသော် သောက္ကတဲမင်းကို သူ့ဆင်ဖြူတော်က အိပ်မက်ပေးသည်။ 'ငါသည် သင့်ထံ၌နေရန် မသင့်တော့ပြီ။ နေသော် မင်းကြီးဥပါဒ်ဖြစ်လိမ့်မည်' ဟူ၏။ ထို့ကြောင့် မိုးသောက်သော် မှူးမတ်တို့နှင့် တိုင်ပင်၍ ဇင်းမယ်၊ လဝွန်းဗီချာ၊ အယုဒ္ဓယ၊ မုတ္တမဟူသော မြက်ထုံးလေးထုံးကို အမှတ်အသားပြု၍ အစိဋ္ဌာန်ပြုကာ စားစေရာ ဆင်ဖြူတော်သည် မုတ္တမမြက်ထုံးကို စားသဖြင့် သောက္ကတဲမင်းက သူ့လက်အောက်ခံ၊ သမက်တော် မုတ္တမမင်း ဝါရီရူးထံ ဆင်ဖြူတော်ကို ပို့ပေးလိုက်ရာမှ ဝါရီရူး'ဆင်ဖြူရှင်'ဖြစ်သွားခြင်း ဖြစ်သည်။

ဝါရီရူး ဆင်ဖြူရှင်ဖြစ်သွားပြီ ကြာသောအခါ ဝေါဒေါခေါ် တစ်ပြည်ထောင်မင်းသည် ဗိုလ်ခြေတစ်သိန်း၊ ရှစ်သောင်းနှင့် မုတ္တမသို့ ချီလာသဖြင့် ဝါရီရူး 'ပျာ' သွားရသေးသည်။ သို့ရာတွင် ဆင်ဖြူတော်ကပင် အိပ်မက်ပေးသဖြင့် အိပ်မက်ရသည့်အတိုင်း သူ့အပါးမှ နံ့သာရည်ကို ရွှေအင်နှင့် ထားဆေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့်အခါ ဆင်ဖြူတော်က ထိုနံ့သာရည်ဖြင့် ရန်သူတို့ကို ဖျန်းပက်တိုက်ထုတ်သဖြင့် ဝေါ်ခေါ်မင်း စစ်ပျက်ကာ ကြောက်ရွံ့ထွက်ပြေးကုန်ကြရသည်။

မုတ္တမကို မင်းနေပြည်ပြု၍ ၁၉ နှစ် နန်းစံသွားသော ဝါရီရူးမင်းဆက်၏ ပထမဦးဆုံးမင်း ဝါရီရူးမှာ မြေးတော်နှစ်ပါး၏ ဓားချက်ဖြင့် ပထမဦးဆုံး လုပ်ကြံခံရသူမင်းအဖြစ် နတ်ရွာစံသွားခဲ့လေသည်။ ထိုအခါ ညီမဂဒါခေါ် ခွန်လောက (စောရမ်းပ်ကွတ်ဘွဲ့ခံ၍) နန်းတက်သည်။

မဂဒူတွင် ခွန်လောအောက် နှမတစ်ယောက် ရှိသေးရာ ထိုနှမ နှင်းဥရိုင်သည် သမိန်မြောင်းမြနှင့် စုံဖက်၏။ ယောက်ဖတော် သမိန်မြောင်းမြက ခွန်လောကို ခပ်ပျင်းပျင်းဘုရင်၊ အသီးမဲ့သစ်ပင်နှင့်တူသည်။ အရှည်မင်းပြုထိုက်သူမဟုတ်ဟု သူ့ဇနီး ဘုရင့်နှစ်မနှင့် တိုင်ပင်ကာ ဥပါယ်တံမျဉ်ဖြင့် အကောက်ကြံ၏။ မော်လမြိုင်ဘုရားအနီးတွင် အစွယ်သုံးချောင်းရှိသော ဆင်ကောင်းတစ်စီးကို တွေ့ခဲ့သည်ဟု ဆင်ရုံသမားတို့အား လျှောက်တင်မစေသည်။ ခွန်လောက အဟုတ်ယုံကာ အခြွေအရံများနှင့် ဆင်ရုံ (ဆင်ဖမ်း) သွားလေသည်။ မတွေ့၍ ပြန်လာသောအခါ ယောက်ဖတော်က မြို့တံခါးပိတ်ထား၍ ဝင်မရ။ ငှက်ပျောတောဥ ဝင်ပုန်းနေရ၏။ ယောက်ဖက ထွက်တိုက်ရာ ခွန်လော အနိစ္စရောက်သည်။ ၄ နှစ်သာ နန်းစံလိုက်ရ၏။

ဤသို့ဖြင့် ခွန်လောသည် ဆင်လောဘကြောင့် မောဟဖုံးကာ ဆင်ခြင်ဉာဏ်ကလည်း သုဉ်းလေသဖြင့် ထီးနန်းသာမက အသက်ပါ ဆုံးရလေသည်။

ခွန်လောလွန်သော် သမိန်မြောင်းမြ၏သား စောအော၊ ထို့နောက် သူ့ညီစောဇိပ် နန်းတက်ကြ၏။ စောဇိပ်လည်း သူ့ဦးရီး ခွန်လောလိုပင် ဆင်ရောဂါထရာ ပဲခူး၊ ဒဂုန်၊ ဒလ၊ ဝါတနော စသော မြို့များအောင်ပြီး ပဲခူးမြောက်ဘက်မှာ စခန်းချ၊ ထိုမှ ဆက်၍ ရံဇတောတွင်းဝင်ကာ ဆင်ရုံ၏။ သူဆင်ရုံနေခိုက် ပုသိမ်နှင့် မြောင်းမြစားတို့ ပုန်စားကြ၏။ တော်သေးသည်။ ဆင်ရုံရာမှ ထွက်တိုက်ရာ နှစ်ဦးစလုံးကို မိခဲ့၏။ စောဇိပ်ကို အချီတော်ဇိပ်ပွန်တ လုပ်ကြံ၍ နန်းတက်ရာ မိဖုရားစန္ဒာမင်းလှက လုပ်ကြံသတ်ဖြတ်သဖြင့် ဇိပ်ပွန် (၇) ရက်သာ နန်းခံရသည်။ စောအဲကံကောင်းကို နန်းတင်သော်လည်း သူ့ကို သတိမရဘူးဟု စိတ်ပျက်ကာ ထိုမိဖုရားပင် အဆိပ်ခတ်သတ်သဖြင့် စောအဲကံကောင်းလည်း ၄၉ ရက်သာ နန်းစံရ၏။ ထို့နောက် ခွန်လော၏





သား စောအဲဗညားတက်၊ စောအဲဗညားလွန်သော် ဗညားဦး မင်းဖြစ်လာသည်။

ဗညားဦး ၇၁၀ တွင် နန်းတက်ပြီး ၇၁၃ တွင် စောအဲဒိတ်နှင့် ဗောကြယ်တို့ ဒုန်းဝန်းတွင် ပုန်စားကြသဖြင့် သွားရောက်နှိမ်နင်းရာ ဇင်းမယ်သို့ ပြေးဝင်ကြသည်။ ထိုနှစ်တွင်ပင် ဇင်းမယ်မင်းက စောအဲဒိတ်တို့ နှစ်ဦး၏ ကုန်းချောစကားကို ယုံကာ အမတ်ကြီး ဦးပိုက်လံသံကို ဗိုလ်ခြေရှစ်သောင်းနှင့် မုတ္တမသို့ စေလွှတ်လုပ်ကြံစေသည့်အခါ ဗညားဦး 'ပျာ' သွားရပြန်သည်။ ဤတစ်ကြိမ်တွင်လည်း ဆင်ဖြူတော်ကပင် အိပ်မက်ပေး၊ သူပေးသည့် အိပ်မက်အတိုင်း စီစဉ်ပေး၍ ရှေးနည်းအတိုင်း ဆင်ဖြူတော်က နံ့သာရည်ဖြင့် ဖျန်းပက်တိုက်ထုတ်လေသဖြင့် ဇင်းမယ်ရှမ်းတို့ ဆင်ဖြူတော်၏ ဟစ်ကြွေးသံကို မခံနိုင်၊ ပြေးကြရကုန်၏။ ကျန်ရစ်သော သုံ့ပန်း၊ ဆင်မြင်း၊ လက်နက်တို့ကို နှစ်လလောက်နှင့် ကောက်၍မကုန်ဟု ဆိုလေသည်။

ဤမျှအားကိုးရသော ဆင်ဖြူတော်သည် အသက် ၇၀ တွင် အနိစ္စရောက်ရာ ဗညားဦးနှင့် ပြည်သူများ ယူကျုံးမရ ဝမ်းနည်းကြေကွဲ နမြောတသ ပူဆွေးသဖြင့် သည်းစွာ ငိုကြွေးမြည်တမ်းကြသည်။ (ထိုစာအုပ်တွင် ဗညားဦး နန်းစံနှစ်ကို ၇၁၀ ဟု ပြပြီး၊ ဆင်ဖြူတော် အနိစ္စရောက်သည့်နှစ်ကို ၇၀၆ ဟု ပြပြန်ရာ ဗညားဦး မင်းမဖြစ်မီကပင် ဆင်ဖြူတော် သေနှင့်ပြီကဲ့သို့ ဖော်ပြထားသောကြောင့် ရှေ့နောက်မညီ ဖြစ်နေပါသည်။ စကားချပ်)

ဆင်ဖြူတော် မရှိတော့သဖြင့် ဗညားဦးမှာ စိတ်မချမ်းသာ ကိုယ်မကျန်းမာဖြစ်ပြီး စက်တော်ခေါ်၍မျှလည်း မပျော်ဘဲ အလွန် ပူပင်သောကရောက်နေ၏။ ထိုသို့ စိတ်သောကရောက်နေစဉ် ခြေရာသံတောင်မျှရှိသော ဆင်ကို လဗူတောမှာ တွေ့ခဲ့သည်ဟု လျှောက်တင်ကြသောအခါ 'နှလုံးမွေ့လျော်' လာပြီး လျှောက်ထားသူများအား ဆုလာဘ်များပေးကာ လဗူတောသို့ ဆင်ရုံကြွတော် လေးလကြာ၏။ သားတော် မြေးတော်များနှင့်တကွ ဆင်မြင်းဗိုလ်ပါ နှစ်သောင်းကျော်နှင့် ကြွခြင်းဖြစ်ပါသည်။ ယောက်ဖတော် ဒဂုန်စားဗြထပိုက်၊ ဒုန်ဝန်းစား အမတ်ပွန်ဗို၊ စစ်တောင်းစား အန်နရာ၊ တိုက်ကုလားစား သမိန်ဇိပ်ဗြ၊ သန်လျင်စား စောပြလက် စသော စစ်သေနာပတိ မြို့စားကြီးများလည်း ပါသည်။ ဗညားဦး ဆင်ရုံသွားနေခိုက် ဗြတ်ထဗတို့ ညီနောင်လေးဦးစလုံး ပုန်စားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ထဗတို့ ညီနောင်လေးဦးမှာ ပြည်ကို လုပ်ကြံခိုင်းစဉ် တပ်ပျက်၍ သေသွားသည့် စောအဲပြသတ်၏ သားများ ဖြစ်ကြ၏။ ဖြတ်ထဗက မုတ္တမ၊ အဲဖြဗုန်က လဝွန်းဗျည်း၊ လောက်ဖြားက မြောင်းမြ၊ ဥလိုက မော်လမြိုင် အသီးသီး မိမိတို့ စားရသော မြို့များတွင် အခိုင်နေကြသဖြင့် ဗညားဦး မုတ္တမ *ပြန်လာသောအခါ မြို့တွင်းသို့ မဝင်နိုင်။ အနည်းနည်း လုပ်ကြံရာမရ။* ယောက်ဖတော်များ ဖြစ်ကြသော ဒဂုန်စား ဗြထပိုက်နှင့် မော့်ဘိစား ဓေယျသူရ တို့အား တစ်ဦးပြီးတစ်ဦး စေလွှတ်လုပ်ကြံစေရာ နှစ်ဦးစလုံး သေကြသည်။ နောက်ဆုံးတွင်ကား မုတ္တမကို ပြန်ဝင်လို့ မရတော့ဘဲ ဒုန်းဝန်းမှာသာ မြို့တော်ပြု၍ စံရလေတော့သည်။ အဲဖြဗုန် လာမတိုက်မီ ဒုန်းဝန်းမှာ ၆ နှစ်ကြာ၏။

ဖြတ်ထဗက သူ့ညီ အဲဖြဗုန်ကို သူရဲ (၇၀၀) နှင့် ဒုန်းဝန်းကို လုပ်ကြံစေသည်။ အဲဖြဗုန်နှင့် သူ့ရဲမက် ၇၀၀ တို့ ဦးပြည်းခေါင်းတုံးရိတ်၍ (ဒုန်းဝန်းသားများနှင့် တူအောင်ပြု၍) နံနက် မြို့တံခါးအဖွင့်တွင် ဝင်ရာ တံခါးစောင့်တို့ မစစ်ဆေးနိုင်သဖြင့် မြို့တွင်းဝင်ရောက်ကာ အပြင်းတိုက်သော် ဗညားဦးဆင်ကတောင် တင်ချိန်မရ၊ ဆင်ကဲနှင့် နှစ်ယောက်တည်း ကိုယ်လွတ်ထွက်ပြေးရသည်။ သူ့မှူးမတ်များ နောက်ကလိုက်သော်လည်း မမီကြ။ ချောင်းတစ်ခုအကူးတွင် ဆင်မ နွံကျွံ၍ ဆင်ကဲက ဗညားဦးကို ကုန်းပိုးကာ ခုသရဖာတောထဲ ဝင်ကြရသည်။

ဗညားဦးသည် ဆင်ကဲကျောထက်မှနေ၍ ဆင်ကဲအား စီးထားရင်း မြင်မြင်သမျှ သစ်ရွက်၊ သစ်သီး၊ သစ်ပွင့်များကို ဘာရွက်လဲ၊ ဘာသီးလဲ၊ ဘာပွင့်လဲဟု တမေးတည်း မေးနေတော့ရာ မေးတိုင်း ဖြေနေရသော ဆင်ကဲသည် ကြာတော့ စိတ်မရှည်နိုင်တော့ဘဲ 'နမလင် မင်းသည် ငါ့ကျောက်ကုန်းပေါ် တက်၍ စီးလျက် မမေးရသည့် အမေးကို မေးသည်၊ ငါ မဆိုနိုင်တော့ပြီ။ စီးဆင်နွံကျွံသဖြင့် ငါကုန်းပိုး၍ ပြေးသောကြောင့် ရန်သူ၏ လက်မှ လွတ်ချေသည်'ဟု ရင့်သီးစွာ ဆိုလေသည်။

ရာဇဝင်ထဲကလူတွေနှင့် တွေ့ရတာ တစ်ခါတစ်ခါ ပြုံးရသည်။ တစ်ခါတစ်ခါတော့လည်း ကိုယ့်ကိုယ်ကို သူတို့နေရာမှာ ထား၍ ကြည့်မိသည်။ ဗညားဦး၏ နေရာက ကြည့်တော့လည်း ဟုတ်ပေသားပင်။ သူက ရှင်ဘုရင်။





နန်းထက်၌သာစံသူ။ တောထဲက အသီးအရွက်တိုင်းကို သူ မမြင်ဖူးနိုင်။ သူ သိမှာမဟုတ်။ လူသည် သိချင်စိတ်အကဲဆုံးသတ္တဝါဖြစ်ရာ အဲဒီ သိချင်စိတ် အားကြီးမှုကြောင့်ပင် သူ့ဘာသာသူ လွယ်လွယ်လေးနေလို့ရနိုင်သော ကမ္ဘာကြီးမှာ ရှုပ်ရှုပ်ထွေးထွေးတွေ ဖြစ်လာအောင် ဖန်တီးလာနိုင်ခဲ့ခြင်း ဖြစ်သည်။ ဗညားဦး၏ သိချင်စိတ်ကို အပြစ်မဖွဲ့သာ။ သို့ရာတွင် သူသည် သူတစ်ပါး ကျော ပေါ် တက်စီးနေသူဖြစ်ရာ အောက်က ကုန်း၍ ထမ်းထားရသူ၏ ခံစားချက် ကို သူမသိနိုင်။ မသိမှုဟူသောအရာသည် ရှင်ဘုရင်ပဲ၊ သူဖုန်းစားပဲဟူ၍ မရွေး၊ သူဖုံးကွယ်လိုက်ပြီဆိုလျှင် အမှန်အလင်းကို ဘယ်သူမှ မမြင်နိုင်တော့ပေ။

ဆင်ကဲနေရာက ကြည့်ပြန်တော့လည်း ဟုတ်နေပြန်ပါသည်။ သူ စိတ်ဆိုးတာ သဘာဝကျ၏။ ဤဆင်ကဲသည် သူ့သခင် ရှင်ဘုရင်ကို အလွန် လျှင် ကြောက်၍သော်လည်းကောင်း၊ အလွန်လျှင် ချစ်ခင်၍သော် လည်းကောင်း ကြောင့်သာ ဤမျှလောက်သော ဝီရိယမှုဖြင့် ဆိုမိ၊ ပေါက်မိခြင်း ဖြစ်တန်ရာသည်။ ကျွန်တော်သာဆိုလျှင် ဤရှင်ဘုရင်ကို ဆူးချုံထဲသို့ ပစ်မချခဲ့ဘူးလို့ ကိုယ့်ဘာသာကိုယ် တာဝန်မယူနိုင်ပါ။ (ဖြောင့်မယ့်သာ ပြောရပါသည်။ သူ့ ကြောက်တာနှင့်ပဲ မေးသမျှ အမြှုပ်ထွက်အောင် ဖြေနေမိချင်လည်း ဖြေနေမိမှာပါ။) သူ့ခမျာ ရန်သူ့အန္တရာယ်မှလည်း လွတ်အောင်ပြေးရသည်။ ဘုရင့်ခန္ဓာကိုယ်ကြီးကိုလည်း ထမ်းထားရသေးသည်။ ဘုရင်တို့ဟူသည် ဆီဦးထောပတ်တို့သာ စားနေကြသူတွေ ဖြစ်ရာ ဘုရင့်ကိုယ်သည် အာဟာရချို့တဲ့သူများလို ရှုနာရှိုက်ကုန်း ကိုယ်မျိုးလေး မဟုတ်နိုင်သဖြင့် ထမ်းထားရသူမှာ သက်သာလှမည် မထင်ပါ။ သွားနေရသည့် ခရီးလမ်းကလည်း တောလမ်းခရီးဖြစ်ရာ သူ့ခမျာ 'ဟောဟဲ'ဆိုက်နေလောက်ပေသည်။

ဆင်ကဲ စိတ်ဆိုးမှန်းသိတော့ 'နားတော်ရှ'သည့် ဆင်ကဲ၏ စကားကို ကြားလျှင် ဗညားဦး၊ တိတ်ဆိတ်စွာ နေလေသည်။

ပဲခူးသို့ရောက်၍ နောင် အခြေအနေတည်ငြိမ်လာသည့်အခါ သေနာပတိကြီးငယ်အသီးသီးအား ကျေးမက်စည်းစိမ် မြို့ပြနယ်ပယ်များ ချီးမြှောက်သနားသော်လည်း ဗညားဦးသည် ဆင်ကဲကို ဘာမျှမပေးဘဲ နေလေ၏။ အစ်မတော် ဒဂုန်စား မဟာဒေဝီက သူပြုခဲ့ဖူးသော ကျေးဇူးအထူးရှိသည်ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ဆင်ကဲကိုလည်း ကျေးမက်,စည်းစိမ် ပေးသင့်ကြောင်း ပြောသည့်အခါ 'ငါ့နားတော်ရှအောင် သူဆိုလေသည်။ ငါ အရှက်ကွဲခဲ့ရသည်။ သင်းအသက်ကို မသတ်သည်ကပင် သင်းကျေးဇူးကို ဆပ်သည်မည်၏'ဟု ဆိုကာ မဟာဒေဝီ၏စကားကို မနာယူဘဲ ဆင်ကဲအား ဘာမျှ မပေးပါ။ 'အစ်မတော်သာ သင်းကို ခေါ်ထားလိုက်ပါ'ဟု ဆိုပြီး ဆင်ကဲအား မဟာဒေဝီ၏လက်သို့ အပ်လိုက်လေသည်။

ဗညားဦး မင်းနေပြည်မှ ခွာကာ လေးလကြာလောက် ဆင်ရောဂါ ထနေမိခဲ့တာ မုတ္တမသို့ ပြန်ခွင့်မရတော့ဘဲ ဒုန်းဝန်းတို့၊ ပဲခူးတို့မှာ မင်းနေပြည်ပြု၍ စံသွားရတာမျိုးသည် မျက်မှောက်ခေတ် အဖြစ်အပျက်တွေနှင့် သဘောအားဖြင့် သိပ်ကွာခြားလှသည် မဟုတ်၍ အထူးစိတ်ဝင်စားဖွယ်ကြီး မဟုတ်လှပါ။ ၂၀ ရာစုနှစ်အတွင်း၌ နကရူးမား တရုတ်ပြည်သွားနေခိုက် ဂါနာတွင် နောက်ပိုင်းက အာဏာသိမ်းထားလိုက်၍ အိမ်အပြန်ခက်ဖူးပါသည်။ သီဟာနုပြင်သစ်နှင့် ရုရှတို့သို့ သွားနေစဉ် လုံနိုးက အာဏာသိမ်းလိုက်သဖြင့် ကမ္ဘောဒီးယားသို့ မပြန်နိုင်ဘဲ တရုတ်ပြည်မှာ အကြာကြီး သောင်တင်နေခဲ့ဖူးပါသည်။

သို့ရာတွင် စိတ်ဝင်စားစရာကောင်းသည်က လူတွေ၏ စိတ်သဘာဝဖြစ်သည်။ ဗညားဦး ဆင်ကဲ၏ စကားကို အနာမပြေနိုင်၊ နှလုံးထဲ အတော်ခုနေပုံရသည်။ သူ၏ကျေးဇူးဆပ်နည်းကလည်း စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။ သူ့အား ကျေးဇူးပြုဖူးသော ကျေးဇူးရှင် ဆင်ကဲ၏ အသက်ကို မသတ်သည်ကပင်လျှင် ကျေးဇူးဆပ်သည် မည်ပါသတဲ့။ ဗညားဦးသည် သူ၏ ယုတ္တိဆင်ခြေကို ဘုရင့်မာနဖြင့် 'ငါ သူ့ကို သတ်လည်း ဖြစ်တာပဲ' ဟူသော ယုတ္တိနိဒါန်းဖြင့် တည်ဆောက်ထားသည်ဖြစ်ရာ 'သင်းအသက်ကို မသတ်ခြင်းသည်ပင်လျှင် ကျေးဇူးဆပ်သည်မည်၏'ဟူသော သူ၏ ယုတ္တိဂုံးမှာလည်း သူ့ဟာနှင့်သူ ခိုင်လုံနေတော့သည်။

ကျွန်တော်သည် အဲဒီဘွဲ့၊ စည်းစိမ်ပေးသည့်နေ့က ရာဇဝင်ထဲက ညီလာသဘင်ထဲသို့ စိတ်နှင့် ပြေးဝင်၍ကြည့်လိုက်သည့်အခါ ဆင်ကဲသည် နောက်နားအစွန်တစ်နေရာမှာ ညှိုးငယ်သောမျက်နှာကလေးနှင့် ခစားလို့နေတာ တွေ့မြင်ရပါ၏။ ထို့ကြောင့် သနားစဖွယ် ဆင်ကဲကို 'ကဲ...ကိုဆင်ကဲရေ သူ့





အပေါ် ကိုယ်ပြုခဲ့ဖူးသော ကျေးဇူးအတွက် သူ့ကိုသာပဲ ကိုယ်က ကျေးဇူးတင်လိုက်ပါတော့လေ'ဟု နှစ်သိမ့်စကားနှင့် နားချမိလိုက်ပါတော့သတည်း။

[မြားနတ်မောင်၊ ၂/၂၀၀၂]

www.burmeseclassic.com

# အစွဲ

၁၉၇၀ တစ်ဝိုက်လောက်က ဖြစ်သည်။ တစ်ခါသော် ကျွန်တော့်အဖေထံမှ အတန်ရှည်သောစာတစ်စောင် ရောက်လာသည်။ ကျွန်တော်သည် ရောက်ရာအရပ်မှ အဖေ့ထံ စာပုံမှန်ရေးပို့သော်လည်း အဖေ ကျွန်တော်ထံ စာပြန်ရေးခဲလှပါသည်။ ကျွန်တော့်စာကို ဖတ်၍သာ ငါ့သား ဘယ်အခြေအနေ ရှိသည်ဆိုသည်ကို သူ့ဘာသာသုံးသပ်နေလေ့ရှိပါသည်။

ယခုစာရောက်လာပုံမှာ ထူးခြားလှသည် ဖြစ်၍ ဂရုတစိုက် ဖတ်ကြည့်ရာ ရေးထားသော အကြောင်းအရာမှာ ထူးခြားလှသည့် အကြောင်းအရာမဟုတ်ပါ။ သူနှင့်အတူနေသားဖြစ်သူ၊ ကျွန်တော်၏ တတိယမြောက် ညီဆိုးတတ်ပုံများကို ရေးထားခြင်းသာ ဖြစ်ပါသည်။ ဤညီသည် ယခုမှ ဆိုးသည်မဟုတ်၊ ကလေးငယ်ဘဝကတည်းက ဆိုးလာသူဖြစ်သည်။ အဖေ အဖမ်းခံထားရစဉ် အဘွားနှင့် သားအမိတစ်တွေ လယ်ပြင်ထဲက တဲ၌နေရစဉ် ညမအိပ်ကြရ၊ ချော့မရ၊ ခြောက်မရ၊ ငိုလွန်းဆိုးလွန်း၍ သူ့ဘွားအေက ညသန်းခေါင်ကျော်၌ တဲနှင့် အဝေးကြီးနေရာသို့ သွားပစ်ထားခဲ့ရာ 'ရတီစိန်ဇာတ်တော်ရောက်လာ တိုင်းလွန်သာယာ၊ မြို့လွန်သာယာ'ဟူသော သီချင်းကို ဆိုလျက် ပြန်လာသူ ဖြစ်သည်။လယ်ပြင်ထဲနေဖို့ မတော်လို့ ရွာပြန်ရွှေ့တော့၊ တစ်ရွာလုံး မအိပ်ကြရ၊ လူကြီးအချို့က ကျောက်တုံးကို အုတ်နှယ်စီထားသော ရေတွင်းကြီးထဲဆင်း၊ နှာခေါင်းမျှဖော်၍ ရေနစ်ကာ အငိုတိတ်မလား မေးသော် 'ကြောက်ပါပြီဗျ' ပြော၍ အပေါ်ပြန်တင်ပေးသည့်အခါ လူကြီးများကို ဆဲ၍ ငိုမြဲငိုခဲ့သူပင်။

www.burmeseclassic.com



ယခု ထိုညီသည် သားတွေနှင့် မယားနှင့်၊ အိုးမခွဲဘဲ အဖေနှင့် တစ်အိမ်တည်း နေနေ၏။ ဂျင်ထိုး၏။ အရက်သောက်၏။ အဖေက အော်ငေါက်ဆုံးမသည့်အခါ အဖေနော်၊ သိပ်အော်မနေနဲ့ ကျွန်တော်တို့ အမျိုးက အသက်ခြောက်ဆယ်နဲ့သေတာ'ဟု ပြန်ပြော၏။ (အဖေက အသက် ၆၀ နားကပ်နေပြီမို့ သေမင်းနှင့် ပြန်ခြောက်ခြင်းပင်) ယခုလည်း သူမူးလာ၍ အဖေက အော်ငေါက်မိရာ အိမ်ပြတင်းတွေကို ကန်ချသတဲ့။ ပြတင်းတံခါးတစ်ဖက် ပြုတ်ကျသွားသည်ဆို၏။ အိမ်ခန်းထဲမှ အဝတ်အစားသေတ္တာကို ကိုင်ပေါက်ပစ်ချရာ ယူစရာမရ၊ သုံးမဖြစ်၊ ပိန်ချိုင့်ပွင့်ထွက်သွားပြီဟု အဖေ့စာ၌ ဆိုလေသည်။

အဖေ့စာကို ဖတ်ပြီး ကျွန်တော် အမျိုးမျိုး တွေးကြည့်သည်။ ကျွန်တော် အဖေအမေတို့နှင့် နေခဲ့ရသမျှ ကာလပတ်လုံး အိမ်၌ မနေခဲ့ဖူးပါ။ နွားတစ်ဖက်၊ လူတစ်ဖက် တွဲနေရသည့် တင်းကုတ်၌ ကြီးပြီး အိမ်ထောင်ကျခဲ့ရပါသည်။ ယခုမှ သူတို့ ရှေးဘုန်းရှေးကံကြောင့် ပျဉ်ခင်း၊ ဇလီသတ်အိမ်နှင့် နေရခြင်း ဖြစ်သည်။ ဒါတောင် အဖေက သူနေမြဲ တင်းကုပ်မှာသာ နေပြီး သူ့သား မြေး၊ ချွေးမတို့ကို အိမ်ပေါ်တင်ပေးထားတာ ဖြစ်ပါ၏။ ယခု ထိုအိမ်ကို ညီက မူးပြီး ဖျက်ဆီးနေလေပြီ။

ထိုအတွက် အဖေသည် ကျွန်တော်ထံ တိုင်စာရေးပို့လေသလား။ မဟုတ်နိုင်လောက်သေးပါ။ တကယ်တော့ အဖေက ပိုက်ဆံရှိသူ မဟုတ်သော်လည်း ဘာကိုမှ သိပ်ပြီး ခင်တွယ် နှမြောနေတတ်သူ မဟုတ်ပါ။ ထိုအိမ်ကို သူ့သားက မီးရှို့ပစ်သော်တောင်မှ နှမြောနေမည့်သူ မဟုတ်ပါ။ သေတ္တာလေးမှာ ရစရာမရှိ၊ သုံးမရအောင် ပျက်စီးလေပြီတဲ့။ တကယ်တော့ ဤသေတ္တာကလေးကလည်း သံသေတ္တာအဟောင်းကလေးမျှသာ။ ကျွန်တော် ပျဉ်းမနားသကြားစက်မှာ အလုပ်စဝင်ဖို့သွားတော့ အဝတ်အစားထည့်စရာ မရှိ၍ ဝယ်ခဲ့သည့် သေတ္တာလေး' ငွေအစိတ်သာ ပေးရပါသည်။

ကျွန်တော့်သေတ္တာကလေး အဖေ့အိမ်ရောက်နေသည်မှာ အမေ့ကြောင့်ဖြစ်သည်။ ၁၉၆၆ ဇန်နဝါရီတွင် မင်္ဂလာဒုံမှ သင်တန်းဆင်းသည့်အခါ ကျွန်တော် ပျဉ်းမနားသို့ မပြန်ရသေး။ အလုပ်ရုံ၊ စက်ရုံ၊ အလုပ်ဌာနများကို လေ့လာစေရန်အတွက် ရန်ကုန်တိုင်းမှ (၁၀) ယောက်၊ မန္တလေးတိုင်းမှ (၁၀) ယောက် ရွေးသည့်အထဲ ကျွန်တော်ပါနေ၍ မန္တလေးမှာ သုံးလဆက်နေရသေး





သည်။ သုံးလပြည့်၍ အခြားသူတွေ ကိုယ့်ဌာနကိုယ် ပြန်ရောက်ကြသော်လည်း ကျွန်တော် မရောက်နိုင်သေးပြန်။ မန္တလေးဆေးရုံကြီးမှာ သောင်တင်နေပြန်၏။ ဆေးရုံတက်နေစဉ် သကြံန်ရက်တွင်း တစ်ညသ၌ အိပ်မက်မကောင်း၍ အဖေ့ထံ စာရေးမေးရာ အဖေက စာမပြန်ပါ။ မေလဆန်း၌ ဆေးရုံကဆင်း၍ အဖေ့ထံရောက်သွားသည့်အခါမှသာ 'လူလေး စာထဲကအတိုင်းပဲ၊ ငါ့သား အိပ်မက်မက်ချိန်လောက်ကစပြီး မင့်အမေ နေမကောင်းဖြစ်နေတာ အခု မင်းမြင်ရတဲ့အတိုင်းပါပဲ'ဟု ပြောလေသည်။

သည်အတိုင်းထား၍မဖြစ်၊ ဆေးကုမှ ဖြစ်မည်ဆိုပြီး ကျွန်တော် အမေ့ကို ပျဉ်းမနားသို့ ခေါ်လာခဲ့၏။ ဆီး၊ ဝမ်း၊ သွေး စသည့် စစ်စရာ ကိစ္စများကို ပျဉ်းမနားဆေးရုံ၌ သွားစစ်ပြီး ကုသမှုကိုမူ သကြားစက်နေအိမ်မှာပင် စက်ဆရာဝန် ဒေါက်တာစိုးလှအောင်က နေ့ည ဒုက္ခခံ၍ ကုပေးပါသည်။ (မြားနတ်မောင် 'ငိုခြင်း' ဆောင်းပါးတွင် ရေးဖူးပြီ) သို့ရာတွင်လည်း 'သမားဟူးရားတို့နှင့် ကုသပါသော်လည်း မရ'ဟူသော ရှေးခေတ် အသုဘအကြောင်း ကြားစာထဲက စာသွားအတိုင်းပင် 'ကိုတင်ဦးရေ၊ ခင်ဗျား အမေအခြေအနေ မရတော့ဘူး'ဟု ဒေါက်တာစိုးလှအောင်က လက်လျှော့သဖြင့် အမေ့ကို သူငယ်ချင်းတစ်ယောက်၏ ကားတွင် တင်ကာ အဖေ့ဆီမှာ သွားသေဖို့ ပြန်ပို့လိုက်ပါသည်။

အမေ့ကို ခေါ်လာစဉ်က သူ့အဝတ်အစားလေးတွေကို အဝတ်ကလေးနှင့် ပတ်၍ ထုတ်လာခဲ့ရသော်လည်း (အဖေ့မှာ ဂျပန်ခေတ်တွင်း၌ ဘယ်မီးလောင်ပြင်က ကောက်လာမှန်း မသိရသော သုံးမဖြစ်သည့် သံသေတ္တာအစုတ်ကလေးတစ်လုံးသာ ရှိပါ၏။) ပြန်ပို့စဉ်မှာမူ အထက်၌ ဖော်ပြခဲ့ပါ ကျွန်တော်၏ အစိတ်တန် သံသေတ္တာကလေးထဲမှာ တရိုတသေ ထည့်ကာ ပြန်ပို့ခဲ့ပါသည်။ အမေလည်း အဖေ့ထံရောက်ပြီး ခုနစ်ရက်မြောက်တွင် 'သ,ဗ္ဗေဝသဘောမှ နိ,ဗ္ဗေဝသဘောသို့' ရွှေ့လျောကာ အနိစ္စရောက်ခဲ့ရှာပါလေသည်။ အမေမရှိတော့သော်လည်း အမေ့အဝတ်အစားဟောင်းကလေးများအချို့နှင့် ထိုသေတ္တာကလေးသည် အဖေ့အိမ်ခန်းထဲ၌ ရှိနေခဲ့၍ ကျန်ရစ်ခဲ့ပါလေသေးသည်။

ယခု ကျွန်တော့်ညီသည် ထိုသေတ္တာကလေးကို အိမ်ပေါ်မှ ပစ်ပေါက်ချခဲ့ခြင်း ဖြစ်ပါလေ၏။ သေတ္တာကလေး ယူစရာမရ၊ သုံးမဖြစ်၊ ပိန်ချိုင့်ပွင့်သွားပါလေပြီတဲ့။ အဖေ့စာထဲ၌ ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေသည် ကျွန်တော် ကြီးလာသည့် တင်းကုပ်ထဲမှာပင် အိပ်သည်ဖြစ်ရာ ယခု ကျွန်တော့်ဆီ ရေးလိုက်သော စာကို သူ့သားမြေးများ အိမ်ပေါ်၌ အိပ်နေချိန်တွင် ရေနံဆီမီးခွက်ကလေး ထွန်းကာ ရေးခဲ့ခြင်း ဖြစ်ပေမည်။ ဤစာရေးနေရင်း မျက်ရည်တွေ ကျနေခဲ့ပေလိမ့်မည်။ 'လူလေး မင့်အမေ အဝတ်အစားကလေးတွေကို ထည့်ပေးလိုက်တဲ့ သေတ္တာလေး'တဲ့။ စာတစ်နေရာ၌ပါ၏။ အဖေ့စာ၏ အသက်သည် ထိုအက္ခရာတို့၌ တည်နေလေသည်။

ယခု အဖေမရှိတော့သည်မှာလည်း ကြာပါပြီ။ ညီလည်း ဘုရားနှင့်တရားနှင့် လူသူတော်ကောင်းကြီး ဖြစ်လို့နေပါပြီ။

အစွဲဆိုတာက အတော်ခက်သည်။ အဖေ အမေ့အဝတ်အစားသေတ္တာကလေး စွဲနေတာကို ကျွန်တော့်စိတ်ထဲ၌ ဖျောက်မရဘဲ၊ ဤစာကို ရေးဖြစ်နေခြင်းကပင်လျှင် အဖေ့အစွဲကို ကျွန်တော် စွဲနေ၍ ဖြစ်နိုင်သေးပြန်လေသည်။

[ပိတောက်မြေ၊ ၂/၂၀၀၃]

ဦးတင်ဦး (ကျူရှင်)

* * *



www.burmeseclassic.com